# City MAGAZINE

2024

## ပြောင်းလဲလာသော အမှိုက်စီမံခန့်ခွဲမှုနှင့်

## ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်များ





# City MAGAZINE
## CONTENTS


4 မြို့တော်ဝန်ဥဒေလျာစဉ်


## POEM


5 ကမ္ဘာမှာ အခေါင်ချဉ်းစေဖို့ — မြင့်အုန်းမောင်နိုင်မိုး
6 သင့်လမ်း — မောင်စိမ်းနောင်(လယ်ဝေး)
7 ဥပေက္ခာနှင့် မုဒိတာ — ဘုတလင် ချစ်လေး
8 မြို့တော်မဂ္ဂဇင်း — မနွယ်(ကလော)
78 မြို့တော်တစ်ခွင် အလှဆင်မည် — မင်းသန့်ကို
86 နွေလည်သွန်းဖြိုး ရွာသည့်မိုး — ပြည့်ပြည့်မောင်
123 လောကပြတင်း လင်းလျက်သာစေ — ကိုကြီး(ဆောင်းနှင်းဆီ)
124 အေးချမ်းပျော်မွေ့ တောဝလေ့ — ဇင်မင်းစိုး(ဗိုလ်ကလေး)
125 ခရီးဆက် လက်ဆောင် — ရွှေယဉ်နု(ပညာရေး)
126 မေတ္တာကမ္ဘာ — မယ်ကြည်
131 ဝိပ္ပတ္တိခေတ်၏ သားကောင်များ — မင်းမောင်နွယ်(မွန်ဌာနီ)
132 ပန်းတိုင်အရောက် ဆက်သာလျှောက် — ဘုတ်ဆုံလေး(ဗိုလ်ချုပ်ရွာ)
147 အားသစ်သွေးသစ် တိုင်းပြည့်ချစ်စို့ — မင်းရဲကျော်


## CARTOON

ကိုရှိန၊ အောင်ကျော်၊ ဦးကြွယ်၊ လွမ်းမောင်

## COVER STORY


9 ပြောင်းလဲလာသော အမှိုက်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်များ — မြို့လင်း


## ARTICLE


23 ဘေးကင်း၊ ကြည်လင်၊ သန့်စင်၊ ကျန်းမာ — မြတ်နိုး(လှိုင်)
27 သမိုင်းဝင်ရုပ်တုများနှင့် မြို့ရန်ကုန် — စောသိန်းဝင်း(မြို့တော်သတင်း)
32 ငှက်ပျောသီးစိမ်းဖုတ် — ခင်နှင်းယု
37 ဆရာတော် ဦးဝုမ်၊ နန်းမတော်မယ်နုနှင့် မင်းသားကြီးကျော်ဟိန်း အကြွေးကိုပုံဖော်ကြသူများ — ခင်မြဆွေညို
40 ချစ်ပြုံးနှင်းဆီ(ကိုစောညိန်းသို့) — မြန်မာ့အသံသိန်းဟန်
65 အနော်ရထာဘုရင်မင်းမြတ် ဖူးမြော်ခွင့်မရလိုက်သော မြဘုရားဆင်းတုတော် — ဖျော်ဝန်းကြည်မြတ်
75 ဗိုလ်အောင်ဒင်ကား ရှင်သန်နေဆဲပင် — နိုင်လင်းမောင်
79 မြန်မာ့ကာယဗလ အားကစားအောင်မြင်မှုများနှင့် အားပေးပံ့ပိုးခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ — ကျော်သန်း
107 မြို့ပြများနှင့် သဘာဝဘေး ခံနိုင်ရည်ရှိမှု — ဒေါ်တင်တင်ကြည်(မြို့ပြစီမံကိန်းဌာန)
148 စာချုပ်စာတမ်းတွေ မှတ်ပုံတင်ကြမယ်ဆိုရင် — ဦးမောင်မောင်ဆန်း(ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူး-ငြိမ်း)










## SPECIAL ARTICLE


87 ပစ္စည်းခွန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ကျပ်ပြတ်ဌာန)


## SHORT STORY


44 ရယ်ဒီမိတ်ကြီးများ သတိထား

လင်းအောင်သက်(ရန်ကုန်တက္ကသိုလ်)

50 ဦးဘညွန့်နှင့် ချစ်ဒုက္ခ — မောင်သန်းဆွေ(ထားဝယ်)

54 မေတ္တာတေးသံ — မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

97 ဘုတ္တိုယခေါ် မိန်းမတို့သည် ရေမြေကြောင့်

အရောင်ပြောင်းဖို့ ကြိုးစားကြသည် — ဂျက်မော်

101 မုဆိုးခြေထောက် ဆူးမကြောက်သော်လည်း

ဒူးထောက်ရသည့်အခါများလည်းရှိသည် — အောင်စွမ်း

127 ထင်းခွေမကြီး ရေခပ်ကြီးသည့်အခါ ပညာရှိအမျက်

အပြင်သို့ထွက်လေ့ရှိပါသည် — ဦးရွှေတောင်(ရွှေတောင်ဦး)

137 ဆံနွယ်လေးတွေ ဖြူမှဖြင့် — မဂိုမညို

141 အမှားမြင် အမှန်မြင် စွမ်းအင်ပြန်လည်ရ

မနွယ်(ကလော)


## EXPERIENCE ESSAY


17 ကျွန်တော် မြို့တော်မဂ္ဂဇင်း အယ်ဒီတာချုပ်

မော်ကျွန်း စိုးမြင့်


## RELIGION


70 လုမ္ဗိနီသာမောအင်ကြင်းတောသို့ ခြေတွာရောက်ရှိသွားခြင်း

သက်ထူးခင်


## TRANSLATION


60 သူ့ရဲကောင်း မပန်းပွင့် — မြသန်းတင့်


## HEALTH


112 ကျန်းမာရေးသုခပြည့်စုံရေး ရေကဏ္ဍကို မြှင့်တင်ပေး

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

118 သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းကို

စနစ်တကျဆောင်ရွက်ခြင်း — ဒေါက်တာကောင်းစံ

133 အသည်းရောဂါနှင့် အသည်းအစားထိုးကုသပေးခြင်း

(Liver disease and Liver Transplantation)

ဒေါက်တာမင်းသူရိန်


## LONG STORY


153 မိန်းကလေးများ ရှပ်ရှည်ချောရင် အရောဝင်ချင်တဲ့

ဝါသနာရှင်ရယ် — ဆွေဆွေမောင်






# မြို့တော်ဝန်ဥယျာဇဉ်

ရန်ကုန်မြို့တော်တွင် စည်ပင်သာယာလုပ်ငန်းများကို ခေတ်အဆက်ဆက် အမည်နာမအမျိုးမျိုးဖြင့် စည်ပင်သာယာလုပ်ငန်းများကို ဝန်ဆောင်မှုပေးခဲ့ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ဖြင့် ပြောင်းလဲသုံးစွဲခဲ့သည့်တိုင် နှစ်ပေါင်း ၁၅၁နှစ် ရောက်ရှိလာပြီဖြစ်ပါသည်။

မိမိမြို့တော်ကို အစဉ်နှပျိုစေရန်အတွက် နိုင်ငံတကာမြို့တော်များနှင့် ညီအစ်မဖွဲ့စည်းကာ နည်းပညာများ လူထုအတွက် ပိုမိုအကျိုးထိရောက်မှုရှိစေသော ဝန်ဆောင်မှုနည်းစနစ်သစ်များကို ဆက်သွယ်ရောယှက်ခရီးဆက်လျက်ရှိပါသည်။

ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြိုးစားအားထုတ်မှုဖြင့် ရန်ကုန်သည် Clean City, Green City, Fair City, Smart City အဖြစ် ဖော်ဆောင်လျက်ရှိပါသည်။

တနည်းအားဖြင့် ဤနှစ်ပတ်လည်မဂ္ဂဇင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ဆောင်ချက်များနှင့် မြို့တော်နေပြည်သူတို့ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မှုများဟူသော အစွန်းနှစ်ဘက်အား ရသနှင့်သုတတို့ကို ပေါင်းစပ်တင်ဆက်ကာ ဆက်သွယ်ပေးထားသော ဗဟုသုတ တံတားတစ်စင်းလည်းဖြစ်ပါသည်။ ၁၉၈၉ခုနှစ် ဧပြီလမှ စတင်ပုံနှိပ်ထုတ်ဝေခဲ့သော မြို့တော်မဂ္ဂဇင်းသည် နှစ်ပေါင်း၃၅နှစ် ရောက်ရှိလာပြီဖြစ်ပါသည်။ တစ်နှစ်လျှင်တစ်ကြိမ် ရှုချင့်စဖွယ်စာမျက်နှာများ၊ အရောင်အသွေးများကို တွေ့မြင်ကြစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုလိုက်ပါသည်။

ရန်ကုန်မြို့တော်သူမြို့တော်သားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

"ဒဂုံပူရံမနောရမ်ဟောတု"

ဦးဗိုလ်ဌေး
(ရန်ကုန်မြို့တော်ဝန်)



# ကမ္ဘာမှာ အခေါင်ချွန်းစေဖို့

## မြင်းမူ မောင်နိုင်မိုး

- နိုင်ငံတော် ဘေးမသန်း
  အေးချမ်းလို့ သာယာ။
  ဖွံ့ဖြိုးအောင် ပြည်ချစ်သားတို့
  ကြိုးစားခဲ့ပါ။
  ကြည့်လိုက်ပါ့ ပြည်မြန်မာ
  စည်သာတဲ့ ရှုခင်း။
  လမ်းတံတား အဖုံဖုံနဲ့
  ပန်းများ အင်္ငံနဲ့
  နေ့အရုဏ် ရွှေမှုံလှစ်တယ်
  တိုးခေတ် မြင်ကွင်း။
- တာတမံ ဆည်မြောင်းနဲ့
  ကန်ချောင်းတို့ ပြည့်လျှံကြည်။
  မိုးခေါင်စေ ရေမရှားအောင်
  အားဖြည့်ခဲ့ပြီ။
  ပုထိုး ဘုရား စေတီ
  မွေသရီ ရွှေရည်ဖိတ်။
  အမျိုးဘာသာနဲ့
  သာသနာ အရောင်လင်းပါလို့
  ကမ္ဘာမှာ အခေါင်ချွန်းစေဖို့
  ဆောင်နှင်းကာ အားသွန်မပြတ်တယ်
  မွန်မြတ်တဲ့စိတ်။

မြင်းမူမောင်နိုင်မိုး

# သင့်လမ်း



သင်လုပ်သမျှ၊ ပြောကြဆိုဆို
ဟိုလိုလုပ်ပါ၊ သည်ဟာပိုကောင်း
သောင်းပြောင်းထွေလီ၊ ဆိုကြမည်တည်း။

သင်ပြောသမျှ၊ ထောက်ပြဆိုဆို
သည်လိုပြောပါ၊ အဲဒါပိုကောင်း
သောင်းပြောင်းထွေလီ၊ ဆိုကြမည်တည်း။

ကွင်းထဲလှုပ်ရှား၊ ဘောသမားနှင့်
ကျား-စစ်တုရင်၊ ပွဲအပြင်က
မြင်သူပိုတတ်၊ ပရိသတ်ကား
ဇာတ်မဆုံးခင်၊ ကိုယ့်စိတ်ယှဉ်၍
ပြစ်တင်ရှုတ်ချ၊ ဝေဖန်ကြသို့
ကျွန်သေချာ၊ မသိပါလည်း
နှုတ်လျှာပေါ့ပျက်၊ အလွယ်ထွက်ကာ
ထိုးနက်သည်ကို ကြုံပေလိမ့်....။
အလွယ်ဆုံးသာ၊ လုပ်တတ်ရာသည့်
ခများတို့ကို၊ ခွန်းတုံ့ဆိုလည်း
ကိုယ်လိုရာသို့ မရောက်နိုင်....။

အို...
ရှေ့ကိုသာသွား၊ ဖြောင့်ဖြောင့်သွားလော့
နောက်ပါးဘေးဘီ၊ ရန်မသိလျှင်
တည်ကြည်ရဲရင့်၊ ရင်ကိုဖွင့်လျက်
သင့်အနာဂတ် သင့်ရဲ့လမ်း....။
ယုံကြည်ချက်ဖြင့် မှန်မှန်လှမ်း....။
ဆွတ်ချူအောင်ပန်း လက်တစ်ကမ်း....။

မောင်စိမ်းနောင်(လယ်ဝေး)





အကောက်ထဲမှ
ကောက်လာက
ခွန်းစပြစ်တင် မရှိပါ။
အကောက်ထဲတွင်
ဖြောင့်လာလျှင်
ဘဝင်ချမ်းမြ အနှစ်။

ဘုတလင် ချစ်လေး

City MAGAZINE

မနွယ် ၊ကလော၊

# မြို့တော်မြှင့်ရှင်း



အကောင်းအဆိုး - ကြောင်းကျိုးထင်ထင်
မြော်မြင်ရှေ့ရှု - ယဉ်ကျေးမှုနှင့်
အနုပညာ - ရိုးရာမွေနှစ်
စာပေချစ်ကြ - စုံရသနှင့်
အလှစာပေ - ဖြာဝေမွှန်းထုံ
ရသစုံနှင့် - မြို့တော်မဂ္ဂဇင်း
အောင်မြင်ခြင်းဖြင့် သန့်ရှင်းစင်ဖြူအောင်လံထူ။

မြင့်မြတ်မျိုးမှန် - အဖိုးတန်စွ
မြန်မာ့ဂုဏ်ရည် - စာပန်းချီတို့
စုံညီလက်ရာ - ကွန့်ကြရာဝယ်
ပညာဗဟု - ဆောင်းပါးစုနှင့်
ဝတ္ထုကဗျာ - သုတဖြာကြ
ကဏ္ဍပေါင်းစုံ - စုမွှန်းထုံလျှက်
လူ့ဘုံလောက - အလင်းပြမည့်
ထွန်းပဝင်းပြောင် - မီးရှူးရောင်နှယ်
ရှေ့ဆောင်မားမား - စွမ်းပကားဖြင့်
လေးစားချစ်ခြင်း - မြို့တော်မဂ္ဂဇင်း
နှစ်ပေါင်းရာထောင်မက ရှည်စေသော်ဝ်။

မနွယ်(ကလော)




# ပြောင်းလဲလာသော အမှိုက်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်များ

မြို့လေး

## အမှိုက်သိမ်းဆည်းခြင်း

ရန်ကုန်သည် ၁၉၄၂ ခုနှစ်၊ ဖက်ဆစ်ဂျပန်ကိုလိုနီဖြစ်စ တစ်မြို့လုံးကို အလုံးအရင်းနှင့် ဗုံးကြဲခံခဲ့ရသည်။ ဗုံးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများစွာဖြစ်သကဲ့သို့ လမ်းပန်းဆက်သွယ်ရေး များစွာခက်ခဲခဲ့သည်။ ပျက်စီးမှုသည် မြေကျင်းများ၊ ကတုတ်ကျင်းများ ဖြစ်ပေါ်ပြီး အပြိုအပျက်များက ပုံနေခဲ့ကြသည်။ စစ်ဒဏ်ကြောင့် နေရာအနှံ့ အမှိုက်များပစ်သကဲ့သို့ အမှိုက်ပုံများစွာ ပေါ်ပေါက်လာခဲ့ပြီး အမှိုက်ပုံကြီးသဖွယ် ဖြစ်လာခဲ့ပါသည်။



၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရလက်ထက်၌ မြို့တော်ဝန်ဗိုလ်မှူးကြီးထွန်းစိန်သည် "မြို့တော်ကို ရွှေနှင့်ဆေးမည်"ဟူ၍ သန္နိဋ္ဌာန်ချကာ အင်နှင့်အားနှင့်စီမံကာ အမှိုက်ရှင်းလင်းရေး လုပ်ခဲ့သည်။ အောင်မြင်ခဲ့ပါသည်။ လူထုပါဝင်သည့် စီမံကိန်းချမှတ်ဆောင်ရွက်သောရန်ကုန်သည် အသစ်တဖန်သန့်ရှင်းခဲ့ပါသည်။ ထိုအချိန်တွင် အမှိုက်သိမ်းဆည်းရန် ဌာနတွင်အသုံးပြုသော အမှိုက်သိမ်းယာဉ်မှာ ဒန်ပါအမျိုးအစား (International Dumper) ဩစတေးလျနိုင်ငံထုတ် (၃၅)စီးနှင့် အမှိုက်ပုံး(၁၀၀)ကိုမှာယူပြီးစ အခြေအနေဖြစ်ပါသည်။ စုစုပေါင်းအမှိုက်ပုံး(၁၅၀)ဖြင့် ရန်ကုန်ကို အရှေ့မြို့မရပ်ကွက်နှင့် အနောက်မြို့မရပ်ကွက်ဟု (၂)ပိုင်းခွဲခြားသတ်မှတ်ကာ သန့်ရှင်းရေးအား ဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၄ခုနှစ်က ဝယ်ထားခဲ့သော အက်(စ်)ဒီဖရိုက်တာ (S.D Freighter)အမှိုက်သယ်ယာဉ်နှင့် စုစုပေါင်းအခြားအမှိုက်သယ်ယာဉ် (၆၀)စီး လည်းရှိခဲ့ပါသည်။ ထိုစဉ်က လူထု၏ တစ်နေ့တာ စွန့်ပစ်အမှိုက်တန်ချိန်(၆၀၀)ကျော်နှင့် လုံလောက်သော အနေအထားဟုဆိုနိုင်ခဲ့ပါသည်။ အုပ်ချုပ်မှုနှင့်သန့်ရှင်းရေးလုပ်သားများ အပါအဝင် လုပ်သား (၁၀၀၀) ကျော်ဖြင့် နေ့/ညဆိုင်းများခွဲကာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ ထိုအချိန်က ရန်ကုန်သည် ရပ်ကွက်(၃၅)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားသည်။ ယခုကဲ့သို့ "မြို့နယ်"များဟု ခေါ်ဆိုခြင်းမရှိခဲ့ချေ။

၁၉၈၈ ခုနှစ်မတိုင်မီအထိ ရန်ကုန်မြို့ အမှိုက်သိမ်းဆည်းပြီး အမှိုက်စွန့်ပစ်ရာတွင် အမှိုက်ပုံကြီးအဖြစ် အလုံမြို့နယ်ရှိ အမှိုက်ပုံနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်းအမှိုက်ပုံဟူ၍ရှိခဲ့ပြီး အမှိုက်စွန့်ပစ်ခြင်းများမှာ ယင်းအမှိုက်ပုံများသို့ မစွန့်ပစ်နိုင်လောက်အောင်ထိ ထုထည်ကြီးမားလာခဲ့ရာ ဒေါပုံ(သင်္ဘောကျင်း)၊ သာကေတ(ဘောလုံးကွင်း)၊ ကျောက်တိုင်၊ လှိုင်မြို့နယ် (သပေါ့တော၊ ချောင်းဝ)၊ မြောက်ဥက္ကလာ(ကျောက်ရေတွင်း/ လေဆိပ်လမ်း)၊ မယ်လမုဘုရားရှေ့၊ အင်းစိန်စော်ဘွားကြီးကုန်းရှေ့၊ မင်္ဂလာဒုံ မြဝတီပုံနှိပ်တိုက်နေရာ စသည့်ရှိုင့်ဝှမ်းများရှိရာနေရာများသို့ အလျဉ်းသင့်သလို စွန့်ပစ်ခဲ့ကြသောအနေအထားဖြစ်ပါသည်။

အမှိုက်သိမ်းရာတွင် ဖော်ပြခဲ့သော အမှိုက်စွန့်ပစ်ရန်နေရာများသို့ စွန့်ပစ်သောစနစ် ခေါင်းလောင်းတီးစနစ်၊ ပတ်သိမ်းစနစ်တို့ဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် အမှိုက်ပုံနေရာများကို သီးခြားသတ်မှတ်၍စုပုံခဲ့ပါသည်။ သာကေတမြို့နယ် အလယ်ရွာအမှိုက်ပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ငမိုးရိပ်အမှိုက်ပုံ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒုဋ္ဌဝတီအမှိုက်ပုံ၊ ရွှေပြည်သာမြို့နယ် ကျူချောင်အမှိုက်ပုံများအဖြစ် ဆောင်ရွက်ခဲ့ပြီး အမှိုက်ပုံအဖြစ်ထားရှိသင့်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှုများအလိုက်စိစစ်၍ အမှိုက်ပုံတစ်ခုရပ်နားပြီး နောက်ထပ်ရွေးချယ်ထားသည့် အမှိုက်ပုံရှိရာများသို့ ဆက်လက်စုပုံခဲ့သော စနစ်ဖြစ်ပါသည်။

ယခုအခါ သန့်ရှင်းရေးဌာနကို "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန" မှ "မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန"ဟူ၍ ပြောင်းလဲခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် မြို့တော်နေပြည်သူတို့အတွက် မဖြစ်မနေလုပ်ဆောင်ရန်



အမှိုက်သိမ်းယာဉ်၊ လုပ်ငန်းသုံးယာဉ်၊ ယန္တရားများနှင့် အထွေထွေစက်ယန္တရားများ



အမှိုက်သိမ်းယာဉ်၊ လုပ်ငန်းသုံးယာဉ်၊ ယန္တရားများနှင့် အထွေထွေစက်ယန္တရားများ

အရေးကြီးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လာခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဌာနအား လုပ်ငန်းပိုင်းအနေဖြင့် နိုင်ငံတကာအဆင့်မီ သန့်ရှင်းသာယာလှပ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သောမြို့တော်အင်္ဂါရပ်များညီညွတ်ပြည့်စုံစေရန် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု (Solid Waste Management)ဆိုင်ရာလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု (Pollution Control)ဆိုင်ရာလုပ်ငန်းများအဖြစ် ခွဲခြားသတ်မှတ်ကာ စီမံဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

စီမံခန့်ခွဲမှုအပိုင်းတွင် မိမိဌာန၏ လုပ်ငန်းများဆောင်ရွက်ရန် ရန်ကုန်အား ခွဲခြားသတ်မှတ်ထားသည့် ခရိုင်များအလိုက် ခွဲခြားပြီး –

နေ့စဉ်စွန့်ပစ်သော အမှိုက်တန်(၂၅၀၀)မှ (၂၇၀၀)အား လက်ရှိတွင် စုစည်းသိမ်းဆည်းခြင်း၊

– သိမ်းဆည်းပြီးသော အမှိုက်များအားခရိုင်။မြို့နယ်အလိုက် သတ်မှတ်ထားရှိသော နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများ (Final Disposal Sites) သို့ ပို့ဆောင်ခြင်း၊

– ဝင်ငွေအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်ရှိ မြို့နယ်(၃၃)မြို့နယ်အတွင်း သန့်ရှင်းရေးဆောင်ရွက်ခများ၊ စီးပွားရေးသုံးသန့်ရှင်းရေးဆောင်ရွက်ခများ ကောက်ခံခြင်း၊

– အမှိုက်စွန့်ပစ်မှုကို စနစ်တကျစွန့်ပစ်ရန်၊ အမူအကျင့်ကောင်းများကျယ်ပြန့်စေရန် အများပြည်သူနှင့်ဆိုင်သော ဈေးများ၊ လူငယ်များအတွက် တက္ကသိုလ်၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း၊ မူကြိုကျောင်းများနှင့် အခြားဆက်စပ်သင်တန်း ကျောင်းများသို့ ကွင်းဆင်းကာ အသိပညာပေးအစီအစဉ်များကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိခြင်း၊

– အမှိုက်သယ်ယာဉ်များကို ခေတ်မီသည့် TATA Hopper ယာဉ်များ၊ Compactor အမှိုက်သိမ်းယာဉ်များ၊ Roll On/Roll Off ယာဉ်များ၊ လမ်းကျဉ်းများအတွက် အမှိုက်သိမ်းယာဉ်ငယ်များ၊ သုံးဘီးဆိုင်ကယ်များတို့ကိုအသုံးပြုခြင်း၊ လမ်းမကြီးများ လှည်းသိမ်းခြင်းတွင်လည်း ဝေးကွာသောနေရာများ၌ သုံးဘီးဆိုင်ကယ်များကို အသုံးပြုကာ လုပ်သားအင်အား အသုံးပြုခြင်း (Men Power) များကို စနစ်ကျစွာစီမံခန့်ခွဲဖြန့်ကျက်၍ ဆောင်ရွက်လျက်ရှိပြီး ယခုတွင် အမှိုက်သိမ်းယာဉ်ယန္တရား (၉၇၀)စီးဖြင့် သိမ်းဆည်းသယ်ယူစွန့်ပစ် စီမံခန့်ခွဲဆောင်ရွက်လျက်ရှိခြင်း၊

– စွန့်ပစ်အမှိုက်များကိုနေ့စဉ်သိမ်းဆည်းရာတွင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကြီးများသို့ သယ်ယူပို့ဆောင်၍ စနစ်တကျ စွန့်ပစ်ခြင်းတွင် လမ်းရေဆေးယာဉ်များ၊ ရေသယ်ယာဉ်များ၊ ရေဆိုးစုပ်ယာဉ်များ၊ ယန္တရားကြီးများကိုခရိုင်အလိုက် မြို့နယ်များသုံးစွဲနိုင်ရေး ခွဲဝေဖြန့်ချိထားပြီး အမှိုက်သိမ်းယာဉ်များတွင်လည်း GPS စနစ်တပ်ဆင်၍ အမှိုက်သိမ်းယာဉ်များ၏ နေ့စဉ်ဆောင်ရွက်မှုများအား GPS Tracking စနစ်ဖြင့် စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ခြင်း၊

– အမှိုက်သိမ်းယာဉ်များနှင့် အခြားသော အထွေထွေယာဉ်များအား ပြုပြင်ထိန်းသိမ်းခြင်း၊ အမှိုက်သိမ်းယာဉ်များ မောင်းနှင်တတ်ရန်နှင့် ကျွမ်းကျင်မှုရှိစေရန် အမျိုးသား/ အမျိုးသမီးယာဉ်မောင်း သင်တန်းများပြုလုပ်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ တာဝန်ပေးဆောင်ရွက်ခြင်း၊

– အမှိုက်စွန့်ပစ်မှုစီမံခန့်ခွဲမှုအတွက် အသိပညာပေးယာဉ်များဖြင့် အသိပညာပေးကာ စနစ်တကျ စွန့်ပစ်စေခြင်းနှင့် နောက်ဆုံး စွန့်ပစ်အမှိုက်ပုံတွင်အသုံးပြုမည့် မီးသတ်ယာဉ်များအားလည်း စီစဉ်ဆောင်ရွက်ထားရှိခြင်း၊



နောက်ဆုံးစွန့်ပစ်အမှိုက်ပုံကြီးများတွင် အမှိုက်စွန့်ပစ်စီမံခန့်ခွဲဆောင်ရွက်ခြင်း

– အမှိုက်သိမ်းဆည်းဆောင်ရွက်ရာတွင် မိမိ၏ လုပ်သားအင်အားများကို စနစ်တကျခွဲဝေနိုင်ရန်နှင့် အမှိုက်သိမ်းယာဉ်များအားလည်း လမ်းမကြီး၊ လမ်းမကျယ်၊ လမ်းကျဉ်းခွဲခြား၍ဆောင်ရွက်ခြင်း၊ (၆၆၀)လီတာအမှိုက်ပုံးများအားလည်း မြို့နယ်များအတွင်း တည်ရှိသည့် လမ်းများနှင့် အမှိုက်စွန့်ပစ်သည့် ပမာဏများပေါ်မူတည်ပြီး နေရာချထားပေးကာ ကနဦးအမှိုက်စုစည်းသည့်နေရာများအဖြစ်ထားရှိပြီး ယင်းမှသိမ်းဆည်း၍ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံရှိရာသို့ စနစ်တကျသယ်ဆောင်စွန့်ပစ်ခြင်း၊

– **Door to Door** အမှိုက်ထုပ်ကောက်စနစ်အား မြို့နယ်များတွင် ရပ်ကွက်အလိုက်နေထိုင်သူများ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် အမှိုက်သိမ်းဆည်းသည့် ဌာနတို့ညှိနှိုင်းကာ ရက်၊ အချိန်၊ နေရာသတ်မှတ်၍ တိုက်ရိုက်သိမ်းဆည်းခြင်းဖြင့် ဆောင်ရွက်ပေးခြင်း၊အမှိုက်များအားလည်း အမှိုက်စို၊ အမှိုက်ခြောက်ဖြင့် ခွဲခြားစွန့်ပစ်စေရန်လည်း အသိပညာပေးဆောင်ရွက်ခြင်းနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ အမှိုက်အစိုအား အစိမ်းရောင်အိတ်ဖြင့်လည်းကောင်း၊ အမှိုက်အခြောက်အား အပြာရောင်အိတ်ဖြင့်လည်းကောင်းထည့်သွင်း၍ ထုတ်ပိုးချည်နှောင်ပြီး စွန့်ပစ်စေခြင်း၊

– မြို့နယ်များအလိုက် အိမ်ထောင်စုထွက်အမှိုက်များစွန့်ပစ်ရန် နေရာများသတ်မှတ်၍ ၆၆၀ လီတာအမှိုက်ပုံးများထားရှိ စွန့်ပစ်စေခြင်း၊ **Door to Door** အမှိုက်ထုပ်ကောက်စနစ်ဖြင့်သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အချို့သောသူများမှ အိမ်ထောင်စုထွက်အမှိုက်များ စွန့်ပစ်ရမည့်နေရာများတွင် ကြီးမားသောအမှိုက်များ၊ အမှိုက်ပုံးအတွင်း ဆံ့ဝင်မှုမရှိသည့် အရွယ်အစားကြီးမားသည့်အမှိုက်တို့ကို စွန့်ပစ်ထားခြင်းများဖြစ်ပေါ်လာရာ ဌာနမှ တစ်ဆက်တည်း သိမ်းဆည်းဆောင်ရွက်မပေးမီ အမြင်မတင့်တယ်သည့် အနေအထားများဖြစ်ပေါ်နေသည့်အတွက် မြို့နေပြည်သူများအနေဖြင့် အိမ်ထောင်စုထွက်ကြီးမားသောအမှိုက်များကို ကိုယ်တိုင်လာရောက်စွန့်ပစ်ရမည့်နေရာ **(Eco Center)**အား တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းနှင့် ပင်ရှုးညောင်လမ်းထောင့်တွင် ဆောင်ရွက်ထားရှိခြင်း၊

– ယင်းနေရာတွင် စွန့်ပစ်နိုင်သည့်ပစ္စည်းများမှာ မီးဖိုချောင်ထွက်အမှိုက်မဟုတ်ဘဲ အိမ်ထောင်စုထွက်အမှိုက်များဖြစ်သော မွေ့ယာ၊ ဆိုဖာ၊ ခုတင်အကျိုးအပျက်၊ ကုလားထိုင်အကျိုးအပျက်၊ ဗီရိုအပျက်၊ အခြားပရိဘောဂအကျိုးအပျက်များ၊ ဂတ်(စ်)အိုး၊ မီးသတ်ဆေးဗူး၊ ဘတ္တရီအိုးအပျက်၊ လုံးဝပြန်သုံး၍မရသော **TV, Aircon**၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းအကျိုးအပျက်များ၊ အပိုင်းအစများ၊ မီးသီးများ၊ မှန်ကွဲ၊ ဖန်ထည်ပစ္စည်းများ၊ သံထည်ပစ္စည်းများနှင့် အခြားဆက်စပ်ပစ္စည်းများ၊ စက်သုံးဆီအကြွင်းအကျန်များ၊ စက်ချောဆီများ၊ တာယာများ၊ အိမ်သုတ်ဆေးဗူးခွံများ၊ မီးချောင်းများ၊ မီးသီးများ၊ မှန်ကွဲ၊ ဖန်ထည်ပစ္စည်းများ၊ တစ်နည်းအားဖြင့် **(Bulky Waste)**၊ **(Electronic Waste)** ကဲ့သို့ စွန့်ပစ်ပစ္စည်းများ လာရောက်စွန့်ပစ်နိုင်ခြင်း၊

– အမှိုက်သိမ်းဆည်းသယ်ယူ၍ စွန့်ပစ်ခြင်းအား ဆောင်ရွက်လျက်ရှိသည်နှင့် တစ်ပြိုင်နက်တည်း အမှိုက်ပမာဏလျှော့ချသည့် နည်းစဉ်ဖြစ်သော3Rs(Reduce၊ Reuse၊ Recycle) တို့ကိုလည်း ဆောင်ရွက်နိုင်ရန်အမှိုက်စွန့်ပစ်မှု အသိပညာပေး အစီအစဉ်များတွင် ရှင်းလင်းပြောကြားဆောင်ရွက်ခြင်း၊ ဌာနအနေဖြင့်လည်း စွန့်ပစ်ပစ္စည်းများမှပြန်လည်အသုံးပြုနိုင်သည့် Recycle ကဏ္ဍအားလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ အမှိုက်ပမာဏလျှော့ချခြင်းနှင့် အမှိုက်များခွဲခြား၍ စွန့်ပစ်ဆောင်ရွက်ပါက အမှိုက်သိမ်းဆည်းသည့်နေရာတွင် လွယ်ကူခြင်းနှင့် သိမ်းဆည်းသည့် လုပ်သားများ၏ ကျန်းမာရေးအတွက်လည်း ထိခိုက်မှုမရှိစေခြင်း၊ နောက်ဆုံးစွန့်ပစ်ရမည့် မြေဧရိယာမှာလည်း ရှားပါးလာမည့်အခြေအနေများကိုလည်း ကြိုတင်စီမံဆောင်ရွက်နိုင်ခြင်း၊

– ရန်ကုန်တွင် အိမ်ထောင်စုထွက်စွန့်ပစ်အမှိုက်များ၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်များနှင့် အခြားသော အမှိုက်များအားလုံးကို သိမ်းဆည်းဆောင်ရွက်လျက်ရှိသည့်အပြင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများ (ဆေးရုံ၊ ဆေးခန်း) သိမ်းဆည်းခြင်းကိုလည်း ခရိုင်မှ တာဝန်ယူ၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်သတ်မှတ်ချက်နှင့်အညီ ခွဲခြား၍ ထုတ်ပိုးဆောင်ရွက်စေကာ သီးခြားသတ်မှတ်ထားသော Box Type ယာဉ်များဖြင့် သိမ်းဆည်းသယ်ယူ၍ လှိုင်သာယာမြို့နယ် ထိန်ပင်နောက်ဆုံးစွန့်ပစ်ဧရိယာတွင် တည်ဆောက်ထားသော ဆေးရုံဆေးခန်း စွန့်ပစ်ပစ္စည်း မီးရှို့စက်၊ အင်္ဂလန်မှထုတ်လုပ်သော INCINER 8 နှင့် တရုတ်နိုင်ငံမှထုတ်လုပ်သော Pyrolysis Gasification Incinerator တို့ဖြင့် မီးရှို့ဖျက်ဆီးဆောင်ရွက်ပေးလျက်ရှိခြင်း၊

– ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို သိမ်းဆည်းသယ်ယူ စွန့်ပစ်ဆောင်ရွက်လျက်ရှိရာတွင် Tracking System နှင့် Barcode System များဖြင့် ဆောင်ရွက်ရန် Software များရေးဆွဲထားရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းရန်ဆောင်ရွက်လျက်ရှိခြင်း၊



– ယခင်က စက်မှုဇုန်များရှိ စက်ရုံများမှ ထွက်ရှိသော အမှိုက်များအား တိုက်ရိုက်သိမ်းဆည်းဆောင်ရွက်ခြင်းမဟုတ်ဘဲ စက်ရုံများမှစွန့်ပစ်လိုပါက ခေါ်ယူစွန့်ပစ်သောစနစ် (On Call System) ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့သော်လည်း စက်ရုံများအားလုံးမှ အမှိုက်အား ခေါ်ယူစွန့်ပစ်မှုမရှိခြင်း၊ မြေကွက်လပ်၊ ချိုင့်ဝှမ်း၊ လမ်းဘေးတို့တွင် စွန့်ပစ်ခြင်းများဖြစ်ပေါ်လာကာ လွန်စွာအမြင်မတင့်တယ်မှုဖြစ်ခြင်း၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ခြင်း၊ ချောင်းများ မြောင်းများသို့ အမှိုက်များကျရောက်၍လည်း ရေကြီးရေလျှံများဖြစ်ပေါ်ခြင်း၊

– ထို့အပြင် ရွှေ့ပြောင်းနေထိုင်သူများ စက်မှုဇုန်ပတ်ဝန်းကျင်၌ များပြားလာသည့်အခါ ထိုသူများ၏ စွန့်ပစ်မှုမှတစ်ဆင့် ဆက်စပ်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်လာခြင်းတို့ကြောင့် ဌာနမှ စက်မှုဇုန်အမှိုက်သိမ်းဆည်းဆောင်ရွက်သည့်ရုံးများ သီးခြားဖွဲ့စည်းကာ သိမ်းဆည်းဆောင်ရွက်လျက်ရှိခြင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နေ့စဉ်ပုံးပတ်သိမ်းသောစနစ်၊ 25m³ အမှိုက်သံကန်ကြီးများ ထားရှိသိမ်းဆည်းသည့်စနစ်၊ ခေါ်ယူခြင်းဖြင့် သိမ်းဆည်းသောစနစ် (On Call System) ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိရာ နေ့စဉ်အမှိုက်တန်ချိန်(၅၀)တန်မှ (၁၅၀)တန်အထိ သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိခြင်း၊ စက်ရုံများအနေဖြင့်လည်း ယင်းတို့၏အစီအစဉ်ဖြင့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများသို့ အမှိုက်စွန့်ပစ်ခ (Tipping Fees) ပေးသွင်း၍ ကိုယ်တိုင်လာရောက်စွန့်ပစ်ခြင်းကိုလည်း လက်ခံစီစဉ်ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ထို့အပြင် မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှုဆိုင်ရာများနှင့်လည်း စပ်လျဉ်းပြီး စောင့်ကြပ်ကြည့်ရှုခြင်းများပြုလုပ်ကာ လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိခြင်း၊ စက်ရုံများမှ စွန့်ပစ်သည့် ရေဆိုးများကိုပြုပြင်သန့်စင်ပြီး သတ်မှတ်စံနှုန်းများနှင့်အညီ ကိုက်ညီမှသာလျှင် ပြင်ပ ရေမြောင်းသို့ စွန့်ပစ်နိုင်ရေးတို့အားလည်း ကြပ်မတ်စီစဉ်လျက်ရှိခြင်း၊ စက်ရုံများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားစဉ်တွင်လည်း ယင်းစက်ရုံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို စိစစ်ဆောင်ရွက်တင်ပြစေပြီး သဘောထားမှတ်ချက်များ ပေးခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို စီမံဆောင်ရွက်လျက်ရှိခြင်း၊

**နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများတွင် စွန့်ပစ်သောစနစ်များ**

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု (Solid Waste Management) ဆိုင်ရာလုပ်ငန်းစဉ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး (Pollution Control) ဆိုင်ရာလုပ်ငန်းစဉ်ကို ကဏ္ဍများခွဲခြားကာ ရန်ကုန်မြို့အား နိုင်ငံတကာအဆင့်မီသန့်ရှင်းလှပ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့တော်အဂ္ဂါရပ်နှင့်ပြည့်စုံနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ယခင်က "သန့်ရှင်းရေးဌာန"အား "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန" အဖြစ် ပြောင်းလဲခဲ့ခြင်းမှ ယခုအခါ "မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန" အမည်ပြောင်းလဲသကဲ့သို့ ခေတ်မီနည်းပညာများ၊ စွမ်းအားစုဆိုင်ရာ ခေတ်မီသိပ္ပံနည်းပညာများနှင့် ပြည်ပလေ့လာရေး၊ ဌာနတွင်းသင်တန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ စသောလိုအပ်ချက်များကို စီစဉ်လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် အနေအထားများဖြင့် ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

စွန့်ပစ်အမှိုက်များသိမ်းဆည်းသယ်ယူ၍ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများတွင် စွန့်ပစ်ဆောင်ရွက်ခြင်းကို စီမံခန့်ခွဲခြင်းနှင့်အတူ ကြီးမားသောအမှိုက်မီးရှို့စက်များဖြင့် အမှိုက်များအား မီးရှို့ဖျက်ဆီး၍ လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့်နည်းဖြင့် ဖြေရှင်းဆောင်ရွက်မည်ဆိုပါက နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများ၏ မြေနေရာရှားပါးခြင်းပြဿနာအား ဖြေရှင်းနိုင်ခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိအောင် လျှော့ချနိုင်ခြင်း၊ လျှပ်စစ်ထုတ်လုပ်ရရှိခြင်းဖြင့် ဝင်ငွေရရှိပါက အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွင် တစ်စိတ်တစ်ပိုင်း ပံ့ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ကြီးမားသောအမှိုက်မီးရှို့စက် (Large Scale) တို့ကို ဆောင်ရွက်နိုင်ရန် ဌာနအနေဖြင့် ကြိုတင်၍ Pilot Project အနေဖြင့် တစ်ရက်လျှင် အမှိုက်တန်(၆၀) မီးရှို့နိုင်ပြီး တစ်နာရီလျှင် လျှပ်စစ်ဓာတ်အား (700)KW ထုတ်လုပ်၍ စက်ရုံလည်ပတ်နိုင်ရေး (400)KW ပြန်လည်သုံးခြင်းနှင့် ကျန်ရှိ(300)KW အား လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၏ Nation Grid Line သို့ တင်ပို့သည့်စက်ရုံအား လည်ပတ်ဆောင်ရွက်လျက်ရှိခြင်း၊ ထိုကဲ့သို့ မီးရှို့စက်ကြီးများ တည်ဆောက်နိုင်မည်ဆိုပါက အမှိုက်စွန့်ပစ်သည့်ပမာဏ၏ (၉၀%)အား လျှော့ချစေနိုင်ပြီး ပြန်လည်ထွက်ရှိသည့် ပြာ (၁၀%) ကိုသာ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ စွန့်ပစ်ရန် စီမံနိုင်မည်ဖြစ်ပါသည်။

**အမှိုက်စွန့်ပစ်ပုံအဆင့်ဆင့်**

လက်ရှိ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ(၄)ခုအနက် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ "ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ" နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ "ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ"တို့သည် အမှိုက်ပုံကြီးများဖြစ်ကြပြီး အမှိုက်ပုံသေး(၂)ခုမှာ မြို့နယ်အလိုက်သီးခြားစွန့်ပစ်ရန် သတ်မှတ်ထားသည့် "ဒလအမှိုက်ပုံ"နှင့် "ဆိပ်ကြီးခနောင်တိုအမှိုက်ပုံ"တို့ ဖြစ်ပါသည်။



ယခင်က ထိန်ပင်နောက်ဆုံး စွန့်ပစ်အမှိုက်ပုံတွင် ဟင်းလင်းပွင့် အမှိုက်စုပုံသည့်စနစ် (Open Dumping)ဖြင့် စွန့်ပစ်မှုအခြေအနေ

နောက်ဆုံးစွန့်ပစ် အမှိုက်ပုံများမှာ အသုံးပြုမှု ကာလကြာမြင့်ခြင်း၊ စွန့်ပစ်ရသည့် အမှိုက်ပမာဏများပြားလာခြင်းတို့ကြောင့် မြေနေရာရှားပါးမှုပြဿနာအဖြစ် နှောင်နှစ်အနည်းငယ်ကာလအထိသာ စွန့်ပစ်နိုင်မည်ဖြစ်သည့်အတွက် မြေနေရာများ ရှာဖွေကာ တင်ပြအတည်ပြုသတ်မှတ်ပေးချက်အရ အမှိုက်ပုံသစ်(၂)ခု တည်ဆောက်လျက်ရှိပြီး ယင်းတည်ဆောက်ဆဲအမှိုက်ပုံ (၂)ခုမှာ "တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ"နှင့် "ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သရက်ပင်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ"တို့ ဖြစ်ကြပါသည်။

ယခင်က နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများတွင် မြေကျင်းတူး၍ တိုက်ရိုက်စုပုံသည့် ဟင်းလင်းပွင့် စနစ်(Open Dumping) မှ မီးလောင်မှုအန္တရာယ်လျော့ပါးစေသော အမှိုက်စွန့်ပစ်သည့်စနစ် ပြောင်းလဲရန်အတွက် အမှိုက်ပုံများ အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်နေချိန်တွင် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ အမှိုက်၏အောင်းပုန်း မီသိန်းဓာတ်ငွေ့ ထွက်ရှိနေခြင်းနှင့် ပြင်ပမှ အပူချိန်မြင့်တက်ပြောင်းလဲမှုဖြစ်စဉ်ကြောင့် မီးလောင်ခြင်းသို့ ဆိုက်ရောက်ဖြစ်ပေါ်ကာ ၂၀၁၈ ခုနှစ်၊ ဧပြီလပိုင်းတွင် (၁၄)ရက်ကြာ မီးလောင်မှုဖြစ်စဉ်တွင် Bio Foam ဖြင့် မီးငြိမ်းသတ်ဆောင်ရွက်ခြင်းပြုရသည်

အထိ ရှိခဲ့ပါသည်။

ထို့ကြောင့် မီးလောင်သွားသောအမှိုက်ပုံမြေနေရာတွင် Plot များ ခွဲခြင်း၊ အမှိုက်တစ်လွှာ၊ မြေတစ်လွှာစနစ်ဖြင့် စုပုံနိုင်ရန် အမှိုက်ပုံအဝင်/ အထွက်လမ်းများပြုလုပ်ခြင်း၊ ချဉ်းကပ်လမ်းများ တည်ဆောက်ခြင်း၊ အမှိုက်ယာဉ်များမှ အမှိုက်စွန့်ပစ်နိုင်ရန် အမှိုက်သိမ်းယာဉ်များ ရပ်နားရန်နေရာ (Stage)များ တည်ဆောက်ခြင်းတို့ကို ဂျပန်နိုင်ငံ၏ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အဓိကရည်ရွယ်ချက်မှာ မီးလောင်မှုအန္တရာယ်မှ ကာကွယ်ရန်နှင့် စွန့်ပစ်အမှိုက်ပုံအား သက်တမ်းကြာရှည်ဆက်လက်စွန့်ပစ်နိုင်ရေး၊ ပတ်ဝန်းကျင်ဆိုးကျိုး သက်ရောက်မှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် အမှိုက်တစ်လွှာ၊ မြေတစ်လွှာကြားတွင် အမှိုက်မှထွက်ရှိသည့် Leachate အရည်များ ပြင်ပသို့စွန့်ထုတ်ရန် PVC ပိုက်များအား အပေါက်ဖောက်ကာ Perforated Pipe များဖြင့် စုစည်းကာ Leachate Pond တွင် စုစည်းခြင်း၊ အမှိုက်ပုံအတွင်း အောင်းပူနှင့် မီသိန်းဓာတ်ငွေ့ထွက်ရှိမှုအား လျော့ကျစေရန် Perforated Pipe များဖြင့် လေထဲသို့ထုတ်ခြင်း၊ အမှိုက်ပုံမှထွက်ရှိသော ရေဆိုးများအား ရေစီးဆင်းမှုကောင်းမွန်စေရန် အမှိုက်ပုံအတွင်း လမ်းမကြီးများ၏ ဝဲ/ ယာရှိ ရေမြောင်းများတူးဖော်ခြင်း၊ Leachate ရေဆိုးစုကန် တူးဖော်ထားရှိခြင်းများဖြင့် ပြင်ဆင်ဆောင်ရွက်ခြင်းတို့မှာလည်း အမှိုက်စုပုံရာတွင် ပြင်ဆင်ဆောင်ရွက်ရသည့် အဆင့်များဟုဆိုနိုင်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှိုက်တစ်လွှာလျှင် (၃)မီတာ အမြင့်ဖြင့် (၃)လွှာအထိထပ်၍ အမှိုက်များစွန့်ပစ်ရန် အမှိုက်ပေါင်းများအား ဖြန့်ခြင်း၊ Level ညှိခြင်း၊ ၁ ကုဗမီတာလျှင် (၀.၆)တန်မှ (၀.၈) တန် ဝင်ဆံ့အောင် ဖိကြိတ်ခြင်း၊ အမှိုက်တစ်လွှာခြင်းအား လေဟာနယ်မရှိရအောင်ဖိကြိတ်၍ မြေဖုံးအုပ်ပြီး အလွှာလိုက်ဆောင်ရွက်ခြင်း၊အမှိုက်တာဘောင်များပြိုကျမှုမရှိစေရန်ဖိကြိတ်၍ တာဘောင်ပြုလုပ်ရပြီး အထက်ဖော်ပြပါ အမှိုက်မှထွက်သည့် Leachate အရည်များ၊ အတွင်းအောင်းပူကြောင့် မီသိန်းထွက်ရှိမှုများ ထွက်ရန်/ လျှော့ချရန်တို့ကို လုပ်ငန်းစဉ်ဆက်အတိုင်း စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအား ပြုပြင်ထိန်းသိမ်းလုပ်ဆောင်ရခြင်းပုံစံဖြစ်ပါသည်။

တဖန်ထွက်ရှိနေသော Leachate အရည်များ ပြုပြင်သန့်စင်နိုင်ရေးအတွက် ရေဆိုးများသန့်စင်နိုင်သည့်အပင်များ စိုက်ပျိုးရခြင်း(Wetland)နှင့် Leachateအရည်တွင်ပါဝင်သော ဘတ်တီးရီးယား (Bacteria) နှင့် Microgorganism များ ရှင်သန်စေရန် နိုက်ထရိုဂျင် (Nitrogen) ဖယ်ရှားခြင်းနှင့် ပိုတက်စီယမ် (Potassium) နှင့် ကယ်(လ်)စီယံ(Calcium) တိုးပွားစေသည့် (Biotape) ဒီဇိုင်းများရေးဆွဲပြုလုပ်ထားသည့် သန့်စင်မှုစနစ်ဖြင့် တည်ဆောက်ကာ သန့်စင်ဆောင်ရွက်မှုများကို ဆောင်ရွက်ခြင်း ပြုလုပ်ရပါသည်။

ဤသို့ဆောင်ရွက်မှုဖြင့် ယခင်က မြေကျင်းများ (၁၅)ပေအနက်တူး၍ စွန့်ပစ်သောဟင်းလင်းပွင့် စွန့်ပစ်စနစ် (Open Dumping System) ကို ပိုမိုတိုးတက်စနစ်ကျသော ဤနည်းစနစ်များဖြင့်ပြောင်းလဲ (Change) ဆောင်ရွက်လာခဲ့ခြင်းဟု ဆိုနိုင်ပါသည်။ ဤနည်းဖြင့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၊ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ နေ့စဉ်အမှိုက်တန်ချိန် (၁၅၀၀)တန်မှ (၁၇၀၀)တန်၊ ထားဝယ်ချောင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတွင် နေ့စဉ်(၁၀၀၀)တန်မှ (၁၂၀၀)တန်ထိစွန့်ပစ်ရပြီး ဒလအမှိုက်ပုံတွင် နေ့စဉ် (၃၅)တန်၊ ဆိပ်ကြီးခနောင်တိုအမှိုက်ပုံ၌(၈)တန်မျှခန့် စွန့်ပစ်ရဆဲဖြစ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း ထွက်ရှိသော စွန့်ပစ်အမှိုက်များ သိမ်းဆည်းသယ်ယူ၍ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ ပို့ဆောင်စီမံခန့်ခွဲသည့် အမှိုက်တန်ချိန်



ထားဝယ်ချောင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

မှာ တစ်ရက်လျှင်(၂၅၀၀)တန်မှ (၂၇၀၀)တန်ခန့် ဖြစ်ပါသည်။

လက်ရှိ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၏ ဧရိယာတွင် အိမ်ဆောင်စုထွက်အမှိုက်တစ်ခုတည်းကိုသာ စီမံခန့်ခွဲခြင်းမဟုတ်ဘဲ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း(ဆေးရုံ/ ဆေးခန်း)၁၉၉၂ ခုနှစ်မှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများကိုလည်း မီးရှို့ဖျက်ဆီးရန် မီးရှို့စက်တည်ဆောက်ဆောင်ရွက်လျက်ရှိခြင်း၊ စက်ရုံ/ အလုပ်ရုံ စက်မှုဖုန်များမှသိမ်းဆည်းခြင်း နည်းလမ်းများစွာဖြင့် ရောက်ရှိလာသည့် အမှိုက်များအား စနစ်တကျစွန့်ပစ်ရန်စီမံနိုင်ခြင်း၊ 3Rs (Reduce, Reuse,Recycle)လုပ်ငန်းစဉ်တွင် စွန့်ပစ်ပစ္စည်းမှ Recycle လုပ်ငန်းအဖြစ် ဟင်းသီးဟင်းရွက်အမှိုက်များမှ သဘာဝမြေဆွေး ဆောင်ရွက်ခြင်း (Green Compost)၊ အမှိုက်ပုံတွင် စုပုံထားသည့် အမှိုက်အဟောင်းနေရာတို့မှ ဆန်ခါချစက်ဖြင့် သဘာဝမြေဆွေး ထုတ်လုပ်ခြင်း (Mixed Compost From Final Disposal Site)နှင့် စွန့်ပစ်ထားသော တာယာများ သိမ်းဆည်းခြင်းနှင့် အမှိုက်စွန့်ပစ်ရာတွင်ပါရှိသည့် တာယာအဟောင်းတို့အား တာယာ၊ ရော်ဘာနှင့် Steel Wire တို့ ခွဲခြား စိတ်ဖြာကာ ရော်ဘာအစိတ်အပိုင်းငယ်များအဖြစ် ချေဖျက်သည့်စနစ်ဖြင့် Recycle ပြန်လည်ပြုလုပ်ခြင်း၊ ယင်းပြုလုပ်ရရှိသည့် အစိတ်အပိုင်းများ ကို ပစ္စည်းအသစ် ပြုလုပ်နိုင်ခြင်းမရှိသေးသော်လည်း မြေနိမ့်များ၊ အမာခံလိုအပ်သောနေရာများ၊ လမ်းပုံးများတွင် ဖြည့်စွက်ခြင်းဖြင့် အမှိုက်ပမာဏလျော့ရန် ဆောင်ရွက်လျက်ရှိခြင်း၊ အမှိုက်မပုံရသေးသော မြေလွတ်နေရာများ၌ နေကြာစိုက်ပျိုး၍ စားသုံးဆီ ထုတ်လုပ်ခြင်း၊ စပါးပင်များစိုက်ပျိုးခြင်း၊ အခြားသော ဟင်းသီးဟင်းရွက် သီးနှံပင်များစိုက်ပျိုးခြင်း၊ ဘဲမွေးမြူခြင်း၊ ငါးမွေးမြူခြင်း စသည်တို့ကို Green Area စံပြကွင်းအဖြစ် ပြုလုပ်ကာ ယင်းတို့မှ ထွက်ရှိသည့် ထွက်ကုန်သီးနှံများကို ဝန်ထမ်းလုပ်သားများအား စားသုံးမှုအတွက် ဝေငှနိုင်ခြင်း၊ မျှဝေစားသုံးနိုင်ခြင်း စသောအကျိုးရလဒ်များကိုလည်း ဖော်ဆောင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။

အခြားအမှိုက်ပုံကြီးဖြစ်သော ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံနှင့် ဒလအမှိုက်ပုံအသေးတို့တွင်လည်း နည်းပညာလွှဲပြောင်းရယူပြီးသည့် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတွင် ဆောင်ရွက်သည့် နည်းပညာအတိုင်း ဌာန၏ အရာရှိများ၊ ဝန်ထမ်းများ၊ အင်ဂျင်နီယာများတို့ဖြင့် စွန့်ပစ်မှုစနစ်များအား ပြောင်းလဲ၍ ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

အဓိကအချက်မှာ မြို့နေလူထုအပါအဝင် လူတစ်ဦးချင်းစီတွင် နေ့စဉ်အမှိုက်ထွက်ရှိမှုကို နေ့စဉ်လုပ်ရှားနေထိုင်မှုနှင့်အတူ




ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ မီးလောင်သွားပြီးသောအမှိုက်ပုံဟောင်းနေရာအား "Rehabilitation"(မီးလောင်သွားသောအမှိုက်ပုံအား ပြန်လည်၍အမှိုက်စွန့်ပစ်နိုင်ရန် ပြုပြင်ဆောင်ရွက်ခြင်း)

ပေါ်ပေါက်လာခြင်းမှာ သဘာဝဖြစ်ပါသည်။ ထိုသဘာဝအတိုင်းဖြစ်နေဆဲ၊ ထွက်ရှိနေဆဲအမှိုက်ကို လူတစ်ဦးတစ်ယောက်ချင်းစီက အသိ(၅)ရပ်ဖြင့် လျှော့ချရန် ပဓာနကျနေကြောင်း တွေ့ရှိရခြင်းဖြစ်ပါသည်။ အမှိုက်ထွက်ရှိမှုအား လျှော့ချရန် (၁) လျှော့သုံးပါ (Reduce)၊ (၂) ပြန်သုံးပါ (Reuse)၊ (၃) ပြန်လည်တီထွင်သုံးပါ (Recycle)၊ (၄) ငြင်းပယ်ပါ (Reject)(အမှိုက်အိတ် (၁)ခုရှိပြီးလျှင် ထပ်၍အမှိုက်အိတ်မတောင်းဘဲနေရန်လိုပါသည်) (၅) ပြန်ပို့ပါ (Return)(အိတ်ခွံများစုစည်းသန့်ရှင်း၍ ထပ်ကာထပ်ကာ သုံးစွဲပါ သို့မဟုတ် ဆိုင်သို့ပြန်ပို့ပါ) စသည်တို့ဖြင့် ပါဝင်ကျင့်သုံးဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

မိမိတစ်ဦးချင်းမှ အမှိုက်ထွက်နှုန်းလျှော့ချရန် အသိကပ်၍ နေထိုင်ပါဟု၍ ဆိုလိုပါသည်။ ယခုအခါ လူတစ်ဦးချင်း၏ အမှိုက်ထွက်ရှိမှုမှာ အမှိုက်သိမ်းဆည်းဌာနမှဆန်းစစ်လေ့လာချက်အရ လူတစ်ဦးလျှင် (၁)ရက်အမှိုက်ထွက်ရှိမှုနှုန်းမှာ (0.5)Kg ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခုထက်ပိုမိုလျှော့နိုင်ပါက အမှိုက်ထွက်ရှိသည့် ပမာဏမှာလည်း တစ်ဦးချင်းစီမှစုပေါင်း၍ ပမာဏများစွာ လျှော့ချနိုင်မည်ဖြစ်ခြင်း၊ သိမ်းဆည်းသည့်ဌာနမှလည်း အချိန်တိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ သုံးစွဲရမည့်ကုန်ကျစရိတ်တို့မှာလည်း လျော့နည်းလာမည်ဖြစ်ခြင်း၊ မြို့တော်သန့်ရှင်းသာယာလှပရေးမှာလည်း ပို၍ပို၍ ကောင်းမွန်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆိုရမည်ထင်ပါသည်။

မြူလင်း



# ကျွန်တော် မြို့တော်မဂ္ဂဇင်း အယ်ဒီတာချုပ်

မော်ကျွန်း စိုးမြင့်
ဓာတ်ပုံ-ဇော်သိန်းဝင်း

မြို့တော်မဂ္ဂဇင်းအတွက် စာမှုရေးမည်ဆိုသောအခါ ကျွန်တော် မြို့တော်သတင်းစာ အယ်ဒီတာချုပ် ၁၆ နှစ်တာဝမှ မြို့တော်မဂ္ဂဇင်း အယ်ဒီတာချုပ်ဘဝ ပြောင်းရွှေ့ရောက်ရှိလာပုံ အကြောင်းနှင့် နိဒါန်းဖွင့်ချင်ပါသည်။

ချောင်းသာပင်လယ်ကမ်းခြေ အပန်းဖြေစခန်း၌ ဦးဇော်ဇော်တို့၏ Max ဟိုတယ်ဖွင့်ပွဲ ကျွန်တော်တက်ရောက်ခဲ့သည်။ အဖွဲ့ခေါင်းဆောင်မှာ ဆရာမြတ်ခိုင်ဖြစ်သည်။ ကျွန်တော်နှင့်အတူ ပါဝင်လာသူ စာရေးဆရာနှစ်ဦးမှာ ဆရာမောင်တည်ငြိမ်နှင့် ဒေါက်တာ ခင်မောင်ညို။

Max ဟိုတယ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ညဘက်တွင် ဇော်ဝင်းထွဋ်တို့အဖွဲ့က တေးဂီတဖြင့် ဖျော်ဖြေသည်။ နာမည်ကျော် အဆိုတော်များနှင့် ရုပ်ရှင်မင်းသား၊ မင်းသမီးများလည်း ပါဝင်ဖျော်ဖြေကြသည်။ ပရိသတ်မှာ ကြိတ်ကြိတ်တိုး။

**ဖုန်းပြောစဉ ရေးတက်သတင်း**

ထိုပွဲမှ ပြန်ရောက်သည့်အခါ ဌာနမှူး ဦးလှမြင့်ဆွေက "ခင်ဗျားကတော့ ချောင်းသာမှာ သွားပျော်နေတာပေါ့၊ ဒီမှာတော့

မီးလောင်နေပြီ"ဟု ပြောသည်။

မှန်ပါသည်။ ကျွန်တော် သိလိုက်ပြီ။ မြို့တော်သတင်း နောက်ကျောဖုံးတွင် တယ်လီဖုန်းပြောခ ဈေးနှုန်းတက်လိုက်သည့်သတင်း ဖော်ပြမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက ထိုစဉ်က ဆက်သွယ်ရေးဝန်ကြီးအား ဆူသည်။ တိုးတိုးတိတ်တိတ်လုပ်ရန် မှာထားသော်လည်း မြို့တော်သတင်းစာ၌ အကျယ်တဝင့် သတင်းပါလာ၍ ဖြစ်သည်။ ထိုသတင်းရေးသူမှာ မြန်မာတိုင်းမ်မှ သတင်းထောက်ချုပ် ဝင်းကျော်ဦး။

**ဓာတ်ပုံရိုက် တင်ပြ**

ဆက်သွယ်ရေးဝန်ကြီးရာထူး ကုလားထိုင်လှုပ်ပြီပေါ့။ ထိုသတင်း ထည့်သွင်းဖော်ပြသူ အယ်ဒီတာချုပ်အား အရေးယူရန် ဆက်သွယ်ရေးဝန်ကြီးက မြို့တော်စည်ပင်သို့ အကြောင်းကြားသည်။ ဓာတ်ပုံပညာရှင် စောသိန်းဝင်းနှင့်အဖွဲ့က လမ်းဘေး တယ်လီဖုန်းရုံများတွင် တယ်လီဖုန်းခ တိုးမြှင့်သည့်စာများ ကပ်ထားပုံကို ဓာတ်ပုံရိုက်တင်ပြသည်။ ဌာနဆိုင်ရာ လျှို့ဝှက်ချက်မဟုတ်ကြောင်း သက်သေပြသည်။

သို့သော် မရ။ ဌာနဆိုင်ရာ ခွင့်ပြုချက်မရဘဲ ဖော်ပြသည့်အတွက် ဌာနဆိုင်ရာ လျှို့ဝှက်ချက်ဥပဒေ (Official Secret Act) နှင့် ငြိသည်ဟုဆိုလာသည်။ ကာယကံရှင် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူကျေနပ်ရန် ကျွန်တော့်အား ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ အရေးယူပြီးကြောင်း မြို့တော်ဝန်က အကြောင်းပြန်သည်။

**အရေးယူခံရ**

ဤသို့ဖြင့် ကျွန်တော်သည် နောက်ဆုံးအကြိမ် သတိပေးခံရပြီး မြို့တော်မဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ် ပြောင်းရွှေ့ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ မြို့တော်မဂ္ဂဇင်း၌ ကျွန်တော် ၂ နှစ်ကြာသည်။

**သင်ခုန်းစားနှင့် ပျားရည်**

သတင်းသမားဘဝသည် အသွားထက်သည့် သင်ခုန်းစားပေါ်တွင် သုတ်လိမ်းထားသည့် ပျားရည်ကို လျက်ရသကဲ့သို့ ပျားရည်အရသာက ချိုမြိန်သလို သင်ခုန်းစားအသွားကလည်း ထက်လှသဖြင့် အခန့်မသင့်လျှင် လျှာပြတ်သွားနိုင်သည် ဆိုသည့် ဆရာအောင်ဗလ(ကြေးမုံဦးသောင်း)၏ ပို့ချချက်စကားကို ကျွန်တော် သတိရ သင်ခန်းစာရခဲ့ပါ၏။

**" သတင်းသမားဘဝသည် အသွားထက်သည့် သင်ခုန်းစားပေါ်တွင် သုတ်လိမ်းထားသည့် ပျားရည်ကို လျက်ရသကဲ့သို့ ပျားရည်အရသာက ချိုမြိန်သလို သင်ခုန်းစားအသွားကလည်း ထက်လှသဖြင့်... "**

သတင်းသမားများသည် Press Law ဟုခေါ်သည့် စာနယ်ဇင်းဆိုင်ရာ ဥပဒေများကို သိထားရသည်။ သို့ဖြစ်၍ သတင်းစာပညာသင်တန်းများတွင် စာနယ်ဇင်းဥပဒေကို ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပို့ချခြင်းဖြစ်သည်။ ပုဒ်မ ၅၀၀ အသရေဖျက်မှု၊ ပုဒ်မ၅(က)၊ (ခ) လုံခြုံရေးဆိုင်ရာ ထိခိုက်မှု၊ တရားရုံး မထေမဲ့မြင်ပြုမှု၊ ကလေးသူငယ်ဆိုင်ရာ ဥပဒေ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေ၊ ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ၊ မီဒီယာဆိုင်ရာ ဥပဒေ စသည်တို့ဖြစ်သည်။

**စာနယ်ဇင်းဥပဒေများ**

အဆိုပါ စာနယ်ဇင်းဆိုင်ရာ ဥပဒေများကို သတင်းစာများသာမက မဂ္ဂဇင်း၊ ဂျာနယ်၊ လုံးချင်းရေးသားထုတ်ဝေသူများလည်း အကျုံးဝင်သဖြင့် သိရှိနားလည်လိုက်နာကြရန် လိုအပ်သည်။ ကျူးလွန်ခဲ့လျှင် တရားရုံးတွင် အမှုရင်ဆိုင်ပြစ်ဒဏ်ကျခံကြရမည်ဖြစ်သည်။

ကျွန်တော်သည် ၁၉၇၁ ခုနှစ်တွင် လမ်းစဉ်သတင်း အယ်ဒီတာဘဝဖြင့် ပြန်ကြားရေးဝန်ကြီးဌာနကဖွင့်သည့် သတင်းစာပညာသင်တန်း အမှတ်စဉ်(၄) တက်ရောက်ခွင့်ရခဲ့သည်။ (၁၀)လခန့်အချိန်ကြာသည်။ ဘာသာရပ် (၂၀)ကျော် သင်ကြားခဲ့ရသည်။ စာနယ်ဇင်းဆိုင်ရာ ဥပဒေဘာသာရပ် သင်ကြားပို့ချသူ ဆရာကြီးနှစ်ဦးမှာ တရားသူကြီးချုပ် ဒေါက်တာမောင်မောင် နိုင်ငံတော်သမ္မတ(ငြိမ်း)နှင့် ကျွန်တော်တို့ မော်လမြိုင်သား တရားသူကြီး ဦးကျော်ညွန့်။

**ထူးချွန်ဆုရရှိ**

ထိုသတင်းစာပညာသင်တန်းတွင် ကျွန်တော် ထူးချွန်ဆုရခဲ့သည်။ ဘာသာရပ် ၂၀ တွင် ဘာသာရပ်တိုင်း ၇၉ဒသမ၉၉ အထက် ဂုဏ်ထူးမှတ်ရမှ ထူးချွန်ဆုပေးခြင်းဖြစ်သည်။ ထိုစဉ်က ပို့ချသူ ဆရာကြီးများမှာ သတင်းထောက်လှမ်းနည်း (ဆရာအောင်ဗလ)၊ သတင်းတည်းဖြတ်နည်း (ဆရာဇဝန)၊ မြန်မာစာအရေးအသား (ပါမောက္ခ ဦးမောင်မောင်ကြီး)၊ ဘာသာပြန် (ဦးကိုကိုလေးနှင့် ဦးစိုးမြင့်)၊ ဆောင်းပါး၊ ဝေဖန်စာ၊ သရော်စာရေးနည်း (ဆရာဦးသိန်းဖေမြင့်)၊ အင်တာဗျူး (သုဓိအောင်)၊ သတင်းစာမွမ်းမံပြင်ဆင်မှု(ဟံသာဝတီ ဦးဝင်းတင်) စသူတို့ဖြစ်ကြပါသည်။

ပါတီစာနယ်ဇင်း ဌာနကြီး ဌာနကြီးမှူးဆရာ ဂျာနယ်ဦးကျော်စောဦးမှာ ကျွန်တော်၏ လက်ရင်းသင်ဆရာဖြစ်ပါသည်။

သူသွားသည် ခရီးအချို့တွင် ကျွန်တော့်ကို ပါ ခေါ်သွားပြီး သတင်းဆောင်းပါး ရေးနိုင်ခဲ့သည်။

ကျွန်တော် သတင်းစာပညာသင်တန်းတွင် ထူးချွန်ဆုရသည့်အသက်အရွယ်မှာ ၂၇ နှစ်။ ကြွားဝါလိုသည့် သဘောဖြင့် ဖော်ပြခြင်းမဟုတ်ပါ။ သာမန် တောရွာလေးတစ်ရွာမှ တောသားကောင်လေးတစ်ယောက် ကြိုးစားမှုကို မျိုးဆက်သစ်များ စံနမူနာယူနိုင်ရန် ဖြစ်ပါသည်။

**တာဝန်အဆင့်ဆင့်**

လမ်းစဉ်သတင်းနှင့် စာအုပ်စာတမ်းဌာနတွင် အမှုဆောင်အယ်ဒီတာ၊ လုပ်သားဂျာနယ် တာဝန်ခံအယ်ဒီတာ၊ မြို့တော်သတင်းစာ အယ်ဒီတာချုပ်၊ ရွှေနိုင်ငံဂျာနယ် အယ်ဒီတာချုပ်၊ မြန်မာပို့စ်ဂျာနယ်၊ တည်ထောင်သူ ဒါရိုက်တာ၊ ပြည်မြန်မာဂျာနယ် အကြံပေးပညာရှင်၊ ရွှေသံလွင် (SKY NET) သတင်းစာထုတ်ဝေရေး အကြံပေးပညာရှင် တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ ယခုအခါ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း နာယက၊ မြို့နယ်သတင်းစာဆရာအသင်း နာယကအဖြစ် ထမ်းဆောင်လျက်ရှိသည်။

**ရေးသားစာအုပ်သုံးဆယ်**

ကျွန်တော် အသက် ၈၁ နှစ်ရှိပြီ။ အသက် ၈၀ ပြည့် အထိမ်းအမှတ်အဖြစ် "အနှစ် ၅၀ ကျော်ကာလ စာပေစာနယ်ဇင်းဘဝ ကြုံရဆုံရ မှတ်မိသမျှ" စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ အသက် ၃၁ နှစ်တွင် "မျက်မြင်ကိုယ်တွေ့ ပုဂံလျှောင်နှင့် ပုဂံယဉ်ကျေးမှု" စာအုပ်၊ အသက် (၃၄)နှစ်တွင် "ပုံတောင်ပုံညာ---------" အကြောင်း စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။



ယခုအခါ မြို့တော်သတင်းစာတွင် "မြို့တော်သတင်းအလွမ်းပြေ" အခန်းဆက်ဆောင်းပါးများကို ရေးသားလျက်ရှိသည်။ အပုဒ် ၂၀ အထိ ဖြစ်သည်။ စာတစ်အုပ်ဖြစ်ရန် ရည်ရွယ်သည်။ မျိုးဆက်သစ်များအတွက် ဖြစ်ပါသည်။ မျိုးဆက်သစ်ဆိုရာတွင် ကလောင်သစ်များနှင့် မြို့တော်စည်ပင်ဝန်ထမ်းအဆင့်ဆင့်တို့ ပါဝင်ပါသည်။

**သဘာဝချင်းမတူ**

ကျွန်တော် မြို့တော်မဂ္ဂဇင်း အယ်ဒီတာချုပ် ဖြစ်လာသောအခါ ကျွန်တော် မပျော်ပါ။ အဓိကအကြောင်းရင်းမှာ လုပ်ငန်းသဘာဝချင်းမတူ၍ ဖြစ်ပါသည်။ မဂ္ဂဇင်းသဘာဝက တစ်လတစ်ကြိမ်ထုတ်။ သတင်းစာက နေ့စဉ်ထုတ်။

ကျွန်တော်က ငယ်စဉ်ဘဝကတည်းက သတင်းလောကတွင် လူလားမြောက် ပျော်ရွှင်ခဲ့သူဖြစ်သည်။ နေ့စဉ် သတင်းနှင့် မကင်း။

သို့ဖြစ်၍ ဆရာမြတ်ခိုင်နှင့် သွားပေါင်းမိသည်။ ဆရာမြတ်ခိုင်၏ အင်္ဂါစကားဝိုင်းတွင် အခမ်းအနားမှူးအဖြစ် လုပ်ခဲ့သည်မှာ သုံးနှစ်သုံးမိုး။

**အင်္ဂါစကားဝိုင်း သုံးနှစ်သုံးမိုး**

ထိုစဉ်က ဆရာမြတ်ခိုင်သည် ကောင်းသတင်းဂျာနယ်၊ အချစ်ဂျာနယ်နှင့် မဟာသတင်းဂျာနယ်တို့ကို အပတ်စဉ်တိုင်း တစ်ပြိုင်တည်း ထုတ်ဝေလျက်ရှိသည်။ ကြီးပွားရေးလမ်းညွှန်မဂ္ဂဇင်းကိုလည်း ထုတ်ဝေလျက်ရှိသည်။ သတင်းလောဘ အလွန်ကြီးသူဖြစ်သည်။ ကျွန်တော်က သတင်းနှင့် ဆောင်းပါးများ ပလူပျံအောင် ရေးသားခဲ့သည်။ နယ်ပယ်စုံ၊ လုပ်ငန်းစုံလှသည်။ ဆရာမြတ်ခိုင် ချီးမြှင့်သည့် သတင်းဆု ကျွန်တော်ရခဲ့သည်။ ငွေသားကျပ် ၅၀၀၀၀ ဆု ရခဲ့သည်။ ကျွန်တော် ဆုရသတင်းကို ဂျာနယ်များတွင် ဖော်ပြခဲ့သည်။

ဆရာမြတ်ခိုင်၏ အင်္ဂါစကားဝိုင်း ကျေးဇူးကြောင့် စာရေးဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာ၊ ထုတ်ဝေသူ၊ လုပ်ငန်းရှင်တို့နှင့် ရင်းနှီးကျွမ်းဝင်ခွင့်ရခဲ့သည်။ စာပေစာနယ်ဇင်းလောကမှ ထိပ်တန်းပုဂ္ဂိုလ်များနှင့် ခင်မင်ခွင့်ရခဲ့သည်။ ကျွန်တော်၏ ဘဝနယ်ပယ်သည် အလွန်ကျယ်ပြန့်သွားခဲ့သည်။

**အယ်ဒီတာချုပ်များ**

ဆရာမောင်မောင်လွှင်နှင့် ဆရာအောင်စွမ်းတို့က မြို့တော်မဂ္ဂဇင်းအတွက် စာမူတောင်းသည့်အခါ ရေးသင့်ရေးထိုက်သည့် အချက်များ ပါဝင်နိုင်သမျှ ပါဝင်အောင် ကျွန်တော် ကြိုးစားရေးပါသည်။

မြို့တော်မဂ္ဂဇင်း ပထမအယ်ဒီတာချုပ်မှာ ဆရာ တင်မောင်လတ် (လမ်းမတော်)၊ နောက် ဆရာလှမြင့်ဆွေ၊ နောက် ဆရာ ဆောင်းဝင်းလတ်၊ နောက် ဆရာ မော်ကျွန်းစိုးမြင့် စသူတို့ ဖြစ်သည်။

ကျွန်တော် မြို့တော်မဂ္ဂဇင်း အယ်ဒီတာချုပ်ဘဝတွင် ဌာနခွဲမှူး ကိုဇော်မြင့်၊ ဌာနခွဲမှူး ကိုခင်ဇော်၊ ဌာနခွဲမှူး ဦးရဲမြင့်ဦး (မောင်ခင်သာ) တို့နှင့် တွဲမိခဲ့သည်။

**ရွှေနိုင်ငံဂျာနယ်သို့**

ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန

ဝန်ကြီး ဗိုလ်ချုပ်ကျော်ဆန်းက ကျွန်တော့်အား ရွှေနိုင်ငံဂျာနယ် အယ်ဒီတာချုပ်တာဝန်ပေးသဖြင့် မြို့တော်မဂ္ဂဇင်း အယ်ဒီတာချုပ်အလုပ်မှ နုတ်ထွက်စာ ကျွန်တော်တင်ခဲ့ပါသည်။ ဤသို့ဖြင့် စာပေစာနယ်ဇင်း ဝင်္ကပါခရီးတွင် ကျွန်တော် တဝဲလည်လည်။

## ရွှေကောက်ပွဲရက်စက်မှုများ

ကျွန်တော်တို့မျိုးရိုးတွင် သတင်းစာဆရာ၊ စာရေးဆရာ မရှိပါ။ ကျွန်တော်က ဖောက်ထွက်လာခြင်း ဖြစ်သည်။ ကျွန်တော်တို့ ငယ်ငယ်က ပါတီစုံ ဖဆပလခေတ်ဖြစ်သည်။ ပါတီတွေ ကွဲကြသည်။ ဗကပနှင့် ကေအင်န်ယူ သောင်းကျန်းသူများကလည်း အားကောင်းသည်။ ရွှေကောက်ပွဲနီးလျှင် တောရွာများတွင် အသတ်ခံရမှုမှာ များလှသည်။ ကျွန်တော့်အမျိုး အများကြီး အသတ်ခံခဲ့ရသည်။ ကျွန်တော့်ဘကြီး ဦးချစ်နှင့် သမီး ရက်ရက်စက်စက် အသတ်ခံခဲ့ရသည်။ ငန်းဖွန် ခြောက်လောင်းပြိုင် အသတ်ခံရမှုတွင် မဲပုံးသယ်လာသည့် ရဲသား ကိုသန်းဖေ (ကျွန်တော့်အစ်ကို တစ်ဝမ်းကွဲ၊ ဘကြီးချစ်၏ သား) ပါဝင်ခဲ့သည်။

## အလင်းပေးသော စာကြည့်တိုက်

သောင်းကျန်းသူများ တိုက်ခိုက်မှုကြောင့် ကျွန်တော်တို့ မိသားစု စစ်ရှောင်ထွက်ပြေးခဲ့ကြရသည်။ ကျွန်တော် မမေ့။ ကျွန်တော့်ရင်ထဲတွင် စူးနစ်နေသည်။ ကျွန်တော်တို့မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက်မှာ ကျွန်တော့်အား အားဆေးပေးသလိုရှိသည်။ အလင်းရောင်ပေးသည်။ စိတ်ညစ်လေ၊ အားငယ်လေ စာဖတ်လေ၊ စာဖတ်လေ အသိအမြင်ဗဟုသုတ ကြွယ်လေ။

ဤသို့ စာဖတ်ဝါသနာပါရာမှ ရေးချင်သားချင်စိတ် ဖြစ်လာပြီး စာပေစာနယ်ဇင်းလောကထဲသို့ ကျွန်တော် ရောက်လာခြင်း ဖြစ်ပါသည်။ ဓမ္မနှင့် အဓမ္မတွင် အဓမ္မ (မတရားမှု)ကို ဖွင့်ချတိုက်ခိုက်ချင်သည်။ စတုတ္ထမဏ္ဍိုင်ဆိုသည့် စာနယ်ဇင်းလောကကို အားကျခဲ့သည်။ ပြည်သူ့ဘက်မှ ရပ်တည်သည့် သတင်းစာဆရာဖြစ်အောင် ကြိုးစားခဲ့သည်။

## မွေးဖွားခြင်းလား

သတင်းစာဆရာ၊ စာရေးဆရာ တစ်ယောက်ဖြစ်လာဖို့ မွေးဖွားလာခြင်းလား၊ လုပ်ယူရခြင်းလား၊ မေးစရာဖြစ်သည်။ စာရေးဆရာ သတင်းစာဆရာမိဘက မွေးဖွားလာသည့် သားသမီးဟာ သတင်းစာဆရာ၊ စာရေးဆရာ ဖြစ်လာသလား။ လူတိုင်း သတင်းစာဆရာ စာရေးဆရာ ဖြစ်လာနိုင်သလား။

Journalist is not born, but made (မွေးဖွားလာခြင်းမဟုတ်၊ ကြိုးစားလုပ်ရသည်) ဆိုသည့် အဆိုအမိန့် ရှိပါသည်။ ကြိုးစားမှု၊ အပင်ပန်းခံမှု၊ ဆင်းရဲဒုက္ခခံနိုင်မှ သတင်းစာဆရာ၊ စာရေးဆရာ တစ်ယောက် ဖြစ်နိုင်သည်။



## ဆရာဇဝနစကားဝိုင်း

ပထမအကြိမ် စာပေလုပ်သား ညီလာခံကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သည်။ ကျွန်တော်က သာကေတမြို့နယ် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ၊ ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ညနေဘက်တစ်ချိန်၌ လုပ်အားပေး လူငယ်မောင်မယ်များအား မြက်ခင်းပြင်၌ ဆရာကြီး ဇဝနက စာပေစကားဝိုင်းတစ်ခု လုပ်ပေးခဲ့သည်။ ကျွန်တော်က "ဆရာကြီး သားသမီးတွေထဲက ဆရာကြီးရဲ့ ကလောင်အမွေ ဘယ်နှယောက်ရှိပါသလဲ"ဟု မေးရာ ဆရာကြီးက ပြုံးပြီး...

"တစ်ယောက်မှ မရှိဘူး။ ခင်ဗျားသူငယ်ချင်း သားကြီး စိုးမိုးနိုင်ကို အတော်မျှော်လင့်ခဲ့တယ်။ မတောက်တခေါက် စာတိုပေစလေးတွေတော့ ရေးတာပေါ့။ အခု စာရေးဆရာ၊ သတင်းစာဆရာ ဖြစ်မလာဘဲ ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာ ထမင်းချက် (စားရိပ်သာမှူး) ဖြစ်နေတယ်။ ကောင်းပါတယ်။ ထမင်းကောင်း ဟင်းကောင်း ဝဝလင်လင်စားရလို့ အဆင်ပြေနေပါတယ်"ဟု ပြောသည်။ အားလုံးက ဝိုင်းရယ်ကြသည်။

## ဆင်သွားရင် လမ်းဖြစ်

စာပေလောကနှင့် စပ်လျဉ်း၍ နောင်လူတို့သိရှိနိုင်ရန် တင်ပြရလျှင် ကျွန်တော်တို့ငယ်ငယ် စာပေလောကထဲ မြေစမ်း ခရမ်းပျိုး စတင်ချိန်က မန္တလေး အထက်မြန်မာနိုင်ငံ စာရေးဆရာများ၏ ဦးစီးခေါင်းဆောင် လူထုဦးလှနှင့် ဒေါ်အမာ ဇနီးမောင်နှံက ပြည်သူ့အတွက်ဆိုလျှင် စကားပြောဟန်ရေးခြင်းက ပို၍ထိရောက်သည်ဟုဆိုသည်။ "ဆင်သွား

ရှင် လမ်းဖြစ်"ဆိုပြီး စကားပြေဟန်ရေးရန် ဦးဆောင်ခဲ့သည်။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း အပါအဝင် သူတို့တဝတစ် လျှောက်လုံး စကားပြေဟန်အတိုင်း ရေးသွားခဲ့ကြသည်။

**စာပေအယူအဆအကွဲ**

ထိုအချိန်က စာပေလောကတွင် လက်ယာနိုင်ငံရေးသမားနှင့် လက်ဝဲနိုင်ငံရေးသမား အယူအဆကွဲခဲ့ကြသည်။ အရင်းရှင် လက်ယာအုပ်စုက စာပေအနုပညာသည် စာပေအနုပညာအတွက် (Arts for arts sake) ဟု ကြွေးကြော်ခဲ့ကြသည်။ လက်ဝဲကွန်မြူနစ်အုပ်စုက စာပေအနုပညာသည် ပြည်သူ့အတွက် (Arts for People) ဟု ဟစ်ကြွေးခဲ့ကြသည်။

လူထုဦးလှနှင့် ဒေါ်အမာ မန္တလေးအုပ်စုက လက်ဝဲလိုင်းဖြစ်ပြီး ထိုစဉ်က တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်း၏ ပန်းပေါင်းတစ်ရာ ပွင့်ပါစေ တော်လှန်ရေးလမ်းကြောင်းပေါ် လျှောက်ခဲ့ခြင်းဖြစ်သည်။

ယခု လူထုသားနှစ်ယောက် တရုတ်ပြည်တွင်ရှိသည့် ဗကပစစ်ရေးတာဝန်ခံ ဖိုးသံချောင်းသည် လူထုဦးလှနှင့် ဒေါ်အမာတို့၏ သားဖြစ်သည်။ သူတို့သားတစ်ယောက်ဖြစ်သူနှင့် ကျွန်တော် ရန်ကုန်တက္ကသိုလ်တက်စဉ်ဆုံခဲ့သည်။ တက္ကသိုလ်သမဂ္ဂခေါင်းဆောင်တစ်ဦးဖြစ်သူ ရဲဘော်စိုးဝင်းသည် တောထဲ၌ သခင်သန်းထွန်း၏ တော်လှန်သောအုပ်စု၏ ဝါးရင်းတုတ်ဖြင့် လည်မြိုအရိုက်သတ်ခံခဲ့ရသည်။ သူ့ လည်ချောင်းသွေးဖြင့် ရဲနီမယ်များက သူတို့ခြေထောက်များကို ဆေးခဲ့ကြသည်။

**ကာရန်မဲ့ကဗျာ**

ထိုစဉ်က ကဗျာလောကတွင်လည်း အယူအဆနှစ်ခု ကွဲခဲ့ပြန်သည်။ တော်လှန်ကဗျာအုပ်စုဆိုသူတို့ဟာ ကာရန်မဲ့ကဗျာ

**"သတင်းစာဆရာ၊ စာရေးဆရာတစ်ယောက်ဖြစ်လာဖို့ မွေးဖွားလာခြင်းလား။ လုပ်ယူရခြင်းလား။ မေးစရာဖြစ်သည်။ စာရေးဆရာ သတင်းစာဆရာမိဘက မွေးဖွားလာသည့် သားသမီးဟာ သတင်းစာဆရာ စာရေးဆရာ ဖြစ်လာသလား။ လူတိုင်း သတင်းစာဆရာ၊ စာရေးဆရာ ဖြစ်လာနိုင်သလား။"**



လိုင်းကို ဖော်ပြခဲ့သည်။ ကာရန်ကို ငဲ့နေလျှင် ကာရန်ကိုကြည့်နေလျှင် ပြောချင်သည့်အချက် မထိရောက်ဟုဆိုသည်။ ဂန္ထဝင်ကဗျာဆရာအုပ်စုကတော့ ကဗျာစည်းကမ်း ကဗျာနည်းလမ်းအတိုင်း ရေးဖွဲ့ရန် တိုက်တွန်းခဲ့ကြသည်။

**စိတ္တဇပန်းချီ**

ထို့အတူ ပန်းချီလောကတွင် အယူအဆနှစ်ခု ကွဲကြပြန်သည်။ ရှေးရိုးပန်းချီရေးနည်းနှင့် စိတ္တဇ(စိတ်အာရုံခံစားချက်အဓိက) ပန်းချီရေးနည်းဟူ၍ဖြစ်သည်။ စိတ္တဇပန်းချီရှေ့ဆောင်ပုဂ္ဂိုလ်တစ်ဦးမှာ ဗဂျီအောင်စိုးဖြစ်သည်။ (ပန်းချီဟု မရေးပါ။ ဗဂျီဟု ရေးပါသည်။) နောင်းလူတို့အတွက် ဗဟုသုတ။

ထိုစဉ်က ဂျာနယ်၊ မဂ္ဂဇင်း စသည့် စာနယ်ဇင်းများ၏ ကဗျာသရုပ်ဖော်ပန်းချီတွင် ဗဂျီအောင်စိုး၏ စိတ္တဇပန်းချီများ အသုံးများ တွင်ကျယ်ကာ ခေတ်စားခဲ့သည်။ လူငယ်ပန်းချီဆရာအတော်များများကလည်း သူ့ ပန်းချီဆွဲဟန်လမ်းကြောင်းကို လျှောက်ခဲ့ကြသည်။ စာနယ်ဇင်း သရုပ်ဖော်ပန်းချီတစ်ခေတ် ဆန်းခဲ့သည်။

**အမျိုးသားစာပေဆုပြဿနာ**

စကားပြေဟန်ရေးသည့်စာမူကို အမျိုးသားစာပေဆု မပေးခဲ့ပါ။ သို့သော် NLD အစိုးရလက်ထက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဖေမြင့်လက်ထက်တွင် မန္တလေးအုပ်စု လူထုဦးလှနှင့် ဒေါ်အမာတို့၏သား ညီပုလေးရေးသည့် စာအုပ်ကို အမျိုးသားစာပေဆု ပေးခဲ့သည်။ ဆရာဝန်ကြီး နာဂ ဦးသိန်းလှိုင်၏ ကိုယ်ကျိုးစွန့်ဆေးကုသမှုဘဝအတွေ့အကြုံစာအုပ် ဖြစ်သည်။

ကာရန်မဲ့၊ ကာရန်မညီ ကဗျာကိုလည်း အမျိုးသားစာပေဆု မပေးခဲ့ပါ။ သို့သော် ထိုနှစ်ကပင် ကဗျာဆုပေးခဲ့သည်။ စာပေလောက၌ အကြီးအကျယ် ဂယက်ရိုက်ခဲ့သည်။

ဂန္ထဝင်ကဗျာအုပ်စုဖြစ်သည့် ဆရာကြီး သူရဇော်နှင့် အချို့က ဆုရွေးချယ်ရေးအဖွဲ့မှ နုတ်ထွက်ခဲ့ကြသည်။ ဆုရွေးချယ်ရေးအဖွဲ့တွင် ပါဝင်ခဲ့သည့် ဦးကိုကို (ယခု ရွှေကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ)က ခေတ်ကဗျာဆုပေးသလို ဂန္ထဝင်ကဗျာဆုကိုလည်း ပေးရန်တင်ပြသော်လည်း လက်မခံခဲ့ကြောင်း ပြောကြားချက်ကို ရုပ်သံနှင့် သတင်းစာများတွင် ကျွန်တော် သိရှိမှတ်သားမိရသည်။

**ဂန္ထဝင်ကဗျာဆု**

၂၀၂၂ အတွက် အမျိုးသားစာပေဆု

**စင်ကာပူခေါင်းဆောင်ကြီး မစ္စတာလီကွမ်ယု နိုင်ငံရေးမဲဆွယ်တရားဟောရာတွင် သူသာ ရွေးကောက်ပွဲတွင်အနိုင်ရ၍ အစိုးရဖြစ်လျှင် ရန်ကုန်မြို့တော်ကြီးကဲ့သို့ လုပတင့်တယ် အဆင့်အတန်းမြင့်စေရမည်ဆိုသည့် နိုင်ငံရေးကတိစကား...**

ပေးရာတွင် မောင်စိမ်းနောင်(လယ်ဝေး)၏ ကဗျာစာအုပ်ကို အမျိုးသားစာပေဆု ပေးခဲ့သည်။ ထိုဆုကို ဖော်ပြရာတွင် ကဗျာဆု (ဂန္တဝင်)ဟု ဖော်ပြထားသည်ကို ထူးထူးခြားခြား တွေ့ရသည်။ ကျွန်တော်တို့ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းက ကျင်းပသည့် ဆရာမောင်စိမ်းနောင်(လယ်ဝေး) ဂုဏ်ပြုပွဲတွင် အထက်ဖော်ပြပါအတိုင်း ကျွန်တော် မှဒီတာစကား ပြောကြားခဲ့ပါသည်။ '<u>ကဗျာဂန္တဝင်ဆု</u>' ဆိုသည့် အသုံးအနှုန်းမှာ မြန်မာစာပေဆုသမိုင်းတွင် ပထမဦးဆုံးအဖြစ် မှတ်သားမိပါသည်။

**ရွှေဝင်းကြည်**

ကျွန်တော် မြို့တော်မဂ္ဂဇင်း အယ်ဒီတာချုပ်လက်ထက်တွင် မြို့တော်မဂ္ဂဇင်း အသွင်အပြင် သစ်ဆန်းရန်ဆိုပြီး ဌာနမှူး ဦးလှမြင့်ဆွေက ရွှေအမြုတေမဂ္ဂဇင်းနှင့် အလင်းတန်း အနုပညာဂျာနယ် အယ်ဒီတာချုပ် ကိုဝင်းငြိမ်း၏ညီ ကိုမျိုးမြင့်ငြိမ်းလက်သို့ အပ်ခဲ့သည်။ တစ်လျှောက်လုံး တာဝန်ခံအယ်ဒီတာလုပ်ခဲ့သူ ကာတွန်း <u>ရွှေဝင်းကြည်</u> သည် အလုပ်မှ နုတ်ထွက်သွားခဲ့သည်။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်က ထုတ်ဝေသည့် Builder (တည်ဆောက်သူ) မဂ္ဂဇင်းတွင် ပြောင်းရွှေ့လုပ်ကိုင်သွားခဲ့သည်။ သူ၏ ပထမဆုံးလက်ရာ မဂ္ဂဇင်းအတွက် ကျွန်တော့်အား မေတ္တာရပ်ခံ အကူအညီတောင်းသဖြင့် ထိုစဉ်က အသင်းချုပ်ဥက္ကဋ္ဌ ဦးသာဌေး၊ အလုပ်အမှုဆောင်အချို့နှင့် တွေ့ဆုံကာ အင်တာဗျူးများ ရေးပေးခဲ့ရပါသည်။

ယခုအခါ ရွှေဝင်းကြည်သည် မျက်စိမကောင်း၊ ကျန်းမာရေးမကောင်းတော့သဖြင့် အိမ်၌နားနေရကြောင်း ကြားသိရသည်။

**ကနဦးရေ့ပြေး**

မြို့တော်မဂ္ဂဇင်းသည် မြို့တော်သတင်းစာမပေါ်မီ ကနဦးရှေ့ပြေးဖြစ်သည်။ ရည်ရွယ်ချက်မှာ မြို့တော်စည်ပင်၏ ဂုဏ်အင်္ဂါတစ်ခုအဖြစ် မြို့တော်စည်ပင်ဝန်ထမ်းများနှင့် မြို့တော်သူမြို့တော်သားများ စာပေဗဟုသုတရရှိရန် မြို့တော်စည်ပင်နှင့် မြို့တော်သူမြို့တော်သားများအကြား ပေါင်းကူးဆက်သွယ်ရေးကိရိယာတစ်ခုအဖြစ် ရင်းနှီးချစ်ခင်မှု ပိုမိုရရှိရန်၊ သတင်းစကားများကို အပြန်အလှန်ပြောကြား သိရှိနိုင်ရန်၊ မြို့တော်စည်ပင်၏ လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာရန်၊ မြို့တော်သူ မြို့တော်သားများ မြို့ကြီးသားပီပီ စည်းကမ်းလိုက်နာကြရန် စသည်တို့ဖြစ်သည်။



**မဂ္ဂဇင်းထုတ်ဝေခြင်းမှာ ငွေကြေးအမြတ်ရရှိရေးအတွက်မဟုတ်။ စာပေအနုပညာ ဝန်ဆောင်လုပ်ငန်းဖြစ်သည်။** ကျန်းမာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်းကဲ့သို့ ဖြစ်ပါ၏။

**မဂ္ဂဇင်းရည်မှန်းချက်များ**

မြို့တော်မဂ္ဂဇင်း၏ ရည်မှန်းချက်များ အောင်မြင်ပါစေ၊ မြို့တော်မဂ္ဂဇင်း၏ အနှစ်သာရပေါ်လွင်အောင် ကြိုးပမ်းနိုင်ကြပါစေ၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူအများစာဖတ်ရန် စာဖတ်ရှိန်မြှင့်တင်ဆောင်ရွက်နေသည့် ယနေ့ကာလတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မက ပါဝင်စွမ်းဆောင်နိုင်ပါစေ။ မြို့တော်စည်ပင်ဝန်ထမ်းများနှင့် မြို့တော်သူ၊ မြို့တော်သားများ စာပေမှတစ်ဆင့် အသိဉာဏ်ပညာ မီးရှူးတန်ဆောင် ထွန်းလင်းပြောင်ပါစေ။ စီးပွားရေးမြို့တော် ရန်ကုန်မြို့ကြီး အေးချမ်းသာယာပြီး သန့်ရှင်းသောမြို့တော် (Clean City)၊ စိမ်းလန်းသောမြို့တော် (Green City)၊ နေချင့်စဖွယ်ကောင်းသောမြို့တော်(Smart City) ဖြစ်ပေါ်လာပြီး တစ်ချိန်က တင်စားခံခဲ့ရသည့် အာရှမင်းသမီးလေး (The Princess of Asia)အဖြစ် ပြန်လည်အသက်ဝင်နှုပျိုလန်းဆန်းလှပနိုင်ပါစေ။

**နှလုံးသားတွင် စွဲထင်ပါ။**

စင်ကာပူမြို့တော်တည်ဆောက်ရေးအတွက် မြို့တော်ရန်ကုန်ကို လာရောက်လေ့လာအတုယူခဲ့ရပုံကိုသတိရပါ။ စင်ကာပူခေါင်းဆောင်ကြီး မစ္စတာလီကွမ်ယု နိုင်ငံရေး မဲဆွယ်တရားဟောရာတွင် သူသာ ရွေးကောက်ပွဲတွင် အနိုင်ရ၍ အစိုးရဖြစ်လျှင် ရန်ကုန်မြို့တော်ကြီးကဲ့ သို့ လှပတင့်တယ် အဆင့်အတန်းမြင့်စေရမည်ဆိုသည့်နိုင်ငံရေး ကတိစကားကို နှလုံးသားတွင် စွဲထင်ကာ အမြဲသတိရနေပါ။ **မောင်ကျွန်းစိုးမြင့်**

# ရေအားကောင်း၊ ကြည်လင်၊ သန့်စင်၊ ကျန်းမာ

သတင်းဆောင်းပါး - မြတ်စိုး(ရွှင်)
ဓာတ်ပုံ - စောသိန်းဝင်း(မြို့တော်သတင်း)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေ ပြည်သူလူထု ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများ ဖူလုံစွာနှင့် စနစ်တကျ ရယူသုံးစွဲနိုင်ရေးအတွက် နေ့စဉ် တာဝန်ယူကြိုးကြပ်ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဝေပေးနိုင်ရေးအတွက် မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေလှောင်ကန်ကြီး သုံးကန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနပိုင် ရေလှောင်ကန်ကြီး နှစ်ကန်တို့မှ မြို့တော်စည်ပင်နယ်နိမိတ်အတွင်းရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်သို့ နေ့စဉ် သောက်သုံးရေဂါလန် ၂၃၇ သန်း ပုံမှန်ဖြန့်ဝေပေးလျက်ရှိသည်။

ယင်းသို့ဖြန့်ဝေပေးရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဂျိုးဖြူရေလှောင်ကန်မှ ရေဂါလန် ၂၇ သန်း၊ လှော်ကားကန် ရေတွန်းစက်ရုံမှ ဂါလန် သန်း ၉၀၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မှော်ဘီမြို့နယ် ညောင်နှစ်ပင်ရေသန့်စင်စက်ရုံမှ ဂါလန်သန်း ၉၀ နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် လဂွန်းပြင် ရေသန့်စင်စက်ရုံမှ ဂါလန် ၂၇သန်း ပါဝင်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ဒလမြို့နယ်သို့ ဒလမြေအောက် ရေပေးဝေရေးစခန်းမှ နေ့စဉ် ဂါလန်တစ်သန်းခွဲနှင့် လှိုင်သာယာမြို့နယ်သို့ သဲဖြူမြေအောက်ရေပေးဝေရေးစခန်းက နေ့စဉ်ဂါလန် တစ်သန်းခွဲကိုလည်း ဖြန့်ဖြူးပေးလျက်ရှိသည်။

ယင်းသို့ သောက်သုံးရေ ဖြန့်ဝေခြင်းလုပ်ငန်းကြီးတစ်ခုလုံး ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများ သုံးစွဲနိုင်ရေးအတွက် ရေပေးဝေမှုစနစ်နှင့် ရေသန့်စင်မှုစနစ်နှစ်ခုလုံးတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် ကျင့်သုံးဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**ရန်ကုန်မြို့တော်ကြီးတွင် နေ့စဉ်ဖြန့်ဖြူးပေးနေသည့် ရေဂါလန် ၂၃၇ သန်းကို ယခင်နှစ်ကာလကြာမြင့်စွာကတည်းက "ရေသန့်စင်မှုစနစ်" နှင့် "ပိုးမွှားသန့်စင်မှုစနစ်" တို့ကို စနစ်တကျ**





အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ညွှန်ကြားရေးမှူး ဒေါ်သွန်းနိုင်ဦး ရေပေးဝေမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းစဉ်။

**ဆောင်ရွက်ပြီးမှသာ ဖြန့်ဖြူးပေးနေခြင်းဖြစ်သည်။**

ရေသန့်စင်ရန်နှင့် ပိုးမွှားသန့်စင်ရန် ဆိုဒီယမ်ဟိုက်ပိုကလိုရိုဒ်ခေါ် ကလိုရင်းဆေးရည်ခတ်ပေးခြင်းမှာ အဓိကကျသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ကလိုရင်းဆေးရည်ခတ်ခြင်းလုပ်ငန်းကို ရေလှောင်ကန်များမှာကတည်းက ပိုးမွှားသန့်စင်ရေးအတွက် ခတ်ထားပေးပြီးဖြစ်သည်။

သောက်သုံးရေသန့်စင်ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်)၊ လှော်ကားရေတွန်းစက်ရုံ (လှော်ကားကန်) ရေကူးရေတွန်းစက်ရုံ (မရမ်းကုန်းမြို့နယ်)နှင့် လဂွန်းပြင် ရေသန့်စင်စက်ရုံ၊ (ဒဂုံမြို့သစ်တောင်ပိုင်း) စသည့် အဓိကနေရာကြီးလေးနေရာတွင် ကလိုရင်းဆေးခတ်ခြင်း ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် ကလိုရင်းဆေးခတ်သည့် လုပ်ငန်းတစ်ခုလုံးအတွက် နေ့စဉ် ကလိုရင်း ၁၁ ကုဗမီတာ ထည့်သွင်းပြီး သန့်စင်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေ ပြည်သူများ

**ဂျိုးဖြူရေလှောင်ကန်ကြီးသည် လွတ်လပ်ရေးမရမီ ၁၉၄၀ ပြည့်နှစ်ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး၊ ရန်ကုန်မြို့တော်သို့ ဧရာမ ပိုက်လိုင်းကြီးများဖြင့်သွယ်တန်းကာ ရေဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။**

အတွက် သောက်သုံးရေ ဖြန့်ဝေပေးရေးလုပ်ငန်းတွင် ရေသန့်စင်စက်ရုံများက ပို့လွှတ်ပေးသောရေများကို အရေးပေါ်ကာလတွင် ရေပြတ်လပ်မှုမရှိစေရေးနှင့် ရေအလျင်အဟုန် (Pressure) အားကောင်းစွာဖြင့် စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ယခုအခါ သက်ဆိုင်ရာနယ်မြေများအလိုက် အနည်းဆုံး ဂါလန်နှစ်သိန်းဆံ့ ရေစုကန်မှ ဂါလန်သန်း ၂၀ ဆံ့ ကုက္ကိုင်းရေလှောင်ကန်ကဲ့သို့သော ရေလှောင်ကန်ကြီးအပါအဝင် ရေစုကန်များကို စဉ်ဆက်မပြတ် ဖော်ဆောင်ပေးလျက်ရှိသည်။

မှတ်သားမိသမျှ တင်ပြရလျှင် စာရေးသူတို့ငယ်စဉ်က မကြာခဏသွားရောက်လေ့လာခဲ့ကြရသည့် တိုက်ကြီးမြို့နယ် ဂျိုးဖြူရေလှောင်ကန်ကြီးသည် လွတ်လပ်ရေးမရမီ ၁၉၄၀ ပြည့်နှစ်ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး၊ ရန်ကုန်မြို့တော်သို့ ဧရာမ ပိုက်လိုင်းကြီးများဖြင့်သွယ်တန်းကာ ရေဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က မှတ်မိသေးသည်။ ကျွန်တော်တို့ လေ့လာရေးအဖွဲ့ ကျောင်းသားလူငယ်တွေ ဂျိုးဖြူရေလှောင်ကန်ကြီး ရေသန့်စင်စက်ရုံက မိုးပေါ်သို့ ပျံတက်သွားသည့် ရေပန်းများ ရေမှုန်ရေမွှားများကိုကြည့်ကာ ပျော်ရွှင်စွာ တအံ့တသြဖြစ်ခဲ့ကြရသည်။

ယင်းသည် လေထဲ၌ ရေသန့်စင်စနစ်တစ်ခုဖြစ်ကြောင်း နောင်အခါမှ သိရှိနားလည်လာရသည်။ ခေတ်အဆက်ဆက်တွင်



၁၉၄၀ ပြည့်နှစ်က တည်ဆောက်ပြီးစီးခဲ့သော ဂျိုးဖြူရေလှောင်ကန် ရေယူအဆောက်အအုံကို မြင်တွေ့ရစဉ်။

ပြည်သူများ၏ ကျန်းမာရေးကို အလေးထားခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း သာဓကဖြစ်ပေသည်။ ယခုအခါတွင် ကလိုရင်းဆေးဖြင့် ပိုးမွှားသန့်စင်သည့် ခေတ်မီစနစ်ကို ကျင့်သုံးလာနိုင်ခဲ့ပြီဖြစ်သည်။

သို့ရာတွင် ကလိုရင်းဆေးခတ်ရာတွင်လည်း ပို၍လို၍ မရပေ။ ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က သတ်မှတ်ပေးထားသည့် (Guide Line) နှင့်အညီသာ ခတ်ကြရခြင်းဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)တွင် နေ့စဉ် ၁၁ ကုဗမီတာနှုန်းဖြင့် စံချိန်နှင့်အညီခတ်နိုင်ရန် ကလိုရင်းဆေး ခြောက်လစာအထိ ရှိနေပြီးဖြစ်သည်ဟု သိရသည်။



အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယညွှန်ကြားရေးမှူး ဦးထင်လင်းခက ရေတွင်ပါဝင်သော ဓာတ်သတ္တုအမျိုးမျိုးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

ယခုအခါ မိုးဖြိုင်ဖြိုင်ကျသည့် မိုးလယ်ကာလသို့ ရောက်လာပြီဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းအတွက်လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ကျန်းမာရေးဌာနသည် ရန်ကုန်မြို့တော်နေ ပြည်သူများအတွက်လည်းကောင်း၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေသည်။ သို့ပါလျက် မကြာမီရက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်အတွင်းရှိ သဲစုကွင်းအရပ်တွင် ရုတ်တရက် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ အဆိုပါအခြေအနေကို လေ့လာကြည့်မိသည်။ ဒေါပုံမြို့နယ်သည် ယခင်နှစ်များစွာကတည်းက ငမိုးရိပ်ရေလှောင်တမံရေကို သုံးစွဲခွင့်ရခဲ့ပြီး ယခုအခါတွင်လည်း လဂွန်းပြင် ရေသန့်စင်စက်ရုံကပါ ထပ်ဆောင်းပေးနေကြောင်း သိရသည်။

သို့ရာတွင် ယခုဖြစ်ပွားသည့် အရပ်သည် မြို့တော်ရေပေးဝေရေးစနစ်တွင် အကျုံးမဝင်သေးသဖြင့် အခြားနည်းဖြင့်သာ သောက်သုံးရေကို သုံးစွဲ နေထိုင်ကြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသည် ယခုကဲ့သို့ သတ်မှတ်ချက်နှင့်မညီသေး၍ ရေပေးဝေခြင်း မပြုနိုင်သေးသော်လည်း၊ အလားတူ မြို့တော်နေ အခြားပြည်သူများနည်းတူ ရေပြတ်လပ်မှုမရှိစေရန် ယင်းကဲ့သို့သော ဒေသများကို ရေသယ်ယာဉ်ကြီးများဖြင့် သန့်ရှင်းသောရေကို ဖြန့်ဝေပေးလျက်ရှိသည်ဟု သိရသည်။



ဂျိုးဖြူရေလှောင်ကန်ရှိ နောက်ဆုံးရေသန့်စင်မှုလုပ်ငန်းကို မြင်တွေ့ရစဉ်။

ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ၏ သဘာဝမှာ ဖြန့်ဝေစဉ်က ရေသန့်စင်မှုစနစ်နှင့် ပိုးသန့်စင်မှုစနစ် မည်မျှပင် ကောင်းမွန်စေရန် ဆောင်ရွက်ထားသည်ဖြစ်စေ ရေကို လက်ခံရယူသုံးစွဲသော ရေပုံး၊ ရေခွက်၊ ရေအိုး၊ ရေတိုင်ကီစသည်တို့ မသန့်စင်ပါက ကျန်းမာရေးနှင့် လုံးဝညီညွတ်နိုင်မည်မဟုတ်ပေ။

ယခုကိစ္စတွင်လည်း စာရေးသူ သုံးသပ်ဆင်ခြင်မိသည်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက



ငမိုးရိပ်ရေလှောင်ကန်မှ ပေးပို့သော ရေများကို ညောင်နှစ်ပင်ရေပေးဝေရေးစခန်းမှ နောက်ဆုံးရေသန့်စင်မှုကိုမြင်တွေ့ရစဉ်။




ရေဖြန့်ဝေမှုစနစ်တွင် မပါဝင်သေးသော ရပ်ကွက်ပြည်သူများအတွက် လတ်တလောရေသုံးစွဲနိုင်ရန် ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေးစဉ်။

သန့်ရှင်းသောရေများကို ရေသယ်ကားကြီးများဖြင့် ဖြန့်ဝေပေးစေကာမူ လက်ခံရယူ သုံးစွဲသည့် ပစ္စည်းကလည်း သန့်ရှင်းမှုရှိစေရန် အရေးကြီးသည်ဆိုသည့်အချက်ပင် ဖြစ်ပေသည်။


ယခုလည်း လတ်တလောပေါ်ပေါက်ခဲ့ရသည့် အခြေအနေမှ ဆက်လက်ပြန့်ပွားကူးစက်မှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အချိန်မီအချိန်ကိုက် ကျန်းမာရေးပညာပေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခေတ်မီဇဟိုဓာတ်ခွဲခန်းက ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းသာမက သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၏ ခေတ်မီဓာတ်ခွဲခန်းကပါ တစ်ပြိုင်တည်းတွင် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိရာ ရေသုံးစွဲသူ ပြည်သူများကလည်း ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေများကို စည်းကမ်းစနစ်ကျနစွာ သုံးစွဲကြမည်ဆိုလျှင် ရန်ကုန်မြို့တော်ကြီးသည် **"သေးကင်း၊ ကြည်လင်၊ သန့်စင်၊ ကျန်းမာ"**သော ပျော်ရွှင်ဖွယ်ရပ်ဝန်းကြီးအဖြစ် တည်ရှိနေမည် ဖြစ်ပေသည်။ ။

**မြတ်စိုး(လှိုင်)**



ဂျိုးဖြူရေလှောင်ကန် ပတ်ဝန်းကျင်စိမ်းလန်းမှုနှင့် ရေလှောင်ကန်ကို ဝေဟင်မှမြင်တွေ့ရစဉ်။




# သမိုင်းဝင်ရုပ်တုများနှင့် မြို့ရန်ကုန်

စောသိန်းဝင်း(မြို့ပေါ်သတင်း)

**"ဒဂုံပူရံမနောရမံဟောတု"** ဟူ၍ မူလဖွင့်ဆိုချက်သည် ရန်ကုန်မြို့တော်အတွင်း မှီတင်းနေထိုင်သော ပြည်သူအပေါင်းတို့သည် စိတ်ချမ်းသာခြင်းနှင့် ပျော်ရွှင်စွာပြည့်စုံပါစေသတည်းဟူ၍ ဖြစ်သည်။ ထိုကဲ့သို့ ဆုတောင်းပြုခဲ့သည့် အဓိပ္ပာယ်ကို ပြည့်စုံစွာရေးသားဖော်ပြမှုများကို လွန်ခဲ့သော အနှစ် ၃၀ ကျော်အချိန်က၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ဝေသော ပြည်သူ့အကျိုးပြုစာအုပ်စာဆောင်များတွင် အမြဲမပြတ်မြင်တွေ့ခွင့်ရှိခဲ့သော်လည်း ယနေ့ အင်တာနက်ခေတ်၊ ဒီဂျစ်တယ်ခေတ်နှင့် ကြွယ်ဝသော အေအိုင်နည်းပညာခေတ်တွင် မြင်နိုင်တွေ့နိုင်ရန် ရှားပါးပျောက်ကွယ်လုနီးပါးဖြစ်နေသည်ကို စာရေးသူသတိပြုမိသည်။

နှစ်ကြာရှည်စွာ ဖြစ်တည်ရှင်သန်ခဲ့သော ရန်ကုန်သည် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့် သမိုင်းအမွေအနှစ်များကို ခေတ်အဆက်ဆက် အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုတို့ကြောင့် မြို့ပြဆိုင်ရာ တန်ဖိုးရှိသောရုပ်ဝတ္ထုပစ္စည်းများသည် ယနေ့ နိုင်ငံတကာခရီးသွား ဧည့်သည်များကို ဖွဲ့ဆောင်နိုင်သည့်အပြင် ဝင့်ကြွားစွာ ဖော်ပြမြင်တွေ့ခွင့်ရရှိနေခြင်းသည် မျိုးဆက်သစ်များအနေဖြင့် သတိပြုဂုဏ်ယူနေရမည် ဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့တော်သူ မြို့တော်သားများအနေဖြင့်...မိမိတို့၏ မွေးသက္ကရာဇ်ကို မေ့ပျောက်ထား၍ မရသလို ၁၇၅၅ ခုနှစ် မေလ (၂) ရက်နေ့တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ရန်အပေါင်းကုန်စင်ခဲ့သော ဒဂုံမြို့ငယ်လေးကို ရန်ကုန်ဟူ၍ အမည်ပြောင်းလဲခေါ်ဆို မင်္ဂလာပြုခဲ့သည့် နေ့ရက်သည်လည်း မိမိတို့၏ မွေးသက္ကရာဇ်သဖွယ် မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းမှတ်ယူထား




ရမည့် နေ့ရက်များဖြစ်သည်။

ရန်ကုန်သည် မြတ်ဗုဒ္ဓ၏ သာသနာအစ မွေးဖွားသန္ဓေတည်ရာ ရန်ကုန်မြို့သည် သာသနာ့သမိုင်းဝင်မြတ်ဘုရားရွှေတိဂုံစေတီတော်ကြီးသည်လည်း နှစ်ထောင်ချီ တည်တံ့ခိုင်မြဲပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာဖူးမြော်ခွင့်ရရှိနေကာ မြတ်ဘုရားရွှေတိဂုံ၏ နားဝင်ချိုဆည်းလည်းသံများကို ကြားနေရခြင်းသည်လည်း ရန်ကုန်၏ ထူးခြားစွာ ဂုဏ်ယူစရာပင်ဖြစ်သည်။ ရွှေတိဂုံ၏ ထီးရိပ်အဝန်းအဝိုင်းအတွင်း မှီတင်းနေထိုင်လာခဲ့ကြသောပြည်သူများသည် ကြုံသမျှ၊ ဆုံသမျှ ဒုက္ခနှင့်သုခကို တစ်လှည့်စီ ခံစားပြီး မိမိတို့၏ ဇာတိမြေဖြစ်သော ရန်ကုန်မြေအခက်အခဲကို အသက်ပေး၍ ခေတ်အဆက်ဆက် မျိုးဆက်သစ်များနှင့်အတူ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သဖြင့် မျက်မှောက်ခေတ်ခရစ် ၂၀၂၄ ခုနှစ် ရောက်ရှိချိန်တွင် ရန်ကုန်မြို့တည်သက်သည်(၂၆၉)နှစ်ပင် ကျော်လွန်ရောက်ရှိနေခြင်းကို မြို့ကြီးသားများ သတိပြုဂုဏ်ယူနေရမည့် နေ့ရက်များဖြစ်သည်။

ထိုကဲ့သို့ နှစ်ကြာရှည်စွာ တည်တံ့ခိုင်မြဲခဲ့သော ရန်ကုန်မြို့ကို ၁၉၅၅ ခုနှစ်၊ မြို့တည်သက်နှစ် (၂၀၀) ပြည့်မြောက်ချိန်တွင် သတင်းစာဆရာကြီး ဦးသိမ်းမောင်က ရန်ကုန်မြို့တည်သက် အထိမ်းအမှတ်ပွဲကျင်းပနိုင်ရန်အတွက် ကြိုတင်သိရှိနိုင်ရန် နိုင်ငံတော်သတင်းစာများတွင် အကြိမ်ကြိမ် ရေးသားဖော်ပြခဲ့သော သမိုင်းစာမျက်နှာများရှိခဲ့သော်လည်း အဆိုပါ မြို့တည်သက်ပွဲတော်ကို မကျင်းပနိုင်ခဲ့ပါ။ ထို့နောက် အလောင်းမင်းတရားတည်ခဲ့သည့် မြို့ ရန်ကုန်သမိုင်းကြောင်း စာအုပ်ရေးသားခဲ့သော စာရေးဆရာမောင်မြတ်မွန်(ဆူးလေ)ကလည်း ရန်ကုန်သမိုင်းနှင့်စည်ပင်သာယာသမိုင်းဆောင်းပါးများရေးသားရာ၌ အကြိမ်ကြိမ်ဖော်ပြခဲ့ဖူးသည်ကို စာရေးသူမြင်တွေ့မှတ်သားခဲ့ရသလို ကွယ်လွန်သူ ဆန္ဒမပြည့်မှုကို လွမ်းမိသည်။

စာရေးဆရာမောင်မြတ်မွန် (ဆူးလေ) သည် ရန်ကုန်မြို့တည်သက် ပွဲတော်ဖြစ်မြောက်ရေးအတွက် မလျှော့သောဇွဲ၊ လုံ့လနှင့် တစ်စိုက်မတ်မတ် ရေးသားဖော်ပြမှုများကို စာရေးသူတန်ဖိုးမှတ်ယူမိပါသည်။

၂၀၂၁ ခုနှစ် တိုင်းပြည်နိုင်ငံရေးအပြောင်းအလဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနမှူး (ငြိမ်း) ဦးဗိုလ်ဌေးသည် ရန်ကုန်မြို့တော်ဝန် ဖြစ်လာသည့်အချိန်၌ မြို့တော်စည်ပင်သာယာရေးကော်မတီအတွက် ဂုဏ်ယူရမည်ဖြစ်သလို စာရေးသူလည်း ဝမ်းမြောက်ဂုဏ်ယူမိသည်။

ထိုအချိန်တွင် မြို့တော်ဝန် ဦးဗိုလ်ဌေးက မြို့တော်၏ အမှတ်တရအခမ်းအနားတစ်ခုကို မကျဉ်းမကျယ်ပြုလုပ်နိုင်ရန် အခြေအနေကို ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနသို့ ပြောကြားလာသည့်အတွက် စာရေးသူအား မှတ်တမ်းဓာတ်ပုံများကို ရှာဖွေခိုင်းခဲ့ရာ စာရေးသူသည် စာရေးဆရာ မောင်မြတ်မွန် (ဆူးလေ)၏ တစိုက်မတ်မတ် ရေးသားဖော်ပြခဲ့သော မြို့တည်သက် ပွဲတော်ကျင်းပရေးနှင့်စပ်လျဉ်း၍ ပြေးသတိရမိသည့်အတွက် မြို့တည်သက် အထိမ်းအမှတ်ပွဲကျင်းပရန် အချိန်တိုအတွင်းပြုလုပ်ရန် မလွယ်ကူသဖြင့် သမိုင်းဝင်အထိမ်းအမှတ် သဝဏ်လွှာပို့စ်ကတ်ဓာတ်ပုံရိုက်နှိပ်ပြီး ပြည်တွင်းပြည်ပအဖွဲ့အစည်းများသို့ သဝဏ်လွှာပို့စ်ကတ်များပို့ရန် တိုက်တွန်းအကြံပြုမှုကို ထိုအချိန်ကသက်ဆိုင်ရာတာဝန်ရှိသူများကို တင်ပြခဲ့ပြီး တာဝန်ရှိသူက မြို့တော်ဝန်ထံသို့ ဆက်လက် တင်ပြခဲ့ရာ မြို့တော်ဝန်၏ ခွင့်ပြုချက်ဖြင့် ၂၀၂၁ ခုနှစ် မေလ (၂) ရက်နေ့တွင် ရန်ကုန်မြို့တည်သက် (၂၆၆) နှစ်မြောက်အထိမ်းအမှတ် သဝဏ်လွှာပို့စ်ကတ်ကို အဆင့်မီပုံနှိပ်ရိုက်ကူးပြီး နိုင်ငံတကာသို့ ပို့နိုင်ရန် မြို့တော်ဝန် လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတကာ သံရုံးများ၊ ကောင်စစ်ဝန်များ

နိုင်ငံတကာမြို့တော်ကြီးများဖြစ်သော ရန်ကုန်မြို့နှင့် ညီမမြို့တော်များ၊ ဝန်ကြီးဌာနများ နိုင်ငံတော်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်တွင်းပြည်ပလှူမှုရေး အဖွဲ့အစည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများစသည်တို့ကို ဖြန့်ဝေပေးနိုင်ရန် မြို့တော်ဝန်မှ ခွင့်ပြုခဲ့သည့်အတွက် မြို့တည်သက်အထိမ်းအမှတ် သဝဏ်လွှာ ပို့စ်ကတ်ကို ထုတ်ဝေနိုင်ခဲ့သည်။ အတိတ်သမိုင်းစာမျက်နှာများတွင် စိတ်အားထက်သန်စွာရေးသားဖော်ပြခဲ့ကြသော သတင်းစာဆရာကြီး ဦးသိမ်းမောင်နှင့် မောင်မြတ်မွန်(ဆူးလေ) တို့အတွက် ဂုဏ်ယူနေရမည့် သမိုင်း၏ မှတ်တမ်းတစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်သည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်နောက်ပိုင်း ရန်ကုန်မြို့သည် နိုင်ငံတော်၏ မြို့တော်ဖြစ်ခဲ့၍ လွတ်လပ်ရေး၏ သမိုင်းအမွေအနှစ်များကို မြို့ပြအတွင်း အထင်ကရနေရာများ၌ ထားရှိနိုင်ရန် ထိုအချိန်က အစိုးရသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုထားရှိရန်ရွေးချယ်ခဲ့သည်။ ကြေးသွန်းရုပ်တုကို အင်္ဂလန်နိုင်ငံတွင်ထုလုပ်ပြီး ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံနှင့် မျက်နှာချင်းဆိုင် နတ်မောက်လမ်းအနီးရှိ ကန်တော်ကြီးပန်းခြံအစပ် မြေနေရာသည် အများပြည်သူများအတွက် အဆင်ပြေသောနေရာဖြစ်သည်။ အဆိုပါနေရာသည် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုကို အများပြည်သူများ အလွယ်တကူ မြင်တွေ့နိုင်သော နေရာဖြစ်၍ ထိုအချိန်က အဆိုပါနေရာတွင် ရှိနေသော ဗြိတိသျှတို့၏ ရုပ်တုများကိုဖျက်သိမ်းပြီး ခန့်ထည်စွာ ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တုကို တည်ဆောက်ပေးခဲ့ခြင်းသည်လည်း သမိုင်းမှတ်တိုင်ပင်ဖြစ်သည်။

ယင်းနောက် လွတ်လပ်ရေးနှင့်အတူ ပူးတွဲပါလာသော ရောင်စုံသောင်းကျန်းသူများကို တိုက်ထုတ်အသုံးပြုခဲ့သော အင်းစိန်တိုက်ပွဲဝင် သံချပ်ကာကားသည် ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံ၏ ပူပူနွေးနွေးဖြစ်သော လွတ်လပ်ရေးဆုံးရှုံးမှု အခြေအနေဆိုးကြီးကို အင်းစိန်တိုက်ပွဲကြီးတွင် ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ကယ်တင်ခဲ့သော သံချပ်ကာကားသည်လည်း သမိုင်းမှတ်တမ်းဝင်ဖြစ်၍ ပြည်သူများ မြင်တွေ့ဂုဏ်ယူပြီး မျိုးဆက်သစ်များ နိုးကြားသောစိတ်များဖြစ်ပေါ်လာစေရန် ကန်တော်ကြီးပန်းခြံ၌ ထိုအချိန်က ထားရှိခဲ့သော်လည်း ယခုအခါ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားမဖြစ်ပဲ သစ်ကိုင်းသစ်ရွက်များ အုပ်မိုးနေမှုကို မြင်တွေ့နေရသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရပါသည်။

နောက်ထပ်သမိုင်းဝင် **"အမိမြန်မာပြည်"** ပန်းပုရုပ်တုအကြောင်းကို ဖော်ပြချင်ပါသည်။ အမိမြန်မာပြည် ရုပ်တုကို မြန်မာ ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် ၁၉၈၀ ခုနှစ်နောက်ပိုင်း ရန်ကုန်ပြည်လမ်း ယခင်ပြည်သူ့လွှတ်တော်အဆောက်အအုံ ယခု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအတွင်း မြန်မာမှုအနုပညာမြောက်ပန်းပုရုပ်တုတစ်ခုထားရှိရန် ထိုခေတ်အစိုးရက ပန်းပုပညာရှင် ဦးဟန်တင်အား တာဝန်ပေး ထုလုပ်ခိုင်းခဲ့သော သမိုင်းဝင် အမိမြန်မာပြည်ရုပ်တုဖြစ်သည်။



အဆိုပါရုပ်တု၏အဓိပ္ပာယ် အနှစ်သာရသည် လောကတွင် ကြီးမားသော ထာဝရမေတ္တာကို ပေးစွမ်းနိုင်သူသည် မိခင်မှလွဲ၍ အခြားမရှိဟု အဓိပ္ပာယ်ကိုဆောင်သော သရုပ်ဖော်ပန်းပုရုပ်တုဖြစ်သည်။ အဆိုပါရုပ်တု၏ ပုံဖော်မှု၊ ရည်ရွယ်မှုသည် နိုင်ငံတကာ အစိုးရဇည့်သည်များနှင့် ပြည်တွင်းပြည်ပ လှူမှုရေးအဖွဲ့အစည်းဧည့်သည်များ လာရောက်သည့် အချိန်၌ မြန်မာမှုအနေဖြင့် ငွေဖလားပိုက်ပြီး သပြေပန်းနှင့်

မေတ္တာရှေ့ထား လက်လှမ်းကြိုနေသော သမိုင်းဝင် အမိမြန်မာပြည်ရုပ်ထုသည် ရန်ကုန်မြို့၌သာရှိပြီး အခြားမြို့များတွင် မရှိသောအချက်ကို ဂုဏ်ယူရမည်ဖြစ်သည်။ အဆိုပါရုပ်တုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် နေပြည်တော်တွင် ကျင်းပသော ၇၅ နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၏ ကိုယ်စားပြုသရုပ်ဖော် အမိမြန်မာပြည် ပန်းပုရုပ်တုပုံစံတုကို အများပြည်သူများသာမက နိုင်ငံတကာအထိ မြင်တွေ့နိုင်ရန် ထုတ်ဖော်ပြသမှုသည် ရန်ကုန်အတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။

အမိမြန်မာပြည် ပန်းပုရုပ်တုဖြစ်ရခြင်းနှင့် ထုလုပ်သူ အနုပညာရှင် ပန်းပုပညာရှင်ဆရာကြီး ဦးဟန်တင်၏ စိတ်ကူးနှင့် နိုင်ငံအပေါ်ထားရှိသော စေတနာသဘောတရားနှင့် စပ်လျဉ်း၍ ပထမမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်သော နိုင်ငံခေါင်းဆောင်ကြီးများမှစ၍ ဗြိတိသျှအုပ်ချုပ်မှုကာလ နိုင်ငံလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံခေါင်းဆောင်များအထိ စွမ်းဆောင်မှုပြုခဲ့သော မြန်မာတစ်မျိုးသားလုံးအတွက် ယင်းတို့ကို သူရဲကောင်းအဖြစ် သတ်မှတ်စံပြုနိုင်သော်လည်း နိုင်ငံတကာ၏ စစ်ရေးအမြင်နှင့် နိုင်ငံရေးအမြင် သမိုင်းစာမျက်နှာများ၌ စင်းလုံးချောမမြင်ဘဲ အတိတ်သမိုင်း၏ အဖုအထစ်အစွန်းများ ရှိနိုင်သည်ဟု ယူဆကောင်း ယူဆနိုင်ခြင်းကြောင့် ကြီးမားသော ထာဝရမေတ္တာကို လောကတွင် ပေးစွမ်းနိုင်သောသူသည် မိခင်မှလွဲ၍ အခြားမရှိဟူ၍ အမိမြန်မာပြည် ပန်းပုရုပ်တုကို ရွေးချယ်ထုလုပ်ရခြင်းဖြစ်ကြောင်း ပညာရှင်ဆရာကြီး ဦးဟန်တင်၏ ရည်ရွယ်ချက်သဘောထားအမြင်သာ ဖြစ်သည်။

ပတ္တမြားအနှစ်ကဲ့သို့ တန်ဖိုးဖြတ်မရသည့် မဟာဆန်သော ရန်ကုန်သည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအလွန် တပ်မတော်အစိုးရလက်ထက် ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် ပြည်ထောင်စုမပြိုကွဲရေး အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး သရုပ်ဖော်ပန်းပုရုပ်တုများကို ရန်ကုန်မြို့ပြ အထင်ကရနေရာများနှင့် သမိုင်းဝင်

**ရုပ်တု၏အဓိပ္ပာယ်**

**အနှစ်သာရသည်**

**လောကတွင် ကြီးမားသော**

**ထာဝရမေတ္တာကို**

**ပေးစွမ်းနိုင်သူသည်**

**မိခင်မှလွဲ၍ အခြားမရှိဟု**

**အဓိပ္ပာယ်ကိုဆောင်သော သရုပ်ဖော်**

**ပန်းပုရုပ်တုဖြစ်သည်။**

အဆောက်အအုံမျက်နှာစာနေရာများရှိ မြေနေရာများ၌ တည်ဆောက်ခဲ့ကြသည်။ အမျိုးဘာသာ သာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားစသည်တို့ အပြင် ခရစ်နှစ် ၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲ ရွှေတိဂုံမြောက်ဘက်ကုန်းပေါ်ရှိ ဗြိတိသျှစစ်တပ်များကို ရရာလက်နက် စွဲကိုင်ပြီး ထူးခြားစွာ အသက်စွန့်တိုက်ပွဲဝင်ခဲ့ကြသော ရွှေတိဂုံမြောက်ဘက် သွေးဆေးကန်ပန်းခြံရှိ ရာဇဝင်ထဲက မြန်မာသူရဲကောင်းများ၏ ပန်းပုရုပ်တုသည်လည်း ရန်ကုန်မြို့သမိုင်းဝင်ဖြစ်သည်။

ယနေ့မြို့တော်စည်ပင်က ထိန်းသိမ်းပြုပြင်ထားသော သွေးဆေးကန်ပန်းခြံသည် ရာဇဝင်ထဲက မြန်မာသူရဲကောင်းများ၏ တိုက်ပွဲဝင် ဓားလှံများ၌ ပေနေသော သွေးများကို ရေကန်အတွင်း သွေးများဆေးရာမှ သွေးဆေးကန်အဖြစ် အမည်တွင်ခဲ့ခြင်းဖြစ်သည်ဟု မှတ်တမ်းအရ သိရသည်။

ယင်းကဲ့သို့ စသည့်စသည့် သမိုင်းဝင် ပန်းပုရုပ်တုများအနက်မှ စာရေးသူအပါအဝင် ပြည်သူများ စိတ်ဝင်စားဖွယ်ကောင်းသော တပ်မတော်အစိုးရလက်ထက်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တည်ဆောက်ပေးခဲ့သော ပြည်လမ်း ပြည်သူ့ရင်ပြင်ရှိ **"အဖိုးနှင့်မြေး ထင်းစည်းချိုး"** သရုပ်ဖော် ပန်းပုရုပ်တုသည်လည်း သမိုင်းဝင်ဖြစ်သည်။ အဆိုပါရုပ်တုကို ပန်းပုအနုပညာရှင် ဆရာကြီး ဦးဟန်တင်အား တာဝန်ပေးဆောင်ရွက်စေခဲ့ရာ နိုင်ငံတော်အစိုးရ၏ လိုအပ်ချက်နှင့် ပန်းပုအနုပညာရှင်၏ စိတ်ကူးဉာဏ်တို့ကို ပေါင်းစပ်ပြီး တည်ဆောက်ခဲ့ရသည်ဟု သိရသည်။

လက်ရှိအဖိုးနှင့်မြေး ထင်းစည်းချိုး ပန်းပုရုပ်တုသည် မူလက မြန်မာဒေါင်းဖတ်စာ စာအုပ်ထဲက အဖိုးကမြေးများကို ထင်းစည်းချိုး ပန်းချီသရုပ်ဖော်ပုံကို အခြေခံပြီး အဖိုးကမြေးများကို စုပေါင်း၍ ပြသသော ပန်းချီသရုပ်ဖော်ပုံဖြစ်သည်။ ယင်းပုံသည် မိသားစုညီညွတ်ရေးအတွက် အကျိုးသက်ရောက်မှုရှိနေသော်လည်း နိုင်ငံတော်တစ်ခုလုံး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအနေဖြင့် ရှုမြင်ကြည့်ရှုမည်ဆိုပါက ကျဉ်းမြောင်းသော သဘောသက်ရောက်သဖြင့် မြန်မာမကလူသားမျိုးနွယ် များအထိ ကျယ်ပြန့်စွာ တွေးခေါ်ရှုမြင်နိုင်ပြီး တစ်ဦးတစ်ယောက်တည်းနေခြင်းဖြင့် "နွားကွဲရင်ကျားဆွဲခံရမည်"ပမာအတိုင်း ထင်းအချောင်းများစွာကို စုစည်းထားသည့် ထင်းစည်းကို အဖိုးက မြေးကို ထင်းစည်းချိုးခိုင်းနေသော ပန်းပုရုပ်တုပုံသည် ပန်းပုအနုပညာသဘောအရ စုစည်းပေါ်လွင်မှု

(Composition) သဘောဖြစ်သည်။ ထို့ပြင် ဖန်တီးပုံဖော် ပညာရှင်ပေးလိုသော (Message) ကို ကြည့်ရှုခံစားသူများ၏ ရင်ထဲကို ချက်ချင်းရောက်စေနိုင်သော ပုံဖြစ်ခြင်းသည် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအတွက် အင်အားဖြစ်သည်။ ကမ္ဘာတည်သရွေ့ ဖျက်မရသော သရုပ်ဖော် ပုံကောင်းတစ်ပုံ ဖြစ်သည်။ အဆိုပါပုံသည် ပြည်သူ့ရင်ပြင်ရှိ အဖိုးနှင့်မြေးပုံသည် တပ်မတော်အစိုးရနှင့် ပန်းပုအနုပညာရှင် ဆရာကြီး ဦးဟန်တင်တို့၏ မျှော်မှန်းရည်ရွယ်ချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် သရုပ်ဖော်ပန်းပုရုပ်တု ဖြစ်သည်။

ယခုရောက်ရှိနေသော လက်ရှိ ကာလတွင် အဖိုးနှင့်မြေးသည် အဖော်မဲ့စွာ အထီးကျန်ဖြစ်ပြီး ယခင်က အေးရိပ်ငြိမ် ခန်းမအတွင်းရှိ အတူလက်တွဲနေထိုင်ခဲ့ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများ သည်လည်း ယခုအခါ မည်သို့ပုံဖြစ်နေကြသည်ကို မသိရှိနိုင်သော်လည်း ရန်ကုန် သမိုင်းဝင် "အဖိုးနှင့် မြေး" ပန်းပုရုပ်တုသည် မိုင်ဂါးဒင်း စားသောက်ဆိုင်၏ ကားပါကင်နှင့်အတူ အထီးကျန်မှု သည် "အမြင်မတော် ဆင်တော်နှင့်ခလောက်"ဆိုသကဲ့သို့ မဖြစ်စေရန် စာရေးသူသတင်းထောက်ကြီး စိုးရိမ်မိသည်။

စာရေးသူ သတင်းထောက်၏ နှစ်ငါးဆယ်ကျော် ဖြတ်သန်းအတွေ့အကြုံထဲ၌ သတိပြုမှတ်သားခဲ့သော သမိုင်းဝင်ဗိုလ်ချုပ်အောင်ဆန်း၏ စစ်ဝတ်စုံ ကိုယ်တစ်ပိုင်း ပန်းပုရုပ်တုကို မင်္ဂလာဒုံမှ တောင်ငူအလယ်ပိုင်းတိုင်းသို့ ရွှေ့ပြောင်းမှုမှတ်တမ်းကို ပြောချင်ပါသည်။ ထိုအချိန်က စာရေးသူသည် ဗဟိုနိုင်ငံရေးတက္ကသိုလ်တွင် သတင်းနှင့် စာတိုက် တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေချိန်တွင် မှတ်သားမှုများကို ပြောပြခြင်း ဖြစ်သည်။

ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဗဟိုနိုင်ငံရေးတက္ကသိုလ်သည် ယခု (တပ်မတော် ခုတင် (၅၀၀) အရိုးအထူးကုဆေးရုံ)အတွင်း ပန်းခြံရှိ မင်္ဂလာဒုံတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပန်းပုရုပ်တုရှိခဲ့ဖူးသည်။ ထိုအချိန်က လမ်းစဉ်ပါတီ၏ ပါတီနှီးနှောဖလှယ်ပွဲနှင့် ပါတီညီလာခံ အစည်းအဝေးပွဲများကို အဆိုပါ ဗိုလ်ချုပ်ပန်းခြံရှေ့၌ ယာယီတည်ဆောက်သောခန်းမ၌ ကျင်းပသည်။

၁၉၈၂ ခုနှစ် လွန်မြောက်လာသည့် ကာလမှာ လမ်းစဉ်ပါတီ၏ ညီလာခံ အစည်းအဝေးခန်းမကြီးကို ယာယီပြုလုပ်ခြင်းမှ အခိုင်အခန့်ပါတီညီလာခံ ခန်းမကြီးကို တည်ဆောက်လိုက်ချိန်မှာ လက်ရှိ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံမျက်နှာစာသည် အများပြည်သူအတွက်နေရာ (PUBLIC OPEN SPACES) သည် ကျဉ်းမြောင်းလာသည်ကို ထိုခေတ်နိုင်ငံတော်အကြီးအကဲက သတိပြုမိသည်။ သမိုင်းဝင် ဗိုလ်ချုပ်အောင်ဆန်းပန်းပုရုပ်တုကို ယခုအတိုင်းထားရန် မသင့်တော်သဖြင့် မင်္ဂလာဒုံမှ တောင်ငူအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ပြောင်းရွှေ့ရန် ညွှန်ကြားပေးခဲ့ဖူးသည်ကို မှတ်သားမိ၍ အဖိုးနှင့်မြေး ပန်းပုရုပ်တုသည်လည်း သမိုင်းမှတ်တိုင်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ညွှန်းနေခြင်းကြောင့် ယင်းနှင့်သင့်တော်သည့် အများပြည်သူ (PUBLIC OPEN SPACES) နေရာသစ်တစ်ခုသို့ ရွေးချယ်သင့်သည်ဟု စာရေးသူ ယူဆမိသည်။



သွေးဖြင့်ရေးထိုး ဖြစ်တည်ခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာတည်သ၍ အရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် "**ဘယ်သူသတ်၍မှ သူမသေ**" ဟူသော ဗိုလ်ချုပ်အောင်ဆန်း ရုပ်ထု၏ ကမ္ပည်းကျောက်စာသည် အနာဂတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ဆက်လက် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ကြမည့် မျိုးဆက်သစ်လူငယ်များ၏ စိတ်ဓာတ်အားများသည် ထာဝရဖြစ်တည်နေစေရန် ဖြစ်သည်ဟု ယူဆမိပါတော့သည်။

**စောသိန်းဝင်း(မြို့တော်သတင်း)**



# ငှက်ပျောသီးမီးဖုတ်

ခင်နှင်းယု

'ဖက်ဖူးရောင်ခေါင်းပေါင်း' ခေါင်းစဉ်နှင့် ကျွန်မဆောင်းပါး တစ်ပုဒ်ရေးဖြစ်ခဲ့ပါသည်။ အင်္ဂလိပ်စာဌာနက ဆရာဦးကျော်ဝင်း ကြောင့် ကျွန်မရေးဖြစ်ခဲ့ခြင်း ဖြစ်သည်။

တက္ကသိုလ် နှစ် ၅၀ ပြည့် ရွှေရတုသဘင်ပွဲ ကျင်းပခါနီး အချိန်ဖြစ်သည်။ ဆရာကျော်ဝင်းက တစ်နေ့ ကျွန်မအိမ်ရောက် လာသည်။

"ယခု တက္ကသိုလ်နှစ် ၅၀ ပြည့်ပွဲမှာ ဆရာကြီးဦးဖေမောင် တင် တက်ရောက်မိန့်ခွန်းပြောရမယ်၊ ဆရာကြီးမှာ ဝတ်စရာ အင်္ကျီရော ပုဆိုးရော မရှိဘူး၊ ခေါင်းပေါင်းအသစ်လည်းလို တယ်"

ဆရာ့ စကားကြောင့် ကျွန်မ စီစဉ်ရပါသည်။ အထူး စီစဉ်စရာမလိုပါ။ ကျွန်မချစ်သူ ကွယ်လွန်မည့်နှစ်(၁၉၇၀) ဇန်နဝါရီလ၊ လွတ်လပ်ရေးနေ့ ညစာစားပွဲကို သမ္မတအိမ်တော် မှာကျင်းပမည်ဆိုသည်။

"မိချို၊ ကိုကြီးတို့ ယူနီဖောင်းနဲ့မတက်ရဘူးတဲ့၊ မြန်မာ ဝတ်စုံနဲ့ တက်ရမယ်တဲ့၊ ကိုကြီးအတွက် ခေါင်းပေါင်းပုဆိုးတွေ လိုတယ်"

ကျွန်မက ဗိုလ်ချုပ်ဈေးသွား၍ ဖက်ဖူးရောင် ခေါင်းပေါင်း နှင့်ပုဆိုး ဝယ်လိုက်ပါသည်။ တိုက်ပုံအင်္ကျီက ရှိပြီးဖြစ်သည်။ ဒါပေမဲ့ ရက်နီးလာတော့ စစ်ဝတ်စုံနှင့်ပင်တက်ရမည်ဟု အမိန့် ထွက်လာပြန်၍ ဒုတိယဗိုလ်မှူးကြီးစစ်ဝတ်စုံနှင့်ပင် လွတ်လပ် ရေး ညစာစားပွဲသို့ တက်ရောက်ခဲ့ရပါသည်။ ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလမှာ သူ ကွယ်လွန်ခဲ့သည်။

ဆရာကျော်ဝင်း လာပြောသောအခါ၊ ကျွန်မ၏ချစ်သူ ဝတ်မသွားရသော အသစ်စက်စက် ဖက်ဖူးရောင် ပိုးလုံချည်၊ ဖက်ဖူးရောင်ခေါင်းပေါင်းကို ဆရာကြီးကို ကန်တော့ရန် စီစဉ် လိုက်ပါသည်။ တိုက်ပုံချုပ်ရန် အင်္ကျီစနှင့် ရှပ်အင်္ကျီချုပ်ရန် ပိတ်စအဖြူတို့ကိုဝယ်ယူ၍ ဆရာကျော်ဝင်းနှင့်အတူ ဆရာကြီး ကို သွားကန်တော့ပါသည်။

ထိုနေ့က ကျွန်မရင်ထဲ ဆွေးဆွေးမြည့်မြည့်ဖြစ်မိသည်။ ကျွန်မသည် ဆရာကြီးဦးဖေမောင်တင်၏ အနွေဝါသိက တပည့်ရင်းမဟုတ်။ ဆရာကြီး တက္ကသိုလ်တွင် ဆရာအဖြစ်အမှု ထမ်းစဉ်က၊ ကျွန်မ တက္ကသိုလ်နယ်မြေကို ခြေချဖူးသူ မဟုတ်ပါ။

ဒါပေမဲ့ ကျွန်မရင်တွင်းမှာတော့ ဆရာကြီးသည် ကျွန်မ ၏ဆရာရင်း၊ ကျွန်မကလည်း တပည့်ရင်းတစ်ယောက်အနေဖြင့် ကျွန်မ သဘောထားခဲ့ပါသည်။ ကန်တော့စဉ် ကျွန်မအမည်ကို မခင်စုဟု ပြောခဲ့ပါသည်။ ခင်နှင်းယုဟု မပြောခဲ့ပါ။ နောက်နေ့ ဆရာကျော်ဝင်းက ပြောလာပါသည်။

"ဆရာကြီးက၊ မစု ကန်တော့တဲ့ဝတ်စုံကိုကြည့်ပြီး ဝမ်းသာလို့၊ ပြီးတော့ ပြောတယ် 'မိန်းကလေးကအင်္ကျီစတွေ ချုပ်ဖို့ လက်ခပါထည့်ပေးလိုက်တယ်' လို့ပြောတယ်"ဟုဆရာက ပြောပြပါသည်။ ကျွန်မလည်း ဝမ်းသာပီတိဖြစ်မိပါသည်။

ဆရာကြီး တက္ကသိုလ်ရွှေရတုသဘင်တက်တော့၊ ဖက်ဖူး ရောင်ခေါင်းပေါင်းနှင့် ကျွန်မ ကန်တော့သော ဝတ်စုံကိုဝတ်၍ တက်သည်ဟုသိရတော့၊ ဝမ်းသာလိုက်သည်ဖြစ်ခြင်း။ ယခုတော့ ဆရာကြီးလည်းမရှိ၊ ကျွန်မကိုကန်တော့ဖြစ်အောင်

တိုက်တွန်းသော ဆရာကျော်ဝင်းလည်းမရှိတော့ပါ။ ကွယ်လွန်ခဲ့ကြပါပြီ။

ဆရာကြီးကျေးဇူး ကျွန်မအပေါ် ကြီးမားလှပါသည်။ ထိုကျေးဇူးကို ဝတ်စုံတစ်စုံဖြင့် ပေးဆပ်ကန်တော့ခွင့်ရအောင် စီစဉ်ပေးသော ဆရာကျော်ဝင်းကိုလည်း ကျွန်မကျေးဇူးတင်၍ မဆုံးတော့ပါ။

မှန်ပါသည်။ ယနေ့ ကျွန်မ 'ခင်နှင်းယု' ဆိုသော ကလောင်တစ်ချောင်း။ ပိုင်ဆိုင်ခဲ့သည်မှာ ဆရာကြီး၏စာပေက အခြေခံခဲ့ပါသည်။

ဆရာကြီးသည် ကျွန်မ၏ အဝေးရောက်ဆရာ၊ ကျွန်မက ဆရာကြီး၏ အဝေးရောက်တပည့်ဆိုလျှင် မမှားပါ။ ကျွန်မ၏ ကံကြမ္မာကြောင့်၊ တက္ကသိုလ်သို့ မက်ထရစ်အောင်ပြီးမနေရခဲ့။ ဆယ်နှစ်ကြာ အလုပ်လုပ်ပြီးမှ၊ တက္ကသိုလ်ဝိဇ္ဇာတန်း တက်ရလေတော့ ဆရာကြီး၏တပည့် မဖြစ်ဖူးခဲ့ပါ။ ပညာရေးမှာတော့ ကျွန်မသည် နိုမျက်တပည့်တစ်ယောက်၊ ပညာရည်နို့ကိုဝအောင် သောက်စို့ခွင့် မကြုံခဲ့သူတစ်ယောက်ဆိုလျှင် ပို၍မှန်မည်။ ယခုအချိန်ထိ ပညာရည်နို့ သောက်စို့ဖို့ဆိုလျှင်၊ အငမ်းမရ ငတ်မွတ်စွာ ရှာဖွေသောက်စို့နေရသူဖြစ်သည်။

ကျွန်မ ရေးဖူးသည့်အတိုင်း ကျွန်မ ငယ်ငယ်က၊ ဝါးခယ်မ ဆရာကြီးဦးဘိုးတင် မြန်မာစာသင်ကျောင်းမှာ ၇ တန်းထိနေခဲ့ရသည်။ ၄ တန်းမှာ၊ ခြသေ့်တံဆိပ်နှင့် ဆရာကြီးဦးဖေမောင်တင် ဖတ်စာကို၊ သင်ကြားခဲ့ရသည်။ ဆရာကြီး ရွေးချယ်တင်ပြထားသော 'ငလက်မ'၊ 'ထီးစုတ်ကြီး'၊ 'အကျည်းတန်သော ဘဲကလေး' စသော ပုံပြင်များကို၊ အထူးကြိုက်နှစ်သက်သည်။

ကိုယ့်ဘဝနှင့်တူသောဇာတ်လမ်းများကို ကြိုက်နှစ်သက်သည်မှာ လူ့ဓမ္မတာအတိုင်း၊ ကျွန်မက ညီအစ်မတွေထဲမှာ အကျည်းတန်သူမို့ 'အကျည်းတန်သော ဘဲကလေး' ပုံပြင်ကို သင်ကြားရသောအခါ အထူးကြိုက်နှစ်သက်သည်။ ထိုစဉ်က တည်းက နတ်သမီးပုံပြင်များကို နှစ်သက်စွဲလမ်းရုံမက စာဖတ်ဝါသနာပါသည့် စာရေးချင်စိတ် သန္ဓေတည်ခဲ့သည်ဆိုလျှင် မမှားပါ။ ဘဲကလေးလိုပဲ စိတ်ဓာတ်ကျစရာတွေ့လျှင် နေစရာမရှိ၊ စိတ်ဓာတ်ကျခဲ့ရပုံတွေ၊ သူများအိမ်မှီခိုနေသော ကြက်တွေ ကြောင်တွေက အထင်သေးစွာဝိုင်းနှိမ်သည်ကို၊ ဘဲကလေး ခံစားရသည်များကိုဖတ်ရင်း၊ ကျွန်မကြေကွဲဝမ်းနည်းခဲ့ရပါသည်။

နောက်၊ အင်္ဂလိပ်စာတတ်၍၊ ပုံပြင်များ ဖတ်တတ်လာတော့မှ၊ အင်ဒါဆင်း၏ပုံပြင်မှန်း ကျွန်မ သိရသည်။ 'ရင်ထဲက ခံစားမှုကို စာရေးချင်စိတ်ဖြစ်လာအောင် အခြေချပေးခဲ့တာ ဆရာကြီးရဲ့ ဖတ်စာထဲက အကျည်းတန်သော ဘဲကလေးပုံပြင်ပါဟု၊ ဆရာကြီးကို ကျွန်မပါးစပ်မှ ဖွင့်ဟမပြောလိုက်ရ၊ ဝတ်စုံနှင့် ကန်တော့သောနေ့က ရင်ထဲမှပြောမိပါသည်။ မြန်မာလို ဆယ်တန်းရောက်တော့လည်း။ ဆရာကြီးဦးဖေမောင်တင်၏ 'မြန်မာစာပေသမိုင်း' စာအုပ်က၊ ကျွန်မ၏ မြန်မာစာကို အရည်အသွေးတောက်ပအောင် မွမ်းမံပေးခဲ့ပါသည်။

ဆရာကြီးထံမှ ကျွန်မရခဲ့သောမုန့်လေးကတော့မုန့်တစ်ချပ်ပါပဲ။ ဒါပေမဲ့၊ ကျွန်မ တစ်သက်လုံး စားမကုန်သော မုန့်တစ်ချပ်ဖြစ်ခဲ့ပါသည်။ တန်ဖိုးမဖြတ်နိုင်သောမုန့်တစ်ချပ်ပါပဲ။ ယခုလည်း၊ ကျွန်မ၏ အဝေးရောက် ဆရာတစ်ဦးကို ဖော်ပြပါဆိုလျှင်၊ ဆရာကြီး ပါမောက္ခ ဒေါက်တာသန်းထွန်းကို ဖော်ပြရပါမည်။ ကျွန်မစောစောက ရေးခဲ့သလိုပင်၊ တက္ကသိုလ်ကို ခြေချခွင့်မကြုံ၍ ဆရာ၏အန္တေဝါသိကတပည့် မဖြစ်ခဲ့ပါ။

ဒါပေမဲ့၊ ကျွန်မက သမိုင်းဘာသာရပ်ကို ဝါသနာပါသူပီပီ၊ ဥပစာတန်းကို အပြင်မှ ဖြေဆိုရကတည်းက၊ သမိုင်းဘာသာရပ်ကို ယူခဲ့သူမို့ ဆရာကြီး ဒေါက်တာသန်းထွန်း၏ သမိုင်းစာအုပ်များကို ဖတ်ရှုလေ့လာခဲ့ပါသည်။ ကျွန်မကို အထောက်အကူအများကြီး ပေးခဲ့ပါသည်။ ဆရာ့ကို မမြင်ဖူးသော်လည်း ကျွန်မရင်ထဲမှာ အဝေးရောက်တပည့်အဖြစ်၊ ခံယူခဲ့ပါသည်။

ကိုယ့်ကံကြမ္မာနှင့်ကိုယ် နို့မျက်တပည့် ဖြစ်ခဲ့ရသော်လည်း ကြုံလိုလိုနှင့်ပင် အဝေးမှဆရာကြီး၏ စာအုပ်ကိုဖတ်ရှု၍၊ ကျွန်မ တပည့်ခံခဲ့သည်ကို ဆရာကြီးသိမည်မဟုတ်ပါ။ ကျွန်မ ဝိဇ္ဇာတန်း တက်နိုင်ချိန်ရောက်တော့၊ ဆရာကြီးက မန္တလေး တက္ကသိုလ်သို့ ပြောင်းရွှေ့သွား၍ ဆရာကြီးနှင့်ကျွန်မ မဆုံခဲ့ပါ။ ဝိဇ္ဇာတန်းမှာလည်း၊ ကျွန်မက အရှေ့တိုင်းနှင့် ခေတ်သစ်အနောက်တိုင်း သမိုင်းနှစ်ခုတွဲကို၊ ယူလာခဲ့သူဖြစ်သည်။

ကျွန်မရေးသော 'မျှော်လင့်လို့ဖြင့် မဆုံးနိုင်ပါ' ဆိုသော ဝတ္ထုကိုရေးစဉ်က၊ ကျွန်မ တက္ကသိုလ်သို့မရောက်သေး၊ ဥပစာတန်းကို အလွတ်ဖြေဆိုနေရစဉ် ရေးရသောဝတ္ထုဖြစ်သည်။ ပုဂံမြို့မှ ဘုရားကျွန်ကြီးကိုကြာယုံကိုအခြေခံ၍ ရေးသောဝတ္ထုဖြစ်သည်။ ထိုဝတ္ထုမှာ 'ရှုမဝ' မဂ္ဂဇင်းမှာပါသော ဝတ္ထုရှည်ဖြစ်ပါသည်။

ထုတ်ဝေသူတစ်ယောက်က ထိုဝတ္ထုကို လုံးချင်းထုတ်ချင်သောကြောင့်၊ ကျွန်မကို ထုတ်ဝေခွင့်တောင်းပါသည်။ ဝတ္ထုမှာ လုံးချင်းအဖြစ် ပါးလွန်းနေ၍ ကျွန်မသည် နောက်ဆက်တွဲ စာတမ်းတစ်ခု ရေးပေးပါသည်။ ထိုစာတမ်းမှာ ပုဂံဘုရားကျွန်တို့၏ နောက်ခံသမိုင်းနှင့်၊ လွတ်လပ်ရေးရပြီး သမ္မတကြီး စပ်ရွှေသိုက် လွတ်လပ်ရေးကြေညာစာတမ်းကို ထည့်၍ရေးခဲ့ပါသည်။

ထိုစာတမ်းထဲမှာ ဘုရားကျွန်တို့နှင့်၊ အနောက်ဥရောပ ငွေဝယ်ကျွန်တို့ကွာခြားပုံမှအစ၊ ဘုရင် မိဖုရားတို့နှင့် အထက်တန်းလွှာ မြေရှင်မှူးမတ်တို့ ဘုရားကျွန်တို့အပေါ် ထားရှိသော သဘောထား အတော်လေးစုံစုံလင်လင် ဖော်ပြခဲ့ပါသည်။ အဘိနန္ဒသူကျောက်စာပါအရ စစ်သူကြီး အဘိနန္ဒသူသည်၊ မိမိကိုယ်နှင့်တကွ သားမယားကို ဘုရားကျွန်အဖြစ်လှူပုံ၊ တန်ဖိုးဖြတ် ရွေးနှုတ်ပုံတို့ကို ဖော်ပြခဲ့ပါသည်။ စစ်သူကြီးကိုယ်တိုင်က မိမိကိုယ်ကို ဘုရားကျွန်အဖြစ်လှူဒါန်းသည်ကို ထောက်သော်၊ ထိုခေတ်က ဘုရားကျွန်ကို နိမ့်ကျသည်ဟုမယူဆကြောင်း သာဓကပြခဲ့ပါသည်။

ယခုခေတ် ဝိဇ္ဇာတန်း(ဘီအေ) နောက်ဆုံးနှစ်မှာ စာတမ်းငယ်တင်ရသည်။ ထိုစာတမ်းငယ်ထက်ပင် ကျွန်မလေ့လာတင်ပြချက်က ရှည်မည်ထင်ပါသည်။

ပုဂံဘုရားကျွန်အကြောင်းရေးစဉ်က ကျွန်မကျောင်းနေဖက်သူငယ်ချင်း မခင်ရီက၊ ဆရာကြီး ဒေါက်တာ သန်းထွန်း စာအုပ်များရှာဖွေပေးခဲ့၍ ကျွန်မ ထုတ်နှုတ်တင်ပြရုံမက အကိုးအကားလည်းပြုခဲ့ပါသည်။ ထိုစာတမ်းကို ရေးဖြစ်ခဲ့သည်မှာ ဆရာကြီးကျေးဇူးကြောင့်ဆိုလျှင် မမှားပါ။ သို့သော်၊ ဆရာ–တပည့် မဆုံစည်းခဲ့ပါ။

၁၉၉၅ ခုနှစ်လောက်က၊ ကျွန်မခေါင်းထဲမှာ စာတစ်အုပ်ရေးဖို့ စိတ်ကူးရရှိခဲ့ပါသည်။ သမိုင်းနောက်ခံအကြောင်းဖြစ်သည်။ အရှေ့တောင်အာရှမှာ မြန်မာနှင့် ထိုင်းတို့၊ နယ်ချဲ့သမားများဖြစ်သော အင်္ဂလိပ်နှင့် ပြင်သစ်တို့ ကိုလိုနီနယ်ချဲ့မှုကို ရင်ဆိုင်ဖြစ်ခဲ့သည့် အဖြစ်ချင်းအတူတူ၊ မြန်မာတို့က လွတ်လပ်ရေးဆုံးရှုံးခဲ့၍၊ ထိုင်းတို့က မဆုံးရှုံးခဲ့ပါ။ ထိုဖြစ်ရပ်တွင် မြန်မာဘုရင်တို့ဘက်က ဘာတွေမှားခဲ့သလဲ၊ ဘာတွေချတ်ယွင်းခဲ့သလဲ၊ ထိုင်းဘုရင်တို့က နယ်ချဲ့သမားများကို မည်ကဲ့သို့ရင်ဆိုင်ခဲ့ပါသလဲ၊ သူတို့လွတ်လပ်ရေးကိုမဆုံးရှုံးအောင် ဘယ်လိုထိန်းသိမ်းခဲ့ပါသလဲဆိုသည်ကို၊ ကျွန်မလေ့လာ၍ စာတစ်အုပ်ပြုစုချင်ပါသည်။ (ထိုအကြောင်း 'မိုးဂျာနယ်' တွင်၊ 'ဘာတွေမှားခဲ့သလဲ' ခေါင်းစဉ်ဖြင့် ဆောင်းပါးအတိုချုပ်ရေးခဲ့ပါသည်။)

သက်ဆိုင်ရာ သမိုင်းစာအုပ်တွေဖတ်၊ ပညာရှင်တချို့နှင့် တွေ့ဆုံဆွေးနွေးရင်း၊ ဆရာကြီး ဒေါက်တာသန်းထွန်းကို သတိရလာပါသည်။ သို့သော် ဆရာကြီးနှင့်ကျွန်မ အလှမ်းဝေးလှပါသည်။

တစ်နေ့၊ 'ကလျာမဂ္ဂဇင်း' အယ်ဒီတာချုပ်ဒေါ်ခင်ဝင်းနှင့် စကားစပ်မိ၍၊ ကျွန်မကို ဒေါ်ခင်ဝင်းက ဆရာကြီးထံ ခေါ်သွားပါသည်။ ကျွန်မရင်ထဲမှာ အားတက်သရောရှိလှပါသည်။ ဖြစ်နိုင်ပါလျှင် 'အမ်အေ'ဘွဲ့ယူစာတမ်းတင်သလို၊ ဆရာကြီးက ကျွန်မကိုလမ်းညွှန်ပေး၊ ကျွန်မက စာအုပ်တွေကို ရှာဖွေဖတ်ရှုလေ့လာမည်ဟု၊ စိတ်ကူးထားပါသည်။

ဆရာကြီးက ကျွန်မကို၊ အိမ်မှာလက်ခံတွေ့ဆုံပါသည်။ ဆရာကြီးစကားပြောပုံမှာ အေးဆေးလှ၍ မပွင့်တပွင့်ပြောပါသည်။ ကျွန်မကလည်းကျွန်မဆန္ဒကိုပြောပြပါသည် ဆရာကြီးမျက်နှာကို ကျွန်မကြည့်ရင်း၊ ဆရာကြီးစိတ်ကို မဖတ်တတ်ပါ။ (သူပြုစုခဲ့သောRoyal Orders အမိန့်တော်ပြန်တမ်းများကို ဖတ်ရှုဖို့ပြောပါသည်။ တက္ကသိုလ်စာကြည့်တိုက်မှာပဲရှိသည်ဟု ပြောလိုက်ပါသည်။ ပြီးတော့မင်းတုန်းဘုရင်နှင့် ဗြိတိသျှအစိုးရတို့ဆက်ဆံရေးကို အနည်းငယ်ပြောပြသည်။)

ကျွန်မရင်ထဲ တစ်မျိုးကြီးပဲ၊ ကျွန်မ မျှော်လင့်သလို ဆရာကြီးက လိုက်လိုက်လဲလဲရှိပုံမရ၍၊ ကျွန်မပြန်လာခဲ့သည်။

နောက်နေ့တွေမှာ တက္ကသိုလ်စာကြည့်တိုက်သို့သွား၍၊ ဆရာကြီး၏စာတမ်းများကို အင်္ဂလိပ်လိုရောမြန်မာလိုပါရှာဖွေဖတ်ရှုခဲ့ရသည်။ ဘတ်စ်ကားမစီးနိုင်၍ နေ့တိုင်းလို အသိတစ်ယောက်ကား ခတ်ဆီထည့်၍ သွားဖတ်ရသည်။

ဆရာ လင်းယုန်မောင်မောင်က၊ ကျွန်မ စာကြည့်တိုက် နေ့တိုင်းသွားနေသည်ကိုသိ၍၊ မေးပါသည်။ ကျွန်မက အကျိုးအကြောင်းပြောပြပါသည်။ သူကဆရာကြီး၏ 'နယ်လှည့်ရာဇဝင်' အတွဲ(၁)၊ (၂)နှင့်(၃) ကိုဖတ်ရန်ပြောပါသည်။ ကျွန်မ အတွဲ(၁)ကို ရှာမရ၍၊ စာအုပ်ထုတ်ဝေသူတိုက်ကို ဖုန်းဆက်ကြည့်ပါသည်။

စုံထောက်ဝတ္ထုဆန်ဆန်ပါပဲ၊ စာအုပ်မှာပါသော ဖုန်းနံပါတ်အတိုင်း ဆက်လိုက်ပါသည်။

"ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ စာအုပ်များကို

လူကြီးမင်းတို့တိုက်မှ ထုတ်ပါသလား။" ဆိုတော့

"ဟုတ်ပါတယ်" ဟုဖြေပါသည်။ ကျွန်မက ထုတ်ဝေသူ၏ စာပေတိုက်လိပ်စာကိုမေး၍၊ လူတစ်ယောက်ကို အဝယ်လွှတ်လိုက်ပါသည်။ ထိုလူပြန်လာတော့ ကျွန်မ ပေးလိုက်သောလိပ်စာမှာ၊ စာပေတိုက်လည်းမဟုတ်၊ ကျွန်မဖုန်းနှင့်ပြောသည်ကိုလည်း ဘာမျှမသိဟုဆိုပါသည်။ တစ်ခုခုတော့ မှားနေပါလိမ့်မည်။ မကြာခင် ဆရာလင်းယုန်မောင်မောင်က–

"မစု၊ ဒေါက်တာသန်းထွန်း စာတမ်းတွေ စာကြည့်တိုက်သွားဖတ်နေရတယ်၊ 'နယ်လှည့်ရာဇဝင်' အတွဲ(၁)၊ (၂)နဲ့ (၃) လည်း၊ ရှာမရဘူးပြောလိုက်လို့၊ သူပေးမယ်တဲ့။ သွားယူပေတော့" တဲ့။

ကျွန်မမှာ အဝင်းနှင့်အတူ ထိုစာအုပ်သုံးအုပ်ကို သွားယူတော့လည်း ဆရာကြီးက ရှော့ရှော့ရှူရှူပေးလိုက်ပါသည်။ ကျွန်မ ဝမ်းသာအားရဖတ်ရှုရပြီး ကျွန်မရေးသောစာအုပ်မှာ အတော်အထောက်အကူရမည့်စာအုပ်မှန်း ကျွန်မသိပါသည်။

၁၉၉၄ ခုနှစ်၊ မမမှာ မွေးနေ့ပွဲကျင်းပသည့် အမရပူရတောင်လေးလုံးကျောင်းတိုက်သို့ ရန်ကုန်မှသွားမည်ပြင်တော့၊ ကလျာခင်ခင်ဝင်းက ပြောပါသည်။ "ဆရာကြီး ဒေါက်တာသန်းထွန်း၊ ကျွန်မတို့နှင့်အတူလိုက်မည်"တဲ့။ ကျွန်မဝမ်းသာလိုက်သည်ဖြစ်ခြင်း။ ကျွန်မ သိလိုတာတွေ လမ်းမှာစကားပြောရင်း၊ မေးသွားမည်ပေါ့။

ရထားပေါ်ရောက်တော့ အဝင်းက၊ သူ့ကလေးမအဖော်နှင့် နှစ်ယောက်တွဲလျက်ထိုင်၍၊ ကျွန်မနှင့်ဆရာကြီးက သူတို့နောက် နှစ်ယောက်ထိုင်ခုံမှာ ထိုင်ရသည်။ တစ်လမ်းလုံး ဆရာကြီးက စာဖတ်လိုက် စာရေးလိုက်နှင့် စကားတစ်လုံးမျှမပြောပါ။ ကျွန်မကလည်းအခြေအနေကြည့်၍စကားမရဲ၊ သန်းခေါင်နီးတော့ ကျွန်မအိပ်ချင်လာပြီ။ စိတ်ထဲမှာလည်း 'ဆရာကြီးက တေမိ လုပ်နေမှတော့၊ ငါကလည်း သီလဝ လုပ်တော့မယ်' ဆုံးဖြတ်လိုက်ကာ၊ အိပ်လိုက်ပါသည်။ နောက်နေ့နံနက်တွင် မန္တလေးရောက်သည်အထိ ဆရာကြီးနှင့်ကျွန်မတို့သည် 'တေမိနှင့်သီလဝ' ဇာတ်လမ်းခင်းသွားသည်မှာ အဆုံးမသတ်တော့ပါ။

ရန်ကုန်ပြန်ရောက်တော့ ကျွန်မက၊ ကလျာအဝင်းကို ဆရာကြီးအကြောင်းပြောပြလိုက်သည်။ တစ်နေ့တော့ ကလျာက ပြောပြသည်။

"အဝင်း၊ ဆရာကြီးနဲ့တွေ့တယ်။ 'ဆရာ မန္တလေးသွားတုန်းက ရထားပေါ်မှာ တစ်လမ်းလုံး စကားတစ်လုံးမျှ မပြောဘူးဆို' လို့မေးတော့၊ 'သူ့ကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ မပြောတာပါ'လို့ပြောတယ်"။

ကျွန်မက ဘာမျှမပြောတော့ပါ။ ကျွန်မကံကြမ္မာပါပဲ။ ဆရာကြီး၏ အဖိုးတန်သောအချိန်များကို၊ အနှောင့်အယှက်ဖြစ်မှာစိုး၍ ဆရာကြီးအိမ်သို့ မသွားတော့ပါ။ ရင်ထဲမှာတော့ အဝေးရောက်ဆရာအဖြစ် လေးစားမြဲပါပဲ။

၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်၊ ကျွန်မ မွေးနေ့ပွဲကို ဆရာကြီးတို့ဇနီးမောင်နှံ တက်ရောက်လာပါသည်။ ကျွန်မ၏ လက်ကမ်းစာစောင်မှာပါသော 'မွေးဖွားခြင်းနှင့် သေဆုံးခြင်း' ကဗျာကို၊ ဆရာကြီးက အင်္ဂလိပ်လိုဘာသာပြန်၍ နောက်နေ့မှာ ကျွန်မထံ ပို့လိုက်ပါသည်။

ကျွန်မကဗျာ မြန်မာလိုက–

ငွေရတုလျှင်
ရွက်နုစိမ်းစို
ပုလဲလိုမိုးပန်း
ယုယနမ်းမွေ့
မိုးတစ်နေ့။
သည်တစ်နေ့မှာ ကျွန်မကို မွေးဖွားခြင်းခံရ
ဖွားဘက်တော် ကံကြမ္မာနှင့် ပစ္စုပ္ပန်မှာကြုံးစား
ဖြတ်လွှားတဲ့ ကန္တာရ၊ မာလိုက်တဲ့ မြေဝသုန်
စေးပျစ် ဆူးချုံ၊ သားရဲပေါ်တဲ့ တောရဂုံ
ဒီတောကိုဖြတ်၊ မတ်စောက်တဲ့တောင်ကို တက်
ကမ်းပါးပြတ် ချောက်ထက်မှာ လျှောက်ခဲ့သည့် ခရီးစဉ်
အောင်မြင်သောနေ့ မှိုင်တိုင်ပေါင်း ခုနှစ်ဆယ်
ပြည့်ခဲ့ပြီပေါ့။
သည်တစ်နေ့မှာပဲ သက်နံ့ချစ်သူ၊ မဟူရာလမ်းကို
လှမ်းသောနေ့
တောင်အတက်မှာ၊ လှည်းစီးကုံးပြတ်
တလှပ်လှပ်ရင်ထိတ်၊ ညောင်ညိုရိပ် တစ်နေရာက
လာခဲ့သည့်လမ်း၊ မျှော်မှန်းကြည့်တော့
ကြောက်ခမန်းလိလိပါပဲ။
ဩော်...ပြည့်ခဲ့ပြီ နှစ်ဆယ့်ငါး၊ သိစိတ်နှင့်ယှဉ်၊
တရားအပြင်နှင့်
အောင်မြင်စွာခွဲခွာခြင်း၊ အားတင်း၍ ဆိုသော်လည်း
မသိစိတ်ဝေဒနာ နှလုံးသားတစ်နေရာတွင်

မှတ်သုန်မိုး ဆင်ခဲ့ပေါ့။

အထက်ပါကဗျာကို ဆရာကြီးက အင်္ဂလိပ်လိုပြန်ဆို၍ ကျွန်မထံ ပို့လိုက်ပါသည်။ ဆရာကြီး၏ အင်္ဂလိပ်ဘာသာပြန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**On Birth and Death**

Twenty five years ago,
Leaves were tender, greenish brown in colour,
It rained like pearls being thrown asunder-
I had no alternative but to embrace the occasion with
grace:
On this rainy day of woe.
Coincidence! I was born this date;
Call it destiny for which I blazed the trail
Across the desert, tunnelling the hard earth
And passing a forest of thorny undergrowth teeming
with carnivora.
Went through such obstacles only to climb a steep hill
And meet a canyon impassable but walk along its edge.
I did score, however, milestones of
Three score and ten.
On this day my beloved walked the way of gloom
As if the binding cord of shaft and yoke snapped during
an uphill track.
How terrible was the fate! Now I have had a shade to
sit and ponder.
How perilous my journey was?
Well! Aafter a quarter century of consciousness in causa-
tion and cessation.
We triumphed by seperation like 'defeat into victory'.
Though it hurts somewhere in the heart
Like a monsoon storm that had done much havoc once.

May all beings be happy,
Khin Hnin Yu
7 September 1995

On 7 September she was born seventy years ago and
her husband was buried twenty five years ago.

Translation by Than Tun
7 September 1995

ဆရာကြီး၏ အင်္ဂလိပ်ဘာသာပြန်ကဗျာကိုဖတ်ပြီး၊ ကြည်နူးခြင်း ဝမ်းနည်းခြင်းတွေ တစ်ပြိုင်နက်ခံစားရသည်။ ဒီလိုတော့လည်း နို့မျက် အဝေးရောက် တပည့်တစ်ယောက်အပေါ် ဆရာကြီး အသိအမှတ်ပြုပေသားပဲဟု စိတ်ကို ဖြေသိမ့်ရသည်။

နောက်ဆို၊ ကျွန်မသိလို ဆွေးနွေးလိုသော အကြောင်းအရာများအတွက်၊ ဆရာကြီးကို ကျွန်မ ဘယ်လိုချဉ်းကပ်ရမလဲ ဆိုသည်ကိုတော့၊ တွေးနေရဆဲပါပဲ။ အမြင်နီးပေမယ့် ခရီးကဝေးပါသည်။

ပြဿနာတစ်ခုခုဖြစ်တိုင်း၊ ကျွန်မ ခံယူချက်က 'ငါ့ဘက်က ဘာမှားခဲ့သလဲ'ဟု ပြန်လည်စီစစ်ခြင်းပင်ဖြစ်သည်။ ယခုလည်း ကျွန်မ တစ်ခုခု မှားနေသည်ထင်သည်။

ကျွန်မတို့ငယ်ငယ်က ဝါးမယ်မမှာ ကြားဖူးပါသည်။ နို့မျက်ကလေးမှာ ကြုလိုဝမ်းပျက်တတ်၍၊ ဝမ်းလုံအောင် အားရှိအောင် ငှက်ပျောသီးမီးဖုတ်ကို အမေကကျွေးသည်ကို တွေ့ရပါသည်။

ယခုလည်း၊ ကျွန်မ အကျိုးပေးက၊ ပညာရည်နို့ကို ဝအောင် သောက်စို့ခွင့်မကြုံလေတော့၊ အဝေးကပဲ ကျွန်မ လေးစားသော ဆရာကြီး၏ စာပေများတည်းဟူသော 'ငှက်ပျောသီးမီးဖုတ်'ကို စားရင်းနှင့်ပင်၊ ကျေနပ်ရမည်ထင်ပါရဲ့။ ။

ချမ်းမြေ့ရွှင်လန်းပါစေ။

**ခင်နှင်းယု**

**(ဒေါက်တာ သန်းထွန်း၊ ၇၅ နှစ်ပြည့်အထိမ်းအမှတ်
ဝမ်းမြောက်ဝမ်းသာစာတမ်းများမှ
ထပ်ဆင့်ဖော်ပြပါသည်။)**

# ဆရာတော် ဦးဗုမ်၊ နန်းမတော်မယ်နုနှင့် မင်းသားကြီးကျော်ဟိန်း အကြွေးကို ပုံဖော်ကြသူများ

ခင်မြဆွေညို



ထေရဝါဒဗုဒ္ဓသာသနာတော်တွင် ဗုမ်သုံးဗုမ် ပေါ်ထွန်းခဲ့သည်ဟု ဆိုစမှတ်ရှိသည်။ ပထမဗုမ်သည်ကား ဗုဒ္ဓမြတ်စွာဖြစ်ပြီး၊ ဒုတိယဗုမ်မှာ ရှင်မဟာဗုဒ္ဓဃောသဖြစ်ကာ၊တတိယဗုမ်မှာ ဆရာတော် ညောင်ကန်ဦးဗုမ်ဖြစ်ပါသည်။ ဆရာတော်ဦးဗုမ်သည် ခံရာခံဆစ် နိဿယကျမ်းပေါင်း (၆၀)ကျော်ကို ရေးသားပြုစုခဲ့သော သာသနာ့အာဇာနည် အရှင်သူမြတ်ဖြစ်သည်။ ကုန်းဘောင်ခေတ်ဘကြီးတော် မင်းတရားလက်ထက်တွင် ပေါ်ထွန်းခဲ့သည်။

ဘကြီးတော်မင်းတရားသည် ဆရာတော်ဦးဗုမ်ကိုအလွန်တရာကြည်ညိုရကား တစ်နေ့တွင် ဆရာတော်ဦးဗုမ်ကို ဖူးတွေ့ရန် ကျောင်းတော်သို့သွား၏။ မင်းတရားရှေ့ပြေးများသည် ကျောင်းတော်သို့ အလျင်သွားနှင့်ကြပြီး ဆရာတော် ဦးဗုမ်အား မင်းတရားကြီးလာနေပါပြီ။ ဆရာတော်ကို ဖူးမြော်ရန်အတွက် ဟုလျှောက်၏။ " နင်တို့ရှင်ဘုရင်လာတာ ငါက အာဂန္တုက

ဝတ်ပြုရဦးမှာလား" ဟု ပြတ်ပြတ်ပင် မိန့်ကြားကာ တံမြက်ကို လှဲနေပေ၏။ မင်းတရားကားဆရာတော် ဦးဖုစ်ကို ခပ်ဝေးဝေး သင့်တော်သောနေရာမှ ဦးချ၍ ပြန်ခဲ့ရသည်။

လယ်တီဆရာတော်ကြီးသည် ညောင်ကန်ရွာသို့ ရောက်သောအခါ ပထမဦးဆုံး ဆရာတော် ဦးဖုစ်နေထိုင်သီတင်းသုံးသွားသည့် ကျောင်းတိုက်သို့ကြွ၏။ ကျောင်းကြီးအားသုံးပတ်လှည့်၍ကြည့်ရှုကာ ဆရာတော်ဦးဖုစ် နေထိုင်သွားသည့်နေရာကို လက်အုပ်ချီမိုးရှိခိုးပြီး "ဆရာတော်ဦးဖုစ်၏ကျေးဇူးတော်ကြောင့် ယခုလို တတ်သိလိမ္မာရပါပေတယ်"ဟူ၍ မိန့်ကြားခဲ့သည်။

တစ်နေ့တွင် မိခင် ဒေါ်မွေးသည် အတော်ပင်ကြာသည်အထိ သားတော်ကိုကြည့်ပြီး ကြည်ညိုနေငြားလည်း သားတော်သည် သူ့ကို နှုတ်မဆက်ဘဲ စာကြည့်မြဲ ဆက်ကြည့်နေရကား မိခင်သည်ဝမ်းနည်း၍ တရှုပ်ရှုပ်ငိုကြွေးလေတော့၏။ ဆရာတော်ဦးဖုစ်သည် မယ်တော်ငိုကြွေးသည်ကိုကြားသဖြင့်မော်ကြည့်ပြီး "ခင်ဗျားကြီးက သည်မှာလာပြီး ဘာပြုလို့ ငိုနေရတာလဲ"ဟု မေး၏။ မယ်တော် ဒေါ်မွေးသည် "တပည့်တော်မမှာ အရှင်ဘုရားကိုဖူးမြော်ချင်လို့ အဆင်းရဲအပင်ပန်းခံကာနေပြည်တော်သို့ လိုက်လာပြီး ခြေတော်ရင်း၌ ရှိခိုးဦးချ၍ စောင့်နေသော်လည်း အရှင်ဘုရားက နှုတ်မဆက်လို့ ဝမ်းနည်းလှ၍ ငိုပါတယ်"ဟု လျှောက်ထားသည်။

"ဒကာမကြီး သည်လိုငိုခဲ့ရတဲ့ဘဝတွေ မရေတွက်နိုင်တော့ဘူး"ဟု မိန့်ကြားပြီး ကျောင်းပေါ်သို့ ပြန်ကြွသွားသည်။

ဆရာတော် ဦးဖုစ်သည် ဘကြီးတော် မင်းတရားကြီး၏ မင်းဆရာတော်အဖြစ် အင်းဝနေပြည်တော် အုတ်ကျောင်းကြီး၌ ကျောင်းထိုင်တော်မူသည့် အရွယ်တွင် (၄၃)နှစ်မျှသာရှိသေးသည်။ စာပေကျမ်းဂန် တစ်ဖက်ကမ်းခတ် တတ်ကျွမ်းရုံမျှမက နှုတ်စကားအလွန်နည်းပြီး ပြောလျှင်လည်း စကားတဲ့တိုးပြောတတ်သော ဆရာတော်ဦးဖုစ်သည် တည်ကြည်မှု (သမာဓိ) အရာ၌ အခြားသော ဆရာတော်ကြီးများနှင့် အခြားအသက်အရွယ်နှင့်မလိုက်အောင် တည်ကြည်သူဖြစ်ခဲ့သည်။

နန်းမတော်မယ်နုသည် မင်းမျိုးမင်းနွယ် မဟုတ်ပေမယ့်လည်း မိဖုရားခေါင်ကြီးဖြစ်ခဲ့သည်။ နန်းတွင်းမှာ တန်ခိုးဩဇာကြီးမားခဲ့သည်။ သူ့ရဲ့ပြိုင်ဘက်က ဘကြီးတော်လို့ခေါ်တဲ့ စစ်ကိုင်းမင်းရဲ့ညီတော် သာယာဝတီမင်းဖြစ်သည်။ အာဏာတွေ လွှန်ဆွဲရင်း သာယာဝတီမင်းကအသာစီးရသွားကာ ထီးနန်းကို စိုးစံနိုင်ခဲ့ပါသည်။ နန်းမတော်မယ်နုကို ကွပ်မျက်ဖို့ စီရင်ဆုံးဖြတ်ခဲ့သည်။

နန်းမတော်မယ်နုက အကွပ်မျက်မခံရခင်မှာ သူကျောင်းဆောက်ပြီးလှူဒါန်းခဲ့တဲ့ ဆရာတော်ဦးဖုစ်ကို ဝင်ရောက်ဖူးမြော်ခဲ့သည်။ ဆရာတော် ဦးဖုစ်ကလည်း သာမန်အချိန်တွေမှာ စကားကို ဟုတ်တိပတ်တိ ပြောတတ်သူမဟုတ်ပေ။ ရှင်ဘုရင်နဲ့ မိဖုရားဆိုပြီး အရေးတယူလုပ်ဆက်ဆံတဲ့ ဆရာတော်လည်းမဟုတ်ပေ။ နန်းမတော်မယ်နုရဲ့ နောက်ဆုံးအချိန်မှာတော့ " မယ်နု၊ သူ့အကြွေးရှိရင် ဆပ်ရမယ် " ဟု မိန့်ကြားခဲ့တာဖြစ်သည်။ နန်းမတော်မယ်နုလည်း စကားကို ဟုတ်တိပတ်တိမပြောတဲ့ သူ့ရဲ့ ဆရာတော်ဆီက အဲ့ဒီစကားကို ကြားရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့တယ်လို့ ဆိုပါသည်။

အကြွေးနဲ့ပတ်သက်ပြီး ကျွန်တော်အမှတ်ရမိတာတွေ အများကြီးရှိခဲ့ပါသည်။ တင်ပြခွင့်ပြုစေလိုပါသည်။ အဲဒီအထဲမှာ ကျော်ဟိန်း၊ ကျော်သူ၊ ခင်မာဦးတို့ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ "အကြွေး" ဆိုတဲ့ ဗီဒီယိုဇာတ်ကားလည်း ဖြစ်ပါသည်။ အဲဒီဇာတ်ကားထဲက ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်း ပြောခဲ့တဲ့ "သေနတ်ပစ်တယ်ဆိုတာ ဒီလက်ညှိုးလေး ကွေးတတ်ရတယ်။ အဲ့ဒီလက်ညှိုးကွေးတတ်အောင် (၁၀) နှစ်သွားသင် ဒီကိုလာခဲ့" ဆိုတဲ့ စကားကလည်း ပရိသတ်တို့ရင်ထဲ အခိုင်အမာနေရာယူခဲ့ပါသည်။

အကြွေးနဲ့ပတ်သက်ရင် ဘယ်လိုသဘောထားသင့်သလဲ ဆိုတာကို တရုတ်လုပ်ငန်းရှင်ကြီးဂျက်မားက ယခုလိုပြောပါသည်။ "အကြွေးတင်ရင် အသက်နဲ့ရင်းပြီးပြန်ဆပ်ရမယ်။ ပြန်မဆပ်နိုင်သေးရင်ဖုန်းဆက်ပြီးပြော၊ အကြွေးဆပ်ရမှာ မမေ့သေးဘူးဆိုတာကို သိနေစေချင်ပါတယ်။"

ဂျက်မား"အကြွေးမပေးသင့်သူ(၁၀)ဦးရှိတယ်လို့ပြောကြားဖူးသည်။ အဲဒီလူတွေကတော့-

(၁) မေ့တတ်သူတွေ
(၂) မေ့ချင်ယောင်ဆောင်သူတွေ
(၃) တောင်းမှ ပေးတတ်သူတွေ
(၄) တောင်းရင် စိတ်ဆိုးတတ်သူတွေ
(၅) လူကြုံမှာရင် စိတ်ဆိုးတတ်သူ
(၆) အကြွေးတောင်းရင် စိတ်ဆိုးတတ်သူတွေ
(၇) အကြွေးကို ရက်၊ လ၊ ကြာရှည်စွာထားတတ်သူတွေ
(၈) ငြင်းတတ်သူတွေ

(၉) အိမ်အထိလိုက်ပြီး တောင်းရသူတွေ

(၁၀) အလိုက်မသိတတ်သူတွေ ဖြစ်တယ်။

တစ်ခါက ဆိုင်တစ်ဆိုင်မှာ ကွန်ပျူတာနဲ့စာစီပြီး ပလပ်စတစ်လောင်းကာ ကပ်ထားတဲ့ အောက်ပါစာသားကို ဖတ်ခဲ့ဖူးသည်–

– အကြွေးရောင်းလို့ ဆုံးတော့ (၁) ခါနာ

– မဆပ်နိုင်လို့ ရှောင်နေတော့ ထပ်ပြီး မရောင်းရလို့ (၂) ခါနာ

– အကြွေးတောင်းမိလို့ ပြန်အပြောခံရတာ (၃) ခါနာ

ဒါကြောင့် အကြွေး (လုံးဝ) မရပါတဲ့။

ဒါကြောင့် ကျွန်တော်၏ ငယ်ဆရာတော်က လောကမှာ လူမိုက်ကို လူမိုက်လိုပဲ ပြန်ပြီးတုံ့ပြန်ရင် "ရန်ကြွေး"တင်မယ်။ သူတော်ကောင်းကို သူတော်ကောင်းမှန်းမသိဘဲ ပြစ်မှားစော်ကားရင် "ဝဋ်ကြွေး"တင်မယ်။ လူတစ်ယောက်ရဲ့ယုံကြည်မှုကို အခွင့်ကောင်းယူပြီး ငွေချေးကာ မဆပ်ဘဲနေရင် " ငွေကြွေး" တင်မယ်။ ကံတရားကို မယုံကြည်လို့ မထီမဲ့မြင်ပြုလုပ်ရင် "ကံကြွေး" တင်မယ်တဲ့။

အရှင်ဥာဏသရ ၊ တောင်ကြီးက " အကြွေးနဲ့ပတ်သက်ပြီး ကင်းရှင်းသူရှိမယ်လို့တော့မထင်ပါဘူး။ အကြွေးယူဖူးကြပါလိမ့်မယ်။ အကြွေးပေးဖူးကြပါလိမ့်မယ်။ တစ်နည်းမဟုတ်တစ်နည်းနဲ့တော့ အကြွေးနဲ့ ဆက်စပ်ခဲ့ကြမယ်ထင်ပါသည်။

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ကျွန်တော့်မိခင်ကြီးက အကြွေးနဲ့ပတ်သက်ပြီး သူ့ဘဝအတွေ့အကြုံအရ အောက်ပါအတိုင်း မိန့်ဆိုဖူးပါသည် –

"ငွေချေးရတော့ ကျေးဇူးရှင်၊ ငွေပြန်တောင်းတော့ ရန်သူထင်၊ ယူတော့ ပြုံးပြုံး တောင်းတော့မုန်း၏ " ဆိုတဲ့စကားနားထဲမှာကြားနေရဆဲပါ။

ကျွန်တော့်ရဲ့ငယ်ဆရာကတော့ –

အကြွေးနဲ့ပတ်သက်ရင် မတောင်းဘဲနဲ့ ပြန်ပြီးပေးဆပ်သူက လူမှန်တဲ့ တောင်းမှပေးတဲ့သူကတော့ လူလည်ဖြစ်တယ်လို့ဆိုတယ်။ တောင်းပေမယ့်လည်း မပေးတော့တဲ့လူကတော့ လူလိမ်တဲ့။

ရဟန်းတက်မည့် ရဟန်းလောင်းများကို သိမ်ထဲမှာ အောက်ပါမေးခွန်းကို မေးပါသည်။

"အသင်တို့အနေနဲ့ အမှန်ကတယ် ကြွေးမြီကင်းရှင်းသူများ ဖြစ်ကြပါရဲ့လား"

တရားဓမ္မစာပေတွေ ဖတ်ရှုတဲ့အခါ ' ကြွေးဟောင်း '၊ 'ကြွေးသစ် ' ဆိုတဲ့ ဝေါဟာရတွေကိုတွေ့မိတယ်။ "ကြွေးဟောင်း" လည်းဆပ်ရမယ်တဲ့။ " ကြွေးသစ် " လည်းချရမယ်တဲ့။ " ကြွေးဟောင်း " ဆိုတာကတော့ ကိုယ့်ကိုပြုစုပျိုးထောင်ကျွေးမွေးခဲ့တဲ့ မိဘတွေရဲ့ကျေးဇူးကြွေးကို ဆပ်နိုင်သမျှ ဆပ်ရမယ်လို့ဆိုလိုတာဖြစ်သတဲ့။ " ကြွေးသစ် " ဆိုတာကတော့ ကိုယ်မွေးထားတဲ့ သားသမီးတွေကို ပြုစုပျိုးထောင်ကျွေးမွေးတာကို ဆိုလိုတာဖြစ်တယ်။ ကြွေးဟောင်းကို အတတ်နိုင်ဆုံး ဆပ်ဖြစ်သလား။ ကြွေးသစ်ကိုရော သေသေချာချာ ပေးနိုင်ပါရဲ့လား၊ အခြေအနေအကြောင်းအမျိုးမျိုးတော့ ရှိကြမှာပါ။

ရှင်တော်မြတ်ဘုရားက အကြွေးကျေအောင် ဆပ်နည်းကို မိန့်ကြားတော်မူခဲ့ပါသည်။ မြတ်ဘုရားက မိန့်ကြားတော်မူခဲ့သည်မှာ –

| | |
|---|---|
| သဒ္ဒါမရှိသေးလျှင် | သဒ္ဒါရှိလာအောင် |
| သီလမရှိသေးလျှင် | သီလရှိလာအောင် |
| ဒါနမရှိသေးလျှင် | ဒါနရှိလာအောင် |
| တရားမသိရှိသေးလျှင် | တရားအသိရှိလာအောင် |

ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဒါမှ ကြွေးရှင်များ၏ ကြွေးတွေကျေလိမ့်မည်ဖြစ်ပေသည်။

အသက်တွေရလာတဲ့အခါ အကြွေးနဲ့ပတ်သက်ရင် 'သံသရာကြွေး "က ကြောက်စရာအကောင်းဆုံးလို့ထင်လာပါသည်။ ရေစက်နဲ့ ဝဋ်ကြွေးဆိုတာကလည်း ခွဲခြားလို့မရနိုင်အောင် တူလွန်းလှသည်။ နှစ်တွေကြာလာမှပဲ သိနိုင်တာမျိုးဆိုပဲ။ သုခအကြွေးကို နည်းနည်းယူပြီး ဒုက္ခအတိုးကို များများမပေးရရင်တော့ အကောင်းဆုံးပေါ့။

အနန္တသူရိယအမတ်ကြီးကတော့ သူ့ရဲ့ဘဝ နောက်ဆုံးအချိန်မှာ ရေးသားခဲ့တဲ့ အမျက်ဖြေအလင်္ကာထဲမှာ အောက်ပါအတိုင်း ထည့်သွင်းရေးသားခဲ့ပါသည်။

" ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏။ ခိုက်ကြုံဝိပါတ်၊ သံသာစက်၌၊ ကြိုက်လက်တွန်မူ၊ တုံ့မယူလို " တဲ့။

သံသရာတစ်ကွေ့မှာ ကြုံခဲ့၊ ဆုံခဲ့ရင်တောင် သံသရာကြွေးမယူတော့ပါဘူးဆိုတဲ့ စိတ်ဓာတ်ကတော့ ဦးခိုက်ကြည်ညိုစရာပဲကောင်းလှပါသည်။ ။

**ခင်မြဇွေညို**



# ချစ်ပြုံးနှင်းဆီ (ကိုစောညိန်းသို့)

မြန်မာ့အသံ သိန်းဟန်

"အကြင် သီချင်းတစ်ပုဒ်သည် ကဗျာဂုဏ်နှင့် ပြည့်စုံလျက် သာယာငြိမ့်ညောင်းစွာ ရင့်ကျူး၏။ တူရိယာတစ်ခုကောင်းကို သာ အသားပေး၏။ ထိုသီချင်းသည် ဂီတနက်သန်၏ သီချင်းလျှင် ကေန်စင်စစ်ဖြစ်တော့၏။

**စာရေးဆရာ မောင်ကြည်ရှင်**

လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်လောက်ဖြစ်ပါသည်။ မြန်မာ့တေးဂီတလောကတွင် နာမည်ကျော် သီချင်းရေးဆရာ "ကိုစောညိန်း" ဆိုသည့် ဂီတပညာရှင်တစ်ဦး ပေါ်ထွန်းခဲ့သည်။ "ဂီတနက်သန်" ကာလပေါ် တူရိယာအဖွဲ့သည်လည်း နာမည်ကျော်ကြားခဲ့ဖူးသည်။ ဂီတနက်သန်နှင့် ကိုစောညိန်း တွဲဖက်ပြီး "ဂီတနက်သန် စောညိမ်း" ဆိုသည့် အနွတ်ဗွသညာ အမည်နာမသည် ပို၍ ပို၍ ကျော်ကြားခဲ့သည်။

မှန်ပါသည်။ ဗမာသံစစ်စစ်နှင့် အသံ၏ပြေပြစ်ခြင်း၊ အဖွဲ့အနွဲ့အဓိပ္ပာယ် ပေါ်လွင်ခိုင်မာခြင်း၊ စည်းဝါးကိုက်ညီခြင်းရှိသော တေးသီချင်းများကိုသာ ကိုစောညိန်း ရေးစပ်ခဲ့သည်။ သူဦးဆောင် တည်ထောင်သော "ဂီတနက်သန်" တူရိယာဝိုင်းမှ ဤမည်သော ဗမာသံသီချင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သည်။

ဂီတနက်သန် ကိုစောညိန်းအကြောင်းကိုရေးတော့၊ ပြောတော့မည်ဆိုလျှင် ကျွန်တော်အလုပ်လုပ်သော ရုံးဌာန၊ ကျွန်တော်နေထိုင်သော ရပ်ကွက်၊ မြို့နယ်၊ ကျွန်တော်ပေါင်းသင်းဆက်ဆံသော အပေါင်းအသင်း အသိုင်းအဝိုင်း စသည့် ကျွန်တော်နှင့် ဝန်းကျင်အကြောင်းကိုပါ ဖြည့်စွက်ရေးရ၊ ပြောရပါမည်။ သို့မှ ပိုမိုပြည့်စုံနိုင်ပါမည်။

ကျွန်တော်သည် ရန်ကုန်မြို့သို့ ပထမဦးဆုံးရောက်ဖူးသည်က ၁၉၅၀ ခုနှစ်တွင် ဖြစ်သည်။ မိခင်၊ ဆွေမျိုးများနှင့်အတူ ဘတ်စ်ကား စီးလုံးငှားလာခြင်းဖြစ်သည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရန်ကုန်မြို့တော်ရှိ ဘုရားစုံဖူး၍ လည်ပတ်ကြည့်ရှုရန်ဖြစ်သည်။

ထိုစဉ်က ဂီတနက်သန် ကိုစောညိန်းက (၂၆) နှစ်သား အရွယ်။ ကျွန်တော်က တတိယတန်း ကျောင်းသားအရွယ် ချာတိတ်လေ။ အနှီ ဂီတပညာရှင်နှင့် ကျွန်တော် မတွေ့ဖြစ်။ မဆုံဖြစ်ခဲ့။

ကျွန်တော်သည် ၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့သို့ ဒုတိယအကြိမ်ရောက်ခဲ့ပြန်သည်။

ကျွန်တော် အဋ္ဌမတန်းစာမေးပွဲကို ကျွန်တော်မြို့တွင် ဖြေဆိုအပြီး ရန်ကုန်မြို့၌ အင်္ဂလိပ်စာကို သီးသန့်သင်ယူရန်ဖြစ်သည်။ ထိုအချိန်၌ ကျွန်တော်ခင်မင်လေးစားသည့် ဗမာ့အသံ ဗမာ့ဟန် ဖန်တီးရှင် ဂီတနက်သန် ကိုစောညိန်း ကွယ်လွန်ခဲ့ပေသည်။

သူ ကွယ်လွန်ခဲ့သည်မှာ ထိုစဉ်က လေးနှစ်ပင် ပြည့်ခဲ့ပါပြီ။

ကျွန်တော် ရန်ကုန်မြို့သို့ တတိယအကြိမ် ရောက်ခဲ့ပြန်သည်။ ၁၉၅၈ ခုနှစ်တွင်ဖြစ်သည်။ ရန်ကင်းကောလိပ်ကျောင်းသားအဖြစ် ပညာသင်ရန်လာခြင်းဖြစ်သည်။ ယခု(ရန်ကင်းစံပြဈေး) ဝွတ္တလစ်ဈေးအနီးနှင့် ရန်ကင်းအကွေ့တွင်ကျွန်တော်တို့အတွက် ဘော်ဒါဆောင်များရှိသည်။ ယင်းနှင့် မနီးမဝေး၌ မြင်းပြိုင်ကွင်း (ယခုကျိုက္ကဆံကွင်း)ရှိသည်။ ညနေအားလပ်ချိန်များ၌ မယ်ဒလင်၊ ဂီတာအတီးကောင်းသော ရွှေဘိုသား၊ အဆိုကောင်းသော ဟင်္သာတသား၊ ပဲခူးသားများနှင့် နားထောင်သူ ကျွန်တော်တို့တစ်သိုက်သည် ကျိုက္ကဆံကွင်းသို့ ချီတက်ကြသည်။

ဆရာမြို့မငြိမ်းသီချင်းတွေကို ဆိုတီးကြသည်။ ကျွန်တော်က မကြာမကြာ ပွဲတောင်းသဖြင့် ဂီတနက်သန် ကိုစောညိန်းရေးသည့် စိမ်း၊ စံပယ်၊ မိုးသက်လေနှင်၊ ရတုဘုရင်၊ ချစ်ပြုံးနှင်းဆီသီချင်းများကို ဆိုတီးကြပြန်သည်။ ကျွန်တော်အကြိုက်ဆုံး 'ချစ်ပြုံးနှင်းဆီ' သီချင်းကို ကျွန်တော့်သူငယ်ချင်းများက နှစ်ကြိမ်၊ သုံးကြိမ်မက ပြန်ဆိုတီးပေးကြရသည်။

တစ်ခါတစ်ရံတွင် ကျွန်တော်၏ အသံသြသြ(အောအော)ကြီးဖြင့် 'ချစ်ပြုံးနှင်းဆီ' သီချင်းအလိုက်ကို ဝင်၍ ဟစ်ဆိုမှု

ကြောင့် ဂီတာတီးဆရာမှာ သံစဉ်မပျောက်ရန် မနည်းကြိုးစားတီးခတ်ရရှာသည်။

ညနေဘက် အဆောင်ထမင်းစားပြီးချိန်နှင့်စာကြည့်ချိန် မတိုင်မီ ကြားအချိန်တွင် ကျွန်တော်တို့ အပျော်တမ်းအဖွဲ့၏ လက်သံဆိုသံများကို ကြားရတတ်သည်။ ကျိုက္ကဆံကွင်းသို့ မသွားပါက အဆောင်တွင်ပင်ဆိုတီးကြသည်။ တစ်ခါတစ်ခါ ရန်ကုန်တက္ကသိုလ် ကုံကော်မြိုင်နန်းသို့ပင် နယ်ကျော်သွားရောက် ဆိုတီးကြပြန်သည်။

ကျွန်တော်တို့၏ ရန်ကင်းဘော်ဒါဆောင်များတွင် ပထမနှစ်သိပ္ပံဘာသာတွဲ ကျောင်းသားများအပြင် ပထမနှစ် ဝိဇ္ဇာဘာသာတွဲယူကြသည့် ထီးတန်းကောလိပ်မှ ကျောင်းသားများလည်းနေကြရသည်။ ထို့ကြောင့် ရန်ကင်းကောလိပ်ဘော်ဒါဆောင်များတွင် သိပ္ပံ၊ ဝိဇ္ဇာ ဘာသာရပ်များတွင် နှံ့စပ်ထူးချွန်ကြသည့် ကျောင်းသားများလည်း ဘော်ဒါနေကြပါသည်။

"သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့၊ ပေါင်းဖက်တွေ့" ဟူသော ဆိုရိုးတစ်ခုရှိပါသည်။ ကျွန်တော်တို့ ဝါသနာရှင်တစ်စုလည်း ပို၍ ပို၍ ရင်းနှီးကျွမ်းဝင်လာကြသည်။

ကျွန်တော်တို့ ဂီတဝါသနာရှင်တစ်စုသည် ရန်ကုန်သီတင်းကျွတ်ပွဲတော်ရက်များ၌ အထူးစည်ကားသည့် စမ်းချောင်း၊ ကြည့်မြင်တိုင်တို့သို့လည်း ရောက်ကြသည်။

သီတင်းကျွတ်ပွဲတော်တစ်ရက်၌ ကျွန်တော်တို့ဝိုင်းတော်သားတစ်စုသည် ဂီတနက်သန်ကိုစောညိန်း၏ ဇာတိရပ်မြေ ကြည့်မြင်တိုင်သို့ ခြေဦးလှည့်ခဲ့ကြသည်။ ရောက်ဖူးသည် ရှိအောင် ကိုစောညိန်းနေခဲ့သည့်လမ်းကိုလည်း ခြေရာချသွားခဲ့ကြသည်။

"ကဲ...ချစ်ပြုံးနှင်းဆီ အစ်ကိုလေး၊ ဒီလမ်းဟာခင်ဗျားရဲ့ ဂီတနက်သန်ဆရာကြီး ကိုစောညိန်းနေခဲ့တဲ့လမ်းလေ၊ ပိတောက်တန်းလမ်းလို့ခေါ်တယ်"

အလေးလည်းမ၊ သီချင်းလည်းဆိုသူ ဗလကောင်းကောင်း ဟသ်ာတသား ကိုဗကြည်က ကိုစောညိန်းနေခဲ့ရာလမ်းကိုညွှန်ပြခေါ်ခဲ့သည်။ သူ့ကျေးဇူးကြောင့်ပင် ကြည့်မြင်တိုင်က ရွှေတိုင်မောင်မယ် တူရိယာ ဝိုင်းတော်သားတစ်ချို့နှင့် အသိဖြစ်ခဲ့သည်။

ထိုအထဲတွင် ကျွန်တော်တို့ အကြိုက်ဆုံးဟာသသီချင်း "တစ်ပင်တိုင်မင်းသားကြီး" တေးကိုသီဆိုခဲ့သူဂီတာ ကိုတင်အုန်းနှင့် ပို၍ကျွမ်းဝင်ခဲ့သည်။ ဂီတနက်သန်ကိုစောညိန်း၏ တေးသီချင်းများအပေါ် သူ၏ချစ်စရာ ဟာသဆန်ဆန် ဝေဖန်ချက်ကိုလည်း ယနေ့တိုင် ပြန်လည်ကြားယောင်နေဆဲပင်။

"ဂီတနက်သန် ကိုစောညိန်း ရေးစပ်တဲ့ တေးသီချင်းများကိုနားထောင်ရတာဟာ မရှောင်သာတဲ့ လမ်းကျဉ်းအကွေ့မှာ အပျိုဖျန်းကလေးနဲ့ ကားခနဲတွေ့လိုက်ရသလို သည်းထိတ်ရင်ဖိုဖြစ်ရတယ်ဗျာ" ဟူသော ဂီတာ ကိုတင်အုန်း (ဦးတင်အုန်း)၏ ပြုံးဖြီးဖြီး ပြောဟန်ကို ယနေ့တိုင်မမေ့နိုင်။

*****

ရက်၊ လ၊ နှစ်တွေ တစ်ရံမလပ် ပြောင်းလဲခဲ့ပါပြီ။ ကျွန်တော်လည်း မြန်မာ့အသံတွင် သတင်းဖတ်ကြားသူရာထူး၌ စတင်အမှုထမ်းဆောင်နေပြီဖြစ်ပါသည်။

စမ်းချောင်းရပ်(စမ်းချောင်းမြို့နယ်) ရှမ်းလမ်းတွင် အိမ်ငှားရမ်းနေထိုင်ပါသည်။ ဂီတ၊ ရုပ်ရှင် စာပေလောကမှအနုပညာရှင်အချို့နှင့်လည်း စတင်သိကျွမ်းလာပါသည်။

"ကျွန်တော် ချစ်သော၊ ကျွန်တော်လေးစားသော ဂီတနက်သန် ကိုစောညိန်း၏ ဘဝနှင့်ဂီတ အနုပညာအကြောင်းကို ပိုမိုပြည့်စုံစွာ လေ့လာခွင့်ရခဲ့ပါတော့သည်။"

ကျွန်တော် အလုပ်လုပ်ရာ မြန်မာ့အသံ ( ဗမာ့အသံ ဟူသောနာမည်ဖြင့် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့မှ စတင်ခံယူခဲ့ရာ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့တွင် နှစ် (၇၅) ရွှေရတုသဘင်သက်တမ်းကိုကျော်သည်။ ဂီတနက်သန်ကိုစောညိန်းတို့ကဲ့သို့ ဂီတ အနုပညာရှင်များ၊ အဆို၊ အရေး၊ အတီးဝါသနာရှင်များ၊ သဘင်ပညာရှင်များ၊ စာပေ၊ စာနယ်ဇင်းလောကမှ စာပေပညာရှင် စာရေးဆရာများနှင့် ဆက်သွယ်ထုတ်လွှင့်ရာ တစ်ခုတည်းသော အသံလွှင့်ဌာနဖြစ်သည်။

ကျွန်တော်နေထိုင်ရာ စမ်းချောင်းရပ် (စမ်းချောင်းမြို့နယ်)တွင်လည်း နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံရေးသုခမိန်များ၊ အမျိုးသားစာဆိုရှင် နာမည်ကျော် စာရေးဆရာများ၊ ရုပ်ရှင်၊ ဂီတလောက အနုပညာရှင်များ၊ အတော်များများနေထိုင်ခဲ့သည်။ ပေါ်ထွန်းခဲ့သည်။ စာရေးသူ၏ ဆရာများဖြစ်သည့် ဆရာဦးကျော်ညိန်း (မာတလိ)၊ ဆရာ ဦးတင်ဦး (သခင်တင်ဦး)နှင့် ဦးသန်းမြင့် (ကမ္ဘာ့ဂီတ၊ အဘ ဦးသန်းမြင့်) တို့သည်စမ်းချောင်းတွင်နေထိုင်ခဲ့သူများဖြစ်သည်။

သူတို့သည် မြန်မာ့အသံ၏ ရှေးဦးပညာရှင်များပင်ဖြစ်သည်။

အလားတူ စမ်းချောင်းနှင့် နယ်နိမိတ်ချင်း ထိစပ်နီးကပ်နေသည့် ကြည့်မြင်တိုင်သည်လည်း သဘင်၊ စာပေ၊ ဂီတပညာရှင်

အကျော်အမော်များကို မွေးထုတ်ပေါက်ဖွားခဲ့ရာ ဘူမိနက်သန် ဌာနဖြစ်သည်။

တစ်နေ့တွင်ဖြစ်ပါသည်။ ကျွန်တော်သည် မြန်မာ့အသံ ဒုတိယမြန်မာပိုင်းအစီအစဉ်မှူး အဘဦးသန်းမြင့် ရုံးခန်း ၎င်း၏ အလုပ်စားပွဲရှေ့ကုလားထိုင်၌ ထိုင်နေသည်။ ထိုအချိန်တွင် ကျွန်တော်နှင့် အတူတူအလုပ်ဝင်လာသူလုပ်ဖော်လုပ်ဖက် ဦးချင်းစိန် (စာရေးဆရာ မောင်ကြည်ရှင်)လည်း ကျွန်တော့်အနီး ရှိကုလားထိုင်၌လာထိုင်သည်။ ကျွန်တော်တို့ရှေ့တွင် အဘ ဦးသန်းမြင့်သည် စာမူတစ်စောင်ကို လက်မှတ်ရေးထိုးပြီးနောက် စကားစသည်။

"ဒီမှာ ဖိုးကြည်ရှင်ရေ၊ လာမယ့်အပတ်တေး ကြေးမုံကဏ္ဍမှာ ဂီတနက်သန် ဦးစောညိန်းရဲ့ တေးသီချင်းများအကြောင်းကို ဦးတည်ဆွေးနွေးဖို့ စီစဉ်ထားတယ်။ အင်း ကိုစောညိန်းနဲ့ ကျွမ်းဝင်ရင်းနှီးတဲ့ ဂီတနဲ့ စာပေလောကထဲ လူတွေလဲပါမှဖြစ်မယ်ဆိုတော့"

"ဒီလိုဆိုရင် အဘ ဂီတနက်သန်ကိုအုန်းလွင်၊ ရေနံ့သာ စိုးလှိုင်တို့ကိုတော့ အပါခေါ်ရလိမ့်မယ်ထင်တယ်"

"သူတို့နှစ်ယောက်အပြင် စာရေးဆရာတွေထဲက ကိုမင်းရှင်၊ ကိုအောင်လင်းနဲ့ ကိုသန်းဆွေတို့ကိုလဲခေါ်ဆွေးနွေးရမယ်"

"ပိုမြိုင်သွားအောင် ဆွေးနွေးရင်း အဆိုတော် မောင်မောင်ညွန့်ကို ကိုစောညိန်း သီချင်းတွေထဲက စိတ်ကြိုက် နှစ်ပုဒ်၊ သုံးပုဒ်လောက်ဆိုခိုင်း၊ အစ်ကိုကြီး ကိုအုန်းလွင်ကို ဂီတာတီးခိုင်းလိုက်၊ နောက်ပြန်ပြီးဆွေးနွေးလိုက်၊ အဲဒီလိုရော ပိုမကောင်းဘူးလားအဘ"

လူကြီးတွေဝိုင်းမှာ မနူးမနပ် လူသစ်ချာတိတ်လေးက ဝင်ရှုပ်သည်ပဲထားပါစေတော့။ ဂီတနက်သန် ကိုစောညိန်း ဆိုတော့ ကျွန်တော်ပါးစပ်အပေါင်းသား မနေနိုင်တော့ပါ။ ကျွန်တော်၏အကြံပြုချက်ကို အစီအစဉ်မှူး အဘ ဦးသန်းမြင့် (မြန်မာ့အသံတွင် ဒု-ညွှန်ကြားရေးမှူး အဆင့်အထိ အမှုထမ်း ပင်စင်ယူသွားသူ)က လှိုက်လှိုက်လှဲလှဲ လက်ခံပါသည်။

"ကိုသိန်းဟန်လေးက ကိုစောညိန်း လက်ရာတွေ ဒီလောက်သဘောကျမှတော့ ကိုစောညိန်း ဂီတလက်ရာနဲ့ ပတ်သက်ပြီး ကိုယ် - သီအိုရီ (Theory) တစ်ပုဒ် ထုတ်ပေးမယ်။ အဲဒါက " အကြင်သီချင်းတစ်ပုဒ်သည် ကဗျာဂုဏ်နှင့် ပြည့်စုံလျက် သာယာငြိမ့်ညောင်းစွာ ရင့်ကျူး၏။ တူရိယာတစ်ခု ကောင်းကိုသာ အသားပေး၏။ ထိုသီချင်းသည်ဂီတနက်သန်၏ သီချင်းပင် ကေန်စင်စစ်ဖြစ်တော့၏ "တဲ့။

"သိပ်မှန်တာပဲ ဖိုးကြည်ရှင်ရေ"

အဘ ဦးသန်းမြင့်သည် ပြုံးဖြီးဖြီးနှင့် ခေါင်းတစ်ဆတ်ဆတ် ညိတ်နေသည်။

ဂီတနက်သန် ကိုစောညိန်း၏လက်ရာ တေးသီချင်းများကို ဆန်းစစ်လေ့လာလျှင် ဤဆောင်းပါးအစ၌ ဖော်ပြသော စာရေးဆရာ ကိုကြည်ရှင်၏ အဆိုအမိန့်ကို ပြန်လည်ရည်ညွှန်း ရပေမည်။

ခေတ်ဟောင်းတေးလောကတွင် မြို့မငြိမ်း၊ နန်းတော်ရှေ့ ဆရာတော်၊ ရွှေတိုင်ညွန့်၊ ရွှေညာမောင် (စမ်းချောင်း၊ကျွန်းတော လမ်းနေ ဦးချင်းစိန်)အစရှိတဲ့ ဂီတစာဆိုများ၏ တေးများကျော်ကြား ခဲ့သည်။

သူတို့၏ တေးသီချင်းများသည် နယ်ချဲ့နှင့် ဖက်ဆစ် တော်လှန်ရေးကာလများတွင် ဂီတကို ရှေ့တန်းတပ်ဦးအားမာန်၊ အဲမောင်း ဓားလှံများပမာ အစွမ်းထက်ခဲ့သည်။

ဆရာရွှေပြည်အေးတို့ခေတ်တွင် မြန်မာ့ဂီတကို ကမ္ဘာ့ ဂီတလောကတွင် ဝင်ဆံ့ပေါင်းကူးရန် အရှိန်ယူကြိုးစားသည်။ ဂီတနက်သန် ကိုစောညိန်းတို့လို မြန်မာလူငယ်ဂီတ ပညာရှင် လေးများကလည်း မြန်မာ့ဂီတ၏ အားမာန်ကို ကမ္ဘာ့ဂီတ စင်မြင့်ပေါ်၌ ရင်ဖွင့်တီးခတ်ပြလိုက်သည်။

သူ၏ခေတ်၌ ရင်မှဖြစ်သော တေးစာသားများသည် အောက်ပါအဓိကအချက်သုံးရပ်နှင့် ညီညွတ်မှုရှိသည် -

(က) အသံပြေပြစ်မှုရှိခြင်း (အသံတည်ဆောက်ပုံကောင်း မွန်ခြင်း)

(ခ) စာအဖွဲ့အနွဲ့ အဓိပ္ပာယ်ပေါ်လွင် ခိုင်မာစေခြင်း

(ဂ) စည်းဝါးကိုက်ညီခြင်းတို့ဖြစ်သည်။

ကိုစောညိန်းသည် အထက်ပါ အချက်များနှင့်အညီ မြန်မာမှု၊ မြန်မာ့ဟန်များဖြင့် သီချင်းပုဒ်ရေပေါင်း သုံးဆယ် ကျော်ကို ရေးစပ်ခဲ့သည်။ အရွယ်အိုမိဘနှစ်ပါးကို လုပ်ကျွေးပြုစု ရင်း မိမိ ယုံကြည်မြတ်နိုးရာ ဂီတကိုဖက်တွယ်ကာ ဘဝကိုရပ် တည်သည်။ အသက်နှစ်ဆယ်ကျော် လူပျိုလူလွတ်တစ်ဦးမို့အချစ် နှင့်မကင်းပေ။ သူ့ဘဝနှင့် သူ့ဝန်းကျင်တွင် အချစ်ရေး၊ ခံစားမှု တေးများကို သီကုံးဖွဲ့ဆိုသည်။ အမျိုးသားအားမာန်၊အမျိုးသား စာပေ၊ ဂီတနှင့်အလှ၊ သဘာဝ၊ သစ္စာတရား၊ သဒ္ဓါရအမြင်တို့ကို လည်း မခြွင်းမချန် ဖွဲ့နွဲ့ရေးစပ်သည်။

"ဂီတနက်သန်" ဟူသော စာလုံးလေးလုံးအနက် "သန်" ဆိုသည့်စာလုံးတွင် သကို နငယ်နှင့် အသတ်ထည့်မှ မှန်ပါသည်။ သကို သေးသေးတင်လျှင် ဂီတနက်သန်ကိုစောညိန်းတို့ဝိုင်းတော်သားများ စိတ်ဆိုးကြမည်။ ဘူမိနက်သန်သည် "မြေစစ်မြေမှန်" ဟု အဓိပ္ပာယ်ရသည်။ ဂီတအစစ်အမှန်သည်လည်းဂီတနက်သန် တူရိယာအဖွဲ့မှာသာရှိသည်ဟုဆိုလိုပေသည်။

ဂီတနက်သန် တူရိယာအဖွဲ့ကို ဂီတာကိုအုန်းလွင်တို့နှင့် ပေါင်းစပ်မိပြီး တည်ထောင်သီဆို တီးခတ် အသံလွှင့်ကြသည်။ ထို့နောက် ရေနံချောင်းသား ကိုစိုးလှိုင်၏ မိတ်ဆက်အကူအညီတောင်း၍ ဆက်သွယ်မှုဖြင့်၊ ၎င်း ရန်ကုန်ဆင်းလာသည်။ ရေနံ့သာစိုးလှိုင်အမည်ဖြင့် ကိုစောညိန်းတို့ ဂီတနက်သန်ဝိုင်းတွင် အဆိုတော်ဖြစ်လာသည်။

ကိုစောညိန်းသည် တေးရေးဂီတစာဆိုတစ်ဦးသာမဟုတ်သေး။ သူကိုယ်တိုင်လည်း ဆရာဦးသုခ၏ တေးချိုချိုပြဇာတ် မြို့တော်ခန်းမတွင်ကပြစဉ် ပါဝင်သီဆိုဖူးသည်။ ရှေ့တန်းစစ်မျက်နှာမှာ ခေတ္တအနားရခိုက် နားနေတဲ့ စစ်သားလေးအဖြစ် ပါဝင်သရုပ်ဆောင်ရသည်။ ပြည်လှဖေ နတ်သျှင်နောင်သီချင်းကို မယ်ဒလင်နှင့်ဆိုတီးရသည်။ ၁၉၅၁ ခုနှစ်တွင် စာရေးဆရာအသင်း နတ်သျှင်နောင် ပြဇာတ်အတွက်နွေနှောင်းဝသန်သီချင်းနှင့် ရတုဘုရင်သီချင်းနှစ်ပုဒ် စပ်ပေးဖြစ်သည်။

ဂီတနက်သန် ကိုစောညိန်းသည် သူယုံကြည်ရာ အယူအဆ၊ သူမြတ်နိုးရာဂီတကို လွတ်လွတ်လပ်လပ် ယုံကြည်လန်းဆန်းရှင်သန်အောင် မြေတောင်မြှောက်ပေးလိုသည်။ ယုံကြည်၊ ခံယူချက်ပြင်းထန်သည်။ စိတ်ထက်သန်သည်။ သို့သော် လူပုံပန်းဟန်ကမထန်လှပါ။ လူပိန်ပိန်ပါးပါး၊ ပျော့ပျော့ပျောင်းပျောင်းရှိလှသည်။ (ကွယ်လွန်သူအဆိုတော် ကိုသန်းလှိုင်နှင့် ဝိုးတဝါးတူလှသည်။)

သူ၏ တေးသီချင်းများကို မြန်မာ့အသံလေလှိုင်းမှသာမက ရုပ်ရှင်ဇာတ်ကားများတွင်ပါ ဇာတ်ဝင်ဇာတ်သိမ်း သီချင်းများအဖြစ်ပါ နားဆင်ရ၊ ကြည့်ရ၊ ကြားနေရသည်။

လေပြေတုန်း တက်ကျိုးဆိုသကဲ့သို့ အရွယ်ငယ်၊ အောင်မြင်ကျော်ကြားစအချိန်တွင် ကိုစောညိန်း ကွယ်လွန်ခဲ့သည်။ ရေနံ့သာစိုးလှိုင်၏ မှတ်တမ်းများအရ ဂီတနက်သန် ကိုစောညိန်းသည် (၃၁-၁၀-၅၂)နေ့၊ အသက်(၂၈)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ အရိုက်ခံရပြီး နောက်နေ့၌ တိမ်းပါးအနိစ္စရောက်ခဲ့ရရှာသည်။

ဂီတနက်သန် ကိုစောညိန်း မရှိတော့သော်လည်း ဂီတနက်သန်အဖွဲ့၏ အမွေကို ဂီတာကိုအုန်းလွင်က ဆက်ခံခဲ့သည်။ ကိုစောညိန်း ယုံကြည်သောဂီတအပြင်သူရောက်စေလိုသော မြန်မာမှု မြန်မာ့ဟန်ဖြင့် မြန်မာဂီတ ကမ္ဘာသို့ဝင်စေရေးမျှော်မှန်းချက်များကို ဂီတနက်သန် ကိုအုန်းလွင်က ပခုံးပြောင်းတာဝန်ယူခဲ့သည်။

ကိုစောညိန်းသည် လူပင်အသေစော၍ သေသွားသော်လည်း သူ့အနုပညာသည်မသေစေရ၊ ရှင်သန်နေရမည်။ ဂီတနက်သန်ကိုအုန်းလွင် အသက်ရှင်တည်နေသမျှ ဤမူအတိုင်းဖြစ်စေမည်။

ဂီတနက်သန် ကိုအုန်းလွင်သည် တေးပုလဲ ကိုဘမြင့်နှင့် ဂီတအပေါင်းအသင်းများ၏ အားကိုရယူကာ ဂီတနက်သန် ကိုစောညိန်း သီချင်းများကို ပြန်လည်ဆန်းစစ်အသံ သွင်းစေခဲ့သည်။ အဆိုတော် ကျောက်ပန်းတောင်းကျော်လွင်နှင့် ဘကြီးအောင်ညာတယ် အဆိုတော် ကိုတင်လှိုင်တို့၏ အသံများဖြင့် ပြန်လည်ဆန်းစစ်သီဆိုအသံသွင်းသည်။ နားဆင်သောသောတရှင်ပြည်သူများအကြား စီးရီးခွေများထုတ်၍ ဆက်စပ်ပေါင်းကူးပေးသည်။

ကျွန်တော် ဆောင်းပါးခေါင်းစီးအဖြစ် ရွေးချယ်ထားသည့် "ချစ်ပြုံးနှင်းဆီ" ကိုစောညိန်းသို့ဟူသော ဂုဏ်ပုဒ်တွင် ကိုစောညိန်းကို ချစ်ပြုံးနှင်းဆီနှင့် ယှဉ်တွဲဂုဏ်ပြုထားသည်။ ချစ်ပြုံးနှင်းဆီသီချင်းကို ရေနံ့သာစိုးလှိုင်က စတင်ဆိုခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင်လည်း မန္တလေးသိန်းဇော် (ဇာတ်မင်းသားလေးသိန်းဇော်)က ဤသီချင်းကိုပင်ပြန်ဆိုသည်။ ယခုတစ်ဖန် အဆိုတော် ကိုတင်လှိုင်ကဤသီချင်းအပါအဝင် ကိုစောညိန်း၏ အောင်မြင်ကျော်ကြား တေးများကို ပြန်ဆိုဦးမည်။

သို့ပါ၍ အရွယ်ငယ်ငယ်နှင့် ကြွေလွင့်ရက်စောခဲ့သူ ကိုစောညိန်းကို သူရေးစပ်ခဲ့သည့် "ချစ်ပြုံးနှင်းဆီ' သီချင်းမှ တေးစာသားအချို့ကို ပြန်ဖော်ရင်း ဂုဏ်ပြုလိုက်ပါသည်။

(ဖြူပြာလဲ့ မှုယာသွယ်နဲ့ ချစ်တဲ့သူခင်ရယ်၊ မာန်ညိုမျက်နှာထားတွေထယ်၊ အငြိုးကြီးနဲ့ စိမ်းတာလေလားကွယ်၊ရွှေနှင်းဆီငုံလေးနယ်၊ နူတ်ခမ်းတော် စူလွန်းတယ်)၂

နေ့စဉ်စောင့်ပါလို့ရယ်...နေပေမယ့်ကွယ်...ပွင့်နိုင်ခဲ့ပါဘိတယ်...သန္တာလဲ့ရယ်...ဘယ်ခါချစ်ပြုံးမာလာကိုကွယ်...ခူးဆွတ်လို့ဖုန်း မောင်နမ်းသာမယ်...။ ၊

**မြန်မာ့အသံသိန်းဟန်**

City MAGAZINE

ပင်စင်စားကြီး ဦးစိုးမိုး စိတ်ခေါက်တက်ကြွနေသည်။ ရေမိုးချိုးပြီး သစ်သစ်လွင်လွင် ဝတ်ဆင်လိုက်သည်။ ရေမွှေး ဆွတ်ပြီး မျက်နှာကို ပေါင်ဒါ ပါးပါးပွတ်လိုက်သည်။ ရန်ကုန် မြို့တွင်းက ငွေစုဘဏ်ကိုသွား ပြီး စုထားသည့် ပင်စင်လစာ ကို ထုတ်ယူမည်ဖြစ်သည်။





SHORT STORY

အသက်ငယ်စဉ်က နိုင်ငံ့ဝန်ကိုထမ်းခဲ့သူဖြစ်လို့ အသက်ကြီးလာသည့်အခါ သုံးစားလို့ရအောင် နိုင်ငံတော်ကချီးမြှင့်သည့် အငြိမ်းစားလစာငွေကို လုံးခနဲများများရအောင်မထုတ်ဘဲ စုထားခဲ့တာဖြစ်သည်။ မထုတ်ဘဲထားတာ ၁ နှစ်ရှိပြီဖြစ်လို့ ဆယ်သိန်းကျော် စုဆောင်းမိနေပြီဖြစ်သည်။ ဒီနေ့ငွေတစ်သိန်းတိတိ ထုတ်ယူမည်ဟု ရည်ရွယ်သည်။ ဒီနေ့ထုတ်လို့ရမည့် ငွေတစ်သိန်းကို ဇနီးနှင့်တိုင်ပင်ပြီး လိုရာသုံးမည်။ အဓိကလိုအပ်ချက်က ဇနီး၏ကျန်းမာရေးအတွက် ဆေးဝယ်ရမည်ဖြစ်သည်။ အိမ်မှာဆွမ်းခံသည့် ကိုယ်တော်ကို ဝါဆိုသင်္ကန်းကပ်မည်။ မိမိအတွက် တိုတိုထွာထွာလိုချင်တာတွေလျှင်လည်း ဝယ်မည်ဟုရည်ရွယ်သည်။ ဘတ်စကားကို ၄၀၀ ကျပ်ပေးပြီး ထိုင်ခုံဖြင့် ဟန်ကျပန်ကျ စီးလာခဲ့သည်။ မိမိနှင့် တစ်ခုံတည်း အတူထိုင်နေသည့် ဘေးက ကလေးမသည် အသက် ၂၀ ကျော်ရုံပဲ ရှိဦးမည်။ အသားကဖြူသည်။ ရုပ်ကလည်း သိပ်ပြီးမဆိုး။ မိမိကို အဘိုးကြီးဆိုပြီး စိတ်မဝင်စားသည့်ပုံဖြင့် တစ်ဖက်ကို လှည့်နေသည်။ မိမိက အဘိုးကြီးဆိုသော်လည်း အသက်ခြောက်ဆယ်ကျော်ရုံပဲရှိသေးသည်။ ကြံ့ခိုင်သန်မာသေးသည်။ သန့်ပြန့်သပ်ရပ်စွာ ဝတ်ဆင်လာသည့်အပြင် မိမိဆွတ်ဖျန်းလာသည့် ရေမွှေးနံ့ကြောင့် ကလေးမစိတ်ဝင်စားမှုရှိကောင်းရှိမည်ဟု ထင်မိသည်။

တချို့ပြောတာ ကြားဖူးသည်။ ဒီခေတ်ကလေးမတွေကို စိတ်ချရတယ်ဆိုပြီး ကြိုက်ကြသည်ဟုပြောတာကြားဖူးသည်။ အဲဒီလို ကလေးမတွေထဲမှာ မိမိနှင့်အတူ ထိုင်ခုံတစ်ခုံတည်းစီးလာသည့် ကလေးမမပါဟု ထင်ရသည်။ မိမိကို စိတ်ဝင်စားသည့်လက္ခဏာ လုံးမပြဘဲ မင်္ဂလာဈေးမှတ်တိုင်မှာ ဆင်းသွားသည်။ မိမိကို ဂရုစိုက်ပြီး စေ့စေ့ပင်ကြည့်မသွားသည့်အတွက် ဦးစိုးမိုးရင်ထဲမှာ ဟာတာတာ ဖြစ်ကျန်ရစ်သည်။

ရန်ကုန်မြို့တွင်းကိုရောက်လျှင် ငွေစုဘဏ်နှင့်နီးသည့်မှတ်တိုင်မှာ ကားပေါ်ကဆင်းလိုက်သည်။ ဘဏ်ဘက် ကို လျှောက်သွားလိုက်သည်။ ဘဏ်ဖွင့်နေပြီဖြစ်လို့ ဘဏ်ရှေ့မှာစည်ကားနေတာတွေ့ရသည်။ ငွေစက္ကူအသစ်နှင့်အဟောင်းလဲသူများ၊ အကြီးနှင့်အသေးလဲသူများ၊ ရယ်ကာမောကာဖြင့် ကျေးဇူးတင်စကားတွေပြောပြီး မိတ်ဖွဲ့နေကြသည်။

"ကျွန်မတို့က ဘုံကထိန်မှာဒေါင်းရုပ်လုပ်ပြီး ပဒေသာပင်သီးမလို့ပါ၊ အလှူနေ့ကျရင် ကြွခဲ့ဦးနော်၊ ဒန်ပေါက်ဆွမ်းကပ်မယ်"

ပေးသူ၊ ယူသူ၊ လဲလှယ်သူတွေ ပလက်ဖောင်းပေါ်မှာ ပျော်နေကြသည်။ ဦးစိုးမိုးသည် လူအုပ်ကိုဖြတ်ကျော်ပြီး ဘဏ်ထဲကိုဝင်ခဲ့သည်။ ငွေတစ်သိန်းတိတိ ထုတ်ယူမည့်အကြောင်း ပုံစံဖြတ်ပြီး ဘဏ်စာအုပ်ထပ်လိုက်သည်။ ငွေထုတ်ရမည့် စီနီယာတိုကင်ပြားရသည်။ ခေတ္တထိုင်စောင့်နေရသည်။ ဒီခေတ်မှာ အပျော်သဘောဖြင့် အဘိုးကြီးတွေကို လိုက်ကပ်တတ်သည့် ကလေးမတွေအကြောင်းသူများတွေပြောကြတာ ကြားဖူးသည်။ မိမိကလည်း အဘိုးကြီးဆိုပေမယ့် ကျန်းမာရေးကောင်းနေသေးသည့်အတွက် လိုက်ကပ်မည့် ငယ်ငယ်ရွယ်ရွယ်များတွေ့လျှင် လိုက်လျောမိမည်ဟုတွေးနေမိသည်။

တိုကင်နံပါတ် ၆၅ ဦးစိုးမိုး။

မိမိ၏နာမည်ကို ငွေထုတ်ပေးကောင်တာကခေါ်လိုက်သည့်အသံကြားတော့မှ မိမိ၏တိုကင်ပြားလေးကိုကြည့်လိုက်သည်။ နံပါတ် ၆၅ ဖြစ်နေသည်။ တိုက်ဆိုင်လိုက်တာဟု တွေးမိသည်။ မိမိ၏အသက်ကလည်း ၆၅ နှစ်ပင်ဖြစ်သည်။ ငွေထုတ်ကောင်တာကိုသွားပြီး လက်မှတ်ထိုးလိုက်သည်။ တစ်ထောင်တန် တစ်သိန်းထုပ်တစ်ထုပ်ရသည်။ ကောင်တာကမထွက်ခွာမီ သေသေချာချာ ရေတွက်သည်။ အရွက်ရေတစ်ရာတိတိရှိသည်။ တစ်သိန်းပြည့်ပါသည်။ မိမိ၏ ချွေးနဲစာ၊ အငြိမ်းစားလစာဖြစ်လို့ အလေအလွင့်မရှိအောင်သုံးစွဲရမည်ဟု စိတ်ကူးသည်။ အိမ်ကိုပြန်မရောက်မီ ဘတ်စကားပေါ်မှာ ခါးပိုက်နှိုက်မခံရအောင် ပိုက်ဆံအိတ်ထဲကို သေသေချာချာထည့်ပြီး ဇစ်ဆွဲပိတ်လိုက်သည်။ ဘဏ်ထဲက လမ်းပေါ်ကို ထွက်လာခဲ့သည်။

"ဦး၊ ဦး၊ တစ်ထောင်တန်အကြီးတွေရခဲ့လားဟင်"

ဘဏ်ရှေ့က ပလက်ဖောင်းပေါ်မှာ ရောင်းကြ၊ ဝယ်ကြ၊ အလဲအလှယ်လုပ်ကြသူတွေထဲက မိန်းကလေးတစ်ယောက်က ဦးစိုးမိုးကို မေးလိုက်တာဖြစ်သည်။ မိန်းကလေးသည် အသက်သုံးဆယ်တစ်ဝိုက်သာ ရှိဦးမည်၊ တောင့်တောင့်ဖြောင့်ဖြောင့်ရှိသည်။ အသားလတ်လတ်၊ ရုပ်ရည်က ကြည့်ပျော်ရှုပျော်ရှိသည်။ ပြုံးလိုက်တော့ ပါးချိုင့်လေးပေါ်သွားလို့ ရင်ခုန်သွားသည်။ ဆွဲဆောင်မှုရှိသူလေးဖြစ်သည်။

"ဟုတ်တယ်၊ အရွက်ကြီးတွေရခဲ့တယ် သမီးရယ်"

"အရွက်သေးနဲ့ လဲပေးပါဦးရယ်၊ သမီးတို့က ဘုံကထိန်မှာ ပဒေသာပင်တွဲချင်လို့ အရွက်ကြီးတွေလိုက်လဲနေကြတဲ့ သဟဇာတ်က ပုညကုသလအသင်းသူ

တွေ့ပါ"

ဒီတော့မှ သူ့ကို သတိထားကြည့်မိပြန်သည်။ ဟုတ်ပေသားပဲဟု စိတ်ချယုံကြည်သွားသည်။ အင်္ကျီလက်ရှည်အဖြူရောင်ကို ဝတ်ထားသော်လည်း ထဘီက ယောဂီရောင်နီညိုဖြစ်နေသည်။ သူတို့ကုသိုလ်ပြုကြမည့် ဘုံကထိန်မှာ မိမိက တတ်နိုင်သည့်ဘက်က ကုသိုလ်ပြုသည့်အနေဖြင့် တစ်ထောင်တန်အရွက်ကြီးနှင့် အရွက်သေးလဲပေးလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

မိမိကို အဘိုးကြီးဆိုပြီး စိတ်မဝင်စားသည့်ပုံဖြင့် တစ်ဖက်ကို လှည့်နေသည်။ မိမိက အဘိုးကြီးဆိုသော်လည်း အသက်ခြောက်ဆယ်ကျော်ရုံပဲ ရှိသေးသည်။ ကြံ့ခိုင်သန်မာသေးသည်။ သန့်ပြန့်သပ်ရပ်စွာဝတ်ဆင်လာသည့်အပြင် မိမိဆွတ်ဖျန်းလာသည့် ရေမွှေးနံ့ကြောင့် ကလေးမ စိတ်ဝင်စားမှုရှိကောင်းရှိမည်ဟု ထင်မိသည်။

သူက တစ်ထောင်တန်အရွက်သေး အသစ်စက်စက်ဘဏ်ထုပ်မပျက်သေးသည့် ငွေတစ်သိန်းထုပ်ကိုထုတ်ကိုင်ထားသောအခါ မိမိကလည်း ဘဏ်က ထုတ်ယူလာခဲ့သည့် တစ်ထောင်တန်အရွက်ကြီးတစ်သိန်းထုပ်ကို လက်ကိုင်အိတ်ထဲကထုတ်ယူဖို့ကို ဆွဲဖွင့်သည်။ မိန်းကလေးက မထုတ်ပါနဲ့ဦးဆိုသည့် သဘောဖြင့် တားသည်။ လူအုပ်ထဲက ဘယ်သူကကိုပြောမှန်း မသိရဘဲ လှမ်းပြောသည်။

"ဟောဒီ ဦးဆီက တစ်သိန်းတောင်ရတယ်ပေ့၊ ငါ့ဦးကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ဖက်ရည်ကိုက်လိုက်ဦးမယ်၊ ညည်းတို့လိုက် လဲနေကြဦး"

ကလေးမသည် သူ့အပေါင်းအသင်းတွေလို့ယူဆရသည့် လမ်းပေါ်က လူအုပ်ကြီးဘက်ကို လှမ်းအော်ပြောခဲ့ပြီး ဦးစိုးမိုးကို လက်ဆွဲခေါ်ယူသွားသည်။ မနီးမဝေးမှာရှိသည့် အတော်အတန် သားနားသပ်ရပ်သည့် ကဖေးဆိုင်ထဲသို့ခေါ်ယူသွားသည်။ ထောင့်ကျကျစားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်လိုက် ကြသည်။

"ဦး ဘာသောက်မလဲ ဘာစားမလဲ၊ သမီးက ကုသိုလ်ပြုပါရစေ၊ သမီးက နောက်လကုန်လောက်မှာ ဖော်ဂွတ်ထွက်သွားတော့မယ်"

ကလေးမသည် ပြောပြောဆိုဆိုပင် သူ့လက်ကိုင်အိတ်ထဲက တစ်ထောင်တန်အရွက်သေးတစ်သိန်းထုပ်ကို ထုတ်ယူပြီး စားပွဲပေါ်မှာ ခဏချထားသည်။ လက်ကိုင်အိတ်ထဲက လိပ်စာကတ်ပြားလေးကို ထုတ်ယူပြီး ဦးစိုးမိုးကိုပေးသည်။ လိပ်စာကတ်ပြားကစားလုံးတွေက သေးသည့်အပြင် အင်္ဂလိပ်လိုရေးထားသဖြင့် နောက်မှဖြည်းဖြည်းဖတ်မည်ဆိုပြီး အင်္ကျီအိတ်ထဲထည့်သိမ်းလိုက်သည်။ လိပ်စာကတ်မှာ ကြိုးဖုန်းနံပါတ်သာမက လက်ကိုင်ဖုန်းနံပါတ်ပါတာကိုပါ သတိထားလိုက်မိသည်။ နောက်လကုန်လောက်မှာ အမေရိကန်နိုင်ငံကို အပြီးထွက်ခွာသွားတော့မည့် သူကလေးပါလားဟု အထင်ကြီးလေးစားနေမိသည်။

"ကဲ ရော့ သမီးရဲ့အသေး၊ ပေးဦးရဲ့ အရွက်ကြီး၊ သမီးက အကြီးမှကြိုက်တာ"

ဦးစိုးမိုး ရင်ခုန်သွားသည်။ သမီးက အကြီးကြိုက်တယ်ဆိုပါလား။ စားရကံကြုံလို့ မုတ်ဆိတ်မှာ များလာစွဲပြီနဲ့တူတယ်ဟုတွေးမိသည်။ သူ့ကိုကြည့်လိုက်တော့လည်း ဦးစိုးမိုးကို နှစ်သက်သည့် ရမ္မက်မျက်လုံးဖြင့်ကြည့်နေတာ တွေ့ရသည်။ ဒီကောင်မလေး အမေရိကားမသွားမီ အဆင်ပြေအောင် ဆက်သွယ်ရလျှင် ကောင်းမလားဟု စဉ်းစားနေမိသည်။

"အရွက်ရေကြည့်လိုက်ပါဦး၊ ဘဏ်ထုတ်ပါပဲ၊ သမီးကတော့ မရေတော့ဘူး၊ ဦးကိုယုံတယ်၊ ဦးကို မြင်လျှင်မြင်ချင်းခင်သွားတယ်၊ သမီးရဲ့ဦးလေးအရင်းတစ်ယောက်နဲ့ အရမ်းတူတာပဲ"

ကလေးမက ဦးစိုးမိုးပေးသည့် တစ်ထောင်တန်အရွက်ကြီး တစ်သိန်းထုပ်ကိုဆွဲယူပြီး သူ့လက်ကိုင်အိတ်ထဲထည့်လိုက်သည်။ နက်စ်ကော်ဖီပူပူကို မှာပြီး တစ်ငုံသောက်လိုက်သည်။

"ဦး သောက်လိုက်ဦးလေ၊ မုန့်လည်း စားပါအုံး၊ သမီးရဲ့ ဦးလေးနဲ့တူလို့ အခုလို ဦးကိုကုသိုလ်ပြုရတာ အရမ်းဝမ်းသာတာပဲ၊ ပိုက်ဆံထုပ်ကို ထည့်သိမ်းလိုက်ဦးလေ၊ ကျေးဇူးတင်တယ် ဦးရယ်၊ သမီးကို ဆက်သွယ်ချင်ရင် ဖုန်းဆက်လိုက်၊ ကြိုးဖုန်းကို မဆက်နဲ့ ဦး သိလား၊

ကြိုးဖုန်းကိုဆက်ရင် သမီးရဲ့ မေမေက ကိုင်ပြီးဖြေတယ်၊ သမီးရဲ့ဟန်းဖုန်းကို ဆက်"

ကလေးမက ကြာမျက်လုံးအပြုံး တစ်ဝက်ဖြင့်ကြည့်ပြီးပြောရင်း လက်ကိုင် အိတ်ထဲက သူ့လက်ကိုင်ဖုန်းလှလှလေး ကို ထုတ်ပြသည်။ သူ့ဟန်းဖုန်းလေးကို လက်ကိုင် အိတ်ထဲပြန်ထည့်လိုက်ပြီး ဦးစိုးမိုး၏တစ်ထောင်ကျပ်တန်အရွက် သေး တစ်သိန်းထုပ်ကိုလည်း လုံခြုံစွာ သိမ်းလိုက်ပါဆိုသည့်သဘောဖြင့် ဦးစိုးမိုး ဘက်ကို တွန်းရွှေ့ပေးသည်။ ဦးစိုးမိုးက တစ်သိန်းထုပ်ကို ကောက်ယူပြီး မိမိ၏ လက်ကိုင်အိတ်ထဲကို သေသေချာချာ ထည့်လိုက်သည်။ အိတ်၏အလယ်ခေါင် တည့်တည့်မှာထည့်သည်။ ဘတ်စကား ပေါ်မှာ အနှိုက်အယူမခံရအောင် လက် ကိုင်ပဝါ၊ မှတ်ပုံတင်၊ စာရွက်စာတမ်း တွေဖြင့် ကာရန်ထားလိုက်သည်။

"သမီးက ဘယ်မှာနေတာလဲ"

"သာကေတ ရောဝဏ်အိမ်ရာမှာ နေပါတယ်၊ လာလည်နော် ဦး"

"လာမှာပါ၊ လာလည်တာက အရေးမကြီးဘူး၊ သမီးရဲ့သက်ဆိုင်သူက အဆိုးမြင်ပြီး တစ်မျိုးထင်နေပါဦးမယ်"

"သမီးမှာ သက်ဆိုင်သူ မရှိဘူး၊ လွတ်လွတ်လပ်လပ် တစ်ကိုယ်တည်းနေ တာ"

တစ်ကိုယ်တည်းဆိုတော့ အပျို ကြီးပါလို့ ပြောလိုက်တာဖြစ်သည်။ ဦး စိုးမိုး ရင်ခုန်ရပြန်သည်။

နှုတ်စကားရဲ၊ လှုပ်ရှားရဲလျှင် အလုပ်ဖြစ်တော့မည်ဟု တွေးမိသည်။ ကလေးမ၏စကား ရှေ့နောက်မညီတာ တစ်ခုကို သတိပြုမိလိုက်သည်။ အမေ ရှိသည်ဟုပြောသည်။ လုံးချင်းတိုက်ဖြင့် တစ်ကိုယ်တည်းနေသည်ဟုလည်း ပြော သည်။ လင်မယူဘဲ စိတ်လွတ်ကိုယ်လွတ် နေတာကို ပြောလိုတာဖြစ်မည်ဟုပဲ ကိုယ် လိုရာဆွဲတွေးလိုက်တော့သည်။

"ဦး ဖုန်းဆက်နော်၊ သမီး ဦးနဲ့ အေးအေးဆေးဆေး တွေ့ချင်သေးတယ်"

"ကောင်းပါပြီဗျာ၊ တွေ့ပါဗျာ"

ကဖေးဆိုင် စားပွဲထိုးလေးကို ခေါ်ပြီး ငွေရှင်းသည်။ နှစ်ယောက်စား သောက်လို့ ကုန်ကျသမျှကို သူကပဲပေး သည်။ ကဲ သွားကြစို့ဆိုပြီး ကဖေးဆိုင် ထဲက အတူထွက်ခဲ့ကြသည်။ သူက သူ့အပေါင်း အသင်းတွေရှိရာ ဘဏ်ရှေ့ ကို ပြန်သွားသည်။ ဦးစိုးမိုးက အိမ်ကို ပြန်ရန်အတွက် ဘတ်စကားမှတ်တိုင်ရှိရာ ဘက်ကို လျှောက်လာခဲ့သည်။

ဒီခေတ်မှာ တချို့အမျိုးသမီးငယ် တွေသည် တရားဝင်လင်မယူကြဘဲ လွတ်လွတ်လပ်လပ်နေကြသည်။ အသက် ကြီးပြီး ကျန်းမာသန်စွမ်းသည့် ရယ်ဒီမိတ် အမျိုးသားကြီးတွေကို ချဉ်းကပ်ပြီး အပျော် ပေါင်းသင်းနေကြသည်ဟု သူများတွေ



ပြောတာ ကြားဖူးသည်။ ဒီကလေးမသည်လည်း ဒီလိုကလေးမမျိုးဖြစ်မည်ဟုတွေးမိသည်။ သူတို့ချဉ်ကပ်တာဟာ ချမ်းသာပြီး ကိုယ်ပိုင်ကားစီးနိုင်သည့် အဘိုးကြီးတွေကိုဖြစ်မည်။ မိမိက မချမ်းသာ၊ ဘတ်စ်ကားတိုးစီးနေရသူဖြစ်သည်။ ကိုယ်ပိုင်အိမ်ရှိသော်လည်း တစ်ခြမ်းကို ငှားထားရသည်။

ဒီကလေးမသည် မိမိထက်ချမ်းသာသူဖြစ်နိုင်သည်။ လုံးချင်းအိမ်ရာမှာ နေနိုင်သည်။ လက်ကိုင်ဖုန်းသုံးနိုင်သည်။ မကြာမီ အမေရိကန်နိုင်ငံကို ထွက်ခွာသွားတော့မည်ဟုပြောသည်။ ဒီအခြေအနေတွေသည်ပင် မိမိထက်သာနေပြီဖြစ်သည်။ မိမိက သူ့ကို ဘာပေးနိုင်မည်နည်း၊ ကျန်းမာပျော်ရွှင်မှုကြောင့် သူ၏ပျော်ရွှင်မှုကို ပေးနိုင်မည်ဟုထင်သည်။ သူက မိမိဆီက ဘာကိုမျှော်လင့်နိုင်သလဲ။ အခိုက်အတန့် ပျော်ရွှင်မှုနှင့် သူ့ကို လက်ထပ်ယူဖို့ မတောင်းဆိုခြင်း၊ ထာဝစဉ်ကပ်မနေခြင်းဆိုတဲ့ အရေးကြီးတဲ့ အချက်တွေကို မျှော်လင့်နိုင်သည်။

တချို့အဘိုးကြီးတွေသည် မိမိ၏ အသက်အရွယ်၊ ရုပ်ရည်၊ ကျန်းမာရေးနှင့် ငွေကြေးတတ်နိုင်မှုဆိုတာတွေကို ပြန်မသုံးသပ်ဘဲ မိန်းကလေးက အပျော်သဘောဖြင့် တစ်ခါတလေအခွင့်အရေးပေးမိတာကို အမြဲတမ်းလိုက်လျောမယ်ထင်ပြီး မိန်းကလေးကို တွယ်ကပ်နေတတ်သည်။ လူရှေ့သူရှေ့မရှောင် မိန်းကလေးကို ဆက်သွယ်ဖို့ကြိုးစားသည်။ ပတ်သက်ဆက်နွယ်မှုရှိကြောင်း ပြချင်သည်။ မဏ္ဍပ်တိုင တက်ပြချင်သည်။ အဲဒီလိုလုပ်ဖို့က မိမိဘက်က ပြည့်စုံမှုတွေရှိဖို့လိုသည်။ အသက်ကြီးသော်လည်း နုပျိုသန့်မာသေးသည့် ရုပ်လက္ခဏာရှိရမည်။ ကျန်းမာရေး ကောင်းရမည်၊ ရုပ်ရည်သန့်ပြန့်ပြီး သန့်ရှင်းသပ်ရပ်သည့်ဝတ်စားဆင်ယင်မှုရှိရမည်။ မိန်းကလေးဘက်က လိုက်လျောနိုင်အောင် မိမိဘက်က ဖြည့်စွက်ပေးနိုင်သည့် ငွေကြေးတတ်နိုင်မှုရှိရမည်။ ဦးစိုးမိုးမှာ အလွန်အမင်းငွေကြေးမတတ်နိုင်တာကလွဲလို့ ကျန်တာတွေက အထိုက်အလျောက် ပြည့်စုံနေသည်။ ခေတ်စကားနှင့် ပြောရလျှင် ရယ်ဒီမိတ်ကြီးတစ်ဦးပင်ဖြစ်သည်။ သို့ဖြစ်ရကား မိန်းကလေးက မိမိကို ခြွင်းချက်ဖြင့် လက်ခံနိုင်သည်ဟု ဖာဖာထေးထေး စဉ်းစားမိသည်။

စဉ်းစားတွေးတောရင်း အိမ်ကို ပြန်ရောက်လာခဲ့သည်။ နှစ်ပေါင်းများစွာ လေ့ကျင့်ထားခဲ့သည့် ခရီးလမ်းဖြစ်လို့ စက်ရုပ် တစ်ရုပ်လိုဖြစ်နေသည်။ မိမိစီးရမည့်ဘတ်စ်ကားကို သိစိတ်ကရွေးပြီး တက်စီးနိုင်ခဲ့သည်။ မိမိအိမ်နှင့်အနီးဆုံး မှတ်တိုင်မှာ အလိုအလျောက်ဆင်းမိလျက်သားဖြစ်သွားသည်။ အိမ်ကိုရောက်သည်အထိ ကလေးမနှင့် နောက်တစ်ကြိမ် ပြန်တွေ့နိုင်ရေးကို တွေးလာခဲ့သည်။ သူပေးလိုက်သည့် လိပ်စာကတ်ပြားလေးကို ကိုင်စမ်းကြည့်လိုက်မိသေးသည်။

အိမ်ရောက်လို့ အဝတ်အစားလဲပြီးတော့ ဇနီးသည်အနားမှာထိုင်ချပြီး အနားယူသည်။ လက်ကိုင်အိတ်ထဲက တစ်ထောင်ကျပ်တန် အရွက်သေးတစ်သိန်းထုပ်ကလေးကို ဇနီးသည်လက်ကို အပ်လိုက်သည်။ ဇနီးသည်က တစ်သိန်းထုပ်ကလေးကို တရိုတသေကိုင်ပြီး မသိမသာ နမ်းကြည့်လိုက်သေးသည်။ ဒီပိုက်ဆံလေးဖြင့် လိုအပ်တာတွေကို ဖြည့်စွက်ရမည့် မဟုတ်လား အလွန်အရေးကြီးသည့် ငွေတစ်သိန်းဖြစ်သည်။

အလွန်တန်ဖိုးထားသည့်အနေဖြင့် ပိုက်ဆံထုပ်ကလေးကို တပွတ်သပ်သပ် ကိုင်ကွယ်ကြည့်နေသည်။ အလုပ်အားနေသည့်အတွက် အရွက်ရေတစ်ရာစေ့၊ မစေ့ သိရအောင် ရေကြည့်လိုက်သေးသည်။ အရွက်ရေတစ်ရာတိတိစေ့ပါသည်။ ပြည့်ပါသည်။ ပိုက်ဆံထုပ်ကလေးကို ဖဲချပ်ချိုးသလို၊ လှန်သလိုလုပ်နေသည့် ဇနီးသည်၏ ရုတ်တရက် အလန့်တကြားအော်သံကို ကြားလိုက်ရသည်။

"ဟာ . . . ကိုစိုးမိုး၊ နှစ်ဆယ်တန်တွေပါလား"

ဦးစိုးမိုးက သူ့ဇနီးလက်ထဲက ပိုက်ဆံထုပ်ကို ဆွဲယူပြီးကြည့်လိုက်သည်။ ဟုတ်ပါ့ဗျာ၊ တစ်သိန်းထုပ် ဟန်ဆောင်ထားသည့် ပိုက်ဆံထုပ်မှာ အပေါ်တစ်ရွက်၊ အောက်တစ်ရွက်ပဲ တစ်ထောင်တန်ဖြစ်သည်။ အတွင်းကဟာတွေအားလုံးဟာ တစ်ထောင်တန် အရွက်နှင့် အရွယ်တူ၊ အရောင်တူသည့် နှစ်ဆယ်တန်တွေချည်း ဖြစ်နေတာ တွေ့လိုက်ရပါတော့သည်။

ဦးစိုးမိုးလန့်သွားသည်။ အံ့ဩသွားသည်။ သူ့ဇနီး ဘာပြောလိုက်ပါလိမ့်ဆိုသည့်အကြည့်ဖြင့် နားမလည်သလိုကြည့်နေမိသည်။ သူ့ဇနီးက ပိုက်ဆံတွေကို လှန်ပြပြီးထပ်ပြောသည်။

“ဒီမှာကြည့်ပါဦး၊ နှစ်ဆယ်တန်တွေချည်းပဲ၊ တစ်ထောင်တန်တွေမဟုတ်ဘူး”

ဒီတော့မှ ဦးစိုးမိုးက သူ့ဇနီးလက်ထဲက ပိုက်ဆံထုပ်ကို ဆွဲယူပြီးကြည့်လိုက်သည်။ ဟုတ်ပါ့ဗျာ၊ တစ်သိန်းထုပ်ဟန်ဆောင်ထားသည့် ပိုက်ဆံထုပ်မှာ အပေါ် တစ်ရွက်၊ အောက်တစ်ရွက်ပဲ တစ်ထောင်တန်ဖြစ်သည်။ အတွင်းကဟာတွေ အားလုံးဟာ တစ်ထောင်တန်အရွက်နှင့် အရွယ်တူ၊ အရောင်တူသည့် နှစ်ဆယ်တန်တွေချည်း ဖြစ်နေတာ တွေ့လိုက်ရပါတော့သည်။

ကဲ ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲ။ ဒါဟာ ဘဏ်ကထုတ်လာတဲ့အတိုင်းပါလို့ပြောလျှင် ပြဿနာက ပိုမိုရှုပ်ထွေးသွားမည်။ အစိုးရဘဏ်ကို မဟုတ်မတရား စွပ်စွဲရာကျမည်။ ဘဏ်ကပြန်ပြီး တရားစွဲတာခံရနိုင်သည်။ လိမ်လို့ရမည့်ကိစ္စမဟုတ်သည့်အတွက် အမှန်ကိုဖွင့်ပြောရတော့သည်။ ယောဂီအဝတ်ကို ဝတ်ထားသည့် အမျိုးသမီးတစ်ယောက်က မိမိ၏တစ်ထောင်တန်အရွက်ကြီး တစ်သိန်းထုပ်နှင့် သူ၏တစ်ထောင်တန်အရွက်သေး (၂) ရွက် ညှပ်ထားသည့် ၂၀ ကျပ်တန် ၉၈ ရွက်ဖြင့် လဲယူသွားတာဖြစ်သည်။ သူဆီကရလိုက်သည့် ပိုက်ဆံတန်ဖိုးသည် ၃၉၆၀ ကျပ်သာဖြစ်သည်။ မိမိဆီက တစ်သိန်းကျပ်တိတိပါသွားလေပြီ။ အလိမ်ခံလိုက်ရပြီဆိုတာ သိလိုက်သည်။

အကြောင်းစုံကို သိသွားသောအခါ ဦးစိုးမိုး၏ ဇနီးသည် ချုံးပွဲချငိုသည်။ သတိလစ်မလိုဖြစ်သွားလို့ မနည်းနှာနပ်ယူရသည်။ ရည်ရွယ်ထားတာတွေနှင့် မျှော်လင့်ချက်တွေ လုံးဝဖြစ်မလာနိုင်တော့သည့်အတွက် ယူကျုံးမရဖြစ်နေသည်။

ဦးစိုးမိုးသည် ကလေးမပေးထားသည့် လိပ်စာကတ်ပြားလေးကိုကိုင်ပြီး တယ်လီဖုန်းရှိရာ စတိုးဆိုင်ကိုထွက်လာခဲ့သည်။ ကလေးမကိုယ်တိုင် မသိလို့ အမှတ်မဲ့ပေးလိုက်တဲ့ ပိုက်ဆံတွေများ ဖြစ်နေမလားလို့ ကိုယ်ဖြစ်စေချင်တာကို ဆွဲတွေးမိသေးသည်။ ဖုန်းဆက်ကြည့်မည်။ အဆက်အသွယ်ရလျှင် သူ့အိမ်ကို လိုက်သွားမည်ဟု ရည်ရွယ်သည်။

သူကပြောထားသည်။ သူ့ကိုဆက်သွယ်လျှင် အိမ်ကကြိုးဖုန်းကိုမခေါ်နဲ့၊ သူ့မေမေက တယ်လီဖုန်းနားမှာ အမြဲရှိသည်ဟု ပြောသည်။ သူ့လက်ကိုင်ဖုန်းကို ခေါ်ပါလို့ပြောသည်။ သူ့လိပ်စာကတ်ပြားမှာပါသည့် လက်ကိုင်ဖုန်းနံပါတ်ကိုခေါ်လိုက်သည်။ တစ်ဖက်ကပြန်ဖြေသည်။

“လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းနံပါတ်မှာ တပ်ဆင်ထားခြင်း မရှိသေးပါရှင်”

အကြိမ်ကြိမ်ခေါ်ကြည့်သည်။ ဒီအတိုင်းပဲဖြေသည်။ လက်ကိုင်ဖုန်းတွေရဲ့ အဖြေတွေကလည်း တစ်ခါတစ်လေ မှားယွင်းတတ်သည်။ မိမိအနီးမှာထိုင်နေသူ၏ လက်ကိုင်ဖုန်းကို ခေါ်ကြည့်ရာ (ဆက်သွယ်မှုဧရိယာပြင်ပကို ရောက်နေပါသည်)ဟု ဖြေတာကို ကြုံဖူးသည်။ ယခုလည်း(တပ်ဆင်ထားခြင်းမရှိသေးပါ)ဟုဖြေသည်။ ကလေးမ၏လက်ကိုင်အိတ်မှာလက်ကိုင် ဖုန်းလှလှလေးရှိတာကို မိမိ၏မျက်စိဖြင့် မြင်ခဲ့သည်။

သူ့လက်ကိုင်ဖုန်းကိုခေါ်လို့ မရတော့ အရဲစွန့်ပြီး အိမ်ဖုန်းကိုခေါ်ကြည့်သည်။ သူ့အမေနှင့်တွေ့လျှင်လည်း အကျိုးအကြောင်းကို ပြောပြမည်ဟု ရည်ရွယ်သည်။

“ဟဲလို ... သာကေတမြို့က ဇရာဝဏ်အိမ်ရာကပါလား ခင်ဗျား”

“မဟုတ်ပါဘူး၊ လမ်းမတော်ကပါ”

ဒီတော့မှ သူက လိပ်စာကတ်ပြားက တယ်လီဖုန်းနံပါတ်ကိုကြည့်မိသည်။ ရန်ကုန်မြို့တွင်းက နံပါတ်ဖြစ်နေသည်။ သာကေတဆိုလျှင် ၅ ဂဏန်းထိပ်စီးဖြင့် ဖြစ်ရမည်။ စနစ်တကျ အလိမ်ခံလိုက်ရပြီဆိုတာကိုသိလိုက်သည်။ အဲဒီအိမ်မှာ ဒီနာမည်နှင့်မိန်းကလေး ရှိပါသလားဟု မေးတော့လည်း။ မရှိပါဘူးလို့ ဖြေသည့် ယောကျ်ားကြီးကြီးတစ်ယောက်၏ဖြေသံကို ကြားလိုက်ရသည့်အတွက် အလိမ်ခံလိုက်ရပြီဆိုတာ သေချာသွားသည်။

မိမိလိုဘဝတူ သက်ကြီးရွယ်အိုတွေသည် တောင့်သော၊ ဖြောင့်သော၊ အသားအရေ ဖြူစင်ဝင်းပသော၊ ချိုမြမြ အလှပိုင်ရှင်ငယ်ရွယ်ပျိုမြစ်သည့် မိန်းကလေးများနှင့် တွေ့သည့်အခါ သတိလက်လွတ်ဖြစ်ကုန်ကြသည်။ ငယ်ရွယ်သည့်အတွက် အလှတွေပိုင်ဆိုင်ထားကြသည်။ ထိုအလှတရားတွေနှင့် ရယ်ဒီမိတ်ကြီးများကို မှူးမိုက်စေခဲ့ပါသည်။ သတိထားကြပါကုန်။ ။

**လင်းအောင်သက် (ရန်ကုန်တက္ကသိုလ်)**



# ဦးဘညွန့်နှင့် ချစ်ဒုက္ခ

[illegible] (ထားဝယ်)

ဦးဘညွန့်ဆိုသူမှာ ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ ဖြစ်ပြီး ချစ်ဒုက္ခမှာ သူသီဆိုခဲ့သည့် သီချင်းဖြစ်ပါသည်။ ဆရာကြီးသည်ချစ်ဒုက္ခနှင့်ဆုထူးရွှယ်ဟူသော သီချင်းနှစ်ပုဒ်ကို ဓာတ်ပြားသွင်းခဲ့သည့် တေးသံရှင်ဖြစ်၏။ သို့ရာတွင် ချစ်ဒုက္ခသီချင်းဖြင့်ပင် နာမည်ကြီးပြီး မြန်မာပြည်တစ်လွှား ချစ်ဒုက္ခ ဦးဘညွန့် ဟူသော အမည်ဖြင့်ကျော်ကြားခဲ့သည်။

၁၉၆၅ ခုနှစ်တွင် စာရေးသူ၏အစ်ကိုတစ်ဝမ်းကွဲ ဦးမြင့်အောင်(တရားရုံးချုပ်ရှေ့နေ)သည် သူ၏ သားနှစ်ဦးဖြစ်သော မောင်ကျော်အောနှင့် မောင်ဇော်မင်းတို့ကို ရှင်ပြုသည်။ ဦးမြင့်အောင် အိမ်သည် ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းတွင်

တည်ရှိပါသည်။ ရှင်ပြုအလှူကို အိမ်ရှေ့ ပလက်ဖောင်းပေါ်တွင် မဏ္ဍပ်ကြီးထိုး၍ ကျင်းပသည်။ ထိုအချိန်က နာမည်ကြီးနေသည့် စိန်စတင်းဆိုင်းဖြင့်ဖျော်ဖြေ၏။ အလှူ အကြိုညတွင် ဆိုင်းစ၍ဝင်သည် စာရေးသူ အဒေါ် ဒေါ်ဒေါ်လှိုင်သည်သူ၏မြေးများ၊ အလှူဆိုင်းဝင်သည့်ညဖြ သူ့အနုပညာ အပေါင်းအသင်းများဖြင့် သီချင်းလာဆို ၏။ စာရေးသူ မှတ်မိသမျှ ဆရာဝန်ကြီး ဒေါက်တာဘသန်း၊ ဆရာကြီး ချစ်ဒုက္ခ ဦးဘညွှန့်၊ ဆရာကြီး ဦးသုခ၊ ဆရာဦး စိန်လှမောင် စသူတို့လာကြသည်။

ညဦးပိုင်းတွင် အလှည့်ကျသီချင်း ဆိုကြရာ အိမ်ရှေ့လမ်းမပေါ်၌ ပရိသတ် ကျပ်ခဲနေလေသည်။ ဆရာကြီး ဦးဘညွှန့် သီဆိုရန်အလှည့် ရောက်သောအခါသူ၏ အသည်းစွဲဟောဝန်စုံမြိုင် ကိန္နရာချောင်း ခြားကြီးပတ်ပျိုးကို သီဆိုမည်ဟုပြော သည်။ ဒေါ်ဒေါ်လှိုင်က "ညဦးပိုင်းပဲရှိ သေးတယ်ဆရာရယ် ညဥ့်နက်ရောက်မှ ဆိုပါ။ ချစ်ဒုက္ခကို အရင်ဆိုပါလားဆရာ" ဟု တောင်းဆိုသဖြင့် ဆရာသည်ချစ်ဒုက္ခ ကို စ၍ဆိုသည်။

"ဖူးစာကံ အကြောင်းရယ်၊ ချစ် ဒုက္ခဖန်လာတယ်၊ ခင်ရယ် ချစ်ရက်သား နဲ့တစ်ဖက်သားရှုးအောင် ပြုရက်လေ တယ်၊ ခင့်သဘောကို ဖွင့်ပြောလို့ကွယ်၊ ချစ်တဲ့အရေးကို စေ့စေ့တွေးသင့်တယ်"

ဆရာ့အသံကြီးက ညွှစ်ဆိုရ၍ အစ် နေသည်။ စိန်စတင်းသည် လိုက်မတီးဘဲ ဗုံများကိုတတောက်တောက် ခေါက်နေ၏။ သားရေကြိုးများတင်းအောင် လုပ်နေပုံရ သည်။ ပတ်စာလည်း ပြင်နေဟန်တူသည်။ စာရေးသူ၏ စိတ်ထဲမှာ "စိန်စတင်း ဘာကြောင့်များ လိုက်မတီးဘဲ ဗုံတွေပြင် နေသည်လဲ"ဟု သိချင်နေသည်။ ဒုတိယ ခေါက် ပြန်ဆိုသောအခါ ဆရာကြီးအသံ သည် အစ်တစ်တစ်မဟုတ်တော့ဘဲညှစ် ၍လည်းမဆိုရတော့သဖြင့် အာတွေ့လာ သည်။ စိန်စတင်းလည်း သာယာညင်းညင်း လိုက်တီးပေးနေ၏။

ဆရာကြီး အလှည့်ပြီး၍ အခြား သူများသီဆိုနေစဉ် ဆရာကြီးကို စာရေး သူက အိမ်တွင်းသို့ခေါ်သွားပြီး ရေနွေး ကြမ်းတိုက်သည်။

"အေး၊ဆရာ သောက်ချင်နေတာနဲ့ အတော်ပဲကွ"ဟု ပြော၏။ စာရေးသူ၏ အဒေါ်က လိုက်လာသည်။

"ဒါ လှိုင့်အစ်မသားလေ။ သူ လည်း မဟာဂီတ ဝါသနာပါတယ်"ဟု ပြောသောအခါ ဆရာကြီးက "သူ့ကို ကျုပ်တော် သိပါတယ် လှိုင်ရဲ့၊ ဖိုင်နယ် တန်းက ပီအက်စ်ကလပ်စ်မှာ မြင်ဖူးနေ တာပဲ" ဟု ပြောပါသည်။ ထို့နောက် ဆက်၍

"စိန်စတင်းရယ်လို့ နာမည်ကြီး နေတာ သူ့ရုပ်ရည်မြင်လိုက်တော့ ရုပ်ရှင် မင်းသား ဇော်လွင်နဲ့တူလို့ ရုပ်ကြောင့် နာမည်ကြီးနေတာလို့ ထင်မိတာမှား သွားပြီ လှိုင်၊ ဒီကလေး ပညာမသေးဘူး ဗျ။ ကျုပ်တော့်အသံ မကိုက်မှန်းသိတော့ သူလိုက်မတီးပဲဗုံတွေ တတောက်တောက် ခေါက်ပြီး အသံညှိပေးနေတာ၊ တော်ပါ ပေတယ်"

ဟု ပြောပါသည်။ စာရေးသူတို့ အိမ်အပြင်ဘက် မဏ္ဍပ်အတွင်းသို့ ထွက်လာကြသောအခါ ဆရာကြီးက စာရေးသူ၏ ပခုံးကိုဖက်ပြီး

"မင်း အားတဲ့အချိန်တွေ ဆရာ့ အခန်းလာခဲ့ပေါ့"

ဟု မှာပါသည်။ ဆရာကြီး ဦးဘ ညွှန့်သည် ဦးသုခ အနားသို့သွားထိုင် လိုက်၍ စာရေးသူသည် ဆရာကြီး နှစ်ဦး ၏ နောက်တန်းတွင် ဝင်ထိုက်လိုက်ပါ သည်။ ဦးဘညွှန့်နှင့် ဦးသုခတို့သည် စိန်စတင်း အကြောင်းပြောပြီး ချီးမွမ်းနေ ကြလေသည်။

ထိုအချိန်က စာရေးသူမှာ ဝိဇ္ဇာ နောက်ဆုံးနှစ်ဖြစ်သည်။ ရန်ကုန်တက္က သိုလ်တွင် သမိုင်းပါမောက္ခ နှစ်ဦးရှိသည်။ ဒေါက်တာကျော်သက်က အရှေ့တိုင်း သမိုင်းပါမောက္ခဖြစ်ပြီး ဦးဘညွှန့်က အနောက်တိုင်း သမိုင်းပါမောက္ခဖြစ်၏။

စာရေးသူယူသည့်ပီအက်စ်ဟုအတို ကောက်ခေါ်သော ပေါလစ်တစ်ကယ်လ် ဆိုင်းရင့်စ်နှင့် ဗက်စတင်းဟစ်စထရီခေါ် သော အနောက်တိုင်း သမိုင်းဘာသာရပ် တို့သည် ဆရာကြီး၏ ဌာနမှ ဘာသာရပ် များဖြစ်၍ ဝိဇ္ဇာနောက်ဆုံးနှစ် ပီအက်စ် တန်းကို ဆရာကြီးကိုယ်တိုင်က သင်ပေး သည်။

ဆရာကြီးက အရွှန်းပြော၍ စာသင် လေ့ရှိသဖြင့် သူ့အတန်းတွင် အမြဲစည် ကားနေပါသည်။ တစ်ခါက စာသင်ရင်း ဖြင့် နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးကို အမှီပြု ၍ ထိုပုဂ္ဂိုလ်၏ ဇနီး(သို့) ခင်ပွန်းကပါ လိုက်၍ နာမည်ကြီးရပုံ အကြောင်းကို ရှင်းပြရာတွင်

"ဥပမာ –သမ္မတကနေဒီ မယား ဂျက်ကလင်းကနေဒီဟာ သူ့လင်ကိုအမှီ ပြုပြီး နာမည်ကြီးရသလိုပေါ့။ အက်လစ် ဇဘက်ဘုရင်မကြီးရဲ့ ကြင်ယာတော် အီဒင်ဘာရာမြို့စား ဖိလစ်မင်းသားကြီး ဟာလည်း ဘုရင်မကြီးကို အမှီပြုလို့လူ သိများရတာမျိုးပေါ့ကွာ။ တို့တိုင်းပြည် က ဥပမာပေးရမယ်ဆိုရင် ကြည်ကြည်မွှေး ယောကျာ်း ဦးအောင်သိန်း"ဟု ပြောရုံသာ ရှိသေး၏။ နောက်ပိုင်းမှကျောင်းသား

ကြီးတစ်ဦး "ဝင်းဦးရဲ့အဖေ"ဟု ပြန်အော်ပါသည်။ ဆရာကြီးသည် ရှုတည်တည်ဖြင့် ထိုကျောင်းသားအား စိုက်ကြည့်နေသဖြင့် စာရေးသူတို့ရှေ့မှာထိုင်နေသူများမှာ အသံမထွက်ရဲဘဲ ဆရာကြီးကိုသာ ကြည့်နေကြပါသည်။ ဆရာကြီးက–

"ဒီကောင် မမွေးခင်ကတည်းက ငါက ချစ်ဒုက္ခ ဦးဘညွန့်ဆိုပြီး တိုင်းသိပြည်သိကွ"ဟုပြောပြီး ပြုံးလိုက်မှစာရေးသူတို့ ကျောင်းသားများမှာ ဝါးခနဲ ပွဲကျ



သွားကြပါသည်။

တစ်ခါက ကိုဝင်းဦးသည် ဆရာမြသန်းတင့်၊ ဆရာ မောင်နေဝင်းတို့နှင့် ပြင်ဦးလွင်က "မိုင်းနားဟောက်စ်" အိမ်ကြီးတွင် ရက်ရှည်နေပြီး စာရေးနေကြပါသည်။

အိမ်ရှင် မန္တလေးမှ ဝါးတန်း ဦးအေးမောင်နှင့် အန်တီ ဒေါ်လှမေတို့က နှုတ်လမ်းညွှန်လိုက်သဖြင့် စာရေးသူ မိုင်းနားဟောက်စ်သို့ ရောက်သွားသည်။ သူတို့နှင့် စကားဝိုင်းတွင် အထက်က စာရေးသူဖော်ပြခဲ့သည့် ပီအက်စ်အတန်းမှ

အကြောင်းကို ပြောပြရာ ကိုဝင်းဦးမှာ "အဟင်း အဟင်း "နှင့် ရယ်နေပါတော့သည်။

စာရေးသူသည် သမိုင်း၅၁နမှ ဆရာကြီး ရုံးခန်းကို မကြာခဏရောက်လေ့ ရှိသည်။ စာမေးရန်မဟုတ်ပါ။ ဂီတအကြောင်း ရှေးဟောင်းနှောင်းဖြစ်များပြောခြင်းဖြစ်သည်။

ဆရာကြီးထံမှ သမိုင်းပညာသာ မဟုတ်၊ မဟာဂီတပညာ အတော်ရပါသည်။

ဆရာကြီးက မန္တလေးက ဒေဝဣန္ဒာ မောင်မောင်ကြီးနှင့် ဂီတဝိသောဒနီ မောင်မောင်လတ်တို့သည် သူ၏လက်ဦးဆရာများ ဖြစ်သည်ဟုပြောပြပါသည်။ ထိုစဉ်က ဆရာကြီးသည် တယောထိုးသည်။ ဒေဝဣန္ဒာ မောင်မောင်ကြီးက "မောင်ရင် တယောမထိုးဘဲ သီချင်းဆိုကြည့်စမ်းပါ"ဟု တိုက်တွန်းသည့် နေ့မှစ၍ တယောကိုလည်း လက်မလွှတ်ဘဲ သီချင်းကြီး အဆိုကို လေ့လာလိုက်စားခဲ့သည်ဟုဆိုပါသည်။ ဆရာကြီးတကယ် ဝါသနာပါသည်က မဟာဂီတဖြစ်သည်။

သူ၏ သီချင်းကြီး လက်ဦးဆရာများတွင် စန္ဒရား ဦးဘကလေးလည်းပါသည်ဟု ပြောပါသည်။ ဆရာ ဘကြီး၊ ပတ္တလား ဦးဘတင်၊ ဘီလစ်ကြီး ဦးတင်၊ မီးရထား ဦးစံဝင်း၊ ဘဏ်စာရင်းအရာရှိ ဦးသိုက်၊ ဦးဘသောင်းနှင့် လေယာဉ်စာရင်းအရာရှိ ဦးလှဖေတို့ကလည်း သူ့ကို ဂီတပညာ သင်ပေးသည်ဟုပြောပြပါသည်။ သီချင်းကြီးကို ပညာရပ်တစ်ခုအနေနှင့် သင်ကြားလာခဲ့ရာ အပုဒ်ပေါင်း (၂၀၀)ကျော် ရလိုက်သည်ဟုဆိုပါသည်။ မြန်မာ့အသံလွှင့်ရုံပေါ်သည်ကစ၍ သီချင်းကြီးများ မကြာခဏ လွှင့်ဆိုခဲ့၏။ ရွှေရင်ပေါင်၊ နံ့သာမြိုင်လယ်၊ ဟေဝန်စုံမြိုင်နှင့် သာရကာကျေးများ ဓာတ်ပြားရခဲ့သည်ဟုပြောပါသည်။ သို့သော် သူ့နာမည်ရသည်က ကာလပေါ်သီချင်းနှင့် ဖြစ်သည်ဟုဆိုသည်။ သီချင်းကြီး စိစစ်ရေးဘုတ်အဖွဲ့ဝင်လည်း ဖြစ်ခဲ့သည်။

စာရေးသူသည် ဆရာကြီး၏ ချစ်ဒုက္ခသီချင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ဆိုဖြစ်ခဲ့ကြောင်း မေးကြည့်ရာ

"ဆရာဆိုခဲ့တာက ဆုထူးရှယ်နဲ့ ချစ်ဒုက္ခ နှစ်ပုဒ်ပဲ။ ဆုထူးရှယ်က စန်းသော်တာရေးတာ။ ချစ်ဒုက္ခကတော့ ပြည်သန်းနွယ်ရေးတာ။ ပြည်သန်းနွယ်ရဲ့နာမည်ရင်းက ကိုသန်းမြင့်တဲ့။

စစ်ကြိုခေတ် အေဝမ်းဓာတ်ပြားကုမ္ပဏီက အချစ်သီချင်း ဓာတ်ပြားတွေခေတ်စားနေချိန်မှာ ပြည်သန်းနွယ်လိုဖြစ်လာမယ့် ဘဏ်တိုက်စာရေး ကိုသန်းမြင့်က ချစ်ဒုက္ခ သီချင်းကိုရေးတယ်။

နောက်ပိုင်း သူပြောပြတာက ၁၉၄၀ ပြည့်နှစ်ထုတ်၊ တက္ကသိုလ်မဂ္ဂဇင်းမှာပါတဲ့ ချစ်ဒုက္ခဆိုတဲ့ ကဗျာလေးတစ်ပုဒ်ကို အခြေပြုပြီး သီချင်းတစ်ပုဒ်

ဖြစ်အောင် ရေးစပ်ခဲ့တာတဲ့။ အဲဒီအချိန် ကအောဝမ်းမှာ သဟာယ ဆရာတင်၊ ရွှေညာမောင်၊ ခေတ္တရာအေး၊ စန္ဒရား အောဝမ်း ခင်မောင်တို့ ကြီးစိုးနေတဲ့ အချိန်ပေါ့။ ကိုသန်းမြင့်ရေးလာတဲ့ ချစ်ဒုက္ခကို အောဝမ်းက သဘောကျပြီး ခေတ်ပြာသွင်းဖို့ စဉ်းစားနေကြတဲ့ အချိန်ပေါ့။

"အကြောင်းဆုံလာတာက တစ်နေ့ ဆရာ အောဝမ်းခြံကို ရောက်သွားတယ်။ အောဝမ်း ကိုတင်မောင်က အဲဒီချစ်ဒုက္ခ သီချင်းကို စမ်းပြီးဆိုနိုင်းကြည့်တယ်။ ကိုတင်မောင်က ဆရာဆိုတာသဘောကျ တာနဲ့ ခေတ်ပြားသွင်းဖြစ်သွားတာပါ။ ဆရာလည်း ချစ်ဒုက္ခ ဆိုတဲ့ ဘွဲ့ထူးတစ်ခု ရခဲ့တာပေါ့။ နာမည်ကြီးတာက ကာလ ပေါ်နဲ့ ဖြစ်ရတယ်။"ဟု ဆရာကြီးက စိတ်ရှည် လက်ရှည် ပြောပြခဲ့ပါသည်။

ဆရာကြီးသည် ၁၉၉၂ ခုနှစ်က ကွယ်လွန်သည်။ ခုဆိုလျှင်နှစ် (၃၀ ခန့်ပင် ရှိပြီး ချစ်ဒုက္ခဦးဘညွန့်ဟု နာမည်ကြီး ခဲ့သည့် ဆရာကြီးနှင့် ဤသီချင်းဆိုဖြစ် ခဲ့ရပုံကို အမှတ်တရဖြစ်လာ၍ ဆရာ ကြီးကိုသတိရစွာဖြင့် ဤဆောင်းပါးကို ရေးဖြစ်ခြင်းဖြစ်ပါသည်။

ဆောင်းပါးအစ စာရေးသူ၏ တူကလေးများ ရှင်ပြုပွဲအကြောင်းကို ပြန်ကောက်ရလျှင် ထိုညက ဆရာကြီး အသည်းစွဲ ဟောဝန်မြိုင်ကို ည(၁၁)နာရီ လောက်ရောက်မှ ဆိုဖြစ်တော့သည်။ ဆိုင်းကလည်းကောင်း၊ ဆရာကြီးအဆို ကလည်း ကောင်းလွန်းသဖြင့် စာရေးသူ ၏ ရှေ့မှထိုင်နေသော ဆရာဝန်ကြီး ဒေါက်တာ ဘသန်းက ဆရာကြီး ဟောဝန်မြိုင် ဆိုနေစဉ်

"အရသာ . . . အရသာ"

ဟု နှုတ်မှ ထွက်သွားသည်ကို ကြားလိုက်ရပါသည်။ ထိုညကဆရာကြီး ဦးသုခ၏ ဘဝသံသရာဖြင့် ပွဲသိမ်းခဲ့ သည်။

...ပျံစရာ...ပျံချင်ပြီ...မှုန်ရီ မှုန်ရီ...မှုန်ပြာ...လျှပ်စစ်မိုးတိမ်တောင် လွမ်းလေအောင်ဆိုသည့် ဆရာကြီး၏ အသံကို ကြားယောင်လျက်။ ။

**မောင်သန်းဆွေ(ထားဝယ်)**

CITY CARTOON





# မေတ္တာတေးသံ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"ဂလောင်...ဂလောင်...ဂလောင်"

"ဂလောင်...ဂလောင်...ဂလောင်"

"ဂလောင်...ဂလောင်...ဂလောင်"

သည်ခေါင်းလောင်းသံကလေးကို ကြားရသူတိုင်းက နားရည်ဝနေကြပြီဖြစ်သဖြင့် ရိုးအီနေကြလေပြီ။

ခေါင်းလောင်းသံကို ကြားရသည်နှင့်တစ်ပြိုင်နက် မီးဖို ချောင်ထဲမှ အမှိုက်ခြင်းများကို မချလာပြီး အိမ်လှေကားဝတွင်

အဆင်သင့် စောင့်နေကြရမည်ကို လမ်းသူလမ်းသားအားလုံး သဘောပေါက်နေကြလေပြီ။

လမ်းသူလမ်းသားအားလုံးထဲတွင် ဝီရိယအကောင်းဆုံးမှာ အေးမဖြစ်သည်။ အေးမသည် သည်ခေါင်းလောင်းသံကို နေ့စဉ်နှင့်အမျှ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နှစ်ကြိမ်စီကြားနေရသော်လည်း ဘယ်သောအခါမျှ နားရည်ဝသည်မရှိ။ ရိုးအီသည်လည်းမရှိပေ။

ဖြစ်နိုင်ပါလျှင် သည်ခေါင်းလောင်းသံကို အကြိမ်ကြိမ်အဖန်ဖန် နာခံချင်သည်။ အခါခါ အတန်တန် နားသောတဆင်ချင်သည်။ မြို့တော်ရန်ကုန်တွင် ဂျွန်စီမံချက် (၁၈/၇၉) စသည့်အချိန် နောက်ကျလွန်းသည်ဟုပင် အေးမ အပြစ်တင်နေမိသည်။ သို့သော် ယခုလို အကောင်အထည်ဖော်ပေးလိုက်သည်ကိုလည်း ကျေးဇူးတင်နေမိသည်။

ဂျွန်စီမံချက် (၁၈/၇၉)ကို အကောင်အထည်ဖော်ရာ၌ မြို့တော်သန့်ရှင်းရမည်၊ မြို့တော်နေသူ ကျန်းမာရမည်၊ မြို့တော်သာယာရမည်၊ မြို့တော်နေသူ စည်းကမ်းရှိရမည်ဟူသော ဦးတည်ချက် ကြွေးကြော်သံများနှင့်အညီ ချီတက်လုပ်ရှားလျက်ရှိကြရာ၌ ခေါင်းလောင်းတီး အမှိုက်သိမ်းသည့် စနစ်တစ်ခုလည်း အပါအဝင်ဖြစ်၏။

အမှိုက်သိမ်းကားမှ ခေါင်းလောင်းသံသည်အခြားသူများအတွက် မထူးခြားလှသော်လည်း မိသားစုလူဦးရေတစ်ကျိပ်ကျော်ရှိသော အိမ်ထောင်စုကြီးမှ အိမ်ဖော်မလေး အေးမအတွက်မူ ခေါင်းလောင်းသံကို ပဉ္စသိခ်နတ်စောင်းသံအလား ခံစားကြည်နူးနေရသည်။

လူဦးရေများပြားလှသော အိမ်ထောင်စုကြီး၏ တာဝန်ကို ဝန်နှင့်အား၊ လေးနှင့်မြား မျှတခြင်းမရှိဘဲအိမ်ဖော်နှစ်ဦးတည်းပင်ပန်းစွာ ထမ်းဆောင်နေရသည့်အပြင်၊ အေးမက အမှိုက်သရိုက်မျိုးစုံကိုလည်း နေ့စဉ်နှင့်အမျှ လမ်းထိပ်အမှိုက်ပုံသို့ သွားရောက်ပစ်နေရသေးသည်။

သို့ဖြစ်၍လည်း ခေါင်းလောင်းတီးပြီး အိမ်ရှေ့အထိ အမှိုက်လာရောက် သိမ်းဆည်းနေသော အမှိုက်သိမ်းကားနှင့် ခေါင်းလောင်းသံကို ရိုးအီခြင်းအလျှင်းမရှိဘဲ အကြိမ်ကြိမ် အဖန်ဖန် နာခံချင်သော ဆန္ဒက ပြင်းပြနေသည်။ ကြိုဆိုတမ်းတနေမိသည်။

အထူးသဖြင့် အေးမသည် ခေါင်းလောင်းသံထက် ဘဝတူစည်ပင်သန့်ရှင်းရေး နေ့စားအလုပ်သမား ခေါင်းလောင်းသံရှင် ဖိုးထောင်ကို ပို၍ပို၍ ကြိုဆိုတမ်းတနေမိသည်။

ခေါင်းလောင်းသံကို ပဉ္စသိခ်နတ်စောင်းသံအလားတင်စားထားသည့်နှယ် ဖိုးထောင်ကိုလည်း ရာသက်ပန်ဘဝကြင်ဖော်အဖြစ် ရည်မှန်းထားပြီးဖြစ်သည်။

ရည်မှန်းတမ်းတ ထားနိုင်လောက်အောင်လည်း ဂျွန်စီမံချက်က သန္ဓေပန္နက် စိုက်ထူးပေးခဲ့သည်။ အမှိုက်သိမ်းကားက အောင်သွယ်ပေးခဲ့သည်။ ခေါင်းလောင်းသံက ဖူးစာရေးနတ် လုပ်ပေးခဲ့သည်။

ယခုတော့ အေးမနှင့် ဖိုးထောင်၊ ဖိုးထောင်နှင့် အေးမချစ်သူရည်းစားဘဝတွင် ခေါင်းလောင်းသံကလေးသည် ဖိုးထောင်အတွက် ရှေ့ပြေးအကြိုတော်ဖြစ်သလို အေးမအတွက် ဖိုးထောင်ကိုယ်စား၊ ဖိုးထောင်ကိုယ်ပွား နိုးနားလာသူအဖြစ် မျှော်လင့်ကာ ကြိုနှင့်နေရလေပြီ ။

သည်နေ့လည်း ခေါင်းလောင်းသံကို မျှော်လင့်တမ်းတနေဆဲမှာပင် လမ်းထိပ်ဘက်ဆီမှ ခေါင်းလောင်းသံ ချိုလွင်လွင်ကို ကြားလိုက်ရသောအခါ အေးမသည် အမှိုက်ခြင်းနှင့်အတူအိမ်ရှေ့သို့ ရောက်နှင့်နေလေပြီ။

အေးမတို့ အိမ်ဘေးနှစ်ဖက်နှင့် မျက်နှာချင်းဆိုင်အိမ်များမှ မည်သူမျှ ထွက်မလာကြသော်လည်း အေးမကတော့ ရှေ့ဆုံးက ရောက်နှင့်နေလေပြီ။

အေးမတစ်ယောက် ရှေ့ကရောက်နှင့်နေသည်မှာ သဘာဝကျလှသည်။ ကိုယ့်ချစ်သူကို ကိုယ်စောစော၊ တွေ့မြင်ချင်သည်မှာ သဘာဝဖြစ်သည်မို့ မည်သူက အပြစ်တင်ပါမည်နည်း။

အပြစ်တင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ အေးမကတော့ ပိုးထောင်အတွက်ဆို အထက်တာဝတိံသာအထိတက်ရဲသူဖြစ်ပါ၏။ သည်နေ့ ဖိုးထောင်ကို ပို၍တွေ့ချင်နေသည်။ အိမ်ကြီးရှင်များ မသိရလေအောင် အိမ်သာထဲတွင် ပုန်းအောင်းကွယ်ဝှက်ရေးထားသော စာကလေးတစ်စောင် ဖိုးထောင်ကို ပေးချင်၍ဖြစ်သည်။

မကြာလိုက်ပါ မျှော်တုန်းမျှော်ဆဲ မောင်လည်းရောက်လာဆိုသလို ဖိုးထောင်တို့ အမှိုက်သိမ်းကား အေးမတို့ အိမ်ရှေ့တွင် ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ဖိုးထောင်က ပီတိဖြာသောအပြုံးနှင့် အေးမထံက အမှိုက်ခြင်းကို လက်ကမ်းလိုက်သည်။

အေးမက အမှိုက်ခြင်းကို မနိုင့်တနိုင် ပင့်ကာ ဖိုးထောင်ဆီသို့ ကမ်းပေးလိုက်၏။ ပြီးတော့ တိုးတိုးကလေးပြောလိုက်

သည်- "အဲဒီအထဲမှာ စာပါတယ် ကိုဖိုးထောင်၊ ဟုတ်လား အေးမ၊ တကယ်နော်"

"ဟုတ်ပါတယ်တော်... မြန်မြန်ယူစမ်းပါ။ သူများတွေ ရိပ်မိကုန်လိမ့်မယ်"

"အေး...အေး..."

ဖိုးထောင်သည် အေးမ၏ အမှိုက်ခြင်းထဲမှ အမှိုက်များကို ဖြည်းဖြည်းကလေးသွန်ကာ အမှိုက်ခြင်းကိုလည်း မပေးချင် ပေးချင်နှင့် ပြန်၍ပေးလိုက်၏။ ပြီးတော့ အေးမကို မျက်လုံး တစ်ဖက်မှိတ်ပြကာ ပြုံးစစနှင့်ကြည့်လိုက်သည်။

အေးမကလည်း ဖိုးထောင်ကို မခို့တရို့ ပြန်၍ပြုံးပြကာ ကျောခိုင်းလိုက်လေသည်။ ဖိုးထောင်သည် အေးမကိုငေး၍ ကျန်ခဲ့ရင်းက အခြားဘေးအိမ်များမှ အမှိုက်များကို သိမ်းပေး လိုက်သည်။

ကားကလည်း ထွက်ခွာလေပြီ။

သည်တော့မှ ဖိုးထောင်သည် အေးမ၏စာကို အမှိုက်ပုံ ထဲမှ ကြက်ယက်သလို အပြေးတစ်ပိုင်း ရှာရသည်။ ကြာကြာ မရှာလိုက်ရ၊ စာအိတ်ဟောင်းတစ်အိတ်ထဲမှ အေးမ၏စာကို တွေ့လိုက်ရသည်။

ကိုဖိုးထောင်...

သိပ်အရေးကြီးတဲ့ကိစ္စရှိလို့ ရှင်နဲ့တိုင်ပင်ချင်တယ်။ ရှင်နဲ့တွေ့နေကျ (၃၈)လမ်းဈေး၊ သမာဓိချိန်ခွင်ဆိုင်ဘေးမှာ မနက်ဖြန်ညနေ (၄)နာရီမှာ ဆက်ဆက်စောင့်နေပါ။ဒါပါပဲ။

**ရှင့်ရဲ့ အေးမ**

အေးမစာကိုဖတ်ပြီး ဖိုးထောင်တစ်ယောက် ရင်မောသွားရသည်။ ယခင်က တစ်လနှစ်ကြိမ်ခန့် အေးမနှင့်ချိန်း၍ တွေ့ဆုံနေကျဖြစ်သော်လည်း၊ ယခုလို အရေးကြီးသောကိစ္စမျိုး ဟူ၍ မပြောဖူး၊ မရေးဖူး၊ မဆွေးနွေးဖူးခဲ့ကြပေ။

ယခုတော့ အရေးကြီးတဲ့ ကိစ္စဆိုပါလား၊ ဖိုးထောင် တစ်ယောက် ဗျာများရလေပြီ၊ စဉ်းစားရလေပြီ။ အမှိုက်သိမ်း ကားကြီးကတော့ သူ့တာဝန် ကျေပွန်လျက်။ ခေါင်းလောင်း သံကလည်း တစ်လမ်းပြီးတစ်လမ်း လွင့်ပျံလျက် ခရီးဆက်မြဲ ပင်တည်း။

× × × × × × × × ×

(၃၈)လမ်းဈေးထဲရှိ သမာဓိချိန်ခွင်ဆိုင်ဘေးမှာ ဖိုးထောင် ထိုင်၍စောင့်နေသည်မှာ နာရီဝက်ခန့်ပင်ရှိလေပြီ၊ ညနေသုံးနာရီ ခွဲကတည်းက ကြိုပြီးရောက်နှင့်နေ၏။ လေးနာရီထိုးလေပြီ။ အေးမက ပေါ်မလာသေး။

ဖိုးထောင်က အေးမလာရာလမ်းဆီသို့ မှန်း၍မျှော်ရ သည်မှာ မောလှလေပြီ။ ထိုင်ရနိုးနိုး ထရနိုးနိုးဖြင့် မရိုးမရွဖြစ် ကာ စိတ်ဂနာမငြိမ် ဖြစ်နေသည်။ ဖိုးထောင်အဖြစ်ကမျောက်မီးခဲ ကိုင်မိသလိုပင်။

လေးနာရီတစ်ဆယ့်ငါးမိနစ်လောက်ကျမှ အေးမက ပေါက်ချလာသည်။ နှစ်ယောက်ထိုင်နေကျ လက်ဖက်ရည် ဆိုင်မှာ ထိုင်လိုက်ရင်း ဖိုးထောင်က စလိုက်သည်။

"ကဲ.. အရေးကြီးတဲ့ကိစ္စဆိုတာဘာလဲ အေးမ"

"ကျွန်မကြုံဖူးတဲ့အိမ်ရှင်တွေထဲမှာ လက်ရှိအိမ်ရှင်ဟာ အကောင်းဆုံးပဲလို့ ရှင့်ကို ပြောထားတာနော်"

"အေးပါ အေးမရယ်၊ အဲဒါ ဘာဖြစ်လို့လဲ။ ဘယ်အိမ်ရှင် ပဲကောင်းကောင်း နင့်ဘဝကို အိမ်ဖော်ဘဝအဖြစ် တစ်သက်လုံး ငါ နှစ်မထားရက်ဘူး၊ ပစ်မထားရက်ဘူး။ စိတ်ချပါ ဟိုအရေး ကြီးတဲ့ကိစ္စဆိုတာသာပြောစမ်းပါ"

"ပြောပါ့မယ်ရှင်၊ အဲဒါပြောမလို့ စကားစရုံရှိသေးရင်က လေရှည်နေလို့"

"ကဲ... ပြောစမ်းပါအေးမရယ်၊ မြန်မြန်ပြောစမ်းပါ"

"အဲဒီ အကောင်းဆုံး ကျွန်မရဲ့အိမ်ရှင်အဘိုးကြီးဟာ အယုတ်မာဆုံး ဖြစ်နေပြီဆိုတာ ရှင့်ကို ပြောချင်လို့"

"ဘာ... အယုတ်မာဆုံးဖြစ်နေပြီ ဟုတ်လား၊ ဘာလဲ နင့်ကို မတော်မတရား ကြံလို့လား။ ဒီမှာ အေးမ၊ ငါ့အသက်နဲ့ လဲပစ်လိုက်မယ် သိလား"

ဖိုးထောင်သည် အံကိုကြိတ်ကာ ဒေါမာန်ပါပါဖြင့် ကြိမ်းဝါးလိုက်သည်။ အေးမကဖိုးထောင်ကိုကြည့်ကာ ကျေနပ် ပြုံး ပြုံးလိုက်၏။

"စိတ်အေးအေးထားစမ်းပါ ကိုဖိုးထောင်ရယ်၊ ရှင်ထင် သလိုမဟုတ်ပါဘူး။ ကျွန်မတစ်ယောက်တည်းအပေါ် ယုတ်မာ ရင် ကျွန်မ ကြိုးစားပြီး ခွင့်လွှတ်နိုင်ပါသေးတယ်၊ အခုတော့.."

"အခုတော့ ဘာဖြစ်လဲ"

"အခုတော့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသလို ဘေးသူတွေအားလုံး ဒုက္ခရောက်စေမယ့် လူငယ်တွေ သေဘေးနဲ့ နီးစေတဲ့ မူးယစ်ဆေး ဘိန်းဖြူတွေ ရောင်းဝယ်နေတာရှင့်"

"ဟုတ်လား အေးမ၊ နင် တကယ်သိလို့လား"

"သိတာ မကြာသေးပါဘူး၊ သေချာအောင် စောင့်ကြည့် နေတာရယ်၊ ပြီးတော့ ကျွန်မတို့နောင်ရေးက ရှိသေးတယ်

မဟုတ်လား"

"နောင်ရေးက ဘာဖြစ်လဲ၊ ဒီမှာအေးမ သေချာရင် အဲဒီအိမ်မှာမနေနဲ့တော့၊ နှင်ပါ အဆစ်ပါပြီး ဒုက္ခဖြတ်သွားမယ်"

"အဲဒီအိမ်မှာမနေရင် ဘယ်မှာသွားနေရလဲ"

"ဘာမှမပူနဲ့ အေးမ၊ တို့နှစ်ယောက် လက်ထပ်မယ်။ နှင်တစ်ယောက်တိုးလာလို့ တို့အိမ်မှာ ပိုထူးမလာဘူး။ တို့အတူနေကြတာပေါ့"

အေးမက ခေါင်းကိုခါလိုက်သည်။ စိတ်ညစ်သွားပုံလည်းရသည်။ နဖူးပေါ်တွင် စို့နေသော ချွေးစကလေးများကိုလက်ကိုင်ပဝါကလေးဖြင့် သုတ်လိုက်သည်။

"ဖြစ်နိုင်မယ် မထင်ဘူး ကိုဖိုးထောင်ရယ်၊ လက်ထပ်တာလွယ်တယ်၊ ဘာနဲ့ သွားစားကြမလဲ"

ဖိုးထောင်က စားပွဲကို လက်ဖဝါးနှင့် ဖျန်းခနဲရိုက်လိုက်ရင်း တက်တက်ကြွကြွ ဖွင့်ဟလိုက်သည်။

"ဒီမှာ အေးမ၊ နှင်လုပ်နေတဲ့ အိမ်ဖော်အလုပ်ထက်မြင့်မြတ်တယ်၊ လွတ်လပ်တယ်၊ ဝင်ငွေလည်းကောင်းတယ်၊ အရင်းအနှီးလည်း သိပ်မလိုဘူး။ အဲဒီအလုပ်ကို နှင်လုပ်မလားဟင်..."

"ဘာအလုပ်လဲ"

"ရေခဲရေ ရောင်းတဲ့အလုပ်။ ဒါမှမဟုတ် ရေခဲချောင်းရောင်းတဲ့အလုပ်ပေါ့ဟ။ နှင် စဉ်းစားကြည့်စမ်း။ နှင် လုပ်နိုင်သလောက် ဝင်ငွေရမယ်။ နေရာကောင်းရင် တစ်နေ့ နှစ်ဆယ်အစိတ်တောင်ဝင်တယ်။ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့အလုပ်လေ"

ဖိုးထောင်၏စကားကို အေးမ သဘောကျသွားသည်။ အိမ်ဖော်ဘဝ၊ အခိုင်းအစေခံဘဝ၊ အနှိမ်ခံဘဝ၊ စားကောင်းသောက်ဖွယ် ရသာချိုချဉ်မျိုးစုံကို တစ်နေကုန် ကိုယ်ကချက်ပြုတ်ပေးနေရသော်လည်း စားချင်မှ စားရသည့်ဘဝ၊ စားရသော်လည်း စားကြွင်းစားကျန် အရိုးအရွတ်များကိုသာ မသထာရေစာ စားနေရသည့်ဘဝ။ ညစ်ပတ်နံစော်နေသည့် အဝတ်အစားများကို အော့နှလုံးနာစွာ လျှော်ဖွပ်ပေးရသည့်ဘဝ၊ နံနက်လေးနာရီ အိပ်ရာထ၊ ညဘက်အိမ်ရှင်များ အိပ်ရာဝင်သည့်တိုင် မအိပ်ရသေးဘဲ နောက်တစ်နေ့အတွက် ပြင်ဆင်နေရသောကြောင့် ညဉ့်နက်သန်းခေါင်အချိန်မှ အိပ်ရသည့်ဘဝ၊ ကြက်အိပ်ကြက်နိုး နေရသည့်ဘဝ၊ မျက်နှာကောင်းမရသည့်ဘဝ၊ မလွတ်လပ်သည့် မပျော်ပါးရသည့်ဘဝ။ မသတီစရာအနှီဘဝဆိုးမှ လွတ်ချင်ကျွတ်ချင်လှပါပြီ။ စားဝတ်နေရေးအတွက်ကြောင့် ကြိတ်မှိတ်ရှန်းကန် နေရခြင်းဖြစ်သည်။

ဖိုးထောင်ပြောသည့် အလုပ်ကို လုပ်ကြည့်ချင်သည်။ စမ်းကြည့်ချင်သည်။ သည်အတွက်ကြောင့် ဖိုးထောင်၏ ဆန္ဒကို လိုက်လျောသည့်သဘောဖြင့် ငြိမ်နေလိုက်သည်၊ သူတို့စကားဝိုင်း ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ဖိုးထောင်ကရေနွေးကြမ်းကို တစ်ငုံငုံကာ စကားဆက်လိုက်သည်။

"ကဲ.. အေးမ၊ နှင် အဲဒီအိမ်ပေါ်ကဆင်းခဲ့ပါ။ နှင့်ရဲ့အိမ်ဖော်ဘဝကို ဇာတ်မြုပ်လိုက်ပါတော့။ သမ္မာအာဇီဝ အလုပ်ဖြစ်တဲ့ ရေခဲရေသည်ကလေး ဘဝကိုခံယူရင်း တို့နှစ်ယောက်လက်တွဲကြပါစို့ဟယ်။ နှင်လည်း လူငယ်၊ ငါလည်း လူငယ်အရွယ်ရှိတုန်း ကြိုးစားလိုက်ကြမယ်ဆိုရင် တို့ဘဝအတွက်အခက်အခဲမရှိနိုင်ပါဘူး၊ အဆင်ပြေမှာပါ အေးမရယ်... နော်.. အေးမ"

အေးမက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ရင်း ပြန်ပြောလိုက်သည်။

"ဟို... ဘိန်းဖြူကိစ္စကရော"

"ဘာမှ ပူမနေနဲ့။ နှင် ဆင်းလာပြီးတဲ့ နောက်ပိုင်းမှာ ငါ ကြည့်စီစဉ်ပါ့မယ်"

"ဒီလိုဆိုလည်း ပြီးတာပဲ၊ ကျွန်မ ဘယ်တော့လာရမလဲ"

"မနက်ဖြန်ညနေ ဒီအချိန် ဒီနေရာကိုသာ လာခဲ့ပါ"

"လောလှချည်လား ဆရာကြီးရဲ့"

"မြန်လေ ကောင်းလေပေါ့ဟာ"

"ဟင်း.. တော်တော်ကဲ"

"သြော်... ငါက အကောင်းပြောတာပါဟ။ ရေခဲရေရောင်းချိန် ကုန်သွားမှာစိုးလို့ပါ"

"တော်စမ်းပါ ကိုစကားတတ်ကြီးရယ်၊ ကဲ... နောက်ကျနေပြီ ပြန်မှဖြစ်မယ်၊ မနက်ဖြန် ဆက်ဆက်လာခဲ့မယ်၊စောင့်နေနော်"

အေးမသည် ပြောပြောဆိုဆို စားပွဲမှ ထလိုက်သည်။ ဖိုးထောင်ကလည်း ကျသင့်ငွေကို စားပွဲပေါ်တွင် တင်ခဲ့ကာ ထလိုက်သည်။ နှစ်ယောက်သား မတိုင်ပင်ပါလျက်ဆိုင်ထဲမှ ပြိုင်တူထွက်ခဲ့ကြသည်။ မြန်လိုက်သည်ဖြစ်ခြင်း၊ ငွမ်းစဖြူလွလွကလေးတွေ လေထဲတွင် ပျံဝဲနေသလို ပေါ့ပါးလှပါဘိ။

အားမာန်ကိုယ်စီ၊ အပြုံးတွေ ကိုယ်စီနှင့်။

× × × × × × × × ×

"ဒေါက်…ဒေါက်…ဒေါက်…ဒေါက်…"

"ဒေါက်…ဒေါက်…ဒေါက်…ဒေါက်…"

"ရေခဲရေ အေးအေးကလေး ရမယ်နော်"

"ပင်ပန်းနေသလား၊ လန်းသွားစေရမယ်"

"နွမ်းနေသလား၊ လန်းသွားစေရမယ်"

"ရေခဲရေ အေးအေးသန့်သန့်ကလေးနော်"

"ဒေါက်…ဒေါက်…ဒေါက်…ဒေါက်…"

"ဒေါက်…ဒေါက်…ဒေါက်…ဒေါက်…"

ရေဆွဲသံပုံး (ဝါ) လက်ဆွဲသံပုံးကို ရေဖန်ခွက်နှင့် စည်းချက် ဝါးချက်ကျကျ တီးခေါက်လိုက် တစာစာနှင့် အော်ဟစ်လိုက် နားထောင်၍ပင် ကောင်းသေးသည်။

ရေခဲရေသည်မလေး အေးမ၏ လှုပ်ရှားမှုပင်တည်း။

ပပဝင်း ရုပ်ရှင်ရုံအောက်တွင် တက်ကြွသော အားမာန်၊ ထက်သန်သော ဟန်ပန် အနေအထားဖြင့် အေးမ တစ်ယောက် တဒေါက်ဒေါက်နှင့် ရေခဲရေရောင်းနေသည်ကို မလှမ်းမကမ်းမှ ကြည့်နေသော ဖိုးထောင်က အားရကျေနပ်နေလေသည်။

သူတို့ဇနီးမောင်နှံ၏ ဘဝခရီးလမ်းသည် ဖြောင့်တန်းသာယာနေလေပြီ၊ ပြေပြစ်ချောမွေ့နေလေပြီ။

အိမ်ထောင်သက်တမ်း တစ်လရှိခဲ့သလို အေးမ၏ ရေခဲရေရောင်းသည့် သက်တမ်းသည်လည်း သုံးပတ်ကျော်ခဲ့လေပြီ။ သူတို့နှစ်ဦးလက်ထပ်ပြီး အေးမက ငါးရက်လောက်သာအိမ်မှာ နေကာ ရေခဲရေရောင်းခဲ့သည်။ ရောင်းခါစတွင် မဝံ့မရဲ ဖြစ်နေသေးသည်။

သူများတွေခေါ်သလိုလည်း နှုတ်ကမရဲ။ ရေဆွဲပုံးကို စည်းချက်ဝါးချက်ကျကျလည်း လှလှပပ မခေါက်တတ်၊ ခေါက်ပြန်တော့လည်း တောခြောက်သလို ဖြစ်နေသဖြင့် စိတ်ထဲက တထင့်ထင့် ကြောင်စီစီဖြစ်နေခဲ့သည်မှာတစ်ပတ်ခန့်ပင်။

သို့သော် မကြာပါ။ မုဆိုး စိုင်သင်ဆိုသလို အလုပ်က လူကိုသင်လာသည်။ ရေဆွဲပုံးကို ဒစ္စကိုတေးသွားလိုပင် တီးခေါက်တတ်လာသည်။ ဝင်ငွေကလည်း ကောင်းလာသည်။ ရေက ငွေဖြစ်နေသောကြောင့် အလိုလိုပင်ပျော်လာသည်။ ရဲဝံ့တက်ကြွလာသည်။ ရေခဲရေရောင်းချရန် စိတ်ဝင်စားလာသည်။ သည်တော့ ဝီရိယလွန်လာသည်။

ဖိုးထောင် မနေသာတော့ အေးမကို ဖျောင်းဖျ၍တားနေရသည်။ သို့သော် မရ၊ အေးမ ဝီရိယ လွန်ကဲဆဲပင်။ အိမ်ဖော်ဘဝက လွတ်မြောက်ခဲ့သော အေးမသည် သူ့ဘဝကို ဘယ်သော အခါမှ မေ့လိမ့်မည်မဟုတ်။ လွတ်အောင်ကျွတ်အောင် ကယ်ဆယ် စောင်မခဲ့သည့် ပထမကျေးဇူးရှင်မှာ မြို့တော်စည်ပင်နှင့် ဂျူနီစီမံချက်၊ ဒုတိယကျေးဇူးရှင်မှာ အမှိုက်သိမ်းခေါင်းလောင်းသံ၊ တတိယလည်းဖြစ် အဓိကလည်းဖြစ်သည့် ကျေးဇူးရှင်မှာ ခေါင်းလောင်းသံပိုင်ရှင် သူ့ချစ်လင် ဖိုးထောင် စသည့် ကျေးဇူးရှင်များကိုလည်း ထာဝရ ဦးထိပ်ပန်ဆင်လျက်။

အထူးသဖြင့် ဖိုးထောင်သည် သူ့ချစ်လင် ဖြစ်သလို သူ့ဘဝ ကယ်တင်ရှင်အဖြစ် သူ၏ ရင်ထဲ အသည်းထဲ နှလုံးသားထဲတွင် ထာဝစဉ်ရှိနေမည်သာပင်။

အိမ်စေဘဝ၊ အိမ်ဖော်ဘဝ၊ အနိမ့်ခံဘဝနှင့် လွတ်လပ်သော ရေခဲရေသည် ဘဝသည် မိုးနှင့်မြေလို ကွာခြားသည်ဟု အေးမက ခံယူထားလိုက်ပြီ။ ကိုယ်လုပ်သလောက် ကိုယ်ခံစားခွင့် ရှိနေကြောင်းကို လက်တွေ့ဘဝပေးသင်ခန်းစာအရ ကောင်းကောင်းကြီး နားလည်နေပေပြီ။

သည်အတွက်ကြောင့်လည်း နောင်ရေးကို စိတ်အေးရအောင် ရေခဲရေကို မနားတမ်း ရောင်းချနေခဲ့သည်။ အချိန်ရှိခိုက် လုံ့လစိုက်ဆိုသလို မနိုမကပ် မရပ်မနား အားတက်စွာလှုပ်ရှားနေခဲ့သည်။ ရာသီနှင့်အမီ ဝီရိယ စိုက်ထုတ်နေရခြင်းဖြစ်သည်။

အေးမ၏ စိတ်ဓာတ်ကို ဖိုးထောင်ကလည်း အသိ။

ရေခဲရေသည်မကလေး အေးမ၊ သူ့ဇနီး အေးမ၏ ဟန်အမူအရာကိုကြည့်ကာ ပီတိဖြာနေသည်။

"ဒေါက်…ဒေါက်…ဒေါက်…ဒေါက်…"

"ဒေါက်…ဒေါက်…ဒေါက်…ဒေါက်…"

"ရေခဲရေ အေးအေးကလေးနော်"

"ရေခဲရေ သန့်သန့်အေးအေးကလေးနော်"

"ကျွန်တော့်ကို တစ်ခွက်ပေးပါ"

အေးမသည် ရေပုံးထဲကရေကို ဖန်ခွက်တစ်ခွက်နှင့်ခပ်ပြီး ရေခဲတုံးပေါ်သို့ လောင်းချလိုက်၊ ဖန်ခွက်နှင့် ခံထားလိုက်၊ သုံးလေးကြိမ်လုပ်ပြီး ရေဖန်ခွက်ကို ကမ်းလိုက်ရာ ပြုံးပြုံးကြီး ကြည့်နေသော ဖိုးထောင်ကို အံ့အားသင့်စွာ တွေ့လိုက်ရသည်။ ဖိုးထောင်က အသံကို ဖျက်၍ တောင်းသောကြောင့် မသိလိုက်ခြင်းဖြစ်ပါသည်။

"ဟင်…ရှင်…ကိုဖိုးထောင်၊ ရှင် ဘယ်အချိန်က ရောက်နေတာလဲ"

"ရောက်နေတာ ကြာပါပြီ အေးမရယ်၊ ကိုယ့်ဇနီးရဲ့ ရှုမငြီး

တဲ့ ရေခဲရေရောင်းပုံကလေးကို အားရပါးရကြည့်ပြီးပီတိဖြစ်နေတာပါ"

ဖိုးထောင်သည် အေးမထံက ရေဖန်ခွက်ကို လှမ်းယူလိုက်ရင်းက ပြန်ပြောလိုက်သည်။

ရေခဲရေကိုလည်း ဆာလောင်မွတ်သိပ်စွာ မနားတမ်းသောက်ချလိုက်သည်။ အေးမက သူ့ခင်ပွန်း ဖိုးထောင် ရေခဲရေသောက်ဟန်ကို သဘောကျကာ ပြုံးပြီးကြည့်နေလေသည်။

ဖိုးထောင်က ဖန်ခွက်ကိုပြန်ချလိုက်သောအခါ အေးမက နောက်တစ်ခွက် ထည့်ပေးလိုက်ပြန်သည်။ ဖိုးထောင်ကလည်း ထပ်၍ သောက်လိုက်ပြန်သည်။ ဖန်ခွက်ကို ပြန်ချလိုက်ရင်းက အေးမကို ပြောလိုက်သည်။

“တော်ပြီ အေးမရေ၊ တို့ဘတ်ဂျက်ကို ထိခိုက်နေဦးမယ်”

“မထိခိုက်ပါဘူးတော်၊ အခုတောင်(၁၅/-)ကျော်ရနေပြီသိလား”

“ဟာ... တယ်ဟုတ်ပါလား။ ဒီလိုဆို ငါပါ စည်ပင်သာယာကထွက်ပြီး အေးမနဲ့အပြိုင်ရောင်းတော့မယ်ဟေ့”

“တော်စမ်းပါရှင်၊ ဒါက ခါတော်မီ ရာသီပေါ် အလုပ်ရှင့်။ တစ်နေ့ရှေ့ တစ်နေ့ငွေရှင့် သိရဲ့လား။ ရှင့်အလုပ်ကမှ ပုံမှန်ဝင်ငွေရတဲ့အလုပ်၊ စိတ်ကူးမလွဲစမ်းပါနဲ့ရှင်။ ကဲ... ဒါအသာထားစမ်း၊ အလုပ်ချိန်ကြီးမှာ ဘာလာလုပ်တာလဲ”

“ဟဲ...ဟဲ...ဟဲ...”

“ဘာရယ်နေတာလဲ ပြောလေ၊ ဘာလာလုပ်တာလဲလို့”

ဖိုးထောင်က အေးမအမေးကို မဖြေသေးဘဲနှင့် ရယ်ကျဲကျဲလုပ်နေလေသည်။ အေးမက အတင်းအကျပ် နားပူနားဆာလုပ်ပါမှ ဖိုးထောင်က သူ့လက်ထဲက သတင်းစာကိုလှန်ပြီး သတင်းတစ်ပုဒ်ကို ပြလိုက်သည်။

“ရော့.. အဲဒါ ဖတ်ကြည့်”

အေးမသည် ဖိုးထောင်ပြသော သတင်းခေါင်းစဉ်ကိုဖတ်နေရင်းက မျက်လုံးပြူးသွားသည်။ အံ့အားလည်းသင့်သွားသည်။ သတင်းစာကို ကိုင်ထားသော အေးမ၏ လက်များပင် တုန်လာသည်။

သတင်းက အခြားမဟုတ်။ သူ နောက်ဆုံးနေခဲ့သောအိမ်မှ အိမ်ရှင်အဘိုးကြီးကို မူးယစ်ဆေးဝါး ရောင်းဝယ်မှုဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည့် သတင်းပင်ဖြစ်သည်။

အေးမသည် သတင်းစာကိုဖတ်ပြီး သက်ပြင်းကိုလေးတွဲ့စွာချကာ ဖိုးထောင်ကို ကြည့်လိုက်ရာ ဖိုးထောင်က “ ကဲ... ဘယ်နှယ့်ရှိစ”ဟူသော ပုံစံမျိုးဖြင့် အေးမကို စိုက်ကြည့်လိုက်သည်။

အေးမ နားလည်လိုက်လေပြီ။

ဖိုးထောင်၏ လက်ချက်ပင်တည်း။

ဖိုးထောင်သည် အေးမ၏ ဘဝကို ကယ်တင်ရုံမက မျိုးနွယ်ဆက်သစ်လူငယ်ထုတစ်ရပ်လုံးအတွက် ကယ်တင်ရှင်လည်းဖြစ်ခဲ့လေပြီ။ သူ့ ခင်ပွန်းအတွက် သူ ဂုဏ်ယူနေမိသည်။

“ရေခဲရေတစ်ခွက်လောက်”

“ကျွန်တော်လည်း တစ်ခွက်လောက်”

ရေခဲရေဝယ်သူများ ကျလာသောကြောင့် အတွေးကပြတ်သွားသည်။ အငေးလည်း ရပ်သွားသည်။ သို့သော် စောစောက အံ့အားသင့် တုန်လှုပ်ခဲ့သော်လည်း ကျေနပ်မှုကတော့ အပြည့်။

“ကဲ.. အေးမ ငါပြန်တော့မယ်။ အဲဒါ လာပြတာ”

ဖိုးထောင်သည် သတင်းစာကို မေးငေါ့ပြကာနှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။ အေးမသည် ဖိုးထောင်ကို စကားမပြန်နိုင်တော့ဘဲ လက်ကဇယ်ဆက်သလို ဖန်ခွက်များနှင့် အလုပ်ရှုပ်သွားရသည်။ ဝယ်သူ ရှင်းသွားသောအခါ ဖိုးထောင်ကို မှုန်ပြပြသာ မြင်လိုက်ရတော့သည်။ လက်ကလည်း ယောင်၍ ခေါက်နေမိသည်။ စည်းချက်ကျလှသည့် ရေခဲရေရောင်းသည့် အချက်ပေးသံများက ပေါ်ထွက်လာသည်။

“ဒေါက်...ဒေါက်...ဒေါက်...ဒေါက်...”

“ဒေါက်...ဒေါက်...ဒေါက်...ဒေါက်...”

အေးမ၏ ဒေါက်...ဒေါက်...ဒေါက်...ဒေါက်... ရေခဲရေရောင်းချသံလေးက ဖိုးထောင်၏နောက်သို့ ကပ်ပါသွားသလို ဖိုးထောင်၏ဂလောင်..ဂလောင်..ဂလောင်ဟူသော အမှိုက်သိမ်းခေါင်းလောင်းသံကလေးကလည်း အေးမ၏ နားထဲ ပျံ့ဝဲလျက်ရှိနေသည်။

တကယ်တော့ သည်အသံကလေးများသည် သူတို့ကြင်စဦးဇနီးမောင်နှံအတွက် ထွက်ရပ်ပေါက် တိုက်ပွဲဝင်သံစဉ်များ၊ ဘဝတက်လမ်း လှုံ့ဆော်ရေးတေးသံများ(ဝါ)မေတ္တာတေးသံသာများပင် မဟုတ်ပါလား။

× × ×   × × ×   × × ×

**မှတ်ချက်။ ၁၉၇၉ခုနှစ်ကမြို့တော်စည်ပင်၏ ဂျွန်စီမံချက် (၁၈/၇၉)ကို အမှတ်တရ ဂုဏ်ပြုလျက်**


**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**

ကျွန်တော်တို့ကို ခြောက်လှန့်နေသည့် အောက်မေ့သတိရစရာများသည် တော်တော်တော့ ထူးဆန်းပါသည်။ တော်တော်နှင့် မေ့ပျောက်၍ မရအောင် ဖြစ်နေတတ်ပါသည်။ –

အဖြစ်အပျက်တစ်ခုမှာတော်တော်ကြာပါပြီ။ သို့ရာတွင် ကျွန်တော့်မှတ်ဥာဏ်ထဲတွင် ယခုတိုင် ဖျောက်ဖျက်၍မရနိုင်

# မြသန်းတင့်

## သူ၏ကြောင်း မယန်းမှုး



အောင် စွဲနေပါသေးသည်။ အကြောင်းကို တော့ရှာမရပါ။ ကျွန်တော့် ဘဝတွင်စိတ်ပျက်စရာ၊ ကြောက်စရာ အဖြစ်အပျက်များစွာ ကြုံတွေ့ခဲ့ဖူးပါပြီ။ သို့ရာတွင် အမေပွင့်၏ မျက်နှာကိုကျွန်တော့်မျက်စိထဲတွင် ယနေ့တိုင် မြင်ယောင်၍သာနေပါသည်။ သူ့ကို သတိမရသော နေ့ဆို၍ တစ်နေ့မျှမရှိဖူးပါ။ ကျွန်တော် အမေပွင့်ကို သိခဲ့သည်မှာလည်း ကြာလှပါပြီ။ ကျွန်တော်ဆယ်နှစ်၊ ဆယ်နှစ်နှစ်သားလောက်ကတည်းက သိခဲ့ခြင်းဖြစ်ပါသည်။ –

အမေပွင့်သည် အပ်ချုပ်သည် အဘွားကြီးတစ်ဦးဖြစ်ပါသည်။ သီတင်းပတ်တိုင်း ကြာသပတေးနေ့သို့ ရောက်လျှင် ကျွန်တော်တို့အိမ်သို့ ရောက်လာတတ်ပြီး အဝတ်အစုတ် အပြဲများကိုချုပ်ပေးတတ်ပါသည်။ ထိုစဉ်က ကျွန်တော့်မိဘများ၏အိမ်မှာ ရှားတိုးခေါ်သည့် တောအိမ်မျိုးဖြစ်ပါသည်။ အမိုးချွန်ချွန်တွေနှင့် ရှေးအိမ်မျိုးဖြစ်ပြီး အိမ်အနီးတစ်ဝိုက်တွင်လည်း ယာတောသုံးလေးခုလောက်ရှိပါသည်။

ရွာမှာ ဈေးမြို့ကလေးတစ်မြို့လောက်ရှိသည့် ရွာကြီးဖြစ်ပြီး ကျွန်တော်တို့တောအိမ်ကလေးနှင့် မလှမ်းမကမ်းတွင် ရှိပါသည်။ ရွာလယ်တွင် အုတ်နီရောင်သမ်းနေသည့် ဘုရားရှိခိုးကျောင်းတစ်ဆောင်ရှိသော်လည်း ယခုမူ ဟောင်းနွမ်းအိုမင်းကာ အရောင်ကလည်း မည်းနက်နေပါပြီ။

ကြာသပတေးနေ့ဆိုလျှင် အမေပွင့်သည် မနက်ခြောက်နာရီခွဲနှင့် ခုနစ်နာရီကြားတွင် ကျွန်တော်တို့အိမ်သို့ ရောက်လာတတ်ပါသည်။ အိမ်သို့ရောက်သည်နှင့် အပ်ချုပ်ခန်းထဲသို့ ဝင်သွားကာ အဝတ်များကို ချုပ်နေတတ်ပါသည်။ အမေပွင့်သည် အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ အမွေးအမျှင်ထူထူနှင့် ဖြစ်ပါသည်။ ပါးပြင်တွင် မှတ်ဆိတ်တွေပေါက်နေပါသည်။ မှတ်ဆိတ်များမှာ နှာခေါင်းအောက်တွင်လည်းရှိပါသည်။ နှာခေါင်းတစ်ဝိုက်တွင်လည်းရှိပါသည်။ မေးတွင်လည်းရှိပါသည်။ မျက်ခုံးမွေးများမှာ ထူထဲရှည်လျားပြီး ဖွာဖွေးနေပါပြီ။ သူ့မျက်ခုံးမွေးထူပုံမှာ နှုတ်ခမ်းမွေးကိုနေရာမှားပြီး တပ်ထားသလား ထင်လောက်အောင်ပင် ဖြစ်ပါသည်။

အမေပွင့် လမ်းသွားလျှင်လည်း နိမ့်လိုက် မြင့်လိုက်နှင့် ထော့နင်းထော့နင်းဖြစ်နေပါသည်။ သို့ရာတွင် ခြေတစ်ဖက်ဆာနေပုံမှာ ခြေကျိုးသူများ ခြေတစ်ဖက်ဆာနေပုံမျိုးမဟုတ်ပါ။ သင်္ဘောကြီးတစ်စင်း လှိုင်းလုံးများကြားထဲတွင် နိမ့်လိုက်မြင့်လိုက် ဖြစ်နေပုံမျိုးနှင့်တူပါသည်။ ကိုယ်ကို မြဲမြံသော ခြေထောက်ပေါ်တွင် ရိုးကြီးဂေါင်ဂင် ဖြစ်သလောက် ပေါ့ပါးဖျတ်လတ်သည့် ခန္ဓာကိုယ်ကို မတ်လိုက်သည်နှင့် သူ့ပုံသဏ္ဌာန်သည် ကြီးမားသော လှိုင်းလုံးကြီးတစ်လုံးကို ကျော်လွှားရန် အရှိန်ယူလိုက်သည်နှင့် တူနေပြီး၊ ထို့နောက် ချက်ချင်းပင် ချောက်ကမ်းပါးကြီး တစ်ခုထဲသို့ဆင်းကာ မြေကြီးအောက်တွင် ပျောက်ကွယ်သွားတော့မည့်နှယ် နိမ့်ဆင်းသွားပါသည်။

သူ လမ်းလျှောက်ပုံကိုကြည့်၍ မှန်တိုင်းထဲတွင်ရောက်နေသော သင်္ဘောတစ်စင်းကို သတိရစေပါသည်။ ခေါင်းတွင် ဦးထုပ်ဖြူတစ်လုံးကို ဆောင်းထားပြီး ထိုဦးထုပ်မှ ဖဲကြိုးများသည်။ သူ့ကျောပေါ်သို့ ဝဲကျနေကြပါသည်။ လမ်းလျှောက်တိုင်း သူ့ခေါင်းသည် တောင်မှမြောက်၊ မြောက်မှ တောင်သို့ မိုးကုတ်စက်ဝိုင်း တစ်လျှောက်တွင် လှုပ်ယမ်းနေသကဲ့သို့ရှိသည်။

ကျွန်တော်သည် အမေပွင့်ကို ချစ်ပါသည်။ အိပ်ရာမှနိုးသည်နှင့် အမေပွင့်ရှိရာ အဝတ်ချုပ်ခန်းထဲသို့ရောက်သွားပါသည်။ အမေပွင့်သည် အခန်းထဲတွင် ခြေထောက်အောက်တွင် ခြေထောက်



သူ လမ်းလျှောက်ပုံကိုကြည့်၍ မှန်တိုင်းထဲတွင်ရောက်နေသော သင်္ဘောတစ်စင်းကို သတိရစေပါသည်။ ခေါင်းတွင် ဦးထုပ်ဖြူတစ်လုံးကို ဆောင်းထားပြီး ထိုဦးထုပ်မှ ဖဲကြိုးများသည်။ သူ့ကျောပေါ်သို့ ဝဲကျနေကြပါသည်။ လမ်းလျှောက်တိုင်း သူ့ခေါင်းသည် တောင်မှမြောက်၊ မြောက်မှတောင်သို့ မိုးကုတ်စက်ဝိုင်းတစ်လျှောက်တွင် လှုပ်ယမ်းနေသကဲ့သို့ရှိသည်။

ထွေးသည့် အဝတ်တစ်ခုကိုခင်းပြီးအပ်ချုပ်နေတတ်ပါသည်။ ကျွန်တော်ရောက်သွားသည်နှင့် အမေပွင့်သည် သူ့ခြေထောက်အောက်မှ အဝတ်ကို ထုတ်ပြီး ကျွန်တော့်ကို ထိုင်ခိုင်းပါသည်။ အေးစက်နေသည့် အခန်းထဲတွင် ကျွန်တော်အအေးမမိစေရန် ဖြစ်ပါသည်။

"ရော့. . . ရော့ ဒီအဝတ်ကလေးကို ခုထိုင်၊ ဒါမှ မင်း အအေးမမိမှာ"

အမေပွင့်သည် ရှည်လျား၍ကော့နေသည့် လက်ချောင်းများဖြင့် သွက်လက်စွာအဝတ်ချုပ်ရင်း ကျွန်တော့်ကို ပုံတိုပတ်စတွေ ပြောပြတတ်ပါသည်။ အမေပွင့်မှာမျက်စိမှုန်လှပြီဖြစ်သဖြင့် မျက်မှန်အထူကြီးကို ထပ်ထားရပါသည်။ ထူထဲသော မျက်မှန်အောက်မှ သူ့မျက်လုံးများသည် နှစ်ဆခန့် ကြီးမားပြူးကျယ်လျက်ရှိကာ လေးနက်သည့် အသွင်ကိုဆောင်နေပါသည်။

ကျွန်တော်သည် သူ့ပုံပြင်များကို နားထောင်၍ စိတ်ထိခိုက်ရပါသည်။ အမေပွင့်သည် သူဆင်းရဲ မိန်းမကြီးတစ်ယောက်၏ ကြင်နာတတ်သောနှလုံးသားရှိကြောင်းကို သူ့ ပုံပြင်များကိုနားထောင်၍ ကျွန်တော် မှတ်မိနေပါသည်။ ရွာထဲတွင် မည်သို့မည်ပုံဖြစ်ပျက်နေသည့်အကြောင်း၊ ရွာထဲမှ နွားမကြီးတစ်ကောင် ပျောက်သွားသည့် အကြောင်း၊ နောက်တစ်နေ့ မနက်တွင် မေလီ၏စက်ရုံအနီးတွင် ပြန်တွေ့ရကြောင်း၊ ဘုရားရှိခိုးကျောင်း ခေါင်းလောင်းစင်ပေါ်မှ ကြက်ဥကြီး တစ်လုံးကိုတွေ့ရကြောင်း၊ ထိုနေရာသို့ မည်သည့်ကြက်မက လာဥမှန်း မသိရကြောင်း၊ ဂျင်းပီလာ၏ ခွေးများက သူတို့သခင်၏ ဘောင်းဘီသူခိုး ခိုးသွားပြီး ဇုက်သွားသည်ကို ဆယ်မိုင်ခန့် ဝေးသောနေရာမှ ရှာတွေ့လာကြောင်း စသည်တို့ကို ပြောပြတတ်ပါသည်။ အမေပွင့်သည် ဘာမျှထူးခြားခြင်းမရှိသည့် အကြောင်းများကို ပြောနေသော်လည်း ကျွန်တော့်အဖို့သော်မူ ဘယ်တော့မှ မမေ့နိုင်သော ပြဇာတ်ကြီးများကို ကြည့်ရသကဲ့သို့ လည်းကောင်း၊ ကြီးကျယ်ခမ်းနားသော ကဗျာလင်္ကာများကို နားထောင်ရသကဲ့သို့ လည်းကောင်း ထင်နေမိပါသည်။ ညအိပ်ရာဝင်တွင် အမေ ရွတ်ပြသည့် ကဗျာများ၊ အမေပြောပြသည့် ပုံပြင်များသည် အမေပွင့်ပြောပြသည့် ပုံပြင်များနှင့်စာလျှင် သေးဖွဲသလိုဖြစ်နေသည်ဟု ကျွန်တော်ထင်မိပါသည်။

ကြာသပတေးနေ့ တစ်မနက်တွင်မှ သီလရှင်ကြီးတစ်ဦး ကျွန်တော့်ထံ ရောက်လာပါသည်။ ကျွန်တော့်ကိုပုံပြင်တွေပြောပြပါသည်။ သို့ရာတွင် ကျွန်တော်အားမရနိုင်သေးပါ။ ယာတောထဲတွင်ရှိသည့် သပြေသီးများကို ခူးပြီးနောက် အဝတ်ချုပ်ခန်းသို့ တက်လာကာ အမေပွင့်ပြောပြသည့် ပုံပြင်များကို နားထောင်ချင်ပါသေးသည်။ ထိုအဖြစ်အပျက်များသည် မနေ့တနေ့ကမှ ဖြစ်ပျက်ခဲ့သကဲ့သို့ ကျွန်တော်ယခုတိုင် ကောင်းကောင်းမှတ်မိနေပါသေးသည်။

အဝတ်ချုပ်ခန်း တံခါးကို ဖွင့်လိုက်သည်နှင့် အမေပွင့်သည် သူထိုင်နေကျ ကုလားထိုင်ပေါ်တွင် မရှိတော့ဘဲ ကုလားထိုင်ဘေး ကြမ်းပြင်ပေါ်တွင် မှောက်လျက်လဲနေပါသည်။ သူလက်နှစ်ဖက်မှာလည်း ဆန့်တန်းနေပါသည်။ လက်တစ်ဖက်တွင် အပ်ကို ကိုင်ထားပြီး တစ်ဖက်တွင် ကျွန်တော့် အင်္ကျီပေါင်းကလေးကို ကိုင်ထားပါသည်။

ခြေအိတ်စွတ်ထားသည့် အကောင်းပကတိ ခြေတံရှည်တစ်ဖက်မှာ ကုလားထိုင်အောက်သို့ ရောက်နေပါသည်။ မျက်မှန်မှာလည်း လွင့်စဉ်သွားကာ နံရံအနီးတွင် ရောက်နေပါသည်။

ကျွန်တော်သည် အော်ဟစ်ပြီးပြေးထွက်လာခဲ့ပါသည်။ ခဏအကြာတွင် လူကြီးတွေလည်း ပြေးတက်လာကြပါသည်။ အသက်မရှိတော့ဟု လူကြီးများက ပြောပါသည်။

ကျွန်တော်၏ ကလေးငယ် နှလုံးသားထဲတွင် ထိခိုက်နာကျင်ပုံကိုမူ ကျွန်တော် ပြောမပြတတ်တော့ပါ။ ကျွန်တော်သည် အိမ်ရှေ့ခန်းသို့ ထွက်လာကာ ထောင့်တစ်ထောင့်တွင်ထိုင်ရင်း ငိုနေမိပါသည်။ ကျွန်တော်သည် ညရောက်သည်အထိ ထိုနေရာတွင် အကြာကြီး ထိုင်နေပါသည်။ သို့ရာတွင်တစ်ယောက်က မီးအိမ်တစ်လုံးနှင့် တက်လာပါသည်။ ထောင့်ထဲတွင် ထိုင်နေသည့် ကျွန်တော့်ကိုတော့ မမြင်ပါ။ အဖေနှင့် အမေက ဆရာဝန်ကို အကျိုးအကြောင်းပြောပြနေပါသည်။ ဆရာဝန် အသံကို ကျွန်တော်ကောင်းကောင်း မှတ်မိပါသည်။

ဆရာဝန်ကို ချက်ချင်း သွားခေါ်သဖြင့် လိုက်လာခြင်း ဖြစ်ပါသည်။ ဆရာဝန်က သေရသည့် အကြောင်းရင်းကို ပြောပြနေသော်လည်း ကျွန်တော်တစ်လုံးမျှ နားမလည်ပါ။ ထို့နောက် ဆရာဝန်သည် စားပွဲတွင်ထိုင်ပြီး အရက်ချို့တစ်ခွက်နှင့် ဘီစကစ် တစ်ချို့ကို စားသောက်နေပါသည်။

ဆရာဝန်က စကားတွေပြောနေပါသည်။ သူပြောသည့် စကားများကို ကျွန်တော် သေသည်အထိ မေ့နိုင်တော့မည် မဟုတ်ပါ။ သူပြောသည့်စကားလုံးအတိအကျကို ကျွန်တော် ကောင်းကောင်း

မှတ်မိနေသေးသည်ဟု ထင်ပါသည်။

"အင်း အဘွားကြီး တော်တော်ကံဆိုးရှာတယ်ဗျာ၊ ကျွန်တော်ဒီရွာကို ရောက်တဲ့နေ့မှာပဲ သူ့ခဗျာ ခြေထောက်တစ်ဖက် သွင်သွင်ကျိုးသွားရှာတယ်၊ ကျွန်တော့်ကိုလာခေါ်လို့ ခရီးရောက်မဆိုက် ချက်ချင်းလိုက်သွားရတယ်၊ အခြေအနေက တော်တော်ဆိုးတော့ ဆိုင်းနေလို့ မဖြစ်ဘူးပေါ့"

"အဲဒီတုန်းက သူက အသက်ဘာရှိဦးမှာလဲ၊ ၁၇ နှစ်လောက်ပဲ ရှိဦးမှာပေါ့၊ ရုပ်ကလေးလည်း လှလိုက်တာဗျာ၊ ပြောရင် ယုံကြမှာတောင် မဟုတ်ဘူး၊ ကျွန်တော် ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောဖူးသေးပါဘူး၊ ဒီအကြောင်း သိတဲ့လူဆိုလို့ ကျွန်တော်ရယ် ခု လူ့ပြည်မှာ မရှိတော့တဲ့ လူတစ်ယောက်ရယ်၊ နှစ်ယောက်ပဲသိကြတာကို၊ ခုသူလည်းမရှိတော့ဘူးဆိုတော့ ဒီအကြောင်းကိုဖွင့်ပြောပါတော့မယ်"

"အဲဒီတုန်းက ဒီရွာကိုရောက်လာတဲ့ ကျောင်းဆရာကလေး တစ်ယောက်ရှိတယ်ဗျ၊ သူက ရုပ်ကလည်းဖြောင့်တယ်၊ အနေအထိုင်ကလည်း တော်တော့်ကိုဂိုက်ကျတယ်။ ရွာကကောင်မလေးတွေဆိုတာ သူ့ကိုသိပ်သဘောကျတာပေါ့။ ဒါပေမယ့် သူကတော့ ဘယ်သူ့ကိုမှ စိတ်ဝင်စားဟန်မပြပါဘူး။ ပြီးတော့ သူ့အထက်က ကျောင်းအုပ်ဆရာကြီးကိုလည်း ကြောက်ရတာကိုး၊ ခုသေသွားတဲ့ အေးပွင့်က အဲဒီတုန်းက မပန်းပွင့်တဲ့။ မပန်းပွင့်က ကျောင်းအုပ်ဆရာကြီးအိမ်မှာ အလုပ်လုပ်ရတယ်။ ကျောင်းဆရာလေးဟာ မပန်းပွင့်ကို မြင်တော့ တော်တော် သဘောကျသွားတယ်။ မပန်းပွင့်ကလည်း ကျောင်းဆရာလေးက သူ့ကို

ဆရာဝန်က
စကားတွေပြောနေပါသည်။
သူပြောသည့်စကားများကို
ကျွန်တော် သေသည်အထိ
မေ့နိုင်တော့မည် မဟုတ်ပါ။
သူပြောသည့်စကားလုံး
အတိအကျကို
ကျွန်တော် ကောင်းကောင်း
မှတ်မိနေသေးသည်ဟု
ထင်ပါသည်။

သဘောကျတယ်ဆိုတော့ သိပ်ကျေနပ်တာပေါ့ဗျာ၊ သူကဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားတဲ့လူ မဟုတ်ဘူးမဟုတ်လား။ ဒီတော့ မိန်းကလေးပီပီ ကျေနပ်တာပေါ့။ မပန်းပွင့်ကလည်း သူ့ကို ပြန်ကြိုက်သွားတယ်ဆိုပါတော့။ ဒါနဲ့ တစ်နေ့တော့ သူ့ အလုပ်တွေပြီးတော့ သမီးရည်းစားနှစ်ယောက် ကျောင်းရဲ့ နောက်ဖေးမှာရှိတဲ့ ကောက်ရိုးပုံထဲမှာ ချိန်းတွေ့ကြတယ်"

"မပန်းပွင့်က အိမ်လုပ်ပြီးလို့ အိမ်ကို ပြန်ချင်ယောင်ဆောင်ပြီး နောက်ဖေးက ကောက်ရိုးစင်လေပေါ် တက်လာပြီး ပုန်းရင်း သူ့ရည်းစားအလာကိုစောင့်နေတယ်။ မကြာခင် သူ့ရည်းစား ကျောင်းဆရာလေးလည်း ရောက်လာပြီး သူတို့နှစ်ယောက် ချစ်စကား ကြိုက်စကားတွေ ပြောနေကြတာပေါ့လေ၊ မကြာပါဘူးဗျာ။



ကောက်ရိုးစင်တံခါး ပွင့်လာပြီး " ဟေ့ ဆရာလေး၊ ဒီမှာ ဘာလာလုပ်နေတာလဲ" လို့မေးလိုက်တဲ့ ကျောင်းဆရာကြီးရဲ့ အသံကို ကြားလိုက်ရတော့တာပါပဲ။ ဆရာလေးကလည်း ကြောက်ကြောက်နဲ့ "ဒီမှာလာပြီး အေးအေးဆေးဆေး လာလှဲနေတာပါ" လို့ ဖြေမိပြေရာကို ဖြေလိုက်တယ်။

"ကောက်ရိုးစင်ကတော်တော်ကြီးတယ်ဗျ၊ နေရာက အကျယ်ကြီး၊ မှောင်လည်းမှောင်နေတယ်။ ဆရာလေးက မပန်းပွင့်ကို နင်တခြားမှာ သွားပုန်းချီ တွေ့သွားရင် ငါ အလုပ်ပြုတ်လိမ့်မယ်" ဆိုပြီး မပန်းပွင့်ကို အစွန်ဘက်ကိုတွန်းလွှတ်လိုက်တယ်။

"သူတို့နှစ်ယောက် တိုးတိုးပြောနေသံကိုကြားတော့ ဆရာကြီးကလည်း ဆရာလေး၊ ဘယ်သူနဲ့ စကားပြောနေတာတုန်း၊ မင်းတစ်ယောက်တည်းမဟုတ်ဘူးလား" လို့ မေးတယ်။

"ကျွန်တော် တစ်ယောက်တည်းပါ ဆရာကြီး" လို့ ကျောင်းဆရာလေးကဖြေတယ်။

"တစ်ယောက်တည်း မဟုတ်ပါဘူး၊ စကားပြောသံကို ကြားလိုက်သားပဲ"

"မဟုတ်ပါဘူး ဆရာကြီး၊ တစ်ယောက်တည်းပါ"

"အေးလေ၊ ဒီလိုဆို ကြည့်ရဦးမှာပေါ့" ဆိုပြီး ကျောင်းအုပ်ဆရာကြီးက အပြင်ဘက်က သော့ခလောက် နှစ်ထပ်ခတ်ပြီး အောက်ကို မီးအိမ်ယူဖို့ဆင်းသွားတယ်။

"ဆရာလေးဆိုတဲ့လူက တော်တော်သတ္တိကြောင်တဲ့လူလေ၊ လုပ်မိလုပ်ရာလုပ်တာပေါ့ဗျာ၊ နင်တစ်ခြား သွားပုန်းချည်၊ တော်တော်ကြာ။ ကိုယ်အလုပ်ပြုတ်တော့မယ်၊ ငါ့တစ်သက်လုံး ဒုက္ခရောက်အောင် လုပ်တာလား၊ သွားပုန်းချည်"ဆိုပြီး မပန်းပွင့်ကို အတင်းပုန်းနိုင်းနေတယ်။

"အဲဒီတုန်းမှာ အပြင်ဘက်က သော့ဖွင့်နေသံကို ကြားရတယ်။ မပန်းပွင့်ဟာ လမ်းမဘက်ကို မျက်နှာမူနေတဲ့ ပြတင်းပေါက်ဆီကို သွားပြီး ပြတင်းပေါက်ကို ဖွင့်လိုက်တယ်။ ပြီးတော့ သူဆင်းသွားရင်း ကျွန်မကို လာကောက်လှည့်ဦးနော်" လို့ နောက်ပြန်လှည့်ပြောပြီး ပြတင်းပေါက်က ခုန်ချလိုက်တယ်။

"ကျောင်းအုပ်ဆရာကြီးလည်း ဘယ်သူ့ကိုမှ မတွေ့တော့ တအံ့တသြနဲ့ ပြန်ဆင်းသွားတယ်။ နောက် ဆယ်ငါးမိနစ်လောက်ကြာတော့ ကျောင်းဆရာလေးဟာ ကျွန်တော့်ဆီ ရောက်လာပြီး အကျိုးအကြောင်းလာပြောတယ်။ မပန်းပွင့်ဟာ ဝင်းထရံဘေးမှာ၊ လဲရာကမထနိုင်တော့ဘူး။ ဒုတိယထပ်က ခုန်ချတာကိုး။ ဒါနဲ့ မိုးရွာကြီးထဲမှာ ကျွန်တော် လိုက်သွားတယ်။ ဟိုရောက်လို့ကြည့်လိုက်တော့ခြေထောက်ကသုံးနေရာမှာ သွင်သွင်းကျိုးနေတယ်။ တချို့အရိုးတွေဆိုရင် အသားထဲက ငေါ်ထွက်နေပြီ။ ဒါပေမယ့် မပန်းပွင့်ဟာ တစ်ချက်မှ မညည်းဘူးဗျ၊ ကျွန်မအပြစ်ပါ၊ ကျွန်မအပြစ်" ပါလို့ တစ်ခွန်းပဲ ပြောတယ်။

"ဒါနဲ့ကျွန်တော်လည်း ကျွန်တော့်လက်ထောက်နဲ့ မပန်းပွင့်ရဲ့ အပေါင်းအသင်းတွေကို အခေါ်ခိုင်းရတာပေါ့။ ပြီးတော့ ကျွန်တော့်အိမ်ရှေ့မှာတွင် လှည်းနင်းမိလို့ ကျိုးသွားတဲ့အကြောင်း ပြောတယ်။ သူတို့လည်း ယုံသွားကြတယ်။ ရဲကတော့ တရားခံကိုလိုက်ရှာတာ တစ်လလောက်ကြာပေါ့။ ဒါပေမယ့် ဘယ်တွေ့မလဲဗျာ။"

"အဖြစ်အပျက်ကတော့ အဲဒါပါပဲဗျာ၊ အမှန်ကတော့ အဲဒီအမျိုးသမီးဟာ တကယ့် သူ့ရဲကောင်းဗျ၊ ရာဇဝင်မှာကြီးကျယ်တဲ့ အလုပ်တွေကိုလုပ်တဲ့ သူတွေရဲ့ စိတ်ဓာတ်မျိုးဆိုတာ အဲဒါပါပဲ"

အဲဒါကတော့ သူ့ရဲ့ တစ်ခုတည်းသော အချစ်ဓာတ်လမ်းပဲ။ သူဟာ အပျိုအဖြစ်နဲ့ သေသွားတာ။ မပန်းပွင့်ဟာ အာဇာနည်။ မြင့်မြတ်တဲ့ စိတ်ထားရှိသူ၊ အချစ်အတွက် အသက်ပေးခဲ့တဲ့သူ၊ ကျွန်တော်သူ့ စိတ်ဓာတ်မျိုးကို လေးစားတယ်။ ဒီလိုမလေးစားရင် ဒီအကြောင်းကို ဘယ်ပြောပါ့မလဲ။ သူအသက်ရှင်နေတုန်းမှာတော့ ကျွန်တော် ဘယ်သူ့ကိုမှ မပြောခဲ့ဖူးပါဘူး။ သူမရှိတော့မှ ပြောပြတာပါ။ ကျွန်တော့်ဆိုလိုတာကို ခင်ဗျားတို့ နားလည်လောက်ရောပေါ့။

ဆရာဝန်၏ စကားသည် အဆုံးသတ်သွားသည်။ အမေက ငိုနေပါသည်။ အဖေက တစ်ခွန်း နှစ်ခွန်း ပြောပါသည်။ သို့ရာတွင် ကျွန်တော် ကောင်းကောင်း မကြားလိုက်ပါ။ ထို့နောက် လူကြီးများ အပြင်သို့ထွက်သွားကြပါသည်။ ကျွန်တော် တစ်ယောက်တည်းသာလျှင် ကုလားထိုင်ပေါ်တွင် ကျန်ရစ်ခဲ့ပြီး ရှိုက်ငိုနေမိပါသည်။

ထိုစဉ် လေးလံသောခြေသံများနှင့် လှေကားနှင့် တစ်ခုခု ဝင်တိုက်သံကို ကျွန်တော် ကြားရပါသည်။

သူတို့သည် အမေပွင့်၏ အလောင်းကို သယ်သွားကြပါသည်။ ။

**မြသန်းတင့်**

(ပြင်သစ်စာရေးဆရာ Guy de Maupassant ၏ Bellflower ကို ဘာသာပြန်သည်။)



# အနော်ရထာဘုရင်မင်းမြတ် ဖူးမြော်ခွင့်မရလိုက်သော

# မြဘုရားဆင်းတုတော်

မော်ဝန်းကြည်မြတ်

ကျွန်တော် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ ကမ္ဘာကျော် မြဘုရားကို စိတ်ဝင်စားခဲ့သည်မှာ ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ယင်းသို့ စိတ်ဝင်စားမိသည်မှာ မြဘုရား၏ ကျော်ကြားမှုကြောင့် မဟုတ်မူဘဲ မြဘုရားသည် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူအဖြစ် မော်ကွန်းတင်ခြင်းခံခဲ့ရသော အနော်ရထာဘုရင်မင်းမြတ်နှင့် တစ်နည်းတစ်ဖုံ ဆက်နွယ်နေကြောင်း ရေးမဆွကပင် ကြားဖူးထားသောကြောင့် ဖြစ်သည်။

ကျွန်တော်သည် မြဘုရားနှင့် ဘုရင်အနော်ရထာ ဆက်နွယ်မှု အကြောင်းကို လက်လှမ်းမီသမျှ လေ့လာရေးသားရန် ရည်ရွယ်ချက်ရှိသော်လည်း အဓိဋ္ဌာန်တစ်ခုကြောင့် ရေးသားနိုင်ခြင်းမရှိခဲ့။ ယင်းမှာ "ကျွန်တော့်နေအိမ်ဘုရားစင် ပလ္လင်တော်ထက်သို့ ဘန်ကောက်မြို့မှ မြဘုရားရုပ်ပွားဆင်းတုတော် တစ်ဆူ ကြွရောက်သီတင်းသုံးဖြစ်တော့မှပဲ ရေးသားတော့



မည်"ဟူသော အစိဋ္ဌာန်ဖြစ်သည်။ ရန်ကုန်မြို့ပေါ်ရှိ ဘုရားဈေးများတွင် မြဘုရားနှင့်ပုံစံတူ ဉာဏ်တော်တူ အရွယ်တူ ဆင်းတုတော်ရုပ်ပွားများရှိသော်လည်း ဝယ်ယူပူဇော်ခြင်းမပြုဘဲ ကျွန်တော့်နေအိမ်သို့ တနည်းနည်းဖြင့် ကြွချီသီတင်းသုံးမည့် ထိုင်းလက်ရာ မြဘုရားဆင်းတုရုပ်ပွားတော် ကိုသာ တမ်းတမျှော်လင့်နေခဲ့သည်။

ယခုအခါ ကျွန်တော့်အဓိဋ္ဌာန် ပြည့်မြောက်ပြီဟု ဆိုရချေတော့မည်။ အကြောင်းမူ ရန်ကုန်နှင့် ဘန်ကောက်အကြားတွင် လွှန်းယှက်ဘိသို့ သွားလာလည်ပတ်လေ့ရှိသော ရေးဖော်စာရေးဆရာ **သန့်လျှင်မောင်မောင်ဦး** ထံမှ ဘန်ကောက်ပြန် ခမ္မလက်ဆောင်အဖြစ် မြဘုရားဆင်းတုရုပ်ပွားတော်တစ်ဆူ လက်ခံရရှိလိုက်သောကြောင့်ဖြစ်သည်။

(ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဆရာ သန့်လျှင်မောင်မောင်ဦး၏ အစ်မနှင့် သမီးတို့နေထိုင်လျက်ရှိကြသည်။ အစ်မဖြစ်သူက ဘန်ကောက်မြို့တွင် လူသိများသော ကျောက်မျက်ရတနာကုန်သည်တစ်ဦးဖြစ်ပြီး၊ သမီးဖြစ်သူကတော့ မြန်မာများ အရောက်အပေါက်များသော ဆေးရုံကြီးတစ်ရုံမှ အရေးပါသော ဝန်ထမ်းတစ်ဦးဖြစ်သည်။ **စကားညှပ်**)

◆ ◆ ◆ ◆ ◆

ဦးစွာပထမ အမျိုးသားစာပေဆုရ စာရေးဆရာ **ဒေါက်တာသက်လွင်** ရေးသားပြုစုသော **'သမိုင်းကပြောသော ပုဂံ၊ ပုဂံကပြောသော သမိုင်း'** စာအုပ်ပါ **'သမိုင်းတင်ပြီ ပုဂံပြည်'** အခန်းမှ **'သီဟိုဠ်သို့ စေလွှတ်ခြင်း'** ခေါင်းစဉ်ငယ်အောက်တွင် ဖော်ပြထားသော လေ့လာချက်များကို တင်ပြပါမည်။

ဆရာ ဒေါက်တာသက်လွင်က.....

"အနော်ရထာမင်းကြီးသည် ရှင်အရဟံထံမှ သီဟိုဠ်တွင် ဗုဒ္ဓ၏ စွယ်တော်အစစ်ရှိနေကြောင်း ကြားသိထားသဖြင့် သီဟိုဠ်သို့ သံတမန်စေလွှတ်ပြီး စွယ်တော်ကို ပင့်ဆောင်ရန်ကြိုးပမ်းခဲ့ပုံ၊ ထို့နောက် အမြော်အမြင်နှင့်ပြည့်စုံသော မှူးမတ်တို့ကို လက်ဆောင်ပဏ္ဏာများနှင့်တကွ သီဟိုဠ်သို့ စွယ်တော်ပင့်ဆောင်ရန် ရွက်သင်္ဘောများဖြင့် စေလွှတ်ခဲ့ပုံ၊ သီဟိုဠ်ဘုရင်က အနော်ရထာမင်းကြီး၏ သံတမန်များအား ကောင်းစွာကြိုဆိုခဲ့ပုံ"တို့ကို ဖော်ပြပြီး၊ ဆက်လက်၍....

"သီဟိုဠ်ဘုရင်သည် စွယ်တော်ကို အနော်ရထာမင်းကြီးအား ဆက်သရန် အမျိုးမျိုးပင့်ဆောင်သော်လည်း စွယ်တော်က မကြွပေ။ စွယ်တော်ပွားတစ်ဆူသာ ဖြစ်ပေါ်လာသည်။ ဤသို့ဖြင့် သီဟိုဠ်ဘုရင်သည် စွယ်တော်ပွားတစ်ဆူနှင့် **မြဘုရား** တစ်ဆူကို အနော်ရထာမင်းကြီးထံ ပညာရှိမှူးမတ်များနှင့်အတူ ပေးပို့လိုက်သည်။ မှူးမတ်ကြီးများလည်း ပင်လယ်ကူးရွက်သင်္ဘော(၂)စီးဖြင့် ပုဂံပြည်သို့ ပြန်ခဲ့ကြသည်။ ပုသိမ်ဆိပ်ကမ်းအနီးသို့ရောက်သောအခါ လေပြင်းမုန်တိုင်းဒဏ်ကို ခံကြရသည်။ စွယ်တော်ပွားကို သယ်ဆောင်လာသော ရွက်သင်္ဘောသည် ပုသိမ်ဆိပ်ကမ်းသို့ ချောမောစွာရောက်သော်လည်း မြဘုရားကို သယ်ဆောင်လာသော ရွက်



သဘော်သည် လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည်။ မြဘုရားကို သယ်ဆောင်လာသော ပညာရှိမှူးကြီးမတ်ကြီးတို့သည် ပုဂံနေပြည်တော်သို့ မပြန်နိုင်ကြတော့သဖြင့် မြဘုရားကို မြန်မာ၊ ယိုးဒယားနယ်စပ်တွင် စေတီတစ်ဆူတည်၍ ဌာပနာလိုက်ကြသည်။

ဆရာဒေါက်တာသက်လွင်က...

"နှောင်နှစ်ပေါင်းများစွာကြာသောအခါ ထိုစေတီငယ်သည် ငလျင်ဒဏ်၊ မိုးဒဏ်၊ မိုးကြိုးဒဏ်တို့ကြောင့် ပြိုကျပျက်စီးသွားခဲ့ရသည်။ သို့သော် မြဘုရားဆင်းတုတော်မှာ ပျက်စီးခြင်းလုံးဝမရှိခဲ့ပေ။ ထိုမြဘုရားကို ဒေသခံတို့က အစဉ်အဆက်ကိုးကွယ်ပူဇော်ခဲ့ကြသည်။ ယိုးဒယားနိုင်ငံအတွင်းသို့ ရောက်သွားခဲ့သည်။ ထိုမှ လောနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့အထိ စစ်နိုင်သောဘုရင်များက သယ်ယူပင့်ဆောင့်သွားခဲ့ကြသည်။ ကိုးကွယ်ခဲ့ကြသည်။ နောက်ဆုံးတော့ ယိုးဒယားနိုင်ငံသို့ ပြန်ရောက်လာပြီး ဘန်ကောက်မြို့တော်တွင် မြဘုရားဟု ပူဇော်ကိုးကွယ်ခဲ့ကြသည်"ဟု ဆိုကာ စာရေးဆရာ၊ သတင်းစာဆရာကြီး **'ညိုမြ'** ၏ **'ကုန်းဘောင်ရှာပုံတော်'** ကျမ်းစာအုပ်ကို ဆက်လက်လေ့လာရန် လမ်းညွှန်ထားသည်။

သို့ဖြင့် 'ကုန်းဘောင်ရှာပုံတော်'စာအုပ်ကြီးကို ရှာဖွေလေ့လာရပြန်သည်။

ယင်းစာအုပ် **'တောင်အာရှမှ ဘုရား ၃ဆူ'** အခန်း၊ **'ဘန်ကောက်မြို့ရှိ မြဘုရား'** ခေါင်းစဉ်ငယ်အောက်တွင် ဆရာညိုမြက-

"ဘီစီ ၃၃၆ ခုနှစ်တွင် ခေါမကေရာဇ် မဟာအလစ်ဇင်းဒါး (Alexandar the Great) ၏ စစ်တပ်များ အာရှသို့ချီတက်ကာ အိန္ဒိယမြစ်ဝှမ်းရှိ ဟရပ္ပနိုင်ငံတော်ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို ခေါမမင်း ပြန်သွားပြီးနောက် ခေါမဘုရင်ခံများ အတန်ကြာ အိန္ဒိယ၌ အုပ်စိုးအုပ်ချုပ်ခဲ့သည်။ သူတို့ခေတ်တွင် ဂေါတမပုံတော်များကို ခေါမလက်စွမ်းဖြင့် စတင်ထုလုပ်ခဲ့ရာမှ ထိုအလေ့ ပြန့်ပွားခဲ့သည်။

မြဘုရား ထုလုပ်ပုံလက်ရာ လေ့လာသူများက သဏ္ဌာန်တော် အနေအထားမှာ ထိုခေတ်က ခေါမပြည်သားများ ဆင်မြန်းသော ခြုံလွှာနှင့် များစွာအသွင်တူသည်ဟု ယူဆကြ၏။ မြဘုရားကို ထုလုပ်သော ကျောက်စိမ်းများမှာလည်း အာရှကျောက်မဟုတ်ဘဲ ဥရောပနယ်စပ်ရှိ ကောကဆပ် (Caucasus) တောင်ထွက်ပစ္စည်း



ဖြစ်သည်ဟု ခန့်မှန်းကြသည်။

ယိုးဒယားမင်းသား **'မြူလာချာကရာတောင်ဇေ'**က မြဘုရားသမိုင်းနှင့်ပတ်သက်၍ ရေးသားဖော်ပြရာ၌ "ဤဆင်းတု ပေါ်တော်မူသည်မှာ ခရစ်သက္ကရာဇ် ၁၄၃၆ ခုနှစ်၌ မြန်မာပိုင်ခဲ့သော 'ဇင်းကရဲ' (Chingrai) စေတီဟောင်းတစ်ဆူကို မိုးကြိုးပစ်၍ လဲပြိုရာတွင်ဖြစ်သည်။ ဌာပနာတိုက်တွင် မြဆင်းတုတော်ကို ဘာမျှထိခိုက်ခြင်းမရှိချေ။ ထို့နောက်တွင်ကား လောပြည်တွင်း၌ မင်းပေါင်းစုံတို့ တစ်ဦးကိုတစ်ဦး အနိုင်ရချိန်တွင် မြို့တော်အသီးသီးသို့ ပင့်ဆောင်ကိုးကွယ်ခဲ့ကြသည်။

၁၇၇၈ ခုနှစ်တွင် လောပြည်၊ ဗီယင်တိန်မြို့တော်ကို သိမ်းပိုက်လိုက်သော ယိုးဒယားဗိုလ်ချုပ်ကြီး 'ချာကရီ'သည် မြဘုရားကို သိမ်းယူပင့်ဆောင်လာခဲ့သည်။ ဦးစွာ 'ဒွန်ဘုရီမြို့၌ စံတော်မူ၏။ ဗိုလ်ချုပ်ကြီး ချာကရီသည် နောင်အခါတွင် 'ပထမမြောက် ရာမဘုရင်'အဖြစ် ယိုးဒယားထီးနန်းကို ဆက်ခံစိုးစံတော်မူသည်။ သို့လျှင် ခေါမ ပန်းပုဆရာများ ထုလုပ်ခဲ့ကြသော မြဘုရားသည်

ဤဆင်းတုပေါ်တော်မူသည်မှာ ခရစ်သက္ကရာဇ်၁၄၃၆ ခုနှစ်၌မြန်မာပိုင်ခဲ့သော "ဇင်းကရဲ" (Chingrai) စေတီဟောင်းတစ်ဆူကို မိုးကြိုးပစ်၍ လဲပြိုရာတွင်ဖြစ်သည်။ ဌာပနာတိုက်တွင် မြဆင်းတုတော်ကို ဘာမျှထိခိုက်ခြင်းမရှိချေ။ ထို့နောက်တွင်ကား လောပြည်တွင်း၌ မင်းပေါင်းစုံတို့ တစ်ဦးကိုတစ်ဦး အနိုင်ရချိန်တွင် မြို့တော်အသီးသီးသို့ ပင့်ဆောင်ကိုးကွယ်ခဲ့ကြသည်။

ပထမအနေဖြင့် အိန္ဒိယမြောက်ပိုင်း၊ ဒုတိယ မြန်မာပြည်၊ တတိယ လောပြည် စသည်တို့၌ နှစ်ပေါင်း ၁၀၀ ကျော် လှည့်လည်သီတင်းသုံးတော်မူပြီးလျှင် နောက်ဆုံး၌ ဘန်ကောက်မြို့သို့ ရောက်တော်မူသည်ဟု ယိုးဒယားမင်းသားကြီး 'ချုလာ'က **'ယိုးဒယားဘုရင်များ'** ခေါ် စာအုပ်၌ ရေးသားဖော်ပြထားလေသည်"

ဟု လေ့လာတင်ပြကာ၊ **ဒေါက်တာထင်အောင်** ၁၉၆၇ ခုနှစ်က၊ အမေရိကန်ပြည်ထောင်စုတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့သော **'မြန်မာရာဇဝင်သစ်'** စာအုပ်ကို ဆက်လက်ကိုးကားထားသည်။

(ဒေါက်တာထင်အောင်၏ စာအုပ်မှာ ကျွန်တော်နှင့် လက်လှမ်းမမီသဖြင့် ဆရာညိုမြ ကိုးကားထားသမျှကိုသာ တင်ပြပါမည်။)

"မြဘုရားကို သီဟိုဠ်မင်းက မြန်မာဘုရင် အနော်ရထာသို့ သင်္ဘောနှင့်တင်ပို့ခဲ့ကြောင်း၊ ထိုသင်္ဘောသည် ပုသိမ်မြို့သို့သွားရာတွင် လေမုန်တိုင်းမိကာ 'မာလာယု' ကမ်းခြေ 'ကရားကျွန်းဆွယ်' သို့ ရောက်သွား၏။ ထိုမှ ယိုးဒယားပြည် 'မဲနမ်' မြစ်ရိုးတစ်လျှောက်တွင် အမြတ်တနိုးကိုးကွယ်ကြသည်။ အနော်ရထာမင်းကိုယ်တိုင် အရိန္ဒမာလှံပျံနှင့် မြဘုရားရှိရာသို့ ရောက်လာ၏ မဲနမ်ရပ်သူရွာသားအပေါင်းတို့က ထိုဆင်းတုတော်ကို များစွာမြတ်နိုးကြပုံကို ထောက်ရှုကာ မြဘုရားကို ပုဂံသို့မပင့်တော့ဘဲ ထိုအရပ်၌ပင် ကိုးကွယ်ကြစေ၏။

ယိုးဒယားရာဇဝင်၌ မဲနမ်မြစ်ဝှမ်းတစ်လျှောက်တွင် ထေရဝါဒသာသနာ ပြန့်ပွားစေသူမှာ အနော်ရထာမင်းဖြစ်သည်ဟု အခိုင်အမာဆို၏။ ယခုခေတ်တွင် အင်ဒိုချိုင်းနားဟုခေါ်သော အာရှတောင်ပိုင်းနိုင်ငံများသို့ အနော်ရထာသည် အရိန္ဒမာလှံပျံနှင့် မကြာခဏ လာရောက်တတ်ကြောင်း၊ ထိုဒေသတဝန်း၌ အနော်ရထာနှင့်ပတ်သက်သော ရှေးဟောင်းပုံပြင် အများအပြားရှိကြောင်း ဖော်ပြ၏။ အနော်ရထာခေတ်မှစ၍ ထိုဒေသတွင် မြန်မာသက္ကရာဇ်၊ မြန်မာရှင်ပြုနည်း၊ မြန်မာသင်္ကြန်ပွဲ စသည်တို့ကို လက်ခံကျင့်သုံးခဲ့ကြသည်။ ယိုးဒယားပြည်၌ အကောင်းဆုံးသော အုတ်ချပ်များကို ယခုတိုင် 'ပုဂံအုတ်'ဟု ခေါ်ဆိုကြ၏။"

ဟူ၍ ကိုးကားဖော်ပြထားကြောင်း တွေ့ရသည်။

ဘန်ကောက်မြို့မှ မြဘုရားကို ကိုယ်တိုင်ဖူးမြော်ခဲ့ရဖူးသော **ဆရာညဏ်ပွင့်(စက်မှု)** (လပြည့်ဝန်းမဂ္ဂဇင်း အယ်ဒီတာ)ကလည်း–

"မြဘုရားဟာ တကယ်တော့ 'မြ' ဘုရား မဟုတ်ပါဘူး။ အစိမ်းရောင်ကျောက်စိမ်းတုံးကြီးကနေ ထုခဲ့တာ။ မှတ်တမ်းတွေအရ ဘုရားသမိုင်းက ၁၄၃၄ ခုနှစ်မှာ ယိုးဒယားနိုင်ငံ Chingrai ဒေသက စေတီတော်တစ်ဆူကို မိုးကြိုးပစ်တာကနေစတာ။ ပျက်စီးသွားတဲ့ စေတီထဲမှာ ထုးဆန်းတဲ့ ဆင်းတုတော်တစ်ဆူကိုတွေ့တာ။ အဲဒီ ဆင်းတုတော်ဟာ သရွတ်နဲ့တွေနဲ့ ဖုံးနေတာလေ။ အဲဒီလိုနဲ့ ဘုန်းကြီးကျောင်းမှာ ကိုးကွယ်ထားတယ်။

တစ်နေ့မှာ မျက်နှာရဲ့ သရွတ်နဲ့ ပွဲကျတာကနေ၊ ကျောက်စိမ်းဘုရားမှန်း သတိပြုမိတာ၊ အဲဒီအချိန်ကစပြီး ဘုရင်ရော တိုင်းသူပြည်သားတွေပါ ကိုးကွယ်ကြတယ်။ ဘုရင်က မြဘုရားကို မင်္ဂလာဆင်တော်ပေါ်တင်ပြီး အပူဇော်ခံရာက ဆင်တော်ဟာ Lampang မြို့ဘက်ကိုပဲပြေးတယ်။ အဲဒီလို နှစ်ကြိမ်တိုင်တိုင် ပြေးနေတော့ အဲဒီမြို့ထဲမှာပဲ ကိုးကွယ်ခွင့်ပြုခဲ့တယ်။ မြဘုရားကို အဲဒီမြို့မှာ ၃၂ နှစ်တိုင် ကိုးကွယ်ခဲ့တယ်။

၁၄၆၈ ခုနှစ်မှာ ဘုရင် Tiloka ဟာ မြဘုရားကို Chiengri ဒေသကို ပင့်ဆောင်ကိုးကွယ်ခဲ့တယ်။ ဘုရင့်သမီးတော်က လာအိုဘုရင့်သားတော်နဲ့ လက်ထပ်ပြီး၊ လာအိုနိုင်ငံတော်မြို့တော်ကို အလည်သွားခိုက်၊ မြဘုရားကို ပင့်သွားတယ်။ ဒီလိုနဲ့ လာအိုနိုင်ငံမှာ ၁၂ နှစ်တောင် ကြာခဲ့တယ်။ ၁၅၆၄ ခုနှစ်မှာ ဘုရင့်နောင်မင်းတရားကြီးရဲ့ စစ်တပ်ကြီးကို မတွန်းလှန်နိုင်လို့ မြို့တော်ကို Vientian သို့ ပြောင်းခဲ့တယ်။ အဲဒီမြို့တော်ကိုလည်း မြဘုရားကို ပင့်သွားခဲ့တယ်။ အဲဒီမြို့မှာ ၂၁၄ နှစ်ကြာခဲ့တယ်။ ၁၇၇၈ မှာ ပထမမြောက် ရာမဘုရင်က Vientian မြို့တော်ကိုသိမ်းပြီး မြဘုရားကို ထိုင်းနိုင်ငံကို ပြန်ပြီးပင့်ခဲ့တာ။ မြဘုရားရဲ့အကျယ်က ၄၈.၃ စင်တီမီတာရှိပြီး၊ ၆၆ စင်တီမီတာမြင့်တယ်"ဟူ၍ သူ၏ **'ဘန်ကောက် မြဘုရားနှင့် ကမ္ဘာသုံးခု'** စာအုပ်အတွက် စာမြည်းအဖြစ် ရေးသားဖော်ပြခဲ့သည်။

◆ ◆ ◆ ◆ ◆

ဒေါက်တာသက်လွင်၊ ဆရာညိုမြ၊ ဒေါက်တာထင်အောင်နှင့် ဆရာညဏ်ပွင့်(စက်မှု)တို့၏ တင်ပြချက်များထဲမှ နီးစပ်ရာအချက်အလက်အချို့ကို ထုတ်ယူကြည့်မည်ဆိုပါက...

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ ကမ္ဘာကျော်မြဘုရားသည် ရတနာတန်းဝင် 'မြ' ကျောက်အစစ်မဟုတ်ဘဲ မြရောင်စိမ်းစိုသော အစိမ်းရောင်ကျောက်သားတစ်မျိုးကို ထုဆစ်ထားသည့် လက်ရာဖြစ်သည်။ **(ဆရာ ညိုမြ၊ ဆရာ ညဏ်ပွင့်(စက်မှု))**

ဆရာ ညိုမြကတော့ ထိုအစိမ်းရောင်ကျောက်သားကို ဥရောပနယ်စပ် 'ကော့ကဆပ်'တောင်ထွက်ပစ္စည်းဖြစ်မည်ဟု ခန့်မှန်းသည်။

၎င်း မြဘုရားသည် သီဟိုဠ်ဘုရင်က ပုဂံပြည့်ရှင် အနော်ရထာမင်းမြတ်ထံ စွယ်တော်ပွားတစ်ဆူနှင့်အတူ မမွလက်ဆောင်အဖြစ် ပေးပို့လိုက်သော ပဋ္ဌာတော်ဖြစ်သည်။ **(ဒေါက်တာသက်လွင်၊ ဒေါက်တာထင်အောင်)**

မြဘုရားကို ပင့်ဆောင်လာသော သီဟိုဠ်ပြန် ရှက်သင်္ဘောသည် လမ်းခရီးတွင် မုန်တိုင်းမိကာ ပုဂံသို့ ပြန်လည်မရောက်ရှိတော့ဘဲ မြန်မာပိုင် ကမ်းရိုးတန်းတစ်နေရာ 'ဇင်းကရဲ' (Chingrai) သို့ ရောက်ရှိရာမှ မြဘုရားကို စေတီတော်တစ်ဆူတွင် ဌာပနာလိုက်သည်။ **(ဒေါက်တာသက်လွင်)**

ဒေါက်တာထင်အောင်ကတော့ မုန်တိုင်းမိသော သင်္ဘောသည် မာလာယုကမ်းခြေ၊ ကရောကျွန်းဆွယ်သို့ ရောက်ရှိသွားပြီး၊ ထိုမှတစ်ဆင့် ယိုးဒယားနိုင်ငံသို့ရောက်ရှိကာ မြဘုရားကို မဲနမ်မြစ်ရိုးတစ်လျှောက်တွင် ကိုးကွယ်ကြကြောင်း၊ ထိုဒေသသို့ ဘုရင်အနော်ရထာကိုယ်တိုင် အရိန္ဒမာလှံပုံဖြင့် ရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

'ဇင်းကရဲ' (Chingrai) မှ စေတီတော်ကို မိုးကြိုးပစ်ရာမှ မြဘုရားကို တွေ့ရှိကြပြီးနောက် မြဘုရားသည် 'ဇင်းကရဲ'မှ လာအိုနိုင်ငံသို့ ပင့်ဆောင်ခြင်းခံရပြီး၊ နှစ်ပေါင်းများစွာကြာသည့်အခါ ထိုင်းဗိုလ်ချုပ်ကြီး 'ချာကရီ' (နောင်...ပထမမြောက် ရာမဘုရင်)၏ ကျေးဇူးဖြင့် ဘန်ကောက်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

**(ဒေါက်တာသက်လွင်၊ ဆရာညိုမြ၊ ဆရာဉာဏ်ပွင့်(စက်မှု))**

အထက်ပါ ဆရာများ၏ ဖော်ပြချက်များကို ဆက်စပ်လေ့လာလိုက်သောအခါ၊ ယခု ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် သီတင်းသုံးလျက်ရှိတော်မူနေသော ကမ္ဘာကျော် မြဘုရား ဆင်းတုတော်သည် အနော်ရထာမင်းကြီးကိုယ်တော်တိုင် ဖူးမြော်ခွင့် မရရှိခဲ့သော်လည်း...သီဟိုဠ်ဘုရင်က အနော်ရထာမင်းကြီးအတွက် မမွပဋ္ဌာတော်အဖြစ် ဆက်သလိုက်သည့် ဘုရားဆင်းတုတော်ဖြစ်နေ၍၊ တစ်ချိန်တစ်ခါက အနော်ရထာမင်းကြီး **ပိုင်ဆိုင်ခွင့်** ရရှိခဲ့သည့် ဆင်းတုတော်အဖြစ် ယုံကြည်မိကြောင်း တင်ပြလိုက်ရပါသည်။

**စာကြွင်း**

အနော်ရထာဘုရင်မင်းမြတ်သည် ပုဂံ လောကနန္ဒာဆိပ်ကမ်းသို့ ဘေးမသီရန်မခဘဲ ပြန်လည်ရောက်ရှိလာသော သင်္ဘောဖြင့် ပင့်ဆောင်လာသည့် သီဟိုဠ်ဘုရင် ဆက်သလိုက်သော စွယ်တော်ပွားကို တည်ဆောက်ဆဲ ရွှေစည်းခုံစေတီတော်၌ ဌာပနာသွင်းလိုက်ကြောင်း ရာဇဝင်သမိုင်းစာအုပ်များတွင် တွေ့ရှိရသည်။

**မော်ဝန်းကြည်မြတ်**

**ကိုးကား– ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာ ၂၆၊**

**တနင်္လာနေ့ထုတ် စံတော်ချိန်သတင်းစာ**

CITY CARTOON



# လုမ္ဗိနီသာမောအင်ကြွင်းတော်သို့ ခေတ္တရောက်ရှိသွားခြင်း

သက်ထူးဇင်







**နိဒါန်း**

နေခြည်ဝင်းပသော မိုးနှောင်းကာလ၏ တစ်ခုသောနံနက်ခင်းတွင် ကျွန်တော်သည် ရွှေဝါရောင်ဝင်း၊ ရွှေအဆင်းနှင့် တောင်းဆုပြည့်စုံသည့် ရွှေတိဂုံရင်ပြင်တော်ပေါ်သို့ ရောက်ရှိသွားပါသည်။ မိုးလေကင်းရှင်းသော အခါကာလမို့ထင့် နိုင်ငံခြားသား ဘုရားဖူးများ၊ ပြည်တွင်းဘုရားဖူးများနှင့်စည်ကားနေသည်။ ဘုရားဝတ်ပြုသံ၊ ဆုတောင်းသံ၊ ပဋ္ဌာန်းရွတ်သံတို့က လွှမ်းမိုးနေသည်။ ကျွန်တော်သည် ဘုရားကြီးကို လက်ယာရစ် လှည့်ပတ်ကြည့်ညိုရင်း ရာဟုထောင့်၊ အောင်မြေအနီးရှိ ချမ်းသာကြီးတန်ဆောင်းအနီးသို့ ရောက်ရှိသွားသည်။ တန်ဆောင်းထဲတွင် လုမ္ဗိနီဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ မြန်မာနိုင်ငံရှိ နီပေါသံရုံး၊ ယူနက်စကိုရုံး(ရန်ကုန်) ဒါရမ်တက္ကသိုလ်ရှေးဟောင်းသုတေသနဌာနတို့ ပူးပေါင်းကျင်းပသည့် 'ဗုဒ္ဓဖွားမြင်တော်မူရာဒေသ ခရီးစဉ်ပြပွဲ' ရှိနေသည်။ ကြည့်ရှုသူများပြားလွန်း၍ စည်ကား

လာသည်။ သို့ဖြစ်ရကား ကျွန်တော်သည် 'အချိုရှာသကာတွေ့' သည့်အလားပင် ဝင်ရောက်ငေးမောကြည့်ရှုခဲ့ပါသည်။ ကျွန်တော် ငေးမောကြည့်ရှုရကျိုးနပ်ပါသည်။ မြတ်ဗုဒ္ဓပွင့်တော်မူရာ လုမ္ဗိနီဒေသ၊ ကပိလဝတ် ရှေးဟောင်းမြို့တော်မှအစ မြတ်ဗုဒ္ဓ၏ သံဝေဇနီယလေးဌာနသို့ ရောက်ရှိသွားပါသည်။ ပြခန်းအား ပညာရှင်များနှင့် သုတေသနအဖွဲ့အစည်းများက စနစ်တကျ ရှာဖွေသုတေသနပြုထားခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်လှသည်။ လေးနက်ခံ့ညားမှုက ထပ်ဆောင်းထားသည်။ ဘာသာရနံ့ သင်းပျံ့ပျံ့က ကြိုင်လှောက်၍နေပေရာ ဆိုဖွယ်ရာမရှိတော့။ သို့ဖြစ်ရကား ကျွန်တော်တို့အတွေးအမြင်ရနံ့တို့သည် လွန်ခဲ့သောနှစ်ပေါင်း(၂၆၀၀)ကျော်ဆီသို့ ရောက်ရှိသွားပါသည်။ တိတိပပပြောရလျှင် ဗုဒ္ဓပွင့်ကာနီးခေတ်ကာလသို့ရောက်ရှိသွားပါသည်။

**ဗုဒ္ဓပွင့်ကာနီးခေတ်ကာလ**

အိန္ဒိယပြည်၊ မဇ္ဈိမဒေသရှိဗုဒ္ဓပွင့်လုဆဲဆဲ (ဘီစီ-၆၀၀ ကျော်၊ ၇၀၀ ခန့်)က အိန္ဒိယ ခတ္တိယမင်းမျိုးမင်းနွယ်များသည် နိုင်ငံအသီးသီးထူထောင်ကာ သူတစ်လူ၊ ငါတစ်မင်း စစ်ခင်းနေကြပေသည်။ မဂဓ၊ အင်္ဂ၊ ဝဇ္ဇီ၊ မလ္လာ၊ ကာသိ၊ ကောသလ ဝံသ၊ အဝန္တိ၊ စေတိ၊ ကုရု၊ ပဉ္စာလ၊ မစ္ဆ၊ သူရသေန၊ အဿက၊ ဂန္ဓာရ၊ ကမ္ဗောဇဟူ၍ တိုင်းကြီး(၁၆)တိုင်းနှင့် နိုင်ငံ(၁၀၀) ကျော်ရှိခဲ့လေသည်။

ဘာသာရေးဆိုင်ရာယုံကြည်ကိုးကွယ်မှုတွင်လည်း ဇာတ်ဝါဒအရင်းခံလျက် သူတစ်ဖုံငါတစ်မျိုး ဟောပြောနေကြပေသည်။ ရှေးအထက်ကျော်ကာရီမှစ၍ တည်ရှိခဲ့သော သဘာဝကိုးကွယ်မှု၊ နတ်ကိုးကွယ်မှုများ၊ နတ်ဘုရား၊ နတ်ဗြဟ္မာကိုးကွယ်မှုများပင် ခေတ်စားနေဆဲဖြစ်ပေသည်။ အထူးသဖြင့် ဗြဟ္မဏတို့၏ အတ္တဝိညာဉ်ဝါဒများမှာ ရိုးစွဲပေါ်လွင် ထင်ရှားလျက်ရှိပေသည်။ ဗြဟ္မဏတို့၏ ဝေဒဝါဒမဟုတ်သော စာရာကရသေ့၏ ရုပ်ဝါဒဆန်သော ဥစ္ဆေဒဝါဒ၊ ဇာရာဏာသိမှ ပါသဝ ဟူသော ဘုရားဘွဲ့ခံ(ဂျိမ်းဘာသာအစ)၏ အယူဝါဒ၊ သိဒ္ဓတ္ထ၏ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏(မဟာရာဂျာ)ကိုးကွယ်သည့် ကပိလရှင်ရသေ့၏ သခ်ယ(သချာ)ဝါဒတို့ခေတ်ပြိုင်ဖြစ်နေကြပေသည်။ ထိုအချိန်ကာလမှာပင် အီဂျစ်၊ ဂရိ၊ ရောမနိုင်ငံများဘက်မှ စီးဝင်လာသောပုံပြင်၊ ကဗျာ၊ နီတိကျမ်းများသည်လည်းကောင်း၊ ဂရိစာဆိုတော်၊ ပုံပြင်ဆရာကြီး ဟိုးမား (ဘီစီ ၉၀၀ ခန့်)၏ အီလီယက်နှင့် အိုဒက်ဆီပျို့ဝတ္ထု၊ ကဗျာ၊ ကျမ်းများကို ဆန်းသစ်ထားသည့် မဟာဘာရတနှင့် ရာမယနကဗျာကျမ်းများသည်လည်းကောင်း အဆိုပါကျမ်းကြီးများမှ ထုတ်နုတ်မွမ်းမံသည့် ဟိန္ဒူ၊ ဗြဟ္မဏတို့ ကိုးကွယ်ရာဖြစ်သော ဘဂဝါဂီတာ တရားဆောင်ပုဒ်၊ ကဗျာ ၁၁၃၀ ကျမ်းသည်လည်းကောင်း၊ အိန္ဒိယတစ်ဝန်း ပျံ့နှံ့ရောထွေးနေပြီဖြစ်သည်။

ဘီစီ-၆၀၀ ကျော်က ပါရှားနိုင်ငံတွင်ပေါ်ထွန်းလာသော ဇောရိုးစတားဝါဒကလည်း အိန္ဒိယနိုင်ငံတွင်းသို့ အရင်းခံအားဖြင့်မသိမသာ စိမ့်ဝင်လျက်ရှိနေပေပြီ။

ထိုစဉ်က အိန္ဒိယတွင်မဟာဝီရဘွဲ့ခံ နာဋပုတ္တနိဂဏ္ဌ (နာဋ၏သား)သည် ထက်မြက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ မဟာဝီရအပါအဝင် ပုဂ္ဂိုလ်(၆)ဦးတို့သည် ဂေါတမဗုဒ္ဓထက် အချိန်စောစွာ မိမိတို့ကိုယ် မိမိတို့ ဘုရားဘွဲ့ခံခဲ့ကြသည်၊ ယင်း(၆)ဦးမှာ -

(၁) မဟာဝီရ(နာဋပုတ္တ နိဂဏ္ဌ) ယခုဘဝဒုက္ခခံ၍ နောင်တမလွန်ကောင်းစားရေး ရှေးရှုရမည်။ အိုးအိမ်စည်းစိမ်များစွန့်လွှတ်ကာ ခြိုးခြံကျင့်သုံးရမည်။ ဤသို့ဖြင့် အဆုံးဘဝ၌ မောက္ခခေါ် လွတ်မြောက်သောဘဝကိုရရှိမည်။ တွယ်တာမှုကင်းရမည်ဟူသောအယူဝါဒကို ဦးဆောင်ဟောပြောခဲ့သည်။

(၂) မက္ခလိဂေါသာလ(ဂေါသာလရွာသား မက္ခလိ) ကြောင်းကျိုးမဲ့ဝါဒ၊ ပိုင်ရှင်မရှိ ကောင်းကျိုးဆိုးပြစ်ဖြစ်ချင်သလိုဖြစ်နေသည်ဟူသောဝါဒကို ကိုင်စွဲသည်။

(၃) ပူရာဏကဿပ(ကဿပအနွယ်ပူရာဏ) ကောင်းကျိုးဆိုးပြစ်ဟူသမျှ ဆုတောင်းဆုပေးဖြင့် အကျိုးအာနိသင်ရသည်ဟုဆိုကာ တန္တရ (ရွတ်ဖတ်သရဇ္ဈာယ်ခြင်း)၊ မန္တရ(မန်းမှုတ်ခြင်း) ပူဇော်ပသခြင်းကို အားပေးသောဝါဒဖြစ်သည်။

(၄) အဇိတ ကေသကမ္ဗလ(ဆံပင်ကိုပတ်၍နေသည်မှတစ်ပါး အလုံးစုံကိုစွန့်လွှတ်ကျင့်ကြံနေသူ အဇိတ) ရုပ်မရှိ၊ နာမ်မရှိ၊ ကောင်းမှုမရှိ၊ သတ္တဝါမရှိ၊ ပုဂ္ဂိုလ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ဘုံမရှိ၊ ဘဝမရှိ၊ ပထဝီတေဇော အာပေါ၊ ဝါယော၊ သုခ၊ ဒုက္ခ၊ ဇီဝဓာတ်(ရဲ့)ပါးတို့သာအချင်းချင်း သူ့သဘောသူဆောင်၍ ပြုမှုရှိသည်။ လုပ်သူ

လည်း ပုဂ္ဂိုလ်မဟုတ်၊ ခံစားရသူလည်း ပုဂ္ဂိုလ်မဟုတ်၊ လုပ်လိုရာလုပ် အပြစ်မရှိ၊ ကောင်းမှုကိုလည်း မျှော်လင့်ချက်ဖြင့်ပြုစရာ မလို၊ စွဲလမ်းအပြစ်ရှိသည်ဟူသောဝါဒကို ကိုင်စွဲသည်။ ဥစ္ဆေဒဝါဒဟုခေါ်ကြသည်။

(၅) ပကုဓကစ္စယန၊ အတ္တဝိညာဉ်ကလေးသည် ခန္ဓာကိုယ်အတွင်းနှလုံးအိမ်ထဲ၌ကိန်းအောင်းလျက် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဒွါရပေါက်မှ အဆင်းအသံ၊ အနံ့၊ အရသာ၊ ဖောဋ္ဌဗ္ဗါရုံများနှင့်တွေ့တိုင်းထွက်၍ ကျက်စားသည်။ ဤဝိညာဉ်ကလေးထွက်၍ ကျက်မစားရလေအောင် ချုပ်ချယ်ထားရမည်။ ဤဝိညာဉ်ကလေးသည်ပင် ခန္ဓာကိုယ်အဟောင်းကိုစွန့်ပစ်၍ အသစ်ကိုပြောင်းကာ တစ်ဘဝပြီးတစ်ဘဝ ထူထောင်ရင်း ကျင်လည်ကျက်စားနေသည်ဟူသော အယူဝါဒဖြစ်သည်။

(၆) သီဝဥ္စယဗေလဋ္ဌ(သိဥ္စည်း) ပြတ်သားတိကျသောအယူမရှိ၊ လောကအများ ကြိုက်လိုက်၍ဟောပြောညွှန်ပြခြင်းဖြင့် ဩဇာဖြန့်သောဝါဒဖြစ်သည်။

ထိုပုဂ္ဂိုလ်ကြီး ၆ ဦးကို မင်းဧကရာဇ်မှအစ နောက်လိုက်အဖွဲ့ဝင် ရာပေါင်းများစွာတို့က လက်ခံဆည်းကပ်ခဲ့ကြသည်။ ယင်းသို့ လူတစ်ကိုယ် အယူတစ်မျိုး ထုတ်လွှင့်ခဲ့ကြသူ၊ ထိုခေတ်ကရှိနေခဲ့ပေသည်။

**ဘုရားလောင်းသတို့သားမွေးဖွားခြင်း**

ဤပတ်ဝန်းကျင်၊ ဤအနေအထားမျိုးအတွင်းမှာပင် ဘီစီ-၆၂၃ ၌ ကပ္ပိလဝတ်ပြည်၌ သကျ(သာကီဝင်)အနွယ်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီးမာယာဒေဝီသည် လုမ္ဗိနီဥယျာဉ်အတွင်း သာယာရှုမောအင်ကြင်းတော(ယနေ့ နီပေါနိုင်ငံအတွင်း)၌ သိဒ္ဓတ္ထဘုရားလောင်းသတို့သားကို ဖွားမြင်တော်မူလေသည်။ ရှင်အသဃောသ၏ ဗုဒ္ဓစရိတအလိုအရ မယ်တော်မာယာက တပေါဝန (စိတ်ငြိမ်စွာကျင့်ကြံအပ်သောတောအုပ်)၌နေလိုကြောင်း ချဉ်ခြင်းတပ်မက်သဖြင့် ဒေဝဒဟတိုင်းနှင့် ယူဇနာ(၆ဝ)အကွာ အင်ကြင်းတောလုမ္ဗိနီ၌ ကြိုတင်သွားရောက်စံပယ်ရင်း သိဒ္ဓတ္ထကိုဖွားတော်မူသည်။

**လုမ္ဗိနီသမိုင်းကြောင်းအား စေ့ငုကြည့်ခြင်း**

ရှေးဟောင်းရာဇဝင်လာကျမ်းဂန်များတွင် လုမ္ဗိနီအား ပုံစံမျိုးစုံဖြင့်ဖော်ပြကြသည်။ ဥယျာဉ်တော်အဖြစ် ဖော်ပြကြသကဲ့သို့ အချို့မှာ တောအုပ်(သို့မဟုတ်)နတ်ဘုရားတို့၏ဥယျာဉ်တော်ဖြစ်သည်ဟု တင်စားကြသည်လည်းရှိသည်။ ကျမ်းဂန်များအားလုံး တူညီစွာဖော်ပြသည့်အချက်မှာ လုမ္ဗိနီအရပ်ဒေသသည် တင့်တယ်လှပစွာဖြင့်တည်ရှိနေသည့်အရပ်ဖြစ်သောကြောင့် မယ်တော်မာယာသည် ကပ္ပိလဝတ်မှ ဒေဝဒဟသို့ အသွားခရီးတွင် ထိုနေရာ၌ခေတ္တနားနေရန် ခြွေရံသင်းပင်းများအား မိန့်ကြားခဲ့သည်ဆိုသည့်အချက်ဖြစ်သည်။

ထိုအချိန်တွင် သစ်ပင်များ၏အမြစ်များမှ ထိပ်ဆုံးသစ်ကိုင်းများအထိ သစ်သီးများနှင့်ပန်းမန်များပြည့်လျှံနေ၍ ထိုအပွင့်များဝေဆာရာသို့ အရောင်စုံသော ပျားအုပ်တို့နှင့်ငှက်များသည် သာယာသောအသံဖြင့်မြည်တမ်းလျက် တေးဆိုလှည့်လည်နေကြသည်။

ဥယျာဉ်တော်တစ်ခုလုံးသည် အရောင်အသွေးစုံလင်လှသည့် သားငှက်တိရိစ္ဆာန်တို့၏ ပျော်စံရာတောအုပ် (သို့မဟုတ်) ဘုန်းတန်ခိုး ဩဇာနှင့်ပြည့်စုံလှသည့် မင်းတစ်ပါး အားတည်ခင်းဧည့်ခံရန် ပြင်ဆင်ထားသည့် လှပခမ်းနားလှသည့် နေရာဌာနတစ်ခုအဖြစ် ရှုချင်စဖွယ်ကောင်းလှသည်။

ဗုဒ္ဓဖွားမြင်တော်မူရာနေရာအား အတိအကျမှတ်သားထားသည့် အထိမ်းအမှတ်ကျောက်တိုင်ကို ယနေ့အခါတွင် ရှာဖွေတွေ့ရှိနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါအမှတ်အသား ကျောက်တိုင်ကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် မာယာဒေဝီကျောင်းတော်ကို ဆောက်လုပ်ခဲ့သည်။ လက်ရှိရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်လေ့လာမှုများအရ သစ်တောအုပ်တွင်းတည်ရှိနေ သည့် အုတ်ဖိနပ်ခံအဆိုပါ အထွတ်အမြတ်ထားရာနေရာတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ခြင်းပင်ဖြစ်သည်။

လုမ္ဗိနီအားတိုးတက်ပြောင်းလဲစေခဲ့သည့် အလှည့်အပြောင်းတစ်ခုမှာ ၁၉၆၇ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ အလည်အပတ်ခရီးစဉ်ပင်ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင်ရှိသော လောကီ၊ လောကုတ္တရာခေါင်းဆောင်များအားလုံးသည် ဆင်းရဲဒုက္ခများနှင့်အကြမ်းဖက်မှုများမကင်းဝေးသည့် လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်ရန်အလို့ငှာ လုမ္ဗိနီဒေသသို့ သွားရောက်လည်ပတ်သင့်သည့်နေရာဖြစ်သည်ဟု ဦးသန့်ကယုံကြည်သည်။ နီပေါလ်အစိုးရနှင့်တိုင်ပင်ဆွေးနွေးမှုများ လုပ်ဆောင်ပြီးနောက် လုမ္ဗိနီအားအဓိကဘုရားဖူးနေရာ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုစင်တာ (ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးစင်တာ) တစ်ခုအဖြစ် ဖွံ့ဖြိုး

လာစေရန် ဦးသန့်သည် နိုင်ငံတကာကမ်ပိန်းတစ်ခုကို စတင်လုပ်ဆောင်ခဲ့လေသည်။ ကုလသမဂ္ဂမှ နိုင်ငံပေါင်း(၁၅)နိုင်ငံပါဝင်သည့် လုမ္ဗိနီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာကော်မတီတစ်ရပ်ကို ၁၉၇၂ ခုနှစ်တွင်ဖွဲ့စည်းခဲ့ပြီး ဘက်စုံလွှမ်းခြုံ စီမံကိန်းတစ်ခုရေးဆွဲရန်အတွက် ဂျပန်နိုင်ငံသားဗိသုကာပညာရှင်ကင်ဇိုတန်ဂေးအား လုပ်ငန်းအပ်နှံခဲ့လေသည်။

၁၉၆၇ တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်လုမ္ဗိနီသို့ရောက်ရှိခဲ့သည်။ ဦးသန့်က ထိုနေရာကို ဘာသာရေးအထွတ်အမြတ်နေရာသာမက ငြိမ်းချမ်းသောနေရာ၏ အမှတ်အသားအဖြစ် ပြောင်းလဲဖန်တီးခဲ့သည်။ လုမ္ဗိနီတွင်ဆင်းရဲမှုနှင့်အကြမ်းဖက်မှုကင်းဝေးသည့် ငြိမ်းချမ်းသည့်နေရာ၏ အမှတ်အသားအဖြစ် ကမ္ဘာ့ခေါင်းဆောင်များက ဖန်တီးပေးနိုင်မည်ဟုယုံကြည်ခဲ့သည်။ "လုမ္ဗိနီခရီးသည် ကျွန်တော့်ဘဝအတွက်အရေးကြီးသော နေ့ရက်များဖြစ်ခဲ့သည်"ဟု မှတ်တမ်းတင်ခဲ့သည်။

နီပေါလ်အစိုးရနှင့်အတူ ဦးသန့်သည် နိုင်ငံတကာအသိုင်းအဝိုင်းကိုဖိတ်ခေါ်၍ လုမ္ဗိနီကို ဘာသာရေးခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဒေသအဖြစ် ဖွံ့ဖြိုးလာစေရန်အစပြုခဲ့သည်။ (၁၅)နိုင်ငံပါဝင်သော လုမ္ဗိနီဖွံ့ဖြိုးရေးကော်မတီကို ကုလသမဂ္ဂမှ ၁၉၇၂ တွင်ဖွဲ့စည်းခဲ့ပြီး နာမည်ကျော်ကြားသောဂျပန်ဗိသုကာ ကင်ဇိုတန်းကို ဘက်စုံစီမံကိန်းရေးဆွဲရန် တာဝန်ပေးခဲ့သည်။

**အထွတ်အမြတ်ထားရာလုမ္ဗိနီဒေသ**

နီပေါလ်နိုင်ငံတောင်ပိုင်းတွင်ရှိသည့် လုမ္ဗိနီဒေသငယ်လေးသည် ဘုရားဖူးပုဂ္ဂိုလ်များစွာနှင့် ခရီးသွားများစွာတို့လာရောက်လည်ပတ်ဖူးမြော်ရာ ဒေသတစ်ခုအဖြစ် ရာစုနှစ်များစွာတိုင်အောင် ဖြစ်တည်နေသည့်နေရာဒေသဖြစ်သည်။ ပထမဦးဆုံးစေတီတစ်ဆူကို မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး မကြာမီပင် လုမ္ဗိနီအရပ်ဒေသ၌ တည်ထားကိုးကွယ်ကြောင်းကို ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်ရေးများက သက်သေပြလျက်ရှိသည်။ မောရိယအင်ပါယာပြည့်ရှင် အသောကမင်းကြီးသည် ဘီစီ ၂၄၉ တွင်လာရောက်ခဲ့သည့်ပထမဆုံးမှတ်တမ်းဝင် ဘုရားဖူးပုဂ္ဂိုလ်ဖြစ်သည်။ ထို့နောက် တရုတ်ခရီးသွားဘုန်းတော်ကြီး ဖာဂီယန်(Faxian)(အေဒီ ၅ ရာစု)နှင့် ရွှင်ကျန့်(Xuanzan)(အေဒီ ၇ ရာစု)တို့သည်လည်း လုမ္ဗိနီဒေသသို့ ဘုရားဖူးလာရောက်ခဲ့သည့်အပြင် အဆိုပါဒေသ၏ ယဉ်ကျေးမှုဆိုင်ရာ သွင်ပြင်လက္ခဏာများကိုမှတ်တမ်းတင်ထားပေးခဲ့နိုင်သည့် ပုဂ္ဂိုလ်များလည်း ဖြစ်လေသည်။

ယနေ့ဆိုလျှင် လုမ္ဗိနီနှင့်တကွ ကျန်ဗုဒ္ဓဘာသာဆိုင်ရာနေရာများသည် သမိုင်းဆိုင်ရာသာမက ဗုဒ္ဓဒေသနာတော်ဆိုင်ရာအရပါ အရေးအပါဆုံးသောနေရာများအဖြစ် တည်ရှိနေပြီဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ဘီစီအီး ၆၂၅ တွင် လုမ္ဗိနီ၌ဖွားမြင်တော်မူခဲ့ပြီး၊ ကပ္ပိလဝတ်၏အနောက်ဘက် ၂၇ ကီလိုမီတာ ကွာဝေးသည့်နေရာဖြစ်သကဲ့သို့ ဒေဝဒေဟဟုခေါ်တွင်သည့် မယ်တော်မာယာအား ဖွားမြင်ရာအရပ်မှ ၅၇ ကီလိုမီတာဝေးသည့်အရပ်ဖြစ်သည့် သကျသာကီဝင်မင်းတို့၏ နေပြည်တော်တွင် ၂၉ နှစ်တိုင်အောင် နန်းစည်းစိမ်ကိုခံစားခဲ့လေသည်။ ရာမဂါမသည် ဗုဒ္ဓ၏ဓာတ်တော်မွေတော်များကို ဌာပနာထားသည့် ကမ္ဘာပေါ်တွင်တစ်ဆူတည်းသော ကျန်ရှိသည့်စေတီအဖြစ်လည်း လက်ခံယုံကြည်ထားကြသည့် စေတီဖြစ်သည်။ ကြီးမြတ်လှသည့် လုမ္ဗိနီဒေသသည် ဗုဒ္ဓဖွားတော်မူရာ အရပ်ဒေသအဖြစ်လည်းကောင်း၊ ပွင့်တော်မူပြီးသော ဘုရား ၂ ဆူဖြစ်သော ဂေါသိဟာဝါအရပ်ရှိ ကကုသန်ဘုရားနှင့် နစ်ဂလိဟာဝါအရပ်ရှိ ကောဏဂမုနိ(ကောဏဂုဏ်)ဘုရားတို့ ပရိနိဗ္ဗာန်စံဝင်ရာ နိဗ္ဗာနစေတီတည်ရှိရာအဖြစ် အသောကမင်းမှအထိမ်းအမှတ်ကျောက်စာတိုင် စိုက်ထူထားခဲ့သည့်နေရာလည်းဖြစ်သည်။ ယူနက်စကိုသည် အလေးအမြတ်ထားရာအင်ကြင်းဥယျာဉ်တော်အား ဗုဒ္ဓဖွားမြင်တော်မူရာ အရပ်ဒေသအဖြစ် သတ်မှတ်ကြောင်းနှင့် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာဒေသအဖြစ် ၁၉၉၇ ခုနှစ်တွင်ကြေငြာခဲ့ပြီး ယခုအခါတစ်နှစ်လျှင်ဘုရားဖူးဧည့်သည်ပေါင်း ၁. ၇ သန်း လာရောက်လည်ပတ်ဖူးမြော်လျက်ရှိနေပြီဖြစ်ပါသည်။

**(၁) သံဝေဇနီယလေးဌာနတွင်ပါဝင်သော လုမ္ဗိနီဒေသ**

လုမ္ဗိနီဒေသသည် သမိုင်းနှင့်ရှေးဟောင်းသုတေသနဆိုင်ရာ နေရာပေါင်းရာကျော် တည်ရှိနေသည့်နေရာဒေသဖြစ်သည့်အပြင် အဆိုပါ ရှေးဟောင်းနေရာများထဲမှအချို့သည်ဗုဒ္ဓဖြစ်တော်စဉ်များနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့် ရှေးဟောင်းနေရာများပင်ဖြစ်သည်။ အဓိကကျသည့် ရှေးဟောင်းနေရာများမှာဖွားတော်မူရာ လုမ္ဗိနီ၊ တိလောရာကုတ်ဟု ယနေ့ခေါ်တွင်သည့် သကျမုနိဗုဒ္ဓမြတ်စွာနေထိုင်ခဲ့သည့် ရှေးဟောင်းကပ္ပိလဝတ်မြို့တော်၊ မယ်တော်မာယာ၏ဇာတိမြို့ဖြစ်သည့်ဒေဝဒဟနှင့်ဗုဒ္ဓဓာတ်တော် မွေတော်များဌာပနာရာ မူလစေတီ

ရှစ်ဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည့် ရာမဂါရာမစေတီတို့ဖြစ်လေသည်။

**(၂) ကပိလဝတ်ရှေးဟောင်းမြို့တော်**

လုမ္ဗိနီ၏အနောက်ဘက် ၂၈ ကီလိုမီတာ အကွာတွင် တည်ရှိသည့် ယနေ့ တီလောရာကုတ်ဟုခေါ်သည့်မြို့တော်သည် ကပိလဝတ်ဟုခေါ်ဝေါ်သော သကျသာကီဝင်မင်းတို့၏ နေပြည်တော်ဖြစ်သော ခံတပ်မြို့ဖြစ်လေသည်။ အဆိုပါ ကပိလဝတ်မြို့သည် ဗုဒ္ဓဘုရားရှင် သိဒ္ဓတ္ထမင်းသားဘဝဖြင့် ၂၉ နှစ်ကြာ စံမြန်းခဲ့သည့်မြို့တော်ဖြစ်သကဲ့သို့ နန်းစည်းစိမ်ကိုစွန့်ကာ တောထွက်တော်မူရန် နန်းတော်အရှေ့ဘက်ပေါက်မှထွက်ခွာခဲ့သည့် နေရာလည်းဖြစ်သည်။ ယခုအခါ အဆိုပါ ကပိလဝတ်နန်းတော်နေရာနှင့် မြို့ရိုးများ၏ ကြွင်းကျန်ခဲ့သည့် ရှေးဟောင်းနေရာများကို အထင်အရှားမြင်တွေ့နိုင်ပြီဖြစ်ပြီး ဘုရားဖူးလာသူ တော်ကောင်းများသည် အဆိုပါ ကြွင်းကျန်ခဲ့သည့် အုတ်ရိုးများတစ်လျှောက်လှည့်လည်ကာ ပူဇော်ကန်တော့နိုင်ပြီဖြစ်ပါသည်။

**(၃) ဗုဒ္ဓ၏ ဓါတ်တော်များဌာပနာထားရာ ရာမဂါရာမစေတီ**

လုမ္ဗိနီ၏အရှေ့ဘက် ကီလိုမီတာ ၇၀ အကွာရှိ ရာမဂါရာမအရပ်တွင် ကြီးမားလှသော အုတ်ကုန်းကြီးတစ်ကုံးသည် ဗုဒ္ဓဓာတ်တော်များ ဌာပနာထားရာ မူလစေတီရှစ်ဆူတွင်းမှ တစ်ဆူတည်းသောစေတီဖြစ်သည့်နေရာဟု ယုံကြည်ထားသည့်နေရာဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ကြွင်းကျန်ရစ်သည့် ဓာတ်တော်များကို ရှစ်ပြည်ထောင်မင်းများအား အညီအမျှခွဲဝေပေး၍ စေတီရှစ်ဆူ တည်စေခဲ့သည်။ ဘီစီ ၃ ရာစုတွင် ဧကရာဇ်ဘုရင် အသောကမင်းသည် အဆိုပါစေတီရှစ်ဆူအား ဌာပနာဖွင့်လှစ်စေပြီး ဓာတ်တော်များကို ပြန်လည်ခွဲဝေကာ စေတီသစ်ပေါင်း ရှစ်သောင်းလေးထောင် တည်ထားစေခဲ့သည်။ ဒဏ္ဍာရီလာအဆိုများအရ အသောကမင်းသည် အဆိုပါစေတီရှစ်ဆူအနက်မှ ရာမဂါရာမစေတီတော်အား ဌာပနာဖွင့်လှစ်ရာ၌ နတ်မြွေကြီးများ(သို့)နဂါးတို့၏ ဟန့်တားကာကွယ်ခြင်းကိုခံရသည်ဟု အဆိုရှိလေသည်။ ထို့ကြောင့်ပင် ရာမဂါရာမစေတီတော်သည် ယနေ့ခေတ်တိုင်အောင် ဗုဒ္ဓဓာတ်တော်၊ မွေတော်များ ကိန်းအောင်းနေဆဲဖြစ်သည့် ဗုဒ္ဓဘာသာဝင်များ အလေးအမြတ်ထားရာ စေတီတစ်ဆူအဖြစ် တည်ရှိနေလေသည်။ နီပေါလ်နိုင်ငံကွင်တည်ရှိပြီး ယူနက်စကို၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ပဏာမစာရင်းဝင်အဖြစ် ၁၉၉၆ ခုနှစ်တွင် သတ်မှတ်ထားခဲ့သည်။

**(၄) နိဂြောဓါရာမရှေးဟောင်းနေရာ**

မျက်မှောက်ကာလတွင် ကုဒါန်ဟုခေါ်တွင်သည့် နိဂြောဓါရာမသည် တီရောလာကုတ်(ကပိလဝတ်)နှင့် အနောက်တောင်ဘက် ၅ ကီလိုမီတာ အကွာတွင်တည်ရှိပြီး အဆိုပါနေရာသည် ဗုဒ္ဓဘုရားရှင် ဘုရားအဖြစ်သို့ရောက်တော်မူပြီးနောက် ဖခမည်းတော် သုဒ္ဓေါဒနမင်းနှင့် ပထမဆုံးဆုံသည့်နေရာဖြစ်သည်။ ထို့အပြင် မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားရှင်အား သင်္ကန်းတော်ဆက်ကပ်လှူဒါန်းသည်။ ၎င်းပြင် ကြင်ယာတော် ယသော်ဓယာမှ ဘုရားရှင်အား ဆွမ်းကပ်တော်မူသည့်နေရာလည်းဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဘုရားရှင်သည် အရေးကြီးသော သုတ္တန်များစွာကို ဟောကြားတော်မူခဲ့သကဲ့သို့ တပည့်ရဟန်း ၃၀၀ နှင့်အတူ သီတင်းသုံးသည့်နေရာလည်းဖြစ်သည်။

**နိဂုံး**

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က ဗုဒ္ဓဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးအချိန်တွင် အနီးကပ်ဆုံးတပည့်ဖြစ်သည့် အာနန္ဒာမထေရ်မြတ်အား မှာကြားခဲ့သည်မှာ သံဝေဇနီယလေးဌာနဖြစ်သည့် ဖွားတော်မူရာ လုမ္ဗိနီ၊ ဗောဓိဉာဏ်ကိုရရှိတော်မူရာ ဗုဒ္ဓဂါယာ။ ဓမ္မစကြာ တရားဟောတော်မူရာ မိဂဒါဝုန်၊ ပရိနိဗ္ဗာန်စံဝင်ရာ ကုသိနာရုံတို့သည် ဘုရားဖူးလိုသူ သူတော်ကောင်းတို့ အလေးအမြတ်ထား သွားရောက်ရမည့်နေရာဖြစ်ကြောင်း ဟောကြားခဲ့လေသည်။ 'လုမ္ဗိနီအား အနိစ္စသဘောနလုံးသွင်းကာ ဘုရားဖူးလာပြီး ဤဌာနသို့ ဘုရားဖူးရောက်ပြီး ထိုကာလအတွင်း သဒ္ဓါတရား နှလုံးသွင်းရင်း အနိစ္စရောက်ပါက နတ်ရွာလားမည် အာနန္ဒာ'ဟု ဘုရားရှင်မှ မိန့်ကြားခဲ့လေသည်။

မြောက်ပြန်လေ က ခတ်ကြမ်းကြမ်းဝင်ရောက်လာသည်။ ကျွန်တော်သည် လုမ္ဗိနီသာမဏေအင်ကြင်းတောထဲတွင် ရှိဝေးဝေးမှာနေရာမှသည် လန့်နိုးသွားသည်။ လန့်နိုးခြင်းနှင့်အတူ ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာပါတော့သည်။ သို့ပင်ဖြစ်သော်ငြားလည်း ကျွန်တော်၏တွေး၊ မြင်၊ ရန့်တို့သည် လုမ္ဗိနီ၌သာ ကျန်ရစ်နေဆဲဖြစ်ပါသည်။ ။

သက်ထူးဇင်

# ဗိုလ်အောင်ဒင်ကား ရှင်သန်နေဆဲပင်

ခိုင်လင်းမောင်



မြန်မာ့ရုပ်ရှင်သက်တမ်းသည် နှစ်(၁၀၀)ကျော်လွန်ခဲ့ပြီဖြစ်သည်။ နှစ်တစ်ရာသက်တမ်းအတွင်း မြန်မာ့ရုပ်ရှင်၏ ခရီးလမ်းသည် ပြေပြစ်ချောမွေ့ခဲ့သည့် မဟုတ်။ နွေလယ်ခရီးလမ်းကိုလည်း လျှောက်လှမ်းခဲ့ရသည်။ မြစမ်းရေယာဉ်ကြောတွင် လခြမ်းလှေငယ်နှင့် မြောခဲ့ရသည်လည်း ရှိခဲ့သည်။ တိတိပပပြောရလျှင် အဆင်းခက်ခက်၊ အတက်ကြမ်းကြမ်း ခရီးရှည်ကြီးကို ဖြတ်သန်းခဲ့ရသည်။ ထိုခရီးရှည်ကြီးကို ဖြတ်သန်းခဲ့ရာတွင် ရုပ်ရှင်ကြည့်ပရိသတ်ကြီးက တညီတညွတ်တည်း ဩဘာပေးခြင်းရသည့် ဓာတ်ကားမှာ "ဗိုလ်အောင်ဒင်" ဓာတ်ကားပင်ဖြစ်သည်ဟု ဆိုလျှင် မည်သူမျှ ငြင်းလိမ့်မည်မဟုတ်ပေ။ ကျွန်တော်သည် ဗိုလ်အောင်ဒင်ဓာတ်ကားကို ရုပ်သံမှလာလျှင်လည်း ကြည့်သည်။ ပိတ်ကားထောင်နှင့်ကြုံလျှင်လည်း ကြည့်သည်။ ရုံတင်ပြလျှင်လည်းကြည့်သည်။ မည်သည့်နေရာရောက်ရောက်၊ ဗိုလ်အောင်ဒင်အသံကြားလျှင် ခေါင်းထောင်ကြည့်စမြဲပင်။ ယခု ကျွန်တော်၏ အသက်သည် (၇၀)ကျော်လာပြီဖြစ်သည်။ ဇရာ ဒုလ္လဘ အရွယ် ရောက်လာသည့်အခါ ကျွန်တော်၏အရွယ်သုံးပါးလုံးအား စိုးမိုးခဲ့သည့် ဗိုလ်အောင်ဒင်အား ကျွန်တော် ငုံ့စောင်းကြည့်မိသည်။ လှေ့လာကြည့်မိသည်။ ကျွန်တော် ဆောကြောလေ့လာခဲ့သည်။ တင်ပြခွင့်ပြုစေလိုပါသည်။

ဒုတိယကမ္ဘာစစ် မဖြစ်မီကာလ ဗြိတိသျှဘားမားရုပ်ရှင်တွင် ဝါရင့်ဒါရိုက်တာကြီးများဖြစ်သည့် ဆရာခနို့၊ ဦးညဏ၊ ဦးချန်ထွန်းတို့သည် ဗြိတိသျှဘားမား ရုပ်ရှင်၏ အားထားရသော ဒါရိုက်တာများ ဖြစ်ကြသည်။ ထိုစဉ်ကာလက ညောင်တုန်းသား မောင်ဘအောင် အမည်ခံ ဆရာရွှေဒုံးဘီအောင်သည် ဗြိတိသျှဘားမားတွင် ဓာတ်ညွှန်းများ ရေးပေးနေရသူဖြစ်သည်။

ဗြိတိသျှဘားမားဦးညွန့်သည် ရွှေဒုံးဘီအောင်အား ဒါရိုက်တာအဖြစ် ရုပ်ရှင်ကား (၁)ထုပ် ရိုက်စေရာ ဆရာသည် သူနှင့် မိတ်ဆွေရင်းချာဖြစ်သူ ညောင်တုန်းသား ကိုအောင်ဒင် (ခင်မောင်ရင်) အား မင်းသားတင်၍ "ဗိုလ်အောင်ဒင်" အမည်ဖြင့် ကားရိုက်သည်။ ဓာတ်အရ ဗိုလ်အောင်ဒင်သည် လူဆိုးဖြစ်သော်လည်း ခင်မောင်ရင်အား လူမမုန်းအောင်ဓာတ်ဖန်တီးထားပေသည်။ ဓာတ်လမ်းကို ချုံ့ပြောရလျှင်...

ပြည်အပိုင်ရိုးမတောမှ..ကိုအောင်ဒင်နှင့် တပည့်သုခတို့ အလုပ်ရှာရန် မြို့သို့ တက်ခဲ့ကြသည်။ ခရီးစရိတ်မရှိသဖြင့် လမ်းတွင်တွေ့ရသော ကိုယ်ပိုင်ကားတစ်စီးကို ရပ်ပြီး မားပြတိုက်ခဲ့သည်။ သုခကြောင့် ကားပေါ်ပါလာသူ မားဒဏ်ရာဖြင့်သေသည်။ ကိုအောင်ဒင် ကြောက်လန့်ပြီး ထွက်ပြေး၊ လမ်းတွင်ရှိသော အိမ်တစ်အိမ်ကို ဝင်လုပြန်ရာ အိမ်ရှင်က ငိုပြသဖြင့် ကိုအောင်ဒင်က ခရီးစရိတ်မျှသာတောင်း၍ ထွက်လာသည်။ ဤအိမ်သည် မြမြဝင်း



(မေဝင်း)၏အိမ်ဖြစ်နေသည်။

နောက်ပိုင်းတွင် ဗိုလ်အောင်ဒင်သည် ရန်ကုန်တွင် မြို့မျက်နှာဖုံးသူဌေးလိုနေပြီး တပည့်များမွေးကာ လုယက်မှုများကျူးလွန်နေသည်။ သူ့အမှုကို လိုက်နေသူမှာ ရာဇဝတ်အုပ် ဦးဘချစ်ဖြစ်သည်။ မြမြဝင်းနှင့် ဇာတ်စပ်ထားသူလည်းဖြစ်သည်။ ဗိုလ်အောင်ဒင် မြန်မာ့အလင်းကုန်တိုက် ဝင်တိုက်ရာ တပည့်ဖြစ်သူ ရာမက လူသတ်မှုကျူးလွန်ခဲ့သည်။ ဗိုလ်အောင်ဒင်သည် ဓားပြတိုက်စေသော်လည်း လူသတ်မှုမဖြစ်ရန် အထူးဂရုစိုက်စေခဲ့သည်။ မိမိအထူးတားမြစ်ခဲ့သော်လည်း လူသတ်ခဲ့သောရာမကို ဗိုလ်အောင်ဒင်က ဆုံးမခဲ့သည်။ ရာမအနီးရှိ မသိန်းရင် သေနတ်မှန်သေပြီးနောက် ဦးဘချစ်က ဗိုလ်အောင်ဒင်ကိုဖမ်းမိ၊ သူ့နေအိမ်တွင် အကျယ်ချုပ်နှင့်ထားရာမှ စန္ဒရားပြင်ပေးဟန်ဆောင်ကာ မြမြဝင်းကိုခေါ်ပြီး ရိုးမတောကြီးထဲ ခေါ်ဆောင်သွားခဲ့သည်။

မထင်မှတ်ဘဲ လူဆိုးဖြစ်ရသောဗိုလ်အောင်ဒင်က မြမြဝင်း သူ့လက်ထဲရောက်သော်လည်း တစ်ဖက်သတ် အနိုင်မကျင့်။ အချစ်ကို တစ်ဖက်သတ်မယူခဲ့။ နောက်ဆုံး ဦးဘချစ်တို့ ရိုးမကိုခြေရာခံမိပြီး မြမြဝင်း မျက်စိမှိတ်၍ လက်ကိုင်ပဝါရွေးရာမှ ဦးဘချစ်လက်ကိုင်ပဝါဖြစ်နေ၍ လူဆိုးပင်ဖြစ်သော်လည်း ကတိတည်စွာဖြင့် မြမြဝင်းအား ဦးဘချစ်ထံပြန်ထည့်လိုက်သည်။ (ဗိုလ်အောင်ဒင်နှင့် မြမြဝင်း လုံးဝမညားပါ) ရုပ်ရှင်ကြည့်ပရိတ်သည် မြမြဝင်းအား ဦးဘချစ်ထံ ပြန်သွားပုံနှင့် ဆွေးကျန်နေသော ဗိုလ်အောင်ဒင်၏ ပုံကိုရိုက်ပြရာ မချင့်မရဲဖြစ်ကြရသည်။ သို့သော် ဆရာ ရွှေဒုံးဘီအောင်သည် ပရိသတ်ကို မျှော်လင့်ချက်ပေးသည့်အနေဖြင့် (ဗိုလ်အောင်ဒင်ပြန်လာပြီ မျှော်) ဟူ၍ စာတန်းထိုးခဲ့သည်။ ဗိုလ်အောင်ဒင် ရုပ်ရှင်ကားသည် ပရိသတ်များ၏ အားပေးမှုမှာ ထူးထူးခြားခြားဖြစ်လှပြီး ဗြိတိသျှဘားမားရုပ်ရှင်၏ ဒါရိုက်တာသစ်တစ်ယောက်ဘဝမှ ဗြိတိသျှဘားမား၏ ထိပ်တန်းဒါရိုက်တာစာရင်းဝင်ခဲ့သည်။

ဗိုလ်အောင်ဒင်ရုပ်ရှင်ကား ရုံတင်ပြီး မကြာမီပင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်။ ဆရာ ရွှေဒုံးဘီအောင်သည် "ဗိုလ်အောင်ဒင်ပြန်လာပြီ" ရုပ်ရှင်ကားရိုက်ခွင့်မရခဲ့သော်လည်း ဂျပန်ခေတ်၌ပင် "ဗိုလ်အောင်ဒင်ပြန်လာပြီ" ဝတ္ထုကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ စက္ကူရှားပါး၍ စက္ကူဖြူနှင့် မဟုတ်ဘဲ နီ၊ ဝါ၊ ပြာ စက္ကူများဖြင့် ရိုက်ခဲ့ရာ လူကြိုက်များခဲ့သည်။

ဗိုလ်အောင်ဒင် ပြန်လာပြီတွင် ဗိုလ်အောင်ဒင်သည် ရိုးမမှ ရန်ကုန်သို့ ပန်ချာပီ



ကုလားလို ရုပ်ဖျက်လာပြီး ဦးဘချစ်နှင့် မြမြဝင်း လက်မထပ်မီပင် မြမြဝင်းအား ခိုးယူပြီး မြမြဝင်းကိုလည်း ကုလားမ ဆာရီ ဝတ်စေ၍ ထွက်ပြေးခဲ့ပုံ၊ တစ်နေရာတွင် ဓာတ်မြှုပ်ပေါင်းသင်းနေထိုင်ရာမှ မြမြဝင်း နှင့် ဗိုလ်အောင်ဒင်တို့သည် သားယောကျ်ား လေးတစ်ဦး ဖွားမြင်ခဲ့ပုံတို့ကို ရေးဖွဲ့ထား သည်။

ဒုတိယကမ္ဘာစစ်ပြီးသွားသည့်အခါ ဆရာရွှေဒုံးဘီအောင်သည် "ဗိုလ်အောင်ဒင် ပြန်လာပြီ" ကို ရုပ်ရှင်အဖြစ်ရိုက်ရန် ဆန္ဒရှိ သော်လည်း ဗိုလ်အောင်ဒင်အဖြစ် သရုပ် ဆောင်သူ "ခင်မောင်ရင်" မှာ ဒုတိယကမ္ဘာ စစ်အတွင်းတွင် ကွယ်လွန်ခဲ့၍ "သားဗိုလ် အောင်ဒင်" ဇာတ်ကားကိုသာ ရိုက်ကူးနိုင်ခဲ့ သည်။



မင်းသားကြီး
ခင်မောင်ရင်



ဗိုလ်အောင်ဒင်ဇာတ်သည် ပုလိပ် အရာရှိ တစ်ဦး၊ လူဆိုးတစ်ဦးနှင့် မိန်းမပျို တစ်ဦးတို့၏ (၃)ပွင့်တစ်ခိုင်ဇာတ်ပင်ဖြစ် သည်။ ဗိုလ်အောင်ဒင်ရိုက်ကူးသောကာလ သည် နယ်ချဲ့ခေတ်အချိန်ကာလ နယ်ချဲ့ ပုလိပ်များကို လူအများမုန်းတီးနေသော ကာလဖြစ်ရာ ထိုခေတ်က ပုလိပ်ကို အနိုင် ယူသူ ဖြစ်ရကား "ဗိုလ်အောင်ဒင်" သည် လူထုအကြိုက် လူစွမ်းကောင်းသဖွယ် ဖြစ် နေသည်။ ဥပမာ ပုလိပ်အရာရှိတစ်ဦးနှင့် ဦးဘချစ်တို့ ဗိုလ်အောင်ဒင်၏ စခန်းရောက် လာပြီး မြမြဝင်းအား ဦးဘချစ်နှင့် ဗိုလ် အောင်ဒင်တို့၏ လက်ပိုင်ပဝါများ မျက်နှာ အဝတ်စည်းရွေးစဉ် ပုလိပ်အရာရှိက "ကဲ... ဒါဟာ ကံတရားပဲဗိုလ်အောင်ဒင်၊ အကယ် ၍ ဦးဘချစ် အရွေးခံရရင် ဗိုလ်အောင်ဒင် အနေနဲ့ သဘောထားကြီးဖို့လိုပါတယ်" ဟု ပုလိပ်အရာရှိကပြောကြားသည်။ ထိုစဉ် ဗိုလ်အောင်ဒင်က "ဒီမှာ...ကျုပ်က လူဆိုး ဓားပြလုပ်နေပေမယ့် ခင်ဗျားတို့ ပုလိပ်တွေ ထက် သစ္စာရှိတယ်ဗျ" ဟု ဗိုလ်အောင်ဒင် ၏စကားကို ရုပ်ရှင်ကြည့်ပရိသတ်များက လက်ခုပ်တီး ဩဘာပေးခဲ့ကြသည်။ ဆရာ ရွှေဒုံးဘီအောင်၏ ထိမိပြီး ခေတ်အနေ အထားပေါ်မူတည်သည့် စကားလုံးသုံးနိုင် ခြင်းတို့ကြောင့် ကျွန်တော်ကြိုက်ခြင်းမက ကြိုက်ခဲ့ရခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်တော့် နည်းတူ ရုပ်ရှင်ကြည့်ပရိသတ်ကလည်း စွဲလမ်းခဲ့ကြသည်။ သို့ဖြစ်ရကား ဗိုလ် အောင်ဒင်သည် ကျွန်တော့်ရင်ထဲ၌ ရှင်သန် နေဦးမည် ဖြစ်ပေသည်။

**ခိုင်လင်းမောင်**

သန့်သောအလှ၊ ပသာဒတည့်
ပဓာနမှာ၊ ကျန်းခန့်သာဖို့
ထာဝရမှာ၊ ရှင်းသန့်သာဖို့
မြို့ပြစည်ပင်ရေး၊ လုပ်အားပေးကြ။
ကျောင်းဈေးရပ်ကွက်၊ ရုံးအားရက်တွင်
ဝိုင်းကြ ဝန်းကြ၊ ပါဝင်ကြ။

ရေပုပ်ဆိုးမြောင်း၊ မရှိကောင်းပေ
စုပေါင်းဆည်ပါ၊ သန့်စေရာတည့်။
ခြင် ယင် ကြွက် ခွေး၊ ရှင်းလင်းဝေးမှ
ကင်းဝေးရောဂါ၊ စင်စေရာတည့်။

နောက်ဖေးလမ်းကြား၊ သန့်အောင်ထားကြ
တို့များဝန်တာ၊ လူတိုင်းပါဖို့
ကိုယ့်အိမ်မှစ၊ သန့်ရှင်းကြစို့
သို့မှရပ်ရွာ၊ ရှင်းသန့်သာ၍
မြို့တော်တစ်ခွင်၊ အလှဆင်မည်
ဝိုင်းကြဝန်းကြ၊ ရှင်းသန့်ကြ။

မင်းသန့်ကို



# မြန်မာ့ကာယဗလ အားကစားအောင်မြင်မှုများနှင့် အားပေးပံ့ပိုးခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျော်သန်း



၁၈ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ အောင်ပွဲရ အားကစားသမား များကို မြို့တော်ဝန် ဦးဖိုးလ်ဆွေ ကြိုဆိုနှုတ်ဆက်စဉ်။

မြန်မာ့ကာယဗလ အားကစားကို အရှေ့တောင်အာရှ၊ အာရှမှသည် ကမ္ဘာ့အဆင့်အထိ အောင်မြင်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အားပေးပံ့ပိုးမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ကို ၂၄.၆.၁၉၉၁ နေ့တွင် နိုင်ငံတော်က သီးခြားဖွဲ့စည်း တာဝန်ပေးခဲ့ပြီးနောက် ပထမဆုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရေဝတီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် စိန်လွင်က စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၁.၁၀.၁၉၉၃ နေ့မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းက လွှဲပြောင်း၍ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့ရာ ကော်မတီ၏အတွင်းရေးမှူးများနှင့် ဌာနမှူးတို့အဆက်ဆက် တာဝန်လွှဲပြောင်းရယူခဲ့ပြီး ယနေ့တိုင်အဖွဲ့ချုပ်နာယကအဖြစ် ဥက္ကဋ္ဌ (မြို့တော်ဝန်)က ဆောင်ရွက်ကာ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီက တာဝန်ယူဆောင်ရွက်ဆဲဖြစ်သဖြင့် မြန်မာ့ကာယဗလအားကစားလောကတွင် ရန်ကုန်မြို့တော်စည်ပင်၏ပံ့ပိုးမှုဖြင့် တိုးတက်အောင်မြင်မှုများရရှိခဲ့ခြင်းသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခု ဖြစ်နေပါသည်။

အဖွဲ့ချုပ်၏ အားကစားလုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ လမ်းညွှန်မှုဝါဒများနှင့်အညီ အကောင်အထည်ဖော်



မြို့တော်ဝန် ဦးကိုလေးအား Datuk Paul Chua နှင့်အဖွဲ့ ဂါရဝပြုတွေ့ဆုံခြင်း




အောင်ပွဲရအားကစားသမားများအား Datuk Paul Chua နှင့်အတူ
အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းမှ ဆုချီးမြှင့်ခြင်း

ဆောင်ရွက်ရာတွင် အားကစားသမားများ၏ လေ့ကျင့်မှု၊ တည်းခိုနေထိုင်မှု၊ ကျွေးမွေးစားသောက်မှု၊ ပြည်တွင်းပြိုင်ပွဲများ စီစဉ်ကျင်းပမှုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုရရှိရေးတို့အတွက် ကြိုးပမ်းရာတွင် အားကစားသမားများ၏ စိတ်ဓာတ်နှင့်စွမ်းရည်ကောင်းမွန်မှု၊ စီမံခန့်ခွဲဆောင်ရွက်သူများ၏ ကြိုးစားအားထုတ်မှုများအပြင် ဘဏ္ဍာငွေကြေးဆိုင်ရာ ပံ့ပိုးမှုများ လုံလောက်စွာရရှိရေးအတွက် အထူးလိုအပ်ချက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အတွင်းရေးမှူး၊ ဌာနမှူးများက အဖက်ဖက်မှ ဖြည့်ဆည်းပံ့ပိုးပေးမှုများသည် ကြီးမားသောအထောက်အပံ့ရရှိခြင်း ဖြစ်ပါသည်။

အဖွဲ့ချုပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်ခွင့်ပြုချက်အရ ကာယဗလ လေ့ကျင့်ရေးစခန်းကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြို့တော်စည်ပင်အားကစားဝင်းရှိ အဆောက်အအုံတစ်ခုကို သီးခြားသတ်မှတ်သုံးစွဲခွင့် ရရှိပါသည်။ လေ့ကျင့်ကစားရုံနှင့် အားကစားသမားများ တည်းခိုနေထိုင်ရန်အိပ်ဆောင်များအဖြစ်လည်း အသုံးပြုခွင့်ရရှိပါသည်။

အားကစားလေ့ကျင့်ရုံအတွင်း ကာယဗလနှင့်ကြံ့ခိုင်မှုလေ့ကျင့်ရန် အလေးပစ္စည်းများနှင့် စက်ပစ္စည်းများကို ပြည့်စုံစွာ ဖြည့်ဆည်းပေးထားပါသည်။ ၁၉၉၆ ခန့်က ရန်ကုန်မြို့တော်ဝန် ဦးကိုလေးသို့ ကနေဒါနိုင်ငံမှ IFBB ဥက္ကဋ္ဌ Mr. Ben Weider က လှူဒါန်းပေးပို့ခဲ့သည့် အလေးမနှင့် ကာယဗလလေ့ကျင့်ရေးပစ္စည်းများမှာ ယနေ့တိုင် ခေတ်မီစွာလေ့ကျင့်ကစားနိုင်ဆဲဖြစ်ပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ထပ်မံဖြည့်ဆည်းပေးသည့် လေအေးပေးစက်များ၊ ပြေးစက်များနှင့် လေ့ကျင့်ရေးစက်များ ခွင့်ပြုရရှိခဲ့ခြင်းနှင့် အခြားလိုအပ်သည်များကို အဖွဲ့ချုပ်ရန်ပုံငွေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် ယခုအခါတွင် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအတွက် ပြည့်စုံသည့် လေ့ကျင့်ရေးရုံတစ်ခုဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စတင်တာဝန်ယူခဲ့သည့် အဖွဲ့ချုပ်ဥက္ကဋ္ဌအဆက်ဆက်၏ အောင်မြင်မှုများကိုကြည့်ပါက မြန်မာ့ကာယဗလအားကစား၏ ခေတ်သစ်သမိုင်းတွင် ထူးခြားစွာ စွမ်းဆောင်မြင့်တင်ပေးနိုင်မှုကိုတွေ့နိုင်ပါသည်။

၁.၁၀.၁၉၉၃မှ ၂၃.၇.၁၉၉၈ နေ့အထိအဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သည့် ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း(အငြိမ်းစား)၏ ကာလတွင် ၁၉၉၅ ခုနှစ် စက်တင်ဘာလက စင်္ကာပူနိုင်ငံ၌ကျင်းပခဲ့သည့် ပထမအကြိမ် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာ့ကာယဗလအားကစားသမား ခိုင်လင်းက (၈၀)ကီလိုတန်းတွင် ပထမ(ရွှေတံဆိပ်)ရယူပေးနိုင်ခဲ့ပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌဦးကျော်ဝင်းသည် ၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတ



၂၀၀၀ပြည့်နှစ် စက်တင်ဘာလ မလေးရှားနိုင်ငံ၊ မလ္လကာမြို့တွင်ကျင်းပသည့် (၅၄)ကြိမ်မြောက် ကမ္ဘာ့ကာယဗလပြိုင်ပွဲတွင် IFBB ဥက္ကဋ္ဌ Mr.Ben Weider နှင့်အတူ အမှတ်တရ



အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင်နှင့် အောင်ပွဲရအားကစားသမားများ အိမ်အပြန်ခရီး

နိုင်ငံတွင်လက်ခံကျင်းပသည့် (၁၀)ကြိမ်မြောက် အာရှကာယဗလပြိုင်ပွဲသို့ ကိုယ်တိုင်ဦးဆောင်၍ အားကစားသမား ထွန်းထွန်းအောင်နှင့်အတူ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ထွန်းထွန်းအောင်က အလေးချိန်(၇၀) ကီလိုတွင် ပထမ(ရွှေတံဆိပ်) ရယူပေးနိုင်ခဲ့ပါသည်။

၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံက ဒုတိယအကြိမ် အရှေ့တောင်အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့တွင် ၅.၁၂.၁၉၉၆ မှ ၉.၁၂.၁၉၉၆ နေ့အထိ လက်ခံကျင်းပခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်)နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့၏ ပံ့ပိုးကြိုးစားမှုကြောင့် ရွှေ(၂)၊ ငွေ(၃)၊ ကြေး(၁) ရရှိအောင်မြင်ခဲ့ပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းအနားယူခဲ့ပြီးနောက် တာဝန်လွှဲပြောင်းရယူခဲ့သည့် ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်သည် ၂၄.၈.၁၉၉၈ မှ ၂၂.၆.၂၀၀၅ နေ့အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ အလေးထားအားစိုက်မှုကြောင့် ၁၉၉၉ ခုနှစ်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် တတိယအကြိမ်အရှေ့တောင် အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေ(၂)၊ ငွေ(၃)၊ ကြေး(၁) ရရှိအောင်မြင်ခဲ့ပါသည်။




မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ကာယဗလ အားကစားသမားများအား Datuk Paul Chua အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်စိုးတို့နှင့်အတူ ကြည့်ရှုစစ်ဆေးခြင်း

၂၀၀၄ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင် ကျင်းပပြုလုပ်ခဲ့သည့် (၇)ကြိမ်မြောက်အရှေ့တောင် အာရှကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဆောင်၍ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ဇော်ဝမ်းနှင့် မင်းဇော်ဦးတို့က ရွှေ(၂)ခု ရရှိပြီး အောင်ခိုင်ဝင်းက ငွေ(၁)ခု ရယူပေးနိုင်ခဲ့ပါသည်။ မင်းဇော်ဦးသည်အကောင်းဆုံးကာယဗလမောင်ဆုနှင့် Mr.Bali(2004) ဆုကိုပါထိုက်တန်စွာရရှိမှုဖြင့် နိုင်ငံအတွက် ကာယဗလအားကစားကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

၂၀၀၃ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင်



အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်စိုးက အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားခြင်း




မြို့တော်ဝန် ဦးလှမြင့်က ABBF Executive Director Ms.Christina Y.Kam အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်း

ကျင်းပပြုလုပ်ခဲ့သည့် (၂၂)ကြိမ်မြောက် SEA Games တွင် မြန်မာ့ကာယဗလ အသင်းက ရွှေ(၁)၊ ငွေ(၁)၊ ကြေး(၁) ရယူပေးခဲ့ပါသည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်အောင်၏ တာဝန်ကာလအတွင်း ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့၌ (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ Asian Games ကို ကျင်းပခဲ့ရာ ကာယဗလပြိုင်ပွဲသို့ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သဖြင့် မင်းဇော်ဦးက (၇၅)ကီလိုတန်းတွင် တတိယ (ကြေးတံဆိပ်–၁ခု) ရယူပေးနိုင်ခဲ့ပါသည်။

မြန်မာ့ကာယဗလ အားကစားသမိုင်းတွင် (၅၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလတံခွန်စိုက်ပြိုင်ပွဲကို ၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ပထမဆုံးလက်ခံကျင်းပခဲ့ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးကိုလေးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၏ အဓိကပံ့ပိုးမှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ နိုင်ငံပေါင်း(၄၈)နိုင်ငံက အားကစားသမား (၁၁၇)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံက အောင်နိုင်(၆၀)ကီလိုတန်းနှင့် ဇော်သိန်းနိုင်(၇၅)ကီလိုတန်း (၂)ဦးက ငွေတံဆိပ်နှင့် ထွန်းထွန်းအောင် (၆၀)ကီလိုတန်းက ကြေးတံဆိပ်များ ရရှိအောင်မြင်မှုသည် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင်၏ တာဝန်ကာလအတွင်း အထူးအောင်မြင်မှုဖြစ်ခဲ့ပါသည်။

ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင် အနားယူခဲ့ပြီးနောက် ဆက်လက်တာဝန်ထမ်းဆောင်သူ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးသည်လည်း ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ပံ့ပိုးမှုကိုရယူပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ၂၂.၆.၂၀၀၅ မှ ၇.၂.၂၀၀၈ နေ့အထိ တာဝန်ထမ်းဆောင်ခဲ့ ပြီး ယင်းကာလအတွင်း ပြည်တွင်းပြိုင်ပွဲ များ ကျင်းပခြင်းနှင့် ပြည်ပပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ကာယဗလအားကစားကို မြှင့်တင်ပေးရန် ဆောင်ရွက်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၀၅ ခုနှစ်က ကျင်းပပြုလုပ်ခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ SEA Games တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်တက်ရောက်ခဲ့ပြီး ငွေတံဆိပ် (၃)ခုကို ရယူပေးနိုင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ SEA Games တွင်မူ အောင်ခိုင်ဝင်းက ရွှေတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ပါသည်။

၇.၂.၂၀၀၈ မှ ၁၉.၅.၂၀၁၁ နေ့အထိ အဖွဲ့ချုပ်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့်ဗိုလ်မှူးကြီးအောင်သန်းဝင်းသည်လည်း ကာယဗလအားကစားကို အားပေးခဲ့ပြီး အစဉ်အလာကောင်းရှိသည့်အတိုင်း ၂၀၁၀ ပြည့်နှစ်က စင်္ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲတွင် ရွှေ (၂)၊ ငွေ(၁)ခုရရှိအောင်စွမ်းဆောင်ပံ့ပိုးခဲ့ပါသည်။




အဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးလှမြင့်ဆွေက (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲတွင် ဂုဏ်ပြုဆုများချီးမြှင့်ခြင်း

အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ဌာနမှူး ဝဏ္ဏကျော်ထင် ဦးလှမြင့်ဆွေမှာ ကာယဗလအဖွဲ့ချုပ်တွင် ၁၉၉၅ ခန့်ကပင် စာပေအနုပညာလုပ်ငန်းများပံ့ပိုးရန် ပါဝင်ခဲ့ရပြီး ကာယဗလနှင့်ပတ်သက်၍ စိတ်ပါဝင်စားပြီး ကျွမ်းကျင်သည့် အနုပညာ၊ စာပေ၊ ဓာတ်ပုံ၊ ပန်းချီတို့ဖြင့် ကာယဗလ စာပေများ ထုတ်ဝေခြင်း၊ အဖွဲ့ချုပ်၏ဗလနှင့် အလှဂျာနယ်ကို ဦးစီးထုတ်ဝေခြင်းနှင့် အဖွဲ့ချုပ်အတွက် အနုပညာဆိုင်ရာ Logo များ၊ Design များ စသည့်လိုအပ်ချက်များကို အထူးပံ့ပိုးမှုပြုခဲ့သူဖြစ်ရာ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း များစွာအထောက်အကူပြုပေးနိုင်ခဲ့ပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမြင့်ဆွေသည် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံက (၁၁) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလတံခွန်စိုက်ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်အောင် စီမံဆောင်ရွက်ခဲ့ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးလှမြင့်၏ ပံ့ပိုးမှုဖြင့် ထူးခြားစွာအောင်မြင်မှု ရရှိခဲ့ပါသည်။ မြန်မာကာယဗလ အားကစားအသင်းအနေဖြင့်လည်း ရွှေ(၃)၊ ငွေ(၂)၊ ကြေး(၂) ရရှိအောင်မြင်ခဲ့ပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှမြင့်ဆွေ တာဝန်ယူခဲ့သည့်ကာလအတွင်း ကာယကြံ့ခိုင်မှု Sports Physique ပြိုင်ပွဲများကို စတင်ထည့်သွင်းကျင်းပခဲ့ပြီး အမျိုးသမီးပြိုင်ပွဲများကို နိုင်ငံတကာပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရန် စတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း စင်္ကာပူနိုင်ငံတွင်ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အေးအေးစိုးက Women's Athletic Physique ပြိုင်ပွဲတွင် ပထမ(ရွှေ)နှင့် နန်းထက်ထက်လင်းက ဒုတိယ(ငွေတံဆိပ်)များ စတင်ရရှိ၍ အောင်မြင်ခဲ့ပါသည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ၏အားပေးမှုဖြင့် ၂၀၁၁ ခုနှစ် မလေးရှားနိုင်ငံ၊ မလက္ကာမြို့တွင် ကျင်းပခဲ့သည့် WBPF ၏ တတိယအကြိမ် ကမ္ဘာ့ကာယဗလတံခွန်စိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ထွန်းမင်း(၆၀)ကီလိုတန်းက တတိယ(ကြေးတံဆိပ်)ကို ပထမဆုံးရယူပေးနိုင်ခဲ့ပါသည်။




အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီအားစာမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ဥက္ကဋ္ဌမှ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်း

ယင်းအပြင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၁၁)ရက်နေ့မှ (၂၂)ရက်နေ့အထိ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၇)ကြိမ်မြောက် SEA Games ၏ကာယဗလပြိုင်ပွဲတွင် ကာယဗလအားကစားသမား (၅)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေ(၂)၊ ငွေ(၂) ရရှိအောင်မြင်ခဲ့သဖြင့် အိမ်ရှင်မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့ရပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးလှမြင့်ဆွေ အနားယူခဲ့ပြီးနောက် ၂၆.၆.၂၀၁၄ မှစတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တွဲဖက်

အတွင်းရေးမှူး (လက်ရှိဒုတိယမြို့တော်ဝန်) ဦးညီညီက စတင် တာဝန်ထမ်းဆောင်ခဲ့ရာ ယနေ့တိုင်ဖြစ်ပါသည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ၏လက်ထက်တွင်ကား အဖွဲ့ချုပ်အတွက် ထူးခြားသည့်အောင်မြင်မှုများစွာ ရရှိလျက်ရှိပါသည်။ အရှေ့တောင်အာရှနှင့် အာရှအဆင့်သာမက ကမ္ဘာ့အဆင့်အထိ ထိုးဖောက်အောင်မြင်မှုရရှိအောင် စွမ်းဆောင်မြှင့်တင် ဆောင်ရွက်ပေးခဲ့သည့် မှတ်တမ်းများကို တွေ့ရှိရပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ ဦးဆောင်၍ ၂၀၁၄ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မက္ကာအိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၄၈)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ထွန်းမင်း(၆၀) ကီလိုတန်းတွင် ပထမ(ရွှေတံဆိပ်) ရရှိခဲ့ပါသည်။ ဆက်လက်၍ ၂၀၁၅ ခုနှစ်က ဥဇဘက်ကစ္စတန်နိုင်ငံတွင် ကျင်းပသည့် (၄၉)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ နန်းလောင်ဝိခမ်းက Women's Model Physique ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ရယူပေးခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဘူတန်နိုင်ငံတွင်ကျင်းပသည့် (၅၀)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင်မူ ထွန်းမင်း(၆၅)ကီလိုနှင့် ထွန်းထွန်းအောင် (၆၀) ကီလိုက ပထမ(ရွှေတံဆိပ်) (၂)ခု ထူးခြားစွာ အောင်မြင်မှုရရှိအောင် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တော်၌ကျင်းပသည့် (၅၁)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ထွန်းထွန်းအောင်(၆၀)ကီလို၊ ထွန်းမင်း(၆၅)ကီလိုနှင့် ရဲထွန်းနောင်(၇၀)ကီလိုတို့ (၃)ဦးက ရွှေတံဆိပ်(၃)ခု ဆွတ်ခူးပေးနိုင်ခဲ့ခြင်းမှာ နိုင်ငံတော်အတွက် များစွာအားရစရာဖြစ်ခဲ့ရပါသည်။

၂၀၁၈ ခုနှစ်တွင်မူ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီခေါင်းဆောင်၍ အိန္ဒိယနိုင်ငံတွင် ကျင်းပသည့် (၅၂)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေ(၁)၊ ငွေ(၂)၊ ကြေး(၁) ရရှိခဲ့ပါသည်။

ဆက်လက်၍ (၅၃)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ၂၀၁၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘန်တန်ကျွန်းတွင်ကျင်းပခဲ့ရာ Women's Model Physique ပြိုင်ပွဲတွင် အေးသန္တာခိုင်နှင့် Women's Fitness Physique ပြိုင်ပွဲတွင် သဲစုတို့က ရွှေတံဆိပ်(၂)ခုဆွတ်ခူးခဲ့ပြီး မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ အလားတူ (၅၄)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် မောလ်ဒိုက်နိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့ရာ အေးသန္တာခိုင်က ရွှေတံဆိပ်တစ်ခုရယူပေးနိုင်ခဲ့ပါသည်။ (၅၅)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို နီပေါနိုင်ငံတွင် ၂၀၂၃ ခုနှစ်က ကျင်းပခဲ့ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဆောင်တက်ရောက်ခဲ့ပြီး ရွှေ(၁)၊ ငွေ(၂)၊ ကြေး(၃)ကို ရယူပေးနိုင်ခဲ့ပါသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ တာဝန်ယူစဉ် ကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ် (၁၆)ကြိမ်မြောက်အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ ရန်ကုန်မြို့တွင်ကျင်းပ ပြုလုပ်ခဲ့ရာ ရွှေ(၉)ခု ငွေ(၁၀)ခုနှင့် ကြေး(၁၀)ခုဆွတ်ခူးပြီး အသင်းလိုက်တံခွန်စိုက်ဆုကို ရယူပေးနိုင်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် SEA Games တွင် ရွှေ(၁)၊ ငွေ(၂)၊ ကြေး(၁) ရရှိခဲ့ပြီး နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

အထူးအောင်မြင်မှုရရှိခြင်းမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် မွန်ဂိုလီးယားနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့် (၉)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ထွန်းထွန်းအောင်က (၆၀) ကီလိုတန်းတွင် ရွှေတံဆိပ်နှင့် ထွန်းမင်း(၆၅)ကီလိုတန်းတွင် ငွေတံဆိပ်ရယူပေးခဲ့ပါသည်။

ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ထူးခြားအောင်မြင်မှုများရယူရန် ဆက်လက်ကြိုးပမ်းမှုများကြောင့် ၂၀၁၉ ခုနှစ် တောင်ကိုရီးယားနိုင်ငံ၊ ဂျယ်ဂျူးကျွန်းတွင်ကျင်းပသည့် (၁၁)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ထွန်းမင်း (၆၅)ကီလိုတန်းက ရွှေတံဆိပ်ရယူပေးနိုင်ခဲ့ပါသည်။

ကာယဗလပြိုင်ပွဲများတွင်သာမက ကာယကြံ့ခိုင်မှုအားကစားကို ပံ့ပိုးပေးခဲ့သဖြင့် ၂၀၂၃ ခုနှစ်က တောင်ကိုရီးယားနိုင်ငံတွင်ကျင်းပသည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် Men's Sports Physique ပြိုင်ပွဲ၌ ငြိမ်းချမ်းက ပထမရွှေတံဆိပ်ရယူပေးခဲ့ခြင်းက မြန်မာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားသည် အတိုင်းအတာတစ်ခု အထိ ကမ္ဘာ့အဆင့်တွင် အောင်မြင်မှုရရှိရန် ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်။

အဖွဲ့ချုပ်နာယက(မြို့တော်ဝန်) ဦးဗိုလ်ငွေးနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီတို့



အောင်ပွဲရအားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဒွေးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုနှုတ်ဆက်ခြင်း

၏ ဆက်လက်အားပေးပံ့ပိုးမှုဖြင့် ၂၀၂၄ ခုနှစ် မေလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ လာအိုနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် (၃)ခု၊ ငွေတံဆိပ် (၃)ခု အသီးသီးရရှိပြီး အရှေ့တောင်အာရှ ကာယဗလလောကတွင် နိုင်ငံတော်အတွက်မျက်နှာပန်းလှအောင်မြင်ခဲ့ပါသည်။

လာအိုနိုင်ငံ၊ ဗီယန်ကျန်းမြို့တွင် မေလ (၁၆)ရက်မှ (၂၀)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် (၃)ခု၊ ငွေတံဆိပ်(၃)ခုဖြင့် အောင်မြင်မှုရရှိခဲ့သည့် အားကစားမောင်/မယ်များကို ဂုဏ်ပြုညစာစားပွဲတွင် အဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဒွေးက အရှေ့တောင်အာရှပွဲအပြီးမှာ အာရှပွဲအတွက်လည်း ယခုထက်ပိုမိုအောင်မြင်မှုရအောင် ဆက်လက်ကြိုးစားပေးဖို့ မှာကြားခဲ့ချက်နှင့်အညီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ (ဒုတိယမြို့တော်ဝန်)သည် (၅၆)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲအတွက် လက်ရှိမြန်မာ့လက်ရွေးစင်များအပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်က ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမားများကို ရှာဖွေဖြည့်ဆည်းပေးခဲ့ပြီး ပြိုင်ပွဲသို့စေလွှတ်ယှဉ်ပြိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ ဒုတိယမြို့တော်ဝန်သည် မင်္ဂလာတောင်ညွန့်မှ ကာယဗလအားကစားရုံသို့ အကြိမ်ကြိမ်လာရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်ချက်များကို ညွှန်ကြားကာ အုပ်ချုပ်မှုကိစ္စများကို ဖြည့်ဆည်းပေးခဲ့ပါသည်။

အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း ခေါင်းဆောင်သည့် မြန်မာကာယဗလ အားကစားအဖွဲ့ဝင် (၁၀)ဦးသည် နိုင်ငံတော်ခွင့်ပြုချက်အရ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၏ အားပေးမှုများကို နာခံ၍ ၂၀၂၄ ခုနှစ် ဩဂုတ်လ (၆)ရက်နေ့မှ (၁၁)ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘန်တန်ကျွန်းတွင် ကျင်းပပြုလုပ်သည့် (၅၆) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ ပြိုင်ပွဲတွင် အမျိုးသား ကာယဗလ (၇၅)ကီလိုတန်းမှ ရဲထွန်းနောင်က ပထမ ရွှေတံဆိပ်ဆုနှင့် အမျိုးသမီး Model Physique ပြိုင်ပွဲတွင် နီနီအောင်က ပထမ ရွှေတံဆိပ်ဆု ရရှိခဲ့ကြပါသည်။ အမျိုးသားAthletic Physique ပြိုင်ပွဲတွင် ထက်လင်းကိုကိုက ဒုတိယ ငွေတံဆိပ်၊ အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် သဲဝါက ဒုတိယ ငွေတံဆိပ်အသီးသီး ရရှိပြီး အားကစားသမား (၇)ဦးအနက် ရွှေ(၂)၊ ငွေ(၂)၊ စတုတ္ထ (၁)ဦး၊ ပဉ္စမ (၂)ဦး ဆုရရှိခဲ့ပါသည်။ အာရှအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံ (၂၂)နိုင်ငံ အားကစားသမား (၂၄၁)ဦးအနက် မြန်မာနိုင်ငံက အားကစားသမား (၇)ဦးဖြင့် အဆင့် (၇) ရရှိအောင်မြင်ခဲ့ပါသည်။ အောင်ပွဲရ အားကစားသမားများ၏ အိမ်ပြန်ခရီးတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဒွေးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီ (ဒုတိယမြို့တော်ဝန်) တို့၏ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုနှုတ်ဆက်ကြသည်မှာ အထူးဝမ်းသာပီတိဖြစ်ရသကဲ့သို့ အာရှအဆင့်ပြိုင်ပွဲစင်မြင့်တွင် မြန်မာနိုင်ငံတော်အလံ လွှင့်ထူ၍ နိုင်ငံတော်သီချင်း သီဆိုခွင့်ရစဉ်က အားရဝမ်းသာပီတိဖြစ်ပြီး မျက်ရည်ကျခဲ့ရသည်ကို ဂုဏ်ယူရပါကြောင်းနှင့် ဤသို့ အောင်မြင်မှုများ ဆက်တိုက်ရရှိအောင် ကာယဗလအားကစားကို ယုံကြည်စွာပံ့ပိုးအားပေးခဲ့သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်)၊ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်)၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများအား ဤမှတ်တမ်းဖြင့်လေးစားဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခဲ့သည့် ၁၉၄၃ ခုနှစ်ခန့်က အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၏ ရေတိုရည်မှန်းချက်မှာ မြန်မာ့ကာယ




အမျိုးသားကာယဗလ (၇၅)ကီလိုတန်းပြိုင်ပွဲတွင် ရဲထွန်းနောင် ယှဉ်ပြိုင်နေပုံ




Women's Model Physique up to 160 cm ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုရ နီနီအောင်အား ငွေတံဆိပ်နှင့် ကြေးတံဆိပ်ရ ပြိုင်ဘက်များနှင့်အတူ တွေ့ရပုံ

ဗလအားကစားကို သက္ကရာဇ် ၂၀၀၀ တွင် အရှေ့တောင်အာရှနှင့် အာရှအဆင့်တွင် လေးစားလောက်သည့်အဆင့်သို့ ရောက်ရှိရန် ဖြစ်သော်လည်း ယခုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီအထိ အဆက်ဆက်သောကာလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသော ဦးကိုလေး၊ ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဦးလှမြင့်၊ ဦးမောင်မောင်စိုးနှင့် ဦးဗိုလ်ဌေးတို့၏ ပံ့ပိုးအားပေးမှုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူခဲ့သည့် အဖွဲ့ချုပ် ဥက္ကဋ္ဌအဆက်ဆက်၏ ကြိုးပမ်းအားထုတ်၊ စွမ်းဆောင်များကြောင့် ကမ္ဘာ့အဆင့်အထိ တက်လှမ်းအောင်မြင်မှုရရှိရခြင်းဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ မြန်မာ့အားကစားတိုးတက်ရေးအတွက် အစဉ်အားပေးပံ့ပိုးမြှင့်မှု၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ လမ်းညွှန်မှုကိုရယူ၍ မြန်မာအားကစားတိုးတက်အောင် စွမ်းဆောင်ကြိုးပမ်းရာတွင် ဤအဖွဲ့ချုပ်အတွက် အောင်မြင်မှုများရရှိအောင် ခွင့်ပြုထောက်ပံ့ကူညီခဲ့မှုများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ရပါသည်။

ရှေ့ခေတ်ဦး မြန်မာကာယဗလဖခင်ကြီးများဖြစ်သည့် ဆရာကြီး ဦးရှိန်၊ ဦးဇော်ဝိတ်တို့မှစ၍ ခေတ်သစ်သမိုင်းကို ဖွင့်လှစ်ပေးခဲ့သည့် အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများအပြင် ဦးတင်မောင်ဆွေ (ကျော့ဂက်ဘီလူး တင်မောင်ဆွေ)၊ ဦးစိုးဝင်း (တက္ကသိုလ် စိုးဝင်း)၊ ဦးမျိုးသိမ်း၊ ဦးဝင်းမောင်(ဦးချူကီး)၊ ရွှေတိုင်သန်းဆွေ၊ ရဲမှူးချုပ်မောင်မောင်သန်း(ငြိမ်း)၊ မောင်ဗမာ စိန်မောင်၊ ဦးရဲမြင့်စသည့် ကာယဗလ အားကစားကို တစ်ချိန်ကရှုးသွပ်သည်အထိ လှေလာလိုက်စားအားပေးခဲ့ကြသည့် ဆရာသမားများကိုလည်း ဂါရဝပြုပါသည်။

ကာယဗလအားကစားဖြင့်ကမ္ဘာ့ကို မြန်မာဟေ့ဟု ကြွေးကြော်နိုင်ခဲ့ပြီး နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကို ပြိုင်ပွဲစင်မြင့်ပေါ်တွင် တလူလူလွှင့်ထူ သီဆိုနိုင်ခဲ့စဉ်က မျက်ရည်ကျခံစားရသည့် ပျော်ရွှင်မှုများမှာ မည်သို့မျှဖော်ပြနိုင်စွမ်းမရှိသည့် အောင်မြင်မှုမှတ်တမ်းများအဖြစ် ထင်ထင်ရှားရှားရှိခဲ့ပြီးဖြစ်၍ အောင်မြင်မှုရယူပေးခဲ့ကြသော မြန်မာ့ကာယဗလသူရဲကောင်းမောင်/မယ်များကို လေးစားဂုဏ်ပြုပါကြောင်းနှင့် အဖွဲ့ချုပ်အနေဖြင့်လည်း ယခုထက်ပိုမို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းမှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**ကျော်သန်း (၁၈.၇.၂၀၂၄)**

# နွေလည်သွန်းဖြိုး ရွာသည့်မိုး

ပြည့်ပြည့်မောင်

မထင်မှတ်ဘဲ တိမ်မည်းမဆင်
ရုပ်သွင်မပြ ရွာသွန်းချသည့်
အာဂသည့်မိုး နွေလည်မိုး။

မိုးစက်မိုးပေါက် တဖျောက်ဖျောက်နှင့်
ကောင်းကင်ထက်မှ ခုန်ပေါက်ကျဆင်း
ပြင်းထန်ဘိခြင်း။ လမ်းကျဉ်းလမ်းကျယ်
အသွယ်သွယ်နှင့် မြောင်းငယ်မကျန်
ဝေလျှံဖြိုးမောက် ရေရှူးပေါက်သည့်
နွံနောက်ရေဆိုး ဒီရေတိုး။

အမှတ်မထင် သံယောဇဉ်နွယ်
ရင်ဝယ်တွယ်ငြိ ဖြတ်ခက်ဘိ၏
မည်သည့်ကာလ ချိန်မှစ၍
မတာ မခေါ် မဖော်မကျူး
မရည်ရွယ်ဘဲ ရွှေဖူးစာလည်း
မေတ္တာသွယ်သည့်
နွေလည်သွန်းဖြိုး ရွာသည့်မိုး။

ပြည့်ပြည့်မောင်






# ပစ္စည်းခွန်

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ရာပြတ်ဌာန)**

### ရာပြတ်ဌာနဆိုသည်မှာ

၁။ မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မရွှေ့မပြောင်းနိုင်သည့် မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ကောက်ခံနိုင်ရေးအတွက် ကော်မတီက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်စဉ်တန်ဖိုး၊ လစဉ်တန်ဖိုးများ တွက်ချက်၍ စည်းကြပ်ခြင်း၊ ကောက်ခံခြင်းများ ဆောင်ရွက်ရသော ဌာနတစ်ခုဖြစ်ပါသည်။ အဆိုပါ နှစ်စဉ်တန်ဖိုး၊ လစဉ်တန်ဖိုးများ သတ်မှတ်ဆုံးဖြတ်ပေးသူကို ရာဖြတ်သူ (Assessor) ဟု ခေါ်ဆိုပြီး ယင်းတန်ဖိုးများအပေါ် သတ်မှတ်ရာခိုင်နှုန်းအလိုက် ပစ္စည်းခွန်စည်းကြပ်ကောက်ခံသောဌာနကို ရာပြတ်ဌာန (Assessor's Department) ဟု ခေါ်ဆိုပါသည်။

### ဝေါဟာရအဓိပ္ပာယ်များ

၂။ ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေတွင် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်–

(က) **ပစ္စည်းခွန်** ဆိုသည်မှာ မြေဖြစ်စေ၊ အဆောက် အအုံဖြစ်စေ၊ မြေနှင့် အဆောက်အအုံအပေါ်တွင်ဖြစ်စေ ၎င်းတို့၏ နှစ်စဉ်တန်ဖိုးအပေါ် သတ်မှတ်ထားသော ရာခိုင်နှုန်းဖြင့် ဥပဒေနှင့်အညီ ကောက်ခံသောအခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် အထွေထွေခွန်၊ မီးခွန်၊ ရေခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်တို့ ပါဝင်သည်။



(ခ) **အထွေထွေခွန်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများ ရေမြောင်းများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်း စသည်များ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ဥပဒေနှင့်အညီ စည်းကြပ်သည့်အခွန်ကိုဆိုသည်။

(ဂ) **မီးခွန်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူနှင့် သက်ဆိုင်သည့်နေရာနှင့် အဆောက်အအုံများတွင် မီးထွန်းပေးခြင်းတို့အတွက် ဥပဒေနှင့်အညီ စည်းကြပ်ကောက်ခံသော အခွန်ကိုဆိုသည်။

(ဃ) **ရေခွန်** ဆိုသည်မှာ ရေဖြန့်ဝေခြင်းအတွက် ကော်မတီက ဥပဒေနှင့်အညီ ကောက်ခံသည့်အခွန်ကိုဆိုသည်။

(င) **အမှိုက်နှင့်အညစ်အကြေးခွန်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်းရှိ အမှိုက်နှင့် အညစ်အကြေးများကို စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မိလ္လာသန့်စင်ခြင်း လုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ရှင်းလင်းခြင်းတို့အတွက် ဥပဒေနှင့်အညီ စည်းကြပ်ကောက်ခံသည့် အခွန်ကို ဆိုသည်။

(စ) **နှစ်စဉ်တန်ဖိုး** ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့် အဆောက်အအုံကို မည်သည့်အသုံးအဆောင် ပရိဘောဂမျှ မပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေကိုဆိုသည်။ ယင်းစကားရပ်တွင် **ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့် အဆောက်အအုံအပေါ် ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် အခြေခံစည်းကြပ်နှုန်းဖြင့် တွက်ချက်မှုများအရ ရရှိလာမည့် တန်ဖိုးငွေလည်း ပါဝင်သည်။**

## ရာပြတ်ဌာနမှ စည်းကြပ်သည့် ပစ္စည်းခွန်အမျိုးအစားများ

၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရာပြတ်ဌာနမှ မြို့တော်နယ်နိမိတ်အတွင်း ကောက်ခံလျက်ရှိသည့် ပစ္စည်းခွန်အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)ပုဂ္ဂလိကပိုင် မြေနှင့် အဆောက်အအုံများထံမှ စည်းကြပ်သော ပစ္စည်းခွန်။

(ခ) မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ထံမှ စည်းကြပ်သော ပစ္စည်းခွန်။

(ဂ) အစိုးရဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများပိုင်မြေနှင့် အဆောက်အအုံများထံမှ စည်းကြပ်သောပစ္စည်းခွန်။

(ဃ) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသော မြေနှင့် အဆောက်အအုံများထံမှ စည်းကြပ်သောပစ္စည်းခွန်။

## ပုဂ္ဂလိကပိုင် မြေနှင့် အဆောက်အအုံများ

၄။ ကိုယ်ပိုင်နေထိုင်သော သာမန်မြေနှင့် အဆောက်အအုံ များ၊

(ခ) B.C.C အတွက် ထောက်ခံချက်ထုတ်ပေးသော မြေနှင့် အဆောက်အအုံများ၊

(ဂ) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော မြေနှင့် အဆောက်အအုံများ၊

(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်ဖြစ်စေ အခကြေးငွေရယူ/ ပေးချေ၍ ငှားရမ်းထားသော မြေနှင့် အဆောက်အအုံများ၊

(င) ဟိုတယ်၊ မိုတယ်၊ အင်း စသည့် လုပ်ငန်းတည်ရှိရာ မြေနှင့် အဆောက်အအုံများ၊

(စ) Apartment, Tower, Residence, Condominium အစရှိသည့် အဆောက်အအုံများ၊

(ဆ) စက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံစသည့် မြေနှင့် အဆောက်အအုံများ။

## လူနေထိုင်သော သာမန်အဆောက်အအုံ၊ အခန်းအပေါ် ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်း

၅။ သာမန်လူနေထိုင်ရုံသက်သက် အသုံးပြုသည့် ပုဂ္ဂလိကပိုင် မြေနှင့် အဆောက်အအုံများအား မြို့နယ်အတန်းအစား (ပထမတန်းစား၊ ဒုတိယတန်းစား စသည်) လမ်းအကျယ် (လမ်းမကြီး၊ လမ်းကျယ်၊ လမ်းကျဉ်း စသည်)၊ အဆောက်အအုံ အမျိုးအစား (RC, Steel, ပျဉ်/ သွပ် စသည်) ဖြင့် သတ်မှတ်ထားသော တစ်စတုရန်းပေ တန်ဖိုးများအပေါ် အခြေခံ၍ တွက်ချက်ခြင်းဖြစ်ပါသည်။ ဤဌာနမှ (၆)လလျှင်တစ်ကြိမ် ခွဲပုံစာရင်းများ ပြုစုစည်းကြပ်၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ ပြေစာထုတ်ပေးပြီး ယင်းရုံးများမှ အခွန်ထမ်းပြည်သူကိုယ်တိုင်ကလည်း KBZ Online Payment အသုံးပြု၍ တိုက်ရိုက်ပေးဆောင်နိုင်ပါသည်။ နောင်တွင် အခြား ပုဂ္ဂလိကဘဏ်များ၏ Payment System များနှင့်လည်း ချိတ်ဆက်ပေးဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၆။ မြေနှင့် အဆောက်အအုံတို့၏ တစ်စတုရန်းပေ တန်ဖိုးနှုန်းထားများကို ၂၀၁၅ ခုနှစ်မှစ၍ အောက်ပါအတိုင်း သတ်မှတ်စည်းကြပ်လျက်ရှိပါသည်။

(က) **မြေတစ်စတုရန်းပေတန်ဖိုးနှုန်းထားများ (ကျပ်)**

| မြို့နယ်အတန်းအစား | လမ်းမကြီး | လမ်းကျယ် |
|---|---|---|
| ပထမတန်းစား | ၁၀၀၀ | ၈၀၀ |
| ဒုတိယတန်းစား | ၆၀၀ | ၄၀၀ |

(ခ) **အဆောက်အအုံတစ်စတုရန်းပေတန်ဖိုးနှုန်းထားများ**

| မြို့နယ် | RC/ Steel | အုတ်/ နံကပ် | ပျဉ်ထောင် | ဝါး ခနီ |
|---|---|---|---|---|
| ပထမတန်းစား | ၇၀၀ | ၆၀၀ | ၄၀၀ | ၂၀၀ |
| ဒုတိယတန်းစား | ၆၀၀ | ၄၀၀ | ၂၀၀ | ၁၀၀ |

၇။ **မြို့နယ်အတန်းအစားများ**

(က) **ပထမတန်းစားမြို့နယ်(၂၃)မြို့နယ်** – ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဒဂုံ၊ မင်္ဂလာတောင်ညွန့်၊ စမ်းချောင်း၊ ကမာရွတ်၊ တာမွေ၊ ဗဟန်း၊ ရန်ကင်း၊ မရမ်းကုန်း၊ လှိုင်၊ အလုံ၊ ကြည့်မြင်တိုင်၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ အင်းစိန်၊ ဒေါပုံ။

(ခ) **ဒုတိယတန်းစားမြို့နယ်(၁၀)မြို့နယ်** – ရွှေပြည်သာ၊ လှိုင်သာယာ(အရှေ့) လှိုင်သာယာ(အနောက်)၊ မင်္ဂလာဒုံ၊ ဒဂုံ(တောင်)၊ ဒဂုံမြောက်၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒလ၊ ဆိပ်ကြီး/ခနောင်တို။

၈။ **တွက်ချက်မှုနမူနာပုံစံမှာ** –

မြေတန်ဖိုး = မြေ(စ/ပေ) x တစ်စ/ပေ တန်ဖိုး x ၃ %

အ/အုံတန်ဖိုး=အ/အုံ(စ/ပေ)x တစ်စ/ပေတန်ဖိုးx ၆ %

လစဉ်တန်ဖိုး = မြေတန်ဖိုး + အ/အုံတန်ဖိုးကို (၁၂)ဖြင့်စား၍ ရာပြည့်ကိန်းပြောင်း)

(၆)လကျသင့်ပစ္စည်းခွန်=လစဉ်တန်ဖိုးx ၁၃ %x ၆လ

၉။ **တွက်ချက်ရာတွင် လိုက်နာရမည့်အချက်များ** –

(က) အခွန်စည်းကြပ်ထိုက်သည့် အဆောက်အအုံတစ်ခုသည် စတုရန်းပေ ၆၂၅ အောက် လျော့နည်းနေလျှင် ၆၂၅စ/ပေဖြင့် စည်းကြပ်မည်ဖြစ်ပြီး ၆၂၅ စ/ပေထက်ကျယ်ပါက ကျယ်သည့်ဧရိယာအတိုင်း တွက်ချက်စည်းကြပ်ပါသည်။

(ခ) မြေအကျယ်ကို အနည်းဆုံး ၁၂၀၀ စ/ပေ အကျယ်ထား၍ သတ်မှတ်စည်းကြပ်ပါသည်။

(ဂ) အထပ်မြင့်အဆောက်အအုံဖြစ်ပါက တစ်ထပ်မြင့်တိုင်းယင်းအောက်ထပ် လစဉ်တန်ဖိုးကျသင့်ငွေ၏ ၂၀ %လျော့၍ (၅) ထပ်အထိ လျှော့ပေါ့ကာ စည်းကြပ်ပါသည်။ (၅)ထပ်မှစ၍ ကျန်ရှိသော အထပ်များကို (၅)ထပ်၏ တန်ဖိုးအတိုင်း စည်းကြပ်ပါသည်။

(ဃ) ဓာတ်လှေကား/ စက်လှေကား တပ်ဆင်ထားသည့် အဆောက်အအုံများကို စည်းကြပ်ရာ၌ အထပ်တိုင်းကို မြေညီထပ်တန်ဖိုးအတိုင်း တွက်ချက်စည်းကြပ်ပါသည်။

(င) အထပ်ခွဲတိုက်များအတွက် အထပ်ခွဲ၏တန်ဖိုးကို ယင်းအထပ်တန်ဖိုး၏ ၅၀ % သတ်မှတ်ပါသည်။

(စ) အခန်းခွဲများအလိုက် စည်းကြပ်ရာတွင် (၆၂၅) စတုရန်းပေအကျယ်ကို မြေငှားရမ်းခအဖြစ် ပထမတန်းစားမြို့နယ်အတွက် ကျပ် (၂၀၀၀/–)၊ ဒုတိယတန်းစားမြို့နယ်အတွက် ကျပ် (၁၀၀၀/–) ထည့်သွင်းတွက်ချက်ပါသည်။

(ဆ) စီးပွားရေးအသုံးပြုသည့် အဆောက်အအုံများအား ပစ္စည်းခွန်တွက်ချက်ရာတွင် မြို့နယ်အတန်းအစား၊ လမ်းအမျိုးအစားမခွဲဘဲ အမြင့်ဆုံး တစ်စတုရန်းပေနှုန်းထားဖြင့် တွက်ချက်စည်းကြပ်ပါသည်။

## B.C.C အတွက် ထောက်ခံချက်ထုတ်ပေးသော မြေနှင့်အဆောက်အအုံအသစ်များ

၁၀။ B.C.C အတွက် ထောက်ခံချက်ထုတ်ပေးသော မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်မှုအား အထက်ဖော်ပြပါ သာမန်လူနေ အဆောက်အအုံများကဲ့သို့ တွက်ချက်၍ သတ်မှတ်လုပ်ထုံးလုပ်နည်းအတိုင်း ဌာနသို့ လာရောက်လျှောက်ထားသည့် လမှစ၍ အနည်းဆုံး (၇)လနှင့် အများဆုံး (၁၂)လစာ တွက်ချက်၍ စည်းကြပ်ကောက်ခံပါသည်။

၁၁။ B.C.C ထောက်ခံချက်အတွက် ကျသင့်ပစ္စည်းခွန်အား ဌာနမှ တိုက်ရိုက်ကောက်ခံပြီး ယင်းကောက်ခံထားသည့် ကာလပြည့်မြောက်လျှင် (၆)လအတွက် ကျသင့်မည့်အခွန်ငွေကို ပြန်လည်တွက်ချက်၍ သက်ဆိုင်ရာမြို့နယ် ခွဲပုံစာရင်းများ၌ ဆက်လက်ထည့်သွင်းစည်းကြပ်ပါသည်။ အဆိုပါ (၆)လတစ်ကြိမ် ပစ္စည်းခွန်ငွေပြေစာများကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးများသို့ ထုတ်ဝေပေးပြီး ထိုရုံးများမှ ဆက်လက်ကောက်ခံခြင်းဖြစ်ပါသည်။

၁၂။ ပစ္စည်းခွန်စည်းကြပ်ရန်အတွက် အောက်ပါစာရွက်စာတမ်း၊ မူရင်း/မိတ္တူများ လိုအပ်ပါသည်–

(က) အဆောက်အအုံဆောက်လုပ်ခွင့်မိတ္တူ၊

(ခ) မြေပိုင်ဆိုင်မှုအထောက်အထား ဂရန် သို့မဟုတ် စာချုပ်စာတမ်းမိတ္တူများ၊

(ဂ) အဆောက်အအုံ၏ အတိုင်းအတာ၊ အကျယ်အဝန်း၊ အထပ်အမြင့်၊ အခန်းအရေအတွက် စသည်တို့ပါရှိသော ဆောက်လုပ်ခွင့်/ ဗိသုကာပုံစံများ၊

(ဃ) အခွန်ထမ်း၏ မှတ်ပုံတင်မိတ္တူနှင့် လာရောက်ဆောင်ရွက်သူ ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်း/မိတ္တူ။

## ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သောမြေနှင့်အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

၁၃။ မြို့တော်နယ်နိမိတ်အတွင်း ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်

သော မြေနှင့် အဆောက်အအုံများအား စည်းကြပ်ရာတွင် လုပ်ငန်းအုပ်စု အမျိုးအစားအလိုက် လုပ်ငန်းတည်ရှိရာ မြို့နယ်အတန်းအစားနှင့် လမ်းအနေအထားတို့အပေါ် မူတည်၍ စည်းကြပ်ကောက်ခံပါသည်။

၁၄။ **မြို့နယ်အတန်းအစားသတ်မှတ်ခြင်း**

(က) **ပထမတန်းစားမြို့နယ် (၂၁)မြို့နယ်** – ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ဒဂုံ၊ ကမာရွတ်၊ ဗဟန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ သင်္ဃန်းကျွန်း၊ တောင်ဥက္ကလာ၊ တာမွေ၊ ရန်ကင်း၊ အင်းစိန်၊ မရမ်းကုန်း၊ လှိုင်။

(ခ) **ဒုတိယတန်းစားမြို့နယ် (၇)မြို့နယ်** – မြောက်ဥက္ကလာ၊ ဒေါပုံ၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ(အရှေ့)၊ ဒဂုံ(တောင်)၊ ဒဂုံ(မြောက်)။

(ဂ) **တတိယတန်းစားမြို့နယ် (၅)မြို့နယ်** – ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ လှိုင်သာယာ(အနောက်)၊ ဒလ၊ ဆိပ်ကြီးခနောင်တို့။

၁၅။ **လမ်းအမျိုးအစား သတ်မှတ်ခြင်း**

(က) **လမ်းမကြီး။** အဓိကလမ်းမကြီးများ သို့မဟုတ် မြို့နယ် တစ်မြို့နယ်နှင့် တစ်မြို့နယ် ကူးသန်းသွားလာနိုင်သောလမ်းများ။

(ခ) **လမ်းကျယ်။** မြို့နယ်အတွင်းရှိ လမ်းကျယ်များ သို့မဟုတ် မြို့နယ်အတွင်းရှိ တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက် ဆက်သွယ်ထားသော လမ်းများ။

(ဂ) **အခြားလမ်း။** လမ်းမကြီးနှင့် လမ်းကျယ်မဟုတ်သော လမ်းများ သို့မဟုတ် လမ်းကျဉ်း၊ လမ်းသွယ်၊ ကိုယ်ပိုင်လမ်း၊ တစ်ဖက်ပိတ်လမ်း စသည်များ။

၁၆။ **လုပ်ငန်းအုပ်စုများ ခွဲခြားသတ်မှတ်ခြင်း။** လုပ်ငန်းခေါင်းစဉ်အလိုက် အသေးစိတ်ခွဲခြားမှုများကို ဌာနတွင် သီးခြားဖော်ပြထားပြီး အုပ်စုအားဖြင့် အောက်ပါအတိုင်း (၅)အုပ်စု ခွဲခြားသတ်မှတ်ပါသည်။

(က) **ပထမအုပ်စု။** လုပ်ငန်းကြီးများ၊

(ခ) **ဒုတိယအုပ်စု။** အလယ်အလတ်အဆင့်လုပ်ငန်းများ၊

(ဂ) **တတိယ။** အသေးစားနှင့် အငယ်စားလုပ်ငန်းများ၊

(ဃ) **သီးခြားအုပ်စု။** အမြင့်ဆုံးနှုန်းထားများဖြင့် တစ်ပြေးညီစည်းကြပ်ရမည့် လုပ်ငန်းများနှင့် ကျယ်ဝန်းသောမြေ၊ ကြီးမားသော အဆောက်အအုံများရှိ လုပ်ငန်းများ။

၁၇။ **လမ်းမကြီး၏ တစ်စတုရန်းပေနှုန်းထားများ သတ်မှတ်ခြင်း**

| မြို့နယ် အတန်းအစား | လုပ်ငန်းအုပ်စု | | | | | |
|---|---|---|---|---|---|---|
| | မြေ | | | အဆောက်အအုံ | | |
| | 'ပ'အုပ်စု | 'ဒု'အုပ်စု | 'တ'အုပ်စု | 'ပ'အုပ်စု | 'ဒု'အုပ်စု | 'တ'အုပ်စု |
| **ပထမတန်းစား** | ၁၅/- | ၁၃/- | ၁၀/- | ၃၀/- | ၂၆/- | ၂၀/- |
| **ဒုတိယတန်းစား** | ၁၃/- | ၁၁/- | ၈/- | ၂၆/- | ၂၂/- | ၁၆/- |
| **တတိယတန်းစား** | ၁၁/- | ၉/- | ၆/- | ၂၂/- | ၁၈/- | ၁၂/- |

၁၈။ **ပစ္စည်းခွန်တွက်ချက်နည်းစနစ် သတ်မှတ်ခြင်း**

(က) မြေတန်ဖိုး=မြေအကျယ်(စ/ပေ) X နှုန်းထား

(ခ) အဆောက်အအုံတန်ဖိုး=ကြမ်းခင်းစ/ပေX နှုန်းထား

(ဂ) စုစုပေါင်းတန်ဖိုး=(က) + (ခ)

(ဃ) လစဉ်ရာပြတ်တန်ဖိုး=သင့်တင့်မျှတသည့် ရာပြည့်ကိန်း

(င) တစ်လကျသင့်အခွန်ငွေ=(ဃ)X၁၃%(ထွေ၈+မီး၅)

၁၉။ **စည်းကြပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ**

(က) ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သော ဘဏ္ဍာနှစ်၏ ကာလအတိုင်း စည်းကြပ်ပါသည်။

(ခ) လမ်းကျယ်ဖြစ်ပါက လမ်းမကြီးရှိ လုပ်ငန်းများ၏ နှုန်းထားများအတိုင်း လစဉ်တန်ဖိုးတွက်ချက် ရယူပြီးနောက် ယင်းလစဉ်တန်ဖိုးအပေါ် ၂၀% လျှော့ပေါ့ပေးပါသည်။

(ဂ) အခြားလမ်းဖြစ်ပါက လမ်းမကြီးရှိ လုပ်ငန်းများ၏ နှုန်းထားများအတိုင်း လစဉ်တန်ဖိုးတွက်ချက်ရယူပြီးနောက် ယင်းလစဉ်တန်ဖိုးအပေါ် ၄၀% လျှော့ပေါ့ပေးပါသည်။

(ဃ) အထပ်မြင့်ရှိ လုပ်ငန်းဖြစ်ပါက စည်းကြပ်မည့် ကြမ်းခင်းဧရိယာအပေါ် သတ်မှတ်နှုန်းထားများဖြင့် တွက်ချက်ရရှိသည့် တန်ဖိုးအား ပထမထပ်မှစ၍ စည်းကြပ်မည့်အထပ်အထိ ကျန်တန်ဖိုးမှ ၂၀% အဆင့်ဆင့် လျှော့ပေါ့ပေးသည့် နည်းစနစ်ဖြင့် စည်းကြပ်ပါသည်။ သို့ရာတွင် (၆)ထပ်မှစ၍ လျှော့ပေါ့ခြင်းမပြုဘဲ (၅)ထပ်အတွက် တွက်ချက်ရရှိသည့် တန်ဖိုးအတိုင်း စည်းကြပ်ပါသည်။

(င) ဓာတ်လှေကား၊ စက်လှေကား တပ်ဆင်ထားပါက အထပ်တိုင်းကို ရှိသည့်ဧရိယာအတိုင်း တွက်ချက်စည်းကြပ်ပါသည်။ လျှော့ပေါ့သက်သာခွင့်မပြုပါ။

(စ) စည်းကြပ်မည့် အဆောက်အအုံ၏ တစ်ထပ်အလိုက် ကြမ်းခင်းဧရိယာအား အနိမ့်ဆုံး ၆၂၅ စတုရန်းပေဖြင့် တွက်ချက်ပြီး ၆၂၅ စတုရန်းပေထက် ကျယ်ပါက ကျယ်သည့်ဧရိယာအတိုင်း

တွက်ချက်စည်းကြပ်ပါသည်။

(ဆ) အထပ်မြင့်၊ အခန်းတွဲ အဆောက်အအုံများတွင် မြေဧရိယာအကျယ်ကို စည်းကြပ်မည့် အဆောက်အအုံ/ အခန်း၏ ကြမ်းခင်းဧရိယာအတိုင်း တွက်ချက်စည်းကြပ်နိုင်ပြီး လုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်အသုံးပြုသော မြေဧရိယာများ၊ အဆောက်အအုံများ မကျန်ရှိစေရန် စိစစ်စည်းကြပ်ပါသည်။

၂၀။ ပစ္စည်းခွန် စည်းကြပ်ရန်အတွက် အောက်ပါအချက်အလက်၊ စာရွက်စာတမ်း မူရင်း/ မိတ္တူများ လိုအပ်ပါသည်-

(က) အဆောက်အအုံ၏ အတိုင်းအတာ/ အမျိုးအစား၊
(ခ) မြေအကျယ်အဝန်းနှင့် အမျိုးအစား၊
(ဂ) မြေ / အဆောက်အအုံ ပိုင်ဆိုင်မှုအထောက်အထားများ၊ ဂရန် သို့မဟုတ် စာချုပ်စာတမ်းမိတ္တူ၊
(ဃ) လုပ်ငန်း/ ဆိုင် ဓာတ်ပုံနှင့် စည်ပင်လုပ်ငန်းလိုင်စင်မိတ္တူ၊
(င) အခွန်ထမ်း၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမိတ္တူ၊
(စ) လာရောက်ဆောင်ရွက်သူကိုယ်စားလှယ်၏ မှတ်ပုံတင် မူရင်း/ မိတ္တူ။

## ငှားရမ်းထားသောမြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

၂၁။ မြို့တော်နယ်နိမိတ်အတွင်း မြေ၊ အဆောက်အအုံ၊ အခန်းများငှားရမ်းပါက တစ်လငှားရမ်းခရရှိငွေအနက်မှ အောက်ဖော်ပြပါ သက်သာခွင့်များ နုတ်ပယ်ပေးပြီး အသားတင်ကျန်ငွေကို လစဉ်တန်ဖိုးအဖြစ်သတ်မှတ်၍ ယင်းတန်ဖိုး၏ ၁၃%(အထွေထွေခွန် ၈%၊ မီးခွန် ၅%)အား တစ်လအတွက် ကျသင့်ပစ္စည်းခွန်သတ်မှတ်၍ ငှားရမ်းစာချုပ်ပါကာလအတိုင်း စည်းကြပ်ကောက်ခံပါသည်-

(က) ဝင်ငွေခွန် ၁၀%၊
(ခ) ကျန်ငွေပေါ်တွင် အဆောက်အအုံပြုပြင်မွမ်းမံစရိတ် ၂၅%၊
(ဂ) ကျန်ငွေပေါ်တွင် အထွေထွေစရိတ် ၂၅%။

## ထပ်ဆင့်ငှားရမ်းထားသောမြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

၂၂။ မူလပိုင်ရှင်ထံမှ ငှားရမ်းအသုံးပြုခွင့် ရရှိထားသူက အခြားသူတစ်ဦးသို့ ထပ်ဆင့်ပြန်လည် အငှားချထားသော မြေ၊ အဆောက်အအုံ၊ အခန်းများကို ပစ္စည်းခွန်စည်းကြပ်ရာတွင် မူလပိုင်ရှင်ထံမှလည်းကောင်း၊ ထပ်ဆင့်အငှားချသူထံမှလည်းကောင်း ပစ္စည်းခွန်စည်းကြပ်ပါသည်။

၂၃။ မူလပိုင်ရှင်အား စည်းကြပ်ရာတွင် ၎င်းရရှိသော ငှားရမ်းခမှ အထက်အပိုဒ် (၂၁)ပါအတိုင်း တွက်ချက်စည်းကြပ်ပြီး ထပ်ဆင့်အငှားချသူအား စည်းကြပ်ရာတွင် ၎င်းရရှိသောငှားရမ်းခမှ မူလပိုင်ရှင်ထံပေးရသော ငှားရမ်းခကိုနုတ်ပယ်ပြီးမှ ကျန်ငွေကို အထက်ဖော်ပြပါ ငှားရမ်းခစည်းကြပ်မှုနည်းစနစ်အတိုင်း တွက်ချက်စည်းကြပ်ပါသည်။

၂၄။ ငှားရမ်းထားသော မြေ၊ အဆောက်အအုံ၊ အခန်းများကို ပစ္စည်းခွန်စည်းကြပ်ရန်အတွက် အောက်ဖော်ပြပါ အချက်အလက်၊ စာရွက်စာတမ်း မူရင်း/ မိတ္တူများ လိုအပ်ပါသည်-

(က) ငှားရမ်းခြင်းစာချုပ် မူရင်း / မိတ္တူများ၊
(ခ) မြေ / အဆောက်အအုံ ပိုင်ဆိုင်မှုအထောက်အထား၊
(ဂ) စီးပွားရေးလုပ်ငန်းဖြစ်ပါက စည်ပင်လုပ်ငန်းလိုင်စင်မိတ္တူ၊
(ဃ) အခွန်ထမ်း၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းမိတ္တူ၊
(င) လာရောက်ဆောင်ရွက်သူ ကိုယ်စားလှယ်၏ မှတ်ပုံတင် မူရင်း/ မိတ္တူ။

## ဟိုတယ်၊ မိုတယ်၊ အင်းများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

၂၅။ ဟိုတယ်၊ မိုတယ်၊ အင်းများအပေါ် ဟိုတယ်/ ခရီး ဝန်ကြီးဌာနသို့ပေးပို့သည့် လစဉ် ဝင်ငွေ/ ထွက်ငွေ အရှုံးအမြတ်စာရင်းတွင် ပါရှိသည့် အခန်းငှားရမ်းခဝင်ငွေကို အခြေခံ၍ အောက်ဖော်ပြပါ သက်သာခွင့်များ နုတ်ပယ်ပေးပြီးနောက် အသားတင်ကျန်ငွေ၏ ၆%အား ပစ္စည်းခွန်အဖြစ် စည်းကြပ်ကောက်ခံပါသည်။

(က) ဝင်ငွေခွန် ၁၀%၊
(ခ) ကုန်သွယ်လုပ်ငန်းခွန် ၁၀%၊
(ဂ) ဝန်ဆောင်ခ ၁၀%၊
(ဃ) မြေ (သို့မဟုတ်) အဆောက်အအုံပိုင်ရှင်သို့ပေးရသည့် ငှားရမ်းခ၊ (မပေးရပါက နုတ်ပယ်မပေးပါ။)
(င) ဘဏ်ဝန်ဆောင်ခ ၄%၊ (သက်ဆိုင်မှသာ)

မှတ်ချက်။ MIC မှ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုထားသော ကာလများအတွက် ဝင်ငွေခွန် ၁၀% နုတ်ပယ်မပေးပါ။

၂၆။ ပစ္စည်းခွန်စည်းကြပ်ရန်အတွက် အောက်ပါအချက်အလက်၊ စာရွက်စာတမ်း မူရင်း/ မိတ္တူများ လိုအပ်ပါသည်-

(က) လစဉ်ဝင်ငွေ/ ထွက်ငွေ အရှုံးအမြတ်စာရင်း၊
(ခ) ဟိုတယ်/ ခရီး လုပ်ငန်းလိုင်စင် မူရင်း/ မိတ္တူ၊
(ဂ) ငှားရမ်းလုပ်ကိုင်ခြင်းဖြစ်ပါက ငှားရမ်းခြင်း စာချုပ်

မူရင်း/ မိတ္တူ၊

(ဃ) ကိုယ်ပိုင်ဖြစ်ပါက မြေနှင့်အဆောက်အအုံ ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်း/ မိတ္တူ၊

(င) လုပ်ငန်းပိုင်ရှင်၏ မှတ်ပုံတင်ကတ်မိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူ၊

(စ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်ပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်မိတ္တူ၊

(ဆ) လာရောက်ဆောင်ရွက်သူ ကိုယ်စားလှယ်၏ မှတ်ပုံတင် မူရင်း/ မိတ္တူ။

## ကြိုတ်နှုန်းဖြင့် ပစ္စည်းခွန်စည်းကြပ်ခြင်း

၂၇။ Hotel, Motel, Inn, Hostel များသည် လုပ်ငန်းလိုင်စင် ပြန်လည်အပ်နှံခြင်းမပြုသေးဘဲ ပြုပြင်ခြင်း၊ မွမ်းမံခြင်း၊ တိုးချဲ့ခြင်း၊ လုပ်ငန်းခေတ္တ ရပ်နားထားရခြင်းတို့ကြောင့် အခန်းငှားရမ်းခ မရရှိသေးသော ကာလများနှင့် အခွန်စည်းကြပ်ရန် ဝင်ငွေမပြည့်မီသောကာလများကို အောက်ဖော်ပြပါအတိုင်း အခန်းအရေအတွက်ပေါ်မူတည်၍ ကြိုတ်နှုန်းများ သတ်မှတ်ကောက်ခံပါသည်–

| **အခန်းအရေအတွက်** | **လစဉ်တန်ဖိုး** | **တစ်လကြိုတ်နှုန်း(ကျပ်)** |
|---|---|---|
| (က) ၁မှ၃၀ထိ | ၅၀၀၀၀/ – | ၆၅၀၀/ – |
| (ခ) ၃၁မှ၆၀ထိ | ၇၀၀၀၀/ – | ၉၁၀၀/ – |
| (ဂ) ၆၁မှ၁၀၀ထိ | ၁၀၀၀၀၀/ – | ၁၃၀၀၀/ – |
| (ဃ) ၁၀၁မှ၂၀၀ထိ | ၁၄၀၀၀၀/ – | ၁၈၂၀၀/ – |
| (င) ၂၀၁မှအထက် | ၁၉၀၀၀၀/ – | ၂၄၇၀၀/ – |

မှတ်ချက်။ **FDI, JV** ဟိုတယ်များအား သာမန်မြေနှင့် အဆောက်အအုံပေါ်တွင် တွက်ချက်စည်းကြပ်သည့် နှုန်းများအတိုင်း စည်းကြပ်ကောက်ခံရန်။

## Apartment, Tower, Residence **အစရှိသည့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း**

၂၈။ ပစ္စည်းခွန်စည်းကြပ်ကောက်ခံရာတွင် လစဉ်အခန်းငှားရမ်းခဝင်ငွေမှ သက်ဆိုင်ရာသို့ပေးရကာ လစဉ်ငှားရမ်းခအား ဦးစွာနုတ်ပယ်ပေးပြီးနောက် အောက်ဖော်ပြပါ သက်သာခွင့်များ ထပ်မံနုတ်ပယ်ပေးကာ အသားတင်ကျန်ငွေအပေါ် ၁၃% (အထွေထွေခွန် ၈%၊ မီးခွန် ၅%)ဖြင့် ပစ္စည်းခွန်စည်းကြပ်ပါသည်–

(က)ဝင်ငွေခွန် ၁၀%၊

(ခ) ကျန်ငွေပေါ်တွင် အဆောက်အအုံပြုပြင်မွမ်းမံစရိတ် ၂၅%၊

(ဂ) ကျန်ငွေပေါ်တွင် အထွေထွေစရိတ် ၂၅%၊

(ဃ)ကျန်ငွေအပေါ်တွင် ဝန်ဆောင်မှုစရိတ် ၂၀%၊

မှတ်ချက်။ MIC မှ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုထားသော ကာလများအတွက် ဝင်ငွေခွန် ၁၀% နုတ်ပယ်မပေးပါ။

၂၉။ ပစ္စည်းခွန်စည်းကြပ်ရန်အတွက် အောက်ပါအချက်အလက်၊ စာရွက်စာတမ်း မူရင်း/ မိတ္တူများ လိုအပ်ပါသည်–

(က)လစဉ် ဝင်ငွေ/ ထွက်ငွေ အရှုံးအမြတ်စာရင်း၊

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်မိတ္တူ၊

(ဂ) ငှားရမ်းလုပ်ကိုင်ခြင်းဖြစ်ပါက ငှားရမ်းခြင်း စာချုပ်မူရင်း/ မိတ္တူ၊ (ပိုင်ရှင်သို့ ငှားရမ်းခ ပေးချေရသည့် အထောက်အထားများ)

(ဃ)ဟိုတယ်/ ခရီး ဝန်ကြီးဌာနလုပ်ငန်းလိုင်စင် မူရင်း/ မိတ္တူ၊

(င) ကိုယ်ပိုင်ဖြစ်ပါက မြေနှင့်အဆောက်အအုံ ပိုင်ဆိုင်ကြောင်း အထောက်အထား မူရင်း/ မိတ္တူ၊

(စ) လုပ်ငန်းရှင်၏ မှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူ၊

(ဆ)လာရောက်ဆောင်ရွက်သူ ကိုယ်စားလှယ်၏ မှတ်ပုံတင် မူရင်း/ မိတ္တူ။

## သာမန်အဆောက်အအုံအဖြစ်ပစ္စည်းခွန်ပြန်လည်စည်းကြပ်ခြင်း

၃၀။ Hotel, Motel, Inn, Hostel, Apartment, Tower, Residence များ၊ ကိုယ်ပိုင်စီးပွားလုပ်ငန်းများ၊ ငှားရမ်းထားသော မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ကောက်ခံရာတွင် သာမန်ပစ္စည်းခွန်(လူနေအိမ်) ပေးဆောင်လျက်ရှိပါက ယင်း ပစ္စည်းခွန်ငွေအား ခုနှိမ်ကောက်ခံပေးပါသည်။ ထိုသို့သော အဆောက်အအုံများ လုပ်ငန်းပိတ်သိမ်းကြောင်း၊ ငှားရမ်းမှု ရပ်စဲကြောင်း ဌာနသို့ တင်ပြလာပါကလည်းကောင်း၊ ဌာနက စိစစ်တွေ့ရှိရပါကလည်းကောင်း ယင်းတို့ကို ဌာန၏ စည်းကြပ်မှု မှတ်ပုံတင်စာရင်းမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိတ်သိမ်း၍ သာမန်အဆောက်အအုံအဖြစ် ပစ္စည်းခွန် ပြန်လည်စည်းကြပ်ကောက်ခံပါသည်။ သို့ဖြစ်၍ ပိုင်ရှင်/ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းပိတ်သိမ်း၊ အငှားရပ်စဲပါက ဤဌာနသို့ ဆောလျင်စွာ ဆက်သွယ်အကြောင်းကြားသင့်ပါသည်။

## စက်ရုံ၊ အလုပ်ရုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း

၃၁။ ဥပဒေအရ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ အဆိုပါမြေနှင့် အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား သို့မဟုတ် စက်မှုကိရိယာများ တပ်ဆင်ထားပါက ယင်းတို့၏ တန်ဖိုးကို နှစ်စဉ်တန်ဖိုးသတ်မှတ်ရာ၌ ထည့်သွင်းတွက်ချက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ပစ္စည်းခွန်တွက်ချက်စည်းကြပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြေ၏ နှစ်စဉ်တန်ဖိုး=မြေ၏တန်ဖိုး x ၃%

(ခ) အဆောက်အအုံ၏ နှစ်စဉ်တန်ဖိုး=အ/အုံတန်ဖိုးx၆%

(ဂ) စက်ပစ္စည်း၏ နှစ်စဉ်တန်ဖိုး=စက်ပစ္စည်းတန်ဖိုးx၆%

(ဃ) နှစ်စဉ်တန်ဖိုးစုစုပေါင်း = နှစ်စဉ်တန်ဖိုး(၃)ရပ်ပေါင်း

(င) ကျသင့်ပစ္စည်းခွန်=နှစ်စဉ်တန်ဖိုးစုစုပေါင်း၏ ၁၃%
(အထွေထွေခွန် ၈% + မီးခွန် ၅%)

၃၂။ ပစ္စည်းခွန်စည်းကြပ်ရန်အတွက် အောက်ပါအချက်အလက်၊ စာရွက်စာတမ်း မူရင်း/ မိတ္တူများ လိုအပ်ပါသည်-

(က) အဆောက်အအုံတစ်ခုစီ၏ အတိုင်းအတာ/အမျိုးအစား၊

(ခ) မြေအကျယ်အဝန်းနှင့် အမျိုးအစား၊

(ဂ) မြေပိုင်ဆိုင်မှုအထောက်အထား၊ ဂရန်မိတ္တူ၊

(ဃ) အသုံးပြုသော စက်ပစ္စည်းများစာရင်းနှင့် တန်ဖိုး၊

(င) စည်ပင်လုပ်ငန်းလိုင်စင်မိတ္တူ၊

(စ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ၊

(ဆ) Form Vi, XXVI မိတ္တူ၊

(ဇ) မြေနှင့် အဆောက်အအုံတို့ကို ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းစာချုပ် မူရင်း/မိတ္တူများ၊

(ဈ) အခွန်ထမ်း၏ မှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စုစာရင်း မိတ္တူ၊

(ည) လာရောက်ဆောင်ရွက်သူ ကိုယ်စားလှယ်၏ မှတ်ပုံတင် မူရင်း/ မိတ္တူ။

၃၃။ စက်ရုံ၊ အလုပ်ရုံများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် တစ်ကြိမ် ပစ္စည်းခွန်စည်းကြပ်ပြီး ဌာနရှိ စည်းကြပ်မှု မှတ်ပုံတင်စာရင်းတွင် စာရင်းသွင်း၍ ကောက်ခံခြင်းဖြစ်သောကြောင့် မှတ်ပုံတင်ပြီးပါက နှစ်စဉ်ပေးဆောင်သွားရမည်ဖြစ်ပါသည်။ အကြောင်းတစ်ခုခုကြောင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများပိတ်သိမ်း(သို့မဟုတ်)၊ ငှားရမ်းမှုရပ်စဲပါက ဤဌာနသို့ လုပ်ငန်းပိတ်သိမ်း၊ ငှားရမ်းမှုရပ်စဲကြောင်း တင်ပြစာနှင့်အတူ သက်ဆိုင်ရာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၏ ထောက်ခံချက် ရယူတင်ပြရန် လိုအပ်ပါသည်။ အကယ်၍ စက်ရုံ၊ အလုပ်ရုံပိုင်ရှင် (သို့မဟုတ်) အသုံးပြုသူသည် လုပ်ငန်းပိတ်သိမ်းကြောင်း တင်ပြခြင်းမရှိဘဲ ပစ္စည်းခွန်ပေးဆောင်ရန် ပျက်ကွက်ခဲ့ပါက နှစ်စဉ် ပစ္စည်းခွန် စည်းကြပ်မှု မှတ်ပုံတင်စာရင်းတွင် ကြွေးကျန်အဖြစ် ကျန်ရှိနေမည်ဖြစ်သဖြင့် ပိုင်ရှင်/ လုပ်ငန်းရှင်သည် အဆိုပါ ပစ္စည်းခွန်ကြွေးကျန်ကို ပေးဆောင်ရန် တာဝန်ရှိနေမည်ဖြစ်ပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အပေါ် စည်းကြပ်ကောက်ခံခြင်း**

၃၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆိပ်ကမ်းနယ်နိမိတ်ဖြစ်သည်ဟု သတ်မှတ်ထားသော မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ကောက်ခံခြင်း ဖြစ်ပါသည်။

၃၅။ ဥပဒေ၊ နည်းဥပဒေများအရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ မြို့တော်နယ်နိမိတ်အတွင်း နှစ်စဉ်ရရှိသည့် အရပ်ရပ် အခွန်ဝင်ငွေ စုစုပေါင်း၏ ၅ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ပစ္စည်းခွန်အဖြစ် သတ်မှတ်၍ စည်းကြပ်ကောက်ခံပါသည်။

**အစိုးရဌာနဆိုင်ရာ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ကောက်ခံခြင်း**

၃၆။ မြို့တော်နယ်နိမိတ်အတွင်းရှိ အောက်ဖော်ပြပါ အစိုးရဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများပိုင် မြေနှင့် အဆောက်အအုံများကို ပစ္စည်းခွန် စည်းကြပ်ကောက်ခံလျက်ရှိပါသည်-

(က) ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ လုပ်ငန်းတည်ရှိရာ ရုံး၊ အဆောက်အအုံနှင့် မြေများ၊

(ခ) ဝန်ထမ်းအိမ်ရာ၊ တန်းလျားများ၊ သက်သာဆိုင်များ၊ ဈေးဆိုင်ခန်း စသည်များ၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ ဘူတာရုံ၊ သိုလှောင်ရုံ၊ ဂိုဒေါင်များ၊

(ဃ) ပုဂ္ဂလိကသို့ ငှားရမ်းသောမြေနှင့်အဆောက်အအုံများ။

၃၇။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေတွင် ကော်မတီသည် နိုင်ငံပိုင် အဆောက်အအုံများနှင့် မြေများအပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၏ အခွန်အခဥပဒေနှင့်အညီ စည်းကြပ်ကောက်ခံရမည်ဟု ပြဋ္ဌာန်းဖော်ပြထားပါသည်။

၃၈။ ထို့အပြင် ကော်မတီသည် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တည်ဆောက်ခဲ့သော စီမံကိန်းများကို လွှဲပြောင်းရယူပြီးသည့် အချိန်မှစ၍ ပစ္စည်းခွန်စည်းကြပ်ကောက်ခံမည်ဖြစ်ပါသည်။

**နိုင်ငံခြားသုံးငွေဖြင့် ဝင်ငွေရရှိသော မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ကောက်ခံခြင်း**

၃၉။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် ငှားရမ်းခြင်းတို့အတွက် နိုင်ငံခြားသုံးငွေဖြင့် ဝင်ငွေရရှိသော အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ကောက်ခံလျက်ရှိပါသည်-

(က) Hotel, Motel, Inn, Hostel များ၊

(ခ) Apartment, Tower, Residence, Condo, Detach, Room စသည်များ၊

(ဂ) နိုင်ငံခြားငွေဖြင့် ငှားရမ်းထားသော အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်မြေ၊ အဆောက်အအုံများ၊ စက်ရုံ/ အလုပ်ရုံများ။

၄၀။ ယင်း မြေနှင့် အဆောက်အအုံများအပေါ်တွင် မြန်မာကျပ်ငွေဖြင့် တွက်ချက်စည်းကြပ်သည့်အတိုင်း နိုင်ငံခြားငွေဖြင့် တွက်ချက်စည်းကြပ်ပါသည်။ သို့ရာတွင် အဆိုပါ စည်းကြပ်ခွန် (နိုင်ငံခြားငွေ)ကို အခွန်ထမ်းမှ လာရောက်ပေးဆောင်သည့်နေ့တွင် ရန်ကုန်မြို့တော်ဘဏ်လီမိတက်မှ ထိုနေ့အတွက် ထုတ်ပြန်ကြေညာသော ငွေလဲလှယ်နှုန်း တစ်ယူနစ်လျှင် မြန်မာကျပ်ငွေ ဝယ်ဈေးဖြင့် တန်ဖိုးသင့်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

**ပစ္စည်းခွန်စည်းကြပ်ကောက်ခံသည့် ကာလအပိုင်းအခြားများ**

၄၁။ မြို့တော်နယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံများအပေါ် နေထိုင်အသုံးပြုပုံအလိုက် အောက်ဖော်ပြပါအတိုင်း ပစ္စည်းခွန်များအား လစဉ်၊ နှစ်စဉ် စဉ်ဆက်မပြတ် စည်းကြပ်ကောက်ခံပါသည်–

(က)လူနေသာမန်အဆောက်အအုံများအား (၆)လတစ်ကြိမ်၊

(ခ) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာနှစ် တစ်နှစ်လျှင် တစ်ကြိမ်၊

(ဂ) ငှားရမ်းခြင်းများအား စာချုပ်ပါ ငှားရမ်းထားသည့် ကာလအတိုင်း၊

(ဃ)Hotel, Motel, Inn, Hostel, Apartment, Tower, Residence များအား လစဉ်ဝင်ငွေစာရင်း တင်ပြသည့်ကာလများအတိုင်း၊

(င) စက်ရုံ/ အလုပ်ရုံနှင့်စက်မှုဇုန်အတွင်းရှိ မြေနှင့် အဆောက်အအုံများအား ဘဏ္ဍာနှစ် တစ်နှစ်လျှင်တစ်ကြိမ်။

**ပစ္စည်းခွန်ပြေစာနှင့် စာရင်းများကို ပိတ်သိမ်း/ပယ်ဖျက်ခြင်း**

၄၂။ အောက်ဖော်ပြပါ အကြောင်းအရင်းများကြောင့် ကောက်ခံမရနိုင်တော့သည့် ပစ္စည်းခွန်များကို ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းစိစစ်၍ သက်ဆိုင်ရာစည်းကြပ်မှု မှတ်ပုံတင်စာရင်းမှ စနစ်တကျပိတ်သိမ်းပယ်ဖျက်ရပါသည်–

(က)သဘာဝဘေးအန္တရာယ် တစ်မျိုးမျိုးကြောင့် (သို့မဟုတ်) ခိုင်ခံ့မှုမရှိခြင်းကြောင့် အဆောက်အအုံ ပျက်စီးသွားခြင်း၊

(ခ) ကာလကြာမြင့်စွာ လူနေထိုင်အသုံးပြုမှု မရှိခြင်းနှင့် ပိုင်ရှင်ထံ ဆက်သွယ်၍မရခြင်း၊

(ဂ) ပြေစာတွင်ပါရှိသော အခွန်ထမ်းအမည်နှင့် တည်နေရာ လိပ်စာများ လွဲမှားနေခြင်း၊

(ဃ)အဆောက်အအုံအသစ်ဆောက်လုပ်ရန် အဆောက်အအုံအဟောင်းကို ဖျက်သိမ်းခြင်း၊

(င) လုပ်ငန်းပိတ်သိမ်းခြင်း(သို့မဟုတ်)ငှားရမ်းမှုရပ်စဲခြင်း။

**အခွန်ထမ်းအမည်ပြောင်းလဲပေးခြင်း**

၄၃။ ပစ္စည်းခွန်စည်းကြပ်သော ပြေစာတွင် မြေနှင့်အဆောက်အအုံအား အမှန်တကယ်ပိုင်ဆိုင်သူ၏ အမည်ဖြင့် ထွက်ရှိနေမှသာ ပစ္စည်းခွန်ကောက်ခံရာတွင်လည်းကောင်း၊ အဆောက်အအုံ ပြင်ဆင်တိုးချဲ့ခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ စီးပွားရေးလုပ်ငန်း ဖွင့်လှစ်လုပ်ကိုင်ခြင်းတို့အတွက် ခွင့်ပြုချက် သို့မဟုတ် လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင်လည်းကောင်း၊ မြို့တော်ဘဏ်မှ ချေးငွေရယူလိုသဖြင့် လျှောက်ထားတင်ပြရာတွင်လည်းကောင်း လွယ်ကူချောမွေ့မြန်ဆန်မည်ဖြစ်ပါသည်။ အခွန်ထမ်းသူက အခွန်ထမ်းအမည် လွဲမှားနေသဖြင့် အမှန်သို့ ပြင်ဆင်ပေးရန် ရာပြတ်ဌာနသို့ တင်ပြလျှောက်ထားလာပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ပစ္စည်းခွန်ပေးဆောင်ရန် တာဝန်ရှိသူများ**

၄၄။ သာမန်အားဖြင့် မြေနှင့်အဆောက်အအုံ ပိုင်ဆိုင်သူ ပိုင်ရှင်သည် ပစ္စည်းခွန်ပေးဆောင်ရန် အဓိကတာဝန်ရှိပါသည်။

၄၅။ သို့ရာတွင် ပစ္စည်းခွန်ကို မြေနှင့်အဆောက်အအုံပိုင်ဆိုင်သူ သို့မဟုတ် လက်ရှိ နေထိုင်အသုံးပြုသူတို့အား စုပေါင်း၍ဖြစ်စေ၊ တစ်ဦးစီခွဲခြား၍ဖြစ်စေ စည်းကြပ်ကောက်ခံရသည့် အခြေအနေတွင် ဥပဒေနှင့်အညီစည်းကြပ်သည့်အတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

၄၆။ ထို့အပြင် သက်ဆိုင်ရာအဆောက်အအုံ သို့မဟုတ် မြေပိုင်ဆိုင်သူနှင့် လက်ရှိနေထိုင်အသုံးပြုသူ (အငှားချထားခြင်း ခံရသူအပါအဝင်)တို့အချင်းချင်း သဘောတူညီချက် တစ်စုံတစ်ရာမထားရှိခဲ့သော် လက်ရှိနေထိုင်အသုံးပြုသူမှ ပေးဆောင်ရမည်ဖြစ်ပြီး စာချုပ်စာတမ်းဖြင့် မည်သူက ပေးဆောင်မည်ဟု သဘောတူညီချက်ထားရှိပါက ထိုသို့ သဘောတူညီထားသည့်အတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

**ပစ္စည်းခွန်စည်းကြပ်မှုကို ပြင်ဆင် သို့မဟုတ် ရပ်ဆိုင်းခွင့် တင်ပြခြင်း**

၄၇။ မြေ၊ အဆောက်အအုံတွင် မည်သူမျှ နေထိုင်အသုံးပြုခြင်း မရှိဘဲ အနည်းဆုံး ရက်ပေါင်း ၃၀ တစ်ဆက်တစ်စပ်တည်း လစ်လပ်နေလျှင်ဖြစ်စေ၊ ငှားရမ်းခမရရှိလျှင်ဖြစ်စေ သို့မဟုတ် ထိုကဲ့သို့ လစ်လပ်နေသော မြေ၊ အဆောက်အအုံကို ပြန်လည်အသုံးပြုလျှင်ဖြစ်စေ၊ ငှားရမ်းခရရှိလျှင်ဖြစ်စေ သို့မဟုတ် ငှားရမ်းခပြောင်းလဲလျှင်ဖြစ်စေ ထိုနေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဌာနသို့

တရားဝင်စာဖြင့် အကြောင်းကြားရပါမည်။

၄၈။ အကယ်၍ ထိုသို့အကြောင်းကြားရန်ပျက်ကွက်ပါက စည်းကြပ်ထားသည့် ပစ္စည်းခွန်ကို ပြင်ဆင်ပေးရန် သို့မဟုတ် ရပ်ဆိုင်းပေးရန် တောင်းခံပိုင်ခွင့်မရှိသည့်အပြင် ယခင်သတ်မှတ်ထားသည့် ပစ္စည်းခွန်ကို ပြန်လည်ပေးသွင်းရမည် ဖြစ်ပါသည်။

**ပစ္စည်းခွန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်**

၄၉။ အခွန်ထမ်းတစ်ဦးဦး သို့မဟုတ် အစိုးရဌာနဆိုင်ရာများအပါအဝင် အဖွဲ့အစည်းတစ်ခုခုတို့သည် တည်ဆဲဥပဒေများနှင့်အညီ ကော်မတီက စည်းကြပ်ထားသည့် ပစ္စည်းခွန်ကို ခိုင်လုံသောအကြောင်းအချက်မရှိဘဲ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မပျက်မကွက် ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၅၀။ ပစ္စည်းခွန်ထမ်းဆောင်ရန် ပျက်ကွက်ပါက ဥပဒေ၊ နည်းဥပဒေများအရ ကော်မတီ၏ စီမံခန့်ခွဲမှု ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ခံရနိုင်သည့်အပြင် ပစ္စည်းခွန်စည်းကြပ်ငွေ (သို့မဟုတ်) ကြွေးကျန်ငွေကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံခြင်းများ ပြုလုပ်ခံရမည် ဖြစ်ပါသည်။

**ပစ္စည်းခွန်ကင်းလွတ်ခွင့်ပြုနိုင်သည့်မြေနှင့် အဆောက်အအုံများ**

၅၁။ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ မြို့တော်နယ်နိမိတ်အတွင်းရှိ အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်ပါသည်–

(က) ဘာသာရေးအတွက်ဖြစ်သော အဆောက်အအုံများ၊ မြေကွက်များ၊ ယင်းတို့နှင့်ဆက်နွယ်နေသည့် အစိတ်အပိုင်းများ၊

(ခ) ကော်မတီပိုင် အဆောက်အအုံများ၊ မြေများ၊

(ဂ) သင်္ချိုင်းမြေများ၊

(ဃ) အစိုးရအဖွဲ့မှကင်းလွတ်ခွင့်ပြုရန် သတ်မှတ်ထားသည့် အစိုးရဆေးရုံ၊ ပရဟိတရိပ်သာ စသည်များ။

၅၂။ ကော်မတီက အမိန့်နှင့်ညွှန်ကြားချက် တစ်စုံတစ်ရာ သီးခြား ထုတ်ပြန်ထားခြင်းမရှိလျှင် အထက်အပိုဒ် ၅၄၊ ပုဒ်မခွဲ (က)ပါ အဆောက်အအုံများနှင့် မြေများတွင် အောက်ဖော်ပြပါ အခြေအနေ များရှိပါက တည်ဆဲဥပဒေ နည်းဥပဒေများနှင့်အညီ ပစ္စည်းခွန် စည်းကြပ်ကောက်ခံမည် ဖြစ်ပါသည်–

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း သို့မဟုတ် ကုန်သွယ်ရောင်းဝယ်ဖောက်ကားခြင်း၊

(ခ) ရရှိသည့် ငှားရမ်းခကို ဘာသာရေးအတွက် အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ငှားရမ်းခရရှိခြင်း။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။





(၁)

မမဝင်းသည် ကျွန်မထက် ၈ နှစ်ခန့်စော၍ အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်သက် ၁၀ နှစ်ပြည့်မှ သမီးဦး သိမ့်သိမ့်သူကိုမွေးသည်။ နောက် ၂ နှစ်

တွင် သားလတ် မင်းမြတ်သူကိုမွေးသည်။ သမီးငယ် ပွင့်ဦးသူကိုမွေးပြီး တစ်လ ကျော်တွင်မှ ကျွန်မသားဦးမွေးသည်။ ကျွန်မသား ချစ်ဦးပို ၈ နှစ် အရွယ်တွင် မမဝင်း၏သားသည် ၁၀ နှစ်၊ သမီးကြီး ၁၂ နှစ်။ မမဝင်း၏ အိမ်ထောင်သက် ၂၂ နှစ်၊ ဇာတာသက် အသက် ၄၂ နှစ်၊ ကျွန်မ အသက် ၃၄ မပြည့်သေး၊ ညီမချင်းယှဉ် ရပ်လျှင် ကျွန်မအရွယ်ရင့်နေမှန်း ကိုယ့် ကိုယ် ကိုယ်သိသည်။ မမဝင်း၏မိတ်ဆွေ အချို့နှင့်ဆုံလျှင် ကျွန်မကို အစ်မဟုထင် ကြသည်။

ကျွန်မသူငယ်ချင်းတချို့က "ဆွေ ဆွေရယ် မင်းမမဝင်းက ရုံးအလုပ်တစ် ဖက်၊ အိမ်မှုကိစ္စတစ်ဖက် ဒီလောက်ပင်ပန်း ရက်နဲ့ ဆွေဆွေထက် လှလည်းလှ၊ နု လည်းနု၊ ဆွေကျတော့ ဘာမှမပင်ပန်း ဘူး။ အိမ်မှုကိစ္စမှာလည်း ကူဖော်လောင် ဖက်နဲ့ ကလေးတစ်ယောက်ပဲရှိသေး တယ်၊ အဘွားကြီးကျနေတာပဲ၊ ဗိုက်စူစူ၊ မေးနှစ်ထပ် ကုပ်သားတက်နေပြီ"

"အစားလည်းလျှော့၊ အအိပ် လည်း လျှော့တာပဲ ၊ ဝချင်လို့ဝလာတာပဲ လေ"

ကျွန်မရယ်ပြီးပြောလိုက်ပါသည်။

(၂)

မောင့်တိုက်ပုံအင်္ကျီနှာရီအိတ်ထဲ ကထွက်လာသော Press showဖိတ်ကြား သည့် လက်မှတ်ဖြတ်ပိုင်းနှစ်ခုကိုကြည့် ကာ ဘယ်သူနှင့်ကြည့်ပါလိမ့်။ သူငယ် ချင်းတွေနှင့်ကြည့်ရင် ဆွေဆွေရေ... မောင် ဘယ်သူနဲ့ ၊ ဘယ်ရုံမှာ ၊ ဘယ်ကားဖြင့် ဝင်ကြည့်ခဲ့တယ်ကွာဟု ပြန်ပြောပြမြဲ။ နေ့စွဲကိုကြည့်လိုက်၏ ။ နှစ်ပတ်မကကြာ မြင့်ခဲ့ပြီ။ အလုပ်တွေကြောင့် မေ့လျော့ ပြီး ပြောမပြခဲ့ခြင်းလားဟု ကျွန်မတွေး သည်။ စကားအစ်လိုက်လျှင် အဖြေရ လွယ်သည်။ မောင်ရုံးပြန်ချိန်ကို စောင့်ရ သည်မှာ နည်းနည်းတော့ စိတ်မရှည် ချင်စရာ။

(၃)

"အေးကွာ၊ ဆွေဆွေပြောမှပဲ ရုပ်ရှင် ကြည့်ဖို့ သတိရတော့တယ်၊ မကြည့် ဖြစ် တာကြာပြီ၊ လေးငါးလလောက်တောင် ရှိရော့မယ်"

မောင် ကျွန်မကို ညာပြီဟုသိလိုက် ၏။ ရင်ထဲမှာ ပူနွေးလာ၏။ လိမ်ရ ကောင်းလားဟု ပြောမိမည်ဖြစ်သွား၏။ မပြောဖြစ်အောင် သတိထားရသည်။ ဝန်ခံမည်မဟုတ်သည်ကို ကျွန်မသိ၍ မစစ်ဆေးချင်တော့။ သူငယ်ချင်းတွေ က နောက်တာပါ၊ ပြောင်တာပါစကားတွေ နဲ့ ဖုံးကွယ်ချင်ဖုံးကွယ်ပေဦးမည်။ မောင် သည် ကျွန်မကို အကဲခတ်ရင်း ထမင်း စားနေသည်။ အရေးမကြီး၊ အမှတ် မထား ဘာမျှမသိလေဟန် ကျွန်မနေ လိုက်သည်။ မောင်စိတ်သက်သာရာရ သွားပုံရှိ၏။ ကျွန်မ စိတ်ထဲက ရယ်သံ ကို မောင်ကြားမှ ကြားပါလေစ။

(၄)

အရာရာကို ဂရုပြုထားသောအခါ တွက်ချက်စရာတွေ စီကာစဉ်ကာ ရလာ ၏။ ကျွန်မ သိသော်လည်း မသိအောင် နေသည်။ ဇောက်မသိဟု မောင်စိတ်ချ နေသည်။ ကိုယ်ဘက်က ပိုင်ပိုင်နိုင်နိုင် သက်သေသက်ကာယမပြနိုင်သေးလျက် စွဲချက်တင်လျှင် မောင်ငြင်းမည်၊ ဒေါသ တွေ၊ မောဟတွေဖြင့် ဝူးဝူးဝါးဝါးအော် ဟစ်မည်။ မကြုံဖူးသော်လည်း ကြားဖူး သော အတွေ့အကြုံတွေအရ ဦးနောက် အေးအေးထားမှ ဖြစ်မည်ဟု ကိုယ့်ကိုယ် ကို သဘောရသည်။

မောင်သည် ဣန္ဒြေကောင်းသည်။ လျှို့ဝှက်သိုသိပ်သည်ဟု သူ့ကိုယ်သူ အထင်ကြီးထားပုံ ရှိ၏။

သို့သော် ရုံးမှတ်တမ်းစာအုပ် ပလပ်စတစ်အဖုံးတွင်းမှ ရှာဖွေတွေ့ရှိ သော စာကို ကျွန်မဖတ်ပြီး သည်ကိုလည်း ကောင်း၊ အောက်ထပ် ပုံကူးဌာနတွင် ထို စာကူးထားခဲ့သည်ကိုလည်းကောင်း မသိ ရှာသေး။ ဒေါသဖြင့် နှာကျင်စွာပြုံးမိ သော ကျွန်မအပြုံးကို သူမသိ။ ချွဲချွဲနွဲ့နွဲ့ ရေးထားသော ကောင်မလေး၏စာ၊ အမည်အပြည့်အစုံကို မသိရသေးသော် လည်း 'ကြူ'ဟူသော အမည်တစ်ခွန်း သဲလွန်စရခဲ့သည်။ စာသွားစာလာအရ တစ်နှစ်ခရီးသို့ တိုင်နေပြီဟု တွက်၍ ရသည်။ တပေါင်းပွဲတွေ၊ ရုပ်ရှင်တွေ၊ ဇာတ်ပွဲတွေကြည့်ခဲ့ကြသည်ဟု စာအရ သိရ၏။ ကိုကိုက ကြူကိုပွဲကြိုက်သူ လေးလို့ အမည်ပေးသလားဟူသော စာပိုဒ်ကို ကျွန်မ သေသေချာချာမှတ် ထားလိုက်သည်။

"ဘယ်သူကဆက်ဖုန်းလဲ မောင်"

ရေချိုးခန်းထဲမှ ထွက်လာသော ကျွန်မကို ပြုံးကာ –

"သူငယ်ချင်းဆက်ကပါ"

ကျွန်မ စကားမဆက်အောင် ရေစက် တွေတင်နေသော ပါးကိုဆွဲ၍ ဖွဖွလိမ် ၏။ ဟန်ဆောင်ကြင်နာမှုဖြင့် အရောင် အတိမ်းတွေ ပြနေရပါကလားဟု တွေးမိ သည်။

"ဘယ်သူလဲ၊ ကိုထွန်းမြင့်ဆက် လား"

''ဟင့် အင်း ''ဟု ဆို ကာ ပခုံးထက်ရှိ မျက်နှာသုတ်ပဝါဖြင့် ကျွန်မပါးကို ရေ သုတ်ပေးသည်။

"ကိုအောင်သင်းကြီးဆက်ကလား"

မဟုတ်ပါဘူးဟု ဖြေသံ မဆိုစရွေ့ တုန်ချင်မှန်း ကျွန်မသိသည်။

"ကိုဇော်မြင့် ဖုန်းဆက်တာလား"

"သတင်းစာတိုက်ကပါ၊ ကိုကြည်ညွန့်ကြီးဆက်တာပါ၊ မောင်တို့ဌာနသက်သာဆိုင်ဖွင့်ပွဲလာဖို့ သတင်းစာတိုက်မှာ ကားမရှိလို့ ကားလွှတ်ပေးဖို့ပါ"

ဟုဖြေသည်။ ဩော် ... ဟုဆိုကာ ကျွန်မပြုံးပြီး စကားဖြတ်လိုက်၏။ ယောကျ်ားတွေ ဒီလိုပဲနဲ့တူတယ်။ တယ်လျင်တယ် ထင်ကြတယ်။ ဖြေပြီး၊ ကြားပြီး ပြီးရောဟု ထင်ပုံရ၏။ မောင်ရုံးရောက်ရန် လမ်းတစ်ဝက်တွင် ကိုကြည်ညွန့်ထံ ကျွန်မဖုန်းဆက်သည်။ စောစောက ဖုန်းဆက်တုန်းက ကျွန်မ မီးဖိုထဲမှာအလုပ်များနေလို့ အမျိုးသမီးကောနေကောင်းလား၊ အိမ်ကိုအလည်လာကြပါဦး၊ တစ်ခုခုချက်ကျွေးပါ့မယ် စကားတွေပြောလိုက်၏။

မောင် လိမ်ပြန်ပြီ၊ ကိုကြည်ညွန့်ဖုန်းမဆက်ခဲ့။

(၅)

ကိုယ့်အာရုံနှင့် ကိုယ်ရှိနေကြသူများကို နောက်ယောင်ခံပြီးလိုက်ရသည်မှာ လွယ်ကူလှပေသည်။

ဘယ်နေ့၊ ဘယ်နေရာ သေသေချာချာမှတ်ထားလိုက်သည်။ ကျွန်မရင်ထဲက မီးတောက်သည် မောင်တို့နှစ်ယောက်ကို ကူးစက်လောင်တော့မှာမလွဲ။ မျက်ရည်တစ်ပေါက်အတွက် မောင်တို့ဆပ်ရတော့မည်။ မျက်ရည်တစ်ပေါက်ကျလျှင် မီးဟုန်းဟုန်းတောက်ရမည်ဟု ကျွန်မရင်ထဲမှာ ကြိမ်းဝါးထားခဲ့သည်။ ရုံးကိုလိုက်သွားသည်။ ကောင်မလေးကို ရှေ့တွင်မေးမည်။ ပစ်ပစ်ခါခါပြောမည်။ ပါးရိုက်နားရိုက်မည်စိတ်ကူးသည်။ မမဝင်းထံ အကျိုးအကြောင်းပြောလိုက်သောအခါ လာခဲ့ပါဦး၊ အလျင်မလိုနဲ့ဟု ဖုန်းထဲကပြောပြီးမှာသည်။

(၆)

ဇနီးတစ်ယောက်အနေနှင့် တာဝန်မကျေပွန်ရာ မရှိခဲ့အောင် နေခဲ့သည်။ နားဝင်မချိုစရာမဆိုခဲ့။

ခံတွင်းမတွေ့စရာဟင်းလျာ မစီစဉ်ခဲ့။ ဘာချွတ်ယွင်းချက်မှမရှိအောင် နေခဲ့တာ သူသိပါတယ်။ ဒါကို ငဲ့ဖော်မရဘူး မမဝင်းရယ်ဟု ကျွန်မပြောလိုက်သည်။ မမဝင်းသည် အခန်းတံခါးချက်ကိုချပြီး ကျွန်မဘက်ကိုလှည့်၏။ လေ့ကျင့်ခန်းယူနေသဖြင့် ချွေးတွေစိုနေ၏။ ဘောင်းဘီတိုအဖြူ၊ စပို့ရှပ်လက်တိုအဖြူတွင် ချွေးစွတ်လျက်ရှိ၏။ မမဝင်း၏ ကိုယ်ခန္ဓာသည် တင်းတင်းရစ်ရစ်။ ကျွန်မကဲ့သို့ ဝမ်းမပူ၊ ခါးမတုတ်၊ သားသည်မအေဟု မထင်ချင်စရာကောင်းနေ၏။

"ဆွေဆွေ လေ့ကျင့်ခန်း မယူဘူးလား"

"လင့်ကိစ္စ၊ သားကိစ္စနဲ့ အိမ်မှုကိစ္စတွေ ကိုယ်မပါဘဲဖြစ်မှ မဖြစ်တာ။ အချိန်မှမရဘဲ"

"မမဝင်းက အဲဒီကိစ္စအပြင် ရုံးကိစ္စပါ လုပ်ရသေးတာပဲ"

"အပင်ပန်းမခံနိုင်တာလည်း ပါပါလိမ့်မယ်"

ကျွန်မကိုကြည့်ပြီး ပြုံး၏။

"ခု ဆွေဆွေရဲ့လင်တော်မောင်နဲ့ ငြိနေတဲ့ကောင်မလေးက ဘယ်က"

တစ်ခါ ထပ်ပြောလိုက်ရ၏။

"မောင်နဲ့ တစ်ဌာနတည်း"

"အသက်ကကော"

"နှစ်ဆယ့်သုံးလေးနှစ်လောက်ရှိမယ်"

"လှလား"

ကျွန်မ ခေါင်းညိတ်လိုက်သည်။ ပုံပန်းသဏ္ဌာန်ပေး၍ ပြောပြလိုက်သည်။

"ယောကျ်ားဆိုတာ ဒီရေလိုပဲ ဆွေဆွေ၊ ဒီရေက တစ်နေ့နှစ်ကြိမ် ဒီတက်ဒီကျရှိတယ်၊ အိမ်ထောင်ကျခါစကလေးတစ်ယောက်၊ နှစ်ယောက်ရချိန်မှာ တစ်ခါ စိတ်ကစားတယ်၊ ပြီးတော့ ဒီရေကျသွားတယ်၊ ကလေးသုံးလေးငါးယောက်ဆိုပါတော့ ခြောက်ယောက်၊ ခုနစ်ယောက်ရရင် တစ်ခါ စိတ်ကစားတယ်၊ ခုနစ်ဆယ်လောက်ကျတော့ ငြိမ်သွားရော"

"အမယ်လေး၊ ဒီရေနဲ့ပဲတူပေလို့" ဟု မမဝင်းနှင့်အတူရောကာ ရယ်မောပြီး ပြောလိုက်ရ၏။

"ချက်ပြုတ်ကျွေးမယ်၊ တတ်ကျွမ်းသရွေ့ ချက်မယ် ပြုတ်မယ်၊ ဒါနဲ့ပဲဟုတ်မယ်မထင်နဲ့၊ အဝတ်အစားကိစ္စကျေနပ်အောင်ဆင်မယ် ဟုတ်လား၊ ပြီးတော့ မောင်မောင်ကိုကို နားအရည်ပျော်အောင် ပြော၊ ဒါနဲ့တင်မရသေးဘူး ဆွေဆွေ"

ကျွန်မ နားစွင့်နေလိုက်၏။

"ဆွေဆွေရယ် အိမ်ထောင်သက် ၈ နှစ်၊ ၉ နှစ်လေးရှိသေးတယ်၊ ပြဿနာကြုံရတယ်လို့၊ တိုလိုများ အနှစ် ၂၀ ကျော်ရင် ခက်မယ်"

မမဝင်း ပြုံးသည်။

"ဟိုကောင်မလေးကိစ္စ မသိအောင်လည်း မဆောင်နဲ့၊ အကုန်သိတာလည်း မပြောနဲ့၊ ဆဖို့လိုတယ်၊ ဝရုန်းသုန်းကားလုပ်ပြီး ဟိုကလေးမကို ရိုက်ဟယ်၊ နက်ဟယ် အရှက်ခွဲဟယ် မလုပ်နဲ့၊ ဟိုက အဟောင့်ခနဲလုပ်လိုက်ရင် ဆွေဆွေရဲ့ လင်တော်မောင်က ပိုသည်းပြီး လုံးလုံးပါသွားလိမ့်မယ်"

"ကျွန်မ ဘာလုပ်ရမလဲ မမဝင်း"

"အိမ်ထောင်ရေးဟာ ပညာ တစ်ရပ်ကွဲ့."

"ပြောစမ်းပါဦး မမဝင်းရယ်၊ ခုနေ တော့ ခေါင်းမီးတောက်နေလို့ ဘာမှ မစဉ်းစားတတ်ဘူး"

"မနက်ဖြန်လာခဲ့လေ၊ အရေး အကြီးဆုံး သင်ခန်းစာတွေထဲက အဆင် သင့်တာ အရင်သင်ပေးမယ်"

အားကိုးအားထားစိတ်ဖြင့် ခေါင်း ညိတ်လိုက်သည်။ ခဏနေဦး လေ့ကျင့် ခန်းပြီးအောင် ခဏစောင့်ဟုပြောပြီး ခုံတန်းလျားပေါ်တွင် မမဝင်းထိုင်၏။ လေ့ကျင့် ခန်းယူနေစဉ် လှုပ်ရှားနေသော မမဝင်းကို ကြည့်သည်။ လက်ချောင်း လေးတွေ၊ လက်မောင်းတွေ၊ ခါး၊ ခြေ ဖျား၊ လေးဆယ်ကျော် မမဝင်း၏အလှ သည် ပျိုမျစ်လျက်ရှိ၏။ ယောကျ်ား တစ်ယောက်ကို နောက်ပြန်လှည့်ကြည့် ရလောက်အောင် ဆွဲဆောင်ထားနိုင်ဆဲ။ အဖုအထစ် အမို့အမောက်တို့ကလည်း တင်းတင်းရင်းရင်းရှိနေဆဲ။

(၇)

ယောကျ်ားတွေရဲ့ ဦးနှောက်ရယ်၊ အသည်းနှလုံးရယ်၊ ခန္ဓာကိုယ်ရယ် တစ်နေ့တစ်နေ့ ရန်ဖြစ်နေတာပဲ သိလား ဆွေဆွေ။ တစ်နေ့ တစ်ဆယ့်ခြောက် ခါမက ရန်ဖြစ်ကြတယ်။ ဒါကိုသိရမယ် ဆွေဆွေရေ။ မနက်ဖြန်ကစပြီး ဆွေကို တော့ ပြစ်ထားလို့မရသေးဟုလည်း ပြော ၏။

ထို့ပြင် မနက်ဖြန်လာသောအခါ ဘောင်းဘီတိုနှင့် စပို့ရှပ် ဆက်ဆက်ယူ လာဟု မမဝင်းက အထပ်ထပ်မှာလိုက် သေးသည်။

ဆွေဆွေဝင်းကား မတုန်မလှုပ် ကျောက်ရုပ်။ ။

**ဇော်မော်**





"ဩော် ... ကိုဘဆောင်ပါလား၊ စောစောစီးစီး ဘာများကိစ္စရှိလို့လဲ"

သူဌေးကြီး ဦးကျော်အောင်ဗလက ခရီးဦးကြိုပြုရင်း နှုတ်ဆက်စကားဆိုလိုက်တယ်။

ကိုဘဆောင်နဲ့အတူ အသက်သုံးဆယ်ခန့် အမျိုးသမီးငယ်လည်းပါလာသည်။ အမျိုးသမီးငယ်က နက်ပြာရောင်ဝမ်းဆက်နဲ့ သူ့ရဲ့သဘာဝခန္ဓာကိုယ်ကို ရစ်ပတ်ထားသော တင်းတင်းရင်းရင်း အမောက်အပှိုက်၊ အရှိုက်တို့ကလည်း သူ့နေရာနဲ့သူ၊ နေရာယူထားပုံမှာ အချိုးအဆစ် ပြေပြေပြစ်ပြစ်၊ လှလှပပ။ မြင်ရသူပုရိသတို့ငေးလောက်စရာ။ သူဌေးကြီး ဦးကျော်အောင်ဇလရဲ့အကြည့်များ က အမျိုးသမီးချောလေးရဲ့ ဆံစမှခြေဖျား အထိ။ အမျိုးသမီးလေးရဲ့ ဝိုင်းစက်တဲ့ မျက်လုံး၊ ကော့ရွှန်းတဲ့မျက်တောင်၊ နက်မှောင်လှပတဲ့မျက်ခုံး၊ သွယ်လျတဲ့နှာတံ၊ ပါးလွှာတဲ့ နှစ်လွှာ နှုတ်ခမ်းတို့ကလည်း ဆွဲဆောင်မှု အပြည့်။ ဦးကျော်အောင်ဇလရဲ့အကြည့်များက အကောင်းစားစလင်းဘက်အိတ်အညိုရောင်လွယ်ထားတဲ့ အမျိုးသမီးချောလေးအပါးက မခွာရက်။ ကဗျာဆန်ဆန်ပြောရပါက 'သည်သောင်ယံက မခွာရက်နိုင်တော့'။

"ဦးကျော်အောင်ဇလရေ ... သူက ကျွန်တော့်ရဲ့တူမဝမ်းကွဲပါ၊ သူတို့မြို့မှာပဲအမျိုးမျိုးအရောင်းအဝယ်ဒိုင်ကြီးဖွင့်ထားပါတယ်၊ လောလောဆယ် မတ်ပဲလှောင်ဖို့အတွက် ငွေလိုလို့ ခင်ဗျားဆီခေါ်လာတာ၊ အပေါင်ထားမယ့် ပစ္စည်းကတော့ ရွှေထည်ပါ"

ဦးကျော်အောင်ဇလက အမျိုးသမီးငယ်ကို တစ်ချက်ကြည့်လိုက်တယ်။ အမျိုးသမီးလေးရဲ့ နားအစုံမှ စိန်နားကပ်အရောင်မှာ တဖျပ်ဖျပ်။ ငါးကျပ်သားခန့် ရွှေဆွဲကြိုးကြီးကလည်း ဝင်းလို့အိလို့၊ ဘယ်ညာလက်အစုံက ကြဲဆစ်ရွှေလက်ကောက်တွေကလည်း တံတောင်ဆစ်နားကပ်လို့။ ဘယ်ညာလက်အစုံက စိန်လက်စွပ်တွေကလည်း မျက်စိကျိန်းမတတ်။

"ကိုဘဆောင်တူမဆိုရင် ယုံပြီးသားပါဗျာ၊ ငွေက ဘယ်လောက်ယူချင်တာလဲ"

"သမီး သိန်းတစ်ရာလောက်ပဲ ယူမှာပါ၊ အပေါင်အဖြစ် ရွှေဆွဲကြိုးနဲ့ လက်ကောက် အလေးချိန် နှစ်ဆယ်သားလောက်တော့ ရှိမယ်ဦး"

ရှပ်ရည်ချောမောသလောက် အသံလေးကလည်း ကြည်ကြည်လွင်လွင်။

"ကျွန်တော့တူမက အရောင်းအဝယ်အကြီးအကျယ်လုပ်တာမို့ စိတ်ချလက်ချသာ ဆက်ဆံပါ ကိုကျော်အောင်ဇလ"

"စိတ်ချယုံကြည်ပြီးသားပါ ကိုဘဆောင်ရာ၊ ငယ်ငယ်ရွယ်ရွယ် အမျိုးသမီးလေး စီးပွားရေးလုပ်တာကို အားပေးရမှာပေါ့"

"သမီးက သုံးလအများဆုံးပဲ သုံးမှာပါ၊ အတိုးက ဘယ်လောက်လဲဦး"

"သူများဆိုရင် ငါးကျပ်တိုး သမီးကိုတော့ နှစ်ကျပ်တိုးပဲ ယူပါ့မယ်"

"အားမနာပါနဲ့ဦး။ သမီးက အလုပ်လုပ်မှာဆိုတော့ အတိုးပေးရတာ မကြောက်ပါဘူး"

"ဟုတ်ပါပြီ။ နှစ်ကျပ်တိုးပဲ ယူပါ့မယ်၊ ဒါနဲ့ သမီးနာမည်က"

"ချိုအေးမြင့်ပါ"

"ဟား ... နာမည်ကလည်းအပျံစားပါလား၊ ကဲ..ထားမယ့်ပစ္စည်းပြပါ"

ချိုအေးမြင့်က သူ့စလင်းဘက်အိတ်ထဲက ပန်းနုရောင်အထုပ်တစ်ထုပ်ကို ထုတ်လိုက်သည်။

အထုပ်ကိုဖြေလိုက်တော့ ငါးကျပ်သားရွှေဆွဲကြိုးနှစ်ကုံး၊ ငါးမူးသားရွှေလက်ကောက်အကွင်းနှစ်ဆယ်၊ ရွှေရည်ကလည်း ဝင်းအိနေလေရဲ့။ ဦးကျော်အောင်ဇလက မျက်မှန်တပ်လိုက်ပြီး ပစ္စည်းတွေကို အသေအချာကိုင်ကြည့်တယ်။

"ကျွန်တော့တူမ ပစ္စည်းတွေနဲ့ ပတ်သက်လို့ စိတ်ချပါ၊ ကျွန်တော် တာဝန်ယူပါတယ်"

"အေးဗျာ... ကိုဘဆောင် တာဝန်ယူတယ်ဆိုပေမယ့် ပစ္စည်းကိုတော့ အသေအချာ စစ်ပါရစေ"

"စစ်ပါဦး ၊ ကြိုက်သလိုစစ်ဆေးနိုင်ပါတယ်၊ သမီးပစ္စည်းတွေက ရွှေပန်းထိမ်ဆရာကြီးသာဆန်းရဲ့လက်ရာတွေပါ၊ မလွဲသာလို့သာပေါင်ရတာ၊ သူများလက်ထဲမှာ ထားချင်တာမဟုတ်ဘူး"

ချိုအေးမြင့်က ခပ်ဆတ်ဆတ်လေး ပြန်ပြောလိုက်တယ်။ ကိုကျော်အောင်ဇလ သဘောကျပြီး ပြုံးတယ်။ မဟုတ်မခံစိတ်ဓာတ်မျိုးကို ဦးကျော်အောင်ဇလက လိုလားသူမဟုတ်လော။ ကိုကျော်အောင်ဇလ ရွှေထည်ပစ္စည်းများကို အသေအချာကိုင်ကြည့်နေတာ ချစ်တီးခေါင်း သန်းရှာနေသလိုပဲ။ ဦးဘဆောင် စိတ်ရှည်ပုံမရတော့။

"စိတ်ချပါ ကိုကျော်အောင်ဇလရာ၊ ကျွန်တော် တာဝန်ယူပါတယ်"

ကိုဘဆောင်က တာဝန်ယူကြောင်း ထပ်ပြောလိုက်ပြန်တယ်။ ဦးကျော်အောင်ဇလကတော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပဲ။

"စိတ်ချပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော့်မှာလည်း တစ်ချက်မှားရင် တစ်သက်ဖားသွားမှာလည်း ပူရသေးတယ်။ ရွှေအလေးချိန်ကလည်းမနည်းဘူး။ ကိုဘဆောင်မျက်နှာကြောင့်သာ

လက်ခံရတာ"

"ကြိုက်သလိုစစ်ဆေးပါဦး၊ သမီး ပြန်ရွေးတဲ့အခါတည်း စစ်ဆေးပြီးမှ ယူမှာနော်"

"ယူပါဗျာ၊ သမီးရဲ့ပစ္စည်းကို တစ်ချက်မပွန်းပဲ့စေရပါဘူး"

"ကဲ…ကိုကျော်အောင်ဇလ ဒါ လောက်စစ်ဆေးပြီးမှ ကျေနပ်ပါတော့၊ ကျွန်တော်သွားစရာလေးရှိလို့"

ကိုဘဆောင် လောလိုက်တယ်။ ဦးကျော်အောင်ဇလကတော့ ပစ္စည်းတချို့ကို မှတ်ကျောက်တိုက်ပြီး အားနာဟန်နဲ့-

"အားတော့နာပါတယ် ကိုဘဆောင်၊ ပစ္စည်းကလည်းများ၊ ယူငွေကလည်းများတော့ ကျွန်တော့ညီ ပန်းထိမ်ဆရာ မောင်ဝင်းထွန်းဆီမှာ သွားစစ်ပါရစေဦး"

"ဖြစ်ပါတယ်ဦး"

"ဒါဆိုသမီးပစ္စည်းတွေ သေသေချာချာ စစ်ပြီး ပြန်ထုပ်လိုက်ပါ"

ချိုအေးမြင့်က ပစ္စည်းတွေကို ပန်းနုရောင်ပဝါနဲ့ ပြန်ထုပ်ပြီး စလင်းဘက်အိတ်ထဲ ပြန်ထည့်လိုက်တယ်။ ဦးကျော်အောင်ဇလဦးဆောင်တဲ့အတိုင်း တစ်အိမ်ကျော်က မောင်လင်းထွန်းတို့အိမ်ကို လိုက်သွားကြတယ်။မောင်ဝင်းထွန်း အိမ်ရောက်တော့ ပန်းနုရောက်ပဝါထုပ်ကိုဖြေပြီး စစ်ဆေးကြပြန်တယ်။ မောင်ဝင်းထွန်းဟာ ပစ္စည်းတစ်ခုချင်းစီကို မှတ်ကျောက်တိုက်ကြည့်ရုံသာမက ငရဲမီးတို့ကြည့်တယ်။ ရွှေအစစ်များသာ။ ကိုကျော်အောင်ဇလ စိတ်တိုင်းကျသွားလေရဲ့။

"ဦးလေး … ကျေနပ်ပြီလား"

"ကျေနပ်ပါတယ် သမီး၊ အလုပ်သဘောအရ လုပ်ရတာပါ၊ ရွှေထည်ဆိုရင် ဦးရဲ့ညီမောင် ဝင်းထွန်း စစ်ဆေးပြီးမှ လက်ခံလေ့ရှိပါတယ်။ ကဲ- သမီး ပစ္စည်းတွေ သေသေချာချာစစ်ပြီး ပြန်ထုပ်ဦး အိမ်ကျမှ အပေးအယူလုပ်ကြမယ်"

"ဟုတ်ကဲ့ဦး"

ချိုအေးမြင့်က ပစ္စည်းတွေကို အသံထွက်ပြီး ရေတယ်။ ပန်းနုရောင်ပဝါနဲ့ ပြန်ထုပ်ပြီး စလင်းဘက်အိတ်ထဲ ပြန်ထည့်လိုက်တယ်။ သူဌေးကြီးကိုအောင်ကျော်ဇလအိမ်ပေါ်သို့ ဒုတိယအကြိမ် ပြန်တက်ရပြန်တယ်။ ကိုဘဆောင် မျက်နှာကတော့ ကြည်လင်မှုတော့ကင်းမဲ့နေလေရဲ့။ ကိုကျော်အောင်ဇလလုပ်ပုံကို ကြည့်ပြီး အတော်စိတ်အိုက်နေပုံရတယ်။

စလင်းဘက်အိတ်ကိုဖွင့်ပြီး ပစ္စည်းထည့်ထားသော ပန်းနုရောင်ထုပ်ကို အပ်လိုက်တယ်။

ကိုအောင်ကျော်ဇလ ပစ္စည်းအနေအထား အရေအတွက်ကို စစ်ဆေးပြီး ရွှေထုပ်ကို ယူလိုက်တယ်။

ပြီးတော့- အိပ်ခန်းအတွင်းမှာ



ထားတဲ့ မီးခံသေတ္တာထဲက ငွေကျပ်သိန်း တစ်ရာကိုယူပြီး ကိုဘဆောင်နဲ့ မောင်ဝင်းထွန်းတို့ ရှေ့မှောက်မှာပဲ ပေးတယ်။ ချိုအေးမြင့်က ငွေတွေကို ရေတွက်ယူတာမှ စေ့စေ့စပ်စပ်။ ဦးကျော်အောင်ဗလဟာ အတော်သေချာတဲ့လူလို့ပြောရမယ်။ ငွေထုတ်ပေးပြီးတော့ ပန်းနုရောင်ပဝါနဲ့ထုပ်ထားတဲ့ ရွှေပစ္စည်းတွေကို တစ်ခုချင်း ကြည့်ရှုစစ်ဆေးပြန်တယ်။ ငါးကျပ်သားရွှေဆွဲကြိုး နှစ်ကုံး၊ ငါးမူးသားရွှေလက်ကောက်အကွင်း နှစ်ဆယ် ရွှေချိန်စုစုပေါင်း နှစ်ဆယ်သားတိတိ။ ချိုအေးမြင့် ထုပ်လာတဲ့ ပဝါလေးနဲ့ပဲ ပြန်ထုပ်ပြီး မီးခံသေတ္တာထဲမှာ သိမ်းလိုက်တယ်။

"ဦး… သမီးတို့ပြန်တော့မယ်နော်"

"အေးကွယ် … သမီး၊ နောက်လည်း ကိစ္စရှိမှ မဟုတ်ဘူး၊ ဦးဆီကို လာလည်လို့ ရတယ်နော်"

"ဟုတ်ကဲ့ပါဦး"

ကိုဘဆောင်မျက်နှာမှာတော့ လင်ပုပ်ဖမ်းထားတဲ့ အတိုင်းပဲ။ ကိုကျော်အောင်ဗလပြောပုံဆိုပုံကို နှစ်မြို့ပုံမရဘူး။ ကိုကျော်အောင်ဗလနဲ့သူက တစ်လမ်း တည်းသားချင်းတွေမို့သာ အောင့်အည်းပြီး ပြန်လာခဲ့ရတယ်။ စိတ်ထဲကတော့ ခိုးလို့ခုလု။

ရွှေထည်ပစ္စည်းများပေါင်ပြီး တစ်လခန့်အကြာမှာ ချိုအေးမြင့်နဲ့ ကိုဘဆောင်တို့ ဦးကျော်အောင်ဗလအိမ်ကို ပစ္စည်းရွေးဖို့ ရောက်လာကြတယ်။ ပိတောက်ရွှေဝါရောင်ဝမ်းဆက်နဲ့ ချိုအေးမြင့်မှာ မြူးလို့၊ လှလို့။ ကိုကျော်အောင်ဗလမျက်နှာမှာလည်း ပြုံးရွှင်လို့။

ကိုဘဆောင်နဲ့ချိုအေးမြင့် သောက်ဖို့ ကော်ဖီနဲ့မုန့်များကို အမြန်ဆုံးစီစဉ်ခိုင်းရတာလည်း အမော၊ သူ့အိမ်ဖော်ကောင်မလေးနှစ်ယောက် ပျာယာခတ်နေရတယ်။ ကိုကျော်အောင်ဗလ လက်ကိုင်ဖုန်းနဲ့သူညီ မောင်ဝင်းထွန်းကို ခေါ်လိုက်တော့ မကြာဘူး။ မောင်ဝင်းထွန်းရောက်ချလာတယ်။ သူဌေးကြီးကိုကျော်အောင်ဗလအနေနဲ့ တစ်လအတွက် အတိုးနှစ်သိန်းရတော့မှာမို့ ပီတိလှိုင်းတွေ ထနေတာကတော့ ဣန္ဒြေမရ။

"မြန်လှချည်လား သမီး ချို၊ သုံးလတောင် မပြည့်သေးဘူး၊ ရပါတယ်ကွယ်၊ ကိုဘဆောင်ကိုယ်တိုင်ရှိ တာဝန်ယူထားတာပဲ၊ ဦးက သမီးကို ယုံကြည်ပြီးသားပါ"

ချိုအေးမြင့်ဟာ ယူငွေသိန်းတစ်ရာနဲ့ အတိုးငွေကျပ်နှစ်သိန်းကို ထုတ်ပေးလိုက်တယ်။ ကိုကျော်အောင်ဗလကလည်း ပစ္စည်းထုပ်ထားတဲ့ ပန်းနုရောင်ထုပ်လေးကို ထုတ်ပေးလိုက်တယ်။ ချိုအေးမြင့်က မယူသေးဘူး။

"ကဲ… သမီးပစ္စည်းလေးတွေကိုလည်း စစ်ယူပါ၊ သမီးပေးထားတဲ့အတိုင်းပဲ မီးခံသေတ္တာထဲမှာ သိမ်းထားတာ"

"သမီးပေးထားတဲ့ငွေကို အရင်စစ်ပါ ဦး"

ဦးကျော်အောင်ဗလသာမက မောင်ဝင်းထွန်းပါ ဝိုင်းရေတော့ ခဏလေးနဲ့ ရေတွက်ပြီးသွားတယ်။

"ငွေတစ်ရာ့နှစ်သိန်းပြည့်ပါတယ် သမီး၊ ပစ္စည်းတွေကိုလည်း အသေအချာစစ်ကြည့်ပါအုံး"

ချိုအေးမြင့်ဟာ ပန်းနုရောင်ပဝါလေးကိုဖြေလိုက်တယ်။ ပြီးတော့ ပစ္စည်းတွေကို ရေတယ်။

ဆွဲကြိုးနှစ်ကုံး၊ လက်ကောက်အကွင်းနှစ်ဆယ်၊ ပေးခဲ့တုန်းက အရေ



"ဒီပစ္စည်းတွေဟာ သမီးပေးအပ်ခဲ့တဲ့ အရေအတွက်တော့ မှန်ပါတယ်၊ ဒါပေမဲ့ သမီးပစ္စည်းတွေ လုံးဝမဟုတ်ဘူး"

အတွက်အတိုင်း ကွက်တိ။

"သမီး ပစ္စည်းတွေဟုတ်ရဲ့လား"

"ဟုတ်ကဲ့ ... အရေအတွက်က စုံပါတယ်၊ ဒါပေမဲ့ ..."

ချိုအေးမြင့် ရွှေထည်ပစ္စည်းတွေကို အသေအချာကြည့်တယ်။ သူ့လက်နဲ့ကိုင်ပြီး ချိန်ဆကြည့်နေပြန်တယ်။

"ဒါပေမဲ့ ဘာဖြစ်လို့လဲ သမီးရဲ့"

"ဒီပစ္စည်းတွေဟာ သမီးပေးအပ်ခဲ့တဲ့ အရေအတွက်တော့ မှန်ပါတယ်၊ ဒါပေမဲ့ သမီးပစ္စည်းတွေ လုံးဝမဟုတ်ဘူး"

ချိုအေးမြင့်ရဲ့ပြတ်သားတဲ့စကားကြောင့် ကိုကျော်အောင်ဇလတစ်ယောက် အံ့သြတုန်လှုပ်သွားရုံသာမက ကိုဘဆောင်နဲ့ မောင်ဝင်းထွန်းတို့သည်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြတယ်။

"ဘယ်လိုဖြစ်တာလဲ မောင်ဝင်းထွန်း၊ မင်းကိုယ်တိုင်အသေအချာစစ်ပေးခဲ့တာပဲ"

"ကျွန်တော် စစ်တုန်းက အစ်ကိုကြီးတို့ ရှေ့တင်ပဲ၊ အားလုံးအမှန်အကန်တွေပါ"

ပြောပြောဆိုဆို မောင်ဝင်းထွန်းက ပစ္စည်းများကို ကိုင်ကြည့်တယ်။ ပြီးတော့ မှတ်ကျောက်တိုက်တာတွေလုပ်တယ်။ သေချာအောင် သူ့အိမ်က ငရဲမီးပြေးယူပြီး ငရဲမီးစိမ်ကြည့်လိုက်တော့ ဆွဲကြိုးတွေ၊ လက်ကောက်တွေဟာ မည်း သွားတယ်။ လုပသပ်ရပ်ခံ့ညားတဲ့ ရွှေထည်ပစ္စည်းလို့ထင်ရတဲ့ ရွှေရောင်အနားကွပ်ထားတဲ့ ပစ္စည်းများဟာ ရွှေအစစ်မဟုတ်ကြောင်း ပေါ်လွင်သွားတယ်။

ဦးကျော်အောင်ဇလ မျက်စိမျက်နှာပျက်သွားလေရဲ့။

"ဦးဘဆောင် လုပ်ပါဦး၊ သမီးပစ္စည်းတွေကိုလဲထားတယ်၊ သမီးပစ္စည်းအစစ်ဆိုတာ ဦးလေးအသိဆုံးပဲ၊ သမီးအပ်ခဲ့တုန်းက သူတို့စိတ်ကြိုက်စစ်ဆေးလက်ခံခဲ့တာ အားလုံးအသိပဲ၊ သမီးပစ္စည်းအစစ်တွေ မရရင်တော့ ရဲစခန်းကိုတိုင်ရမှာပဲ"

ချိုအေးမြင့်ကပြောရင်း မျက်ရည်တွေဝိုင်းလာတယ်။

"ကိုကျော်အောင်ဇလ ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျားလဲစစ်တယ်၊ ဒါတွေမကျေနပ်သေးလို့ ခင်ဗျားရဲ့ညီ ပန်းထိမ်ဆရာကိုတောင် စစ်ဆေးခိုင်းပြီးမှလက်ခံခဲ့တာပဲ"

"ကိုဘဆောင် ကျွန်တော်လည်း သူအပ်ခဲ့တဲ့အတိုင်း သိမ်းထားတာပဲ၊ သူ့အထုပ်ကို တစ်ခါမှဖြေမကြည့်ဖူးဘူး၊ ကျွန်တော် ဘာမှမဟုတ်တာ မလုပ်ပါဘူးဗျာ"

"ဒါဖြင့် ဘာလို့ ရွှေအတုတွေ ဖြစ်နေရတာလဲ၊ ကျွန်တော့်တူမ အပ်ခဲ့တုန်းက ရွှေအစစ်ပဲ"

ရွှေပန်းထိမ်ဆရာ မောင်ဝင်းထွန်းမှာ ငေးငိုင်ကာ ဘာမှမပြောနိုင်ရှာ။

"ကိုဘဆောင်တို့ ကြိုက်သလို ညှိနှိုင်းဆောင်ရွက်ကြပါ၊ ရုံးတို့၊ ဂါတ်တို့တော့ မရောက်ပါရစေနဲ့"

ဦးကျော်အောင်ဇလစကားသံက ဆို့ဆို့နင့်နင့်။ ချိုအေးမြင့်မျက်လုံးအစုံက မျက်ရည်တွေကလည်း စီးကျလာတယ်။ မိကျောင်းမျက်ရည်လို့ ပြောရမလား။ မိကျောင်းမျက်ရည်ဆိုတာ ကြောက်စရာကောင်းတဲ့ မျက်ရည်မျိုးပါ။ ဝမ်းနည်းမျက်ရည်မဟုတ်ပါ။

နောက်ဆုံးတော့ ရွှေတုံးအစစ်နှစ်ဆယ်သားအပြင် ငွေကျပ်သိန်းတစ်ရာနဲ့ ညှိနှိုင်းကျေနပ်သွားကြလေတယ်။ ဦးကျော်အောင်ဇလထုတ်ပေးတဲ့ ရွှေတုံးကို မောင်ဝင်းထွန်းကိုယ်တိုင် စစ်ဆေးပြသပြီးမှ ချိုအေးမြင့်က လက်ခံယူသွားတာ။ ချိုအေးမြင့် လှမ်းယူတဲ့ရွှေတုံးကိုကြည့်ပြီး ကိုကျော်အောင်ဇလ မျက်ရည်တွေ ကျနေလေရဲ့။ ကိုကျော်အောင်ဇလ မျက်ရည်နဲ့ ချိုအေးမြင့် မျက်ရည်၊ မျက်ရည်ချင်းတော့ မတူပါ။

တကယ်တော့ ဦးကျော်အောင်ဇလတစ်ယောက် ပစ္စည်းလဲလှယ်ထားတာမဟုတ်။ မောင်ဝင်းထွန်း စစ်ဆေးတုန်းကလည်း ရွှေအစစ်အမှန်များသာ။ ကိုဘဆောင်လည်း လူရိုးလူကောင်း၊ ချိုအေးမြင့် ရွှေပေါင်တဲ့ကိစ္စမှာ ရိုးရိုးသားသား လိုက်ပါကူညီတဲ့သူ။ ကိုကျော်အောင်ဇလ အလဲအလှယ်တကယ်မလုပ်ဘဲ ဘာကြောင့် ရွှေအတုဖြစ်ရလဲဆိုတဲ့ အမေးကို ဖြေဖို့ကတော့ ဦးနှောက်စားစရာ။

တစ်နှစ်ခန့်အကြာ ချိုအေးမြင့်တစ်ယောက် ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရွှေဆိုင်တစ်ဆိုင်ကို ဝင်ရောက်လိမ်လည်ရာ အဖမ်းခံလိုက်ရတယ်။ အမှုစစ်အရာရှိရဲ့စစ်ဆေးချက်အရ ကိုကျော်အောင်ဇလ ရွှေလိမ်ခံရတာလည်း ပေါ်လာတယ်။ ချိုအေးမြင့်ရဲ့လှည့်ကွက်ကလည်း မျက်လှည့်ဆန်ဆန်။ ကိုကျော်အောင်ဇလဆီလာတော့ ချိုအေးမြင့်စလင်းဘက်အိတ်ထဲမှာ ပန်းနုရောင်အထုပ်နှစ်ထုပ်ပါလာတယ်။ ရွှေအစစ်က တစ်ထုပ်။ အတုကတစ်ထုပ်။ ပုံစံတူ၊ အရည်အတွက်တူ၊ အလေးချိန်တူ စီစဉ်ထားတာ။ ကိုကျော်အောင်ဇလကို ပထမဆုံးပြတာ ရွှေအစစ်ထုပ်၊ ပန်းထိမ်ဆရာမောင်ဝင်းထွန်းဆီမှာ စစ်ဆေးတော့

လည်း ရွှေအစစ်ထုပ်ပဲ။ ကိုကျော်အောင်ဇလ အိမ်ပြန်အရောက်မှာ စလင်းဘက်အိတ်ထဲက ထုတ်ပြတဲ့ ပန်းနုရောင်အထုပ်ဟာ စစ်ဆေးတုန်းက ပန်းနုရောင်အထုပ်မဟုတ်တော့ဘူး။ ငွေကျပ်သိန်းတစ်ရာယူတော့မယ့်အချိန်မှာ ထုတ်ပေးလိုက်တာက ရွှေအတုတွေ ထည့်ထားတဲ့ ပန်းနုရောင်အထုပ်။ ဒီတော့ ကိုကျော်အောင်ဇလဟာ အရေအတွက်နဲ့ အရောင်အသွေးကိုပဲ ကြည့်တာ့တာပေါ့။

သူညီပန့်ထိမ်ဆရာ မောင်ဝင်းထွန်းကိုယ်တိုင် စစ်ဆေးပြီးပြီလေ။ စိတ်ချရတော့ ဘယ်စစ်ဆေးတော့မလဲ။ ဒီအတိုင်းပဲ လက်ရာခြေရာမပျက် သိမ်းထားလိုက်တယ်။ ပြန်ရွေးတော့မှ ပြဿနာတက် တော့တာပဲ။ 'ဖွတ်မရ ဓားမဆုံး' ဆိုတဲ့ပုံပြင်နဲ့ နှိုင်းရမလားတော့ မသိဘူး။

ချိုအေးမြင့်ရဲ့ အတုနဲ့အစစ်အလှည့်အပြောင်းက လက်ယဉ်နေပြီလေ။ အဲဒီလို အယုံသွင်းလုပ်စားနေတာ နှစ်ပေါင်းမနည်းဘူး။ သိတဲ့အတိုင်း ရာဇဝတ်ဘေးဆိုတာ ပြေးလို့မလွတ်ဘူးလို့ ဆိုကြတယ်မလား။ အလှကိုဇန်းပြလုပ်စားနေတဲ့ ချိုအေးမြင့်လည်း နောက်ဆုံးတော့ ဇာတ်သိမ်းမကောင်းရှာတော့။ မုဆိုးခြေထောက် ဆူးမကြောက်သော်လည်း ချိုအေးမြင့်တစ်ယောက် ဥပဒေရှေ့မှောက်တွင် ဒူးထောက်သွားရလေပြီ။ ပြစ်မှုဥပဒေပုဒ်မ–၄၂၀ အရ ထောင်ဒဏ်ခုနစ်နှစ်ကျပြီး ထောင်ထဲမှာပဲ ဘဝနိဂုံးချုပ်သွားပါတော့သည်။ ။

**အောင်စွမ်း**



City MAGAZINE



# မြို့ပြများနှင့် သဘာဝဘေးခံနိုင်ရည်ရှိမှု

ဒေါ်တင်တင်ကြည် (မြို့ပြစီမံကိန်းဌာန)

ကမ္ဘာပေါ်ရှိမြို့များသည်သဘာဝဘေးအန္တရာယ်များကိုရင်ဆိုင်ကြုံတွေ့နေရသည်။ ရာသီဥတုပြောင်းလဲခြင်းမှသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ဖြစ်ပေါ်စေလျက်ရှိသည်။ လက်ရှိကာလအခြေအနေများကို ကြည့်လျှင် ယခင် ၁၉ရာစု၊ ၂၀ရာစု ရာသီဥတုအခြေအနေများနှင့် တဖြည်းဖြည်းကွာခြားလာကာ နွေရာသီတွင် အလွန်အမင်း ပူပြင်းခြင်း၊ အပူလှိုင်းများဖြတ်ခြင်း၊ မိုးရာသီတွင် လေဖိအားနည်းရပ်ဝန်းများကြောင့် မုန်တိုင်းများအဖြစ်ကူးပြောင်းခြင်း၊ မိုးနှင့်အတူပြင်းထန်သည့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ သဘာဝဘေး အန္တရာယ်များ ပိုမိုများပြားလာသည်နှင့်အမျှ အချိန်မရွေးရင်ဆိုင်တွေ့ကြုံရမည်ဖြစ်ရာ ဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ထားရန်လိုအပ်သကဲ့သို့ တွေ့ကြုံရပါကလည်း ပြည်သူများအနေဖြင့် ခံနိုင်ရည်ရှိရန်နှင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ယခုအခါ ခံနိုင်ရည်ရှိမှု (Resilience)သည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင်အရေးပါသည့်လူအများလက်ခံသောအယူအဆတစ်ခုဖြစ်လာသည်။

ခံနိုင်ရည်ရှိမှု (Resilience)ကို ယခုလိုအဓိပ္ပာယ်ဖွင့်ဆိုကြသည်။

*"The ability of an urban system, community or society exposed to hazards to resist, absorb, accommodate, adapt to, transform and recover from the effects of a hazard in a timely and efficient manner, including through the preservation and restoration of its essential basic structures and functions through risk management"*

မြို့ပြစနစ်၊ လူမှုဝန်းကျင်တစ်ခုသို့ ကျရောက်လာသောသဘာဝဘေးများ၏ သက်ရောက်မှုကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုမှတစ်ဆင့် လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် ၎င်း၏လုပ်ဆောင်မှုများကို ထိန်းသိမ်းပြုပြင်ခြင်းဖြင့် အချိန်တိုအတွင်း ကောင်းမွန်သောနည်းလမ်းဖြင့် ရင်ဆိုင်ကျော်လွှားပြန်လည်ကောင်းမွန်လာစေနိုင်သည့်အရည်အချင်းကို Urban Resilience ဟုခေါ်သည်။

မြို့ပြနှင့်မြို့ပြတွင်နေထိုင်သူများကိုဘေးအန္တရာယ်ကြုံတွေ့စဉ်ခံနိုင်ရည်ရှိမှုပိုမိုမြင့်မားလာစေရန်အတွက်Critical Infrastructure များသည် အဓိကအရေးကြီးသည့်အစိတ်အပိုင်းများဖြစ်သည်။ (ဥပမာ-မီးရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရေပေးဝေမှု၊ သယ်ယူပို့ဆောင်ရေးစသည့် အခြေခံလိုအပ်ချက်များ) ဘေးအန္တရာယ်ခံနိုင်ရည်ရှိမှုအတွက် အခြေခံလိုအပ်ချက်များအပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့မှုများကို ဖော်ပြထားသည့် မြေပုံများရေးဆွဲထုတ်လုပ်ထားရန် လိုအပ်ပြီး Urban Spatial Planning နှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိတိုင်းနှင့်ပြည်နယ်များတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ၅.၆.၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြသည်။ ရန်ကုန်မြို့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးတွင် "သဲကန္တာရတိုက်ဖျက်ရေးနှင့်မိုးခေါင်ရေရှားဒါဏ်ခံနိုင်ရေးမြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် အထိမ်းအမှတ်စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။



နိုင်ငံတကာအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ညီလာခံ ၂၀၂၄ Crisis Management Conference 2024 ခေါင်းစဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် (၂၉.၅.၂၀၂၄)မှ (၃၀.၅.၂၀၂၄)ထိ ကျင်းပပြုလုပ်ခဲ့ရာ ညီလာခံသို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံများအား မျှဝေလိုပါသည်။

Crisis Management Conference 2024 ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Langham Hotel တွင် မေလ(၂၉)ရက်နံနက်(၉)နာရီတွင် ဖွင့်ပွဲအခမ်းအနားကျင်းပဖွင့်လှစ်ခဲ့ပါသည်။ အခမ်းအနားသို့ နိုင်ငံပေါင်း(၁၄)နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါညီလာခံကို ၂၀၀၃ ခုနှစ် တိုကျိုနိုင်ငံတွင် စတင်ကျင်းပလာခဲ့တာဖြစ်ပြီး ယခုနှစ်ဆိုလျှင် ၂၁ နှစ်ပြည့်မြောက် ကျင်းပခြင်းဖြစ်ပါသည်။ ညီလာခံတွင် ကမ္ဘာ့မြို့ကြီးများ၏ ဘေးအန္တရာယ်ခံနိုင်ရည်ရှိမှု ပိုမိုအားကောင်းစေရန် ရည်ရွယ်၍ အကြောင်းအရာ(၃)ခုကို အဓိကထားရှိပြီး စာတမ်းများကို တင်သွင်း ဖတ်ကြားဆွေးနွေးစေခဲ့ပါသည်။

ပထမဦးစွာ Plenary Discussion မျက်နှာစုံညီ ဆွေးနွေးခြင်းတွင် C40 Cities၊ ဂျကာတာ၊ ဘန်ကောက်၊ အနောက်ဂျာဗားတို့မှ ဆွေးနွေးခဲ့ကြပါသည်။ Section 1 မှာ "Climate Change Mitigation and Adaptation: Impact of Floods and Extreme Weather" ဖြစ်ပြီး တိုကျို၊ ထိုင်ပေ၊ မလေးရှား၊ ဂျကာတာမြို့တို့မှ စာတမ်း(၄)စောင် တင်သွင်းဖတ်ကြား ဆွေးနွေးခဲ့ပါသည်။

နေ့လည်စာ Lunch Break တွင် Langham Hotel ရှိ Belgravia Room တွင် နေ့လည်စာဖြင့်ဧည့်ခံပါသည်။ ပြန်လည် စတင်ချိန် Section 2 မှာ"Disaster Preparedness through Sustainable Urban Spatial Planning and Development" ဖြင့် ဂျကာတာ၊ ဘန်ကောက်၊ မနီလာ၊ ရန်ကုန်မြို့တို့မှ စာတမ်း(၄)စောင် တင်သွင်းဖတ်ကြား ဆွေးနွေးခဲ့ပါသည်။

Coffee Break အပြီး Section 3 တွင်"Crisis Communication Strategies and Collaboration in Disaster Management" ခေါင်းစဉ်ဖြင့် ဆိုးလ်၊ တိုကျိုမှ (၂)ဦး၊ နယူးတိုင်ပေ၊ စင်္ကာပူမြို့တို့မှ စာတမ်း(၅)စောင် ဆွေးနွေးခဲ့ပါသည်။

၎င်းနောက် ညနေ(၆)နာရီတွင် အခမ်းအနားပိတ်သိမ်းခဲ့ပါသည်။ လာမည့်နှစ်တွင် အဆိုပါညီလာခံကို ဘန်ကောက်မြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ညနေ(၇)နာရီအချိန် ၎င်းဟိုတယ်တွင် ညစာဖြင့် ဧည့်ခံပါသည်။

မေလ (၃၀)ရက်နေ့ မနက်(၉)နာရီမှစတင်၍ လေ့လာရေးခရီးစဉ်ထွက်ခွာခဲ့ကြရာ Jakarta – Bandung အမြန်ရထားဖြင့် Halim ဘူတာမှ Padalarang ဘူတာရုံသို့ ၁၃၁ ကီလိုမီတာ ကွာဝေးပြီးမိနစ်(၃၀)သာကြာမြင့်ပါသည်။ Whoosh အမြန်ရထားသည် တစ်နာရီ လျှင် ၃၅၀ ကီလိုမီတာ အမြန်နှုန်းဖြင့် အများဆုံးမောင်းနှင်နိုင်ကြောင်းသိရှိရပါသည်၊ အနောက်ဂျာဗားရှိ Manson Pile ဟိုတယ်တွင် ဘေးအန္တရာယ်ရင်ဆိုင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ ပထဝီမြေပြင်အနေအထား၊ ဘေးအန္တရာယ်လျော့ပါးရေးလုပ်ဆောင်ချက်များ စသည်တို့ကို ရှင်းလင်းပြောကြားပြီး အနောက်ဂျာဗားပြည်နယ်၏ ရိုးရာတူရိယာ ပစ္စည်းများတီးခတ်မှုတွင် အတူတကွပါဝင်ခဲ့ပြီး နေ့လည်စာ စားသုံးကြပါသည်။ ၎င်းနောက် Whoosh အမြန်ရထားဖြင့် ဂျကာတာသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်၊



**မြို့ပြစနစ်တစ်ခု၏သဘာဝ ဘေးအန္တရာယ်များကို အချိန်တိုအတွင်းကောင်းမွန်သော နည်းလမ်းဖြင့်ရင်ဆိုင်ကျော်လွှားနိုင်သော စွမ်းရည်ကို Urban Resilience ဟုခေါ်သည်**

ညနေပိုင်းတွင် Pulau Bidadari ကျွန်းသို့သင်္ဘောဖြင့် သွားရောက် လေ့လာခဲ့ကြပါသည်။ ခရီးချိန် (၄၅)မိနစ်ခန့်အကြာ တွင် Pulau Bidadari ကျွန်းသို့ရောက်ရှိရာ အင်ဒိုနီးရှားနိုင်ငံ၊ မီးသတ်ဌာနတပ်ဖွဲ့များမှ ပင်လယ်ပြင်ထဲတွင် သင်္ဘောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော် အချိန်တိုအတွင်း မီးငြိမ်းသတ်ရေးသင်္ဘောများ၊ ကယ်ဆယ်ရေးယာဉ်များရောက်ရှိလာမှုအား မီးငြိမ်းသတ်လက်တွေ့ သရုပ်ပြသခဲ့ကြ ပြီးနောက် မီးသတ်သင်္ဘောမှ အလှပြရေပန်းများ ကခုန်ခြင်းဖြင့် သရုပ်ဖော်ပြသခဲ့ပါသည်။








ကျွန်းပေါ်တွင် ကုန်းမြေနှင့် ပင်လယ်ကြား အတားအဆီး တစ်ခုသဖွယ် လုပ်ဆောင်နိုင်သောလမုပင်များ (Mangrove Trees) ကို နိုင်ငံတကာမှ တက်ရောက်ကြသူကိုယ်စားလှယ်များမှစုပေါင်းစိုက်ပျိုးခြင်းအခမ်းအနားကို ကျင်းပခဲ့ကြပါသည်။ လမုပင်များ (Mangrove Trees) သည် ကုန်းမြေသို့ ရောက်ရှိလာမည့် လှိုင်း များ၏အမြင့်နှင့်စွမ်းအင်များ ကိုလျှော့ချပေးနိုင်သဖြင့် ရေလွှမ်းမိုးခြင်းမှ ကာကွယ်ရန် နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ် စိုက်ပျိုးခြင်းဖြစ်ပါသည်။

Pulau Bidadari ကျွန်းမှ ညနေ (၆)နာရီပြန်လည်ထွက်ခွာ လာခဲ့ရာ သင်္ဘောပေါ်တွင် ညစာဖြင့်ဧည့်ခံပြီး ည(၈:၃၀)တွင် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြပါသည်။

ညီလာခံတွင်နိုင်ငံပေါင်း(၁၄)နိုင်ငံမှ ဖတ်ကြားဆွေးနွေးမှုများမှ လေ့လာခဲ့သည်များဖြစ်သည့် နိုင်ငံတကာတွင် ဘေးအန္တရာယ် ကာကွယ်ရေး၊ လျှော့ချရေးနှင့် ခံနိုင်ရည်ရှိရေး ပြင်ဆင်လုပ်ဆောင်မှုအတွေ့အကြုံကောင်းများကို ပြန်လည်မျှဝေတင်ပြလိုပါသည်။


| | | |
|---|---|---|
| ၁။ | Policy to Execution | မူဝါဒမှစီမံခန့်ခွဲဆောင်ရွက်မှုဆီသို့ |
| ၂။ | Data to Information | အချက်အလက်များမှ ပြည်သူများသိရှိရေးသတင်းဆီသို့ |
| ၃။ | Risk to Resilience | ဘေးအန္တရာယ်မှ ခံနိုင်ရည်ရှိမှုဆီသို့ |
| ၄။ | Working with yourself to Working with others | တစ်ဦးတည်းဆောင်ရွက်မှုမှ အများနှင့် ပူးပေါင်းဆောင်ရွက်မှုဆီသို့ |
| ၅။ | Behind the desk to the Front Line | နောက်တန်းမှ ရှေ့တန်းသို့အရောက်သွားပြီး စီမံခန့်ခွဲဆောင်ရွက်မှုဆီသို့ |




*"သဘာဝလွန်ဖြစ်ပေါ်လာသည့် ရာသီဥတုဖောက်ပြန်မှု ဖြစ်စဉ်များကို သင်ခန်းစာယူပြီး မိမိနိုင်ငံတွင် အလားတူမဖြစ်အောင်မည်ကဲ့သို့ကာကွယ်တားဆီးရမည်ဆိုသည်ကို စဉ်းစားပြီး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ကြရန်"*

နိုင်ငံတိုင်းတွင်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခြင်းကို ကာကွယ်ရန်၊ လျှော့ချရန်၊ ကြိုတင်ပြင်ဆင်ရန်၊ လိုက်လျော ညီထွေဆောင်ရွက်ရန်မှာ အရေးကြီးသကဲ့သို့ သဘာဝဘေး ဖြစ်ပွားနေချိန်တွင် လုပ်ဆောင်နိုင်စွမ်းရှိပြီး လုပ်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများ၊ ဘတ်ဂျက်လျာထားချက်ရှိပြီး အရေးပေါ်ကာလ တွင် အလွယ်တကူသုံးစွဲနိုင်မှုများ၊ ခေါင်းဆောင်မှု အရည်အချင်း ရှိသူများလည်းမဖြစ်မနေ လိုအပ်ပါသည်။

ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်နှင့်မိတ်ဖက်အဖွဲ့အစည်း များနှင့် ချိတ်ဆက်ပြီး ကျွမ်းကျင်မှု အလေ့အကျင့်ကောင်းများ မျှဝေရန်လည်းလိုအပ်ပါသည်။ ရေရှည်တည်တံ့သောခံနိုင်ရည်ရှိမှု အတွက် ပြည်သူဗဟိုပြုသည့် အဓိကထောက်တိုင်များဖြစ်သည့် အစိုးရ၊ ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံ၊ သိပ္ပံနှင့် နည်းပညာစသည့် ထောက်ပံ့မှုများ ပေးနိုင်ရေးဆောင်ရွက်သွား ရမည်ဖြစ်ပါသည်။





ခံနိုင်ရည်စွမ်းအားမြှင့်တင်ရေး ပြည်သူဗဟိုပြုထောက်ပံ့ပေး

Source: National Disaster Management Authority of Indonesia

မြန်မာနိုင်ငံတွင်လည်း ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက် အနေဖြင့် ယခုနှစ် ၂၀၂၃ - ၂၀၂၄ ကာလများတွင် သဘာဝဘေး အန္တရာယ်များပိုမိုများပြားလာခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် မိုခါ မုန်တိုင်းဒဏ်ကို ခံစားခဲ့ကြရပါသည်။ ၂၀၂၄ နွေရာသီတွင်လည်း အပူလှိုင်းဒဏ်ကို အပြင်းအထန် ခံစားခဲ့ကြရပြီး ချောက်၊ မကွေး၊ မင်းဘူး၊ ညောင်ဦးမြို့တို့သည် ကမ္ဘာ့အပူဆုံးမြို့များ စာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၀၈ နာဂစ်မှသည် ယနေ့ရန်ကုန်မြို့တွင် သဘာဝဘေး အန္တရာယ်နှင့်ပတ်သက်ပြီး စီမံခန့်ခွဲသည့် အဖွဲ့အစည်းများ အဆင့်ဆင့်ဖွဲ့စည်းထားပြီး ပြည်သူများ ဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်နိုင်ရေးအသိပညာပေးခြင်းများကို ထိထိရောက်ရောက်ဆောင်ရွက်လာကြသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။




မိမိတို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် ဘေးအန္တရာယ် ကာကွယ်ရေး၊ စိမ်းလန်းမြေဧရိယာများ ဖော်ဆောင်ခြင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးခြင်း၊ အများပြည်သူ ဆိုင်ရာ ဧရိယာများဖော်ဆောင်ပေးခြင်း၊ အမှိုက်စွန့်ပစ်စနစ် စီမံခန့်ခွဲခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအလေးထား ဆောင်ရွက် ခြင်း၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။ မြို့ပြစီမံကိန်းဌာန အနေဖြင့် လည်း ဘေးအန္တရာယ်မျိုးစုံ စီမံခန့်ခွဲမှုစီမံကိန်း MYrisk project ကို ဆောင်ရွက်လျက်ရှိပါသည်။ ဘေးအန္တရာယ်မျိုးစုံအတွက် ခံနိုင်ရည်ရှိစေရန် သုတေသနနှင့် လေ့လာဆန်းစစ်ခြင်းများ၊ ပြည်သူ့အသိပညာ ပေးလက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းနှင့် ဆွေးနွေးပွဲ (Brainstorming Workshop)ဆောင်ရွက်ခြင်းများကို ပြုလုပ်လျက်ရှိပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) တွင် *"သဘာဝလွန်ဖြစ်ပေါ်လာသည့် ရာသီဥတုဖောက်ပြန်မှု ဖြစ်စဉ်များကို သင်ခန်းစာယူပြီး မိမိနိုင်ငံတွင် အလားတူမဖြစ် အောင်မည်ကဲ့သို့ကာကွယ်တားဆီးရမည်ဆိုသည်ကို စဉ်းစား ပြီးကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ကြရန်"* လမ်းညွှန်မှာကြား ထားပါသည်။

ရေရှည်အနာဂတ် ရန်ကုန်မြို့နှင့် အလားတူမြို့ကြီးများ ဘေး အန္တရာယ်ခံနိုင်ရည် စွမ်းအားမြင့်မားလာစေရေး ပြည်သူများ အနေဖြင့် အလေ့အကျင့်ကောင်းများကို စဉ်းစားတွေးခေါ် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်လာစေရန်အတွက် လည်းကောင်း၊ အဖွဲ့အစည်းများ အနေဖြင့်လည်း မိမိတို့ သက်ဆိုင်ရာ အခြေခံ အဆောက်အအုံကောင်းများအမြဲတစ်စေ အဆင်သင့်ဖြစ်နေစေရန် အတွက် လည်းကောင်း၊ မိမိတို့ မထင်မှတ်သည့် ရှုထောင့်မှစဉ်းစား တွေးခေါ်ရန် လိုအပ်သည်များကို မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာတို့မှ လက်ဆင့်ကမ်း ရယူနိုင်စေရန်အတွက် လည်းကောင်း။ အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရေး Net-working ကောင်းမွန်ပြီး၊ လိုအပ်သည့် ဝန်ဆောင်မှုများ၊ ငွေကြေး အထောက်အပံ့များ အလွယ်တကူ သုံးစွဲသွားနိုင်စေရန်အတွက် လည်းကောင်း။ ရေရှည်တွင်ဘေးအန္တရာယ်များအတွက် ခံနိုင်ရည် စွမ်း မြင့်တင်ရေး အသိပညာပေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြ လိုက်ပါသည်။

ဒေါ်တင်တင်ကြည်



City MAGAZINE

# ကျန်းမာရေးသုခပြည့်စုံရေး၊ ရေကဏ္ဍကို မြှင့်တင်ပေး

ဒေါက်တာမြင့်သန်းထွန်း
(ပြည်သူ့ကျန်းမာရေး)



၁၉၉၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ၄၇ ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှမတ်လ ၂၂ ရက်နေ့ကို ကမ္ဘာ့ရေနေ့ (World Day For Water) ဟု သတ်မှတ်ခဲ့ပြီး အဆိုပါနေ့ကို နှစ်စဉ် ဆောင်ပုဒ်တစ်ခုရွေးချယ်သတ်မှတ်၍ ကျင်းပခဲ့ပါသည်။ ရေသည် လူ့ဘဝ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ရေကောင်းရေသန့်များ ရရှိနိုင်မှု၊

အသုံးမလိုသောရေများ စွန့်ပစ်နိုင်မှုနှင့် ရေကြီးမှုမှကာကွယ်နိုင်မှု စသည်တို့ကိုအခြေခံပါသည်။ အများပြည်သူသောက်သုံးနိုင်ရန်အတွက် သန့်ရှင်းသောရေများကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် အရေးကြီးပါသည်။ ရေကဏ္ဍကို မြှင့်တင်ပေးရန်အတွက် ရေအရည်အသွေးကို စစ်ဆေးခြင်းနှင့်ရေဆိုင်ရာဥပဒေများကိုချခြင်းများ ဆောင်ရွက်ရပါမည်။

## (၁) ရေကဏ္ဍဖွံ့ဖြိုးရေးအတွက် ရေအရည်အသွေးတိုင်းတာခြင်း

ရေကဏ္ဍမြှင့်တင်ပေးရန်အတွက် ရေအရည်အသွေးတိုင်းတာခြင်းများကို ဆောင်ရွက်ရပါမည်။

### (က) pH Value တိုင်းတာခြင်း

pH ဆိုသည်မှာ ရေတွင်ပါဝင်နေသော အက်စစ်(Acid)နှင့် ဗေစ်(Basis) ပမာဏကို တိုင်းတာခြင်းဖြစ်သည်။ pH range အား (၀ မှ ၁၄)အထိ သတ်မှတ်ထားသည်။ pH-7 ဆိုပါက Neutral ဟုသတ်မှတ်၍ pH-7 အောက်ရောက်ပါက အက်စစ်(အချဉ်ဓာတ်) ဟု သတ်မှတ်ပြီး pH-7 ထက်မြင့်ပါက ဗေစ်(အဖန်ဓာတ်)ဖြစ်ပါသည်။ သောက်သုံးရေတွင် pH တန်ဖိုးသည် (၆.၅ မှ ၈.၅) အတွင်းရှိရမည်ဟု WHO မှ သတ်မှတ်ထားသည်။

### (ခ) Total Dissolved Solid (TDS) တိုင်းတာခြင်း

ရေတွင်ပျော်ဝင်နေသည့် Inorganic နှင့် Organic materials (metals, minerals, salts, and ions) ပါဝင်မှုကို သိရှိနိုင်ရန် တိုင်းတာခြင်းဖြစ်သည်။ ၎င်းကို တိုင်းတာခြင်းဖြင့် ရေတွင် အငန်ဓာတ်လွန်ကဲမှုနှင့် သတ္တုဓာတ်လွန်ကဲနေမှုကိုလည်း အလွယ်တကူသိရှိနိုင်သည်။ WHO Drinking Water Quality Guideline အရ TDS လွန်ကဲခြင်းကြောင့် လူတို့၏ကျန်းမာရေးကို မထိခိုက်စေနိုင်သော်လည်း TDS တန်ဖိုးသည် တစ်လီတာတွင် ၅၀၀ မီလီဂရမ် (500 mg/L) ထက် ကျော်လွန်ပါက ရေသုံးစွဲသူများအတွက် အရသာကောင်းမွန်မှု မရှိနိုင်တော့ပေ။ ထို့ကြောင့် TDS တန်ဖိုးသည် တစ်လီတာတွင် ၅၀၀ မီလီဂရမ်အောက် (<500 mg/L) ဖြစ်ပါက ကောင်းမွန်သောရေဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။

### (ဂ) Turbidity တိုင်းတာခြင်း

ရေနောက်ကျိမှု Turbidity သည် ရေ၏ နောက်ကျိမှုပမာဏကို တိုင်းတာခြင်းဖြစ်ပါသည်။ ရေတွင် ပျော်ဝင်နေသော အနည်မှုန့်များကြောင့် ရေ၏အရောင် ဖြစ်ပေါ်တတ်ပြီး Turbidity မြင့်တက်နိုင်သည်။ Turbidity မြင့်သောရေတွင် ဘက်တီးရီးယားပေါက်ဖွားမှု အားပေးသောကြောင့် နေအိမ်များသို့ ပေးဝေနေသော ရေများတွင် Turbidity တိုင်းတာရန် အရေးကြီးလှပါသည်။ Turbidity ကို Nephelometric Turbidity Units (NTU) ဖြင့် သတ်မှတ်ပြီး WHO Drinking Water Quality Guideline အရ Turbidity ကို 5NTU ထက် နည်းမှသာ သန့်ရှင်းကြည်လင်သော သောက်သုံးရေဟု သတ်မှတ်နိုင်သည်။

### (ဃ) အရောင် (Color) တိုင်းတာခြင်း

ရေတွင်ပျော်ဝင်နေသော သတ္တုဓာတ်နှင့် အနည်အမှုန်များကြောင့် ရေ၏အရောင် ဖြစ်ပေါ်စေပါသည်။ သံဓာတ်များသော တွင်းရေများတွင် အဝါရောင် ဖြစ်ပေါ်တတ်ပြီး Eutrophication ဖြစ်ပေါ်နေသော ကန်ရေတွင် အစိမ်းရောင်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ပြင် မြစ်ရေများတွင် ကော်ဖီရောင်ဖျော့ဖျော့ကဲ့သို့ ရှိနေခြင်းမှာ မြစ်ရေများသည် နုံးများ၊ သဲများ အစရှိသည်တို့ကြောင့် ဖြစ်ပါသည်။ WHO Guideline အရ Color တန်ဖိုး 15 TCU (True Color Unit) မကျော်မှသာ သောက်သုံးရန် သင့်လျော်ပါသည်။

### (င) Total Hardness တိုင်းတာခြင်း

ရေနမူနာ၏ ရေစေးခြင်းကို တိုင်းတာရာတွင် ထုံးကျောက် (Calcium Carbonate) ကို အခြေပြု၍ တိုင်းတာပါသည်။ Total hardness သည် ရေတွင်ပျော်ဝင်နေသော Calcium hardness နှင့် Magnesium hardness တို့၏ ပျော်ဝင်မှုပင်ဖြစ်သည်။ ရေစေးနေပါက ဆပ်ပြာအမြှုပ်ထွက်ခြင်း၊ ရေချိုးလျှော်ဖွပ်ရာတွင်လည်း ရေနှင့်အတူ ချေးညှော်များ လွယ်ကူစွာ စီးဆင်းနိုင်မှု မရှိခြင်း၊ အသုံးပြုသည့် အိမ်သုံးပစ္စည်းများဖြစ်သည့် ဒန်အိုး၊ ဒန်ခွက်များတွင်လည်း ချိုးကပ်မှုများ ရှိနိုင်ခြင်း၊ ပိုက်လိုင်းတစ်လျှောက် ပိတ်ဆို့စေနိုင်ခြင်း အစရှိသဖြင့် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် ကျန်းမာရေးရှုထောင့်မှ ကြည့်ခဲ့ပါလျှင်လည်း ခန္ဓာကိုယ်၏ ကျောက်ကပ်ပိုင်းဆိုင်ရာတို့တွင် ကျောက်တည်ခြင်းနှင့် ကျောက်ကပ်ရောင်ခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ သို့ရာတွင် ရေကို ကျိုချက်လိုက်ပါက ရေစေးပျစ်မှုကို အထိုက်အလျောက် လျော့နည်းစေပါသည်။



WHO Drinking Water Quality Guideline ၏ စံသတ်မှတ်နှုန်းမှာ (50 mg/L) အတွင်း၌ ဖြစ်ပါသည်။

**(စ) Chloride တိုင်းတာခြင်း**

Chloride သည် ရေငန်ကျိုမှုကို ဖြစ်စေပြီး ကျန်းမာရေးအရ ကြည့်လျှင် အငန်ဓာတ်ပိုပါက သွေးတိုးရောဂါဖြစ်စေပြီး နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါ ဖြစ်စေနိုင်ပါသည်။ ရေတွင် Sodium Chloride 250 mg/L ရှိပါက အငန်အရသာကိုခံစားရမည်ဖြစ်ပြီး သောက်သုံးရေတွင် ၎င်းတန်ဖိုးထက် မပိုစေရပါ။ WHO Drinking Water Quality Guideline တွင် Chloride ကို 250 mg/L ဟု သတ်မှတ်ထားပါသည်။ ရေငန်ဝင်ရောက်နိုင်သော အရပ်ဒေသများတွင် Chloride ပါဝင်မှု မြင့်မားနိုင်ပါသည်။

**(ဆ) Total Alkalinity တိုင်းတာခြင်း**

၎င်းကိုရေ၏ pH Carbonate Compound ပါဝင်မှုအား ခန့်မှန်းနိုင်ရန် တိုင်းတာခြင်းဖြစ်သည်။ Total Alkalinity တိုင်းတာခြင်းဖြင့် ရေ၏ အရည်အသွေးကျဆင်းမှု၊ ညစ်ညမ်းလာမှု ရှိမရှိ သိရှိနိုင်မည်။ သောက်သုံးရေတွင် Total Alkalinity တန်ဖိုးသည် 250 mg/L အောက် ရှိရမည်ဟု WHO မှ သတ်မှတ်ထားသည်။

**(ဇ) Iron (Fe) တိုင်းတာခြင်း**

အများအားဖြင့် သံဓာတ်ကို Tube Well Water (အဝီစိတွင်းရေ) များတွင် အများဆုံး တွေ့ရှိရတတ်ပါသည်။ ထို့ပြင် ပိုက်လိုင်းများ သံချေးစားခြင်းကြောင့် လည်းကောင်း၊ ပိုက်အမျိုးအစားများကြောင့် လည်းကောင်း၊ သံဓာတ်ကို သောက်သုံးရေများတွင် တွေ့ရှိရပါသည်။ ရေတွင် သံဓာတ်ပါဝင်မှု ပမာဏများပါက အနံ့နံစေခြင်း၊ အဝတ်အထည်များလျှော်ဖွပ်ရာတွင် အရောင်စွန်းထင်းစေခြင်းနှင့် ရေပေးဝေရေး ပိုက်လိုင်းများအား ပိတ်ဆို့စေခြင်း စသည်တို့ကို ဖြစ်ပွားစေသည်။ ထို့ကြောင့် WHO Drinking Water Quality Guideline အရ သောက်သုံးရေများတွင် Fe ပါဝင်မှုပမာဏအား (0.3 to 1) mg/L အထိသာသတ်မှတ်ထားပါသည်။

**(ဈ) Manganese တိုင်းတာခြင်း**

သဘာဝတွင် Manganese ၏ ဓာတုဂုဏ်သတ္တိနှင့် ဖြစ်ပေါ်ပုံမှာ Iron နှင့် ဆင်တူသည်။ ရေတွင် ပါဝင်မှုနည်း၍ ယေဘုယျအားဖြင့် Iron ပါဝင်ကိန်းထက်လည်း အတန်ငယ်နည်းပါသည်။ ရေတွင် Iron ပါဝင်မှုရှိသကဲ့သို့ပင် Manganese သည်လည်း ယေဘုယျအားဖြင့် မလိုလားအပ်သော သတ္တုတစ်ခု ဖြစ်သည်။ WHO Drinking Water Quality Guideline အရ သောက်သုံးရေတွင် Manganese တန်ဖိုးသည် 0.5 mg/L ထက်နည်းမှသာ သောက်သုံးနိုင်သည်။

**(ည) Nitrate တိုင်းတာခြင်း**

Nitrate သည် ဓာတ်မြေသြဇာအသုံးပြုသော စိုက်ပျိုးမြေဧရိယာများအတွင်းရှိ ရေများတွင် အဓိကတွေ့ရှိရပါသည်။ ထို့အပြင် လူနှင့်တိရစ္ဆာန်များ၏ အညစ်အကြေးများ တိုက်ရိုက်စွန့်ပစ်သည့် နေရာများတွင်လည်း Nitrate ပမာဏ အမြောက်အများပါဝင်သည်။ ရေတွင် Nitrate ပါဝင်မှုမြင့်မားခြင်းသည် အန္တရာယ်ရှိသော ဘက်တီးရီးယားများ ပါဝင်မှုအား ညွှန်ပြမှုတစ်ခုအဖြစ် စဉ်းစားနိုင်ပါသည်။ ရေတွင် Nitrate ပါဝင်ကိန်း 50 mg/L ထက်များပါက အိမ်တွင်းမှုကိစ္စများတွင်အသုံးပြုရန် မသင့်တော်ပါ။ ကလေးငယ်များ အဆိပ်သင့်နိုင်သောကြောင့် ဖြစ်ပါသည်။ Nitrate ကြောင့် ဖြစ်စေသည့် ဆိုးကျိုးသက်ရောက်မှုများသည် ရင်ခွင်ပိုက်ကလေးငယ်များတွင် မောပန်းနွမ်းလျှမှု ဖြစ်ပေါ်စေခြင်းနှင့် အိပ်ငိုက်ခြင်း၊ အရေပြား အပြာရောင်သမ်းခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ Nitrate ၏ WHO စံသတ်မှတ်နှုန်းမှာ 50 mg/L ဖြစ်သည်။



### (၄) Sulphate တိုင်းတာခြင်း

Sulphate သည် ရေငန်မှုကိုဖြစ်စေပြီး ကျန်းမာရေးအရ ကြည့်လျှင်လည်း အငန်ဓာတ်ပို့သောကြောင့် သွေးတိုးရောဂါနှင့်ဝမ်းလျှောဝမ်းပျက်ကို ဖြစ်စေတတ်ပါသည်။ ကန်ရေတွင် Sulphate ပါဝင်မှုမရှိပါက ရေအရည်အသွေး ကောင်းမွန်ပါသည်။ ရေတွင် Sulplate တန်ဖိုးသည် 250 mg/L အောက်တွင်ရှိမှသာ သောက်သုံးရန် သင့်လျော်ပါသည်။

### (၅) Arsenic တိုင်းတာခြင်း

Arsenic သည် လူများ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည့်အပြင် အရေပြားကင်ဆာ၊ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာနှင့် သွေးကင်ဆာ စသည့်ရောဂါများအား ဖြစ်ပွားနိုင်ပါသည်။ Arsenic ကို မြေအောက်ရေတွင် အများဆုံးတွေ့ရှိနိုင်သည်။ WHO Drinking water Quality Standard အရ ရေတွင် Arsenic တန်ဖိုး 0.01 mg/L အောက်တွင်ရှိမှသာ သောက်သုံးနိုင်ပါသည်။

### (၃) Residual Chlorine တိုင်းတာခြင်း

Residual Chlorine တိုင်းတာခြင်းဆိုသည်မှာ ရေတွင် Chlorine ထည့်ပြီးနောက် ရေနှင့် Chlorine ဓာတ်ပြုပြီး ကျန်ရှိနေသော Chlorine ပမာဏပင်ဖြစ်သည်။ ရေသန့်စင် စက်ရုံများတွင် သင့်တော်သော Chlorine ပမာဏအား ခပ်ပေးခြင်းဖြင့် ရေကြောင့်ဖြစ်ပွားနိုင်သော ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်များကိုသေစေခြင်း၊ သန့်စင်ပြီးသောရေများသိုလှောင်ရာတွင် Recontamination မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ WHO Drinking Water Quality Standard အရ ရေတွင် Free residual chlorine ပမာဏအမြင့်ဆုံး 1 mg/L ရှိပြီး အနိမ့်ဆုံး 0.2 mg/L ရှိရမည်။ ထို Chlorine ခပ်ထားသောရေကို ငါးအလှမွေးရာတွင် အသုံးပြုလိုပါက နေလှန်းပြီးမှသာ အသုံးပြုသင့်ပါသည်။

### (ဗ) Total Coliform နှင့် E-coli တိုင်းတာခြင်း

Colifom bacteria များသည် မသန့်ရှင်းသော ပတ်ဝန်းကျင်နှင့် သတ္တဝါများမှစွန့်ပစ်သော အညစ်အကြေးများတွင် တွေ့ရှိရတတ်ပြီး ၎င်း bacteria ပါဝင်သောရေကို သောက်သုံးမိပါက ဝမ်းရောဂါဖြစ်ပွားစေပါသည်။ ရေတွင် ၎င်း bacteria ပါဝင်မှုကိုသိရှိနိုင်ရန် Total Coliform Fecal coliform နှင့် E-coli ကို ဓာတ်ခွဲခန်းတွင် (၂၄) နာရီ Incubation ထားခြင်းဖြင့် တိုင်းတာသိရှိနိုင်သည်။

## (၂) ရေကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်သောဥပဒေများ

ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းများဆိုင်ရာ ဥပဒေများချမှတ်သင့်ပါသည်။ ပြည်သူများအတွက် သောက်သုံးရေ နေ့စဉ်ဖြန့်ဖြူးပေးသည့် လုပ်ငန်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ရေဆက်သွယ်ခြင်း၊ ရေဆက်သွယ်ခြင်းလုပ်ငန်းများတွင်လည်းကောင်း၊ ရေပိုက်ကိုဖောက်ခြင်း၊ ရေပိုက်ကိုဖောက်၍ နေအိမ်အတွင်းသို့ ဆက်သွယ်ရယူခြင်း၊ ခွင့်ပြုထားသောရေသွယ်ပိုက်မှ ဆင့်ပွားပိုက်ဆက်ဖြင့် တပ်ဆင်ဆက်သွယ်ခြင်း၊ ခွင့်ပြုထားသောရေသွယ်ပိုက်မှ ရေကိုပိုမိုရရှိရန် လျှပ်စစ် သို့မဟုတ် စွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လက်နှိပ်တုံကင် အသုံးပြု၍ဖြစ်စေ ရေကိုရယူသုံးစွဲခြင်း၊ ခွင့်ပြုချက်ဖြင့် မူလတပ်ဆင်ထားသောရေနှင့် သန့်ရှင်းမှုဆိုင်ရာ ပစ္စည်းအမျိုးအစား၊ အရွယ်အစားနှင့် အရေအတွက်တို့ကို ဖြည့်စွက်ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ တပ်ဆင်ထားသော ရေမီတာကို တရားမဝင်ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ ဖြုတ်သိမ်းခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲတပ်ဆင်ခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ တပ်ဆင်ထားသောရေမီတာကိုအသုံးမပြုဘဲ ရေဆက်သွယ်ခြင်းကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ ဖြန့်ဝေပေးသော ရေပေးဝေရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သောက်သုံးရေကို တစ်နည်းနည်းဖြင့် ညစ်ညမ်းအောင်ပြုခြင်း၊ ရေဖြုန်းတီးခြင်း၊ တစ်ဆင့်ဖြန့်ဝေပေးခြင်း၊ ရောင်းစား

ခြင်း၊ ရေပေးဝေရေးလုပ်ငန်းနှင့်သက်ဆိုင်သော မြေပေါ်တွင် ပစ္စည်းစုပုံခြင်း၊ မြေတူးဆွခြင်း၊ မြေဖို့ခြင်းနှင့်မြှုပ်နှံခြင်း၊ ရေလှောင်ကန်အတွင်းသို့ တိရစ္ဆာန်ဝင်ရောက်စေခြင်း၊ သတ်မှတ်ထားသော နယ်နမိတ်အတွင်း ရေဆေးကြောခြင်း၊ ရေချိုးခြင်း၊ ရေလှောင်ကန်အတွင်းသို့ ရေညစ်ညမ်းမှုဖြစ်စေသော၊ ရေအရည်အသွေးကျဆင်းစေသော မည်သည့်ပစ္စည်းမဆို ပစ်ခြင်း၊ ရေလှောင်ကန်၏ သတ်မှတ်နယ်နမိတ်အတွင်း သစ်ပင်၊ သစ်တော ထိခိုက်ပျက်စီးမှုမရှိစေရန်ထုတ်ပြန်ထားသော စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းများနှင့် ပတ်သက်၍လည်းကောင်း၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းမှ ရေပေးဝေရေးလုပ်ငန်းအတွက် ထိန်းသိမ်းထားရှိသော ရေကန်နှင့် ရေလှောင်ကန်၏ ကန်ပေါင်၊ ဝင်းခြံနယ်နမိတ်၊ ပိုက်လိုင်းနယ်နမိတ်အတွင်း ကျူးကျော်နေထိုင်ခြင်း လုပ်ငန်းတစ်စုံတစ်ရာ လုပ်ကိုင်ခြင်းတို့ကိုလည်းကောင်း၊ ရေပေးရေဝေလုပ်ငန်းနှင့် သက်ဆိုင်သည့် ရေစုကန်များ၊ ရေစစ်ကန်များနှင့် ရေလှောင်ကန်များအပေါ်တွင်ဖြစ်စေ၊ သတ်မှတ်ထားသော အကွာအဝေးအတွင်း၌ဖြစ်စေ၊ အဆောက်အဦ ဆောက်လုပ်ခြင်း၊ မြေဖို့ခြင်းတို့ကိုလည်းကောင်း၊ ကန်ပေါင်နှင့် ဝင်းခြံ၊ ရေပိုက်နှင့်ဆက်စပ်ပစ္စည်းများကို ရွှေ့ပြောင်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်းတို့ကိုလည်းကောင်း၊ ရေလှောင်ကန်ကြီးများနှင့် ရေပိုက်လိုင်းများတွင် တပ်ဆင်ထားသည့်ရေတံခါးကို ခွင့်ပြုချက်မရှိဘဲဖွင့်ခြင်း၊ ပိတ်ခြင်း၊ အတိုးအလျှော့ပြုလုပ်ခြင်း၊ အသစ်တပ်ဆင်ခြင်း၊ ရေတံခါးအားဖြုတ်သိမ်းခြင်း၊ နေရာရွှေ့ပြောင်းခြင်းတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ ရေပို့ပိုက်မကြီး၊ မြို့တွင်းပင်မရေပိုက်များပေါ်တွင် လမ်း၊ သံလမ်း၊ တံတား၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းတို့ကိုလည်းကောင်း၊ ရေလှောင်ကန်များတွင် လှေလှော်ခြင်း၊ ရေကူးခြင်း၊ ငါးဖမ်းခြင်း၊ အဝတ်လျှော်ခြင်း၊ ရေချိုးခြင်းတို့ကိုလည်းကောင်း၊ ရေလှောင်ကန်သတ်မှတ်ထားသောနယ်နမိတ်အတွင်း ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ ယာဉ်များ ရေဆေးခြင်းတို့ကို လည်းကောင်း၊ ခြံ၊ မြေ၊ အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ အထပ်မြင့်များရှိ မိလ္လာပိုက်၊ ရေဆိုးပိုက်များအတွင်းမှ အများပြည်သူကိုအန္တရာယ်ဖြစ်စေသော၊ ငြိုငြင်စေမှုကိုဖြစ်စေသောအရာနှင့် အညစ်အကြေး၊ အနံ့ဆိုးထွက်သောအရာများကို ပတ်ဝန်းကျင်သို့ စီးထွက်စေခြင်း၊ စိမ့်ထွက်စေခြင်း၊ စွန့်ပစ်ခြင်းတို့ကိုလည်းကောင်း၊ အဆောက်အအုံ အဝန်းအဝိုင်းမှထွက်ရှိသော အညစ်အကြေး၊ ရေဆိုးကို ခွင့်ပြုချက်မရှိဘဲ ကော်မတီကစီမံခန့်ခွဲသော မိလ္လာပြွန်စနစ်သို့ ဆက်သွယ်



စွန့်ပစ်ခြင်းတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ ပြည်သူများအတွက် သောက်သုံးရေလုံလောက်စေရန်ရေအရင်းအမြစ်များရှာဖွေခြင်း၊ ပြင်ပပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်းတို့ကိုလည်းကောင်း ကျူးလွန်ပါက အရေးယူခြင်းခံရပါမည်။

သက်ဆိုင်ရာဌာနအဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ သဘာဝမြစ်ချောင်း၊ မြစ်ထွက်ပေါက်ကိုဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ရေမြောင်းကိုဖြစ်စေ၊ မြေအောက်ရေမြောင်းကိုဖြစ်စေ၊ သဘာဝရေစီးကြောင်းကိုဖြစ်စေ တစ်နည်းနည်းဖြင့် ပိတ်ဆို့ခြင်း၊ ရေလမ်းကြောင်းပြောင်းလဲစေခြင်း၊ရေစီးရေလာကိုအနှောင့်အယှက် ဖြစ်စေခြင်း၊ မြေဖို့ခြင်း၊ လွှဲပြောင်းစီးဆင်းစေခြင်းတို့ကိုလည်းကောင်း၊ အများပြည်သူဆိုင်ရာလမ်းဘေးရေမြောင်းငယ်၊ ရေမြောင်းကြီး၊ မြစ်နှင့် မြစ်ထွက်ပေါက်များ၊ ချောင်းများအတွင်းသို့ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများ စီးဝင်စေခြင်း၊ စွန့်ပစ်ခြင်း၊ ပိတ်ဆို့စေခြင်းတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ အဆောက်အအုံပရိဝုဏ်(ပရဝုဏ်)အတွင်းမှ ထွက်ရှိလာသော ရေဆိုးများကို အများပြည်သူဆိုင်ရာ ရေမြောင်းများ၊ မြစ်ချောင်းများအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ စွန့်ထုတ်ခြင်း၊ ဖောက်ထုတ်ခြင်း၊ စီးဆင်းစေခြင်းတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နမိတ်အတွင်း ရေမြောင်း၊ ရေထုတ်ပြွန်၊ ရေတံခါး၊ ချောင်းကာ နံရံ၊ ရေကန်ကာ နံရံ၊ မြေထိန်း နံရံတို့ကို အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်းတို့ကိုလည်းကောင်း ကျူးလွန်ပါက အရေးယူခြင်းခံရပါမည်။

ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ ရေဆိုးပိုက်၊ မိလ္လာကန်၊ မိလ္လာနှင့် ရေဆိုးသန့်စင်စနစ်မပါဘဲ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကိုလည်းကောင်း၊ မိလ္လာကန်၊ ရေဆိုးသန့်စင်ကန်၊ မိလ္လာနှင့် ရေဆိုးသန့်စင်ကန်၊ မိလ္လာကန်ငယ်၊ မိလ္လာပြွန်၊ မိလ္လာပိုက်လိုင်း၊ ရေဆိုးပိုက်လိုင်းများအား ထိခိုက်စေသော၊ အနှောင့်အယှက်ဖြစ်စေသော အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံထားခြင်းတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှသတ်မှတ်ထားသော အရည်အသွေးနှင့် ကိုက်ညီခြင်းမရှိသည့် မိလ္လာနှင့် ရေဆိုးများကို ရေမြောင်းများ၊ မြစ်ချောင်းများထဲသို့ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းတို့ကို လည်းကောင်း၊ ရေဆိုးသန့်စင်စနစ် ပျက်စီးစေရန် လုပ်ဆောင်ခြင်းတို့ကိုလည်းကောင်း ကျူးလွန်ပါက အရေးယူခြင်းခံရပါမည်။



## (၃) အကြံပြုချက်

လူဦးရေသည် တစ်နေ့တစ်ခြား များပြားလာခြင်းကြောင့် ရေလိုအပ်မှုများလည်း အချိုးညီစွာ မြင့်မားလာပါသည်။ ရေလုံလောက်မှုအခက်အခဲများ တွေ့လာရပြီး ငွေကုန်ကြေးကျများပြားလာပါက ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။ ငြိမ်းချမ်းရေးကို ပျက်စီးစေပါသည်။ လူဦးရေ တိုးပွားလာသည့်အလျောက် ရေကြောင်းများ သွားလာမှုအတွက် လိုအပ်သောရေ၊ မိုးခေါင်ပါက အသုံးပြုနိုင်ရန် အရန်သိုလှောင်ထားသော ရေ၊ စားသုံးမှု စိုက်ပျိုးသီးနှံများအတွက် လိုအပ်သောရေစသည်ဖြင့် ရေလိုအပ်မှု မြင့်မားလာနိုင်ပါသည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေဖြင့် ရေလုံလောက်အောင်နှင့် ရေအရည်အသွေးမြင့်မားအောင်ဆောင်ရွက်ရပါမည်။ ပြည်သူများကလည်း ရေ လေလွင့်ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းရပါမည်။ ရေဖိုးရေခများကို ပေးသွင်းရပါမည်။ သတ်မှတ်ထားသော ဥပဒေများကို လိုက်နာခြင်းဖြင့် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြံပြုအပ်ပါသည်။

**ဒေါက်တာမြင့်သန်းထွန်း**
**(ပြည်သူ့ကျန်းမာရေး)**

# သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းကို စနစ်တကျ ဆောင်ရွက်ခြင်း

ဒေါက်တာကောင်းစံ



လူတို့စားသုံးနိုင်သည့် တိရစ္ဆာန်၏ အစိတ်အပိုင်းတစ်ရပ်ရပ်ဖြစ်သော အသားသည် သန့်ရှင်းလတ်ဆတ်ရပါမည်။ ဓာတုဗေဒနည်းပုံနှင့် ရုပ်ပိုင်းဆိုင်ရာ မည်သည့်ပြုပြင်ပြောင်းလဲခြင်းမျှ ပြုလုပ်ထားခြင်းမရှိသည့် အသားလည်း ဖြစ်ရန်လိုအပ်ပါသည်။ အေးခဲအသား၊ အေးထားသောအသားနှင့် ကြိတ်ထားသော အသားများသည် ကျန်းမာရေးနှင့် ညီညွတ်ရပါမည်။ တိရစ္ဆာန်၏ ခန္ဓာကိုယ်အတွင်းရှိ အသည်း၊ နှလုံး၊ ကျောက်ကပ်၊ အစာအိမ်၊ အူသိမ်အူမ၊ သရက်ရွက်၊ အဆုတ်နှင့် မျိုးပွားအင်္ဂါ အစိတ်အပိုင်းများဖြစ်သော ကိုယ်တွင်းအင်္ဂါသည်လည်း လတ်ဆတ်နေရပါမည်။ သားသတ်ရုံများကို သတ်မှတ်ချက်နှင့်အညီ တည်ဆောက်ရပါမည်။ တိရစ္ဆာန်တစ်ကောင်အား သတိလစ်မေ့မြောစေခြင်း သို့မဟုတ် သွေးထုတ်ခြင်းဖြင့် သေဆုံးစေနိုင်သည့် လုပ်ငန်းစဉ်ဖြစ်သော သားသတ်ခြင်းကို စနစ်တကျဆောင်ရွက်ရပါမည်။ တိရစ္ဆာန် ကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ပါမည်။ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရပါမည်။

## (၁) အသေးစား သားသတ်ရုံ

အသေးစားသားသတ်ရုံသည် တစ်ရက်လျှင် ကျွဲ၊ နွားကောင်ရေ ၁ ကောင် မှ ၂၀ ကောင်အထိ၊ သိုး၊ ဆိတ် သို့မဟုတ် ဝက်ကောင်ရေ ၁ ကောင် မှ ၁၀၀ ကောင်အထိ သို့မဟုတ် ကြက်၊ ဘဲ ကောင်ရေ ၂၀ကောင် မှ ၃၀၀၀ကောင် အထိသတ်ဖြတ်သည့် လုပ်ငန်းဆောင်ရွက်သောအဆောက်အအုံ သို့မဟုတ် နေရာဖြစ်ပါသည်။ မွေးမြူရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ထားရပါမည်။

## (၂) အလတ်စား သားသတ်ရုံ

အလတ်စားသားသတ်ရုံသည် တစ်ရက်လျှင် ကျွဲ၊ နွား ကောင်ရေ ၂၁ ကောင် မှ ၂၀၀ ကောင်အထိ၊ သိုး၊ ဆိတ် သို့မဟုတ် ဝက်ကောင်ရေ ၁၀၁ ကောင် မှ ၄၀၀ ကောင်အထိ သို့မဟုတ် ကြက်၊ ဘဲ ကောင်ရေ ၃၀၀၁ ကောင် မှ ၅၀၀၀ ကောင်အထိ သတ်ဖြတ်သည့် လုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံ သို့မဟုတ် နေရာဖြစ်ပါသည်။ မွေးမြူရေးဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းအင်္ဂါရပ် များနှင့်အညီဆောင်ရွက်ရန်လိုအပ်ပါသည်။

## (၃) အကြီးစား သားသတ်ရုံ

အကြီးစားသားသတ်ရုံသည် တစ်ရက်လျှင် ကျွဲ၊ နွား ကောင်ရေ ၂၀၁ ကောင်နှင့်အထက်၊ သိုး၊ ဆိတ် သို့မဟုတ် ဝက်ကောင်ရေ ၄၀၁ ကောင်နှင့်အထက် သို့မဟုတ် ကြက်၊ ဘဲ ကောင်ရေ ၅၀၀၀ ကောင်နှင့်အထက် သတ်ဖြတ်သည့်လုပ်ငန်း ဆောင်ရွက်သောအဆောက်အအုံ သို့မဟုတ် နေရာဖြစ်ပါသည်။ မွေးမြူရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းအင်္ဂါရပ် များနှင့်အညီ ဆောင်ရွက်ထားရပါမည်။

## (၄) အသေးစားသားသတ်ရုံ သို့မဟုတ် အလတ်စားသားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း

အသေးစားသားသတ်ရုံ သို့မဟုတ် အလတ်စားသားသတ်ရုံသည် လုပ်ငန်းပမာဏအလိုက် မြေနေရာအကျယ်အဝန်း လုံလောက်စွာရှိရပါမည်။ သားသတ်ရုံဝင်းကို ခြံစည်းရိုးခိုင်မာစွာ ကာရံထားရှိရပါမည်။ လူနေအိမ်များ၊ အဓိက လမ်းမကြီးများ၊ မွေးမြူရေးခြံများ၊ သတ္တုစက်ရုံများ၊ ဓာတုပစ္စည်းစက်ရုံများနှင့် အနည်းဆုံး (၅) ကီလိုမီတာ ဝေးကွာရပါမည်။ ရေမဝပ်သော၊ မြေပြိုလေ့မရှိသော၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောနေရာ ဖြစ်ရပါမည်။ သန့်ရှင်းသောရေနှင့် လျှပ်စစ်ဓာတ်အား သို့မဟုတ် စွမ်းအင်လုံလောက်စွာ ရရှိနိုင်ရပါမည်။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက် ရရှိထားသော မြေနေရာတွင်ရွေးချယ်၍ တည်ဆောက်ထားရပါမည်။

သားသတ်ရုံ ပရိဝုဏ်အတွင်း အဝင်လမ်းနှင့် အထွက်လမ်းကို သီးခြားဆောက်လုပ်ထားရပါမည်။ ဝင်ပေါက်၊ ထွက်ပေါက် နေရာများတွင် ပိုးသတ်ဆေးကန်နှင့် ပိုးသတ်ဆေးဖျန်းစနစ် ထားရှိရပါမည်။ တိရစ္ဆာန်များ ကျန်းမာရေးစစ်ဆေးရန်နှင့် အတင်အချပြုလုပ်ရန် သီးသန့်နေရာထားရှိရပါမည်။ ဝင်ရောက်လာသော တိရစ္ဆာန်များအတွက် နားနေဆောင်ထားရှိရပါမည်။ သားသတ်ခြင်း၊ အမွေးခြစ်ခြင်း၊ အရေခွံခွာခြင်းနှင့် ကလီစာထုတ်ခြင်းများအတွက် သီးသန့်နေရာထားရှိရပါမည်။ အသားထုတ်လုပ်ရန် သန့်ရှင်းသော သီးသန့်နေရာထားရှိရပါမည်။ အသားနှင့်ကလီစာများ စစ်ဆေးရန်အတွက် နေရာထားရှိရပါမည်။ အသားထုတ်လုပ်ရန် သန့်ရှင်းသော သီးသန့်နေရာထားရှိရပါမည်။

အသားထုတ်လုပ်နိုင်သော ပမာဏအလိုက် လုံလောက်သော အကျယ်အဝန်းရှိသည့် အဆောက်အအုံ တည်ဆောက်ထားရှိရပါမည်။ ထုတ်လုပ်သည့်အပူချိန်ကို ထိန်းသိမ်းနိုင်ရန် စီမံထားရှိရပါမည်။ အဆောက်အအုံ၏ အတွင်းနံရံနှင့်ကြမ်းပြင်တို့ကိုအလွယ်တကူ ပိုးသတ်သန့်စင်နိုင်ရန် တည်ဆောက်ထားရှိရပါမည်။ အဆောက်အအုံအတွင်း ကြွက်နှင့် အခြားတွင်းအောင်းသတ္တဝါများအပြင် အင်းဆက်၊ ပိုးမွှား၊ ငှက်နှင့် အခြားတိရစ္ဆာန်များဝင်ရောက်မှုမရှိအောင် စီမံထားရှိရပါမည်။ လုပ်ငန်းသုံးပစ္စည်းကိရိယာများကို ပိုးသတ်သန့်စင်နိုင်ရန် စီမံထားရှိရပါမည်။ စွန့်ပစ်ပစ္စည်းနှင့်အညစ်အကြေးများကိုစွန့်ပစ်ရန် နေရာသီးသန့်ရှိရပါမည်။

သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုလက်မှတ်ရရှိသူသည်ခွင့်ပြုလက်မှတ် စည်းကမ်းချက်များကို လိုက်နာရပါမည်။ သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရပါမည်။ သတ်ဖြတ်မည့် တိရစ္ဆာန်များကို ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သယ်ဆောင်ရပါမည်။ ဦးစီးဌာနရှိ တိရစ္ဆာန်ဆေးကုဆရာဝန်မှ ကျန်းမာရေးစစ်ဆေးပြီး သတ်ဖြတ်ရန် ခွင့်ပြုချက်ရရှိသော တိရစ္ဆာန်များကိုသာ သတ်ဖြတ်ရပါမည်။ မိမိလုပ်ငန်းတွင် ကူးစက်ရောဂါ ကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သော လုပ်သားများကိုသာခန့်ထားရပါမည်။ လုပ်သားများကို ကျွမ်းကျင်မှုအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးရပါမည်။ လုပ်သားများအား လုပ်ငန်းသုံးဝတ်စုံ ဝတ်ဆင်စေရပါမည်။ သတ်ဖြတ်မည့် တိရစ္ဆာန်နှင့် သတ်ဖြတ်ပြီးထွက်ရှိလာသည့် တိရစ္ဆာန်ထွက်ပစ္စည်းများတွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်းသံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက ဦးစီးဌာနညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်။ သတ်ဖြတ်မည့် တိရစ္ဆာန်

၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သတ်ဖြတ်ပြီးရရှိလာသည့် အသားစစ်ဆေးခြင်းတို့အတွက် အခကြေးငွေပေးသွင်းခြင်းကို ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရပါမည်။ ထုတ်လုပ်မှုမှတ်တမ်းများ စနစ်တကျထားရှိရပါမည်။

ဦးစီးဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်းရှင်မှ လျှောက်ထားလာမှုကို သတ်မှတ်ချက်များနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်လက်ခံခြင်း၊ သားသတ်ရုံသည် သတ်မှတ်အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်ခြင်း ရှိ၊ မရှိ စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခြင်း၊ သတ်မှတ်အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်ပါက စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်း၊ သတ်ဖြတ်ပြီးသော တိရစ္ဆာန်အသားနှင့် အစိတ်အပိုင်းတစ်ခုခုတွင် ကူးစက်ရောဂါနှင့် စားသုံးသူအများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ရောဂါကင်းရှင်းမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကူးစက်ရောဂါနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းတို့ဖြစ်ပါသည်။

## (၅) အကြီးစား သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း

အကြီးစား သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သားသတ်ရုံတည်နေရာအား ရွေးချယ်ဆောင်ရွက်ထားရှိရပါမည်။ ရေမဝပ်သော၊ မြေပြိုလေ့မရှိသောနေရာ ဖြစ်ရပါမည်။ မသန့်ရှင်းသည့် အခိုးအငွေ့၊ အနံ့အသက်၊ အမှုန်အမွှားနှင့် အခြားအညစ်အကြေးများ ထွက်ရှိသောနေရာများနှင့် ဝေးကွာ၍ ပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းမှုမဖြစ်စေနိုင်သော နေရာဖြစ်ရပါမည်။ သားသတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းများလုပ်ဆောင်နိုင်ရန် သန့်ရှင်းသောရေ လုံလောက်စွာရရှိနိုင်သောနေရာဖြစ်ရပါမည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောနေရာဖြစ်ရပါမည်။ လူနေအိမ်များ၊ အဓိကလမ်းမကြီးများ၊ မွေးမြူရေးခြံများ၊ သတ္တုစက်ရုံများ၊ ဓာတုပစ္စည်းစက်ရုံများနှင့် အနည်းဆုံး ၅ ကီလိုမီတာ ကွာဝေးရပါမည်။ လျှပ်စစ်ဓာတ်အား သို့မဟုတ် စွမ်းအင်လုံလောက်စွာ ရရှိနိုင်သောနေရာဖြစ်ရပါမည်။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိထားသော မြေနေရာဖြစ်ရပါမည်။

သားသတ်ရုံဝင်းကို လုပ်ငန်းပမာဏအလိုက် မြေနေရာအကျယ်အဝန်း လုံလောက်စွာရှိရပါမည်။ ခြံစည်းရိုး ခိုင်မာစွာကာရံထားရှိရပါမည်။ လုံခြုံရေးဂိတ် ထားရှိရပါမည်။ သားသတ်ရုံ ပရိဝုဏ်အတွင်း အဝင်လမ်းနှင့် အထွက်လမ်းကို သီးခြားဖောက်လုပ်ထားရှိပြီး ဝင်ရောက်သည့် လူနှင့် ယာဉ်များအဝင် အထွက် ပိုးသတ်သန့်စင်နိုင်ရန် စီစဉ်ထားရှိရပါမည်။ ရေ၊ မီး ပြတ်တောက်မှုမရှိစေရန် စီမံထားရှိရပါမည်။ စွန့်ပစ်ရမည့်ပစ္စည်းများအတွက် နေရာသီးသန့်ရှိရပါမည်။

သားသတ်ရုံအဆောက်အအုံများတွင် တိရစ္ဆာန်များကျန်းမာရေးစစ်ဆေးရန်နှင့် အတင်အချပြုလုပ်ရန် သီးသန့်နေရာထားရှိရပါမည်။ ဝင်ရောက်လာသော တိရစ္ဆာန်များအတွက် နားနေခန်း ထားရှိရပါမည်။ သားသတ်ခြင်း၊ အမွေးခြစ်ခြင်း၊ အရေခွံခွာခြင်း၊ ကလီစာထုတ်ခြင်းနှင့် အသားထုတ်လုပ်ခြင်းများအတွက် သန့်ရှင်းသောနေရာ သီးခြားစီ ထားရှိရပါမည်။ အသားနှင့် ကလီစာများ စစ်ဆေးသည့်နေရာတွင် အအေးခန်းထားရှိရပါမည်။ စစ်ဆေးမည့်ဧရိယာနှင့် ပြုပြင်ထုတ်လုပ်သည့်နေရာတို့တွင် လုံလောက်သောအလင်းရောင်ရှိရပါမည်။ သားသတ်ရုံ၏ အဝင်အထွက် နေရာတွင် သီးသန့်အဝတ်လဲခန်း ထားရှိရပါမည်။ အသားထုတ်လုပ်မှု ပမာဏအလိုက် လုံလောက်သောအကျယ်အဝန်းရှိသည့် အဆောက်အအုံ တည်ဆောက်ထားရှိရပါမည်။ အခြားအခန်းများမှ ရေနှင့် စွန့်ပစ်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရန် တည်ဆောက်ထားရှိရပါမည်။ အဆောက်အအုံ၏ အတွင်းနံရံ၊ ကြမ်းပြင်၊ တံခါးနှင့် တံခါးပေါင်များကို ညီညာမာကျောပြီး ရေစိုခံနိုင်သော၊ ပျက်စီးမလွယ်သော၊ အဆိပ်မသင့်နိုင်သော၊ ထိခိုက်မှုဒဏ်ခံနိုင်ရည်ရှိသော၊ အလွယ်တကူပိုးသတ်သန့်စင်နိုင်သည့် ပစ္စည်းများဖြင့် တည်ဆောက်ထားရှိရပါမည်။ နံရံနှင့်ကြမ်းပြင်ဆုံသည့်နေရာတွင် အညစ်အကြေးများ ကပ်ငြိခြင်း မရှိစေရန်နှင့် အလွယ်တကူ သန့်ရှင်းနိုင်စေရန် ထောင့်ကွေးပုံစံပြုလုပ်ထားရပါမည်။ မျက်နှာကြက်ကိုအလွယ်တကူ မကွာကျစေရန်၊ တောင့်တင်းခိုင်မာမှုရှိစေရန်၊ သန့်ရှင်းရလွယ်ကူစေရန်၊ ယိုစိမ့်မှုမရှိစေရန် ပြုလုပ်ထားရပါမည်။ အဆောက်အအုံကို လေဝင်လေထွက်ကောင်းမွန်စေရန်၊ စိုထိုင်းဆနည်းပါးစေရန်၊ ကြွက်နှင့် အခြားတွင်းအောင်းသတ္တဝါများအပြင် အင်းဆက်ပိုးမွှား၊ ငှက်နှင့် အခြားတိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရန် တည်ဆောက်ထားရပါမည်။ စွန့်ပစ်ပစ္စည်းများ အလွယ်တကူစီးဆင်းနိုင်ရန် ရေနုတ်မြောင်း ပြုလုပ်ထားရပါမည်။

တိရစ္ဆာန်များကို သက်တောင့်သက်သာစွာနှင့် ညင်သာစွာ (Animal Welfare နှင့်အညီ) အတင်အချပြုလုပ်နိုင်ရန်

စီစဉ်ထားရှိရပါမည်။ အတင်အချပြုလုပ်မည့် ကြမ်းပြင်အမြင့်ကို သယ်ယူပို့ဆောင်သည့်ယာဉ်၏ကြမ်းခင်းနှင့် ချိန်ညှိ၍ပြုလုပ်ရပါမည်။ ကြမ်းပြင်ကို ကြာရှည်ခံ၍ ရေစိုခံပြီး ချော်ခြင်းမရှိသောပစ္စည်းများဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး ရေစီးဆင်းမှု ကောင်းမွန်စေရန် ပြုလုပ်ရပါမည်။ စွန့်ပစ်ပစ္စည်းအညစ်အကြေးများ အလွယ်တကူ စီးဆင်းနိုင်စေရန် ရေနုတ်မြောင်းကို စီမံပြုလုပ်ထားရပါမည်။ အမိုးကို ရာသီဥတုဒဏ်မှ ကာကွယ်နိုင်ရန်နှင့် ကြံ့ခိုင်မှုရှိရန် ပြုလုပ်ရပါမည်။ အလင်းရောင် လုံလောက်စွာရရှိ၍ လေဝင်လေထွက် ကောင်းမွန်ပြီး စိုထိုင်းစနည်းပါးစေရန် ပြုလုပ်ထားရှိရပါမည်။

သားသတ်ရုံရှိ တိရစ္ဆာန်များ ယာယီနားနေခန်းသည် နိုင်ခံပြီး လုံလောက်သော အကျယ်အဝန်း ရှိရပါမည်။ သန့်ရှင်းသော သောက်သုံးရေ အလုံအလောက်ရှိရပါမည်။ သန့်ရှင်းရလွယ်ကူစေရန် ရေနုတ်မြောင်းကို ဆင်ခြေလျှော ပြုလုပ်ရပါမည်။ ယာယီနားနေခန်းနှင့် သားသတ်ခန်းကို ဆက်သွယ်ထားသောလျှောက်လမ်းအား တိရစ္ဆာန်လှည့်လည်၍မရအောင် ပြုလုပ်ထားရပါမည်။ ရာသီဥတုဒဏ်မှ ကာကွယ်ရန်နှင့် ကြံ့ခိုင်မှုရှိရန် ပြုလုပ်ရပါမည်။

သားသတ်ရုံရှိ တိရစ္ဆာန်သီးသန့်စောင့်ကြည့်ဆောင်ကို ယာယီနားနေခန်း၊ ပင်မအဆောက်အအုံတို့နှင့် အဝေးဆုံး အကွာအဝေးတွင် ထားရှိရမည်ဖြစ်ပြီး အခြားအဆောက်အအုံထက် နိမ့်သောနေရာတွင် တည်ဆောက်ရပါမည်။ တိရစ္ဆာန်များအတွက် ရာသီဥတုဒဏ်မှ ကာကွယ်ရန် အမိုးကို ခိုင်မာသောပစ္စည်းများဖြင့် ပြုလုပ်ထားရှိရပါမည်။ လေဝင်လေထွက်နှင့် အလင်းရောင်ကောင်းမွန်စွာရရှိစေရန် စီမံထားရှိရပါမည်။ သန့်ရှင်းသော သောက်သုံးရေ အလုံအလောက် ရှိရပါမည်။ ရေသောက်ရန်နှင့် အစာစားရန်နေရာများကို သန့်ရှင်းရလွယ်ကူစေရန် ရေနုတ်မြောင်းကို အလျှောပြုလုပ်ထားရပါမည်။ သန့်ရှင်းခြင်းနှင့် ပိုးသတ်သန့်စင်ခြင်းတို့ပြုလုပ်ရာတွင် လွယ်ကူစေရန် ကြမ်းပြင်ကို ရေစိုခံပစ္စည်းဖြင့် ခိုင်မာစွာ ပြုလုပ်ရမည်ဖြစ်ပြီး မချော်ရန်နှင့် ရေစီးဆင်းစေရန် ပြုလုပ်ထားရပါမည်။ စွန့်ပစ်ပစ္စည်းအညစ်အကြေးများ အလွယ်တကူ စီးဆင်းနိုင်စေရန် ရေနုတ်မြောင်းကို စီမံပြုလုပ်ထားရပါမည်။

သားသတ်ခန်းကို အသားထုတ်လုပ်မည့် အရေအတွက်ပေါ်မူတည်၍ လုံလောက်သော အကျယ်အဝန်းဖြင့်တည်ဆောက်ထားရှိရပါမည်။ အခြားအခန်းများမှ ရေနှင့် စွန့်ပစ်အညစ်အကြေးများ သားသတ်ခန်းအတွင်းသို့ ဝင်ရောက်မှုမရှိစေရန် တည်ဆောက်ထားရပါမည်။ အခန်းကြမ်းပြင်၊ နံရံတို့နှင့် သတ်ပြီးသော တိရစ္ဆာန်အသေကောင် ထိစပ်ခြင်းမရှိစေရန် တိရစ္ဆာန်အသေကောင်ချိတ်ဆွဲသည့် ချိတ်များ စီမံထားရှိရပါမည်။ ထုတ်လုပ်မည့်အသား၏ အပူချိန်ကို အမြင့်ဆုံး ၄ ဒီဂရီစင်တီဂရိတ်အထိ ထိန်းညှိပေးနိုင်ရန် အအေးပေးစနစ် (Chiller Facility) တပ်ဆင်ထားရပါမည်။ အခန်းအပူချိန်ကို အလွယ်တကူသိရှိနိုင်ရန် သာမိုမီတာ သို့မဟုတ် အပူချိန်မှတ်ကိရိယာ တပ်ဆင်ထားရပါမည်။

အသုံးမပြုနိုင်သော တိရစ္ဆာန်ဘေးထွက်ပစ္စည်းများ



စွန့်ပစ်ခြင်းအတွက် စွန့်ပစ်ပစ္စည်းထားရှိမည့် နေရာသည် သားသတ်ရုံနှင့် ဝေးကွာရပါမည်။ ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များနှင့်အညီ အလွယ်တကူ စစ်ဆေးနိုင်ရန်နှင့် အနံ့ဆိုးများမထွက်ရှိစေရန် ဒီဇိုင်းပြုလုပ်ထားရှိရပါမည်။ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်း ပမာဏအလိုက် ဝင်ဆံ့နိုင်သော အကျယ်အဝန်းရှိရပါမည်။ ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုများနှင့် ပြည်သူ့ကျန်းမာရေးကို ထိခိုက်မှုမရှိစေရန် အသုံးမပြုနိုင်သော တိရစ္ဆာန်ဘေးထွက်ပစ္စည်းများကို သေချာစွာ စွန့်ပစ်ရပါမည်။

သားသတ်ရုံတွင် အသားဖြတ်ခြင်းနှင့် အရိုးထုတ်ခြင်း ပြုလုပ်သော အခန်းအကျယ်အဝန်းသည် ထုတ်လုပ်မည့်အသား ပမာဏအလိုက် သင့်လျော်သော အတိုင်းအတာရှိရမည်ဖြစ်ပြီး ပိုးသတ်သန့်စင်ရန်နှင့် သန့်ရှင်းရေးပြုလုပ်ရန် လွယ်ကူသော ပုံစံဖြစ်ရပါမည်။ အခန်းအတွင်း အလင်းရောင် လုံလောက်စွာ ရရှိရန် စီမံထားရှိရပါမည်။ အပူချိန်ရုတ်တရက် အတက်အကျ မဖြစ်ပေါ်စေရန် စီမံထားရှိရပါမည်။ အသားအေးခဲခန်း (Air Blast Freezer) တွင် အသားအပူချိန်ကို အနုတ် ၁၈ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိရန် အအေးပေးစက်ကိုတပ်ဆင်ချိန်ညှိထားရပါမည်။ အသားအမျိုးအစားအလိုက် အအေးပေးကြာချိန်ကွာခြားပါသည်။ အအေးခန်း (Chiller/ Refrigerator) သည် အသားများ၏အပူချိန်ကို အမြင့်ဆုံး ၄ ဒီဂရီစင်တီဂရိတ်အထိ ထိန်းသိမ်းနိုင်ရပါမည်။ အေးခဲအသား သိုလှောင်ရုံသည် အေးခဲအသားအပူချိန် အနုတ် ၁၈ ဒီဂရီစင်တီဂရိတ်တွင် ထိန်းသိမ်းထားနိုင်ရပါမည်။ အခန်းအပူချိန်ကို အလွယ်တကူ သိရှိနိုင်ရန် သာမိုမီတာ သို့မဟုတ် အပူချိန်မှတ်ကိရိယာ တပ်ဆင်ထားရှိရပါမည်။

သားသတ်ရုံတွင် ပစ္စည်းကိရိယာအားလုံးသည် အလွယ်တကူ ထိန်းသိမ်းထားနိုင်သော၊ ပိုးသတ်သန့်စင်နိုင်သော၊ အလွယ်တကူ မပျက်စီးနိုင်သော ပစ္စည်းများ ဖြစ်ရပါမည်။ အသားခြမ်း၊ အသား၊ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများနှင့် တိုက်ရိုက်ထိတွေ့သော ပစ္စည်းကိရိယာများအားလုံးကို အလွယ်တကူမပျက်စီးနိုင်သော၊ ကြာရှည်အသုံးခံသော၊ ဆေးသုတ်မထားသော၊ အလွယ်တကူ ပိုးသတ်သန့်စင်နိုင်သော ပစ္စည်းများဖြင့် ပြုလုပ်ထားရပါမည်။ သစ်သားနှင့်အလွယ်တကူ ပျက်စီးစေနိုင်သော၊ အဆိပ်သင့်စေသော အခြားပစ္စည်းများဖြင့် မပြုလုပ်ရပါ။ အသားခြမ်း၊ အသား၊ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများနှင့် တိုက်ရိုက်ထိတွေ့အသုံးပြုသော ပစ္စည်းကိရိယာများတွင်အသုံးပြုသည့် ချောဆီများသည် ဘေးအန္တရာယ်ကင်းရှင်းသောပစ္စည်း အမျိုးအစားဖြစ်ရပါမည်။ အခန်းနှင့် အသုံးအဆောင်ပစ္စည်းများကို သန့်ရှင်းခြင်းနှင့် ပိုးသတ်ခြင်း လုပ်ငန်းစဉ်များအတိုင်း ထိရောက်စွာဆောင်ရွက်နိုင်ရန်ပစ္စည်းကိရိယာများ လုံလောက်စွာရှိရပါမည်။

အကြီးစား သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုလက်မှတ်ရရှိသူသည် ခွင့်ပြုလက်မှတ် စည်းကမ်းချက်များကို လိုက်နာရပါမည်။ သားသတ်ရုံ တည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ စစ်ဆေးမှုကိုခံယူရပါမည်။ သတ်ဖြတ်မည့် တိရစ္ဆာန်များကို ဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ သယ်ဆောင်ရပါမည်။ ဦးစီးဌာနရှိ တိရစ္ဆာန်ဆေးကုဆရာဝန်မှ ကျန်းမာရေးစစ်ဆေးပြီး သတ်ဖြတ်ရန် ခွင့်ပြုချက်ရရှိသော တိရစ္ဆာန်များကိုသာ သတ်ဖြတ်ရပါမည်။ သတ်ဖြတ်မည့်တိရစ္ဆာန်နှင့် သတ်ဖြတ်ပြီး ထွက်ရှိလာသည့် တိရစ္ဆာန်ထွက်ပစ္စည်းများတွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်။ သတ်ဖြတ်မည့် တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးခြင်းနှင့် သတ်ဖြတ်ပြီးရရှိလာသည့် အသားစစ်ဆေးခြင်းတို့အတွက် အခကြေးငွေပေးသွင်းခြင်းကို ဦးစီးဌာနသတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရပါမည်။ ထုတ်လုပ်မှုမှတ်တမ်းများ စနစ်တကျထားရှိရပါမည်။

## (၆) အကြံပြုချက်

လူတို့စားသုံးနိုင်သည့် တိရစ္ဆာန်၏ အစိတ်အပိုင်း တစ်ရပ်ရပ်ဖြစ်သောအသားသည် သန့်ရှင်းလတ်ဆတ်ရပါမည်။ ဓာတုဗေဒနည်းပုံနှင့် ရုပ်ပိုင်းဆိုင်ရာ မည်သည့်ပြုပြင်ပြောင်းလဲခြင်းမျှ ပြုလုပ်ထားခြင်းမရှိသည့် အသားလည်းဖြစ်ရန်လိုအပ်ပါသည်။ အေးခဲအသား၊ အေးထားသောအသားနှင့် ကြိတ်ထားသောအသားများသည် ကျန်းမာရေးနှင့် ညီညွတ်ရပါမည်။ သားသတ်ရုံများကို သတ်မှတ်ချက်နှင့်အညီ တည်ဆောက်ရပါမည်။ တိရစ္ဆာန်ကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ပါမည်။ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သားသတ်ရုံ တည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြံပြုအပ်ပါသည်။ ။

**ဒေါက်တာကောင်းစံ**



# လောကပြောင်း
# လင်းလျက်သာစေ

(နွယ်သာကီသံပြတ်)
မြေမဟီ မေဒနီ နေခြည်ဦး
ရွှေရည်လူးလို့ ဝင်းလက်ထိန်၊
အရုဏ် ဝလာဘုံ ကြာငုံအရင့်
ကမ္ဘာကုန်ပွင့်ဖို့ ဆင်းသက်ချိန်လေ့။

သာရကာ မာဂဓာ တစာစာကြွေး
ဘယာဘေးတို့ ကင်းပျောက်စေ၊
ပန်းသဘင် စခန်းတခွင် လန်းရွှင်မွှေး
ဆန်းလွင်သွေးမို့ သင်းသလောက်ဝေရှင့်။

မြင်ရာ ရင်မှာ အကြင်နာတရားနဲ့
မင်္ဂလာစကား ထုတ်သော၊
အပြစ်မရှာ ချစ်ပါ သစ္စာနှလုံးနဲ့
မေတ္တာသုံးတော့ သုခိတာလေ့။

မြန်မာပြေ ဌာနေ သဟာဆွေအများ
သာစေသားလို့ တောင်းဆုပန်၊
မနောမှာ ဒေါသာ မောဟာကင်းတော့
လောကာအတွင်း ကောင်းမှုမှန်ရှင့်။

ရန်လိုမမုန်းနဲ့ ငြိမ်းအောင်ကွယ်
ဉာဏ်ကိုသုံးလို့ တိမ်းရှောင်ဖယ်လေ့။
ညှာတာလိုရင်း အများတကာ့အပေါ်
စာနာကိုယ်ချင်း ထားမှတော်ရှင့်။

အလိုကွယ်...
ပြုဆောင်သမျှ
လှူဘောင်လှစေတော့
လောကပြတင်းအလှပ်မှာ
မနောဟဒယအတွင်းဓာတ်ကို
ရောစနေ အလင်းဖြတ်လို့
သောကရှင်းပြတ် ရမယ်လေး....။

ကိုကြီး (ဆောင်းနှင်းဆီ)

# အေးချမ်းပျော်မွေ့ တောဓလေ့



သာယာအေးချမ်း ကျေးလက်မြေ
ငြိမ်းချမ်းတဲ့ ဌာနေ
သစ်ဝါးပင်တွေ ရိပ်အေးမြ
လတ်ဆတ်လေအေးရွ...။

ရွှမဆုံးလှ တစ်မျှော်တစ်ခေါ်
စိမ်းလန်းလယ်ယာနော်
သာယာရွှင်ပျော် မြင်ကွင်းအေး
ကောက်နံ့စပါးမွှေး...။

ရန့်မွှေးလို့ သင်းပျံ့ထုံ
တောပန်း စံပယ်ရုံ
ခရေစုပုံ ကြေကာကျ
နှင်းဆီ ဖူးပွင့်လှ...။

ရွာဦးကျောင်းက ဆရာတော်
ဆွမ်းခံလာပြီနော်
နံ့ဗွာနံ့ကျိုးမျှော် လှူဒါန်းထား
တရားမြတ် ဟောကြား...။

ရိုးသားကြိုးစား တောင်သူတွေ
သီးနှံပေါ်ရင်လေ
အလှူပွဲတွေ ခြိမ့်ခြိမ့်သဲ
စုပေါင်း ပျော်ရွှင်ကြ...။

ရာသီပွဲတို့ ကျင်းပကာ
ကြွရောက် အလည်လာ
စေတနာမေတ္တာ ပြည့်ဝလို့
ဖိတ်ခေါ်ပါတယ်ဗျို......။

ဇင်မင်းနိုး(ဗိုလ်ကလေး)



# ချီးဆက်လက်ဆောင်

- မင်္ဂလာပါ
  အကြင်နာယှဉ်
  အစဉ်အလာမပျက်
  နှုတ်ဆက်ကြပါ၏
- ပုထုဇဉ်တော
  အတုအပကြွယ်ဘိ၊
  သမုဒယနွယ်အလာ
  အနုသယတွေခွာထား၊
  မုဒိတာကိုပွားယူ
  ဥပေက္ခာမှ သိပ်မများနဲ့၊
  လဲနေသူတွေ့လျှင်ထူ
  ဆင်းရဲနေသူ တွေ့လျှင်ကူ
  လောကစံမြင်အောင်ကြည့်
  ပဟေဠိဆန်လွန်းတာ၊
  ဥစ္စာဆို ကံကစောင့်
  အသက်ကို ဉာဏ်စောင့်တာမို့၊
  သိက္ခာကို ရိက္ခာနဲ့ မလဲရပါ
  လိပ်ပြာသာသန့်အောင်ထား။
- နှလုံးသား မြစ်များတွင်
  သံစဉ်တွေ ချိုချိုလွင်လွင်နှင့်
  သဘောရော၊ မနောပါ ဖြူစင်လေမှ
  ဆည်းဆာတွေ အရိပ်ကောင်း
  ငြိမ်းချမ်းစေကြောင်း။ ။

ရွှေယဉ်နု(ပညာရေး)



# မေတ္တာဂင်္ဂါ

အချစ်သစ်ပင် ရင်မှာမျိုးလို့
အကြင်နာမိုးလေး တဖွဲဖွဲရွာ။

သံယောဇဉ် အမြစ်စွဲတော့
ရင်ထဲနိုင်မာ။

မေတ္တာပန်းများ ဖြိုင်ဆိုင်စွာ
သစ္စာပွင့်ပန်းလွှမ်းခြုံကာ။

အယုအယတွယ်
သမုဒယနွယ် လွှန်းတင်ကျစ်မှ
ခိုင်မြဲစေမှာ....။

မယ်ကြည်

# ဦးရွှေတောင် (ရွှေတောင်ဦး)

## ဝင်းငြိမ်းကြော့ ဂရုမ်ပြုံးသည့်ခါ မသာကြီးစများ အပြင်ကိုထွက်လေ့ရှိပါသည်



အချိန်ပိုင်း ပါမောက္ခဦးရွှေတောင် တစ်ယောက် သူ့ကိုယ်သူ ပညာရှိတန်းဝင် စာရင်းပေါက်နေပြီဖြစ်ကြောင်း သိလာရသောအခါ အတော်ပင် အနေကျပ်လာရ၏။ ဤသို့ သိလာရသည်မှာလည်း သူနှင့်ဆက်ဆံနေရသည့် ပတ်ဝန်းကျင်ကြောင့်ဖြစ်၏၊

"ဆရာ လေ့လာဆည်းပူးခဲ့တဲ့ ပညာ၊ ဖြတ်သန်းခဲ့ရတဲ့ ဘဝအတွေ့ အကြုံ၊ ရေးသားခဲ့တဲ့ စာပေတွေနဲ့ ဟောပြောပို့ချချက်တွေ၊ အသက်အရွယ် အရ၊ သိက္ခာသမာဓိ အရပါ ကျွန်တော်တို့က ဆရာ့ကို ပညာရှိတစ်ဆူအနေနဲ့ လေးစားကြည်ညိုမိရပါတယ်ခင်ဗျာ"

သည်လို စကားမျိုးကို တစ်ဦးတစ်ယောက်တည်းထံမှ မဟုတ်ဘဲ၊ လူတော်တော်များများထံမှ ကြားလာရသောကြောင့်လည်း "ငါသည် ရိုးရိုးလူ

တစ်ယောက်မဟုတ်တော့ဘဲ၊ ပညာရှိတန်းဝင် စာရင်းပေါက်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေပါပကော"ဟု မိမိဘာသာသိလာရခြင်း ဖြစ်၏။

'ပညာရှိ သတိဖြစ်ခဲ'၊ 'ပညာရှိအမျက်အပြင်မထွက်ရာ' စသော စကားပုံတို့မှ သူနှင့်သက်ဆိုင် လာပြီဖြစ်၍ အထူးသတိထားလိုက်နာရန် ကြိုးစားလာရတော့၏။ ဦးရွှေတောင်သည် ပညာရှိစာရင်းမဝင်မီကပင် အလွန်သတိမေ့တတ်သူဖြစ်လေရာ 'ပညာရှိသတိဖြစ်ခဲ' ဆိုသော စကားပုံအတွက်မူ အထူးလေ့ကျင့်စရာမလိုတော့ချေ။

သူ့အတွက် လိုက်နာရန်ခက်ခဲသည်ကား 'ပညာရှိအမျက် အပြင်မထွက်ရာ' ဆိုသော စကားပုံပင်ဖြစ်၏။ ပင်ကိုယ်စရိုက်အားဖြင့် ဦးရွှေတောင်သည် စိတ်အလွန်တို၏။ စိတ်မြန်၏။ ဒေါသလည်းကြီး၏။

ပညာရှိစာရင်းဝင်လာချိန်၌ မကောင်းသော ထိုပင်ကိုယ်စရိုက်များကို ထိန်းချုပ်နိုင်ရန် အခက်တွေ့လာရ၏။ သို့ရာတွင် သူ့အမျက်ဒေါသကို ချုန်းအုပ်ရမည့် အချိန်အခါ အခြေအနေမျိုးသို့ ရောက်လာပြီးဖြစ်၍ အတတ်နိုင်ဆုံး ဆင်ခြင် သတိထားလာရတော့၏။

သမိုင်းကြောင်းကို လှန်၍ စဉ်းစား မိသောအခါ ပုဂံခေတ် နရသီဟပတေ့မင်း (၁၂၄၅–၁၂၈၇) လက်ထက်မှ ပညာရှိအမတ်ကြီးရာဇသင်္ကြန်အကြောင်း သတိရမိ၏။ ထိုအမတ်ကြီးသည် နရသီဟပတေ့မင်း ထီးနန်းရရှိရေးအတွက် အစွမ်းကုန်ကူညီခဲ့၏။ သို့ရာတွင် နရသီဟပတေ့ဘုရင်ဖြစ်လာသောအခါ ပညာရှိအမတ်ကြီးရာဇသင်္ကြန်ကို ချီးမြှင့်မြှောက်စားရန် မေ့လျော့နေခဲ့၏။

သို့နှင့်၊ တစ်နေ့တွင် အမတ်ကြီးသည် ပန်းကပ်ပဲ့ (သစ်သားကွမ်းအစ်အပဲ့)ဖြင့် ညီလာသဘင်၌ ကွမ်းစားခြင်းပြု၏။ ထိုဖြစ်ရပ်ကို မြင်သောအခါ ဘုရင်နရသီဟပတေ့က "အဘိုး၊ အဘယ်အတွက်ကြောင့် ပန်းကပ်ပဲ့ဖြင့်ကွမ်းစားရ သနည်း" ဟုမေးရာ "ယခုအခါ ပန်းပွတ်သည်သားမြေးတို့ ကောင်းစားနေ၍ ပန်းပွတ်မည့်သူမရှိသောကြောင့် ပန်းကပ်ပဲ့ဖြင့် ကွမ်းစားရပါသည်" ဟု ရာဇသင်္ကြန်က ဖြေ၏။ နရသီဟပတေ့မင်း၏ မိခင်မှာ ပန်းပွတ်သည်သမီးဖြစ်လေရာ အမတ်ကြီးဘာကို ဆိုလိုမှန်း ရှင်ဘုရင်က ချက်ချင်းပင် ရိပ်စားမိ၏။ သို့နှင့် "အဘိုး၊ ဘုရားထီးတင်လျှင် ဘာကိုအသုံးပြုရသနည်း" ဟု ရာဇသင်္ကြန်အား မေး၏။ "ငြမ်းကို သုံးရပါသည်" ဟုအမတ်ကြီးကဖြေလျှင် "ထီးတင်ပြီးသောအခါ ငြမ်းကိုအဘယ်သို့ ပြုလုပ်ရသနည်း" ဟုမေးပြန်၏။ "ငြမ်းကိုဖျက်သိမ်းရပါသည်" ဟုအမတ်ကြီးကဖြေ၏။ ထိုအခါ နရသီဟပတေ့မင်းက "အဘိုး ထီးနှင့်တူသော အကျွန်ုပ်သည် ယခုအခါ အထွတ်အထိပ်သို့ရောက်ပြီးဖြစ်၍ ငြမ်းနှင့်တူသော အမတ်ကြီးကို ဖျက်သိမ်းရန်သာရှိတော့သည်" ဟု မိန့်ပြီးလျှင် ရာဇသင်္ကြန်က ရာထူးအဆောင်အယောင်အားလုံးကို ရုပ်သိမ်းပြီး သူ့အား ဒလသို့ပို့လေ၏။

ဤကား ပညာရှိအမတ်ကြီး ရာဇသင်္ကြန်အဖို့ပညာရှိ အမျက်အပြင်ထွက်မိသဖြင့် ရရှိလိုက်သော ဘဝသင်ခန်းစာတစ်ရပ်ပင်ဖြစ်တော့သည်။

ဦးရွှေတောင် ဝန်ထမ်းလောကသို့ အရာရှိပေါက်စဘဝဖြင့် ဝင်ရောက်ခါစတုန်းက အဆင့်မြင့်အရာရှိ ပညာရှိကြီးနှစ်ဦးအမျက်ဒေါသထွက်ပြီး ခိုက်ရန်ဖြစ်ပွားကြသည်ကို မြင်တွေ့ခဲ့ဖူး၏။ တစ်ဦးက အတွင်းဝန်(သူ့အမည် ဦးနီဆိုကြပါစို့)။ တစ်ဦးက ညွှန်ကြားရေးဝန် (ယခုခေတ်အခေါ် ညွှန်ကြားရေးမှူးချုပ်) (သူ့အမည် ဦးဝါဆိုကြပါစို့)။ ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးသည် ခက်ခဲလှသော ရှေးဟောင်းစာပေတစ်မျိုးနှင့်ပတ်သတ်၍ ပညာရှိကပိများအဖြစ် သတ်မှတ်ခံထားကြသူတွေဖြစ်၏။

တစ်ရက်သ၌ ကိစ္စတစ်ခုအတွက် အငြင်းပွားကြရင်း အတွင်းဝန် ဦးနီသည် သူ့အမျက်ဒေါသကို မထိန်းနိုင်တော့သဖြင့် ဦးဝါအား ခပ်ရိုင်းရိုင်းပြောလိုက်မိသည်ကား "ဒီမှာ ဦးဝါ၊ ခင်ဗျား ခွေးစကား မပြောနဲ့"ဟူ၍တည်း။ ထိုအခါ ဦးဝါက ချက်ချင်းပင် "ဟုတ်ကဲ့၊ ကျွန်တော် ခွေးစကားမတတ်ပါဘူး ဦးနီ။ ခင်ဗျားနားကြားလွဲတာပဲဖြစ်ရမယ်" ဟူ၍။ ထိုတုံ့ပြန်စကားကြောင့် ဦးနီသည် သူ၏အမျက်ကို ချုန်းအုပ်၍ မရနိုင်တော့ဘဲ ဝုန်းခနဲထရပ်ကာ စားပွဲပေါ်မှ သစ်သားမျဉ်းလုံးကြီး (ထိုခေတ်တုန်းက မျဉ်းသားရန် ရုံးစားပွဲများပေါ်၌ထားရှိသော ပေတံအလုံး) ကို ကောက်ယူကာ တအားလွှဲ၍ရိုက်လိုက်၏။

ဦးဝါသာ ရုတ်တရက် ဆောလျှင်စွာ မတိမ်းရှောင်လိုက်နိုင်လျှင် သူ့မဏိတော် ကွမ်းစားရသည့်ဘဝမျိုးသို့ ရောက်သွားမည်မှာ မုချ။ ရုံးသူ၊ ရုံးသားတွေက ဝိုင်းဝန်းဖျန်ဖြေပေးလိုက်သဖြင့် ထိုရန်ပွဲပြီးဆုံးသွားခဲ့ရ၏။ ယင်းသည် အမျက်ဒေါသကြောင့်ဖြစ်ပွားရသော ရန်ပွဲအသေးစားလေးတစ်ခုဖြစ်၍၊ သာမန်လူအချင်းချင်းဖြစ်ခဲ့ရသည့် ကိစ္စဆိုပါက ပွဲပြီး မီးသေဖြစ်သွားခဲ့မည်။ မကြာမီပင်

မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ကြမည်သာ။ ယခုတော့ ပညာရှိကြီးများ၏ ရန်ပွဲဖြစ်၍ ဟိုးလေးတကျော် ဖြစ်သွားခဲ့ရ၏။ ပြောမဆုံးအောင် တောသုံးတောင် ဖြစ်ခဲ့ရတော့၏။

ကွယ်လွန်သူ အမေရိကန်သမ္မတဟောင်း 'အေဗရာဟင်လင်ကွန်း' ကမူ သူ့အမျက်ဒေါသဖြစ်ရသူကို စာဖြင့် ပစ်ပစ်ခါခါရေးသားပြီး အပြစ်တင်၊ အပြစ်ဖို့ခြင်းဖြင့် သူ၏ဒေါသကို ထွက်ပေါက်ပေးလေ့ရှိ၏။ သို့ရာတွင် ထိုစာကိုမူ သူ ရည်ညွှန်းသည့် ပုဂ္ဂိုလ်ထံသို့ တစ်ကြိမ်တစ်ခါမျှ ပို့လေ့မရှိခဲ့။

တစ်နေရာရာတွင် သိမ်းဆည်းထားလိုက်ခြင်းဖြင့် နိဂုံးချုပ်စေ၏။ သို့မဟုတ်၊ တစ်နည်းနည်းဖြင့် ထိုစာကို ဖျောက်ဖျက်ပစ်လိုက်၏။ ပညာရှိအမျက် အပြင်မထွက်စေရေးအတွက် လင်ကွန်း၏ နည်းလမ်းမှာ အတုယူစရာကောင်းလှသော နည်းလမ်းတစ်သွယ်ဖြစ်သည်ဟု ဦးရွှေတောင် တွေးတောသဘောကျနေမိ၏။

ထိုစဉ်အခိုက် သူ့အိမ်ရှေ့တွင် မာ့(ခ်)တူး (MarkII)ဆလွန်းကားတစ်စီး ထိုးရပ်ပြီး အမျိုးသမီးတစ်ယောက် ဆင်းလာ၏။ နာမည်ကြီးစက်ရုံတစ်ရုံမှ အထွေထွေမန်နေဂျာအပျိုကြီးမမ ဒေါ်လှလှပါကလား။

"ကျွန်မတို့ စက်ရုံက ဝန်ထမ်းတွေအတွက် ရက်တိုသင်တန်းတစ်ခုရှေ့အပတ်ထဲမှာ ဖွင့်လှစ်ပါ့မယ်။ အဲ့ဒီသင်တန်းမှာ (xxx)ဘာသာရပ်အတွက် ဆရာဦးရွှေတောင် ပို့ချပေးဖို့ အချိန်ဇယားထဲမှာ ထည့်သွင်းရေးဆွဲထားပါတယ်။ သင်တန်းပြီးရင် ဆရာ့ကို ညဏ်ပူဇော်ခ ထိုက်ထိုက်တန်တန် ချီးမြှင့်ပါ့မယ်၊ (xx)ဘာသာရပ်အတွက် ပို့ချပေးနိုင်မယ့် ဆရာက သိပ်ရှားပါးလေတော့ ဆရာ့ကိုပဲ လာပြီးအပူကပ်ရတာပေါ့ရှင်။ ဖြစ်အောင်ကူညီပါနော်"

သင်ကြားရေးတွင် အလွန်ဝါသနာကြီးလှသော ဆရာဦးရွှေတောင်သည် ဘာမျှငြင်းချက်မထုတ်ဘဲ ထိုသင်တန်းအတွက်ကူညီခဲ့၏။ အားကြိုးမာန်တက် ပို့ချခဲ့၏။ တစ်ရက်တလေမျှပင် ပျက်ကွက်ခြင်းမရှိခဲ့။ သင်တန်းသားတွေကလည်း သူ၏ပို့ချချက်ကို အလွန်ပင်စိတ်ဝင်စားပြီး နှစ်ခြိုက်လိုလားခဲ့ကြ၏။

သို့ရာတွင် ထိုသင်တန်းဆင်းပွဲကျင်းပသောအခါ ဦးရွှေတောင်ကို မည်သူကမျှ ဖိတ်ကြားခြင်းမပြုခဲ့ကြ။

ထိုနေ့ညနေတွင် စက်ရုံအလုပ်သမားလေးတစ်ယောက်က အထုပ်ကလေးတစ်ထုပ်လာပို့တော့မှ သင်တန်းဆင်းပွဲပြီးသွားပြီဖြစ်ကြောင်းသိရ၏။ အထုပ်ကလေးပေါ်တွင် ကပ်ထားသော စာရွက်ကလေးကို ဖတ်ကြည့်လိုက်တော့ "သင်တန်းပို့ချခဲ့သူ ဆရာဦးရွှေတောင်အတွက် ဂါရဝလက်ဆောင်" ဟုရေးသားထားသောစာတန်းကို တွေ့လိုက်ရ၏။ ထိုအထုပ်ကလေးအပြင်၊ စက်ရုံအလုပ်သမားလေးက ဖိတ်စာကတ်ပြားတစ်စောင်ကိုလည်း ဦးရွှေတောင်ကိုပေးသွားသေး၏။ စက်ရုံအထွေထွေမန်နေဂျာ အပျိုကြီးဒေါ်လှလှ၏ မင်္ဂလာဆောင်ဖိတ်စာ ဖြစ်သတည်း။

ဆရာဦးရွှေတောင်သည် မိမိအတွက်ရရှိလိုက်သော သင်တန်းဆင်း ဂါရဝလက်ဆောင်အထုပ်ကလေးကို ဖွင့်ကြည့်လိုက်ရာ ပိုးတွဲလုံချည် ခပ်ညံ့ညံ့တစ်ထည်ဖြစ်ကြောင်း တွေ့ရ၏။

ဦးရွှေတောင်၏မျက်နှာ တင်းခနဲဖြစ်သွားရ၏။ သင်တန်းဖွင့်ပွဲ ဖိတ်ကြားစဉ်က စက်ရုံအထွေထွေမန်နေဂျာ အပျိုကြီးမမကိုယ်တိုင် လာရောက်၍ ညဏ်ပူဇော်ခ ထိုက်ထိုက်တန်တန်ချီးမြှင့်ပါမည်ဟု ကတိစကားပြောကြားခဲ့၏။ ယခုတော့ သင်တန်းဆင်းပွဲတက်ရောက်ရန်အတွက် သူ့ကို လုံးဝမဖိတ်ကြားခဲ့ရုံသာမက၊ ခပ်ညံ့ညံ့ ပိုးတွဲလုံချည်တစ်ထည်ပေးပို့ခြင်းဖြင့် သူ့စေတနာကို စော်ကားခဲ့၏။ ချမ်းသာကြီးပွားနေသော စက်ရုံကြီးတစ်ရုံ၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဤသို့ ကရော်ကမယ်ပြုလုပ်ခြင်းကိုခံရမှုအတွက် ဦးရွှေတောင် အလွန်ပင်ဒေါသထွက်ရ၏။ သို့ရာတွင် ပညာရှိစာရင်းဝင်နေပြီဖြစ်သော သူ့အနေဖြင့် မိမိ၏အမျက်ကို အပြင်မထွက်မိစေရန် ချက်ချင်း ချွန်းအုပ်လိုက်ရ၏။

အပျိုကြီးမမဒေါ်လှလှ၏ မင်္ဂလာဧည့်ခံပွဲနေ့တွင် ဆရာဦးရွှေတောင်သည် ရေမိုးချိုးပြီး အဝတ်အစားလဲရန် ပြင်ဆင်လျက်ရှိ၏။ ဂျာနယ်တစ်စောင်မှ ရရှိထားသောစာမူခကို စာအိတ်လှလှလေးတစ်ခုတွင်ထည့်ပြီး မင်္ဂလာလက်ဖွဲ့အဖြစ်ပေးရန် ပြင်ဆင်ထား၏။ အပျိုကြီးမမဒေါ်လှလှတို့စက်ရုံမှရရှိသော သင်တန်းဆင်း ဂါရဝလက်ဆောင် ပိုးတွဲပုဆိုးအသစ်ကလေးမှာ အသင့်ချုပ်ပြီးသား ပုဆိုးဖြစ်၍ ထိုပုဆိုးကိုပင် ဝတ်ဆင်ရန် အထုပ်ကလေးကို ဖြေလိုက်၏။

အဝတ်အစားများ အဆင်သင့်ဝတ်ဆင်ပြီးနောက် ဦးရွှေတောင်သည် လက်ဖွဲ့ငွေထည့်ထားသော စာအိတ်ကလေးပေါ်တွင် လိုအပ်သည့်စာများရေးသားရန် မိမိ၏စားပွဲတွင် ထိုင်ချလိုက်စဉ် တင်ပါးဘက်ဆီမှ 'ဗြဲခနဲ' မြည်သံနှင့်အတူ သူဝတ်ဆင်ထားသော

ပုဆိုးဟက်တက်ပြဲသွားရလေ၏။

"တောက်... လက်စသတ်တော့ ငါ့ကို သူတို့ ချီးမြှင့်လိုက်တာ တိုက်ဆွေးလုံချည်းကိုး၊ တော်သေးတာပေါ့ကွာ၊ မင်္ဂလာခန်းမဆောင်ထဲ ရောက်ပြီးမှသာ အခုလိုဖြစ်ရရင်"

ဆရာဦးရွှေတောင် အလွန်ပင် ဒေါသထွက်မိရသော်လည်း သူ့အပျက်ကို ချက်ချင်းပင် ချွန်းအုပ်လိုက်၏။ သူသည် ထိုပုဆိုးအပြဲကို သူ့ခါးမှချွတ်ပြီး သေသပ်စွာခေါက်လိုက်၏။ ပိပိရိရိဖြစ်စေရန် သေသပ်စွာမီးပူထိုး၏။ ထို့နောက် အဆိုပါ ပုဆိုးအခေါက်ကို ဂျပ်ဘူးအလွတ်တစ်ခုထဲတွင်ထည့်ပြီး စက္ကူလှလှလေးနှင့် ထုပ်လိုက်သည်။ အပျိုကြီးမမ ဒေါ်လှလှအတွက်လက်ဖွဲ့ရန် မူလက ရည်ရွယ်ပြုလုပ်ထားခဲ့သောစာမူခစာအိတ်လေးကို သူ့ဘီရိုထဲတွင်ပြန်သိမ်းလိုက်၏။ ဆုံးဖြတ်လိုက်ပါပြီ။ သူကိုယ်တိုင်မသွားတော့ဘဲ စောစောတုန်းက သူစက္ကူလှလှလေးဖြင့် ထုပ်ထားသော ပုဆိုးအပြဲအထုပ်ကလေးကို မင်္ဂလာလက်ဖွဲ့ပစ္စည်းအဖြစ် အပျိုကြီးမမ ဒေါ်လှလှ၏ မင်္ဂလာဆောင်သို့ လူကြုံဖြင့် ပို့လိုက်၏။

ဦးရွှေတောင်သည် သူ့အမျက်ကို အပြင်သို့မထွက်စေဘဲ ဂျပ်ဘူးလေးထဲတွင် ပုဆိုးအပြဲနှင့် အတူတွဲ၍ထည့်လိုက်ခြင်းဖြင့် သိုသိပ်စွာသိမ်းဆည်း လိုက်နိုင်ပေပြီ။ သူ့လုပ်ရပ်အပေါ် ကျေနပ်ခြင်းမက ကျေနပ်၍လည်းနေချေပြီ။ သို့ရာတွင် ဆရာဦးရွှေတောင်သည် ထိုနေ့မှစ၍ သူ့နာမည်ကို ပညာရှိအမည်စာရင်းထဲမှ သူ့ဟာသူ ပယ်ဖျက်ပစ်လိုက်လေတော့သတည်း။ ။

**ဦးရွှေတောင်(ရွှေတောင်ဦး)**




CITY CARTOON

# ဝိပ္ပတ္တိခေတ်ရဲ့ သားကောင်းများ

- ကုသိုလ်က လက်တစ်ကမ်း
  မပျက်တမ်း ကြိုနေ။
- ကိုယ်တို့တစ်တွေ မယူတတ်
  အပူဟပ် ဗျာမွေ။
- "လော...ဒေါ...မော...တဏှာစေ"
  ဘဝါ ဘဝေ အပြစ်ပြွမ်း။
- "ဩဃလေးဖြာ သံသရာတွင်း"
  "ဆင်းသက်နစ်မွန်း"။
  "ယွင်းပျက် ခေတ်ညွန်း"။ ။

**မင်းမောင်နွယ်(မွန်ဌာနီ)**



# ဘုတ်ဆုံလေး၊ ဗိုလ်ချုပ်ရွာ၊
# ပန်းတိုင်အရောက် ဆက်သာလျှောက်

- တရွေ့ရွေ့နှင့်
  အရွေ့နှင့်အတူ၊ လိုက်ပါခဲ့ကြ
  ကျွန်မတို့ဘဝ....။
- လမ်းကျဉ်းကျဉ်း
  လမ်းကျယ်ကျယ်
  ကောက်ချင်ကောက်
  ဖြောင့်ချင်ဖြောင့်
  အရွေ့အတိုင်း
  နောက်မဆုတ်တမ်း
  ပန်းတိုင်အရောက်
  ဆက်သာလျှောက်။
- ခလုတ်တွေ့တွေ့
  ဆူးတွေ့တွေ့
  ချောင်းတွေ့တွေ့
  မြောင်းတွေ့တွေ့
  အန္တရာယ်ဖယ်ကာကွေ့
  ပန်းတိုင်အရောက်
  ဆက်သာလျှောက်။
- နေပူပူ
  မိုးရွာရွာ
  ဆောင်းချမ်းချမ်း
  မှောင်နှင့်မည်းမည်း
  ကိုယ်တစ်ယောက်တည်းဖြစ်ပစေ
  ပန်းတိုင်အရောက်
  ဆက်သာလျှောက်။

**ဘုတ်ဆုံလေး(ဗိုလ်ချုပ်ရွာ)**





# အသည်းရောဂါနှင့် အသည်းအစားထိုးကုသပေးခြင်း


## (Liver disease and Liver Transplantation)

ဒေါက်တာမင်းသူရိန်

ယနေ့အချိန်ကာလတွင် အသည်းရောဂါများ အဖြစ်များလာပါသည်၊ သည်းခြေပြွန်နှင့် သရက်ရွက် (ဘေလုံး)ရောဂါများလည်း အသည်းရောဂါနည်းတူ ပိုရှိဖြစ်လာပါသည်။ နာတာရှည် အသည်းရောဂါများကြောင့် အသက်သေဆုံးမှုလည်း များလာပါသည်။ အသည်းရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရပါမည်။ အသည်းရောဂါဖြစ်ပါကလည်း Laparoscpoy နည်းပညာကို အသုံးပြုပြီး ခွဲစိတ်ကုသခြင်း (Laparoscopic Surgical treatment) ကို ပြုလုပ်နိုင်ပါသည်။ လိုအပ်ပါက အသည်းအစားထိုးကုသပေးခြင်းကို ခေတ်မီသော နည်းပညာများဖြင့် ကုသပေးနိုင်ပါသည်။

**(၁)ကျန်းမာသောအသည်း**(Healthy Liver)

အသည်းသည် ဝမ်းဗိုက်၏ ညာဘက်နံရိုးအောက်နားတွင် တည်ရှိပါသည်။ ခန့်မှန်းခြေအားဖြင့် (၁၅၀၀) ဂရမ် အလေးချိန် ရှိပါသည်။ ခန္ဓာကိုယ်၏ အကြီးဆုံး အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ခန္ဓာကိုယ်အလေးချိန်၏ ၂ ရာခိုင်နှုန်းခန့် ရှိပါသည်။ ကျန်းမာသော အသည်းသည် အသစ်ဖြစ်ပွားခြင်းလုပ်ငန်းစဉ် Regeneration Process ဟုခေါ်သော အသည်းဆဲလ်များနေရာတွင် အသည်းဆဲလ်




အသစ်များ ပြန်လည်ဖြည့်ဆည်းခြင်းကို လုပ်ဆောင်ပေးနိုင်ပါသည်။ အသည်းခြောက်ခြင်း Cirhosis of Liver ဖြစ်ခြင်း သို့မဟုတ် အသည်းဆဲလ်များ မဲသွားခြင်းဖြစ်ပါက ဆဲလ်အသစ် ဖြစ်ပွားခြင်းလုပ်ငန်းစဉ်ကို ကောင်းစွာမလုပ်ဆောင်နိုင်ပါ။

### (၂)အသည်း၏ လုပ်ငန်းဆောင်တာများ

အသည်း၏လုပ်ငန်းဆောင်တာများမှာ ခန္ဓာကိုယ်ရှိ ရောဂါပိုးများကို တိုက်ခိုက်ပေးခြင်း၊ သောက်သုံးလိုက်သော ဆေးဝါးများကို ချေဖျက်ပေးခြင်းနှင့် ခန္ဓာကိုယ်အတွင်း အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်း၊ အူမှစုပ်ယူလိုက်သော ချေဖျက်ပြီးသော အစားအစာများကို စနစ်တကျ ပို့ဆောင်ပေးခြင်း၊ ချေခြင်းအတွက် လိုအပ်သော သည်းခြေရည်များကို ထုတ်ပေးခြင်း၊ သွေးခဲခြင်းနှင့် ပျက်စီးသွားသော တစ်ရှူးများအတွက် လိုအပ်သော အသားဓာတ်နှင့် အင်ဇိုင်းများကိုထုတ်ပေးခြင်းနှင့် စွမ်းအင်ရရှိရန်အတွက် အစာများကို ဖြို့ခွဲပေးခြင်းတို့ဖြစ်ပါသည်။

### (၃) အသည်းရောဂါ၏လက္ခဏာများ

အသည်းရောဂါ၏လက္ခဏာများမှာ အသည်းရောင်အသားဝါဖြစ်ခြင်း (မျက်လုံးနှင့် အရေပြားဝါလာခြင်း)၊ အားနည်းပင်ပန်းလွယ်ခြင်း၊ အရေပြားယားယံခြင်း၊ ဝမ်းဗိုက်တွင် ဖောရောင်နေခြင်း (ရေဖျဉ်းစွဲခြင်း) နှင့် ခြေဖဝါးများ ဖောင်းနေခြင်းတို့ဖြစ်ပါသည်။ ရောဂါအခြေအနေ ဆိုးဝါးလာပါက မူးဝေခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ အပြုအမူများ ပြောင်းလဲခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းတွင် သွေးယိုခြင်း (သွေးအန်ခြင်း၊ ဝမ်းမည်းသွားခြင်း)၊ အရေပြားအလွှာအောက်တွင် သွေးယိုစိမ့်ခြင်းနှင့် အခြားအစိတ်အပိုင်းများ ထိခိုက်ခြင်း (ဆီးသွားနည်းခြင်း၊ အသက်ရှူကြပ်ခြင်း) တို့ ခံစားရနိုင်ပါသည်။

### (၄) အသည်းပျက်စီးမှုအဆင့်ဆင့်

အသည်းပျက်စီးမှုအဆင့် (၄)ဆင့်ရှိပါသည်။ ပထမအဆင့်သည် အသည်းရောဂါစတင်သော အဆင့်ဖြစ်ပါသည်။ အသည်းနှင့် သည်းခြေပြွန်ရောင်ရမ်းခြင်းကို ဖြစ်စေပါသည်။ ခန္ဓာကိုယ်မှ ရောဂါပိုးမွှားများကို တိုက်ခိုက်ချိန်တွင် ရောင်ရမ်းခြင်းကြောင့် ဝမ်းဗိုက်အောင့်ခြင်းကို ခံစားရနိုင်ပါသည်။ ထိရောက်စွာ မကုသဘဲထားပါက ဒုတိယအဆင့်သို့ ပြောင်းသွားနိုင်ပါသည်။

ဒုတိယအဆင့်သည် အမျှင်တစ်ရှူး Fibrous tissue များ အစားထိုးခြင်းကြောင့် အသည်းတွင် အမာရွတ်များ ဖြစ်လာခြင်း Fibrosis of the Liver ဖြစ်ပါသည်။ ၎င်းအဆင့်တွင် အသည်းသို့ သွေးလျှောက်ခြင်း စတင်ပိတ်ဆို့လာပြီး ပုံမှန်ကောင်းမွန်သော တစ်ရှူးစများ Normal tissue အစား အမာရွတ်ဖြစ်စေတတ်သော အမျှင်တစ်ရှူးများ အစားထိုးဝင်ရောက်လာပါသည်။ ၎င်းအဆင့်၌ အသည်း၏ ပုံမှန်လုပ်ငန်းများ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခြင်းမရှိပါ။ သို့ရာတွင် ကုသမှုကို ထိရောက်စွာ ဆောင်ရွက်ပါက နောက်ဆက်တွဲဆိုးကျိုးများကို ကြိုတင်ကာကွယ်နိုင်ပါသည်။

တတိယအဆင့်သည်အသည်းဆဲလ်များပျက်စီးသော အသည်းခြောက်ရောဂါ Cirrhosis of Liver ဖြစ်သော အဆင့်ဖြစ်ပါသည်။ အသည်းခြောက်ရောဂါသည် အသည်းတွင် အမျှင်တစ်ရှူးများ လုံးဝအစားထိုးလိုက်သောကြောင့် သွေးစီးဆင်းမှုများ ပိတ်ဆို့လာပြီး နာတာရှည် အသည်းပျက်စီးခြင်းများဖြစ်လာပါသည်။ ဆေးကုသမှု စနစ်တကျခံယူရန် လိုအပ်သော အဆင့်ဖြစ်ပါသည်။

စတုတ္ထအဆင့် (နောက်ဆုံးအဆင့်) သည် အသည်းပျက်စီးခြင်း၊ အသည်းအလုပ်မလုပ်နိုင်ခြင်း Liver Failure Advanced Liver Disease ဖြစ်ပါသည်။ နောက်ဆုံးအဆင့်တွင် အသည်း၏ လုပ်ငန်းဆောင်တာများကို ကောင်းစွာမလုပ်နိုင်ပါ။ ၎င်းအခြေအနေတွင် အသက်အန္တရာယ်ရှိလာပါသည်။ ချက်ချင်းအရေးပေါ် ကုသမှုများခံယူရပါမည်။ ကုသမှုမခံယူပါက တဖြည်းဖြည်း ပိုမိုဆိုးဝါးလာပါသည်။ အသည်းပျက်စီးမှုကြောင့် အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။ အသည်းပျက်စီးလာသောကြောင့် ခန္ဓာကိုယ်တွင်း အဆိပ်အတောက်များ စုပုံလာတတ်ပါသည်။

### (၅) အသည်းခြောက်ရောဂါဖြစ်စေသော အကြောင်းအရင်းများ

ကလေးများတွင် အသည်းခြောက်ရောဂါဖြစ်စေသော အကြောင်းအရင်းများမှာ မွေးရာပါ သည်းခြေရည်ပြွန်များမပါခြင်း၊ မွေးရာပါ အသည်းအင်ဇိုင်းများ ချို့တဲ့

ခြင်း၊ မျိုးရိုးလိုက်သော အသည်းတွင် သည်းခြေရည်ထွက်နှုန်း ပုံမမှန်ဖြစ်ခြင်းနှင့် မွေးရာပါ အသည်းဆဲလ်တွင် အမျှင်တစ်ရှူးများကြောင့် အမာရွတ်ဖြစ်နေခြင်းတို့ ဖြစ်ပါသည်။

လူကြီးများတွင် အသည်းရောင် အသားဝါ ဘီပိုးနှင့် စီပိုးရောဂါ၊ အသည်းအဆီဖုံးခြင်း၊ အရက်ကြောင့် အသည်းပျက်စီးခြင်း၊ ခုခံအားစနစ်မှ မိမိဆဲလ်ကို မိမိပြန်တိုက်ခိုက်သောရောဂါ၊ အသည်းတွင် အမာရွတ်များဖြစ်လာပြီး အသည်း၏ လုပ်ငန်းဆောင်တာများကို ထိခိုက်ခြင်းနှင့် သည်းခြေ ပြွန်ဆဲလ်များ ပျက်စီးပြီး သည်းခြေရည်များ ထုတ်လုပ်မှုလျော့ကျလာခြင်းတို့ကြောင့် အသည်းခြောက်ရောဂါ ဖြစ်စေနိုင်ပါသည်။

### (၆) လတ်တလော အသည်းပျက်စီးခြင်း

လတ်တလော အသည်းပျက်စီးခြင်းဆိုသည်မှာ အသည်းကောင်းစွာ အလုပ်မလုပ်နိုင်သည့် ပြင်းထန်သော အခြေအနေဖြစ်ပြီး ရက်အနည်းငယ်အတွင်း၌ ရုတ်တရက် လျင်မြန်စွာ အသည်းပျက်စီးသွားခြင်းကိုခေါ်ဆိုပါသည်။ ယခင်က အသည်းရောင်အသည်းဝါရှိနေပြီး အသည်းပျက်စီးသောအခြေအနေတွင် သတိလစ် မေ့မြောခြင်း Hepatic Coma အထိ ဖြစ်နိုင်ပါသည်။ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း အသည်းအဆီဖုံးခြင်း၊ ကြေးနီဓာတ်များ အသည်းတွင် စုပုံလာခြင်း၊ အသည်းရောင်အသားဝါ အေ A, အီး E, ဘီ B များကြောင့် အသည်းရောင်ခြင်းနှင့် ပါရာစီတမော အကိုက်အခဲပျောက်ဆေးအလွန်အကျွံ သောက်မိခြင်းကြောင့် လတ်တလော အသည်းပျက်စီးတတ်ပါသည်။ လတ်တလော အသည်းပျက်စီးခြင်းကို အချိန်မီ မကုသပါက အသက်အန္တရာယ် ထိခိုက်သည်အထိဖြစ်နိုင်၍ လိုအပ်ပါက အသည်းအစားထိုးခြင်းကို လုပ်ဆောင်ရပါမည်။

အသည်းရောင် ဘီပိုး၊ စီပိုး၊ အရက်နှင့် မှိုပါသော အစားအစာများကြောင့် အသည်းခြောက်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာနှင့် မွေးရာပါ သည်းခြေ လမ်းကြောင်းပိတ်ရောဂါများကြောင့် အသည်းပျက်စီးသောအခါ အသည်းအစားထိုးကုသရန်လိုအပ်ပါသည်။

### (၇) အသည်းအစားထိုးကုသခြင်း (Liver Transplant)

အသည်းအစားထိုးကုသခြင်းသည် လုံးဝအလုပ်မလုပ်နိုင်သည့်လူနာ၏အသည်းကို အလှူရှင်ထံမှရရှိမည့် ကျန်းမာသော အသည်းတစ်စိတ်တစ်ပိုင်းဖြင့် အစားထိုးကုသပေးခြင်းဖြစ်ပါသည်။ အသည်းရောဂါပိုးနှင့်ဆက်စပ်နေသော အသည်းခြောက်ရောဂါ၊ အသည်းလုံးဝ အလုပ်မလုပ်နိုင်သော အခြေအနေနှင့် အသည်းအလုပ်မလုပ်နိုင်ခြင်းနှင့်အတူ အသည်းတွင် ဖြတ်ထုတ်၍မရသော အဖုအကျိတ်များ ဖြစ်နေခြင်း စသည့်အခြေအနေများတွင် အသည်းအစားထိုးခြင်းကို ပြုလုပ်သင့်ပါသည်။ ကျန်းမာသော အလှူရှင်ထံမှ ကျန်းမာသော အသည်း၏ တစ်စိတ်တစ်ပိုင်းကို လူနာထံသို့ အစားထိုးကုသခြင်းဖြစ်ပါသည်။ လူနာအတွက် အောင်မြင်မှုရာခိုင်နှုန်း ပိုများပါသည်။ အလှူရှင်အတွက်လည်း ဘေးအန္တရာယ်ကင်းပါသည်။ အသည်းရောဂါ ပြင်းထန်ခြင်းကြောင့် အသက်အန္တရာယ် စိုးရိမ်ရသော လူနာများအတွက် အသည်းအစားထိုးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

### (၈) အသည်းလှူဒါန်းနိုင်သူများ


အသည်းလှူဒါန်းနိုင်သူများမှာ ကျန်းမာ၍ အသက်ရှင်လျက်ရှိသောသူ၊ သေဆုံးပြီးကာစ လူ၊ ဦးနှောက်ဆဲလ် သေနေသော အသက်ရှင်လျက်ရှိသူနှင့် သွေးအမျိုးအစား တူညီမှုရှိသူတို့ဖြစ်ပါသည်။ ကျန်းမာ၍ အသက်ရှင်လျက်ရှိသောသူ (Living donor) သည် အလှူရှင်အနေနှင့် မိသားစုဝင်၊ ဆွေမျိုးသားချင်း ဖြစ်ရပါမည်။ လူနာရှင်၏ မိန်းမ၊ လူနာရှင်၏ ယောကျ်ား၊ မိဘညီအစ်ကို မောင်နှမ၊ ဝမ်းကွဲမောင်နှမ၊ ကလေး၊ အဖိုး၊ အဘွားနှင့် မြေးတို့ဖြစ်ပါသည်။ သွေးအုပ်စု အမျိုးအစား တူရပါမည်။ အသက် ၁၈ နှစ်နှင့် ၅၅ နှစ်ကြား ဖြစ်ရပါမည်။

အလှူရှင်၏ အသည်းတစ်စိတ်တစ်ပိုင်းကိုထုတ်ယူပြီး လူနာထဲသို့ ထည့်ပေးခြင်းဖြစ်ပါသည်။ အလှူရှင်အသည်း၏ (၇၀)ရာခိုင်နှုန်းခန့်အထိ ထုတ်ယူနိုင်ပါသည်။ အလှူရှင်တွင် ထုတ်ယူပြီးကျန်ရှိသောအသည်းအစိတ်အပိုင်းသည်ပုံမှန်အသည်းအရွယ်အစားသို့ ဆဲလ်များ ပြန်လည်ပွားများလာပါသည်။ ၂ လ မှ ၃ လ ခန့်အတွင်း ယခင်မထုတ်ယူခင်က အသည်းအရွယ်အစား၏ (၉၀)ရာခိုင်နှုန်းခန့်



ပြန်ပြည့်လာနိုင်ပါသည်။ အသည်းအလှူရှင်သည် ၃ ပတ် မှ ၄ ပတ်အထိ အနားယူရပါမည်။ (၄)ပတ်ကျော် နောက်ပိုင်းတွင် မပင်ပန်းသောအလုပ် (သက်သာသော အလုပ်)ကိုသာ လုပ်ရပါမည်။ (၆)ပတ်မြောက် ရောက်သောအခါတွင် ပုံမှန်အလုပ်များ ပြုလုပ်နိုင်ပါသည်။ ခွဲစိတ်ပြီး (၆)လ အတွင်း ပြင်းထန်သော လေ့ကျင့်ခန်းပြုလုပ်ခြင်းကို ရှောင်ရှားရပါမည်။

သေဆုံးပြီးကာစ လူ (Deceased Donor) ဆိုသည်မှာ ခေါင်းထိခိုက်ဒဏ်ရာ၊ ဦးနှောက်သွေးယိုခြင်း၊ လေဖြတ်ခြင်းကြောင့် ဦးနှောက်သေနေသော လူနာ(မသေမီ လှူဒါန်းရန် စာရင်းသွင်းလက်ခံသောဌာန)ကိုဆက်သွယ်ထားသူများ ဖြစ်ကြပါသည်။ ၎င်းပရိုဂရမ်တွင် စာရင်းပေးထားသည့်လူမှ သေဆုံးသွားသောအခါ ဌာနမှ ဆက်သွယ်လာပါမည်။ ၎င်းအချိန်တွင် သေဆုံးသွားသော လူနာထံမှ အသည်းကို ချက်ချင်းထုတ်ယူပြီး လူနာထံသို့ အလျင်အမြန် အစားထိုးကုသပေးခြင်းကို ဆိုလိုပါသည်။




**(၉) အသည်းအစားထိုးခြင်းပြုလုပ်ပြီး ဂရုစိုက်ရန်အချက်များ**

အသည်းအစားထိုးကုသမှု၏ (၉၅) ရာခိုင်နှုန်းသည် အောင်မြင်မှုရှိပါသည်။ သို့ရာတွင် နောက်ဆက်တွဲ ပြဿနာကြုံတွေ့နိုင်ပါသည်။ အစားထိုးလိုက်သော အသည်းကို ခန္ဓာကိုယ်၏ ခုခံအားစနစ်မှ ပြန်လည်တိုက်ခိုက်တတ်ခြင်းကြောင့် ငြင်းပယ်ခြင်း(Rejection)ဖြစ်တတ်ပါသည်။ ထို့ကြောင့် အသည်းအစားထိုးကုသမှုခံယူပြီးနောက် ခန္ဓာကိုယ်မှ ခုခံအားစနစ်ကို လျှော့ချပေးသောဆေးများ (Anti-rejection medicine) သောက်သုံးရန် လိုအပ်ပါသည်။ ၎င်းဆေးများ၏ ဘေးထွက်ဆိုးကျိုးမှာ ခုခံအားစနစ်ကို လျှော့ချပေးခြင်းကြောင့် ရောဂါပိုးမွှားများ အလွယ်တကူ ဝင်ရောက်နိုင်ပါသည်၊ အသည်းအစားထိုးခွဲစိတ်ပြီး ၂ လ မှ ၃ လအတွင်း ကောင်းလာနိုင်ပြီး (၆)လကြာပါက ပုံမှန်လုပ်ငန်းများ လုပ်ဆောင်နိုင်ပါသည်။ ပုံမှန်အတိုင်း ၆ လ တစ်ကြိမ် သို့မဟုတ် တစ်နှစ်တစ်ကြိမ် သက်ဆိုင်ရာဆရာဝန်နှင့် ပြန်လည်ပြသရန် လိုအပ်ပါသည်၊

**(၁၀) အခြားခွဲစိတ်ကုသမှုများ**

ကင်ဆာအထူးကုဆရာဝန်ကြီးများနှင့် ဓာတ်ရောင်ခြည်အထူးကု ဆရာဝန်ကြီးများဖြင့် အသည်းခွဲစိတ်ကုသရာတွင် သေးငယ်သော အပေါက်သာဖောက်ပြီး ခွဲစိတ်သောနည်း Laparoscopic surgical resection ကို အသုံးပြုခြင်း၊ ဓာတ်ရောင်ခြည်လှိုင်းများ ထုတ်လွှတ်၍ ကုသခြင်း Radio frequency ablation ကင်ဆာဆဲလ်ဆီသို့ သွေးသောက်ပုံ့မှုကို တားဆီးပေးခြင်း transanterial chemo-embolization TACE ၊ သွေးပတ်ဝန်းကျင်ရှိ ကောင်းသောဆဲလ်များကို မထိခိုက်စေဘဲ ကင်ဆာအဖုအကျိတ်များဆီသို့ ဓာတ်ရောင်ခြည်တိုက်ရိုက်ရောက်ရှိကာ ကုသခြင်း၊ Radioactive micro sphere injections စသည့်ခေတ်မီသော နည်းပညာများကို အသုံးပြု၍ ကုသပေးနိုင်ပါသည်။

**(၁၁) အကြံပြုချက်**

နာတာရှည် အသည်းရောဂါ ခံစားနေရသောလူနာများသည် အသည်း ခြောက်ရောဂါ သို့မဟုတ် အသည်းဆဲလ်များ ပျက်စီးနေခြင်း၊ အသည်းအလုပ်မလုပ်ခြင်းများကြောင့် အသည်းတွင် အဆိပ်အတောက်များ စုပုံလာပြီး အသက်အန္တရာယ် စိုးရိမ်ရပါသည်။ ထို့ကြောင့် အသည်းရောဂါနှင့် ပတ်သက်သော ရောဂါဝေဒနာများအတွက် အသည်းအထူးကုဆရာဝန်ကြီးများနှင့် အချိန်မီပြသ၍ ကုသမှုခံယူရပါမည်။ အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုးများရှိပါက ထိရောက်စွာ ကုသရပါမည်။ အသည်းအစားထိုးကုသမှု မပြုလုပ်ခင်နှင့် ပြုလုပ်ပြီးနောက်တွင် လူနာကို အထူးကြပ်မတ်မှုများ၊ ဂရုစိုက်ကုသမှုများ ဆောင်ရွက်ပေးရပါမည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို စားပေးရပါမည်။ အသည်းအစားထိုးကုသမှု ပြုလုပ်ပြီးနောက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သင့်ကြောင်း အကြံပြုအပ်ပါသည်။

**ဒေါက်တာမင်းသူရိန်**

# ဆံနွယ်လေးတွေ ဖြူမှာဖြင့်

မာဓိမြ။

နေရောင်ခြည်၏ အလင်းရောင်က မှန်ထဲတွင်မြင်နေရသော ကျွန်မ၏ဆံနွယ်များကို မီးမောင်းထိုးပြလိုက်သလို ဖွေးခနဲ ဖွေးခနဲ မြင်နေရ၏။

ဖွေးဖြူနေသော ဆံနွယ်စများကို ကျွန်မသည် လက်ဖြင့် ပွတ်သတ်လိုက်ရင်း လက်တစ်ဖက်က မှန်တင်ခုံပေါ်ရှိ ဆံပင် ဆိုးဆေးပုလင်းပေါ်သို့ အလိုလိုရောက်သွားသည်။ ထိုခဏ အမှတ်မထင် ဖေဖေကို သတိရသွားမိလေသည်။

ငယ်စဉ်က...အင်း...ကျွန်မတို့ ငယ်စဉ်ကပေါ့....

အသက်(၅၀)ကျော် ဖေဖေက ရုံးအားရက် တနင်္ဂနွေလို နေ့မျိုးတွေမှာ ကျွန်မတို့ မောင်နှမသုံးယောက်ကို ဆံပင်ဖြူတွေ နုတ်ခိုင်းတတ်သည်။ ကလေးများပီပီ ကစားချင်နေကြသည်ကို သိသော ဖေဖေက....

"တစ်ပင်ကို မုန့်ဖိုး ပြားငါးဆယ်ပေး မယ်..."ဟု မက်လုံးပေးကာ ချော့မော့၍ ဆံပင်ဖြူ နုတ်ခိုင်းတတ်လေသည်။ ပိုက်ဆံ ရမည်ဆိုတော့ အလုအယက်နုတ်ကြသည်။ သည်ကြားထဲ မောင်ဖြစ်သူ ဖိုးလုံးက လူ



လည်ကျကာ ဆံပင်ဖြူတစ်ပင်ကို နှစ်ခြမ်း ဖြတ်၍ တစ်ပင်ကို နှစ်ပင်လုပ်ကာ ဖေဖေ့ ထံမှ မုန့်ဖိုးကို နှစ်ဆညာယူခဲ့သေး၏။

ငယ်ငယ်က အဖြစ်ကလေးတွေကို ပြန်သတိရလျက် ကျွန်မ ပြုံးလိုက်မိပါသည်။ "ဖေဖေကလည်း ဆံပင်ဖြူတွေကို နုတ်နေမဲ့ အစား ဆေးဆိုးလိုက်ပါလားလို့..."

ကျွန်မက ထိုသို့အကြံပေးတော့ ဖေဖေပြောခဲ့ဖူးသော စကားလေးက မှတ်သားစရာ ကောင်းခဲ့ပါ၏။

"ဆံပင်ဖြူတွေက ယားလို့နုတ်ခိုင်းတာပါ သမီးရယ်...."

"တကယ်တော့ ဆံပင်ဖြူဆိုတာ ဇရာရဲ့ သင်္ကေတပါ။ ဆံပင်တွေဖြူလာပြီဆိုတော့...ဇရာဆိုတဲ့ အိုခြင်းတရားကို အသိပေးနေသလိုဖြစ်တယ်။ သတိသံဝေဂရပြီး ဆင်ခြင်သင့်တာ ဆင်ခြင်၊ ပြင်ဆင်သင့်တာ ပြင်ဆင်နိုင်တဲ့ သတိတရားကိုလည်း ဖြစ်စေတာပေါ့။ ဆံပင်ဖြူတာဟာ အသက်ကြီးသူတို့အတွက် ကျက်သရေတစ်ပါးပါလေ။ မျက်နှာက ပါးရေတွေတွန့်နေပြီး ဆံပင်တွေကို ဆေးဆိုးတာထက်စာရင် တွန့်နေတဲ့ ပါးရေတွေနဲ့ ဆံပင်ဖြူဖြူတွေဟာ လိုက်ဖက်တင့်တယ်ဆုံးပါပဲ...."

**ဆံပင်ဖြူတာဟာ**
**အသက်ကြီးသူတို့အတွက်**
**ကျက်သရေတစ်ပါးပါလေ။**
**မျက်နှာက**
**ပါးရေတွေတွန့်နေပြီး**
**ဆံပင်တွေကို**
**ဆေးဆိုးတာထက်စာရင်**
**တွန့်နေတဲ့ ပါးရေတွေနဲ့**
**ဆံပင်ဖြူဖြူတွေဟာ**
**လိုက်ဖက်တင့်တယ်ဆုံးပါပဲ**

ဖေဖေပြောခဲ့သော စကားတွေက မှတ်သားစရာကောင်းခဲ့သော်လည်း ကျွန်မကမူ အသက်ခြောက်ဆယ်ပင် ကျော်လာသည့်တိုင် ဆံပင်ဖြူတွေကိုဆေးဆိုးကာ မိမိကိုယ်ကိုယ် ဆယ်ကျော်သက်လေးလို လုပနုပျိုနေအောင် ပြုပြင်နေထိုင်၍လာခဲ့လေသည်။

"စိတ်ပျိုရုံဘယ်ကမလဲ....ကိုယ်ကိုလည်း ငယ်အောင်နုအောင် ပြုပြင်နေထိုင်ရမှာပဲလေ..."

ထိုသို့ခံယူရင်း အသက်ခြောက်ဆယ်ကျော်သော်လည်း အပြင်သွားလျှင် ဘောင်းဘီတွေ၊ စကပ်တွေဝတ်ကာ ဆံပင်ကို ဖားလျားချလျက် လက်ရှိအသက်ကို မေ့ထားခဲ့လေသည်။

x x x x x

ယနေ့လည်း သက်တူရွယ်တူ ခြောက်ထိပ်စည်း ဆယ်ကျော်သက် တစ်ကျော့ပြန် မမများနှင့် မြန်မာပလာဇာတွင် နေ့လယ်တစ်နာရီ၌ တွေ့ဆုံကြရန် ချိန်းထားလေ၏။

အိမ်မှ ခပ်စောစောလေး ထွက်လာခဲ့သည်။ ရုံးတွေ၊ ကျောင်းတွေပိတ်သည့်ရက်ဖြစ်သော်လည်း ဘတ်စ်ကားတွေက တော်တော်လေးကျပ်သည်။ ထိုင်စရာနေရာမရ။

ကားမောင်းသူ၏ အနောက်ဖက်ရှိ ထိုင်ခုံနေရာတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိုင်နေကြသည်။ သူတို့၏ ရှေ့တည့်တည့်၊ ကားမောင်းသူ၏ နောက်မှ သံတိုင်ကိုကိုင်၍ရပ်နေသော သံဃာတစ်ပါးကို တွေ့ရသည်။ ဆွမ်းခံကြွ၍ ပြန်လာခဲ့ဟန်တူသည်။ လက်ထဲတွင် လေးဆင့်ချိုင့်တစ်လုံးကိုကိုင်၍ သပိတ်ကိုမူ ရင်ဝယ်ပိုက်ထားသည်။ ထိုင်နေသော အမျိုးသားနှင့် အမျိုးသမီးက သံဃာကို နေရာမထပေးကြ။ မသိဟန်ဆောင်နေကြသည်။

ထိုင်ခုံတော်တော်များများတွင် ထိုင်နေကြသူများမှာ အမျိုးသားတွေများကြသည်။ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးစုံသည်။ မတ်တတ်ရပ်နေသောသူအများစုမှာ အမျိုးသမီး ကြီး၊ ငယ်၊ အလတ်၊ ကလေးငယ်များနှင့် ယခုန ပြောသော ဆွမ်းခံပြန် ကိုယ်တော်တို့ဖြစ်သည်။

ကျွန်မ၏စိတ်ထဲတွင် ဘဝင်မကျဖြစ်သွားမိသည်။ လောကကျင့်ဝတ်ကို မသိကြလေရော့သလား။ ပြည်သူ့နီတိကို နားမလည်ကြလေရော့သလား။ အဘယ်သို့ဖြစ်ကုန်ကြလေသနည်း။

တစ်ပြိုင်တည်းမှာပင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ အလည်သွားရောက်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသော အတွေ့အကြုံလေးတစ်ခုကို သတိရသွားမိပါ၏။

x x x x x

ဘတ်စ်ကားများမှာ ရုံးချိန်၊ ကျောင်းချိန်ဖြစ်သည့်တိုင် အသက်ရှူမရ မွန်းကျပ်ပိတ်ညပ်နေအောင် ခရီးသည်တွေ မများလှ။ အချိန်နှင့်တစ်ပြေးညီ ကားများကို အဆက်မပြတ် ပြေးဆွဲပေးနေ၍လည်း ဖြစ်မည်ထင်ပါ၏။

မှတ်တိုင်တစ်ခုသို့အရောက်တွင် ဘတ်စ်ကားပေါ်သို့ ကျောင်းဝတ်စုံလေးများဖြင့် ကျောင်းသား၊ ကျောင်းသူလေးများ တက်လာကြသည်။ ဘတ်စ်ကားထဲတွင် ထိုင်နေကြသူများက ကလေးများကို ထိုင်ရာမှထ၍ နေရာဖယ်ပေးကြသည်။

နောက်မှတ်တိုင်တစ်ခုအရောက်တွင် အသက်ကြီးကြီး အဘိုးအရွယ် အမျိုးသားကြီးတစ်ဦး တက်လာသည်။ ထိုင်နေသော အမျိုးသားတစ်ဦးက နေရာမှထ၍ ထိုအဘိုးအား နေရာပေး၍ ထိုင်စေလိုက်သည်။

ဆက်လက်၍ နောက်ထပ် နှစ်မှတ်တိုင်အရောက်တွင် ကိုယ်ဝန်သည်အမျိုးသမီးတစ်ဦး တက်လာသည်။ ထို ကိုယ်ဝန်သည် အမျိုးသမီးကို ခုနက အဘိုးက သူ့နေရာမှ ထ၍နေရာပေးလိုက်သည်ကို တွေ့ရသည်။

ဘတ်စ်ကားပေါ်တွင် ထိုင်နေသူများမှာ ကလေးငယ်များ၊ အမျိုးသမီးများ၊ သက်

ကြီးရှယ်အိုများ ဖြစ်ကြသည်။ မတ်တတ်ရပ်စီးလာကြသူမှာ အမျိုးသားများပင်ဖြစ်ကြသည်။

အသက်အရွယ်အလိုက်၊ အားနည်းသူ အားရှိသူအလို နေရာပေးတတ်သော အပြုအမူများကို အတုယူဖွယ်ကောင်းအောင် မြင်တွေ့ခဲ့ရသည်။ မြင်တွေ့ရစဉ်ခဏ ရင်ထဲ မေတ္တာစိတ်တွေ ကြည်နူးမှုတွေ ဖြစ်သွားရလေ၏။ ဒြော်...ဒါကြောင့် တိုင်းပြည် တိုးတက် တယ် ဆို တာ သည် လို လောကနီတိ၊ ပြည်သူ့နီတိတွေကို ကျင့်သုံးတဲ့ စိတ်ဓာတ်အပြုအမူတွေကြောင့်လည်း ပါလိမ့်မည်ဟု ကောက်ချက်ချမိခဲ့၏။

တစ်ကြိမ်မက ကြိမ်ဖန်များစွာ ထိုအပြုအမူများကို မြင်တွေ့ကြုံဆုံခဲ့ရပါသည်။

ဂါရဝတရား....လောကနီတိ...ပြည်သူ့နီတိဆိုတာကို မျက်မြင်ကြုံတွေ့ခဲ့ဖူးရလေ၏။

x x x x x

"အား....အမလေး"

ရုတ်တရက် ဘတ်စ်ကားက ဘရိတ်အုပ်လိုက်သောကြောင့် ကျွန်မ၏နောက်နားဆီမှ ခပ်ဝဝအမျိုးသမီးကြီးမှာ ကျွန်မ၏ကိုယ်ပေါ်သို့ စောင်း၍ပိကျလာသည်။ ကားက ပို၍ပို၍ ကျပ်လာသည်။ အရပ်ကပုပု၊ လူကောင်က သေးသေး၊ ဆံပင်က တိုတို၊ ဝတ်ထားတာက စကပ်လေးနှင့်ဆိုတော့ ကျွန်မကို အသက်ခြောက်ဆယ်ကျော်မည်ဟု မည်သူကမျှ ထင်မည်မဟုတ်။ သည်ကြားထဲ မျက်နှာမှာ Mask က တပ်ထားသေးသည်မို့ မသိလျှင် မိန်းမငယ်တစ်ဦးသဖွယ်....။

လူကြားထဲ ညပ်နေ၍ အသက်ရှူမရ ဖြစ်လာသောကြောင့် ကားပြတင်းပေါက်ဝနားရှိရာသို့ လူအုပ်ကြားထဲ တိုးဝှေ့၍ ရုန်းထွက်လိုက်သည်၊ အသက်အရွယ်အရ လူတိုး၍ ကားကျပ်သည့်ဒဏ်၊ ကြာကြာ မတ်တတ်ရပ်ရသည့်ဒဏ်တို့ကို ခံနိုင်ရည်သိပ်မရှိတော့သည်မှာ အမှန်ပင်။ မိမိ၏စိတ်က မည်မျှပင် နုပျိုပါသည်ဟုဆိုဆို ခန္ဓာကတော့ နုပျိုဖျတ်လတ်ခြင်းမရှိတော့သည်ကို လက်တွေ့ပြခဲ့လေပြီ။ သည်အချိန်မှာတော့ မိမိကိုယ်ကိုယ် အသက်ကြီးသူတစ်ယောက်ပါလားဟူသော ခံစားချက်တို့ ရုတ်ချည်းဝင်ရောက်လာတော့၏။

"ထိုင်ချင်လိုက်တာ...၊ ထိုင်စရာနေရာရရင် ကောင်းမှာပဲ..."

စိတ်ဦးတွေးရင်း ထိုင်စရာရလိုရငြား မျက်လုံးကို ဝေ့ကြည့်လိုက်သည်။

ထိုစဉ် ကျွန်မရှေ့တည့်တည့်ခုံတွင် ထိုင်နေသော လူငယ်လေးတစ်ယောက်က



သူထိုင်နေသောနေရာမှ ထပေးလိုက်သည်။ ထိုင်စရာနေရာရပြီဆိုသော အသိဖြင့် ဝမ်းသာအားရ ထိုင်မည်အပြု...ထိုလူငယ်လေးက ကျွန်မထိုင်လိုက်မည်စိုးသည့် အမူအရာဖြင့် သူ၏ကိုယ်ကိုစောင်းလျက် ကာလိုက်ပြီး ယခုနှမှတ်တိုင်မှတက်လာသော အမျိုးသားကြီးတစ်ဦး၏လက်ကို လှမ်းဆွဲလျက် ထိုနေရာကို ထိုင်စေသည်။

"ဟူး..."

ကျွန်မ...လေပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။ ခြေတစ်လှမ်း နောက်ပြန်ဆုတ်လိုက်သည်။

ထိုအမျိုးသားကြီးမှာ ပြုံးလျက် နေရာတွင် ဝင်ထိုင်လိုက်သည်။ ထိုသူ၏ ဦးခေါင်းတွင် ဆံပင်ဖြူများ ဖွေးဖွေးလှုပ်နေသည်။ သူ၏မျက်နှာပေါ်ဝယ် ပါးရေ၊ နားရေများ တွန့်လျက်ရှိသည်။ ခန္ဓာကိုယ်မှာ ပိန်ပိန်ပါးပါးဖြစ်ပြီး ပခုံးမှာ အနည်းငယ်ကိုင်းနေသည်ကို တွေ့ရသည်။

ဘာပဲပြောပြော ကျွန်မကို နေရာမပေးသော်လည်း အသက်အရွယ်ကြီးသူကို ဂါရဝတရားထား၍ နေရာဖယ်ပေးလိုက်သော ထိုလူငယ်လေးကို စိတ်ထဲကနေ ချီးကျူးလိုက်မိပါ၏။

"ကျေးဇူးတင်ပါတယ် သားရယ်...အဘက အသက်ခြောက်ဆယ့်လေးနှစ် ရှိပါပြီ..."

အလို...ခြောက်ဆယ့်လေးနှစ်တဲ့။ ကျွန်မထက်တောင် တစ်နှစ်ငယ်နေပါသေးလား။ အသွင်အပြင်အရ...အမြင်မှာ သူက အလွန်အိုနေပြီး ကျွန်မက ငယ်ရွယ်သူပုံပေါက်နေလေရော့သလား။

နောက်နှစ်မှတ်တိုင်အရောက်တွင် ထို ခေါင်းဖြူဖြူနှင့် အမျိုးသားကြီးမှာ ကားပေါ်မှ ဆင်းသွားလေတော့၏။

"နှစ်မှတ်တိုင်အရောက်တွင် ထို

ခေါင်းဖြူဖြူနှင့် အမျိုးသားကြီးမှာ ကားပေါ်မှ ဆင်းသွားလေတော့၏။

"နှစ်မှတ်တိုင်ပဲ စီးတာကိုများ ထိုင်နေသေးတယ်"ဟု စိတ်ထဲကနေ ပြောလိုက်ရင်း ထိုအမျိုးသားကြီးထိုင်သွားသောနေရာတွင် ဝင်ထိုင်မည်အပြု ခုနက လူငယ်လေးက ဆတ်ခနဲ သူ့နေရာသူ ပြန်ဝင်၍ ထိုင်လိုက်ပါသည်။

"ဝိုး....အသက်ရှူရတာ မွန်းကြပ်လိုက်တာ...."

ခရီးရှည်၍ ကားကျပ်ရသည့်ကြားထဲ မီးပွိုင့်ကလည်း ခဏခဏမိနေသေး၏။ ထိုင်စရာနေရာကလည်း မရသေး။ ခရီးသည်များထဲမှ အနံ့ပေါင်းစုံကို ရှူရှိုက်ရင်း မွန်းကြပ်လာသည်။ ခေါင်းထဲက မူးနောက်နောက် ဖြစ်လာကာ ခြေထောက်များမှာလည်း ချွေခေါက်ကျမတတ် ဖြစ်လာသည်။ မနေနိုင်တော့သည့်အဆုံး မျက်နှာပေါ်မှာ တပ်ထားသော Mask ကို ချွတ်ပစ်လိုက်သည်။

ပြတင်းပေါက်မှဝင်လာသော လေကို ရှူရှိုက်လိုက်သည်။

အနံ့အသက်မကောင်းသော်လည်း မွန်းကြပ်မှုက အနည်းငယ်ပြေလျော့သွားသည်ဟု ထင်ရ၏။

"အဖွား..အဖွား..လာ..လာလေ ထိုင်ပါ"

ခုနက လူငယ်လေးက ကျွန်မ မျက်နှာကို လှမ်းကြည့်ပြီးပြောသည်။

သူ့မျက်နှာမှာ အံ့သြခြင်းနှင့်အတူ အားတုံ့အားနာဖြစ်သွားသော အနေအထားကို တွေ့ရလေသည်။ Mask ကို ဖယ်လိုက်တော့မှ ကျွန်မ၏ မျက်နှာပေါ်က တွန့်နေသော အရေးအကြောင်းများကို မြင်သွားပုံရ၏။

"ဟွန်း...ခုမှ လာထိုင်ခိုင်းနေတယ်။ ရှေ့မှတ်တိုင်ကျရင် ဆင်းတော့မှာ..."ဟု စိတ်ထဲကနေ မကျေမနပ်ပြောလိုက်ပြီး သူ့မျက်နှာကို တစ်ချက်လှမ်းငဲ့ကြည့်လိုက်သည်။

"ငါသာ...ဆံပင်တွေကို ဆေးမဆိုးဘဲ ဒီတိုင်းထားရင် အစကတည်းက ထိုင်စရာနေရာ ရခဲ့လေမလားမသိ"

ထိုသို့တွေးရင်း လူငယ်လေးကို ကျော်ခိုင်းလျက် တံခါးထွက်ပေါက်ရှိရာဆီသို့ တိုး၍သွားလိုက်လေတော့သည်။

x x x x x

နေရာတကာ ငယ်ရွယ်နုပျိုဟန်ဂိုက်ဖမ်းနေသော ကျွန်မ...ယခုတော့ သင်ခန်းစာကောင်းကောင်းကြီး ရလိုက်ချေပြီ။ တစ်ချိန်က ဖေဖေပြောခဲ့သည်လေ...

"အသက်ကြီးသူတို့အတွက် ဆံပင်ဖြူတာ ကျက်သရေတစ်ပါးပါပဲ...။ တွန့်နေတဲ့ ပါးရေတွေနဲ့ ဆံပင်ဖြူတွေဟာ အလိုက်ဖက်ဆုံးပါပဲ"တဲ့။



ဆံနွယ်ဖြူလေးများကို ကျွန်မ အထင်မသေးဝံ့တော့။

တစ်ခါတရံတွင် ထိုဆံနွယ်ဖြူလေးများက မိမိနှင့်သင့်လျော်သော အခြေအနေတစ်ရပ်ကို အကောင်းဆုံးဖန်တီးပေးနိုင်သည်ပဲ...

ဘယ်လမ်း ဘယ်ပန်း

ဘယ်ခရီး ဘယ်ထီး

.....ဆိုသည့် စကားနှင့်အညီ မည်သူမဆို မိမိ၏အသက်အရွယ်နှင့်ကိုက်ညီသော လိုက်လျောညီထွေဖြစ်သော ဝတ်စားဆင်ယင်မှု၊ နေထိုင်သွားလာတတ်မှုသည်ပင် လောကနီတိ၊ ပြည်သူ့နီတိဟူသော လူ့ကျင့်ဝတ်တို့ကို မှန်ကန်စွာ လိုက်နာပြုကျင့်ခြင်းမည်ပေသည် မဟုတ်ပါလော။

သူတပါးကို ဝေဖန်နေရုံနှင့်မပြီး။ မိမိကိုယ်တိုင်ပင် သတိထားဆင်ခြင်ရပေဦးတော့မည်။

မည်သို့ပင်ဖြစ်စေ လူကြီးသူမတွေကို အလေးထား၍ နေရာပေးတတ်သော ဘတ်စ်ကားပေါ်တွင် တွေ့ခဲ့သည့် ထိုလူငယ်လေး၏ စိတ်ဓာတ်ကို အသိအမှတ်ပြုချီးကျူးလိုက်မိတာကတော့ အမှန်ပင်။ ထိုနေ့က ဘတ်စ်ကားပေါ်မှအဆင်းတွင်...

တို့နိုင်ငံမှာလည်း သည်လိုမျိုး လောကကျင့်ဝတ် ပြည်သူ့နီတိကိုသိပြီး ကျင့်သုံးလိုက်နာတတ်တဲ့ လူငယ်လေးတွေ ရှိနေပါလားဆိုသော အသိက ဘဝင်မကျဖြစ်နေခဲ့သော ကျွန်မ၏ စိတ်တွေကို ဝမ်းသာကျေနပ်မှု ဖြစ်စေခဲ့ပါတော့သည်။

မထိမ္ဘူ

မအေးစံသည် ခင်ပွန်းသည် ကိုကျော်ဆင့် ကွယ်လွန်သွား၍ မုဆိုးမဘဝတွင် ပိုင်ဆိုင်မှုဆိုလို့ သားတစ်ယောက်ဖြစ်သော အောင်ဆင့်မှလွဲ၍ ပြစရာမရှိ ဖြစ်လေ၏။

မအေးစံ၏ခင်ပွန်း ကိုကျော်ဆင့်က အလုပ်တစ်ခု မယ်မယ်ရရ လုပ် လေ့မရှိ။ ဆေးလိပ်ကို လက်က မချသလို အရက်ကလည်း တစ်နေ့ကုန် တစွတ်စွတ်သောက်လေသူ။ ထို့အတွက် နောက်ဆုံးရလဒ်က အဆုတ်ရောဂါနှင့် ဘဝဇာတ်သိမ်းရလေသည်။

မအေးစံတို့ မိသားစုရပ်တည်မှု စားဝတ်နေရေးနှင့် သား၏ပညာသင်စရိတ် အဖြစ် အားထားနေရသော ရပ်ကွက်တွင်း ကုန်စုံဆိုင်အသေးလေးမှာလည်း ကိုကျော်ဆင့်၏ ဆေးကုသစရိတ်နှင့် အရင်းပါ ပြုတ်သွားခဲ့တော့သည်။

ထို့ပြင် ကိုကျော်ဆင့်အစ်မကြီးအိမ်မှာ ကပ်နေကြရသူဖြစ်သဖြင့် ကိုကျော်ဆင့် မရှိတော့ချိန်တွင် အိမ်ပြောင်းခိုင်း၍ တစ်လမ်းကျော်က မစိုးမေ၏ အိမ်အောက်ထပ်ရှိ ၁၅ပေခန်းလေးမှာ သွားရောက်ငှားရမ်းနေထိုင်ရတော့သည်။

အဆင်ပြေချင်တော့ မစိုးမေက လမ်းထိပ်မှာ သူမ ပိုင်ဆိုင်သော ဆိုင်ခန်းကလေး လူပြောင်းသွားသဖြင့် မအေးစံကိုပင် ရောင်းချင်တာရောင်းဖို့ ဆက်ငှားပြန်သဖြင့် မအေးစံက



နံနက်ခင်း ထမင်းကြော်၊ မုန့်ဟင်းခါး၊ ညနေဘက် အကြော်စုံကြော် ရောင်းခြင်းဖြင့် အိမ်လခ၊ ကျောင်းစရိတ်နှင့် ဝမ်းရေးတို့ကိုပါ ဖြေရှင်းနိုင်ခွင့်ရရှိလေ၏။

မအေးစံမှာ ဈေးဝယ်ချက်ပြုတ် ကြော်လှော်နှင့် ဆိုင်ခန်းမှာပင် အချိန်ကုန်နေရ၍ အိမ်မှာ အောင်ဆင့်တစ်ယောက်သာ ကျန်ရစ်၏။

တစ်နေကုန်ဆိုသလို မုန့်ဟင်းခါးချက်၊ အကြော်ကြော်၊ မီးတရှိန်ရှိန်နှင့် ရင်ဘတ်အပူခံ၊ ချွေးတလုံးလုံးနှင့် ရုန်းကန်နေရတာ အောင်ဆင့် မြင်သိရတော့ အမေ့အတွက် မသက်မသာရှိနေရလေ၏။

"အမေရယ်...အမေ အချိန်ရှိသရွေ့ မီးဖိုနဲ့ပဲ ရင်ဘတ်အပူခံ မျက်နှာအပူခံပြီး သားစားဖို့၊ ပညာသင်ဖို့ ရုန်းကန်နေတာ သားမမြင်ရက်တော့ဘူး၊ သားလည်း အလုပ်တစ်ခုရှာလုပ်ပြီး အမေ့ကို ပြန်လုပ်ကျွေးတော့မယ်"

"တော်...သား....သားပြောလိုက်တဲ့ စကားကမှ ပိုပြီး အမေ့ရင့်ကို ပူလောင်စေတယ်၊ အမေ့မှာ နောင်နှစ်ဆို သားဆယ်တန်း နှစ်ချင်းပေါက်အောင်ပြီး အဝေးသင်နဲ့ ဘွဲ့ရပြီးတော့ အရိပ်ထဲမှာပဲ ပညာနဲ့ ဘဝရပ်တည်၊ လူ့အဆင့်အတန်း တစ်ခုမှာ ရှိနေရမယ့် သားဘဝလေးကိုမျှော်ကိုးပြီး အတွေးနဲ့ ဘဝအမောတွေ ပြေနေရတာ"

"သား သဘောပေါက်ပါပြီ အမေရယ်၊ အမေဖြစ်စေချင်တဲ့ ဘဝရောက်အောင် သားကြိုးစားမယ်၊ အမေ့ရင်အပူငြိမ်းစေရမယ်၊ စိတ်ချအမေ"

❑ ❑ ❑ ❑ ❑

မအေးစံက သားတစ်ယောက်နဲ့ မုဆိုးမဖြစ်သလို၊ အိမ်ရှင် မစိုးမေကလည်း သားတစ်ယောက်နှင့် မုဆိုးမ၊ အဖြစ်ချင်းတူကြသော်လည်း ဘဝပေးအခြေအနေကမူ ခြားနားလေ၏။

မအေးစံ မုဆိုးမဘဝ ချို့တဲ့သလောက် မစိုးမေကတော့ ခင်ပွန်းပွဲစား ကိုသာမောင်က မစိုးမေတို့သားအမိနှစ်ယောက်အတွက် ဈေးဆိုင်ခန်း(၂)ခန်းနှင့် နှစ်ထပ်တိုက်အိမ်တစ်လုံး ချန်ရစ်ပေးခဲ့လေ၏။

ဆိုင်ခန်းလခအပြင် အိမ်အောက်ထပ်လည်း နှစ်ခန်းဖွဲ့ပြီး အငှားချထားနိုင်သဖြင့် မစိုးမေမှာ အဆင်ပြေပြေ အခြေအနေကောင်းကောင်း ရှိနေရ၏။

သားတွေကိုယ်စီရှိကြသော်လည်း မအေးစံသား အောင်ဆင့်က သိတတ်လိမ္မာကြိုးစားသူဖြစ်၏။ မစိုးမေသားကမူ အမေ့ဝင်ငွေအားကိုးနှင့် ဆိုးသွမ်းလူငယ်ဖြစ်လေသည်။

မစိုးမေသား မြတ်စိုးနှင့် မအေးစံသား အောင်ဆင့်တို့မှာ တစ်အိမ်တည်း အပေါ်ထပ် အောက်ထပ် နေကြရုံမက တစ်ကျောင်းတည်း အတန်းတူ၊ အခန်းတူလည်းဖြစ်၏။ မြတ်စိုးက ဆယ်တန်းကျ ဒုတိယနှစ် ဆယ်တန်းကျောင်းသား၊ အောင်ဆင့်က ကိုးတန်းအောင် ဆယ်တန်းတက်သည့် ပထမနှစ်ကျောင်းသားဖြစ်သည်။

သူတို့နှစ်ဦးကတော့ အရိပ်တစ်ခုတည်းဖြစ်သော်လည်း အပေါင်းအသင်းမဖြစ်၊ မေးထူးခေါ်ပြောပင် မလုပ်ကြ။ အထူးသဖြင့် မြတ်စိုးက အိမ်မာန်တက်သည့် အနေအထားဆိုတာထက် အောင်ဆင့်က အတန်းခေါင်းဆောင်၊ ရှစ်တန်းအောင်တုန်းက ဂုဏ်ထူးငါးဘာသာနှင့် အောင်ထားပြီး ကိုးတန်းမှာလည်း စာမေးပွဲတိုင်းမှာ အဆင့်က တစ်နှင့် နှစ်ချည်း။ ထိုနာမည်ကောင်းတွေကြောင့် ဆရာ၊ ဆရာမတို့ ချစ်ခင်အားကိုးကြသည့်အတွက် မြတ်စိုးက အောင်ဆင့်အပေါ် ဣသာစိတ်တွေဝင်နေ၍ ခပ်တည်တည်၊ ခပ်ထည်ထည် နေပြနေခြင်းဖြစ်သည်။



ပြောစရာစကား မရှိကြဟုဆိုသော်လည်း မြတ်စိုးကတော့ သူပြောချင်သည့် အခါများတွင်....

"ဟေ့ကောင်...အောင်ဆင့်...မင်း ဒီအိမ်မှာ လခပေးနေတယ်ဆိုပေမဲ့ ဗိမ်ကျနေလို့ မဖြစ်ဘူး။ အိမ်ရဲ့ကိစ္စတွေ တစ်တပ်တအား ကူညီအုံး၊ ရော့...ဒီခြံစည်းရိုးညှပ်တဲ့ ကတ်ကြေးနဲ့ ခြံစည်းရိုးထိုးထိုးထောင်ထောင်တွေ ကြည့်ကောင်းသွားအောင် ညှိပစ်စမ်း"

"ဟ...အောင်ဆင့်ဆိုတဲ့ကောင်...ဟိုမှာ သစ်ရွက်ခြောက်အကြွေတွေ ပွစာတက်လို့...တံမြက်စည်းလှည်းပစ်ကွာ"

**အောင်ဆင့်တို့ ဆယ်တန်းဖြေဖို့ နှစ်ဝက်သာလိုတော့သော အချိန်သို့ ရောက်သောအခါ အောင်ဆင့်မှာ မယုံနိုင်စရာ အပြောင်းအလဲတစ်ခုကို အံ့သြစွာပင် ကြုံရလေ၏။**

မအေးစံကသိတော့..."ဟုတ်သားပဲ တို့မှာလည်း တာဝန်ရှိပါတယ်...နေရတဲ့ ကျေးဇူးထောက်ပြီး လုပ်သင့်တာ လုပ်လိုက်ပါ သားရယ်"

အမေ့စကားမှန်သမျှ ပယ်ရှားလေ့မရှိသော သားဖြစ်၍ ယခုလည်း အောင်ဆင့်မှာ အမေ့ဆန္ဒအတိုင်း ဖြစ်စေရသည်။

မြတ်စိုး၏ မောက်မာမှု၊ အနိုင်ကျင့်မှုကို သည်းခံနေရသော အောင်ဆင့်မှာ အသားကျနေပြီဖြစ်လေသည်။

❑ ❑ ❑ ❑ ❑

အောင်ဆင့်တို့ ဆယ်တန်းဖြေဖို့ နှစ်ဝက်သာလိုတော့သော အချိန်သို့ ရောက်သောအခါ အောင်ဆင့်မှာ မယုံနိုင်စရာ အပြောင်းအလဲတစ်ခုကို အံ့သြစွာပင် ကြုံရလေ၏။

ခင်မင်ဖော်ရွေသောအပြုံးဖြင့် မြတ်စိုးက...

"ဟေ့ကောင်...အောင်ဆင့်...မင်းကွာ စာပဲဖိကျက်နေတော့တာပဲ၊ မင်းမှာ အရည်အချင်းပြည့်ပြီးသားပါကွာ၊ ဒီနှစ် ဂုဏ်ထူးတွေ တသီကြီးနဲ့အောင်မှာ မလွဲပဲဟေ့.."

"မထင်ပါနဲ့ကွာ၊ ကြိုးစားရတာလျော့ရင် လျော့သလို အရည်အချင်းတွေလည်း ကျဆင်းသွားတတ်တာပဲကွာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ...တခါတလေတော့ နားနားနေနေ အားဖြည့်မှပေါ့၊ ငါလည်း ကြိုးစားပါတယ်၊ အောင်မှတ်ရရင်တော်ပါပြီ၊ ဒီနေ့တော့ မင်း စာကျက်တာ ခဏနားပြီး ငါနဲ့ အအေးလိုက်သောက်၊ မုန့်လိုက်စားပေါ့"

ထိုသို့ မြတ်စိုးက မျက်နှာသာပေးသော စကားဖြင့် လိုလိုလားလား ဖိတ်ကြားသည်ကို အမေကပါ ကြားလိုက်မိသဖြင့် ကျေနပ်ဝမ်းမြောက်မိပြီး....

"သား...တစ်ဖက်လူရဲ့ စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ သူခေါ်တာ လိုက်သွားပါ"

အမေ၏ဆန္ဒလည်းပါသဖြင့် မြတ်စိုးနောက် အောင်ဆင့် လိုက်သွားမိ၏။ မြတ်စိုးက အပေါင်းအသင်းတရုန်းရုန်းနှင့် လာနေကျဖြစ်ဟန်တူသော တရုတ်စားသောက်ဆိုင်၏ အပေါ်ထပ်ခန်းမှာ အောင်ဆင့်တစ်ယောက်တည်းကို ဧည့်ခံကျွေးမွေးလေ၏။ ခေါက်ဆွဲကြော်၊ အအေးတို့နှင့် မြတ်စိုး၏ ရက်ရောမှုက လေးစားစရာပင်။

သူကိုယ်တိုင်ကတော့ အိတ်ထဲမှ စီးကရက်ဘူးထုတ်ပြီး စီးကရက်တစ်လိပ်ကို စတိုင်ကျကျ ပါးစပ်မှာတပ်လိုက်ပြီး မီးညှိဖွာရှိုက်နေ၏။

"မင်းက လူလိမ္မာဆိုတော့ စီးကရက်သောက်မှာ မဟုတ်ဘူး၊ ငါက ဒီတန်ဖိုးကြီး စီးကရက်ကို ငါ့ဦးလေး နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိလို့ သောက်နိုင်တာ၊ တချို့ စီးကရက်တွေက ဒီလောက်အရသာမရှိဘူး"





**ခုတလော သားရဲ့မျက်နှာတွေ ချောင်ကျသွားပြီး**
**အနေအထိုင်လည်း ငူငူငိုင်ငိုင်နဲ့မို့ အမေ သံသယ**
**ဖြစ်နေမိတယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့**
**သိအောင်လုပ်မယ်လို့ပဲ....ခုတော့ ရှင်းသွားပြီ**

မြတ်စိုးက စီးကရက်ကို အမွှမ်းတင်နေသော်လည်း အောင်ဆင့်က ခေါက်ဆွဲကြော်ထဲမှ ဝက်အူချောင်းဖတ်များကိုရွေးပြီး တူနှင့်ညှပ်ကာ စားနေ၏။

မြတ်စိုးက သူဖွာရှိုက်နေသော စီးကရက်၏ မီးခိုးများ ပါးစပ်မှမှုတ်ထုတ်ရင်း တစ်ကြိမ်မှာတော့ အောင်ဆင့်၏ မျက်နှာဆီသို့ စီးကရက်ဆေးလိပ်ငွေ့နှင့် မှုတ်လိုက်၏။ ဆေးလိပ်နံ့တွေ မွှန်ထူသွားပြီး အောင်ဆင့် အသက်ရှူကျပ်သွားရသည်။

"မင်းကလည်း...ချစ်လို့ကျီစားတာကို အဖြစ်သည်းနေလိုက်တာ" ဟုဆိုပြီး အောင်ဆင့် မျက်နှာပေါ်သို့ ဒုတိယအကြိမ် စီးကရက်မီးခိုးငွေ့များ မှုတ်ထုတ်လိုက်ပြန်၏။ အောင်ဆင့်မှာ မသိမသာ ရှူရှိုက်မိပြီး သာယာသလို ရှိသွားရ၏။

မြတ်စိုး၏ ရင်းနှီးခင်မင်မှုဟု သဘောထားပြီး ကျေနပ်စွာခံယူမိလေ၏။

❑ ❑ ❑ ❑ ❑

မြတ်စိုးက မကြာခဏဆိုသလို အောင်ဆင့် စာကျက်နေရာသို့ ရောက်လာတတ်၏။ အောင်ဆင့်က မြတ်စိုးကို တပြန်တလှည့် ပြန်ပြုစုမည်ဟု ပိုက်ဆံတောင်းခဲ့သည်ကို အမေက ကျေနပ်စွာဖြင့် ပေးလေ၏။

မြတ်စိုးက ကြေးအိုးဆီချက်စားပြီး ခံတွင်းရှင်းအောင်ဟုဆိုကာ စီးကရက်ထုတ်သောက်ပြန်သည်။ ထုံးစံအတိုင်း မြတ်စိုးက စီးကရက်မီးခိုးငွေ့များဖြင့် အောင်ဆင့် မျက်နှာဆီသို့ မှုတ်၍ မှုတ်၍ ကျီစယ်လေရာ ဆေးလိပ်ငွေ့နှင့် အောင်ဆင့် နှာခေါင်းယဉ်ပါးလာပြီး မွှေ့လျော်ကျေနပ်နေမိတော့သည်။

"တစ်လိပ်လောက် မြည်းစမ်းကြည့်ပါလား၊ စိတ်ထဲလန်းဆန်းသွားအောင်ပေါ့၊ အားမနာနဲ့ ဈေးကြီးလည်း ငါ့ဦးလေးက သူ့ခိုင်းတာလုပ်ပြီးရင် ဒီစီးကရက်ဘူးမျိုးတွေ ရက်ရက်ရောရော ပေးလေ့ရှိတာ"

"အေးကွာ...သောက်ဖူးတယ်ဆိုရုံသောက်ကြည့်တာပေါ့ကွာ" အောင်ဆင့်က စီးကရက်ကို တစိမ့်စိမ့်ဖွာရှိုက်ရင်း သာယာကြည်နူးမိသလို ရှိသွား၏။

နောက်ရက်မှာတော့ တစ်လိပ်သောက်ကြည့်ဦးမှဟု ဆန္ဒဖြစ်မိသည်။ မြတ်စိုးက နောက်ပိုင်း သုံးလိပ်အထိ စေတနာနှင့် စီးကရက်တွေတိုက်သည်။ အောင်ဆင့်ကတော့ စီးကရက်၏ အရသာကို စွဲသွားလေပြီဟု မြတ်စိုး ကျေနပ်သွားရလေ၏။

အောင်ဆင့် စာဖတ်ရှိန်တွေ လျော့ကျသွားလေပြီ။ မြတ်စိုးကလည်း စီးကရက်ဆက်မပေးသဖြင့် အောင်ဆင့် နေမထိ ထိုင်မသာ ဖြစ်နေလေတော့သည်။

"အောင်ဆင့်...ဘယ့်နှယ်လဲ...စီးကရက် သောက်ချင်ပြန်ပြီလား"

အောင်ဆင့်က ခေါင်းညိတ်ပြလေတော့...

"တော်တော့၊ မင်းဆက်မသောက်နဲ့တော့၊ မင်းဝယ်သောက်ရင်လည်း ပိုက်ဆံကုန်လိမ့်မယ်၊ ဆိုင်ပေါ်တင်ရောင်းတာတွေက ဒီစီးကရက်လောက် ဈေးလည်းမကြီးသလို အရသာလည်း ဒီလောက်မကောင်းဘူး"

သို့သော် အောင်ဆင့်မှာ စာဖြောင့်ဖြောင့် မကျက်နိုင်ဘဲ စီးကရက်ဆီပဲ စိတ်ရောက်နေသည်။ ထို့ကြောင့် အမေပေးသည့် မုန့်ဖိုးအသုံးစရိတ်များ မြတ်စိုးလက်ထဲထည့်ပြီး စီးကရက်ဝယ်ခိုင်းရသည်။

ပထမတော့ စဉ်းစားတွေးခေါ်ကောင်းသယောင် စိတ်ကူးဉာဏ်များ ကွန့်နိုင်သလိုနှင့် နောက်ပိုင်း စာကျက်ရတာ စိတ်မထက်သန်တော့ပေ။ အောင်ဆင့်မှာ ဘာလိုလိုနှင့် မြတ်စိုးလက်ခုပ်ထဲကရေ ဖြစ်နေချေပြီ။

မြတ်စိုးဆီသို့ ပိုက်ဆံတွေ အပ်နေမိလည်း မိမိအခြေအနေကို သံသယမဖြစ်မိသေး။ စာမေးပွဲဖြေဖို့ သုံးလသာလိုတော့ပြီ။ မြတ်စိုးမှာ သူ့ဦးလေးနှင့်အတူ ခရီးထွက်သွား၏။ (၅)ရက်ကြာမှ ပြန်ရောက်လာသည်။ မြတ်စိုးမရှိသည့်နေ့တွေက စီးကရက် မသောက်ရသဖြင့် တစ်ကိုယ်လုံး အရိုးအဆစ်တွေ နာကျင်ကိုက်ခဲမှုတွေ ခံနေ

**မြတ်စိုးမှာ ဇာတ်သိမ်းမလှပေ။ မူးယစ်ဆေးသုံးစွဲရာတွင် ဝါရင့်နေသော မြတ်စိုးမှာ ဆေးထိုးအပ်ပါ သုံးနေရပြီး ကိုယ်တိုင်ဆေးအပ်ထိုးရင်း......**



ရသည်။

မနက်အစောကြီး မြတ်စိုး ပြန်လာသံကြား၍ အပြေးအလွှားသွားရောက်ကြိုဆိုမိသည်။ မြတ်စိုးက အောင်ဆင့်အခြေအနေ အရိပ်အကဲဖမ်းမိသည်။ စီးကရက်ကို ဟန်ပါပါနှင့်ဖွာရှိုက်ပြီး အောင်ဆင့်မျက်နှာသို့ မီးခိုးငွေ့များ တဖူးဖူးနှင့်မှုတ်ထုတ်ပေးလိုက် သည်။ အနည်းငယ်နေသာထိုင်သာရှိသွားသော်လည်း မြတ်စိုးထံမှလုပြီး အိမ်ခြေမဆယ်နိုင်အောင် ဆက်တိုက်ဖွာရှိုက်လိုက်ရာ မြတ်စိုးက ပြန်လုရင်း....

"မင်း အစွဲကြီးစွဲမိနေပြီပေါ့ ဟုတ်လား"

"အေးကွာ...ငါ့ကိုရောင်းပေးပါကွာ"

"ဒီမှာ...အောင်ဆင့်...တကယ်တော့ ဒါ သာမန်စီးကရက်မဟုတ်ဘူးကွ၊ ဒါ ဘိန်းဖြူစီးကရက်ပဲ"

"ဘာ" အောင်ဆင့် အကြီးအကျယ်တုန်လှုပ်သွား၏။

"မင်း...ငါ့ကို လုပ်ရက်တယ်ကွာ"

"ငါက မင်းကို အရသာသိရုံ မြည်းစမ်းကြည့်ပါဆိုတာ မင်းပဲ အငမ်းမရဖြစ်နေတာ"

ခုမှတော့ အောင်ဆင့် ဘာမှမပြောသာ၊ အသွေးအသားထဲက ပြင်းပြသည့်ဆန္ဒနှင့် တောင်းဆိုနေသည့် စီးကရက်ကို မြတ်စိုးဆီမှလွဲ၍မရနိုင်။ ရောင်းသည့်နေ့ရာ မေး၍လည်း မပြောပေ။

အောင်ဆင့်မှာ မထင်မှတ်ဘဲ ဘဝပျက်သွားရသဖြင့် မဖြေနိုင်၊ မဆည်နိုင်၊ စိတ်တွေ ယခင်ကလို တက်ကြွနိုးထမှုမရှိတော့သည့်အတွက် မချင့်မရဲခံစားနေရသည်။

ထိုအထဲ မြတ်စိုးဆီမှာ ဆေးဖိုးအကြွေးတွေ တင်နေ၍ တဖွဖွတောင်းနေလေပြီ။

အစဉ်ငေးငိုင် နွမ်းလျနေသောသားကို အမေတွေ့တော့...စိုးရိမ်တကြီးနှင့်...

"သား...နေမကောင်းဘူးလား၊ အမေ ဘာလုပ်ပေးရမလဲ သားရယ်.."တဲ့။

အမေ့ကိုတော့ အောင်ဆင့် မလိမ်ချင်တော့ပေ။ ယခုအချိန် ဖွင့်မပြောလည်း မကြာမီ အနေးနှင့်အမြန်ဆိုသလို အမေသိသွားရတော့မည်အမှန်။ မည်သို့ဖြစ်စေ အမေကတော့ သားအတွက် ရင်ကျိုးရပေလိမ့်မည်။

အောင်ဆင့်က အမေ့ကိုဖက်ပြီး ငိုရှိုက်ရင်း ဖြစ်ကြောင်းကုန်စင်တို့ကို ပြောပြလိုက်လေတော့သည်။

"ခုတလော သားရဲ့မျက်နှာတွေ ချောင်ကျသွားပြီး အနေအထိုင်လည်း ငူငူငိုင်ငိုင်နဲ့မို့ အမေ သံသယဖြစ်နေမိတယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့သိအောင် လုပ်မယ်လို့ပဲ...ခုတော့ ရှင်းသွားပြီ၊ မှားမှန်းသိရင် အမြန်ဆုံးပြန်ပြင်ရမယ်၊ သားသာ ဆုံးဖြတ်ချက် ပိုင်ပါစေ၊ အမေ သားကို ရအောင်ကယ်တင်မယ်"

အမေက အပြစ်တင်စကားတွေနဲ့ ပူညံပူညံမလုပ်ရုံမက သားကိုပင် တည်ငြိမ်အေးချမ်းစွာ အားပေးနှစ်သိမ့်နေပြန်လေသည်။

"အမေ...သားကို ကယ်ပါနော်၊ သား အမေ့စကားအတိုင်း ကိုယ့်ဘဝကို ကိုယ်ပြန်ဆယ်ပါ့မယ်"

မနေ့ကမှ မအေးစံဆိုင်မှာ အကြော်စုံလာစားနေကျ ဖောက်သည် တက္ကစီမောင်းသမား ကိုကြည် မောင်က ရောက်လာပြီး..

"မနေ့က မအေးစံ ဆိုင် ရောက်မလာဖြစ်ဘူး၊ ကျွန်တော့်ညီ မူးယစ်ဆေးစွဲလို့ အလုပ်ရှုပ်သွားတယ်၊ ခုတော့ အဆင်ပြေသွားပြီ"

"ဘယ်လိုလုပ်လိုက်တာလဲ...."

မအေးစံက စိတ်ဝင်စားစွာမေးလိုက်သည်။

"လူငယ်ပြုပြင်ရေး အသိပညာပေးတဲ့ စိတ်ကျန်းမာရေး ဆေးကုသရေးစခန်းကို ပို့လိုက်တယ်၊ ရွာသားကြီးပေါ့၊ သူကလည်း နောင်တအသိတွေနဲ့ မူးယစ်ကွင်းကလွတ်ချင်နေတာဆိုတော့ လူကောင်းပြန်ဖြစ်သွားဖို့ သေချာသွားပြီ"

ကိုကြည်မောင် ပြောစကားကို သတိရပြီး မအေးစံ သားအတွက် ထွက်

ပေါက်ရသွားလေ၏။

❑ ❑ ❑ ❑ ❑

မအေးစံက တက္ကစီသမား ကိုကြည်မောင် အကူအညီဖြင့် အောင်ဆင့်ကို စိတ်ကျန်းမာရေးစခန်းသို့ ပို့ပေးနိုင်ခဲ့၏။

အောင်ဆင့် ဆေးဖြတ်ပြီး မူးယစ်ကင်းစင်သော အနေအထားဖြင့် အိမ်သို့ပြန်ရောက်လာသည်တွင် အိမ်ရောက်လျှင် မြတ်စိုးကိုတွေ့ရမှာ စိတ်ထင့်နေမိလေသည်။



သို့သော် အိမ်ပြန်ရောက်လာတော့ နွမ်းလျမောခွေစွာဖြင့် မစိုးမေကို တွေ့လိုက်ရပါလေ၏။ ထိုနေ့က မြတ်စိုး၏ ရက်လည်ဆွမ်းကျွေးသောနေ့ဟု သိလိုက်ရသဖြင့် များစွာမှ အံ့သြသွားရလေသည်။

မြတ်စိုးမှာ ဇာတ်သိမ်းမလှပေ။ မူးယစ်ဆေးသုံးစွဲရာတွင် ဝါရင့်နေသော မြတ်စိုးမှာ ဆေးထိုးအပ်ပါ သုံးနေရပြီး ကိုယ်တိုင် ဆေးအပ်ထိုးရင်း အသက်ပါသွားခြင်းဖြစ်သည်ဆို၏။

"ဘုရား...ဘုရား...ငါ အရမ်းကံကောင်းသွားတာပါလား၊ အမေ့ကျေးဇူးကြောင့် မူးယစ်သားကောင်ဘဝက အချိန်မီလွတ်မြောက်သွားနိုင်ရတာပဲ"

"အမေ...အမေ့ကျေးဇူးကြောင့် သား အခု မူးယစ်ဆေးဝါးရဲ့ သားကောင်ဘဝက အမေ့ရဲ့ သားကောင်းအဖြစ် ဆက်ပြီး ရှင်သန်သွားပါတော့မယ် အမေ၊ သားအဆင်ခြင်ကင်းခဲ့သမျှ သင်ခန်းစာရလိုက်ပါပြီ"

အမေကတော့ မိန့်မိန့်ကြီး ပြုံးလျက်...

"သား...ဒီနှစ်ဆယ်တန်း မဖြေဖြစ်လဲ အောင်မြင်မှုတစ်ခုကိုတော့ ပိုင်ဆိုင်လိုက်ရပြီ သားရယ်၊ နောင်နှစ်တော့ ဆက်ကြိုးစားပေါ့နော်"

တကယ်ပင် အောင်ဆင့်မှာ ဒုတိယအကြိမ် ဆယ်တန်းနှစ်ကို အောင်မြင်စွာကျော်ဖြတ်နိုင်ပြီး ဂုဏ်ထူးနှစ်ခုဖြင့် အမေ့ရင်အပူငြိမ်းစေခဲ့လေ၏။

အခုတော့ သားကောင်းစင်စစ် အမေ့သားအတွက် အမေဂုဏ်ယူရပါပြီ သားရယ်.....။

**မနွယ်(ကလော)**



# ဒီကား မြတ်ခရီးသစ် ဆိုင်းပြန်ချစို့

## မင်းရဲကျော်



- တံတိုင်း မတ်မား၊ တောင်ထွတ်ဖျားလည်း
  မြသားစိမ်းစို၊ တောလုံးညိုပြီး
  ကျွန်းညိုသစ်မာ၊ ရတနာတွေ
  မြန်မာ့တောဌ် ပေါပါဘိ။

- လွင်ပြင်မဟီ၊ ပထဝီလည်း
  သိဂီရွှေဆင်း၊ စပါးခင်းနှင့်
  နံ့ချင်းယှက်ခါ၊ ရတနာတွေ
  မြန်မာ့မြေဝယ် ကြွပါဘိ။

- အဏ္ဏဝါမှာ၊ ပင်လယ်ပြာနှင့်
  ရေမှာငါးကြင်း၊ မြစ်ချောင်း အင်းအိုင်
  အုပ်သင်းဖွဲ့ကာ၊ ရတနာတွေ
  မြန်မာ့မြေဝယ် ပေါပါဘိ။

- တောင်ခြေတောင်မြေ၊ တောင်ထွတ်တွေမှာ
  ရွှေငွေကျောက်စိမ်း၊ မြရည်လိမ်း၏။


- လွင်ပြင်မဟီ၊ မြေအောက်ဆီမှ
  ရွှေရည်ရေနံ၊ မဟူရာလျှံ၏။

- ရေအဏ္ဏဝါ၊ ပင်လယ်ပြာမှ
  ရတနာပုလဲ၊ ပြိုးပြက်ကျဲ၏။

- အို…အမိချစ်မြေ…
  ပြည်သူတွေအတွက်၊ လက်ချင်းဆက်၍
  အသက်အသွေး၊ ကြွယ်ဝရေးကို
  ပေးဆပ်တာဝန် ကျေပါဘိ။

- အမိကြည်ဖြူ၊ တို့ပြည်သူတို့
  တူညီခွင့်ရေး၊ မျှဝေပေးသော်
  ကျေးရွာအရှင်၊ တို့မြေပြင်ကို
  တူယှဉ်လက်တွဲ၊ ကြည်နိုင်မြဲ၍
  အောင်ပွဲလည်းချီ၊ သာပြောစည်သည့်
  ရွှေပြည်မဟာ၊ ရတနာကို
  ညီညာအားကောင်း၊ သွေးသစ်လောင်းလို့
  စုပေါင်းကာကွယ်ကြပါစို့….။ ။

မင်းရဲကျော်



# စာချုပ်စာတမ်းတွေ မှတ်ပုံတင်ကြမယ်ဆိုရင်

ဦးမောင်မောင်ဆန်း
(ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူး– ငြိမ်း)

ကျွန်တော်သည် မိတ်ဆွေဖြစ်သူ ဦးအောင်မြင့်ဖွင့်လှစ်ထားသော အောင်မြင် ဥပဒေသင်တန်းကျောင်းသို့ ရောက်ရှိသွားရာ ဆရာဦးအောင်မြင့်နှင့် သင်တန်းသားတချို့ စကားဝိုင်းဖွဲ့ပြောဆိုနေကြသည်ကို တွေ့ရသည်။ ဆရာဦးအောင်မြင့်က ကျွန်တော့်အား လှမ်းမြင်၍ –

ဦးအောင်မြင့်။ ။ ဆရာဦးမောင်မောင်ဆန်း ရောက်လာတာနဲ့ အတော်ပဲ။ ကျွန်တော်တို့ စာချုပ်စာတမ်း မှတ်ပုံတင်အကြောင်း ဆွေးနွေးနေကြတာ ကျွန်တော်တို့ ဆွေးနွေးနေတာနားထောင်ပေးပါဦး။ ပြီးတော့ လိုအပ်တာလည်း ပြောပြပေးပါဦး ဆရာ။

ဦးမောင်မောင်ဆန်း။ ။ ရပါတယ် ဆရာရယ်။ ကျွန်တော်လည်း ဗဟုသုတပိုရတာပေါ့။ ဆရာတို့ ဆက်ပြီး ဆွေးနွေးကြပါ။

သင်တန်းသား ။ ။ စာချုပ်စာတမ်းအမျိုးမျိုးကို တရားဝင်မှတ်ပုံတင်တဲ့အခါ ဆက်စပ်နေတဲ့ ဥပဒေတွေကို သိချင်ပါတယ်ဆရာ။

ဦးအောင်မြင်။ ။ စာချုပ်စာတမ်းအမျိုးမျိုးကို တရားဝင် မှတ်ပုံတင်တဲ့အခါဆက်စပ်နေတဲ့ဥပဒေတွေကတော့ (၁) စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေ၊ (၂) စာချုပ်စာတမ်း မှတ်ပုံတင်နည်းဥပဒေ၊ (၃) စာချုပ်စာတမ်းမှတ်ပုံတင်ညွှန်ကြားချက်များ၊ (၄) မြန်မာနိုင်ငံတံဆိပ်အက်ဥပဒေ၊ (၅)ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ (၆) ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ (၇) ရန်ကုန်စည်ပင်သာယာရေးအက်ဥပဒေ၊ (၈) မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့် အက်ဥပဒေ၊ ဣတ္ထိမသားသမီးမွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေ အစရှိတဲ့ အက်ဥပဒေတွေနဲ့အညီ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက စိစစ်ပြီး မှတ်ပုံတင် ပေးရတာပါ။

သင်တန်းသား။ ။ အရောင်းအဝယ်စာချုပ်ချုပ်ကြတဲ့အခါ ရောင်းသူနှင့် ဝယ်သူတွေရဲ့တာဝန်တွေကို သိချင်ပါတယ်ဆရာ။

ဦးအောင်မြင်။ ။ ဆရာ အရှည်ကိုတော့ မပြောတော့ဘူး။ အဓိကအချက်လေးတွေကို ပြောပြလိုက်မယ်။ ရောင်းသူရဲ့တာဝန်တွေကတော့ ပထမအချက် ရောင်းချတဲ့ပစ္စည်း ပိုင်ဆိုင်ခွင့် ရှိ မရှိကိုဖြစ်စေ၊ ပစ္စည်းမှာ သာမန်အားဖြင့် မတွေ့မမြင်နိုင်သော အပြစ်အနာအဆာများဖြစ်စေ၊ အဲဒါတွေကို ရောင်းသူဟာ ဝယ်သူကို ပြောပြရမယ်။ ဒုတိယအချက်ကတော့ ဝယ်ယူတဲ့ ပစ္စည်းနဲ့ပတ်သက်ပြီး ဝယ်သူသိချင်တဲ့ အချက်အလက်တွေကို ရောင်းသူက သိသမျှပြောပြရမယ်။ တတိယအချက်က ဝယ်တဲ့ပစ္စည်းနဲ့သက်ဆိုင်တဲ့စာချုပ်စာတမ်းများကို ဝယ်သူက တောင်းကြည့်ရင် ရောင်းသူက ဝယ်သူကို ပြရ မယ်။ စတုတ္ထအချက်က ပစ္စည်းပိုင်ဆိုင်ခွင့်ကို လက်ရောက်ပေးအပ်ရန် ဝယ်သူသို့ဖြစ်စေ၊ ဒါမှမဟုတ် ဝယ်သူက ပြောတဲ့သူကိုဖြစ်စေ၊ လက်ရောက်ပေးအပ်ရမယ်။ နောက်တစ်ချက်ကတော့ ရောင်းတဲ့ပစ္စည်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာအခွန်အခများနှင့် ကြွေးမြီတွေကို ရောင်းသူက ရောင်းချတဲ့နေ့အထိ ရှင်းပေးရမယ်။ ပြီးတော့ ရောင်းသူမှာလည်း အခွင့်အရေးတွေ ရှိသေးတယ်။ အဲဒါကတော့ ရောင်းတဲ့ပစ္စည်း ပိုင်ဆိုင်ခွင့်ကို ဝယ်သူလက်သို့ လက်ရောက် မအပ်မီနေ့အထိ ရရှိလာတဲ့အခကြေးငွေ အမြတ်အစွန်းတွေကို ရောင်းသူက ရပိုင်ခွင့်ရှိတယ်။

သင်တန်းသား။ ။ မှတ်ပုံမတင်မနေရနှင့် တင်ချင်တဲ့ဆန္ဒ ရှိမှတင်ရမယ်ဆိုတာလေးလည်း သိချင်ပါတယ် ဆရာ။

ဦးအောင်မြင်။ ။ အကြမ်းအားဖြင့်တော့ မှတ်ပုံမတင်လျှင် တရားမဝင်သည့် စာချုပ်စာတမ်းတွေကတော့ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ စာချုပ်စာတမ်းများနဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်း ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ တရားရုံးက ချမှတ်တဲ့ ဒီဂရီ (သို့) အမိန့် (သို့) စီရင်ချက်တို့နှင့် ကိတ္တိမမွေးစားခြင်း စာချုပ်စာတမ်းများကို မှတ်ပုံတင်ရပါတယ်။

မှတ်ပုံတင်ချင်တဲ့ဆန္ဒရှိမှ တင်နိုင်တဲ့ စာချုပ်စာတမ်းတွေကတော့ တန်ဖိုးငွေကျပ် ၁၀၀/ – အောက် မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်း လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အစရှိသည့် စာချုပ်စာတမ်းများ ကင်းလွတ်ခွင့်ပြုသည့် အငှားစာချုပ်များ၊ ရွှေ့

ပြောင်းနိုင်သည့် ပစ္စည်းနှင့်ပတ်သက်သည့် စာချုပ်စာတမ်းတွေ ဖြစ်တယ်။

သင်တန်းသား ။ ။ ကိတ္တိမသားသမီးမွေးစားစာချုပ်ကို မှတ်ပုံမတင်ဘဲ အရပ်စာချုပ်နဲ့တင်ချုပ်လို့ ရပါသလားဆရာ။ တချို့ကချုပ်လို့ ရတယ်လို့ ပြောတယ်ဆရာ။


ဦးအောင်မြင့်။ ။ မှတ်ပုံတင်ရမယ်၊ ၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ ကိတ္တိမသားသမီးမွေးစားစာချုပ်ကို မှတ်ပုံတင်ရမယ်။ ကိတ္တိမသားသမီးမွေးစားခြင်းဟာ အမွေဆက်ခံရရှိနိုင်စေဖို့ မွေးစားခြင်းဖြစ်လို့ ကိတ္တိမသားသမီး၏ အမွေဆက်ခံခြင်းအတွက် မည်သည့်တရားရုံးတွင်မှ အငြင်းပွားမှုမရှိစေရလို့ ဥပဒေမှာ ဆိုထားတယ်ကွဲ့။

သင်တန်းသား ။ ။ မိဘနှစ်ပါးသေဆုံးသွားပြီး အရွယ်မရောက်သေးတဲ့ ကလေးတစ်ဦးတည်းနှင့် မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းများကျန်ခဲ့ရာ ဆက်လက်ပညာသင်ကြားနိုင်ဖို့အတွက် အဲ့ဒီကလေးကို ဘယ်လိုဆောင်ရွက်ရမလဲ ဆရာ။

ဦးအောင်မြင့်။ ။ အဲ့ဒီအတွက်ကတော့ ပစ္စည်းပိုင်ဆိုင်သူ မိဘနှစ်ပါးရဲ့ အနီးစပ်ဆုံးဆွေမျိုးတစ်ဦးက ကလေးရဲ့ အုပ်ထိန်းခွင့်နဲ့ မိဘနှစ်ပါးရဲ့ ကျန်ခဲ့တဲ့မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းရောင်းချခွင့်ကို တိုင်းတရားရုံးမှာ လျှောက်ထားရတယ်။ တရားရုံးက အုပ်ထိန်းခွင့်နဲ့ရောင်းချခွင့်အမိန့် ချမှတ်ပြီးရင်တော့ အဲဒီကလေးရဲ့ ရှေ့ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလို့ရပြီပေါ့။

သင်တန်းသား ။ ။ ဒီမေးခွန်းက ဗုဒ္ဓဘာသာဝင်တွေနဲ့ မဆိုင်ပါဘူး ဆရာ။ ဒါပေမဲ့ အခြားဘာသာဝင်တွေအတွက် သေတမ်းစာနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဆရာ။

ဦးအောင်မြင့်။ ။ ဗုဒ္ဓဘာသာဝင်တွေကတော့ သေတမ်းစာရေးလို့ မရပါဘူး။ အခြားဘာသာဝင်တွေကတော့ ရေးလို့ရပါတယ်။ ဥပမာ - ခရစ်ယာန်ဘာသာဝင်၊ မွတ်စလင်ဘာသာဝင် အစရှိသဖြင့်ပေါ့။ သေတမ်းစာရေးတဲ့ သူကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်ဖြစ်စေ၊ သေတမ်းစာအမျိုးအစားအချက်အလက်များကို ဖော်ပြပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှာ အပ်နှံနိုင်တယ်။ မှတ်ပုံတင်အရာရှိက ချိပ်ပိတ်သေတမ်းစာကို အပ်နှံလာပါက သေတမ်းစာရေးသူကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်ဖြစ်စေ၊ အပ်နှံသူအမှန်ဖြစ်ကြောင်း စိစစ်တွေ့ရှိရလျှင် သေတမ်းစာမှတ်ပုံတင်စာအုပ်မှာ အပ်နှံတဲ့အချိန်၊ နေ့ရက်၊ လ၊ ခုနှစ်တို့နဲ့တကွ သေတမ်းစာရေးသူ(သို့)ကိုယ်စားလှယ်တို့ရဲ့ အမည်၊ သက်သေတို့ရဲ့ အမည်များနဲ့ ပါရှိတဲ့အချက်အလက်တွေကို ရေးမှတ်တယ်၊ ပြီးရင် မီးခံသေတ္တာထဲလုံခြုံစွာ ထည့်သွင်းသိမ်းထားရတယ်။ အဲ့ဒီသေတမ်းစာကို ပြန်ထုတ်ချင်တယ်ဆိုရင်တော့ သေတမ်းစာရေးသူကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်ဖြစ်စေ၊ ပြန်ထုတ်ပေးဖို့ လျှောက်ထားရတယ်။ မှတ်ပုံတင်အရာရှိက မူလအပ်နှံသူအမှန်ဖြစ်ကြောင်း ကျေနပ်ရင် ပြန်ထုတ်ပေးနိုင်တယ်။ သေတမ်းစာရေးသူသေဆုံးတဲ့အခါမှာတော့ ချိပ်ပိတ်ထားခြင်းကိုဖွင့်ပေးရန် လျှောက်ထားလာရင် မှတ်ပုံတင်အရာရှိက သေတမ်းစာရေးသူ သေဆုံးကြောင်း၊ စစ်ဆေးတွေ့ရှိရလျှင် လျှောက်ထားသူရဲ့ကုန်ကျစရိတ်နဲ့ ၎င်းရှေ့မှောက်မှာ ဖွင့်ပြီး သေတမ်းစာပါ အချက်အလက်တွေကို မှတ်ပုံ



တင်စာအုပ်ရေးရပြီး မူရင်းကို မိမိရဲ့ မီးခံသေတ္တာမှာ ပြန်သိမ်းထားရမယ်။ ဒါကတော့ အိတ်ပိတ်သေတမ်းစာအမျိုးအစားပေါ့နော်။ အိတ်ဖွင့်သေတမ်းစာကတော့ မှတ်ပုံတင်ရုံးကို မှတ်ပုံတင်လာတဲ့အခါ မှတ်ပုံတင်အရာရှိက စစ်ဆေးလက်ခံပြီး မီးခံသေတ္တာထဲမှာ သိမ်းရတယ်။ အိတ်ဖွင့်သေတမ်းစာဖြစ်စေ၊ အိတ်ပိတ်သေတမ်းစာဖြစ်စေ၊ အမွေဆက်ခံခြင်းဥပဒေအရ (Probate) သေတမ်းစာ အတည်ပြုပေးရန်အတွက် တရားရုံးက တောင်းဆိုတဲ့အခါ မှတ်ပုံတင်အရာရှိက တင်ပြအပ်အပ်နှံရပါတယ်။

သင်တန်းသား ။ ။ ပါဝါနဲ့ ပတ်သက်သမျှလည်း ဘယ်ပါဝါက ဘယ်လိုအသုံးပြုရတယ်၊ ပါဝါကို မှတ်ပုံတင်ပြီးမှ ပါဝါကို ဖျက်သိမ်းလျှင် တရားဝင် ဘယ်လိုဖျက်ရမလဲနဲ့ ပါဝါအမျိုးမျိုးကို သိချင်ပါတယ်။

ဦးအောင်မြင် ။ ။ ပါဝါသုံးမျိုးရှိတယ်။ G.P ဆိုတာ ပေးအပ်သူ လုပ်ပိုင်ခွင့်အားလုံးကို ကိုယ်စားဆောင်ရွက်နိုင်တယ်။ S.P ကတော့ လွှဲအပ်တဲ့အကြောင်းအရာ တစ်ခုကိုပဲ ကိုယ်စားဆောင်ရွက်နိုင်တယ်။ Court Power ကတော့ တရားရုံးကိုယ်စားလှယ်လွှဲစာခေါ်တယ်။ ဒီပါဝါတွေကိုလည်း မှတ်ပုံတင်မှ တရားဝင်သုံးလို့ရတယ်။ နိုင်ငံခြားမှာရောက်နေရင်တော့ သက်ဆိုင်ရာသံရုံးမှာ မှတ်ပုံတင်ပြီး တရားဝင်သုံးနိုင်တယ်။ ပေးထားတဲ့ ပါဝါကိုဖျက်သိမ်းချင်ရင်တော့ မှတ်ပုံတင်အရာရှိထံ ပါဝါပေးထားတဲ့လူက မူရင်းနှင့်အတူ ပါဝါဖျက်သိမ်းကြောင်း သတင်းစာကြော်ငြာနဲ့အတူ အပြည့်အစုံဖော်ပြပြီး လျှောက်လျှင် မှတ်ပုံတင်အရာရှိက ဖျက်သိမ်းပေးရတယ်။

သင်တန်းသား ။ ။ နိုင်ငံခြားသား (သို့) နိုင်ငံခြားသားကုမ္ပဏီပိုင်ပစ္စည်းကို ဝယ်ယူခွင့် ရှိ၊ မရှိ သိချင်ပါတယ် ဆရာ။

ဦးအောင်မြင်။ ။ နိုင်ငံခြားသား (သို့) နိုင်ငံခြားသားကုမ္ပဏီပိုင် မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကို လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကို လက်ခံခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးသည်ကို လက်ခံခြင်း မပြုရပါဘူး။ ဒါ့အပြင် နိုင်ငံခြားသားနဲ့ နိုင်ငံခြားသားပိုင်ကုမ္ပဏီရဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းကို တစ်ကြိမ်လျှင် တစ်နှစ်ထက်ပိုပြီး အငှားချထားခြင်း၊ ၎င်းတို့ထံမှ ငှားရမ်းခြင်းမပြုရလို့ ဥပဒေမှာ ဖော်ပြထားပါတယ်။

သင်တန်းသား။ ။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုတဲ့အခါ မည်သည့်စာရွက်စာတမ်းများ လိုအပ်ပါသလဲ ဆရာ။

ဦးအောင်မြင့် ။ ။ ရောင်းချတဲ့ ပစ္စည်းပိုင်ရှင်အမည်နဲ့ ဂရန်မူရင်း (သို့) အရောင်းအဝယ်ပြုလုပ်ခဲ့တဲ့ တရားဝင်စာချုပ်မူရင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှထုတ်ပေးတဲ့ မြေပုံ မြေရာဇဝင်၊ ပိုင်ရှင်အမည်မပြောင်းရသေးရင်လည်း ပိုင်ဆိုင်မှုအဆင့်ဆင့် တရားဝင်စာချုပ်စာတမ်းများလိုအပ်တယ်။

သင်တန်းသား ။ ။ ဆွေမျိုးသားချင်းမဟုတ်တဲ့ မိတ်ဆွေကိုအပိုင်ပေးရင် တံဆိပ်ခေါင်းခွန် သက်သာခွင့်ရပါသလား။

ဦးအောင်မြင့် ။ ။ မရပါဘူး။

သင်တန်းသား ။ ။ ကျွန်တော်တို့ လုပ်ငန်းတစ်ခုလုပ်ရင် ထုတ်လုပ်တဲ့ ကုန်ပစ္စည်းကို အတုအပ မလုပ်နိုင်အောင် ဘယ်လိုဆောင်ရွက်ရမလဲ ဆရာ။

ဦးအောင်မြင့်။ ။ ကုန်ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းတစ်ခု လုပ်တဲ့အခါ ထုတ်လုပ်တဲ့ပစ္စည်း အမှတ်အသားတံဆိပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ရပါမယ်။ မှတ်ပုံတင်တဲ့အခါ ကုန်အမှတ်တံဆိပ်မှာပါရှိတဲ့ စာသားမည်သို့မည်ပုံထားရှိသည်၊ စာသားမှာပါရှိတဲ့အရုပ်ပုံသဏ္ဍာန်များ၊ အရောင်များကို ဖော်ပြပြီး ကုန်အမှတ်တံဆိပ်အား မှတ်ပုံတင်တဲ့ဒေသတွင်သာမက မြန်မာတစ်ပြည်လုံးဖြန့်ဖြူးရောင်းချမည် အစရှိသည်တို့ကို စာချုပ်တွင်ရေးသားပြီး မှတ်ပုံတင်ရပါတယ်။ အဲဒီလို မှတ်ပုံတင်ထားတဲ့ ကုန်အမှတ်တံဆိပ်အား အတုအပပြုလုပ်သည့်အခါ မှတ်ပုံတင်သွင်းထားသူက အတုအပပြုလုပ်သူကို တရားစွဲဆိုနိုင်တယ်။ မှတ်ပုံတင်မထားရင် တရားစွဲဆိုလို့ မရပါဘူး။

သင်တန်းသား ။ ။ စာချုပ်စာတမ်းတစ်ခုကို မှတ်ပုံတင်တဲ့အခါ မှတ်ပုံတင်အရာရှိက လက်ခံတယ်။ ငြင်းဆိုတယ်ဆိုတာ ရှိပါတယ်။ ရှင်းပြပေးပါလားဆရာ။

ဦးအောင်မြင့်။ ။ စာချုပ်ချုပ်ဆိုသူ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ကဖြစ်စေ၊ စာချုပ်ချုပ်ဆိုကြောင်းဝန်ခံရင် မှတ်ပုံတင်အရာရှိက လိုအပ်တဲ့စစ်ဆေးမှုကို စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေများနဲ့ အညီ စိစစ်ပြီး လက်ခံမှတ်ပုံတင်ပေးနိုင်တယ်။ စာချုပ်ချုပ်ဆိုသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အရွယ်မရောက်သေးသူ၊ ရူးသွပ်သူ (သို့) ဝမ်းတွင်းရူးဖြစ်စေ၊ ချုပ်ဆိုသူရဲ့ ကိုယ်စားလှယ်ကဖြစ်စေ၊ ၎င်းစာချုပ်ကို ချုပ်ဆိုရန်ငြင်းဆိုရင် မှတ်ပုံတင်အရာရှိက အဲဒီငြင်းဆိုချက်ကြောင့် လက်ခံမှတ်ပုံတင်ခြင်းကို ငြင်းဆိုနိုင်တယ်။

သင်တန်းသား။ ။ ဒီနေ့ ကျွန်တော်တို့ သိချင်တာတွေ တော်တော်များများ သိခဲ့ရပါတယ်။ ကျေးဇူးတင်ပါတယ် ဆရာ။

ဦးအောင်မြင့် ။ ။ ရပါတယ်၊ နောင်ကိုလည်း သိချင်တာတွေကို အခုလိုပဲမေးနိုင်ပါတယ်။ စာချုပ်စာတမ်းမှတ်ပုံတင်တာနဲ့ ပတ်သက်ပြီးကတော့ အများကြီး ကျန်ပါသေးတယ်။

ထို့နောက် ဦးအောင်မြင့်သည် ကျွန်တော့်ဘက်လှည့်ပြီး ဆရာဦးမောင်မောင်ဆန်းရေ၊ ကျွန်တော်တို့စကားဝိုင်းလေးက အဆင်ပြေရဲ့လားလို့ မေးပါသည်။ ကျွန်တော်က ပြည့်စုံပါတယ်ဆရာရယ်။ ဆရာလည်း ဥပဒေပညာရှင်တစ်ယောက်ပဲ ပြောစရာမလိုပါဘူး ဆရာရယ်။ ကဲ ကျွန်တော်လည်း နားထောင်ကောင်းကောင်းနဲ့ နားထောင်နေလိုက်တာ အတော်အချိန်လင့်သွားပြီ ကျွန်တော်လည်း ဘုန်းကြီးကျောင်းသွားစရာရှိသေးလို့ သွားလိုက်ပါဦးမယ် ဆရာဦးအောင်မြင့်။ ။

**ဦးမောင်မောင်ဆန်း**

**ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူး(ငြိမ်း)**




ပရဟိတလုပ်ငန်း၊ ထောက်ပံ့လှူဒါန်းမှု၊ စေတနာ့ဝန်ထမ်း–စသည့် ဝေါဟာရများသည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ လူအဖွဲ့အစည်းနှင့် ရင်းနှီးကျွမ်းဝင်လွန်းလှသည်။ Charity ဆိုသော အင်္ဂလိပ်ဝေါဟာရသည်လည်း မစိမ်းလှ။ Charity ၏ အဓိပ္ပာယ်သည် သနားကြင်နာတတ်ခြင်း၊ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ အလှူဒါန၊ မေတ္တာ၊ ကရုဏာ၊ ထောက်ထားညှာတာတတ်ခြင်းဟု အဘိဓာန်တွင် ပြဆို သည်။ အတိုဆုံး မြန်မာမှုဆိုရလျှင် 'ထောက်ပံ့လှူဒါန်းမှု'ဟု ဆိုနိုင်ပါမည်။

ပရ(အများ) ဟိတ (အကျိုးစီးပွား)= အများအကျိုးသယ်ပိုးခြင်းဟု တိုက်ရိုက်အနက်ဆိုနိုင်သည့် 'ပရဟိတ'၏ အဓိပ္ပာယ်တွင်လည်း လိုအပ်နေသောသူ (သို့မဟုတ်) ဆင်းရဲဒုက္ခရောက်နေသူများအပေါ် ကူညီပံ့ပိုးမှု၊ ထောက်ပံ့

# ပီတိခံစား နှလုံးသားတရား

ငြိမ်းသား

ကူညီမှု–ဟု ဆိုနိုင်လေသည်။ ပရဟိတ ကူညီစောင့်ရှောက်ခြင်း လုပ်ငန်းများကို နည်းလမ်းများစွာဖြင့် ကူညီပေးနေကြသော်လည်း အဓိကနည်းလမ်းများမှာ တိုက်ရိုက်အကူအညီပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်း (သို့မဟုတ်) ဖြစ်နိုင်သည့် ပြဿနာတစ်ခုအား အသိပညာပေးခြင်းတို့ ဖြစ်သည်။



လူ့အဖွဲ့အစည်းတိုင်း၌ အလိုအပ်ဆုံးသောသူများသည် လူ့အဖွဲ့အစည်းမှ သတိမမူမိဆုံးသောသူများဖြစ်နေကြသည်။ ကွက်လပ်များက ရှိနေနိုင်သည်။ ဤသို့သော ကွက်လပ်ကို ပရဟိတအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များက ဖြည့်စွမ်းနိုင်ကြသည်။ လိုအပ်နေသူ၊ ထိခိုက်လွယ်သူများကို ထောက်ပံ့ကူညီရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် ပရဟိတအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ တည်ရှိနေကြခြင်း ဖြစ်သည်။

**Most Charitable Countries in the World, 2024**

| Rank | Country | Overall | Donations | Helping Strangers | Time Volunteered |
|---|---|---|---|---|---|
| 1 | United States | 58% | 61% | 72% | 42% |
| 2 | Myanmar | 58% | 81% | 49% | 43% |
| 3 | New Zealand | 57% | 65% | 64% | 41% |
| 4 | Australia | 56% | 68% | 64% | 37% |
| 5 | Ireland | 56% | 69% | 62% | 38% |
| 6 | Canada | 55% | 63% | 64% | 37% |
| 7 | United Kingdom | 54% | 71% | 60% | 30% |
| 8 | Netherlands | 53% | 71% | 53% | 36% |
| 9 | Sri Lanka | 51% | 50% | 55% | 46% |
| 10 | Indonesia | 50% | 69% | 42% | 40% |

ဤ ပရဟိတလုပ်ငန်းများသည် စစ်မှန်သော လူမှုဆက်ဆံရေးကို ဖြည့်ဆည်းပေးသည်။ အနိမ့်ခံ၊ ခွဲခြားခံ၊ ဖယ်ကြဉ်ခံများ မကျန်စေရဘဲ အားလုံးပါဝင်ပြီး ပိုမိုခံနိုင်ရည်ရှိသော လူ့အဖွဲ့အစည်းများ ဖန်တီးခြင်းကို ပံ့ပိုးပေးသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ၏ အဆိုးရွားဆုံးသက်ရောက်မှုများကို သက်သာစေနိုင်သည်။ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး၊ အိုးအိမ်အိမ်ရာ၊ အသက်မွေးဝမ်းကျောင်း၊ လူမှုကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး-စသည့် အများပြည်သူ ဝန်ဆောင်မှုများ (လိုအပ်နေမှုများ ကွက်လပ်နေရာများကို) ဖြည့်စွက်နိုင်သည်။ ယဉ်ကျေးမှု၊ သိပ္ပံအားကစား၊ အမျိုးသားဆိုင်ရာနှင့် သဘာဝအမွေအနှစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည်။ ခိုကိုးရာမဲ့၊ ဖယ်ကြဉ်ခံရသူများ၏ အခွင့်အရေးများကို မြှင့်တင်ပေးသည်။


ယခုစာတွင် 'Charity' စာလုံးပါ အကြောင်းအရာနှစ်ခုအား တင်ပြဆွေးနွေးလိုပါသည်။ ပထမတစ်ခုမှာ CEO World online မဂ္ဂဇင်းပါ ၂၀၂၄ ခုနှစ်၊ ကမ္ဘာပေါ်၌ ထောက်ပံ့လှူဒါန်းမှု အများဆုံးနိုင်ငံများ (The Most Charitable Countries) စာရင်းဖြစ်သည်။ နိုင်ငံ(၁၂၆)နိုင်ငံစာရင်း၌ ထိပ်ဆုံးထောက်ပံ့လှူဒါန်းမှု (၁၀)နိုင်ငံစာရင်းတွင် အဆင့်(၁) အမေရိကန်ပြည်ထောင်စု၊ (၂) မြန်မာ၊ (၃) နယူးဇီလန်၊ (၄) သြစတြေးလျ၊ (၅) အိုင်ယာလန်၊ (၆) ကနေဒါ၊ (၇) ယူနိုက်တက်ကင်းဒမ်း၊ (၈) နယ်သာလန်၊ (၉) သီရိလင်္ကာ၊ (၁၀) အင်ဒိုနီးရှား-စသည်ဖြင့် အစဉ်လိုက်ရှိနေကြသည်။ ဤ(၁၀)နိုင်ငံ၌ ချမ်းသာသော နိုင်ငံအများစုပါဝင်နေပြီး မြန်မာ၊ သီရိလင်္ကာတို့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်ထားသည်မှာ အံ့သြဖွယ်ရာတော့ မဟုတ်ပေ။ (ဤ အစီရင်ခံစာသည် ငွေကြေးလှူဒါန်းမှု၊ စေတနာအလျောက် အချိန်ပေးပါဝင်မှုများ၊ မသိ/မမြင်ဖူးသူ အဝေးတစိမ်းသူတို့ကို ကူညီထောက်ပံ့ခြင်း စသည့် အဓိက အချက် ၃ ချက်ကို အခြေတည်ထားသည်။)

Charity (ထောက်ပံ့လှူဒါန်းမှု) သည် ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့မိသားစု၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်၊ ကျွန်ုပ်တို့ရပ်ရွာ၊



ကျွန်ုပ်တို့ မြို့ဒေသ၊ ကျွန်ုပ်တို့နိုင်ငံ၏ နေရာတိုင်းတွင် တည်ရှိနေနိုင်ပေသည်။ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ တစ်ပါးပါး (သို့မဟုတ်) ၃ပါးစလုံး ထားနိုင်သည့်သူတွေ ရှိနေကြသည်။ မေတ္တာသည် (သူတစ်ပါး၏) အကျိုးစီးပွားကို လိုလားမှုဖြစ်သည်။ အလှူဒါနပြုကြရာတွင် ညောင်စေ့လောက်လှူနိုင်ကြသူတွေ ရှိကြမည်။ ညောင်ပင်ကြီးလောက် လှူနိုင်သူတွေလည်း များပြားစွာရှိကြမည်။ ညောင်ပင်ကြီးထက်မက လှူနိုင်သူများလည်း ဒုနဲ့ဒေး ဖြစ်နိုင်သည်။ နှမ်းတစ်စေ့နှင့် ဆီမဖြစ်သော်လည်း၊ ဆီဖြစ်သော အကျိုးတရားတွင် နှမ်းများစွာ၏ စုစည်းပေါင်းစည်းမှုများ ပါဝင်ပေသည်။ ထို့ကြောင့်လည်း ထောက်ပံ့လှူဒါန်းမှုအများဆုံး နိုင်ငံစာရင်းတွင် မိမိတို့မြန်မာနိုင်ငံက ထိပ်ပိုင်းတွင်ရှိနေခြင်း ဖြစ်ပေသည်။

'Charity' စာလုံးပါ ဒုတိယ အကြောင်းအရာသည် အပြည်ပြည်ဆိုင်ရာ ထောက်ပံ့လှူဒါန်းမှုနေ့ (International Day of Charity) ဖြစ်သည်။ ဤနေ့သည် စက်တင်ဘာလ (၅)ရက်နေ့။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၊ မသန်စွမ်းသူများနေ့၊ ဘိုးဘွားများနေ့တို့ကဲ့သို့ ထင်ထင်ရှားရှား မဖြစ်နေသော်လည်း ဖွံ့ဖြိုးရေးကဏ္ဍအတွက် အရေးပါနေမည်ဟု မြင်မိသည်။ ဤအထိမ်းအမှတ်နေ့၏ အဓိကရည်ရွယ်ချက်သည် လူတစ်ဦးချင်း ထောက်ပံ့လှူဒါန်းမှုပြုသည့် အဖွဲ့အစည်းများ၊ ပရဟိတလုပ်ငန်းအဖွဲ့များ၊ ပြည်တွင်းအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့်၊ အပြည်ပြည်ဆိုင်ရာအဆင့် စေတနာ့ဝန်ထမ်းများ ပါဝင်သည့် ကမ္ဘာတစ်ဝန်းရှိ ပရဟိတလုပ်ငန်းဆောင်တာများအတွက် ဘုံပလက်ဖောင်းတစ်ခု ဖန်တီးပေးရန်ဖြစ်သည်။




စေတနာ့ဝန်ထမ်းနှင့် ပရဟိတလှုပ်ရှားမှုများမှတစ်ဆင့် ပြည်သူလူထုများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူများနှင့် ပါဝင်ပတ်သက်သူအားလုံးတို့အား သိရှိနိုးကြားရေး လှုံ့ဆော်မှုပေးပါသည်။

ကိုယ်ကျိုးမဖက်သော၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှုများဖြင့် လူသိများထင်ရှားခဲ့သည့် မာသာထရီဇာ (Mother Teresa) သည် နွေးထွေးကြင်နာသည် မေတ္တာ၊ စေတနာ၊ ကရုဏာတရားများဖြင့် ဆင်းရဲနွမ်းပါးသော၊ နာမကျန်းသော မိဘမဲ့နှင့် ခိုကိုးရာမဲ့များ၊ အဆင်းရဲဆုံးနှင့် အိုးမဲ့အိမ်မဲ့များအတွက် ဘဝတစ်လျှောက်လုံး စောင့်ရှောက်ကူညီခဲ့သည်။ ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုချီးကျူးခံခဲ့ရပြီး ငြိမ်းချမ်းရေးနိုဗယ်ဆုအပါအဝင် ဆုတံဆိပ်များနှင့် ဘွဲ့ထူး၊ ဂုဏ်ထူးများစွာ ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့၊ အသက်(၈၇)နှစ်တွင် ကွယ်လွန်ခဲ့သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့် ဘေးဒုက္ခကျရောက်မှုများကို လျော့ပါးသက်သာစေရန် မာသာထရီဇာ၏ လုပ်ဆောင်မှုများ အပါအဝင် ပရဟိတအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုသည့်အနေ

ဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံသည် မာသာထရီဇာ ကွယ်လွန်ခြင်းနှစ်ပတ်လည်နေ့ဖြစ်သည့် စက်တင်ဘာလ (၅)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ထောက်ပံ့လှူဒါန်းမှုနေ့အဖြစ် ၂၀၁၂ ခုနှစ်မှ စတင်သတ်မှတ်ခဲ့သည်။

ဤအထိမ်းအမှတ်နေ့သည် ကြင်နာမှု ပြန့်ပွားစေရေးနှင့် လူ့အဖွဲ့အစည်းအပေါ် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်မည်ဖြစ်သည်။ ထောက်ပံ့လှူဒါန်းမှုများ၊ စေတနာ့ဝန်ထမ်း လုပ်ဆောင်ခြင်း (သို့မဟုတ်) အသိပညာပေးခြင်းများမှဖြစ်စေ ကျွန်ုပ်တို့အားလုံးသည် ပိုမိုစာနာနားလည်စွာနှင့် သာတူညီမျှသော လူ့အဖွဲ့အစည်းကို ရှေးရှု အကျိုးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် အထိမ်းအမှတ်နေ့သည် မိမိရပ်ရွာ၊ လူ့အဖွဲ့အစည်း တိုးတက်စေရေး တက်ကြွစွာ ပါဝင်ကူညီပေးသည့် နည်းလမ်းတစ်ခုလည်း ဖြစ်နိုင်လေသည်။

ပရဟိတလုပ်ငန်းနှင့် ထောက်ပံ့လှူဒါန်းခြင်းသည် စိတ်ပျော်ရွှင်၊ ကျေနပ်မှု ရရှိစေသည်။ ကျွန်ုပ်တို့သည် လိုအပ်နေသူများအား လှူဒါန်းပေးကမ်းခြင်း၊ လူများကို ဘေးကင်းကျန်းမာစေရေးနှင့် ကူညီပေးခြင်း (သို့မဟုတ်) အခြားသူတစ်ဦးအား အကျိုးရလဒ်ကောင်းဖြစ်စေခြင်းများ ပေးနေသည်ကို သိရ၊ မြင်ရလျှင် ကျေနပ်ပီတိ၊ ဝမ်းသာပျော်ရွှင်မှု ဖြစ်ကြရသည်။ ဤပျော်ရွှင်မှု၊ စိတ်ကျေနပ်ပီတိများဖြင့် ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယ် ပိုမိုကောင်းမွန်စွာ ကြည်နူး၊ အေးချမ်းမှု ခံစားရစေမည်လည်း ဖြစ်သည်။

မေတ္တာ၊ ကရုဏာတရားများဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှုပ်ရှားမှုများတွင် လူသားဆန်စွာ ပါဝင်ဆောင်ရွက်ခြင်း၊ မိမိထံရှိ ပေးနိုင်၊ မျှဝေနိုင်သည့် အရင်းအမြစ်များ၊ အချိန်နှင့် စွမ်းအင်များကို မျှဝေပေးခြင်းတို့ဖြင့်လည်း လိုအပ်နေသူများ၏ ဘဝများစွာကို အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်မည် ဖြစ်ပေသည်။

အကူအညီလိုအပ်သူ၊ ချို့တဲ့သူ၊ ထိခိုက်လွယ် အားနည်းသူတို့သည် မြို့ပြမှာဖြစ်ဖြစ်၊ ကျေးလက်မှာဖြစ်ဖြစ် ရှိနေကြသည်။ ပရဟိတစိတ်ထားရှင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်း၊ စောင့်ရှောက်ကူညီခြင်းများနှင့် ပရဟိတအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများ၏ ထောက်ပံ့၊ လှူဒါန်း၊ကူညီ ပံ့ပိုးမှုများတို့သည် ထိုထိုသော အကူအညီလိုအပ်သူ၊ ချို့တဲ့သူ၊ ထိခိုက်လွယ် အားနည်းသူတို့ကို အထိုက်အလျောက်အဆင်ပြေစေခဲ့မည်။ (သို့မဟုတ်) အဆိုးရွားဆုံး သက်ရောက်နိုင်မှုများကို လျော့ပါးသက်စေခဲ့မည်။ ကိုယ့်ခွန်အား၊ စိတ်ခွန်အားများ ရရှိစေခဲ့လိမ့်မည်သာ ဖြစ်သည်။ ကိုဗစ်ကာလ ပရဟိတလုပ်ဆောင်မှုများ၊ စောင့်ရှောက်ကူညီမှုများ၊ ထောက်ပံ့လှူဒါန်းမှုများက ထောက်ခံသက်သေပြနေမည်လည်း ဖြစ်သည်။

ထောက်ပံ့လှူဒါန်းမှုနှင့် ပရဟိတစိတ်ထားသည် မြန်မာ့ဗီဇ၊ မြန်မာ့စိတ်ထား၊ မြန်မာ့နှလုံးသားဟုဆိုလျှင် မှားအံ့မထင်ပါ။ ပို၍ များများ၊ ပို၍ အားကောင်းကောင်းဖြင့် မျှဝေထောက်ပံ့ လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်တောင်းလိုက်ချင်ပါသည်။


**ငြိမ်းသာ**

*ကိုးကား–*

- https://www.un.org>observances
- https://ceoworld>biz 2024/01/15



ထောက်ပံ့လှူဒါန်းမှုနှင့် ပရဟိတစိတ်ထားသည်
မြန်မာ့ဗီဇ၊ မြန်မာ့စိတ်ထား၊
မြန်မာ့နှလုံးသားဟုဆိုလျှင် မှားအံ့မထင်ပါ။
ပို၍ များများ၊ ပို၍ အားကောင်းကောင်းဖြင့်
မျှဝေထောက်ပံ့လှူဒါန်းနိုင်ပါစေကြောင်း......



"အောင်မင်္ဂလာ အဝေးပြေးကားကွင်း" ကို ကျွန်တော်ရောက်တော့ ညနေ(၆)နာရီခွဲသာ ရှိသေးသည်။ မန္တလေးကို ကျွန်တော်စီးမည့် "မြတ်မန္တလာထွန်း" ကားက ည(၇)နာရီမှ ထွက်မည်ဖြစ်ရာ နာရီဝက်လောက်တော့စောနေသည်။ သို့ရာ

တွင် ခုလို နည်းနည်းပါးပါး စောနေတာကိစ္စမရှိ။ အရင်တစ်ခေါက်က ည(၇)နာရီ ထွက်မည့်ကားကို ကျွန်တော်တည်းခိုရာ မြို့တော်ခန်းမအနီး စီးတီးစတားဟိုတယ်မှ တစ်နာရီစော၍ ကျွန်တော် တက္ကစီငှားစီးလာရာ လမ်းမှာ ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန် အလုပ်ပြန်ချိန်ဖြစ်သဖြင့် ယာဉ်ကြောကကျပ်ရသည့်အထဲ မီးပွိုင့်တွေကလည်း မီးအနီနှင့်ချည်း တိုးနေသောကြောင့် အောင်မင်္ဂလာကွင်းကို (၄)နာရီထိုးဖို့ တစ်မိနစ်၊ နှစ်မိနစ်လောက်အလိုမှ ကပ်ရောက်ပြီး ကားမမီမလို ဖြစ်ခဲ့ရကာ စိတ်ရောကိုယ်ပါ မောခဲ့ရသည်။ ထို့ကြောင့်လည်း ဒီတစ်ခေါက်တော့ အရင်တစ်ခေါက်လို နောက်မကျအောင် ညနေ(၅)နာရီမခွဲခင်ကတည်းက စီးတီးစတားဟိုတယ်မှ တက္ကစီငှားပြီး ကျွန်တော်ထွက်လာခဲ့သဖြင့် ခုလိုနာရီဝက်လောက် စောရောက်နေခြင်းဖြစ်သည်။

အောက်မှာလည်း ထိုင်နေရမည့်အတူတူ ကျွန်တော်စီးရမည့် ကားပေါ်ပဲ တက်ထိုင်နေမည်ဟု စိတ်ကူးကာ မြတ်မန္တလာထွန်းကားပေါ်သို့ ကျွန်တော်တက်လာခဲ့သည်။ ကျွန်တော်ထိုင်ရမည့် ခုံနံပါတ်(၂၁)ကိုရှာပြီး ခရီးဆောင်အိတ်ကို အပေါ်က အထုပ်အပိုးတွေတင်သည့် စင်တန်းပေါ်၌တင်ကာ ကျွန်တော့်ခုံမှာ ကျွန်တော်ဝင်ထိုင်လိုက်သည်။

ကားပေါ်မှာတော့ ခရီးသည်(၁၀)ယောက်ကျော်ကျော် (၁၅)ယောက်လောက် ရောက်နေပြီဖြစ်သည်။ ကားက စက်နိုးထားပြီး အဲယားကွန်းလည်း ဖွင့်ထားသဖြင့် ကားထဲမှာ မပူအိုက်ဘဲ အေးမြမြနှင့် နေလို့ကောင်းနေသည်။ ခရီးသည်တွေ မပျင်းအောင် ကားပေါ်ရှိ တီဗွီမှနေ၍ ဗွီစီဒီသီချင်းတစ်ခွေကို ဖွင့်ပေးထားသည်။ ဗွီစီဒီက ချမ်းချမ်း၏ "တကယ်ဆိုရင် အချစ်ပဲလိုတယ်" စီးရီးဖြစ်သည်။

ကျွန်တော်က ထိုင်ခုံကို ကျော်မှီထိုင်ကာ တီဗွီကိုကြည့်ရင်း ချမ်းချမ်း၏ ချိုအေးသော သံစဉ်ထဲ၌ စီးဝင်မျောပါနေမိသည်။

ညက မြတ်မန္တလာထွန်းကားပေါ်မှာ ကျွန်တော် အိပ်ရေးဝအောင် မအိပ်ခဲ့ရသော်လည်း ကျွန်တော်က အိပ်ရေးပျက်တာကို ခံနိုင်ရည်ရှိသူပီပီ ကျွန်တော့်ခေါင်းထဲမှာ အုံခဲမှုံဝေ နောက်ကျိနေတာမျိုးမရှိဘဲ ကြည်လင်လန်းဆန်းနေသည်။

တကယ်တော့ ရန်ကုန်က မိတ်ဆွေတစ်ယောက်၏ ဆီဒိုးနားမှာပြုလုပ်မည့် မင်္ဂလာဧည့်ခံပွဲသို့ လာခဲ့သော ဤခရီး၌ ခရီးမပန်းအောင် ကျွန်တော် ရန်ကုန်မှာ တစ်ညလောက်တော့ အိပ်သင့်တာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် ကျွန်တော်က ကျွန်တော့် အင်တာနက်ဆိုင်ကို တပည့်တွေနှင့်ချည်း ထားခဲ့ရတာ စိတ်မချ။ မင်္ဂလာဆောင်ကတည်း ညီတစ်ယောက်လိုရင်းနှီးသော မိတ်ဆွေတစ်ယောက်၏ မင်္ဂလာဆောင်ဖြစ်ရာ မလာလို့ကလည်းမကောင်းချေ။ ထို့ကြောင့်လည်း မနေ့ညက မြတ်မန္တလာထွန်းကားဖြင့် ရန်ကုန်ကို လိုက်လာခဲ့ကာ ရန်ကုန်အောင်မင်္ဂလာကွင်းကို မနက်(၅)နာရီရောက်၊ ထိုမှ တက္ကစီစီးပြီး စီးတီးစတားဟိုတယ်ကိုလာ၊ ဟိုတယ်မှာမနက်(၆)နာရီ Check In လုပ်၊ ခရီးဆောင်အိတ်ကို ဟိုတယ်က အခန်းထဲမှာထားပြီး ဟိုတယ်နှင့် မလှမ်းမကမ်းရှိ (၃၄) လမ်းက 999 စားသောက်ဆိုင်လေးမှာ ထမင်းကြော်နှင့် လက်ဖက်ရည်တစ်ခွက်ကိုစားသောက်၊ ပြီးတော့ ဟိုတယ်ကိုပြန်၊ သန့်စင်ခန်းဝင် ရေမိုးချိုးပြီး ခဏတစ်ဖြုတ်နား၊ (၈)နာရီထိုးတော့ အောက်ဆင်းပြီး တက္ကစီငှားကာ ဆီဒိုးနားက မင်္ဂလာဆောင်ကိုသွား၊ (၁၁) နာရီထိုးမှာ ဟိုတယ်ကိုပြန်ရောက်၊ အခန်းထဲမှာ ကျွန်တော် တစ်နာရီလောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီးမှဟိုတယ်က Restaurant မှာ နေ့လယ်စာစား၊ ပြီးတော့မြို့ထဲကို ထွက်ကာ မြို့ထဲက ကွန်ပျူတာ ဆိုင်တွေမှာ ကျွန်တော့်အင်တာနက်ဆိုင်၌ လိုအပ်မည်ထင်သည့် ဆက်စပ်အပိုပစ္စည်း (Accessory) တွေကို လိုက်လံကြည့်၊ ညနေ(၄)နာရီခွဲမှာ ဟိုတယ်ကိုပြန်၊ နာရီဝက်လောက်နား၊ ရေမိုးချိုးပြီး အဝတ်အစားလဲကာ ညနေ (၅) နာရီခွဲမှာ ဟိုတယ်က Check Out လုပ်၊ ပြီးတော့ တက္ကစီငှားကာ အောင်မင်္ဂလာအဝေးပြေးကားကွင်းကို ကျွန်တော်ထွက်လာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ကို မနက်ရောက်၊ သွားစရာရှိတာတွေသွားပြီး ညနေ ရန်ကုန်မှ ပြန်ခြင်းဖြစ်၍ "နေ့ချင်းပြန်" ဟု ခေါ်ရမည်ဖြစ်သော်လည်း ကျွန်တော့်စိတ်ထဲမှာ ခရီးပန်းသည်ဟု မထင်မိသလို ကျွန်တော်က အပင်ပန်းခံနိုင်သူပီပီ တကယ်လည်း မပင်ပန်းပါ။

ကျွန်တော်က တီဗွီထဲမှာ သီချင်းဆိုနေသော ချမ်းချမ်းကို ငေးကြည့်ရင်း ကျွန်တော် ရန်ကုန်ကိုလာခဲ့သည့် ခရီးစဉ်အကြောင်းကို ပြန်စဉ်းစားနေမိသည်။

ခရီးသည်တွေက မကြာမီ ထွက်ခွာတော့မည့် ကားပေါ်သို့ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တက်လာနေကြသည်။ သို့ရာတွင် ကျွန်တော်နှင့် ကပ်လျက်ခုံမှာ လိုက်ပါမည့် ခရီးသည်ကတော့ ခုထိ ရောက်မလာသေးချေ။

မနေ့ညက မန္တလေးမှ ရန်ကုန်သို့အလာ ကားပေါ်မှာ ကျွန်တော်နှင့်ကပ်ကျသူက နှုတ်ခမ်းမွှေး မုတ်ဆိတ်မွေးရပျစ်နှင့်

ကုလားအဘိုးကြီးဖြစ်သည်။ ထိုကုလားအဘိုးကြီးထံမှ ချဉ်တူး စူးရှသော ချွေးနံ့ကမခံမရပ်နိုင်အောင် နံစော်လှသည်။ ထိုမှမက သူ၏ကိုယ်မှ မဆလာနံ့လို အနံ့တစ်မျိုးလည်း ကျွန်တော် ရှူရှိုက်နေသေးသည်။ ထိုဆိုးရွားသော အနံ့အသက်တွေကြောင့် ကျွန်တော် တစ်ညလုံး ကောင်းကောင်းအိပ်မပျော်ခဲ့။ နေ့လယ် က မင်္ဂလာဆောင်မှအပြန် ဟိုတယ်မှာ တစ်ရေးလောက်အိပ် လိုက်ရသဖြင့်သာ ကျွန်တော် ကြည်ကြည်လင်လင် လန်းလန်း ဆန်းဆန်းဖြစ်နေခြင်းပင်ဖြစ်သည်။

ကားထွက်ဖို့ (၅)မိနစ်ခန့် လိုတော့သည့်တိုင် ကျွန်တော် နှင့် ကပ်လျက်ခုံမှာလိုက်ပါမည့် ခရီးသည်ကတော့ ရောက်မလာ သေးချေ။ ဒီပုံအတိုင်းဆိုလျှင် ကားထွက်သည်အထိ ရောက်လာ ချင်မှ ရောက်လာတော့မည်။ ရောက်မလာခဲ့လျှင်လည်းကောင်း တော့ကောင်းသည်။ ဒါဆို ကျွန်တော်ကျယ်ကျယ် ဝန်းဝန်းထိုင် ခွင့်ရမည်။ အိပ်မည်ဆို လျှင်လည်း လှဲပြီး အိပ်၍ရမည်။

သို့ရာတွင် ကားထွက်ဖို့ (၂)မိနစ်လောက်အလိုရောက် တော့ ကားပေါ်ကို ခပ်ရွယ်ရွယ် အမျိုးသမီးတစ်ယောက် ရေးကြီး သုတ်ပျာ တက်လာတာကို မြင်ရသည်။ လက်တစ်ဘက်က အတော်အတန်ကြီးသော ခရီးဆောင်အိတ်ကြီးတစ်လုံးကို မနိုင် မနင်းဆွဲလာပြီး ကျန်လက်တစ်ဘက်က ပစ္စည်းတွေထည့်ထား သော ပလပ်စတစ်ခြင်းတစ်လုံးကို ဆွဲလာကာ ဆလင်းဘတ် ပိုက်ဆံအိတ်တစ်လုံးကို ပခုံးမှာလွယ်ထားတာကို တွေ့ရသည်။

ထိုအမျိုးသမီးက ကျွန်တော့် ထိုင်ခုံနားရောက်တော့ ထိုင်ခုံနံပါတ်ကို ကြည့်လိုက်ကာ သူမလက်တစ်ဘက်ထဲက ပလပ်စတစ်ခြင်းကို ကျွန်တော်နှင့်ကပ်လျက်က ထိုင်ခုံခြေရင်း၌ချလိုက်ပြီး ခရီးဆောင်အိတ်ကြီးကို အပေါ်ကအထုပ်အပိုး တွေတင်သည့်စင်တန်းပေါ်သို့ တင်နေတာတွေ့ရသည်။ သူမက အရပ်ပုသည်ဟု မဆိုနိုင်သော်လည်း ခရီးဆောင်အိတ်ကြီးက လေးပုံရပြီး စင်တန်းပေါ်သို့ ခက်ခက်ခဲခဲ တင်နေတာ မြင်ရ သည်။ ထို့ကြောင့်လည်း ကျွန်တော်က မတ်တပ်ရပ်လိုက်ကာ "ကျွန်တော်တင်ပေးမယ်" ဟု ဆိုပြီး သူမ၏ ခရီးဆောင်အိတ် ကြီးကို စင်တန်းပေါ်သို့ ယောက်ျားအားဖြင့် လွယ်ကူစွာတင်ပေး လိုက်၏။

"ကျေးဇူးပဲနော်" ဟု သူမက ဆိုသည်။ ကျွန်တော်က ကျွန်တော့်ထိုင်ခုံမှာပြန်ထိုင်လိုက်၏။ သူမကလည်း ကျွန်တော် နှင့် ကပ်လျက်ခုံမှာ ဝင်ထိုင်လိုက်သည်။

သူမက စိတ်ရောလူရော မောနေရာမှ အခုမှ အမောပြေ သွားပုံဖြင့် သက်ပြင်းတစ်ချက် ချလိုက်တာကိုမြင်ရသည်။

သူမက အလွန်ဆုံးရှိလှ အသက်(၃၀)စွန်းစွန်းလောက် ပင်ရှိဦးမည်။ မိန်းမချောတစ်ယောက်၏ ကြန်အင်လက္ခဏာ များအားလုံးကို သူမထံတွင် တွေ့နေရသည်။ ဝင်းဝါစိုပြည်သော အသားအရည်နှင့် လိုက်လျောညီထွေစွာ ဆံပင်အဖျားပိုင်းတွေ ကို ကြေးနီရောင်ဆိုးထားသည်။ အဖျားပိုင်းတွေကို အကြေ ကောက်ကောက်ထားရာအလှတွင် အယဉ်ဆင့်နေသည်။ သူမက မိုးပြာရောင် ဘလောက်စ်အင်္ကျီခက်လေးကို ဝတ်ထား ပြီး အပြာနုရောင် ပန်းခက်ကလေးတွေပါရှိသော အပျော့ထည် ထမီလေးကိုဝတ်ထားသည်။ သူမ၏ပေါင်ပေါ်တွင် တင်ထား သော ပိုက်ဆံအိတ်ကလည်း သူမ၏အင်္ကျီ ထမီတို့နှင့် ဟာမိုနီ ဖြစ်နေသည်။ ထိုနေ့က ရန်ကုန်မှ မန္တလေးသို့ထွက်ခွာမည့် မြတ်မန္တလာထွန်းအဝေးပြေးကားကြီးသည် သူမ၏ အသရေနှင့် ပန်ရနေပေတော့သည်။

သူမက ရေဆာဟန်ဖြင့် ရှေ့ခုံ၏နောက်ကျောကပိုက်ဖြင့် ရက်ထားသည့်အိတ်ထဲတွင် ထည့်ထားသော ရေသန့်ဘူးကို လှမ်းယူလိုက်ကာ အဖုံးကို လှည့်ဖွင့်နေသည်။ သို့ရာတွင် ရေသန့်ဘူးက အသစ်ဖြစ်သောကြောင့် အဖုံးက ပလပ်စတစ်နှင့် ပတ်ကင်ပိတ်ထားသဖြင့် အလွယ်တကူ ဖွင့်လို့မရဘဲ ဖြစ်နေ သည်။

"ကျွန်တော် ဖွင့်ပေးမယ်"

ကျွန်တော်က သူမလက်ထဲမှရေသန့်ဘူးကို လှမ်းယူကာ အဖုံးကို အားဖြင့်လှည့်ဖွင့်လိုက်ပြီး သူမကိုပြန်ပေးလိုက်သည်။

"ကျေးဇူးပဲ"

သူမက ကျွန်တော့်ဘက်ကို မျက်နှာလှည့်ကာပြုံးပြီး ပြောသည်။ ဒီတော့မှ သူမ၏ပါးနှစ်ဘက်တွင် ခွက်ဝင်သွား သော ပါးချိုင့်လေးနှစ်ခုကို ချစ်စဖွယ် ကျွန်တော်မြင်တွေ့လိုက် ရသည်။

ထို့နောက်တွင်တော့ အောင်မင်္ဂလာအဝေးပြေး ကားဂိတ် မှ ကားက စတင်ထွက်ခွာလာသည်။ ကားပေါ်က တီဗွီထဲမှာ မင်းကွန်းဆရာတော်ဘုရားကြီး၏ "အရပ် ၁၀ မျက်နှာ မေတ္တာပို့" ကိုဖွင့်ပေးထား၏။ ကားက စထွက်ခါစဖြစ်၍ အရှိန်မရသေးဘဲ ဖြည်းဖြည်းမှန်မှန်သာမောင်းနေသည်။

ကျွန်တော်က ကျွန်တော့်နံဘေးတွင် ကပ်ထိုင်နေသည့် မိန်းမချောကလေးကို ဘယ်လိုအရောဝင်ရမလဲ စဉ်းစားနေ သည်။ "မိန်းကလေးများ ရုပ်ရည်ချောရင် × × အရောဝင်ချင်တဲ့

ဝါသနာထုံတယ်× × "ဟူသည့် ကျွန်တော် ငယ်ငယ်ကကြားဖူးသော "ချစ်စံပယ်"၏ သီချင်းလေးကို သတိရလိုက်မိပြီး စိတ်ထဲက ကျွန်တော်ပြုံးလိုက်မိသည်။ "လှတဲ့ မိန်းကလေးတွေ တွေ့ရင် အရောဝင်ချင်ဟာ ယောကျ်ားတိုင်းရဲ့ ဝါသနာပဲဥစ္စာ၊ ငါ့တစ်ယောက်ထဲ ဒီလိုဖြစ်နေတာ မဟုတ်ပါဘူး"ဟုလည်း စိတ်ထဲက ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ဘဲ ခွင့်လွှတ်နေမိသေးသည်။

မနေ့က မန္တလေးမှ လာစဉ်က ချွေးစော်နံသည့် ကုလားအဘိုးကြီးနှင့် တွဲကျကာ ကျွန်တော်စိတ်ညစ်မိသလောက် ဒီနေ့တော့ ချောမောလှပပြီး ရေမွှေးနံ့လေး သင်းနေသည့် မိန်းကလေးတစ်ယောက်နှင့် တွဲကျခြင်းအတွက် ကျွန်တော့်ရင်ထဲမှာ ပျော်ရွှင်ကြည်နူးနေမိတာတော့ အမှန်ပင်ဖြစ်သည်။ "ငွေးကလေ ၊ ငွေးကလေ" ဟု ပါးချိုင့်လေးပေါ်အောင်ပြုံးပြီး ပြောတတ်သည့် သူမ၏အမူအယာ ကျွန်တော့်အား ဇလောင်ဆူစေတော့သည်။

ကျွန်တော် သူမကို ဘယ်လို ပါးပါးနပ်နပ် ချဉ်းကပ်ရမလဲဟု စဉ်းစားနေမိသည်။ သူမကိုဇွတ်ကြီး အရောဝင်ချင်နေပုံလည်း မပေါက်အောင်၊ ဂုဏ်သိက္ခာလည်း မမေ့အောင်ဆိုလျှင် ကျွန်တော်စကားကို လိမ္မာပါးနပ်စွာ ပြောတတ်မှဖြစ်မည်ဟု တွေးနေမိသည်။

သူမကို ဘယ်စကားက စပြောရမလဲဟု စဉ်းစားရင်း ကျွန်တော်သူမကို မသိမသာ အကဲခတ်ပြီး ကြည့်နေစဉ်မှာပင် မျက်လုံးက သူမ၏ပေါင်ပေါ်တွင် တင်ထားသော ပိုက်ဆံအိတ်ကို ရောက်အသွား၌ ကျွန်တော်သူမကို ပြောရမည့် စကားကို စဉ်းစား၍ရသွားသည်။

"ဒီဘက်ကို လာထိုင်ပါ့လား၊ အဲဒီဘက်က လူသွားလမ်းနဲ့ ဆိုတော့ တော်ကြာအိပ်ပျော်သွားရင်ပိုက်ဆံအိတ်ကိုစိတ်မချရဘူး"

"အို…နေပါစေ၊ အားနာစရာကြီး၊ အဲဒီနေရာကပိုကောင်းတဲ့နေရာဥစ္စာ…မလဲပါနဲ့"

"ရပါတယ်… လာပါ… ဒီဘက်လာထိုင်လှည့်ပါ၊ အဲဒီနေရာကို ကျွန်တော်ထိုင်လိုက်မယ်"။

ကျွန်တော် မှန်ပြတင်းဘက်က ကျွန်တော့်နေရာကို သူမကိုထိုင်ခိုင်းပြီး အလယ်လူသွားလမ်းဘက်က သူမနေရာကို ကျွန်တော်ဝင်ထိုင်လိုက်သည်။

ပြောလက်စ စကားရှိနေပြီမို့ ကျွန်တော်စကားကို အပြတ်မခံတော့ဘဲ မေးခွန်းတစ်ခုဖြင့် စကားကို ဆက်ပြောလိုက်သည်။

"ဘာဖြစ်လို့ ကားဂိတ်ကို နောက်ကျပြီးမှ ရောက်လာတာလဲ၊ လမ်းမှာ ယာဉ်ကြောကျပ်နေလို့လား"

"ဟုတ်တယ်၊ အဲဒီအချိန်က ကျောင်းဆင်းချိန်ဆိုတော့ ကားတွေ အရမ်းရှုပ်တာပဲ၊ ကျွန်မက အဒေါ်တို့အိမ်က ကားနဲ့ လိုက်ပို့တာဆိုတော့ တစ်နာရီလောက်စောထွက်ရင် မီမယ်အောက်မေ့နေတာ၊ တကယ်တမ်းကျတော့ လမ်းမှာကားတွေက အရမ်းရှုပ်တော့ ကံကောင်းလို့သာကားမီတာ"

"ရန်ကုန်ကို အလည်လာတာလား"

"စင်ကာပူမှာ အိမ်ထောင်ကျနေတဲ့ အစ်မတစ်ယောက်စီ သွားလည်ပြီး ပြန်လာတာ။ အဲဒါရန်ကုန်က အဒေါ်တို့ အိမ်မှာ တစ်ညဝင်အိပ်ပြီး ကနေ့ မန္တလေးကို ပြန်တာ"

"မန္တလေးမှာကျတော့ ဘယ်အရပ်ထဲမှာနေတာလဲ"

"အောင်တော်မူထဲမှာနေတယ်၊ အောင်တော်မူဘုရား" နဲ့ဆိုရင် သိပ်မဝေးဘူး။

ကျွန်တော် ဒီလောက်စကားပြောပြီးလျှင် လောလောဆယ် ခေတ္တရပ်ထားသင့်ပြီဟု စဉ်းစားမိသည်။ စကားတွေအများကြီးပြောလွန်းလျှင် မကောင်းတာကိုလည်းကျွန်တော်သဘောပေါက်၏။ နောက်ပြီး ကျွန်တော်ကသာ သူမနှင့်ပတ်သက်ပြီး မေးခွန်းတွေမေးသော်လည်း သူမကတော့ ကျွန်တော်နှင့်ပတ်သက်ပြီး ဘာမေးခွန်းမှ ပြန်မမေးတာကို ကျွန်တော် သတိထားမိသည်။ တော်ကြာ ကျွန်တော့်ကို ယောကျ်ားတန်မဲ့ စပ်စုသူဟု ထင်သွားမှာလည်း ကျွန်တော်မလိုလား။ ထို့ကြောင့်လည်းအခြေအနေကို စောင့်ကြည့်ပြီး နောက်ထပ်အခြေအနေပေးမှပဲဆက်ပြီး စကားပြောဖို့ကျွန်တော်ဆုံးဖြတ်လိုက်သည်။

ကားက ဟိုင်းဝေးလမ်းမကြီးပေါ် ရောက်ပြီဖြစ်သော်လည်း မနှေးမမြန် မှန်မှန်သာ မောင်းနေသည်။ လမိုက်ညဖြစ်သဖြင့် လမ်းဘေးဝဲယာတွင် မှောင်မည်းနေပြီး ဘာမှမမြင်ရ။ ခရီးသည်တွေအပျင်းပြေအောင် ကားပေါ်ကတီဗွီထဲမှာတော့ မြန်မာဗီဒီယိုကားတစ်ကားကို ပြသနေသည်။ မင်းသားမင်းသမီးတွေက သရုပ်ဆောင် ဝါမရင့်သေးသော အသစ်ကလေးများဖြစ်သည့်အပြင် ဇာတ်လမ်းဇာတ်အိမ်ကလည်း ခိုင်ခိုင်မာမာ မရှိသည့်အတွက် ဗီဒီယိုကားက ပေါ့ပျက်ပျက်နှင့် အရသာမဲ့လှသည်။ သို့ရာတွင် အိပ်လည်း မအိပ်ချင်သေးသဖြင့် ပျင်းစရာကောင်းသော ထိုဗီဒီယိုကားကိုသာ ကျွန်တော်စိတ်

ပျက်စွာ ဆက်ကြည့်နေရသည်။

ကျွန်တော့်အနားက မိန်းမလှလေးကို အကဲခတ်ကြည့်လိုက်တော့ သူမလည်း ဗီဒီယိုကားအပေါ် အာရုံရပုံမရ။ သူမက အိပ်တော့မည့်ပုံမျိုးဖြင့် ထိုင်ခုံနောက်မှီကို လှန်ချရသည့် ခလုတ်ကို လိုက်ရှာနေသည်။ ခလုတ်ကိုရှာတွေ့သော်လည်း သူမခလုတ်က ကြောင်နေပြီး ထိုင်ခုံနောက်မှီက လန်မသွားဘဲ ဖြစ်နေသည်။ ထို့ကြောင့်လည်း ကျွန်တော် ထိုင်ရာမှထကာ သူမဘက်ကို ကိုယ်ကိုကိုင်းပြီး ခလုတ်ကိုညာဘက်လက်ဖြင့် ဆွဲ၍ ထိုင်ခုံကျောမှီကိုဘယ်ဘက် လက်ဖြင့် တွန်းလိုက်တော့မှ သူမ ထိုင်ခုံကျောမှီက နောက်ကိုလန်သွားတော့သည်။

ထို့နောက်တွင်တော့ မရွှေချောက ထိုင်ခုံကိုကျောမှီကာ မျက်စိနှစ်ဘက်ကိုမှိတ်ပြီး အိပ်ဖို့ကြိုးစားနေတာကိုတွေ့ရတော့သည်။

ကျွန်တော်ကတော့ မအိပ်ချင်သေးသဖြင့် ဗီဒီယိုကားကိုသာ စိတ်မပါ လက်မပါ ဆက်ကြည့်နေမိသည်။

နောက်ထပ် တစ်နာရီလောက်နေမှ ဗီဒီယိုကားကပြီးသွားသည်။

ထိုအခါကျမှ ကျွန်တော်လည်း ထိုင်ခုံနောက်မှီကို လှန်ချလိုက်ကာ ကျောမှီပြီး မျက်စိနှစ်ဘက်ကို မှိတ်၍ လက်နှစ်ဘက်ကိုပိုက်လျက် စတင်အိပ်စက်ဖို့ ပြင်ဆင်လိုက်သည်။

ကျွန်တော် ဘယ်အချိန်မှာ အိပ်ပျော်သွားပြီး ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသလဲဆိုတာ မသိလိုက်သော်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာတော့ အမှန်ပင်ဖြစ်သည်။

လူသံ သူသံတွေ လှုပ်ရှားသံတွေကြားမှ ကျွန်တော်နိုးလာသည်။ ကားက စက်ရပ်လိုက်တာကိုတွေ့ရ၏။ ကားပြတင်းမှန်ကိုဖြတ်ပြီး အပြင်ကို လှမ်းအကြည့်လိုက်တွင်မီးတွေဖြင့် ထိန်လင်းနေသော စားသောက်ဆိုင်တန်းကို တွေ့လိုက်ရမှ ဖြူးမြို့ ၁၁၅ မိုင်စခန်းကို ရောက်နေပြီဆိုတာ ကျွန်တော်သိလိုက်ရသည်။

ခရီးသည်များအားလုံး ကားပေါ်မှဆင်းကြရသည်၊ ကားစပယ်ယာက တစ်ခါသုံး သွားတိုက်ဆေးနှင့် သွားတိုက်တံပါသော အထုပ်ကလေးတွေကို ကားရှေ့တံခါး အောက်မှနေ၍ခရီးသည်တစ်ယောက်ချင်းစီကို ဝေပေးနေသည်။

အပေါ့အပါးသွားရန်အတွက် ခရီးသည်အားလုံးလိုလိုရေအိမ်များဆီသို့ အရင်ဆုံးသွားကြသည်။ ရေအိမ်များက အမျိုးသားသက်သက်၊ အမျိုးသမီးသက်သက် ယှဉ်တွဲ၍ဆောက်ထားသည်။

ကျွန်တော်က အမျိုးသားရေအိမ်ထဲသို့ဝင်ကာ အပေါ့အပါးသွားပြီး ပြန်ထွက်လာလိုက်သည်။ ရေအိမ်အပေါက်ဝတွင် တပ်ဆင်ထားသော ဘေစင်၌ လက်ကို ဆပ်ပြာဖြင့် ဆေးလိုက်သည်။ ပြီးမှ အဆာပြေတစ်ခုခုစားရန်အတွက် စားသောက်ဆိုင်တန်းဆီသို့ လျှောက်လာခဲ့၏။

အစွန်ဆုံးက စားသောက်ဆိုင်၌ဝင်၍ စားပွဲလွတ်တစ်လုံးမှာထိုင်ပြီး ထမင်းကြော်တစ်ပွဲကိုမှာကာ ရေနွေးကြမ်းနှင့် ကျွန်တော် စားသောက်နေလိုက်သည်။ ကားတွေက ဤရပ်နားစခန်းသို့ တစ်ပြိုင်တည်းလိုလို ဆိုက်ရောက်လာသောကြောင့် ကျွန်တော်ထိုင်နေသော စားသောက်ဆိုင်၌ စားပွဲတိုင်းလိုလိုပင် စားသောက်နေသော ခရီးသည်များနှင့်ပြည့်နေသည်။

ထိုအချိန်မှာပင် ကားပေါ်တုန်းက ကျွန်တော်နှင့်ကပ်လျက်ခုံမှာထိုင်သည့် မရွှေချောကို စားသောက်ဆိုင်ထဲသို့ ဝင်လာတာ တွေ့လိုက်ရသည်။ သူမက စားပွဲလွတ် တစ်လုံးကို လိုက်ရှာနေပုံရသည်။ သို့ရာတွင် စားသောက်ဆိုင်ထဲမှာက စားပွဲလွတ်ဟူ၍ မရှိတော့လောက်အောင်ပင် စားသောက်သူများနှင့် ပြည့်နေပြီဖြစ်သည်။

"ဒီမှာ လာထိုင်ပါလား"

ထိုင်စရာနေရာ ရှာမတွေ့သဖြင့် ယောင်ချာချာဖြစ်နေသော သူမကို ကျွန်တော် လှမ်းခေါ်လိုက်သည်။ သူမက ကျွန်တော့်စားပွဲဆီ လျှောက်လာကာ ထိုင်ခုံအလွတ်တစ်ခုမှာ ဝင်ထိုင်သည်။

"ဘာစားမှာလဲ"

ကျွန်တော် သူမကို မေးလိုက်သည်။

"ဒီမှာ ဘာရသလဲ မသိဘူး။"

ကျွန်တော်က စားပွဲထိုးလေးတစ်ယောက်ကို လှမ်းခေါ်လိုက်ကာ "မင်းတို့ဆိုင်မှာ ဘာတွေရသလဲ" ဟု သူမကိုယ်စားမေးပေးလိုက်သည်။

"ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ဆီချက်ခေါက်ဆွဲ၊ ရှမ်းခေါက်ဆွဲ၊ ရွှေတောင်ခေါက်ဆွဲ၊ မုန့်တီသုပ်၊ ထမင်းသုပ်၊ လက်ဖက်ရည်၊ ကော်ဖီ..."

စားပွဲထိုးလေးက သူတို့ဆိုင်မှာ ရနိုင်တာတွေကို ဆက်တိုက်ရေရွတ်နေ၏။

"ရွှေတောင်ခေါက်ဆွဲ" ဟု သူမက မှာလိုက်သည်။

ကျွန်တော်က ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာထိုင်နေသော သူမကို တစ်ချက် လှမ်းကြည့်လိုက်မိသည်။

ပြေပြစ်ချောမွတ်သော မျက်နှာပေါ်၌ မျက်ခုံးထူထူ၊ မျက်ဝန်းနက်နက်၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းက မထူမပါးနှင့်သူမက သေချာကြည့်လေ ချောမောလှပလေဖြစ်သည်။ သူမ၏ လက်ဝတ်လက်စားများကိုလည်း ဝတ်ဆင်ထားသည့် ထဘီအင်္ကျီအပြာရောင်နှင့် လိုက်ဖက်အောင် နားဆွဲဆိုလျှင် နီလာကို စိန်ကလေးတွေဝန်းရံထားသော နားဆွဲကို ဆွဲထားပြီး လက်ကောက်ကလည်း နီလာလက်ကောက်ဖြစ်ကာ လက်စွပ်ကလည်း နီလာကို စိန်ကလေးတွေ ဝန်းရံထားသော လက်စွပ်ဖြစ်တာကို တွေ့ရသည်။

စားပွဲထိုးလေးက သူမရှေ့ကို ရွှေတောင်ခေါက်ဆွဲ လာချပေးသဖြင့် သူမက ရွှေတောင်ခေါက်ဆွဲကို ဇွန်းခက်ရင်းနှင့် ဣန္ဒြေရရ စားနေသည်။

သူမကို စကားပြောဖို့အတွက် ချောင်းနေသော ကျွန်တော်က ပိုက်ဆံအိတ်ထဲမှာ ကျွန်တော့်လိပ်စာကတ်လေးကိုထုတ်ကာ သူမကို လှမ်းပေးလိုက်သည်။

"ဒါက ကျွန်တော့် လိပ်စာကတ်လေ။ ဒီထဲမှာ ကျွန်တော့်နာမည်လည်းပါတယ်။ ကျွန်တော်က ၇၃ လမ်းပေါ်မှာ အင်တာနက်ဆိုင်ဖွင့်ထားတယ်။ ညီမ အင်တာနက် သုံးချင်ရင်ပဲဖြစ်ဖြစ်၊ အီးမေးလ်ပို့ချင်ရင်ပဲဖြစ်ဖြစ် ကျွန်တော့်ဆိုင်ကို လာလို့ရပါတယ်။"

သူမက ကျွန်တော်ပေးသော လိပ်စာကတ်ကိုလှမ်းယူကာ ကျွန်တော့်ရှေ့မှာပင် ဖတ်ကြည့်နေသည်။ ပြီးတော့ကျွန်တော့်ကို တစ်ချက်မော့ကြည့်၏။ သူမ၏ မျက်ဝန်းထဲမှာ ကျွန်တော့်အပေါ် ယုံကြည်လေးစားသွားသည့် အရိပ်အရောင်ကိုမြင်ရသည်။

တကယ်တော့ ကျွန်တော်က အသက်(၄၀)ကျော်ပြီဖြစ်ရာ သူမက ကျွန်တော့် အစ်မကမွေးသည့် တူမအရွယ်ပင်ဖြစ်သည်။ သို့ရာတွင် ကျွန်တော်က အရွယ်တင်သူဖြစ်သဖြင့် ဘယ်သူကမှ ကျွန်တော့်ကို အသက်(၄၀)ကျော်ဟု မထင်ကြ။ (၃၀)ကျော်ဟု သာထင်ကြသည်။ ကျွန်တော် နေတာ၊ ထိုင်တာ၊ ဝတ်တာ၊ စားတာကလည်း လူငယ်တစ်ယောက်လို နေတတ်၊ ထိုင်တတ်၊ ဝတ်တတ်၊ စားတတ်သူဖြစ်ရာ အနေအထိုင် အဝတ်အစားကြောင့်လည်း ကျွန်တော့်ပုံက ပိုနုပျိုနေသည်ဟုထင်ရသည်။ ဒီအထဲ ကျွန်တော့်စိတ်က ကျွန်တော့်ရုပ်ထက်ပင် ပိုနုပျိုနေသေးသည်။

မိန်းကလေးချောချောလှလှတွေ့လျှင် ရင်ခုန်တုန်း။ အီစီကလီလုပ်ချင်တုန်း။ အရောဝင်ချင်တုန်း။ ထို့ကြောင့်လည်းကျွန်တော့်တူမအရွယ်ဖြစ်ပေမယ့် ကျွန်တော် သူမကို "ညီမ" ဟုသာခေါ်လိုက်သည်။

"ညီမက ကျောင်းပြီးသွားပြီလား၊ ခု ဘာလုပ်နေလဲ"

သူမက ဘွဲ့ရပြီးလောက်ပြီဟု ကျွန်တော်ထင်သဖြင့် မေးလိုက်သည်။

"ကျွန်မက Dental Surgeon ပ၊ အခုအိမ်မှာ ဆေးခန်းဖွင့်ထားပါတယ်"

"ဟုတ်လား ၊ ညီမနာမည်က ဘယ်လိုခေါ်လဲ"

"အေးရွှေဝင်း"

"နာမည်လှသားပဲ၊ ဒါဆို ခေါ်တာ အေးရွှေဝင်းပေါ့"

"ဟုတ်"

"ညီမဆီကို ကျွန်တော် အားတဲ့အချိန်မှာ လာလည်ချင်ပါတယ်။ ညီမလည်း အားတဲ့အချိန်မျိုးပေါ့။ လာလည်လို့ရမလား"

ကျွန်တော့်စကားကြောင့် သူမ မျက်နှာ၌ ရှက်သွားသည့် အရိပ်အယောင်သန်းသွားပြီး အိုးတိုးအမ်းတမ်းဖြစ်သွားတာကို မြင်ရသည်။ ကျွန်တော်စကားကို ပြင်ပြောရ၏။

"ဒီလိုပါ...အစ်ကို အံသွားတစ်ချောင်းက မကောင်းဘူး။ တစ်ခါတလေ ကိုက်ချင်တယ်။ အဲလိုကိုက်ခဲ့ရင် ညီမဆေးခန်းကို လာပြလို့ရမလား"

"ဟုတ်၊ ရပါတယ်"

သူမ၏ အသံက အနည်းငယ် တုန်ရင်နေသယောင်ထင်ရသည်။ တကယ်တော့ သူမလို ငယ်ရွယ်ပြီး အတွေ့အကြုံနည်းသူမပြောနှင့်၊ ကျွန်တော့်လို အတွေ့အကြုံများသူပင် စိတ်လှုပ်ရှားမှုကြောင့် သူမကို စကားပြောရာတွင်ကိုယ့်ကိုကိုယ် "ကျွန်တော်" ဟုပြောလိုက်၊ "အစ်ကို" ဟု ပြောလိုက်နှင့် အယောင်ယောင် အမှားမှားဖြစ်နေတာကို ကျွန်တော်သတိထားမိသည်။

"အစ်ကိုဖုန်းနံပါတ်က အဲဒီ လိပ်စာကတ်ထဲမှာပါတယ်။ ညီမ ဖုန်းနံပါတ်ကရော ဘယ်လောက်လဲ။ ပြောပါဦး။"

သူမက ဟန်းဖုန်းနံပါတ်တစ်ခုကို ရေရွတ်ပြသည်။

ကျွန်တော်က ကျွန်တော့်ဟန်းဖုန်းကို ထုတ်လိုက်ပြီး သူမ၏ ဖုန်းနံပါတ်နှင့် သူမ၏ နာမည်ကိုတွဲကာ ကျွန်တော့်ဖုန်းထဲမှာ Save လုပ်လိုက်သည်။

နှစ်ယောက်စလုံး စားသောက်ပြီးပြီဖြစ်သဖြင့် စားပွဲထိုး

လေးတစ်ယောက်ကိုခေါ်ကာ ကျွန်တော်စားတာသာမက သူမ စားတာအတွက်ပါ ပိုက်ဆံရှင်းပေးလိုက်သည်။

"မလုပ်ပါနဲ့၊ ညီမစားတာကို ညီမဘာသာ ညီမပေးလိုက်ပါ့မယ်"

"နေပါစေ၊ အစ်ကိုပေးလိုက်ပြီ၊ နှစ်ယောက်ပေါင်းမှဘာမှ မများပါဘူး"

ထို့နောက် စားသောက်ဆိုင်မှထ၍ ကျွန်တော်တို့နှစ်ယောက် ကားပေါ်သို့ ပြန်တက်လာကြသည်။

ခဏနေတော့ ကားပေါ်၌ လူစုံပြီဖြစ်သဖြင့် ကားက မန္တလေးဘက်ဆီသို့ ဆက်ထွက်လာခဲ့သည်။

"ပန်းသီး စားပါဦး"

ကားထွက်တော့ သူမက သူမ၏ ပလပ်စတစ်ခြင်းထဲမှ ပန်းသီးနှစ်လုံးကို ယူလိုက်ကာ တစ်လုံးကို ကျွန်တော့်ကိုပေးသည်။

"နေပါစေ၊ ညီမပဲစားပါ"

"ညီမအတွက်လည်းရှိပါတယ်၊ ဒါက အစ်ကိုစားဖို့ပေးတာပါ"

ကျွန်တော် မငြင်းတော့ပဲ သူမပေးသည့် ပန်းသီးကို ယူကာ ကိုက်စားနေလိုက်သည်။

အခုတော့ သူမနှင့်ကျွန်တော် ခင်မင်ရင်းနှီးလာပြီဖြစ်ရာ ပြောဖို့အတွက် ခက်ခက်ခဲခဲ ကြိုးစားနေစရာမလိုတော့ပဲ အာလာပ သလ္လာပ စကားအနည်းငယ်ပြောဖြစ်ကြသည်။

ကျွန်တော်ကတော့ ချောမောလှပသော မိန်းကလေး တစ်ယောက်နှင့် ခင်မင်ရင်းနှီးခွင့်ရသဖြင့် စိတ်ထဲမှာ ပျော်ရွှင်ကြည်နူးနေမိသည်။ မန္တလေးရောက်၍ ကျွန်တော်ပျင်းလျှင် အလုပ်လုပ်ရတာငြီးငွေ့လျှင် သူမဆီသွားလည်မည်။ သူမနှင့် ဒီထက်ပိုပြီး ရင်းနှီးလာရင် သူမနှင့်အတူ ကော်ဖီဆိုင်ထိုင်မည်။ အအေးဆိုင်ထိုင်မည်။ စကားပြောမည်။ ကွန်ပျူတာနှင့်ပတ်သက်သည့် နှီးနှောဖလှယ်ပွဲတွေရှိလျှင် သူမကိုခေါ်သွားမည်။ ထွန်းဦးစာပေ၊ နဂါးစာပေတို့ကို သွားပြီး စာအုပ်ဝယ်မည်။ ရတနာပုံစူပါစင်တာကိုသွားကာ ဈေးဝယ်မည်။ ဘယ်လောက် ပျော်ရွှင်စရာ ကြည်နူးစရာ ကောင်းလိုက်မည်လဲ။ သို့ရာတွင် အလွန်ဆုံး သူမအပေါ် အီစီကလီလုပ်တာကလွဲလျှင် ဒီ့ထက် တော့ ကျွန်တော် စည်းကျော်မည်မဟုတ်။ ကျွန်တော်ကယုတ်ညံ့သော ယောကျ်ားတစ်ယောက်တော့မဟုတ်ချေ။

ကျွန်တော်က ကားပေါ်၌ မျက်စိကိုမှိတ်ရင်း စိတ်ကူးယဉ်ကာ လိုက်ပါလာသည်။

ထို့နောက်တွင်တော့ လမ်းတစ်လျှောက်လုံး ကျွန်တော် အိပ်ပျော်သွားလိုက်၊ နိုးလိုက်၊ ပြန်အိပ်ပျော်သွားလိုက်ဖြင့် ကားပေါ်၌ လိုက်ပါလာခဲ့၏။

ကျွန်တော် တစ်ရေးနိုးသည့်အချိန် အေးမြေ့ဝင်းကို ကြည့်လိုက်တော့မှ အေးမြေ့ဝင်းက သူမခုံ၌ လက်နှစ်ဖက်ကို ပိုက်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကို တွေ့ရသည်။

တံတားဦးလေဆိပ်နားရောက်၍ ကျွန်တော် နောက်တစ်ခါနိုးလာတော့ သူမက အိပ်ပျော်နေရာမှ နိုးနေပြီဖြစ်သည်။

မန္တလေးကို ရောက်ခါနီးပြီးမှန်း သိလျက်နှင့် မန္တလေး အဝင်မှာ ကျွန်တော် မှေးကနဲ အိပ်ပျော်သွားလေးသည်။

"အစ်ကို ထတော့၊ မန္တလေးရောက်ပြီ"ဟု သူမက နှိုးမှ ကျွန်တော် အိပ်ပျော်ရာက နိုးလာသည်။

ကားက ချမ်းမြရွှေပြည် ကားကြီးကွင်းအတွင်းသို့ အိပ့်အိပ့်နှင့် ဝင်ရောက်လာသည်။ ခရီးသည်တွေက ကိုယ့်အထုပ် အပိုးကိုယ်ယူကာ ကားပေါ်မှဆင်းဖို့ လှုပ်လှုပ် ရွရွ ပြင်ဆင်နေကြသည်။ တက္ကစီသမားတွေက ကားအောက်မှ ပြေးလိုက်လာကာ သူတို့တက္ကစီကိုငှားဖို့ ရှေကြိုလုပ်နေကြသည်။

"အစ်ကိုအိမ်ကို ဘာနဲ့သွားမှာလဲ။ အစ်ကို့အိမ်ကလာကြိုမှာလား"

အေးမြေ့ဝင်းက ပေါင်ပေါ်တွင်တင်ထားသည့် သူမ၏ ပိုက်ဆံအိတ်ကို ကောက်လွယ်ကာ ကျွန်တော့်ကိုမေးသည်။

"လာမကြိုဘူး၊ အစ်ကိုဘာသာ တက္ကစီငှားပြန်မှာ"

"ဒါဆို ညီမနဲ့ တက္ကစီအတူတူငှားရအောင်၊ မန္တလေးကို(၅)နာရီလောက်မှ ကားဆိုက်မယ်မှတ်လို့ လာကြိုဖို့ဖုန်းဆက်ထားတာ၊ ခုတော့ ကားက(၄)နာရီတောင် မထိုးသေးဘူး ဆိုတာဆိုတော့ အိမ်က လာကြိုသေးမှာမဟုတ်ဘူး။ စောစောက အိမ်ကို ဖုန်းဆက်ကြည့်တော့လည်း အိမ်ကဖုန်းက စက်ပိတ်ထားလို့ ဆက်လို့မရဘူး"

"ရပါတယ်၊ အစ်ကိုတို့ အတူတူကားငှားပြန်ကြတာပေါ့"

ကျွန်တော်က လက်တစ်ဖက်က ကျွန်တော့်ခရီးဆောင် အိတ်ကိုဆွဲပြီး ကျန်တဲ့လက်တစ်ဘက်က သူမ၏ ခရီးဆောင် အိတ်ကိုဆွဲကာ၊ သူမကိုတော့ သူမ၏ ပလပ်စတစ်ခြင်းနှင့် ဆလင်းဘက်ကိုသာသယ်စေသည်။

တက္ကစီတစ်စီးကို ကျွန်တော်တို့ငှားကြသည်။ ကျွန်တော်တို့ သွားမည့်နေရာကိုပြောတော့ တက္ကစီသမားက ၇၀၀၀ တောင်း

သည်။ ကျွန်တော်က ၅၀၀၀ ဆစ်သည်။ နောက်ဆုံးတော့ ၆၀၀၀နှင့် ဈေးတည့်သွားကြသည်။

ချမ်းမြေ့ရွှေပြည်ကားကြီးကွင်းက အထွက်မှာ လမ်းမကောင်းသေးဘဲ ကျင်းတွေ ချိုင့်တွေရှိသောကြောင့် တက္ကစီက ဖြည်းဖြည်းမောင်းသော်လည်း ထိုနေရာကို ကျော်သည်နှင့် တက္ကစီက ခပ်မြန်မြန်မောင်းလာတာကိုတွေ့ရသည်။

နံနက်(၄)နာရီခန့် သာရှိသေးသဖြင့် မန္တလေးမြို့ကတော့ အိပ်ရာမှ မနိုးသေးဘဲ အိပ်မောကျနေဆဲပင်ဖြစ်သည်။ လမ်းတွေပေါ်၌ အသွားအလာ ရှင်းနေသဖြင့် ကျွန်တော်တို့စီးလာသော တက္ကစီကားလေးက လေးညို့မှပစ်လွှတ်လိုက်သော မြားတစ်စင်းလိုပင် အရှိန်နှင့်ပြေးနေသည်။

"ဆေးခန်းက ဘယ်အချိန်တွေမှာ ဖွင့်တာလဲ"

တိတ်ဆိတ်မှုကို ဖြိုခွင်းပြီး ကျွန်တော် သူမကိုမေးလိုက်သည်။

"မနက်(၈)နာရီကနေ နေ့လယ်(၁၂)နာရီအထိ မနက်ပိုင်းတစ်ကြိမ်၊ ညနေ(၄)နာရီကနေ ည(၈)နာရီအထိ ညနေပိုင်းတစ်ကြိမ် ဖွင့်တယ်"

"ပိတ်တဲ့နေ့ရော ရှိသေးလား"

"ပိတ်တဲ့နေ့တော့ မရှိပါဘူး။ အပြင်ကို သွားစရာလာစရာရှိလို့ မအားတဲ့နေ့ဆိုရင်တော့ ပိတ်ရတာပေါ့"

"ဒေါက်တာအေးဋ္ဌေးဝင်း၏ အိမ်နှင့်စာလျှင် ကျွန်တော်အိမ်က ပိုနီးသော်လည်း ကျွန်တော်အရင် ဆင်းနေရစ်ခဲ့လျှင် ကားပေါ်မှာ တက္ကစီသမားနှင့် ဒေါက်တာတို့ နှစ်ယောက်တည်းဖြစ်နေ၍ သူတို့နှစ်ယောက်တည်း လွှတ်လိုက်ရမှာ စိတ်မချသဖြင့် တက္ကစီကို ဒေါက်တာအိမ်သို့ အရင်မောင်းခိုင်းလိုက်သည်။

ဒေါက်တာအိမ်က သပ်ရပ်လှပသော တစ်ထပ်တိုက်ကလေးဖြစ်သည်။ အိမ်တံခါးတွေ ဝင်းတံခါးတွေကိုပိတ်ထားသော်လည်း အိမ်ထဲမှာတော့ မီးလင်းနေတာကို မှန်ပြတင်းတွေမှ တဆင့်မြင်ရသည်။ ဒေါက်တာက ကားပေါ်မှ ဆင်းလိုက်၏။

တက္ကစီသမားက ဒေါက်တာ၏ အထုပ်အပိုးတွေကို ကားပေါ်မှချပေးသည်။

ကျွန်တော်လည်း ဒေါက်တာကို အိမ်နားအထိ လိုက်ပို့ပေးဖို့ ကားပေါ်မှ ဆင်းလိုက်သည်။

"မောင်...မောင်... တံခါးဖွင့်ပါဦး၊ ပြန်ရောက်လာပြီ"

ဒေါက်တာက ဝင်းတံခါးနားကပ်သွားကာ အိမ်ထဲကို လှမ်းခေါ်လိုက်သည်။

ချက်ချင်းလိုလိုပင် အိမ်တံခါးပွင့်သွား၏၊ အိမ်ထဲမှ ဒေါက်တာနှင့် ရွယ်တူလောက် လူတစ်ယောက်ထွက်လာတာကို တွေ့ရသည်။

"ဌေး"ပြန်ရောက်လာပြီလား၊ မောင်လည်း အခုပဲကားဂိတ်ကို လာကြိုတော့မလို့။ ကားက(၅)နာရီထိုးမှ ဆိုက်မယ်ဆိုပြီး ခုစောဆိုက်တာလား"

မျှော်လင့်မထားသည့် စကားတွေကို ကျွန်တော်ကြားလိုက်ရသဖြင့် ကျွန်တော် တစ်ကိုယ်လုံး ပုထုရှိန်းဖိန်းသွားသည်။

ကျွန်တော် တော်တော်လည်းရှက်သွားမိ၏။

လက်စသတ်တော့ မရွှေချောက အိမ်ထောင်သည် တစ်ယောက်ပါလား။

မန္တလေးရောက်လျှင် သူမနှင့် ခင်မင်ရင်းနှီးအောင် ကြိုးစားမည်။ သူမဆေးခန်းသို့သွားလည်မည်၊ သူမနှင့် ကော်ဖီဆိုင် အအေးဆိုင်ထိုင်ကာ အီစီကလီလုပ်မည်။ ပျော်ရွှင်ကြည်နူးမှုကို ရှာမည်ဟု စောစောက ကျွန်တော်စိတ်ကူးယဉ်ခဲ့တာတွေအားလုံး၊ မြစ်မင်းရေယာဉ်ကျောတွင် လခြမ်းလေ့နှင့် မျောလိုက်မည်ဟူသော စိတ်ကူးယဉ်ခဲ့တာ အားလုံး၊ ကွဲကြေကျိုးပဲ့သွားသလို ခံစားလိုက်ရသည်။

"ကျွန်တော် သွားတော့မယ်နော်"

ကျွန်တော်က တုန်ရင်ပြီး အားမရှိသောအသံနှင့် ခပ်မြန်မြန်နှုတ်ဆက်ကာ တက္ကစီပေါ်သို့ ခြေပစ်လက်ပစ် တက်ထိုင်လိုက်သည်။

တက္ကစီက သူမအိမ်ရှေ့မှ မောင်းထွက်လာ၏။

ရှက်သည့်စိတ်တွေ မှုန်ထူနေသည့်ကြားမှ ကျွန်တော့်ကိုလည်း ကလေးနှစ်ယောက်အဖေ၊ အိမ်ထောင်ရှင်တစ်ယောက်ဆိုတာ ဒေါက်တာအေးဋ္ဌေးဝင်း တစ်ယောက် မရိပ်မိလောက်ပါဘူးဟုတွေးပြီး ကိုယ့်ကိုကိုယ် နှစ်သိမ့်ဖြေဆည်နေမိသော်လည်း မရပါ။

အလှူခံမဏ္ဍပ်မှ "မိန်းကလေးများ ရုပ်ရည်ချောရင် အရောဝင်ချင်တဲ့ ဝါသနာရှင်ရယ်" ဆိုသည့် စာသားပါသော သီချင်းသံက ကျွန်တော့်နားထဲသို့ ပျံ့ဝင်လာသည်။ ကျွန်တော် အရှက်သည်းသောမျက်နှာနှင့် အိမ်ထဲသို့ပြေးဝင်လိုက်သည်။ အိမ်ပေါက်ဝ၌ ကြိုနေသော ဇနီးချောကိုလည်းမမြင်မိတော့။ ကလေးတွေကိုလည်း မမြင်မိတော့။ ဘာဆိုဘာမှမမြင်မိတော့။ ။

ဆွေဆွေမောင်

သင့်လိုအပ်ချက်များနှင့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန် အသင့်ရှိသော City FM

(၇)ရက်ပတ်လုံး နားသောတဆင်နိုင်ရန် ထုတ်လွှင့်ပေးလျှက်ရှိသော City FM

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီးများအထိ
နားသောတဆင်နိုင်သော City FM

CITY FM
Radio Station

88.9 MHz

မြို့တော်သူမြို့တော်သားများ အပန်းပြေရွှင်လန်းဖို့
City FM ကိုနားဆင်ရို့

Ph: 01541167 , 01545192 (Fax)
Gmail: cityfmstation@gmail.com
အမှတ်(၂၀)၊ ပုလဲလမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့